ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား

ပဋ္ဌာနသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-စာတ်အစဉ်

အမရပုရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလာ၏
ပဋ္ဌာနသမုပ္ပါဒ် မြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။



အင်္ဂလာနှင့်၊ တဏှာရင်းမံ၊ ဥပါဒါန်၊ ကံကြောင့်-ရွင်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမှုင်မပြတ်၊ ဆက်စပ်သည်ဟ
ကြောင့်နာမ်ရွင်၊ နာမ်ရွင်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ပြန်နည်းအလျော်။ ဖြဟွာ-သိကြား၊ စသည်များက၊ ထင်ရှား၊ ပြုပြင် စီရင်
၊ အကြောင်းရင်းကြောင့်၊ လူနတ်များရွာ၊ သတ္တဝါတို၊ ဖြစ်လာရှုး၊ မဟုတ်ဟု၊ ဥာဏ်ဖြင့်ရှုဖြေ်။
ကိုးဆောင်ပုဒ်) ဒုလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးနအလွှာ၊ အင်္ဂါတဆယ်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မှ
ပေနှင့်၊ ကာလသုံးဖြာ၊ ခြင်းတနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိမစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်။

နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓံ

ဤတရား စာအုပ် ရှေ့ပိုင်းတွင်၊ ဆရာတော် ဘုရားသည် ဝိပဿနာအားထုတ်ခဲ့ အားထုတ်လတ္တံ့သော ယောဂီပုဂ္ဂိုလ် များအတွက် အရေးတကြီးထား၍ ဟောကြားတော် မူခဲ့သော အချက်တချက်ကို ဘတ်ရှုတွေ့မြင်ကြလိမ့်မည်ဖြစ်ပါသည်။

အမှန်အားဖြင့် အမှတ်စဉ် ၃-မှာ ပါရှိ ဟောကြားတော် မူသော တရားများ၊ ဤအမှတ်စဉ် ၄-မှာပါရှိသော တရားများ၊ ယခုရိုက်နှိပ်ဆဲနှင့် နောင်ရိုက်နှိပ်ထုတ်ဝေလတ္တံ့သော အမှတ်စဉ် ၅-၆-မှာ မန္တလေးမြို့ ဦးချစ်ဆွေမမွာရုံ၌ပင် တနေရာတည်းတွင် တဆက်တည်းညစဉ်ဟောကြားတော်မူသောတရားများ ဖြစ်ပါ၍ အမှတ်စဉ် ၃-မှစ၍ တဆက်တည်း ဆက်လက်ဘတ်ရှုတော်မူပါမှ ပြည့်ပြည့်စုံစုံ မိမိတို့စိတ်၌ သဘောပေါက်၍ ဉာဏ်၌ရှင်းလင်းပြီး လျှင် အစီအစဉ် တည့်ကြမည် ဖြစ်ပါကြောင်း။

ဤစာအုပ် ရှေ့ပိုင်းတွင် အဓိကထား၍ ဟောကြားတော် မူအပ်သော အချက်မှာ ရှေ့နှင့်နောက် အစဉ်တည့်မှု (၀၊)ဒိဋ္ဌိကို အသိနှင့်ခွာမှုကို ရှေ့ထား၍ ဟောထားတော်မူသည်ကို ဘတ်ရှုတွေ့မြင်ရပါလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် သက္ကာယဒိဋ္ဌိအရင်းခံသော သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကို အသိနှင့် မကွာသ၍ ယောဂီ ပုဂ္ဂိုလ်များ ရည်မှန်းကြသည့် သောတာပန်၊ သကဒါဂါမ် စသည် မည်သည့်

မိုးကုတ်ဆရာတော်ဘုရား၏
ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်းမပြုရ

ထုတ်ဝေဖြန့်ချိသူ
ဦးဘသောင်း (အတွင်းရေးမှူး) မှတ်ပုံတင်(၀၅၉၀)
အမှတ် ၃၃-ဆင်ဒွစ်လမ်း၊ ရန်ကုန်မြို့။

★

ယောဂီပုံနှိပ်တိုက် ဦးတင် မှတ်ပုံတင် အမှတ် (၀၀၃၇)က
အမှတ် ၂၄၅-လွှစ္စလမ်း ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ပဌမနှိပ်ခြင်း အုပ်ရေ-၅၀၀၀
(၁၂-၃-၆၄)

နည်းနှင့်မျှ မရနိုင်ကြောင်းကို ဆရာတော်ဘုရားသည် ဘွဲ့ဘက်တော် ရှင်ဆန္ဒ ဝတ္ထုကြောင်းထုတ်၍ ဟောတော်မူခဲ့ပါသည်။

ထင်းပြင် ဆရာတော်သည် မကြာခဏ မိမိတပည့်ရင်းချာ ဖြစ်သော တကာတကာမများအား ဒိဋ္ဌိကိုအရင်ဖြုတ်ရမဟော-ပြီးမှ ဝိပဿနာအားထုတ်ရမဟော-ဟုအမိန့်ရှိခဲ့ပါသည်။

ဤနေရာ၌ အနည်းငယ်ရှင်းလင်းဘော်ပြလိုသည်မှာ ဒိဋ္ဌိပြုတ်သည် ဆိုရာ၌ အသိနှင့်ပြုတ်ခြင်း၊ အပွားနှင့်ပြုတ်ခြင်း၊ အပယ်နှင့်ပြုတ်ခြင်းဟူ၍ သုံးမျိုးရှိရာ မိမိတို့အသိဉာဏ်၌ မဂ်တား၊ဖိုလ်တား ဖြစ်သော ဤသဘတနှင့် ဥဿဒဒိဋ္ဌိနှစ်ပါးကို ကြေကြေလယ်လယ်ကြီး ရှင်းလင်းနိုင်သမျှ ရှင်းလင်းအောင် ဝတ္ထုသွားနှင့် တမျိုး ပဋိစ္စသမုပ္ပါဒ်နှင့်တမျိုး အပင်ပန်းခံ၍ ကြီးမားလှသော ကရုဏာတော်ကြီးနှင့် ဟောတော်မူခဲ့ခြင်းပင် ဖြစ်ပါသည်။

မိမိတို့ အသိဉာဏ်၌ ဤဒိဋ္ဌိနှစ်ပါးကို အသိနှင့်မရှင်းလင်းဘဲ ဝိပဿနာအလုပ် အားမထုတ်ကောင်းဘူးဟု ဆိုလိုရင်းမဟုတ်ပါ။ သို့သော်လည်း ဤဒိဋ္ဌိနှစ်ပါး အပင်းခံနေပါက ဒုဗ္ဗလဝိပဿနာသာဖြစ်၍ ဗလဝဝိပဿနာမဖြစ်ဘဲ ကုသိုလ်ရရုံလောက်သာရှိပါမည်၊ မဂ်ဖိုလ်ကိုဖြင့် မရနိုင်ဟု ဆရာတော်ဘုရားကြီးက အတိအလင်း အမိန့်ရှိတော်မူခဲ့ပါသည်။

ဤဒိဋ္ဌိနှစ်ပါးကို ဆရာသမား သင်ကြားပြသ၍ ကွာသည် ဆိုသော်လည်း တဒင်္ဂကွာမျှသာဖြစ်၍ မိမိကိုယ်တိုင် ပွားများ အားထုတ်ပါမှ သင်္ကာယဒိဋ္ဌိအရင်းခံသော ဤဒိဋ္ဌိနှစ်ပါးကို ဝိက္ခမ္ဘနပဟာန်-သမုစ္ဆေဒပဟာန်အားဖြင့် ပယ်ခွာနိုင်ပါသည်။

ယခုအခါ၌ ဝိပဿနာ လုပ်နည်းတွေ့ အမျိုးမျိုး ပေါ်ပေါက်လျက်ရှိရာ များသောအားဖြင့် တနည်းမဟုတ်-တနည်း

အားဖြင့် စမ်းသပ်အားထုတ်ဘူးကြသူ များးကြပါလိမ့်မည်၊မိမိတို့ စွဲမြဲအားထုတ်ဘူးသော နည်းများကို ပစ်ပယ်ရမည်ဟု မဆိုလိုပါ။ ယခုစာအုပ်ပါ ဝိပဿနာရှုနည်း ပုဒ်းနည်းများကိုလည်း စမ်းသပ် အားထုတ်ကြည့်ကြပါဦးဟု တိုက်တွန်းလိုပါသည်။

ယခုစာအုပ်ပါ ရှုနည်း ပုဒ်းနည်းဆိုပါသော်လည်း မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော နည်းကိုပင် ဘုရားရှင်၏ တပည့်သားဖြစ်သည့်အားလျော်စွာ ဆရာတော်ကြီးက ဘုရားရှင် နောက်လိုက်၍၊ ဘုရားဟောကျမ်းဂန်အမျိုးမျိုးနှင့် ညီနှိုင်းပြီးလျှင် အထင်လွယ် အမြင်လွယ်ဆုံးဖြစ်သော စိတ္တာနုပဿနာရှုနည်း ပုဒ်းနည်းကို အလုပ်နှင့်ညီပြီးသကာလ ခန္ဓာနှင့် ကိုက်၍ စရိုက်အမျိုးမျိုးနှင့် လိုက်လျောအောင် ပြတော်မူသော ရှုနည်း ပုဒ်းနည်းသာဖြစ်၍ ဆရာတော် ဘုရား၏ အတ္တနော မတိဖြင့် ထုင်လုံး ကြုံလုံး-လုံးဝမဟုတ်ကြောင်း ယူဆတော် မူကြစေလိုပါသည်။

ဘုရားရှင်နှင့်တကွ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက မိမိစိတ်ကို မိမိအကဲခတ်ခြင်းသည် သူတပါးစိတ်ကို အကဲခတ်ခြင်းထက် အမှန်ဆုံးဖြစ်နိုင်မည်ဟု ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် စိတ္တာနုပဿနာရှုပုဒ်းနည်း ဆိုသည်မှာ မိမိစိတ်ကို မိမိအကဲခတ်ခြင်းပင်ဖြစ်၍ ယောဂီပုဂ္ဂိုလ်များသည် မိမိစိတ်ကို မိမိအကဲခတ်ခြင်းကို ပြုလုပ်ရာ၌ တစုံတရာ ခဲယဉ်းမှုတွေ့ရှိလိမ့်မည် မဟုတ် ဟု ယုံကြည်ပါသည်။

အကဲခတ်ဆိုသည်မှာ မိမိသန္တာန်၌ စိတ်အမျိုးမျိုး ပေါ်လျက် ရှိရာ ဘာစိတ်ပေါ်ပေါ်-ပေါ်လာတဲ့စိတ်ကလေးတွေကို နောက်စိတ်နှင့် ရှိ-မရှိ စောင့်ကြည့်ခြင်းပင် ဖြစ်ပါသည်။

ဤသို့ ပေါ်လာတဲ့ စိတ်ကလေးတွေကို သတိထား ပညာနှင့် စောင့်ပြီး ကြည့်နေခြင်းသည် ဝိပဿနာ ရှုပွားနေခြင်း-ဝါ-မဂ္ဂင် အလုပ်-လုပ်နေခြင်းပင် ဖြစ်ပါသည်။

ထိုကဲ့သို့ သတိထားပြီး ပညာနှင့်ရှုပွားနေပါက စိတ်ကလေးတွေ ပေါ်လာလိုက်– ပျောက်သွားလိုက်– ပေါ်လာလိုက်–ပျောက်သွားလိုက် ဆိုတာ ရှုဖန်မျှားတော့ ကိုယ်တိုင် တွေ့ရှိလာပါလိမ့်မည်။

ဤကဲ့သို့ ပေါ်ပေါ်လာတဲ့စိတ်ထဲမှာလဲ ပုဂ္ဂိုလ်သတ္တဝါမပါမရှိ- ပျောက်ပျောက်သွားတဲ့ စိတ်ထဲမှာလဲ ပုဂ္ဂိုလ်သတ္တဝါ-မပါမရှိ ဆိုတာကိုလည်း တဆင့်တက်၍ အမြင်သန်လေ- မိမိ အသိဉာဏ်မှာ ထင်ရှားလာလေ ဖြစ်ပါလိမ့်မည်။

ဤကဲ့သို့ ရှုဉာဏ်များ ရင့်သန်သည်ထက် ရင့်သန်လာသည့် အခါပေါ်ပေါ်ပြီး၍ ပျက်ပျက်သွားတာသည် အနိစ္စ-ပျက်ပျက်သွားမှုန်းသိတာသည် မဂ္ဂဟု သို့မဟုတ် ရှေ့က ဖြစ်ပျက်- နောက်က မဂ်၊ရှေ့က ဖြစ်ပျက် နောက်က မဂ်ဟု ဖြစ်ပျက်နှင့် မဂ် (ဝါ) ပျက်ပျက်သွားတာနှင့် ပျက်ပျက်သွားမှုန်း သိတဲ့ဉာဏ်နှင့် ကြားထဲမှာ ကိလေသာမခိုယင်-ဝါ- အခြားတပါးသော လောဘစိတ် ဒေါသစိတ် မောဟစိတ် ဆိုတဲ့ ကိလေသာ ကြားမခိုယင် နံနက်အားထုတ် ညနေ မဂ်ဖိုလ်ရနိုင်သည်ဆိုဒါ ဘုရားဟော ကျမ်းဂန်များမှာ အသေ အချာ ပါရှိပါသည်။

အချို့အချို့သော ယောဂီများသည် မိမိတို့ဟာ အားထုတ်နေဒါလဲ ကြာပြီ ဘာ့ကြောင့် ယခုထိသောတာပန်-သကဒါဂါမ်-အနာဂါမ် စသည် မဖြစ်သေးသလဲဆိုတဲ့ ဆုတ်နစ်တဲ့ စိတ်မျိုး

ပေါ်ချင် ပေါ်ပါလိမ့်မည်၊ အမှန်မှာ ဖြစ်ပျက်နှင့် မဂ်မကိုက်ဘဲ ကိလေသာ ကြားခိုတာတွေ့မျှားရှာသာ ဖြစ်ပါသည်၊ မိမိတို့ကိုယ် မိမိတို့အသိဆုံးဖြစ်ပါသည်၊ သို့ပါ၍ ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် ကိလေသာ ကြားခိုခွင့်မပေးဘဲ ရှု.က ဖြစ်ပျက် နောက်က မဂ် တွေ့သာ ဝင်အောင် ကြိုးစားတော်မူကြပါ၊ ဤအဆင့်လောက် ရှိအောင် အားထုတ် ပွားများနိုင်မှသာလျှင် မဂ္ဂင်၏ တံခါးဝသို့ ရောက်ခါမျှရှိပါသေးသည်။

ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်များကလည်း ပေါ်လာတဲ့ ဝေဒနာ ကလေးတွေကို စောင့်ကြည့်ရင်း ပျက်ပျက်သွားတာတွေ့ဘဲ-တွေ့ရှိ ပါလိမ့်မည်။ ဒုက္ခဝေဒနာဖြစ်ဖြစ်-သုခဝေဒနာဖြစ်ဖြစ် ဖြစ်ပေါ် ပြီး ပျက်ပျက်သွားတာချည်းပါကလားဆိုဒါ ဖြစ်ပေါ်ပြီး ပျက် ပျက်သွားဒါတွေဟာ ဒုက္ခသစ္စာ အမှန်ပါကလားဟု မဂ္ဂင် ၅-ပါး နှင့်သာလိုက်ပါ၊ ဒုက္ခသစ္စာမှတပါး ဘာမှမရှိပါကလား၊ ဒုက္ခ တွေ့ပေါ်ပြီး ဒုက္ခံတွေ့ဘဲ ချုပ်သွားဒါတွေ့ချည်းပါကလားဆိုဒါ ပိုင်ပိုင်နိုင်နိုင် အသိဉာဏ်နှင့် လိုက်ပါလျှင် သစ္စဉာဏ်ဟု ဆိုပါ သည်၊ ဤသစ္စဉာဏ်တွင် ရပ်မနေဘဲ ကိစ္စဉာဏ်ကို(၀၊)ဘာဝေ တဗ္ဗကိစ္စကို မိမိခန္ဓာကို ငြိုးငွေ့လာသည်အထိ အားသစ်ကြိုးစား တော်မူကြပါလျှင် ဉာဏ်သုံးဆင့်မျှနှင့် သောတာပန်- သကဒါ ဂါမ်-အနာဂါမ်အဆင့်အတန်းအထိ မိမိတို့၏ သဒ္ဒါ-သတိ-ပညာ ဝိရိယ အလိုက် တက် လှမ်းတော်မူနိုင်ကြမည် ဖြစ်ပါကြောင်း။

ဦးသံဒိုင်

၁၂-၃-၆၄။

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁	ဒိဋ္ဌိအရှင်ပြုတ်ရမည့်	တရားတော်	၁
၂	လောင်စာနှင့်မီးတဲ့ပုံ	။	၅၂
၃	တဏှာထက် ဒိဋ္ဌိကပို၍ကြောက်စရာကောင်းပုံ	တရားတော်	၉၇
၄	ဝိပဿနာရှုမှုနောက်ထားပုံ	။	၁၅၁
၅	ကာယဝဠာဏကုဝပဿနာရှုနည်း	။	၂၀၅
၆	မနောပေါက်ဝိပဿနာရှုနည်း	။	၂၆၀
၇	မဂ္ဂင်ဟူစရိယာကျင့်ပုံ	။	၃၁၆
၈	လူမိုက်နှင့်ပညာရှိခဲ့ပုံ	။	၃၆၅
၉	ဒိဋ္ဌိမကွာယင်နိဗ္ဗာန်မမြင်နိုင်	။	၄၁၉
၁၀	လူမိုက်နှင့်လူလိမ်မာထူးပုံ	။	၄၇၀
၁၁	စရိုက်နှင့်လျော်စွာကမ္မဋ္ဌာန်းပေးရပုံ	။	၅၂၇
၁၂	ကမ္မဋ္ဌာန်းပေးပုံ	။	၅၆၇

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် အမရပူရမြို့ မဂ်လာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့
ဦးချစ်ဆွေ မမွာရုံ၌ ဟောကြားတော်မူသော
ဝိပဿနာ မလုပ်ခင်

ဒိဋ္ဌအရင် ဖြုတ်ရမည့် တရားတော်

(၁၃-၂-၆၁)

တကာ တကာမတွေ့ မှတ်စရာက ခန္ဓာနာမ်ရုပ် ဖြစ်တယ်။ ခန္ဓာငါးပါးလဲရှိတယ်။ နာမ်ရုပ်တရား ဆိုတာလဲ သိပြီးသား ထားပါတော့။

အဲဒီ ခန္ဓာနာမ်ရုပ်ရဲ့ အဖြစ်အပျက်ကို နားလယ်ပင် နားလယ်ငြားသော်လဲ သဿတဒိဋ္ဌ-ဥစ္ဆေဒဒိဋ္ဌိ တခုခု ငြိနေခဲ့ယင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရအောင် အားထုတ်ငြားသော်လဲ ဒုဗ္ဗလ-အားနည်းတဲ့ ဝိပဿနာဖြစ်နေလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူးလို့ မှတ်ထားရမယ်....(မှန်ပါ့)။

ပြန်ပြောပါဦးမယ်၊ ဒီအရေးဟာ ကြီးပါတယ်လို့ ဆိုတာ မှတ်ထားကြပါ(မှန်ပါ့)၊ ခန္ဓာငါးပါး ရုပ်နာမ်တရားကို ဖြစ်မှု

ပျက်မှု အနိစ္စတွေ ဒုက္ခတွေ အနတ္တကျအောင်ဘဲ နားလယ်တယ်ဘဲ ထားပါတော့၊ ပဋိစ္စသမုပ္ပါဒ်တည်းဟူသော အကြောင်းတရား အကျိုးတရားတွေကို နားမလယ်လို့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ တခုခုဝင်နေလို့ ရှိယင်ဖြင့် အားနည်းတဲ့ ဝိပဿနာသာဖြစ်၍ အားကြီးတဲ့ ဝိပဿနာ မဖြစ်နိုင်သောကြောင့် မဂ်ဉာဏ်-ဖိုလ်ဉာဏ် မရနိုင်လို့ မှတ်ထားရမယ်....(မှန်လှပါ)။

သေသေချာချာ မှတ်ပါ၊ သုံးခေါက်ပြောပါ့မယ်၊ အားလုံး တကာတကာမတွေ သတိထားကြပါ၊ ခန္ဓာငါးပါး ရုပ်နာမ်တရား အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တတွေ ရှုပြီးနေကြတယ် ဆိုပါတော့၊ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ခန္ဓာငါးပါးဖြစ်ကြောင်း ချုပ်ကြောင်းကို နားမလယ်တဲ့အတွက် သဿတ ဥစ္ဆေဒ ငြိနေပါတယ်။

ထိုကဲ့သို့ ပဋိစ္စသမုပ္ပါဒ် နားမလယ်တဲ့အတွက် သဿတ ဥစ္ဆေဒ ငြိနေလျက်နဲ့ အနိစ္စ ဒုက္ခ အနတ္တတွေ အားထုတ်ခဲ့သော် အားနည်းတဲ့ ဝိပဿနာဖြစ်တယ်လို့ မှတ်ထားပါ....(မှန်ပါ့)၊ ဘာ-ဝိပဿနာဖြစ်ပါလိမ့်....(အားနည်းတဲ့ ဒုဗ္ဗလဝိပဿနာ ဖြစ်ပါတယ်)။

အားနည်းတဲ့ ဒုဗ္ဗလဝိပဿနာဖြစ်နေတဲ့အတွက် အားကြီးတဲ့ ဗလဝဝိပဿနာ မဖြစ်နိုင်သောကြောင့် မဂ်ဉာဏ်-ဖိုလ်ဉာဏ်မရ ဘူးလို့ ဆိုတဲ့ဥစ္စာ သက်သေသာဓကက ဝတ္ထုနှင့်တကွ လုံလောက် အောင် ပြလိမ့်မယ်.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

ပဋိစ္စသမုပ္ပါဒ်နားလယ်မှု သဿတဥစ္ဆေဒ-က စင်တယ်၊ စင်မှ သာလျှင် အဖြစ်အပျက်ကို အားထုတ်လို့ ရှိယင်ဖြင့် အားကြီးတဲ့

ဗလဝ ဝိပဿနာဖြစ်လေသောကြောင့် မင်္ဂဉာဏ်-ဗိုလ်ဉာဏ် ရနိုင်တယ်လို့ မှတ်ရမယ်.... နော်.... (မှန်လှုပါဘုရား)။

ဒီအတိုင်း ကိုယ့်ခန္ဓာထဲမှာ ပဋိစ္စသမုပ္ပါဒ် ခန္ဓာဖြစ်စဉ်ကြီးကို တော့ဖြင့် မသိဘဲနဲ့ အနိစ္စ ဒုက္ခ အနတ္တကို အားထုတ်ငြားသော် လဲ အားနည်းတဲ့ ဝိပဿနာသာ ဖြစ်တယ်လို့ ဦးခင်မောင်.... မှတ်ရလိမ့်မယ်.... နော်.... (မှန်လှုပါဘုရား) သဘောကျကြပလား....(ကျပါပြီဘုရား)။

အားနည်းတဲ့ဝိပဿနာ ရှုနေလို့ရှိယင်ဖြင့် ကုသိုလ်တော့ ရပါရဲ့၊ မင်္ဂဉာဏ်-ဗိုလ်ဉာဏ် ကျေးဇူးမပြုဘူး၊ အဘယ်ကြောင့်ဆိုသော် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ခံနေလို့—လို့ မှတ်ရမယ်.... (မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာ-ခံနေလို့တုံး.... (သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ခံနေလို့ပါဘုရား) သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ခံပြီးသကာလနေလျက်နဲ့ ဖြစ်မှုပျက်မှုတွေကို ကျိုးစားပြီးသကာလ နေကြငြားသော်လဲ အားနည်းတဲ့ ဒုဗ္ဗလဝိပဿနာသာ ဖြစ်တယ်လို့ ဦးခင်မောင်.... မှတ်ရလိမ့်မယ်....(မှန်လှုပါဘုရား)။

အားကြီးဘဲ့ ဗလဝဝိပဿနာဖြစ်ပါရဲ့လား.... (မဖြစ်ပါဘူး)၊ အဲဒါ ဒီနေ့ သေသေချာချာ ဝတ္ထုသက်သေ ထုတ်ပြီးသကာလ ပြပါမယ် တကာတကာမတို့....(မှန်ပါ့) ဘုရားနဲ့ ဖွားဘက်တော် ဆန္ဒဆိုတဲ့ — တောထွက်တဲ့အခါ လိုက်ပို့တာ တကာသစ်တို့ ကိုမြရွှေတို့-ကြားဘူးကြပါလိမ့်မယ်.... နော်....(မှန်လှုပါဘုရား) မြင်းနောက်က လိုက်ပြီး မြင်းမြီးဆဲ့ မောင်ဆန်ဆိုတာ ကြားဘူးပါလိမ့်မယ်.... နော်....(မှန်ပါ့)။

ဘုရားနဲ့လဲ ဖွားဘက်တော် တနေ့တည်းတနာရီတည်း ဆိုသလို နန်းတော်ထဲမှာဖွားကြတယ်ဆိုတာလဲ သိပြီးသားပါဘဲလို့ ထားလိုက်ပါ နော်....(မှန်ပါ့ဘုရား)။

အဲ-သူဟာ ဘုရားပင့် သွားရင်း ဘုရားဆီမှာ ရဟန်းအဖြစ် နဲ့ဘဲ နေပါတယ်၊ အနိစ္စ ဒုက္ခ အနတ္တတွေ့ သူ ကြိုးစားတယ်၊ ကြိုးစားပင် ကြိုးစားငြားသော်လဲ နိဗ္ဗာန်ဆိုတာကို သူ မမြင် ဘူးဆိုတာ သူကိုယ်တိုင် ဖွင့်ပြောတဲ့ အဓိပ္ပါယ်တွေ့ ယနေ့ တကာတကာမတို့ ရှင်းရှင်းလင်းလင်း သိရလိမ့်မယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဒီအဓိပ္ပါယ်ကို ရှင်းပြီးသကာလ လာခြင်းသည် တကာသစ်တို့ ကိုမြရွှေတို့ အလုပ် အစီအစဉ် လွဲမှာ စိုးလို့ အလုပ်အစီအစဉ် တည့်အောင်လို့ ဟောနေတယ်လို့ တကာ တကာမတွေ့ မှတ်ပါ....(မှန်ပါ့ဘုရား)။

သာမည ဆိုလို့ ရှိယင်ဖြင့် ဖြစ်ပျက် အနိစ္စမြင်, ဒုက္ခတွေ့မြင်, အနတ္တမြင်ယင် ပြီးတာဘဲလို့ -ခင်ဗျားတို့ မှတ်ချင်လဲ မှတ်ထား ကြလိမ့်မယ်....နော်—(မှန်ပါ့) မဟုတ်သေးပါဘူးတဲ့၊ ဒီဥဒ္ဓါပြီး မြင်မှ-သဿတဒိဋ္ဌနှင့် ဥစ္ဆေဒဒိဋ္ဌါပြီး မြင်မှသာလျှင် တကာ တကာမတို့ မင်္ဂလာဏ် ဗိုလ်ဉာဏ် ရနိုင်တယ်.... နော်.... (မှန်ပါ့ ဘုရား)။

ဘာခွါပြီးမှ ပါလိမ့်.... (သဿတ ဥစ္ဆေဒ ခွါပြီးမှပါဘုရား) သဿတ ဥစ္ဆေဒ အသိနဲ့ခွါပြီး ရှုမှသာလျှင်- ဘာရနိုင်တုံး.... (မင်္ဂလာဏ် ဗိုလ်ဉာဏ် ရနိုင်ပါတယ်)။

သဿတ ဥစ္ဆေဒ မကွာဘဲနဲ့ တကာတကာမတွေ့ အနိစ္စ ဒုက္ခ အနတ္တတွေ့ ဖြစ်ပျက်တွေ့ ရှုပြီးသကာလ နေငြားသော်လဲ ဒုဗ္ဗလ အားနည်းတဲ့ ဝိပဿနာသာ ဖြစ်တယ်လို့၊ မင်္ဂလာဏ် ဗိုလ်ဉာဏ်

နိဗ္ဗာန်ကို မြင်နိုင်တဲ့ သဘောသို့ မရောက်ပါဘူးဆိုတာကိုလဲ ယနေ့ ရှင်းရှင်းလင်းလင်း မှတ်ထားရမယ်.... နော်....(မှန်လှပါဘုရား)။

အဲဒါ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဆန္နသုတ်မှာ ဆန္နကိုယ်တိုင် မရလို့ သေသေချာချာ သူ့ခမျာမှာ ဒုက္ခရောက်လို့ အရှင် အာနန္ဒာဆီ ပြေးရတယ်ဆိုတဲ့ ဥစ္စာလဲ သက်သေသာဓက အရှင် အာနန္ဒာက ပဋိစ္စသမုပ္ပါဒ်ကို သေသေချာချာ ပြောပြတော့မှ ဒီဋ္ဌိက္ခာတော့မှ ကိစ္စပြီးပုံကို တကာတကာမတွေ့ ယနေ့ ရှင်းရှင်းလင်းလင်းနဲ့ဘဲ၊ သြော်....ဒို့ အလုပ်စဉ် တည့်အောင် ဆရာဘုန်းကြီးကဖြင့် ကယ်ယူတင်ဆောင် ပို့နေပေါ့ဆိုတာ သေသေချာချာ မှတ်ကြပါ....(မှန်ပါဘုရား)။

အလုပ်စဉ် တည့်အောင်လို့ ပေးနေတယ်ဆိုတာကော သဘော ကျပလား....(ကျပါပြီဘုရား)အေး....ဒါကြောင့် တကာတကာမတွေ့ ကလျာဏမိတ္တဆိုတဲ့-သူတော်ကောင်းနဲ့ ပေါင်းရမယ်ဆိုတဲ့ ဒီ-မဂ်ရခြင်း၏ အကြောင်းဟာ....

သပ္ပုရိသူပ သံသေဝေါ သောတာပတ္တိအင်္ဂ၊ သဒ္ဓမ္မ-ဿဝနံ သောတာပတ္တိအင်္ဂ၊ ယောနိသောမနသိ ကာရော သောတာပတ္တိအင်္ဂ၊ ဓမ္မာနုဓမ္မပဋိပတ္တိ သောတာပတ္တိအင်္ဂ =

(၁) သူတော်ကောင်းနှင့် ပေါင်းဘက်ခြင်းကလဲ သောတာပတ္တိအင်္ဂါတပါး—

(၂) သူတော်ကောင်းတရားကို နာကြားခြင်းကလဲ သောတာပတ္တိအင်္ဂါတပါး—

(၃) သင့်လျော်စွာ နှလုံးသွင်းခြင်းကလဲ သောတာပတ္တိ အင်္ဂါတပါး—

(၄) လောကုတ္တရာအားလျော်သော အကျင့်ကို ကျင့်ခြင်းကလဲ သောတာပတ္တိ အင်္ဂါတပါး....လို့

စတုက္က နိပါတ် အင်္ဂုတ္တိုရ်မျှားမှာ သောတာပတ္တိမဂ် ရခြင်းအကြောင်းဟာ သူတော်ကောင်းနဲ့ ပေါင်းပြီးသကာလ လမ်းပြကောင်း ပြနိုင်မှ လမ်းကောင်းပေါ် ရောက်ပြီးသကာလ နိဗ္ဗာန် ရောက်နိုင်တယ်ဆိုတာကိုလဲ တကာသစ်တို့ ကိုမြရွှေတို့ ဦးခင်မောင်တို့ မှတ်ရလိမ့်မယ်နော်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဖြစ်ပျက် - အနိစ္စ ဒုက္ခ အနတ္တ ရှုမှုနှင့် သဿတ ဥစ္ဆေဒဆိုတဲ့ ဒိဋ္ဌိနှစ်ခု ခွါမှဟာ- ဘယ်သူ့ကို ရှု့ထားရမလဲ.... (ဒိဋ္ဌိခွါမှု ရှု့ထားရပါမယ်ဘုရား) သဿတ ဥစ္ဆေဒ ဒိဋ္ဌိခွါမှုကိုဘုန်းကြီးတို့ တကာ တကာမတွေ ရှု့ထားရမယ်ဆိုတာ မှတ်လိုက်ကြပါ(မှန်ပါ့)မောင်ထွန်းလှိုင် ကျေနပ်ပလား....(ကျေနပ်ပါတယ်ဘုရား)။

ဒါပါဦးတော်ရှိလို့ ရဲရဲတင်းတင်းတခါတည်း ဦးခင်မောင် ပြောရခြင်းဖြစ်တယ်ဆိုတာလဲ မှတ်ထားလိုက်တာပေါ့နော် .... (မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့ကိုယ်ဟာ အလိုရှိတဲ့ အလုပ်ကို အရောက်ကြီး ရောက်ချင်လို့ အမြန်ဆုံး နည်းနှင့် ရောက်ချင်လို့ ဝိပဿနာအလုပ်ကြီး လုပ်ငြားသော်လဲ အလုပ် ချိုင်း ရှု့နောက်လွဲနေလို့ရှိယင်လဲ အားလုံး တရားတပဲ့လုံးဘဲ တကာ တကာမတို့ ကုသိုလ်ရပြီးသကာလ လိုရာခရီး အပြီး

အပိုင် မရောက်ဘဲနေမှာ စိုးရိမ်ရတယ်နော်....(မှန်လှပါ) မစိုးရိမ်ရဘူးလား....(စိုးရိမ်ရပါတယ်ဘုရား)။

အဲ....ဒါကြောင့် ဒီနေ့ မနေ့ကလဲ အနုရောဓနည်း ပေးခဲ့ပါတယ်။ ယနေ့ အရှင်ဆန္နအတွက် သေသေချာချာ သူ မရခြင်း၏ အကြောင်း သူကိုယ်တိုင် တာဝန်ခံလို့ လုံလောက်သထက် လုံလောက်အောင်လို့ ဦးခင်မောင် ဒီဝတ္ထု ထုတ်လာပြန်တယ် (မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဝတ္ထုကိုဘဲ စ,ကြပါစို့တဲ့ တကာ တကာမတွေ့ နားလည်မှုရှိအောင် ကြိုးစားပြီး သကာလလဲ မှတ်ကြပါနော်....(မှန်ပါ့) ကြိုးစားမှတ်ပြီးသကာလ ကြိုးစားပြီး ဒီ အလုပ်စဉ်-စဉ်ကြပါစို့ ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ။

ကဲ....တကာ တကာမတို့ သူ့ မပြောခင် ဒီဌီကို ကျုပ်တို့ အရင်ခွါကြစို့.... (မှန်ပါ့ဘုရား) ဆန္နဝတ္ထု မပြောမီ ဦးခင်မောင်—ဘာကိုအရင်ခွါရမတုံး....(ဒီဌီ အရင်ခွါရပါမယ်ဘုရား) ဒီဌီ အရင်ခွါကြစို့....၊သဿတရော ဥစ္စဒရော ယနေ့ ခွါပေးမယ်နော်.... (မှန်ပါ့ဘုရား)။

အရှင်ဆန္နမှာ သဿတဒီဌီ ရှိနေတဲ့အတွက် ဘုရားဖြစ်စက စ,ပြီး ဦးခင်မောင်.... အားထုတ်လိုက်တာ ဘုရားပရိနိဗ္ဗာန်စံတောင် မရဘူး(မှန်လှပါ)ဘယ်လောက်ကြာသတုံးဗျာ--(၄၅ နှစ်ပါဘုရား)။

ကဲ....တိုတိုပြောတော့ ၄၅-နှစ်လောက်ကြာတယ်လို့ ဆိုယင်တောင် မလဲ့ပါဘူး (မလဲ့ပါဘူးဘုရား) သဘောကျပလား....(ကျပါပြီ)ဒါဖြင့် ဒါ ဘာလဲ့နေတာတုံးလို့ မေးတဲ့အခါကျမှ

စာကာ တကာမတွေ့ တပ္ပဲလုံးကာဘဲ အဖြေထွက်ဘို့ပါဘဲ၊ ဒီဌိ ရှိလျက်နဲ့ ဝိပဿနာရှုနေလို့.....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ဘယ်လိုကြောင့်ပါလိမ့်.... (ဒီဌိရှိလျက်နဲ့ ဝိပဿနာ ရှုနေလို့ပါဘုရား)။

ဒီဌိရှိလျက်နဲ့ ဝိပဿနာရှုပြီးသကာလနေတော့ ဖြစ်ပျက်တွေတော့ မြင်ပါရဲ့၊ ဒီဌိအပင်းက ခံပြီးသကာလ နေတဲ့အတွက် လိုရာခရီး အပြီးတိုင် ရောက်ကဲ့လား.... (မရောက်ပါဘုရား)ကြည့်စမ်း ဦးခင်မောင်ကြီး....ကြာလိုက်တာ၊ ကြာပြီး ဟန်မရဖြစ်နေတယ်ဆိုတာ ပေါ်ကြပလား—(ပေါ်ပါပြီဘုရား) ကြာတော့ကြာတယ်၊ ဟန်ရ သွားရှာရဲ့လား.... (မရပါဘူးဘုရား)။

ဟန်မရဘဲ ဖြစ်ပြီးသကာလ သွားတာက တကာတကာမတို့ ရှေ့နောက် လဲနေလို့-လို့ မဆိုသင့်ဘူးလား.... (ဆိုသင့်ပါတယ်ဘုရား)ဒီဌိကို အသိနဲ့ အရင် ကဲ့ပြီးသကာလမှ ဝိပဿနာ အားထုတ်ရမယ်လို့ မှတ်လိုက်တာပေါ့(မှန်လှပါဘုရား)ဘယ်လို မှတ်ကြမယ်....(ဒီဌိ ခဲ့ပြီးမှ ဝိပဿနာအားထုတ်ရပါမယ်)။

ဒီဌိကိုအသိနဲ့အရင်ခဲ့ပြီးမှ ဝိပဿနာကြိုးစားကြပါဆိုတာဖြင့် လေးစားစွာနဲ့ဘဲ ဒီက နေပြီး တက်ဘ တကာမတွေ့ မေတ္တာရှေ့ထားပြီး တိုက်တွန်းခြင်းကိစ္စပြောပါတယ်ဆိုတဲ့ဥစ္စာ သတိထားပါနော်....(မှန်လှပါ)။

ဒီဌိ ခဲ့ခါချင်တော့လဲ အလိုလိုကဘသွားမှာ မဟုတ်သောကြောင့် ခန္ဓာပဋိစ္စသမုပ္ပါဒ် နားလယ်မှု ရှိရမယ် (မှန်လှပါ) ဦးခင်မောင်....ဘာ နားလယ်ရမလဲ....(ခန္ဓာပဋိစ္စသမုပ္ပါဒ် နား

လယ်ရပါမယ်) တကာ တကာမတွေ ဘာနားလယ်ရမယ်.... (ခန္ဓာပဋိစ္စသမုပ္ပါဒ် နားလယ်ရပါမယ်)။

ခန္ဓာပဋိစ္စသမုပ္ပါဒ် နားလယ်ရမယ် (မှန်ပါ့)သူတပါးခန္ဓာလား....မိမိခန္ဓာလား တခါရှေးဦး....(မိမိခန္ဓာပါဘုရား) အဲ.... မိမိခန္ဓာရှေးပါ....တဲ့၊မိမိခန္ဓာ၏ ဖြစ်စဉ်ကို သိမှသာလျှင် ကိစ္စပြီးလွယ်တယ်။

ကိုင်း....ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကို သုံးမျိုးဆက်ပြီးသကာလ တကာ တကာမတွေ ရှေ့ပိုင်းကနေပြီး ဆန္ဒဝတ္ထု မဟာမိဒ္ဓိ—ဒိဋ္ဌိကွာပြီးမှ ဒို့ အားထုတ်မယ်ဆိုတဲ့စိတ်လဲ မွေးထားတော့ ဒိဋ္ဌိကွာနည်းနိဿည်းကိုဘဲ ရှေ့ပိုင်းက ပြပါတော့မယ်-ဆိုတာ ဦးခင်မောင်ရေ....သေသေချာချာမှတ်ပါနော်(မှန်လှပါဘုရား)။

အားလုံးတကာ တကာမတွေ အရေးကြီး-ကြီးသလို ပြောနေတယ်ဆိုတာကော ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား) အရေးကြီးတဲ့အချက်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ တပည့်သား၊ ဘုရားနောက်လိုက်ပြီး ဘုန်းကြီးက ကရုဏာ ရှေ့ထားကာ ဖွင့်ဟပြောနေပါတယ်ဆိုတာ သြော်....အရေးကြီးလို့ပါလားဆိုတာ မှတ်ရမယ်နော်....(မှန်လှပါ)။

အဲဒီတော့ တကာ တကာမတွေက စဲချက်တင်ချင် တင်လိုက်ပါ၊ဘုန်းကြီးဆီ တရားနာရတာ အရေးမကြီးတဲ့နေ့ တခုမှမပါဘူးလို့လဲ ပြောချင်ပြောကြလိမ့်မယ်၊ ဦးခင်မောင်.... မပြောပေဘူးလား....၊ ပြောတော့ ပြောကြလိမ့်မယ်....တဲ့၊ ကိုယ့်မှာလဲ အရေးမကြီးစရာအလုပ်က တခုမှ မရှိသေးတော့ ဦးခင်မောင်.... ပြောရမှာဘဲ့....(မှန်လှပါ)။

ကိုယ်ကလဲ ဘာမှမသိတော့ အရေးကြီးတဲ့ အလုပ်ကယ်လို့ သိထားတာ ရှိရဲ့လား .... (မရှိပါဘူး-ဘုရား) မရှိသေးတော့ အလုံးစုံ မသိသေးတော့ သိစရာဟူသ၍ အရေးကြီးတဲ့ အလုပ် ချည်း မှတ်ပေတော့.... (မှန်လှပါ ဘုရား) သိစရာဟူသ၍ကို.... (အရေးကြီးတဲ့ အလုပ်ချည်း မှတ်ရမယ်)။

အရေးကြီးတဲ့အလုပ်ချည်း မှတ်ထားလိုက်တဲ့ အခါကျတော့ အသိ ဆုံးမှလဲ နိဗ္ဗာန်ရောက်မှာ ဖြစ်နေတော့ အားလုံး တကာ တကာမတွေ့ အသိတရား အရေးထားကြပါဆိုတာကိုလဲ တိုက် တွန်းရပြန်တယ်....(မှန်လှပါ) အသိတရား အရေးထားပါဆိုတာ လဲ တိုက်တွန်းရတယ်နော်....(မှန်လှပါ ဘုရား)။

ဘုရားက ဟောထားတာ ကြည့်ပါလား—**ဥာတပရိညာ** သိမှု မရှိဘဲနဲ့ **တီရဏပရိညာ** ပွားမှုကို ရနိုင်ပါ့မလား....(မရနိုင်ပါ ဘူး) တီရဏပရိညာဆိုတဲ့ ပွားမှု- ဝိပဿနာ ရှုမှု-မှု မရှိဘဲနဲ့ **ပဟာနပရိညာ** ဆိုတဲ့ ကိလေသာပယ်တဲ့ အလုပ်မျိုးကော အထ မြောက်နိုင်ပါ့မလား....(မမြောက်နိုင်ပါဘူး)။

အေး....ဒါတွေသိတော့ ဘုန်းကြီးပြောတာလား၊ ပရိညာသုံး ပါးနဲ့ ဝေဘန်ပြီး ဘုရားဟောတာလားဆိုတာ ပေါ်လာတယ်- (မှန်လှပါဘုရား)ရှေးဦးစွာ သိမှု ပရိညာကို လုပ်ရမယ်၊ ပြီးတော့ မှု- ဘာလုပ်ရမလဲ....(ပွားမှု လုပ်ရပါမယ်) ပွားမှု လုပ်ရလိမ့်မယ် ပြီးတော့မှ ဘာလုပ်ရမယ်....(ပယ်မှု လုပ်ရမယ်) ပယ်မှုလုပ်ရမယ် ဆိုတော့ ဦးခင်မောင် သူ့အစဉ်ကလဲ ဒီအတိုင်းပါကလား....(မှန်လှ ပါ့ ဘုရား)။

ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာရယ်လို့ သုံးမျိုး ရှိပြီးသကာလနေတော့ တကာတကာမတို့ တရားချီးနေတာလား

ခင်ဗျားတို့ အလုပ်တည့်အောင်လို့ စဉ်ပေးနေတာလား အကဲခတ်စမ်း....(အလုပ်တည့်အောင်လို့ စဉ်ပေးနေတာပါ ဘုရား)။

ဟာ....ဘုန်းကြီးက တရားချီးခါဘဲ ရှိသေးတယ်၊ မဟာသေးဘူးလို့ အောက်မေ့မနေနဲ့.... (မှန်ပါ့) တရားချီးခါဘဲ ရှိသေးတယ်၊ မဟာသေးဘူးလို့ အောက်မေ့နေယင် လဲကြပါလိမ့်မယ်....(မှန်လှပါ ဘုရား) ကိုယ့်ဉာဏ်ထဲ အစဉ်တည့်ပေးနေတယ်ဆိုတာကော သိပြီလား....(သိပါပြီဘုရား)။

ရှေးဦးစွာ သိမှု၊ ပြီးတော့မှ ကျင့်မှု-ပယ်မှု၊ ဘယ်နှစ်ခုပါလိမ့်-(သုံးခုပါ ဘုရား) ၁-နံပါတ်က ဘာပါလိမ့်....(သိမှုပါဘုရား) ၂-နံပါတ်က ဘာပါလိမ့်.... (ပွားမှုပါ) ၃-နံပါတ်က ဘာပါလိမ့်....(ပယ်မှုပါဘုရား)။

ဒါဟာ ဘုရားဟောတဲ့ အစီအစဉ်ဖြစ်နေတော့၊ သြော်.... နိဗ္ဗာန်ရောက်ချင်ယင် ဒီအစဉ်ကျော်လို့ ရကြပါ့မလား.... (မရပါဘုရား) မရနိုင်ဘူးဆိုတာလဲ သေချာပလား.... (သေချာပါတယ်)။

အေး....ဒါကြောင့် အစီအစဉ်အတိုင်း ဟောပြီး သကာလလာတဲ့အတွက် ဘုန်းကြီးတို့ တကာတကာမတွေ့သည် သြော်.... ကျဘန်းလုပ်လို့ မဖြစ်ပါကလား အိမ်တွင် ဘုရားရှိခိုးပြီး ပုတီးစိပ်ပြီးသကာလနေတော့ ကုသိုလ်မဖြစ်ဘူးလား....(ဖြစ်ပါတယ်) တကာတကာမတို့ အလုပ်စဉ်က လဲချင်လဲနေဦးမယ်-(မှန်လှပါ) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ် ဘုရား)။

အဲဒီ- ဆိုနိုင်စရာ အကြောင်းတွေက ရှိနေသောကြောင့် သြော်.... ၁-နံပါတ်က ဘာတဲ့....(သိမှုပါ ဘုရား) ၂-နံပါတ်က-(ပွားမှုပါ) အဲ....ကျင့်မှု ပွားမှုပေါ့၊ ၃-နံပါတ်က.... (ပယ်မှုပါ

ဘုရား) အဲ့....ဒီအစဉ်အတိုင်း သွားရမယ်မဟုတ်လား....(မှန်ပါ့) သိမှုမရှိတဲ့ပုဂ္ဂိုလ်ဟာ ကျင့်မှုလဲ့လိမ့်မနော်....(မှန်ပါ့ဘုရား) ကျင့်မှုလဲ့လို့ ရှိယင် ကိလေသာ ပယ်မှုကိစ္စသည် ဦးခင်မောင်.... လိုရာကိစ္စ ပြီးပါ့မလား....(မပြီးပါဘူး)။

မပြီးနိုင်ဘဲနဲ့ ကိလေသာ မပယ်နိုင်ဘဲနဲ့ - ဒိဋ္ဌိကိလေသာ-ဝိစိကိစ္ဆာကိလေသာတွေမပယ်နိုင်ဘဲနဲ့ လဲ ဘယ်သူ သောတာပန် ဖြစ်လိမ့်မလဲလို့ မေးယင် ဘယ်နှယ်ဖြေကြမယ်.... (ဘယ်သူမှ မဖြစ်ပါဘူး-ဘုရား) ဘယ်သူမှ မဖြစ်နိုင်ဘူးဆိုတာ အသေချာကြီး သေချာပလား....(သေချာပါတယ်ဘုရား)။

အေး....ဒါတွေကို ပြော ရတဲ့ အတွက် တကာတကာမတွေ့ကလဲ ဒီအတိုင်းဘဲ လုပ်ပါတော့မယ်ဆိုတဲ့အသိကလေးကို ဉာဏ်ထဲမှာထားတဲ့အတွက် ဘုန်းကြီးများက ဝမ်းမြောက်ရပါတယ် ဆိုတာကိုလဲ မှတ်ထားပါ.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် သဿတ-ဥစ္ဆေဒ ဒိဋ္ဌိခွါကြစို့။ ခွါနည်းကို သိအောင် လုပ်ကြစို့ရဲ့....(မှန်လှပါ) သဿတ-ဥစ္ဆေဒခွါတော့မယ် တကာတကာမတွေ့.... (မှန်ပါ) သဿတ-ဥစ္ဆေဒ ခွါတော့မယ်ဆိုတော့ တပည့်တော်တို့မှာ ဘာဖြစ်နေလို့တုံးလို့ ကိုမြရှေတို့က မေးစရာကော အကြောင်း ပေါ်မလာဘူးလား....(ပေါ်ပါတယ် ဘုရား)။

တပည့်တော်တို့မှာ ရှိနေလို့သာ မှတ်ကြပေတော့.... (မှန်လှပါ) သဘောကျပလား.... (ကျပါပြီ) သဿတနဲ့ ဥစ္ဆေဒကို ဆရာဘုန်းကြီးက ပဋိစ္စသမုပ္ပါဒ်ပြပြီး ခွါတော့မယ်လို့၊ ရှေ့ပိုင်း ပြပါတော့မယ်လို့ ပြောတယ်နော်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် ဒီအဓိပ္ပါယ်ကြီး ဆရာဘုန်းကြီးက စ,ပါ လိမ့်မလဲလို့ မေးယင် တပ္ပဲလုံးဘယ်နှယ်ဖြကြမလဲ.... (ရှိနေလို့ ပါ ဘုရား) ရှိနေတယ်၊ ဦးခင်မောင် ဘာတဲ့တုံး....(ရှိနေလို့ပါ ဘုရား) ရှိနေလို့တဲ့....(မှန်ပါ့) ရှိတယ် မရှိတယ် ခင်ဗျားတို့ စဉ်းစားကြည့်....(မှန်ပါ့)။

ရှိတယ် မရှိတယ် ခင်ဗျားတို့ဟာ ခင်ဗျားတို့ သေသေချာချာ စဉ်းစားကြည့်၊ သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များဟာ ဟိုဘဝ ဒီဘဝရှိတယ်ဆိုတာလဲ ယုံကြည်တယ်၊ ကံ-ကံ၏ အကျိုးလဲ ယုံကြည်ပါတယ်၊သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များ ကံ-ကံ၏ အကျိုးကို ငါလုပ်-ငါရမှာဘဲဆိုတာ မယုံကြည်ဘူးလား (ယုံကြည်ပါတယ်ဘုရား)။

ကုသိုလ် ဒါနတွေလဲ သိပ်ပြုပါတယ်....တဲ့၊ မင်္ဂလမပဏ္ဏာသ ပါဠိတော်မှာ ကုသိုလ်လဲ ပြုပါတယ်၊ ကံ-ကံ၏ အကျိုးလဲ ယုံကြည်ပါတယ်....တဲ့၊ ထိုသို့ယုံကြည်ပြီးသကာလနေငြားသော်လဲ အခု နိဗ္ဗာန်ကို သွားတော့မယ် ဆိုလို့ရှိယင် သူမကြိုက်ဘူး.... (မှန်ပါ့) အခုနိဗ္ဗာန်ပို့မည့် ဆရာကောင်း သမားကောင်းနဲ့ တွေ့တဲ့အခါ သူမကြိုက်ဘူး....(မှန်ပါ့)။

တကာတကာမတွေ့ သဿတရှိတဲ့ ပုဂ္ဂိုလ်ဟာ အခု နိဗ္ဗာန် ရောက်မယ်ဆိုယင်....(မကြိုက်ပါဘူး) မကြိုက်ဘူးတဲ့၊ ဒါ ဘာ ဒိဋ္ဌိက ခံနေလို့လဲ.... (သဿတဒိဋ္ဌိ ခံနေလို့ပါဘုရား) အို....ငါ လုပ်ထားတာတွေ အလကားဖြစ်ကုန်ရော့မယ်၊ ငါနတ်ပြည်သွား ခံစားလိုက်ဦးမယ်၊ ဗြဟ္မာပြည်သွား ခံစားလိုက်ဦးမယ် ဆိုပြီး နိဗ္ဗာန်မသွားချင်ဘူး၊ ဘဝထဲမှာ ပုန်းအောင်းနေချင်တယ်၊ ဒါဘယ်သူ့သတ္တိထင်သလဲ....(သဿတဒိဋ္ဌိ သတ္တိပါဘုရား)။

ကြပ်ကြပ်စည်းစားပါ တကာ တကာမတို့....၊ ခင်ဗျားတို့ ရှိတယ်-မရှိတယ် ဒီက-နေ အကဲခတ်ကြပါ(မှန်ပါ့ဘုရား) တပည့်တော်တို့မှာ သဿတဒိဋ္ဌိ ရှိနေသလား၊ ဥစ္ဆေဒဒိဋ္ဌိ ရှိနေသလား လို့ မေးတဲ့အခါကျလို့ ရှိယင် ကိုယ့်ဟာကိုယ် ဝမ်းထဲမှာ ဝေဘန်ကြပါနော်....(မှန်ပါ့)။

ဟိုဘဝ-ဒီဘဝ ရှိတယ်ဆိုတာလဲ သူယုံကြည်တယ်(မှန်ပါ့) ကုသိုလ်ကောင်းမှုတွေလဲ အများကြီး ပြုပါတယ်တဲ့၊အကုသိုလ်ဆိုတာလဲ သိပ်ကြောက်ပါတယ်တဲ့၊သဘောကျပလား....(ကျပါပြီ) အကုသိုလ် မလုပ်ချင်ဘူးနော်....(မှန်ပါ့) ကုသိုလ်တော့ သိပ်ပြုတာဘဲတဲ့(မှန်ပါ့)။

ဘုရားနဲ့တွေ့၊ ဘုရား၏တပည့်သားဘဲ၊ နိဗ္ဗာန်ကယ်တင်မည့် ပုဂ္ဂိုလ်နဲ့ တွေ့တဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့.... ဘုံစည်စံကလေး ကြိုက်တယ်၊ ဒီလိုလာတတ်တယ်(မှန်ပါ့)ဘယ်လို လာတတ်ပါလိမ့်....(ဘုံစည်စံကလေး ကြိုက်ပါတယ်ဘုရား)။

ဒါဖြင့် သူ ဘုံထဲကို ပုန်းအောင်းချင်တယ်၊ နိဗ္ဗာန်ဆီမသွားချင်ဘူး(မှန်ပါ့ဘုရား)ဘယ် ပုန်းအောင်းပါလိမ့်.... (ဘုံထဲ ပုန်းအောင်းပါတယ်ဘုရား)ဘုံထဲပုန်းအောင်းတော့ သူ့ကို ဘာဒိဋ္ဌိ ရှိတယ်ဆိုကြမလဲ....(သဿတဒိဋ္ဌိ ရှိပါတယ်) ကိုင်း.... ခင်ဗျားတို့ကိုယ်ကို ခင်ဗျားတို့ အကဲခတ်ကြည့်တာပေါ့၊ ငါတို့ဟာ ဒိဋ္ဌိရှိသလား....မရှိဘူးလားဆိုတာ ကိုယ့်ကိုယ်-ကိုယ်အကဲခတ်ကြည့်တော့ အို....နိဗ္ဗာန်မရမီ စပ်ကြားမယ် အပါယ်ငရဲကလေး လွတ်ပြီး နတ်ရွာသုဂတိ အကြိမ်ကြိမ်ခံစားရလို့ ရှိယင် တော်သေးရော့ပေါ့ဆိုတဲ့ အဓိပ္ပါယ်မျိုးကလေးဟာ တကျာ

ကလေးက လှမ်းတက်တယ်(မှန်လှပါ)မတက်ဘူးလား.... (တက်ပါတယ်ဘုရား)။

အဲဒီတော့ ဘုံဘဝထဲ သူပုန်းအောင်းချင်သေးသလား.... နိဗ္ဗာန်ဘဲ သွားချင်သလား မေးယင် ဘယ်နှယ်ဖြေမလဲ....(ဘုံဘဝထဲ ပုန်းအောင်းချင်ပါတယ်)အဲဒါ ကိုယ်.ကိုယ်-ကိုယ်သာ အကဲခတ်တော့ သဿတဒိဋ္ဌိ ရှိလို့(မှန်ပါဘုရား)ရှင်းပလား.... (ရှင်းပါပြီ) နို့ ဘာဖြစ်လို့ပါလိမ့်....(သဿတဒိဋ္ဌိ ရှိနေလို့ပါဘုရား)။

ဒါဖြင့် ဒီအထဲ တကာ တကာမတွေ ကိုယ်.ကိုယ်-ကိုယ် အကဲခတ်မိကြပလား.... (ခတ်မိပါတယ်ဘုရား) ဘယ်လိုမျှား ခတ်မိကြသလဲ....(သဿတဒိဋ္ဌိ ရှိနေလို့ပါ) သဿတဒိဋ္ဌိ ရှိနေတယ်(မှန်ပါ့)။

ဦးခင်မောင်....ခင်ဗျားမှာ ဘာရှိသတုံး....(သဿတဒိဋ္ဌိ ရှိပါတယ်ဘုရား) ခင်ဗျားတို့ ဒါဖြင့် ဘုံစဉ်စံကြိုက်ဘဲ၊ ဘုံစဉ်စံကြိုက် ဟူသ၍ ဘယ်နှယ်ဆိုကြမယ်(သဿတဒိဋ္ဌိ ရှိနေလို့ပါ)။

အခုယူမလား - ခုနစ်ရက်အားထုတ်ပြီး ခုနစ်ရက်နဲ့ ယူမလားလို့ မေးလိုက်တဲ့အခါကျလို့ ရှိယင် အို....ဖြေးဖြေးဘဲ ဒီသားနဲ့ ဒီသမီးနဲ့ ဒီမြေးနဲ့ပါဘဲ သွားတော့မယ်ဆိုတဲ့ ပုဂ္ဂိုလ်မျှားဟာ ဘာ ထင်ကြသလဲ....(သဿတဒိဋ္ဌိ ခံနေတယ်)။

ခင်ဗျားတို့ ဆုကလေး ဘာကလေး တောင်းတဲ့အခါကျတော့ ပါကြရဲ့လား....(ပါ-ပါတယ်ဘုရား) ပါတယ်၊ အဲဒါ ဘယ်သူက အတောင်းခိုင်းတာတုံးဆိုတာကော ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)ဘယ်သူက အတောင်းခိုင်းတာတုံး (သဿတ

ဒိဋ္ဌိက အတောင်းခိုင်းတာပါ) သဿတဒိဋ္ဌိဆိုတာ တကဲ့ဘဲ့နော်....(မှန်လှပါ)။

အဲ....သဿတဒိဋ္ဌိက အတောင်းခိုင်တဲ့အခါကျလို့ ရှိယင် အခု ဘုရားပွင့်တောင် မလိုက်သေးဘူးဆိုတဲ့အဓိပ္ပါယ်(မှန်ပါ့) အခု အားထုတ်ပြီး ခုနစ်ရက်အတွင်း ရမယ်ဆိုတာတောင်မှ ဦးခင်မောင်ရေ....နည်းနည်းတော့ ဆိုင်းချင်သေးတယ်(မှန်ပါ့)ဘာရှိနေလို့တုံး....(သဿတဒိဋ္ဌိ ရှိနေလို့ပါဘုရား)။

ဒါဖြင့် သူ ဘယ်ထဲ ပုန်းအောင်း-ပုန်းအောင်းနေပါလိမ့်....(ဘုံဘဝထဲ ပုန်းအောင်းနေပါတယ်) ဘုံဘဝထဲ ပုန်းအောင်းသောကြောင့် ဘုံဘဝ ပုန်းအောင်းချင်တဲ့သဘောသည် ဘာဒိဋ္ဌိတုံး....(သဿတဒိဋ္ဌိပါ)။

တခါတလေကျတော့ ဦးခင်မောင်ကြီးတို့က လာတယ်၊ ကိုင်းကွာ မွေးတနေ့-သေတနေ့၊ သေတာဘဲကောင်းပါတယ် (မှန်လှပါဘုရား)သေ အေးတာဘဲကွ အစရှိသည်ဖြင့် စိတ်ပျက်လက်ပျက်နဲ့ကော မပြောတတ်ဘူးလား....(ပြောပါတယ်)။

အဲဒါကျတော့လဲ ဟိုဘဝ ဒီဘဝ သူမမျှော်တော့ဘူး၊ သေအေးတာဘဲဆိုတော့ တကာ တကာမတွေ့ ဒါက ဥစ္စာဒိဋ္ဌိက ထွက်လာတဲ့အသံ(မှန်ပါ့)ဘယ်သူက ထွက်လာတာလဲ-(ဥစ္စာဒိဋ္ဌိက ထွက်လာတာပါ)။

အဲ....သူ့ကျတော့လဲ တကာ တကာမတို့ ဟိုဘဝ ဒီဘဝ ရှိတယ်ဆိုတာလဲ သိပါရဲ့တဲ့၊ကံ့-ကံ၏အကျိုးလဲ ယုံကြည်ပါရဲ့၊ ကုသိုလ်တော့ မပြုဘူးတဲ့၊ အကုသိုလ်ပြုတဲ့အခါ ရောရော ပြွမ်းပြွမ်း ပြုလေ့ရှိတယ်တဲ့....(မှန်ပါ့)။

ဘုရားနဲ့ တွေ့တဲ့အခါကျလို့ ရှိယင်လဲ သူ့အယူကို လျှင်လျှင်မြန်မြန်တော့ စွန့်တတ်တယ်တဲ့၊ သဿတလောက် မခက်ဘူးတဲ့ (မှန်ပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သဿတဒိဋ္ဌိ ရှိတဲ့ပုဂ္ဂိုလ်နဲ့ ဥစ္ဆေဒဒိဋ္ဌိ ရှိတဲ့ပုဂ္ဂိုလ် ဘယ်သူက ကျတ်လွယ်သတုံး....(ဥစ္ဆေဒဒိဋ္ဌိ ရှိတဲ့ပုဂ္ဂိုလ်က ကျတ်လွယ်ပါတယ်ဘုရား)ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်က သူ့အရမ်း ဥစ္ဆေဒဖြစ်နေတာလို့ မှတ်လိုက်စမ်းပါနော်....(မှန်ပါဘုရား) အဲဒါကြောင့် တကာ တကာမတို့သန္တာန်၌ ဒိဋ္ဌိနှစ်ခုတွင် တခုခုရှိလိမ့်မယ်နော်....(မှန်ပါ)။

အဲဒီတော့ ဒိဋ္ဌိနှစ်ခုကို ဘုန်းကြီးက ရှေ့ဖြစ်စဉ်နဲ့ ပယ်မပေးခဲ့သော် တကာ တကာမတွေ့ ဒိဋ္ဌိဒီဟာ ရှည်သာနေတယ် ဝမ်းထဲက ခံနေလိမ့်မယ်(မှန်လှပါ) မခံပေဘူးလား....(ခံပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ ဘာကို အရင်ရှင်းပေးရမှာပါလိမ့်မလဲဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)ဘာအရင် ရှင်းရမှာလဲ.... (သဿတနဲ့ ဥစ္ဆေဒကို အရင်ရှင်းရပါမယ်)။

ဒါဖြင့် ဆန္ဒဝတ္ထုကို မဟောနိုင်သေးဘူး၊ ဒါကို ရှင်းရဦးမယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ)ဒါ ရှင်းမှသာလျှင် ခင်ဗျားတို့ ရှေ့ကိုဆက်ပြီး အလုပ်စခန်း ဟောရမှာပေါ့နော်(မှန်လှပါ)။

အဲဒီတော့ ဒါရှင်းအောင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဉာဏ်ထဲမှာ နှစ်ခုစလုံး ပယ်ထုတ်ပေးမယ်ဆိုတော့ အင်မတန် ဝမ်းသာစရာကောင်းတယ် (မှန်လှပါဘုရား) သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိဟာ ခင်ဗျားတို့ဝမ်းထဲမှာ တခုခုရှိတုံးနော်....(မှန်ပါဘုရား)။

အဲ....တခုခုရှိနေလို့ ရှိယင်လဲ ဘယ်တော့မှ နိဗ္ဗာန်မရဘူး (မှန်လှုပါဘုရား) ကိုမြွေရှေ....ဘာတဲ့တုံး....(ဘယ်တော့မှ နိဗ္ဗာန်မရပါဘူး) သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တခုခုရှိနေခဲ့သော် တကာ တကာမတို့ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(ဘယ်တော့မှ နိဗ္ဗာန် မရပါဘူး)။

ဒိဋ္ဌိဆိုတာ မဂ်တား ဖိုလ်တားလို့ တရားတပဲ့လုံး မှတ်လိုက်စမ်းပါ(မှန်ပါဘုရား) ဒိဋ္ဌိဆိုတာဘာတဲ့....(မဂ်တား ဖိုလ်တား ပါဘုရား) မဂ်တား ဖိုလ်တားပါဘဲတဲ့၊ ဘယ်တော့မှမရနိုင်ဘူး (မှန်ပါ) ဒါကြောင့် တကာ တကာမတို့ သဿတဒိဋ္ဌိ ရှိလဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရနိုင်ဘူး၊ ဥစ္ဆေဒဒိဋ္ဌိ ရှိနေယင်ကော .... (မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ပါဘူး)။

အဲ....ဒါဖြင့် တကာ တကာမတို့ ဒီဒိဋ္ဌိနှစ်ခုဟာ ဘယ်မှာ ကပ်နေပါလိမ့်မလဲဆိုတာမှ မသိလို့ ရှိယင်ဖြင့် တကာ တကာမတွေ့ ဒီ ကိုယ်ချိတ်ထားတဲ့ ပုတီးကလေးဟာ ဘယ်နေရာမှာ ချိတ်ထားတယ်လို့မှ မသိလို့ ရှိယင် ဒီ ပုတီးကိုယူချင်လို့ သော်၎င်း၊ ကြိုး လဲချင်လို့ သော်၎င်း၊ စိပ်ချင်လို့ သော်၎င်း တကာသစ်ဖြစ်ပါ့မလား....(မဖြစ်ပါဘူးဘုရား)။

ရှိတဲ့နေရာ မဒ္ဓါတတ်လို့ ပေါ့ဗျာ(မှန်ပါဘုရား)ရှင်းပလား (ရှင်းပါပြီ)ရှိတဲ့နေရာ မဒ္ဓါတတ်လို့ ရှိယင် ကိုယ်ကျိုးဖြင့် နည်းပေါလို့ အောက်မေ့ရမယ်(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ရှိတဲ့နေရာ အာရုံခဲ့ပါပေးလို့ ရှိယင်ဖြင့် ပဋ္ဌမအာသိနဲ့ ပြုတ်ယင် စူဠသောတာပန် ဖြစ်ပါတယ်နော်.... (မှန်ပါဘုရား) အဲဒါကြောင့် လူစေ့

တက်စေ့ မှတ်လိုက်စမ်းပါ တကာ တကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက—

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋ္ဌိ နပညာယတိ၊အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏ္ဍာသံယောဇနာနံ သန္ဓာဝတံ သံသရတံ—

လို့ သေသေချာချာ ပါဋ္ဌိတော်တွေမှာ ဟောပြီးထားတဲ့အတွက် တကာ တကာမတွေ ဘယ်ဘဝက စ-လာတယ်ဆိုတာများဟာဖြင့် ဘုရားမဟောနိုင်ဘူးတဲ့နော်....(မှန်ပါ့)။

ဘယ်နှစ်ခါ သေခဲ့ပြီလို့ကော....(မဟောနိုင်ပါဘူး) ဘယ်နှစ်ခါ သူများပါးစပ်ထဲမှာ ဝိညာဏ်ပျောက်ခဲ့ရပြီလို့ကော....(မဟောနိုင်ပါဘူးဘုရား)။

ဘယ်နှယ်ကြောင့် မဟောနိုင်တာတုံးဆိုတော့ ဘုရား ဖြစ်တဲ့နေ့က ဥပမာ....ဦးခင်မောင် အကြောင်း စ,ဟော-(မှန်ပါ့) ဘုရားပရိနိဗ္ဗာန်စံသည်တိုင်အောင် နှုတ်သွက်သွက်နဲ့ ဟောငြားသော်လဲ ကုန်နိုင်စရာ အကြောင်းမရှိဘူးတဲ့.... (မှန်ပါ့ဘုရား) သူများပါးစပ်ထဲ သေခဲ့ရတဲ့ ဘဝ.... (အများကြီးပါဘုရား) ဘယ်လောက်များတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

အဲဒီ အသေကြီးတွေ တကာတကာမတို့ ဒီဒိဋ္ဌိ မပြုတ်သေးယင် နောက် ဒီအသေမျိုး အဆပေါင်း အရေအတွက်မရှိအောင် လာမယ်....(မှန်လှပါဘုရား) မလာပေဘူးလား.... (လာပါတယ်ဘုရား)။

မဂ်ဥာဏ် ဖိုလ်ဥာဏ်မှ မရတော့ တကာတကာမတို့ ဒီအသေပေါင်း ဘယ်လောက်လာမလဲ.... (မရေတွက်နိုင်ပါဘူး- ဘုရား) ခင်ဗျားတို့ လူတယောက်၏ အရိုးကို ဘုန်းကြီး ပြောပြပါ့မယ်။

ဘုရားတဆူနဲ့ တဆူကြားမှာ ဆိုလို့ ရှိယင်ဖြင့် တဆယ့်သုံးမိုင်လောက် တက်ပါလိမ့်မယ်....(မှန်ပါ့) လူတယောက်၏ အရိုးတွေကို ပုံပုံ-ပုံပုံပြီး မဆွေးမမြေ့ဘဲနဲ့ ပုံလို့ ရှိယင် ဘယ်လောက်တက်မယ်ထင်ကြသတုံး.... (တဆယ့်သုံးမိုင်လောက် တက်ပါလိမ့်မယ်) တဆယ့်သုံးမိုင်ဆိုတော့ တကာ တကာမတို့ မန္တလေးတောင်လောက်တောင် မက်ပေဘူး....(မကပါဘူး-ဘုရား)

အဲဒါသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် အရိုးရှိတဲ့ သတ္တဝါဖြစ်တုံး စုထားယင် ဒီလောက်ရှိမယ်၊ တိတ္ထိ- ပက်ကျိုတို့- မျှော့တို့ ဖြစ်တာ ဒါ မထည့်သေးဘူးဗျ၊ အဲဒါတွေက အရည်ပျော်သွားလို့....(မှန်လှပါဘုရား) ထည့်လို့ ရပါ့မလား.... (မရပါဘူး ဘုရား)။

ဒါဖြင့် လူတယောက်၏ အရိုးဆိုတာကော ရိပ်မိပလား.... (ရိပ်မိပါပြီ-ဘုရား) အဲဒါ ခင်ဗျားတို့ အရိုးတောင်လိုမျှားပုံချင်ကြသေးသလား....(မပုံချင်ပါဘူး-ဘုရား) ဟုတ်ကဲ့လား.... စဉ်းစားကြပါဦး၊ ဟိုဘဝ-ဒီဘဝ အောင်းချင်ယင်တော့ အရိုးပုံဦးမှာဘဲ....(မှန်ပါ့ဘုရား) ဟိုဘဝ-ဒီဘဝ အောင်းချင်ကြယင် ဘယ် နှယ်တုံး....(အရိုး ပုံဦးမှာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဟိုဘဝ-ဒီဘဝ ကြိုက်နေတဲ့ ပဋိုလ်မျှား အရိုး ကြီးပွားရေးကို ဆုတောင်းနေကြတာနဲ့ တူလိုက်တာ၊ ဟိုဘဝ-ဒီဘဝ ဆုတောင်းနေကြတဲ့ တကာတကာမမျှား ဘာပါလိမ့်....(အရိုး ကြီးပွားရေး ဆုတောင်းနေကြတာပါ ဘုရား)။ မသေဘဲနဲ့လဲ ဟိုဘဝ-ဒီဘဝ ကူးမှာဟုတ်ကြရဲ့လား....(မကူးပါဘူး-ဘုရား) အဲဒီတော့ သေသေနေတော့ အရိုးတွေက ထပ်မနေပေဘူးလား....(ထပ်နေပါတယ်ဘုရား)။

အေး....ဒါကြောင့် တကာတကာမတို့ အရိုး ကြီးပွားရေးလဲ ကိုယ် ဟာကိုယ်ဘဲ ကိုယ်ကမမြင်ငြားသော်လဲ ဘုရားကမြင်၊ ဆရာဘုန်းကြီးတို့က ဘုရားဟောထားလို့ မြင်တော့ အရိုးကြီးပွားရေး သိမ်းကြပါတော့.... (မှန်လှပါဘုရား) ဘယ်လိုမေတ္တာရပ်ပါလိမ့် (အရိုး ကြီးပွားရေး သိမ်းပါတော့တဲ့)။

အရိုး ကြီးပွားရေး သိမ်းကြပါတော့၊အရိုး ကြီးပွားတယ်ဆို တာက အသားကိုတော့ ကျီး-ငှက်တွေက စားသွား၊ ကျားတွေ ဘာတွေက စားသွားပါပြီ၊ အရိုးကျန်ရတဲ့ ဘဝကို ဟော ပါတယ်ဆိုကတည်းက တကာတကာမတို့ သူများသတ်လို့ သေလို့ အရိုးကျန်ခဲ့ရတယ်ဆိုတာလဲ ကောင်းနိုင်သေးရဲ့လား.... (မကောင်းနိုင်ပါဘူး-ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘုံဘဝဆုတောင်းတဲ့ ပုဂ္ဂိုလ်များ ဘာ-ကြီးပွားရပါလို၏လို့ အဓိပ္ပါယ်ရောက်သလဲ(အရိုး ကြီးပွားရပါလို၏လို့ အဓိပ္ပါယ်ရောက်ပါတယ်) ခင်ဗျားတို့ဟာ ပါးစပ်ထဲ မထည့်ကြပါနဲ့၊ မထည့်ကြ ပါနဲ့.ဆိုတာ သတိပေးလိုက်ပါတယ်.... (မှန်ပါ့)။

မသိလို့ ရှေးက ထည့်ခဲ့သော်လဲ အခု ပြင်လိုက်ရပါတယ်၊ ကိုယ် ဘဝ တခါတည်း ဝိပဿနာအလုပ်လဲ လုပ်ပါတယ်၊ ချက်ခြင်းဘဲ ရပါရစေဆိုတာသာ ပြောင်းပစ်ပါတော့၊အရိုး ကြီးပွားရေး ဇာတ်သိမ်းပါတော့၊အရိုး ကြီးပွားရေး လုပ်တဲ့ ပုဂ္ဂိုလ်ဟာ သဿတဒိဋ္ဌိလို့ မှတ်လိုက်....(မှန်လှပါဘုရား)။

အရိုး ကြီးပွားရေး ကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ....(သဿတဒိဋ္ဌိပါ ဘုရား) မဆိုးဝါးဘူးလားနော်....(ဆိုးဝါးပါတယ် ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကိုယ့်အကြောင်း ကိုယ်မသိတော့ ဘုရားရှေ့မှာဖြစ်စေ၊ သံဃာတော်တွေ့ ရှေ့မှာဖြစ်စေ ခင်ဗျားတို့က နိဗ္ဗာန်မရမီ စပ်ကြားမှာဖြင့် ဒီသား၊ ဒီသမီး၊ ဒီမြေး၊ ဒီမြစ်နဲ့ ငှက်ဖြစ်သော်လဲ တကိုင်းတည်း၊ ဆင်ဖြစ်သော်လဲ တကျွန်းတည်း ရှုပ်လိုက်တာတွေ့ မပြောပါနဲ့တော့။

အဲဒါတွေ့ကို ထည့်မနေနဲ့၊ အဲဒါတွေ့ ဘာတွေ့ပါလိမ့် မတုံးဆိုတာကော သိပလား....(သိပါပြီ ဘုရား) ဘာပါလိမ့်....(အရိုး ကြီးပွားရေး တောင်းနေတာပါ ဘုရား)အရိုး ကြီးပွားရေး-တဲ့ (မှန်ပါ့) မောင်ညွှန့်ရှေ....အရိုး ကြီးပွားရေးတဲ့ ကွာ.... ထည့်တောင်းတယ်....(မှန်ပါ့) တော်တော်ရိုင်းတဲ့ ပါးစပ်မို့ ထည့်တာဘဲဆိုတဲ့ အဓိပ္ပါယ်ကော သဘောပါကြပလား.... (ပါ-ပါတယ် ဘုရား)။

ကိုင်း-ပြင်နိုင် ဆင်နိုင်လို့ရှိယင် ပြင်ကြ ဆင်ကြပါစို့ ဆိုတာကိုလဲ တိုက်တွန်းပါတယ်နော်....(မှန်လှပါဘုရား) ဦးခင်မောင်-တရား ချီးနေတာလား၊ ခင်ဗျားတို့ ဖြစ်စဉ်ဟုတ်တာ ပြောနေတာလား....(ဖြစ်စဉ်ပြောနေတာပါဘုရား) အဲ့-အပြင် ခိုင်းနေတယ်ဆိုတာ သဘောကျပလား....(ကျပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် အရိုး ကြီးပွားရေး ဇာတ်သိမ်းချင်ယင် သဿတ ဥစ္ဆေဒ ဖြုတ်ကြစို့....(မှန်ပါ့ဘုရား) အရိုး ကြီးပွားရေး ဇာတ်သိမ်းချင်ယင်.... (သဿတ ဥစ္ဆေဒဖြုတ်) သဿတ ဥစ္ဆေဒကို မောင်ထွန်းလှိုင် ဖြုတ်ကြစို့ရဲ့နော်....(မှန်ပါ့)။

သဿတ ဥစ္ဆေဒဟာ ဘယ်ကလာတာတုံးလို့ မေးတဲ့အခါ ကျတော့မှတကာတကာမတို့ ခန္ဓာပဋိစ္စသမုပ္ပါဒ်နားမလယ်တာက

လာတယ်....(မှန်ပါ့) သဿတဒီဌီ, ဥစ္ဆေဒဒီဌီဟဲ့ ဘယ်က လာပါလိမ့်.... (ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလယ်တာက လာပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်ခန္ဓာအကြောင်းမှု ကိုယ်မသိတဲ့ ပုဂ္ဂိုလ်ဟာဖြင့် သဿတ ဥစ္ဆေဒ တခုခုဖြစ်ရတော့မယ်.... (မှန်ပါ့) မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီတော့ ဘုရားကလဲ သဿတလမ်းလဲ မလိုက်နဲ့၊ ဥစ္ဆေဒလမ်းလဲ မလိုက်နဲ့၊ အလယ်လမ်းလိုက်လို့ ငါ-ဘုရားဖြစ်လာတယ်လို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒီတော့ ဘယ်လမ်းက ဘုရားဖြစ်သလဲ....(အလယ်လမ်းက ဘုရားဖြစ်ပါတယ် ဘုရား) ခင်ဗျားတို့ကလဲ အလယ်လမ်းက သွားရမှာ သဿတလမ်းလဲ မလိုက်ပါနဲ့၊ ဥစ္ဆေဒလမ်းကော....(မလိုက်ပါနဲ့) ဘယ်လမ်း လိုက်ကြရမယ်....(အလယ်လမ်း လိုက်ကြရပါမယ်)။

ဒါဖြင့် တကာတကာမတို့ အလယ်လမ်းဆိုတာ သဿတလဲဝမ်းထဲမှာ ရှင်းမှု....(မှန်ပါ့) ဥစ္ဆေဒကော.... (ဝမ်းထဲမှာ ရှင်းမှုပါ ဘုရား) ဘယ်လမ်းလိုက်ကြမယ်.... (အလယ်လမ်း လိုက်ကြရပါမယ်)။

အလယ်လမ်းလိုက်ကြရမည့်အလုပ်ဟာခင်ဗျားတို့က သဿတလမ်းလိုက်ပြန်တော့ အရိုး ကြီးပွားရေး.... (မှန်ပါ့) ဥစ္ဆေဒလမ်းကို လိုက်-လိုက်ပြန်တော့လဲ ငရဲ ကြီးပွားရေး.... (မှန်ပါ့ ဘုရား) ကောင်းသေးရဲ့လား....(မကောင်းပါဘူး-ဘုရား)။

ဘယ်ဟာ ဘယ်လမ်းမှသာလျှင် ကျုပ်တို့ သင့်လျော်တဲ့ လမ်းလို့ ဆိုလို့ရပါ့မလဲ.... (အလယ်လမ်းက လိုက်မှပါဘုရား) အလယ်လမ်းမှ လျော်တဲ့လမ်းဆိုတော့ ဘုရား ဘယ်လမ်းက ဖြစ်-(အလယ်လမ်းက ဖြစ်ပါတယ်)သောတာပန် ဘယ်လမ်းက ဖြစ်-(အလယ်လမ်းက ဖြစ်ပါတယ်)သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဘယ်လမ်းက ဖြစ်....(အလယ်လမ်းကပါ ဘုရား)။

အဲ....အလယ်လမ်းဆိုတာက တကာတကာမတို့ မဂ္ဂင်၈စ်ပါးလမ်း....(မှန်ပါ့ ဘုရား) ဒီက သဿတဒိဋ္ဌိဆိုတာက ခိုင်တယ်၊ မြဲတယ်လို့ ယူတဲ့လမ်း....(မှန်ပါ့) ဥစ္ဆေဒဒိဋ္ဌိက ပြတ်ယင်ပြီးတာ ဘဲလို့ ယူတဲ့လမ်း....(မှန်ပါ့ဘုရား)

ဘယ်နှစ်လမ်းရှိပါလိမ့်.... (သုံးလမ်းရှိပါတယ်ဘုရား) သုံးလမ်း၊ ဘယ်လမ်းသာ အာဃာတိုးစရာ မြင်ကြသလဲ.... (အလယ်လမ်းသာ အာဃာတိုးစရာမြင်ပါတယ်)။

အဲ....ဒါကြောင့် တကာတကာမတို့ အလယ်လမ်းကို ပြတော့မယ် ဆိုလို့ရှိယင်ဖြင့်....တဲ့၊ ပဋိစ္စသမုပ္ပါဒ်ကို သဿတ, ဥစ္ဆေဒ, စင်တဲ့ ဥာဏ်ကလေး ဝမ်းထဲ ရောက်သွားတော့မှ အလယ်လမ်း ဥာဏ်ပေါ်လာတယ်....(မှန်ပါ့ဘုရား) မောင်မြ....အရေးမကြီးဘူးလား....(ကြီးပါတယ် ဘုရား)။

တကာတကာမတို့ သဿတ, ဥစ္ဆေဒ ဝမ်းထဲ စင်သွားတော့မှ ဝမ်းထဲမှာ စင်သွားပြီ၊ သဿတလဲ မရှိတော့ဘူး၊ ဘုရားဟော ပဋိစ္စသမုပ္ပါဒ်ပြလိုက်တာ၊ ဥစ္ဆေဒလဲ မရှိတော့ဘူးဘုရား ဆိုတော့မှ အလယ်လမ်း သိတဲ့ဉာဏ်ကလေး ဝမ်းထဲ ရောက်လာတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ပဋိစ္စသမုပ္ပါဒ် အဖြစ်ကိုလဲ သိ၊ တကာတကာမတို့ အပျက်ကိုလဲ သိတော့မှ ဖြစ်ပျက် နှစ်ပါးလုံး သိတဲ့အခါကျတော့မှ အလယ်လမ်းဖြစ်တဲ့ ဉာဏ်ကလေး ဦးခင်မောင်....ဝမ်းထဲ ရောက်လာတယ်....(မှန်လှပါဘုရား)။

ဒါဖြင့် ဆရာဘုန်းကြီးက သဿတ, ဥစ္ဆေဒ ရှင်းမပေးခဲ့လို့ ရှိယင် ဒီတကာတကာမတွေ့ ကိုယ်ကျိုးနည်းပြီ.... (မှန်လှပါ) မနည်းပေဘူးလား....(နည်းပါတယ် ဘုရား)။

အလုပ်တော့ လုပ်မှာဘဲ ခလုတ်ကလေးတိုက်မိဦး.... အနိစ္စ.... အနိစ္စ....၊ လုပ်တော့လုပ်မှာဘဲ.... (မှန်ပါဘုရား) မလုပ်ပေဘူးလား....(လုပ်ပါတယ် ဘုရား) လုပ်ပေမဲ့ သူ့မှာ သဿတ, ဥစ္ဆေဒက ဦးဘအုန်းရေ....စင်ရဲ့လား....(မစင်ပါဘူး ဘုရား)။

မစင်တော့ သူလုပ်နေတာသည် ဒုဗ္ဗလဝိပဿနာသာဖြစ်တယ်၊ ဗလဝဝိပဿနာဖြစ်ပါရဲ့လား.... (မဖြစ်ပါဘူး ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ကဲ....ဒါဖြင့် သဿတ, ဥစ္ဆေဒ ဖြုတ်ကြပါစို့ဆိုတာ တကာတကာမတွေ့ ဘယ်လမ်း ရောက်မယ် ထင်ကြသလဲ....(အလယ်လမ်း ရောက်မှာပါ)။

အလယ်လမ်း ရောက်အောင် ဦးခင်မောင်....နာရီဝက် သာသာ ပြောရတယ်၊ လျှောရှည်တဲ့ ဘုန်းကြီးမို့လို့ အောက်မေ့မနေနဲ့၊ ခင်ဗျားတို့ ဖျင်းလို့ ပြောတာ.... (မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ) လျှောရှည်လို့လား၊ ခင်ဗျားတို့ ဖျင်းလို့လား....(ဖျင်းလို့ပါဘုရား)။

နောက်ကို ဘယ်တော့မှ မကဲ့ရဲ့နဲ့နော်....(မှန်လှပါ)၊ ဟာ—ဘုန်းကြီးက စကားတွေအမျိုးမျိုးဘဲ သိလှယ်အောင်လို့ ပြော

တော့ ပြောတာဘဲ၊ တရားသားကို မရောက် သေးဘူးလို့ အောက်မေ့ မနေနဲ့....(မှန်ပါ့) ဒါ တရားသားဘဲ၊ အလယ်လမ်း ရောက်လို့ ရှိယင်ဖြင့် သဿတ, ဥစ္ဆေဒ စင်ယင် အလယ်လမ်း သိတဲ့ဥာဏ် မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီဥာဏ် ရောက်လာကတည်းကိုက သိမှုကိုစ္စ ပြီးတာဘဲ၊ ကျင့်ရုံဘဲကျန်တော့တယ်....(မှန်ပါ့ဘုရား)တကာတကာမတွေ့၏ အစ-သတ္တဝါအစကိုဖြင့် ဘုရားပင် ရှာမတွေ့ပါဘူးတဲ့....(မှန်ပါ့) သတ္တဝါအစကိုဖြင့်.... (ဘုရား ရှာမတွေ့ပါဘူး ဘုရား) သတ္တဝါ ဖြစ်ကြောင်း အစကျတော့ကော.... (တွေ့ပါတယ် ဘုရား) အဝိဇ္ဇာနဲ့ တဏှာကို သွားတွေ့တယ်....(မှန်ပါဘုရား)။

သတ္တဝါ အစသာ တွေ့မယ်ဆို ဘုရားဖြစ်တဲ့နေ့က စ,ဟော ပရိနိဗ္ဗာန်သာစံတယ်၊ ဦးခင်မောင်....တယောက်၏အစကို မတွေ့နိုင်ဘူးတဲ့၊ မကုန်နိုင်ဘူးတဲ့....(မှန်ပါ့) ဘယ်လောက် ရှည်ခဲ့တယ်ဆိုတာ သဘောကျပလား....(မှန်လှပါဘုရား)။

သို့သော် ဖြစ်ကြောင်းကို ရှာလိုက်တဲ့အခါကျတော့ ဘာ-လာ တွေ့သတုံး....(အဝိဇ္ဇာနဲ့ တဏှာ တွေ့ပါတယ်ဘုရား)။

ကဲ-ဒါဖြင့် ကျုပ်တို့ ခင်ဗျားတို့အစ အဝိဇ္ဇာက ဆိုကြပါစို့ (မှန်ပါ့) သဘောကျပလား.... (မှန်လှပါ) အဝိဇ္ဇာပစ္စယာ ဘာလာမယ်.... (သင်္ခါရာပါဘုရား) သင်္ခါရလာမယ်၊ ဩ.... အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်ဟာ သင်္ခါရအလုပ်-လုပ်မှာဘဲ.... (မှန်ပါ့)။

သင်္ခါရအလုပ်-ဆိုတဲ့ဥစ္စာ တခြားမဟုတ်ဘူး၊တကာတကာမတို့ ကုသိုလ်လဲလုပ်တယ် ဘုံဘဝတွေလဲ ဆုတောင်းတယ်၊ နိဗ္ဗာန်မပါဘူး....(မှန်ပါ့) ကုသိုလ်တော့ လုပ်တယ်နော်....ဆုတောင်းတော့ ဘုံဘဝတွေကို....(ဆုတောင်းပါတယ်ဘုရား)။

ဘုံဘဝံတွေ တောင်းတာကတော့ဖြင့် တဏှာဆန္ဒလို့ ဆိုယင် လဲပါ့မလား....(မလဲပါဘူး) ဒီဘက်က လုပ်တာကတော့ ကုသိုလ်ဘဲနော်....(မှန်ပါ့) ဘုံဘဝတွေ တောင်းတာကတော့....(တဏှာပါ ဘုရား)။

ကိုင်း....ဒါဖြင့် အဝိဇ္ဇာသည် တဏှာသည် တကာတကာမတို့ သိတဲ့အတိုင်းပါဘဲ၊ ကုသိုလ်လဲ လုပ်တယ်၊ ဘုံဘဝလဲဆုတောင်း တယ်ဆိုတာ ဘယ် နှယ်ကြောင့် တောင်းပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ ဩော်....သေသေချာချာ ဖေါ်တော့မှ မသိလို့ တောင်းနေတာ....(မှန်လှပါဘုရား) သဘောကျပလား.... (ကျေ ပါပြီ) မသိလို့....(တောင်းနေတာပါဘုရား)။

မသိလို့ တောင်းသည်ဆိုတော့ မသိတာက အဝိဇ္ဇာ၊ ဟုတ် လား....၊ ကုသိုလ်တွေ ပြုပြီးသကာလ နိဗ္ဗာန်ရနိုင်ပါလျက်သားနဲ့ ဒီသား၊ ဒီသမီး သံယောဇဉ်၊ သဿတဒိဋ္ဌိတွေ စွဲနေတာနဲ့ ဦးခင်မောင်ရေ....ဆုကလေး ဘာကလေး တောင်းလိုက်တယ်.... (မှန်လှပါ ဘုရား) မတောင်းလိုက်ဘူးလား....(တောင်းလိုက်ပါ တယ် ဘုရား)။

အင်း....သူတို့လဲ ကျန်းမာအောင် ကိုယ်လဲ ကျန်းမာအောင် ရောက်ရာ ဘဝမှာလဲ ဒီသား၊ ဒီသမီးနဲ့ မခွဲရအောင် မလာလား ဗျာ....(လာပါတယ် ဘုရား)။

အဲဒါ ဘယ်လိုကြောင့်ပါလိမ့်မတုံးလို့ အရင်းစစ်လိုက်တဲ့ အခါကျတော့မှ အဝိဇ္ဇာပစ္စယာကြောင့် သင်္ခါရအလုပ်-လုပ်ပါ၏ တယ်....(မှန်လှပါဘုရား) ဘယ်လိုပါလိမ့်.... (အဝိဇ္ဇာပစ္စယာ ကြောင့်သင်္ခါရအလုပ်=လုပ်ပါတယ်)ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် အဝိဇ္ဇာဆိုတာ မသိတာ၊ သခ်ၤါရက ပြုလုပ်တာ.... (မှန်ပါ့) အဝိဇ္ဇာက....(မသိတာပါဘုရား) သခ်ၤါရက....(ပြုလုပ်တာပါဘုရား) ဦးဇံရင် ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဩော်....ဒါဖြင့် အဝိဇ္ဇာက ဘာ-မသိတာတုံး၊ သခ်ၤါရက-ဘယ်လို မသိလို့ သခ်ၤါရလုပ်ဖြစ်ပါလိမ့်မတုံးဆိုတော့ အဝိဇ္ဇာဆိုတာ ဒုက္ခ အကြောင်း၊ဒုက္ခသမုဒယ အကြောင်း အစရှိတဲ့သစ္စာလေးပါး မသိလို့ လုပ်ဖြစ်တာ.... (မှန်လှပါ) သဘောကျပလား....(ကျပါပြီ)။

ကုသိုလ်လုပ်တတ်လို့ ရှိယင် နိဗ္ဗာန်ရောက်နိုင်တဲ့ ကုသိုလ်ချည်းဘဲ၊ တကာတကာမတို့ လုပ်တတ်လို့ ရှိယင်....နော်....(မှန်လှပါ) သို့သော် ခင်ဗျားတို့က နိဗ္ဗာန်မရောက်ချင်တဲ့ ပုဂ္ဂိုလ်က....တဲ့ ဒီသား ဒီသမီးနဲ့မှ အတူတူဆိုတဲ့ ဥစ္စာသည် သွားနိုင်ဘို့ မြင်သေးရဲ့လား....(မမြင်ပါဘူး ဘုရား)။

မယုံချင်လို့ ရှိယင် နောက်က သေနတ်နဲ့ လိုက်ပစ်၊ ကလေးနှစ်ယောက်သာ ဆဲပြေးယင် ဒီဥစ္စာ မှန်ချေရဲ့.... (မှန်ပါ့) ကလေးနှစ်ယောက်သာ လက်ဆဲပြီးပြေးမယ်ဆိုယင် ဒီလူဟာ လွတ်လွတ်ကျတ်ကျတ် ပြေးနိုင်ပါ့မလား.... (မပြေးနိုင်ပါဘူး)။

ဘာပြုလို့တုံး.... ကလေးနှစ်ယောက် လက်တဲ့ နေရလို့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) လွတ်လွတ်ကျတ်ကျတ် ပြေးနိုင်ပါ့မလား.... (မပြေးနိုင်ပါဘူး) ဘာဖြစ်လို့ မပြေးနိုင်တာလဲ....(ကလေးနှစ်ယောက် လက်တဲ့နေရလို့)။

ဒီမှာလဲ ထိုနည်းဘဲ ဒီသား ဒီသမီး ဒီမြေး ဒီမြစ် ပါမှုဆိုယင် ခဲယဉ်းပြီ....(မှန်ပါ့) မခဲယဉ်းပေဘူးလား.... (ခဲယဉ်းပါတယ်)

သို့သော်လဲ ခင်ဗျားတို့ကတော့ ဒါကလေးမှ မထည့်လိုက်ရလို့ ရှိယင်လဲ အမိန့်ဘိုးတောင် ကျေပုံမရဘူး....ရိပ်မိပလား.... (ရိပ်မိပါပြီ) အတော်ဆိုးတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် မသိတာကြောင့် သန်ါရ အလုပ်-မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)အဲ—ဒါ ခင်ဗျားတို့ ကျုပ်တို့၏ အစပါဘဲ....(မှန်ပါ့)။

ဟော....သန်ါရပစ္စယာ ဝိညာဏံဆိုတော့ ဟောဒါ လူ ဝိညာဏ်လဲ ဖြစ်နိုင်တယ်၊ နတ်ဝိညာဏ်ကော....(ဖြစ်နိုင်ပါတယ်) လူခန္ဓာကော....(ဖြစ်နိုင်ပါတယ်) နတ်ခန္ဓာ....(ဖြစ်နိုင်ပါတယ်) ငြဟ္မာခန္ဓာ.... (ဖြစ်နိုင်ပါတယ်) အဲ- နိဗ္ဗာန်တော့ မပါဘူး....(မှန်ပါ့ ဘုရား) ပါသေးရဲ့လား.... (မပါ-ပါဘူး)။

ဘယ်နှယ်ကြောင့် မပါ-ပါလိမ့်မတုံး ဆိုလို့ ရှိယင်ဖြင့် တကာတကာမတို့....တဲ့ မသိလို့လုပ်ထားတော့ မသိသလို ပေါ်လာတဲ့ ခန္ဓာ၊ ဒီခန္ဓာ ဘာ-သစ္စာလဲ.... (ဒုက္ခသစ္စာပါ ဘုရား) ဒီ ဒုက္ခသစ္စာကို ဒီသန်ါရနှစ်ခုက မလုပ်ဘူးလား....(လုပ်ပါတယ် ဘုရား)။

သန်ါရနှစ်ခုက လုပ်ချင်လို့ လုပ်ရတာလား....မသိတဲ့ လူက ခေါင်းဆောင်နေလို့လား.... (မသိတဲ့လူက ခေါင်းဆောင်နေလို့ပါ ဘုရား) ဩော်....မသိတဲ့ လူက ခေါင်းဆောင်တော့ လုပ်မိလုပ်ရာ လုပ်တော့ကို ဖြစ်မိ ဖြစ်ရာ ဖြစ်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဖြစ်မိ ဖြစ်ရာ ဘာသစ္စာတုံး.... (ဒုက္ခ သစ္စာပါ ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

နိဗ္ဗာန်သွားနိုင်တဲ့ အလုပ်-လုပ်လိုက်လို့ ရှိယင် ဒီကုသိုလ်တွေဟာ နိဗ္ဗာန် သွားနိုင်သဖြင့်ဘဲ၊ သူသည်ကားလို့ ဆိုယင် ဥပနိဿယပစ္စယော=အားကြိုးသော အကြောင်းလဲ ရှိသားဘဲ၊ ခင်ဗျားတို့ကိုက ဒီသား ဒီသမီး ဒီမြေး ဒီမြစ်နဲ့ ဒီဘုံတွေ ကြိုက်နေတဲ့ ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း မသိလို့ ဒီခန္ဓာကြီး ပေါ်လာတာ-(မှန်လှပါဘုရား) မပေါ်လာဘူးလား.... (ပေါ်လာပါတယ် ဘုရား)။

ကဲ....ဒီခန္ဓာ ပေါ်လာတော့ ဒါဟာ ဒီဘဝ-ပစ္စုပ္ပန်ဘဝလို့ ဆိုကြပါစို့....(မှန်ပါ့) ယခုဘဝအစ ဒီခန္ဓာက၊ ဟုတ်ကဲ့လား.... (မှန်လှပါ ဘုရား) ယခုဘဝအစ.... (ဒီခန္ဓာကပါ ဘုရား)။

ကောင်းပြီ....ဒါဖြင့် (၁) ကဲယ်၊ (၂) ကယ်ဟာ အတိတ်ဘဝ ထားလိုက်တာပေါ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) (၁) ကယ်၊ (၂) ကယ်ဟာ.... (အတိတ်ဘဝပါဘုရား) အတိတ်ဘဝ ထားလိုက်တာပေါ့။

ဒါဖြင့် ဒီအထဲ သွားလိုက်ပါတော့ တကာ တကာမတို့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေ ထုံးစံအတိုင်း မသွားပေဘူးလား.... (သွားပါတယ် ဘုရား) အဲ.... ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ.... သဘောကျပြီနော်....(မှန်ပါဘုရား)။

ကောင်းပြီ....ဒီ ငါးခုဝင်လာပြီ၊ ဒီဘက်က တဏှာ ဥပါဒါန် ကံ သုံးခုကကော တကာတကာမတို့ မလာပေဘူးလား....(လာပါတယ်ဘုရား) တဏှာ ဥပါဒါန် ကံ သုံးခု လာရမယ်နော်.... (မှန်ပါ့) ဒါက အရင်နားလယ်ပြီးသားဖြစ်လို့ ဦးခင်မောင်.... ခပ်ပြင်းပြင်းဘဲ ပြောသွားတယ်....(မှန်ပါ့)။

သို့သော် သဿတ ဥစ္ဆေဒ ခွါချင်တော့ တကာတကာမတို့ ဒီမှာကြည့်လိုက်တာပေါ့။ ဒါဝိညာဏ် မဟုတ်လားဗျာ-(မှန်ပါ့) **(စက်ဝိုင်းကို ပြသည်)** ဝိညာဏ်ဖြစ်နေတော့ ပုဂ္ဂိုလ် သတ္တဝါ ပါ-ပါရဲ့လား....(မပါ-ပါဘူး ဘုရား)။

မပါတော့ သြော်....ဝိညာဏ်ဟာ စိတ်ဘဲ၊ သူနဲ့တော့ သဟဇာတ ဖြစ်တာ ရှုပ်ဘဲ၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ပုဂ္ဂိုလ် သတ္တဝါ ပါသေးလား.... (မပါ-ပါဘူး ဘုရား) ဒါက သက္ကာယဒိဋ္ဌိ ဖြုတ် လိုက် တာ.... (မှန်ပါ့) ရှင်း ပ လား.... (ရှင်းပါပြီ)။

ပုဂ္ဂိုလ် သတ္တဝါ မပါဘူးလို့ သိကတည်းကိုက သခ်ါရက လုပ်လိုက်ကတည်းက ပုဂ္ဂိုလ် သတ္တဝါ လုပ်တာလား၊ ခန္ဓာလုပ်တာလား....(ခန္ဓာလုပ်တာပါ) ခန္ဓာဆိုတော့ နာမ်ရုပ်ပေါ့ဗျာ-(မှန်လှပါ) ရှင်းပြီနော်.... (ရှင်းပါပြီ)။

အဲဒီတော့ တခါစဉ်းစားလိုက်တဲ့ အခါကျတော့ သြော်.... ဘယ်သူ ဖန်ဆင်းတာတုံး....ဒီခန္ဓာပေါ်လာတာ ဘယ်သူဖန်ဆင်းတာမှ မဟုတ်ဘူး.... သဘောကျပလား.... (ကျပါတယ်ဘုရား) သခ်ါရပစ္စယာကြောင့် ဝိညာဏ် ပေါ်တာဘဲဆိုတာ သဘောကျကြပလား....(ကျပါတယ် ဘုရား)။

ဒါ စူးစူးစိုက်စိုက်လဲ မှတ်ပါ။ စူးစူးစိုက်စိုက်လဲ နာပါ၊ ဒီဥစ္စာ သဿတ ဥစ္ဆေဒ ဖြုတ်ရမယ်ဆိုတော့ မဂ်တား ဖိုလ်တား တာ ဖြုတ်ရမယ်ဆိုတော့ ဦးခင်မောင်....သာမည ပြောလို့ မရဘူးနော်....(မရပါဘူး ဘုရား) သာမညပြောလို့ ကိုမြရွှေ--ရပါ့မလား....(မရပါဘူး ဘုရား)။

ကိုင်း....ဒါဖြင့် ဒီဝိညာဏ် ဖြစ်လာတာလဲ သခ်ါရကြောင့် ဘာဖြစ်သတုံး.... (ဝိညာဏ်ဖြစ်ပါတယ် ဘုရား) ကဲ....တံခါ ဝိညာဏ်ချုပ်သွားတဲ့အခါကျလို့ ရှိယင်လဲ နာမ်ရုပ် မလာပေဘူးလား....(လာပါတယ် ဘုရား)။

ဒါဖြင့် ဝိညာဏ်ကလေးဟာ ဖြစ်လဲ မဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား) သခ်ါရကြောင့် ဖြစ်ကော မဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား)။

နောက်-သူသည်ကားလို့ ဆိုယင် နာမ်ရုပ် ကျေးဇူးပြုတော့မယ်ဆိုတော့ သူ မချုပ်ပေဘူးလား.... (ချုပ်ပါတယ် ဘုရား) ချုပ်တယ်လို့ ထားလိုက်ပါဦးတော့၊ အဲဒီတော့ သူဟာ ဖြစ်လဲ ဖြစ်တယ်၊ ချုပ်လဲချုပ်တဲ့တရားဆိုယင် ဘယ်နှယ်တုံး.... (မှန်ပါတယ်ဘုရား)။

ဒါဖြင့် သူဟာခိုင်တဲ့-မြဲတဲ့တရားလား(မခိုင်မမြဲပါဘူးဘုရား) ခိုင်တဲ့မြဲတဲ့တရား မဟုတ်ဘူးဆိုတာတော့ ခင်ဗျားတို့ဉာဏ်ထဲမှာ မသိသေးဘူးလား....(သိပါတယ်ဘုရား)ဒီက-နေ ဉာဏ်နဲ့ နားထောင်တာပေါ့၊ဒီက ဉာဏ်နဲ့နားထောင်တော့ ခိုင်မြဲတဲ့တရားလဲ မဟုတ်ဘူးလို့ ဆိုနိုင်ကြသလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဝိညာဏ်ဟာ ဖြစ်ပေါ်တာ်ဘဲ၊ ဖြစ်တဲ့တရားလဲ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား) ချုပ်တဲ့တရားကော....(ဟုတ်ပါတယ်ဘုရား) ဝိညာဏ်ဆိုတော့ ပဝတ္တိဝိညာဏ်လဲ ဒီအတိုင်းဘဲ၊ ဖြစ်လဲဖြစ်တယ်၊ ချုပ်လဲချုပ်တယ်လို့ မသိဘူးလား....(သိပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် ဖြစ်လဲဖြစ်တယ်လို့ ဆိုသဖြင့် တကာတကာမတို့ ဖြစ်လဲဖြစ်တယ်ဆိုတာ သိသဖြင့် စောစောစီးစီး

မှတ်ထားလိုက်စမ်းပါတဲ့၊ ဥစ္ဆေဒဒီဌီ စင်သွားပြီ (မှန်ပါ့ဘုရား) ဖြစ်ပြီး ပျက်ကောမပျက်ဘူးလား.... (ပျက်ပါတယ် ဘုရား)။ ဖြစ်ပြီး ပျက်သွားတယ်ဆိုကတည်းက ခိုင်မြဲတဲ့သဘော သဿတ သဘော ရှိသေးရဲ့လား....(မရှိပါဘုရား)ဒါဖြင့် တိုတိုကလေး မှတ်ထားလိုက်စမ်းပါ။

အဖြစ်မြင်ယင် ဥစ္ဆေဒစင်ပြီ၊ သဘောကျပလား.... (ကျပါပြီ)။
အပျက်မြင်ယင်....(သဿတ စင်ပါတယ်ဘုရား)။
အဖြစ်မြင်ယင် ....(ဥစ္ဆေဒ စင်ပါတယ်ဘုရား)။
အပျက်မြင်ယင်....(သဿတ စင်ပါတယ်ဘုရား)။

ပြန်ပြော--ပြန်ပြော။ ဒါဟာ အရေးကြီးတယ်။
အဖြစ်မြင်ယင် ....(ဥစ္ဆေဒ စင်ပါတယ်ဘုရား)။
အပျက်မြင်ယင်....(သဿတ စင်ပါတယ်ဘုရား)။

အဲဒါ သံယုတ်ပါဠိတော်ကြီးမျှားမှာလဲ ဒီအတိုင်းဘဲ လာတယ်ဆိုတာ မှတ်ထားလိုက်ပါတော့။

ဩော်....ဒါဖြင့် ဝိညာဏ်ပြီးတော့ နာမ်ရုပ်ကလေး၊နာမ်ရုပ်ကလေး ဖြစ်မှုကို မြင်ပြန်တော့လဲ တကာ တကာမတို့ ဘယ်နှယ်ဆိုမယ်....(ဥစ္ဆေဒ စင်ပါတယ်ဘုရား) ပျက်မှု မြင်လိုက်ပြန်တော့....(သဿတ စင်ပါတယ်ဘုရား)။

အဲ....ဖြစ်မှု မြင်လိုက်တဲ့အခါကျတော့ကိုတဲ့ ပြတ်သွားတာ မဟုတ်ဘူးတဲ့၊ ဒီကအကြောင်းကြောင့် သူ ဖြစ်ပေါ်လာတော့ ဖြစ်မှုကို မမြင်ကြဘူးလား....(မြင်ပါတယ်ဘုရား) အကြောင်းဖြစ်လို့ အကျိုးမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီ ဖြစ်မှုမြင်ကတည်းက အင်း....အကြောင်းရှိနေသမျှ ကာလပတ်လုံး အကျိုးဖြစ်နေမှာဘဲလို့ မသိဘူးလား....(သိပါတယ်ဘုရား) ဒီလိုသိတော့ ဘယ်ဒိဋ္ဌိ စင်သွားသလဲ.... (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား) အဲ....ဥစ္ဆေဒဒိဋ္ဌိ စင်တယ်၊ သေယင် ပြီးတာဘဲဆိုတာ ဟုတ်ကဲ့လား....(မဟုတ်ပါဘူးဘုရား)ဥစ္ဆေဒစင်ပုံကို ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကောင်းပြီ– ဒါဖြင့် ဒီ အကြောင်းကလေးဟာ တကာတကာမတို့ သိတဲ့အတိုင်းဘဲ ဖြစ်ပြီးတော့ ချုပ်မသွားဘူးလား-(ချုပ်သွားပါတယ်ဘုရား)ခိုင်ရဲ့ မြဲရဲ့လား–(မမြဲပါဘူးဘုရား) မမြဲတာ မြင်သဖြင့် ဘာစင်သွားသတုံး....(သဿတ စင်သွားပါတယ်ဘုရား)ခိုင်မြဲတယ်ထင်တဲ့ သဿတ မစင်ဘူးလဲ့လား....(စင်ပါတယ်ဘုရား)။

ဒါကြောင့် တကာ တကာမတို့ သေသေချာချာ ဒီတလုံးကို မှတ်ထားစမ်းပါ။

အဖြစ်မြင်ယင် ....(ဥစ္ဆေဒ စင်ပါတယ်ဘုရား)။

အပျက်မြင်ယင်....(သဿတ စင်ပါတယ်ဘုရား)။

သဿတဒိဋ္ဌိ စင်တယ်ဆိုတော့ ကိုင်း....ရှင်းပါတော့မယ် တကာ တကာမတွေ ရှေ့နား "ဖဿပစ္စယာ ဝေဒနာ" နှစ်လုံးကိုဘဲ ရှင်းပြလိုက်ယင် တကာ တကာမတို့ သိလောက်ပါတယ်နော်....(မှန်ပါဘုရား) "ဖဿပစ္စယာ ဝေဒနာ" သိပြီနော်....(မှန်ပါ) ဖဿပစ္စယာ....(ဝေဒနာပါဘုရား)။

ဒါ–ခင်ဗျားတို့သန္တာန် ခင်ဗျားတို့တွေတယ် ကိုင်လိုက်တယ်ဆိုတာ ဖဿ(မှန်ပါ)နှုးညံ့လိုက်တာ ကောင်းလိုက်တာဆိုတာက ဝေဒနာ၊ သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ မလာပေဘူး

လား....(လာပါတယ်ဘုရား)။ဒါဖြင့် ဖဿပစ္စယာ....(ဝေဒနာ ပါဘုရား) ဒါဖြင့် ဖဿနိုရောဓာ.... (ဝေဒနာနိုရောဓောပါ ဘုရား)။

ဒါဖြင့် ဖဿဖြစ်ယင် တကာ တကာမတို့ စဉ်းစားကြည့်၊ ဝေဒနာဖြစ်ရမှာဘဲ(မှန်ပါ့)ဖဿပစ္စယာ....(ဝေဒနာပါဘုရား) ဒီလိုသိသွားလို့-ဖဿဖြစ်လို့ ဝေဒနာဖြစ်တာဘဲလို့ သိသဖြင့် ဘယ်ဒိဋ္ဌိ စင်သွားသတုံး.... (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ် ဘုရား) သဘောကျပြီနော်....(မှန်ပါ့)။

ဒါဖြင့် ဖဿချုပ်လို့ ဝေဒနာကော-(ချုပ်ပါတယ်ဘုရား) ဘာဒိဋ္ဌိ စင်သွားသတုံး....(သဿတဒိဋ္ဌိ စင်ပါတယ်) ခိုင်မြဲတာ ရှိသေးရဲ့လား (မရှိပါဘူး ဘုရား)။

ဒါကလေးနှစ်လုံးကိုဖြင့် တကာ တကာမတို့ မင်္ဂလာဆိုက် ဖိုလ်ဆိုက် ဟောရမည့်တရား ဖြစ်နေသည့်အတွက် ခင်ဗျားတို့ အတွက် မုန်းချင်မုန်းပေတော့ ဒါတော့ သိအောင်ဟောရလိမ့်မယ်(မှန်ပါ့ဘုရား)။

ဒါမှမသိယင် ကိုမြရွှေ....ဟောလို့ကို မရဘူး၊ သဿတလဲ စင်မှာမဟုတ်ဘူး၊ ဥစ္ဆေဒလဲ စင်မှာမဟုတ်ဘူး၊ "ဖဿပစ္စယာ ဝေဒနာဆိုတော့" ဖဿမဖြစ်ဘဲနဲ့လဲ ဝေဒနာ ပေါ်နိုင်ပါ့ မလား....သုခဝေဒနာကော ပေါ်နိုင်ပါ့မလား.... မခံနိုင်အောင် ဒုက္ခဝေဒနာကော ပေါ်နိုင်ပါ့မလား....(မပေါ်နိုင်ပါဘုရား)။

မီးနဲ့ထိတာက ဖဿ(မှန်ပါ့) သဘောကျပလား....(ကျပါ တယ်)ဒီ လက်ထဲပေါ်တာက မခံနိုင်အောင်ဖြစ်လာတာက.... (ဝေဒနာပါဘုရား) မထိဘဲနဲ့ ဝေဒနာ ပေါ်ပါ့မလား....

(မပေါ်ပါဘူး) ထိမှ ဝေဒနာ ပေါ်တယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒီမီး ချုပ်သွားတဲ့အခါကျတော့ ထိတဲ့ဖဿ ချုပ်သွားတော့ ဝေဒနာကကော.... (ချုပ်သွားပါတယ် ဘုရား) တခါ ဒီဘက် နောက်ဆုတ်လိုက်တဲ့အခါကျတော့ မီးနဲ့မထိဘူး၊ ဖဿက ရှိသေးရဲ့လား.... (မရှိပါဘူး) မီးနဲ့မထိတော့ အထူးပူနေသေးသလား၊ အေးချမ်း သွားသလား.... (အေးချမ်းသွားပါတယ်) ဒါဖြင့် ဖဿချုပ်လို့ ဝေဒနာ ဘယ်နှယ်ဖြစ်သွားသလဲ.... (ချုပ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဖဿဖြစ်လို့ ဝေဒနာဖြစ်တယ်ဆိုတဲ့ သိသဖြင့် တကာ တကာမတို့ ဘယ်ဒီဋ္ဌိ စင်သတုံး....(ဥစ္ဆေဒဒီဋ္ဌိ စင်ပါတယ် ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဖဿချုပ်ယင် (ဝေဒနာ ချုပ်ပါတယ်) ဝေဒနာချုပ်တယ်၊ **အထိချုပ်သွား**လို့ ရှိယင် **အနာချုပ်တာဘဲ** (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဖဿ ချုပ်ယင်.... (ဝေဒနာချုပ်ပါတယ်)။

အဲဒီလိုသိတဲ့ အခါကျတော့ ဘယ်ဒီဋ္ဌိ စင်သတုံး....(သဿတ ဒီဋ္ဌိ စင်ပါတယ်) ချုပ်တာမြင်တော့ သဿတဒီဋ္ဌိ စင်တယ်၊ ချုပ်တာမြင်ကတည်းက တကာ တကာမတို့ ခိုင်မြဲတာရှိသေးရဲ့လား....(မရှိပါဘူး) သဿတဒီဋ္ဌိ မစင်ဘူးလား.... (စင်ပါတယ် ဘုရား)။

အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ် သိသဖြင့် ဘာဒီဋ္ဌိ စင်သွားသတုံး.... (ဥစ္ဆေဒဒီဋ္ဌိ စင်ပါတယ်) ဩော်....မပြတ်ပါလားဆိုတာ ပေါ်လာတယ် (မှန်ပါ့) ပြတ်သေးရဲ့လား....

(မပြတ်ပါဘူးဘုရား)သေသေချာချာ ရှင်းကြရဲ့လား (ရှင်းပါတယ်ဘုရား) တကာ တကာမတို့ ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် "ဝေဒနာပစ္စယာ တဏှာ" တလုံးကို ခင်ဗျားတို့ ရှင်း-မရှင်း ကြည့်ရအောင်၊ ဝေဒနာဖြစ်လို့ ဘာဖြစ်တာတုံး (တဏှာ ဖြစ်ပါတယ်) ဝေဒနာဖြစ်လို့— စားလို့ကောင်းလို့ ဝယ်ချင်တယ်၊တကာ တကာမတို့ စားလို့ကောင်းတာက ဝေဒနာ (မှန်ပါ့) ဝယ်ချင်တာက.... (တဏှာပါ)။

စားလို့ကောင်းတာက.... (ဝေဒနာပါ)။
ဝယ်ချင်တာက.... (တဏှာပါ)။

စားလို့ကောင်းလို့ မဝယ်ချင်တဲ့ပုဂ္ဂိုလ်ဟာ အတော်ရှားပါလိမ့်မယ် (မှန်ပါ့ဘုရား) မရှိလို့ အောင့်အီးနေတာသာ ရှိချင် ရှိရမယ် (မှန်ပါ့) ဦးခင်မောင်ရေ.... စားလို့ကောင်းတာ ကျေတော့.... (ဝယ်ချင်ပါတယ်ဘုရား) ဒါဖြင့်—

စားလို့ကောင်းတာက....(ဝေဒနာပါဘုရား)။
ဝယ်ချင်တာက.... (တဏှာပါဘုရား)။

အချိန်မျှား ဆိုင်းသေးသလား.... (မဆိုင်းပါဘူးဘုရား) ထမင်းပဲ့ လက်ဆုံကျလို့ရှိယင် နက်ဖြန် ဒီဟင်း ချက်ဦးဟေ့လို့ ပြောကတည်းကိုက-ဒီဟာ ဝယ်ဦးဟေ့လို့ ပြောကတည်းကိုက ဖဿ ပစ္စယာ....(ဝေဒနာပါဘုရား) ဝေဒနာ ပစ္စယာ....(တဏှာပါဘုရား)။

ဒါဖြင့် ကောင်းတဲ့ဝေဒနာ လာလို့ရှိယင် နောက်က ဘာလိုက်လာသတုံး.... (တဏှာ လိုက်ပါတယ်) ကဲ- စားရတာက တကာ တကာမတွေ လျှာပေါ်မှာဖြစ်စေ ကိုယ်ပေါ်မှာဖြစ်စေ

မကောင်းလိုက်တာဆိုတဲ့ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၊ ဒီဒုက္ခ ဝိညာဏ်ကော မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီဟာကျတော့ မဝယ်နဲ့တော့ကွာ၊ မလာဘူးလား.... (လာပါတယ်ဘုရား) စားလို့ မကောင်းတော့ ဘာတဲ့....(မဝယ်နဲ့.တော့) မဝယ်နဲ့တော့ကွာ ဆိုတော့ ဖဿပစ္စယာ ဘာတုံး.... မဝယ်နဲ့.တော့ပါကွာပေါ့ (မှန်လှပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဖဿပစ္စယာ.... (မဝယ်နဲ့.တော့ကွာ)။

မဝယ်နဲ့.တော့ကွာဆိုတာက သူ့ဒေါသကလေးဖြစ်လာတာ (မှန်ပါ့) ဒေါမနဿဝေဒနာ ပေါ်တယ်၊ (မှန်လှပါဘုရား) ရှင်းမလား.... (ရှင်းပါပြီ) ဘာဝေဒနာ ပေါ်ပါလိမ့်.... (ဒေါမနဿဝေဒနာ ပေါ်ပါတယ်ဘုရား) ဒါလဲ ဖဿပစ္စယာ ဝေဒနာဘဲ (မှန်လှပါဘုရား)။

ခင်ဗျားတို့က ကောင်းတာကလေးတခုသာ ပြုံးနေတာ (မှန်လှပါ) မကောင်းတာကျတော့ မင်းကိုက မဟန်ပါဘူး ဆိုတာ မလာဘူးလား....(လာပါတယ်ဘုရား)ဒါကြီးမှ ဝယ်ချက် ရသလားကွာ၊ ငါအံ့ပါရဲ့.ကွာလို့ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ ဖဿပစ္စယာ.... (ဝေဒနာပါဘုရား) ဘာဝေဒနာ ပါလိမ့်....(ဒေါမနဿဝေဒနာပါ) ဒေါမနဿဝေဒနာ မလာပေ ဘူးလား....(လာပါတယ်ဘုရား)သဘောကျပလား....(မှန်ပါ့)။

ဥပမာ-အကြမ်းထည်ကြီးကို ဦးခင်မောင်က ကိုင်ကြည့်တယ်၊ ဦးခင်မောင်ဘို့ဆိုပြီးသကာလ ဝယ်ခဲ့တယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် ဒီလိုဝယ်တဲ့ အခါကျလို့ ရှိယင်လဲ ဦးခင်မောင်က စမ်းကြည့်လိုက်တော့ မတ္တေဘူးလား.... (တ္တေပါတယ်ဘုရား) ခပ်ကြမ်းကြမ်း မတ္တေဘူးလား.... (တ္တေပါတယ်) ဝယ်ခဲ့ဦး ခိုင်းမလား၊ မင်းမို့ ဝယ်ခဲ့တယ်လို့ ဆိုမလား.... (မင်းမို့ ဝယ်ခဲ့တယ် ဆိုပါမယ်)။

မင်းမို့ ဝယ်တယ်ဆိုတော့ သူ့အပေါ် အလိုကျသလား၊ အလိုမကျလို့လား.... (အလိုမကျလို့ပါဘုရား) ဒါဖြင့် ဖဿ ပစ္စယာ.... (ဒေါမနဿဝေဒနာပါဘုရား) ဒေါမနဿဝေဒနာ ဆိုတော့ ပေါ်တာချည့်ဘဲ (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဖဿဖြစ်လို့ ဝေဒနာဖြစ်တယ်လို့ ဒီလိုသိယင် ဘယ် ဒိဋ္ဌိ စင်သတုံး.... (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား) ဖဿ ချုပ်သွားတော့.... (ဝေဒနာ ချုပ်ပါတယ်ဘုရား)။

ဖဿချုပ်သွားတော့ လက်ထဲကိုင်တာကလေးလဲ ဦးခင်မောင် မကိုင်တော့ပါဘူး၊ ကြမ်းမှန်း ထော်မှန်းလဲ မသိတော့ပါဘူး ဆိုတော့ စိတ်က ပြေမသွားဘူးလား.... (ပြေသွားပါတယ် ဘုရား)။

ပြေသွားတာ ထောက်လိုက်လို့ ရှိယင် ဖဿချုပ်သွားလို့ ဘာချုပ်သွားသတုံး.... (ဝေဒနာ ချုပ်ပါတယ်ဘုရား) ဝေဒနာ ချုပ်သွားတယ်၊ နောက်သာ မမှားစေနဲ့တော့ကွာ လေချို သွေးသွားပြီ အဲဒီကျတော့ မသွေးဘူးလား.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဝေဒနာချုပ်တဲ့အသံ မထွက်လာဘူးလား.... (ထွက်လာပါတယ်ဘုရား) နောက်- ဒီလို မမှားစေနဲ့ဟေ့ သဘောပါပလား.... (ပါပါတယ်)။

ဒါဖြင့် တကာ တကာမတို့ ဖဿဖြစ်လို့ ဝေဒနာဖြစ်တယ်လို့ သိယင် ဘယ်ဒိဋ္ဌိ စင်သတုံး.... (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်) ဟုတ်သားဘဲ၊ အကြောင်း အကျိုး ပြတ်ကဲ့လား.... (ပြတ်ပါတယ်ဘုရား) ဖဿပစ္စယာ.... (ဝေဒနာပါဘုရား)။

ဝေဒနာဆိုတော့ အကြောင်းအကျိုး ဆက်နေတာကိုသိသဖြင့် ဥစ္ဆေဒဒိဋ္ဌိ မစင်သေးဘူးလား.... (စင်ပါတယ်ဘုရား) ဥစ္ဆေဒဒိဋ္ဌိ ဆိုတာ တခါတည်း အကြောင်းအကျိုး ဘာမှမရှိဘူး ပြတ်တာ ချည်းဘဲလို့ ယူတာက ဘာဒိဋ္ဌိလဲ.... (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

ခုတော့ ဖဿဖြစ်ယင် ဝေဒနာက.... (ဖြစ်ပါတယ်ဘုရား) သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဝေဒနာသုံးမျိုး လာမယ်ဆိုတာ သေချာပလား.... (သေချာပါတယ်ဘုရား) ဒါဖြင့် ဖဿပစ္စယာ.... (ဝေဒနာပါဘုရား) ဖဿမရှိလို့ ရှိယင် ဝေဒနာရှိပါ့မလား.... (မရှိပါဘုရား)။

ဒါဖြင့် ဖဿဖြစ်လို့ ဝေဒနာဖြစ်တာဘဲလို့ ခန္ဓာကိုယ်ထဲမှာ သိတိုင်း သိတိုင်း ဘယ်ဒိဋ္ဌိ စင်သတုံး.... (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ် ဘုရား) ဒါဟာ သိအောင်ဟောတာနော်၊ ရှုတော့ ဖြစ်ပျက် ရှုရုံပါဘဲ (မှန်ပါဘုရား)။

ဩော်....ဒီတရား ကလေးဟာ ဘယ်နှယ်ကြောင့် ဖြစ်ပါလိမ့် မတုံးဆိုတဲ့ ဘယ်နှယ်ကြောင့်ဆိုတဲ့ စကားကို ပယ်ချနေတာ.... (မှန်လှပါ) ဘယ်နှယ်ကြောင့်မှ မဟုတ်ဘူး၊ ဖဿဖြစ်လို့ ဝေဒနာဖြစ်တာ....(မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ) ဖဿချုပ်ယင်....(ဝေဒနာချုပ်ပါတယ် ဘုရား) ဝေဒနာချုပ်တယ်ဆိုတော့ ဘယ်ဒိဋ္ဌိ စင်သွားသတုံး....(သဿတဒိဋ္ဌိ စင်သွားပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ကို ရှုခိုင်းတဲ့ ဖြစ်,ပျက် ဆိုတာ ဒီဌီနှစ်ခုကို အစင်ခိုင်းတာ....(မှန်လှပါ) အဖြစ်လဲမြင်အောင်ကြည့်၊ အပျက်လဲ....(မြင်အောင်ကြည့်ရပါမယ်ဘုရား) ဘယ်ဒီဌီ အစင်ခိုင်းတာပါလိမ့်.... (ဒီဌီနှစ်ခု အစင်ခိုင်းတာပါ) သဿတနဲ့ ဥစ္ဆေဒဒီဌီ အစင်ခိုင်းတာပါဘဲ့....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့မှာဖြစ်ပျက်မှတ်ပါး ဒီဌီခုံနည်း နိသျည်း ရှိသေးရဲ့လား....(မရှိပါဘူး ဘုရား) အဖြစ်မြင်ယင် ဘယ်ဒီဌီ စင်သတုံး....(ဥစ္ဆေဒဒီဌီစင်ပါတယ်) အပျက်မြင်ယင်....(သဿတ ဒီဌီစင်ပါတယ်) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ဘာသာလျှင်ရှိပါလိမ့်.... (ဖြစ်ပျက်သာ ရှိပါတယ်) အဖြစ်နဲ့အပျက်သာလျှင် ရှိတယ်ဆိုတာ ခင်ဗျားတို့ သိပြီးသကာလ ခန္ဓာကိုယ်ထဲမှာ ဘာမှမရှိဘူး၊ ဖြစ်ပြီး ပျက်တတ်တဲ့ ဓမ္မတွေသာ အကုန်ရှိတယ်လို့ သိကတည်းကိုက အင်း.... တကာတကာမတို့ အဖြစ်မြင်တုန်းကတော့ ဥစ္ဆေဒစင်ခဲ့ပါတယ်-(မှန်ပါ့) အပျက်မြင်တော့ ခိုင်တယ် မြဲတယ်ထင်တဲ့ သဿတကော....(စင်ပါတယ် ဘုရား)။

ဒါဖြင့် ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်များသည် တကာတကာမတို့ အကြောင်းနှင့်တကွသိမ်းဆည်းပြီးသိတဲ့အတွက် သဿတ ဥစ္ဆေဒ မစင်သေးဘူးလား....(စင်ပါတယ် ဘုရား)။

ဒါဖြင့် စင်ပြီးမှရှုယင် အားကြိုးတဲ့ ဝိပဿနာဖြစ်မယ်.... (မှန်လှပါဘုရား) ဒီလိုမစင်ဘဲနဲ့ ရှုခဲ့သော်.... (အားနည်းတဲ့ ဝိပဿနာ ဖြစ်ပါတယ်ဘုရား) အားနည်းတဲ့ ဝိပဿနာဖြစ်လို့ ရှိ

ယင် ကုသိုလ်ရရုံဘဲ၊ မင်္ဂလာဏ်, ဖိုလ်ဉာဏ် မရနိုင်ဘူး....(မှန်လှပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သန္တာန်မှာ ဖြစ်ပျက်ကိုဖြင့် ဘယ်တရားကလေးလာလာ အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်မှတ်မိကြပလား....(မှတ်မိပါပြီ) အကြောင်းချုပ်လို့.... (အကျိုးချုပ်ပါတယ်ဘုရား) အကြောင်းဖြစ်လို့.... (အကျိုးဖြစ်ပါတယ်ဘုရား)။

အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်လို့ သိယင် ဘယ်ဒီဋ္ဌိစင်တုံး....(ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်) အကြောင်းချုပ်လို့ အကျိုးချုပ်တယ်လို့ သိယင်....(သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန် ရှုတိုင်း-ရှုတိုင်း သြော်....ဖြစ်တာဘဲ၊ ပျက်တာဘဲ၊ သြော်....ဖြစ်ပြီး ပျက်ပေမှာဘဲ၊ သူ့အကြောင်းဖြစ်တော့ သူဖြစ်ပေမှာဘဲ၊ သူ့အကြောင်းချုပ်တော့ သူချုပ်ပေမှာဘဲလို့ ဆိုတော့ ခင်ဗျားတို့ သံသယနဲ့ ရှုနေတာလား၊ ခင်ဗျားတို့ ရဲရဲတင်းတင်း ရှုတာလား.... (ရဲရဲတင်းတင်း ရှုတာပါ ဘုရား)။

ရဲရဲတင်းတင်းရှုယင် ဒိဋ္ဌိနှစ်ခု စင်ပြီလို့ မှတ်လိုက်.... (မှန်ပါဘုရား) ရဲရဲတင်းတင်းရှုယင်....(ဒိဋ္ဌိနှစ်ခု စင်ပါပြီ)ဒိဋ္ဌိနှစ်ခု စင်ပြီဆိုတာ သေချာပလား....(သေချာပါတယ်)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတော့ ဖြစ်သင့်လို့ ဖြစ်တယ်၊ ပျက်သင့်လို့ ပျက်တယ်လို့ ဒီလိုပိုင်ပိုင်နိုင်နိုင် သိလို့ ရှိယင် ဦးခင်မောင်....မပူနဲ့တော့ ဗလဝ ဝိပဿနာဖြစ်ပြီ....(မှန်လှပါဘုရား)။

ဗလဝ ဝိပဿနာဆိုတာ အလွန်အားကောင်းတဲ့ ဝိပဿနာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား) မင်္ဂလာဏ်, ဖိုလ်ဉာဏ်ကို မရရအောင် ကျေးဇူးပြုမည့် ဝိပဿနာလို့ မှတ်လိုက်စမ်းပါ.... (မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် သာသနာတော် ဥစ္စာဒသည် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး မဆက်တတ်လို့၊ ဒါကြောင့် တကာ တကာမတို့ အကြောင်းအကျိုးဖြစ်ပုံချုပ်ပုံ နားမလယ်ယင် သာသနာ,ဥစ္စာဒ စင်ပါမလား....(မစင်ပါဘူး ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီ)။

ပဋိစ္စသမုပ္ပါဒ် အကြောင်း ဖြစ်လို့ အကျိုး ဖြစ်တယ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်တယ်လို့ သိလို့ရှိယင်ဖြင့် ဒီဌီ နှစ်ပါးစလုံး မစင်သေးဘူးလား....(စင်ပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ တခြားလား.... ခင်ဗျားတို့ ခန္ဓာကိုယ်ထဲဖြစ်တဲ့တရားလား....(ခန္ဓာကိုယ်ထဲ ဖြစ်တဲ့ တရားပါဘုရား) အဲ....ခန္ဓာထဲဖြစ်တဲ့တရားမှာ ဝေဒနာ ပစ္စယာ တဏှာကလေး၊ တဏှာကလေးဟာ ဘယ်ကလာပါလိမ့်.... (ဝေဒနာကလာပါတယ် ဘုရား)။

ဝေဒနာဖြစ်လို့....(တဏှာဖြစ်ပါတယ် ဘုရား)။

ဝေဒနာချုပ်လို့....(တဏှာချုပ်ပါတယ် ဘုရား)။

ဒီလိုသိထားရမယ်၊ သြော်....တဏှာကလေးဟာ ဒို့သန္တာန် ပေါ်လိုက်-ချုပ်လိုက်၊ ပေါ်လိုက်-ချုပ်လိုက်၊ သြော်....ပေါ်လိုက်-ချုပ်လိုက် ဖြစ်ပေမှာဘဲ ဝေဒနာဖြစ်တော့လဲ သူက ဖြစ်သကိုး၊ ဝေဒနာချုပ်တော့လဲ....(သူက ချုပ်ပါတယ်)။

သူက ချုပ်သကိုးဆိုတော့ ဘယ်ဖြစ်ချုပ်မဆို အကြောင်းအကျိုးနှင့်တကွ မသိဘူးလား.... (သိပါတယ်ဘုရား) ထိုကဲ့သို့

သိသော် ဒီဋ္ဌဘယ်နှစ်ပါး စင်ပါလိမ့်.... (နှစ်ပါးစင်ပါတယ်ဘုရား)သဿတလဲစင်တယ်၊ ဥစ္ဆေဒကော....(စင်ပါတယ်ဘုရား) စင်ပြီးမှ ဖြစ်ပျက်အာဇာတ်လို့ ရှိယင် မဂ်ဥာဏ်,ဖိုလ်ဥာဏ် မရ-မရှိဘူးတဲ့....(မှန်လှပါဘုရား)သဘောကျပလား.... (ကျပါပြီ)။

ကောင်းပြီ....ဒါဖြင့် တကာတာကာမတို့ ဝတ္ထုထုတ်တော့မယ်တဲ့....၊ ဝတ္ထုထုတ်တော့မယ်လို့ ကိုမြရွှေတို့ မှတ်ရမယ်.... နော်.... (မှန်လှပါဘုရား)။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ သာဝတ္ထိပြည်၌ ရှင်ဆန္နဟာ ရှိပါတယ်တဲ့....။ ဘုရား ပရိနိဗ္ဗာန် စံသွားတဲ့အခါ ရှင်ဆန္နက ကျန်နေရစ်တော့ သာဝတ္ထိပြည်မှာဘဲ သီတင်းသုံးနေတယ်။

အဲဒီမှာ သံဃာတွေက သူ့ကို သပိတ်မှောက်ပြီး သကာလ သံဃာတွေကသူ့ကို မပြောကြစတမ်း၊မဆိုကြစတမ်းဆိုပြီးဘုရားက သူ့ကို ဗြဟ္မဒဏ်ပေးထားတဲ့အတွက် သူက ရဟန်းတွေလိုက်ပြီးသကာလ ဦးခင်မောင်ရေ....အရှင်ဘုရားတို့.... တပည့်တော်ကို ဆုံးမကြပါဦး၊ကံမြစ်ကြပါဦး၊တရားပေးကြပါဦးဆိုပြီး သူလိုက်ပြီးသကာလ သံဃာတွေဆီသွားပြီး တောင်းပန်နေရှာတယ်နော်-(မှန်လှပါ)။

တပည့်တော်ကို ဆုံးမပါဦး၊ ကံမြစ်ပါဦး၊ တရားပေးကြပါဦး၊ တရားရှုပါရစေ....(မှန်ပါ့) တကာတကာမတို့ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

သူ့ကျောင်းကလေး သံကောက်နဲ့ပိတ်ပြီးသကာလ သံဃာကြီးတွေရှိတဲ့ဆီ သွားတယ်၊ တပည့်တော်ကို ကံမြစ်ကြပါဦး၊ ဆုံးမကြပါဦး၊ တရားပေးကြပါဦး၊ တရားကို သိကောင်းသိနိုင်ပါတယ်ဆိုတဲ့ အကြောင်းတွေနဲ့ သူ ကျောင်းတွေ လျှောက်ပြီး

သဉ်းတဲ့အခါကျတော့ ရဟန်းတို့က တရားဟောကြတယ်။ ငါ့ရှင်....ဆန္ဒ....ရုပ်ဟာ အနိစ္စ၊ ဝေဒနာ အနိစ္စ၊ သညာအနိစ္စ၊ သင်္ခါရအနိစ္စ၊ ဝိညာဏ် အနိစ္စ၊ သဗ္ဗေသင်္ခါရာ အနိစ္စ၊ သဗ္ဗေဓမ္မာ အနတ္တကွာ....။ ဒါကို ရှုရုံပါဘဲ....(မှန်လှပါ)။

ဟောတဲ့တရား မမှန်ဘူးလား....တကာတကာမတို့.... (မှန်ပါတယ် ဘုရား) ရုပ်တရား ဘယ်နှယ်ဟောသလဲ.... (အနိစ္စပါဘုရား) ဝေဒနာတရား ဘယ်နှယ်ဟောပါလိမ့်.... (အနိစ္စပါဘုရား) ကဲ....သိမ်းကြပါစို့၊ ဝိညာဏ်တရား ဘယ်နှယ်ဟောသလဲ.....(အနိစ္စပါဘုရား)။

အနိစ္စချည်းပါဘဲ၊ ကဲကွာ နောက်ဆုံးပိတ် နိဂုံးချုပ်လိုက်မယ်....တဲ့။ သဗ္ဗေဓမ္မာ အနိစ္စဘဲကွ၊ သဗ္ဗေဓမ္မာ အနတ္တဘဲကွ။ ဒီလိုဟောလိုက်တယ်....(မှန်ပါဘုရား)။

အို....သူကလဲ ဘဝင်က ခပ်မြင့်မြင့်ရယ် ဦးခင်မောင်ရ(မှန်လှပါဘုရား) တကာသစ်ရေ.... ဘဝင်က မြင့်တယ်နော် .... (မှန်ပါ့) ဒီတရားမျိုး အားထုတ်နေတာ ကြာပြီ....တဲ့ (မှန်လှပါ) အံမာလေး ကြောက်စရာကြီးပါကလား....။

တကာ တကာမတို့ ဒီ တရားမျိုး အားထုတ်နေတာကြာပါပြီတဲ့၊ ဒီ အနိစ္စ အနတ္တတွေ့ အားထုတ်နေတာ သူကြာပါပြီတဲ့၊ တကာ တကာမတို့ သူကလဲ တောင်းသေးတယ်၊ ဟောတဲ့တရားကျတော့ ဒါ အားထုတ်နေတာ ကြာပါပြီ....တဲ့ (မှန်ပါ့) ကောင်းသေးရဲ့လား....(မကောင်းပါဘူး ဘုရား)။

ဒီတရား သူ အားထုတ်နေတာ ကြာပါပြီ....တဲ့၊ အနိစ္စတွေ့ အနတ္တတွေ့ ဒီကိုယ်တော်တွေ့ဟောတဲ့ တရားမျိုးတော့ သူ အားထုတ်နေတာ ကြာပါပြီ....တဲ့။

ကြာပင် ကြာငြားသော်လဲတဲ့ အလုံးစုံ သန်ဒါရတရား ချုပ်ငြိမ်းတဲ့နိဗ္ဗာန် ဥပဓိတွေ့ ခန္ဓာငါးပါး ပျောက်သွားတဲ့နိဗ္ဗာန်၊ တဏှာချုပ်တဲ့နိဗ္ဗာန်ကို တခါမှ မမြင်ဘူး-ဘူးတဲ့၊ သူ အနိစ္စ အနတ္တတော့ ရှုပါတယ်တဲ့(မှန်လှုပါဘုရား) နိဗ္ဗာန်ကို တခါမှ မမြင်ဘူးပါဘူးတဲ့(မှန်လှုပါဘုရား)။

ဒါ့ကြောင့် ဒီတရားမျိုးကိုတော့ သူ ရှုပါတယ်....တဲ့၊ ရှုပေမဲ့လဲ သူသည် ခုနကပြောတဲ့ ဒါသန်ဒါရတရားတွေ့ပေါ့ဗျ၊ အဲဒီသန်ဒါရတရားတွေ့ လုံးဝချုပ်သွားတဲ့နိဗ္ဗာန်ကို မတွေ့ဘူး-ဘူးတဲ့၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

သန်ဒါရတရားတွေ့ ချုပ်တဲ့နိဗ္ဗာန် ....(မတွေ့ဘူးပါဘူး)။
ခန္ဓာချုပ်တဲ့နိဗ္ဗာန် ....(မတွေ့ဘူးပါဘူး)။
တဏှာချုပ်တဲ့နိဗ္ဗာန် ....(မတွေ့ဘူးပါဘူး)။

မတွေ့ဘူး-ဘူးတဲ့၊ သူ အနိစ္စ ဒုက္ခ အနတ္တ မရှုဘူးလား.... ရှုသလား....(ရှုပါတယ်ဘုရား)။

ရှုလျက်သားနဲ့ သူ မတွေ့ဘူးတဲ့၊ အဲဒီတော့ ဒီတရားမျိုးတော့ သူ ဝမ်းထဲမှာ ပေါလွန်းလို့ မတတ်နိုင်ဘူး၊ နိဗ္ဗာန်မှ မမြင်တဲ့တရား....(မှန်ပါ့)သူက ဒီလို့ကို လာတာ ဦးခင်မောင်-ရိပ်မိပလား....(ရိပ်မိပါပြီ) တကာ တကာမတွေ့ကော သဘော ကျပလား....(ကျပါပြီ)။

ဒါဖြင့် သူ အနိစ္စ ဒုက္ခ အနတ္တ မလုပ်လို့လား၊လုပ်လျက်နဲ့ နိဗ္ဗာန်မမြင်တာလား.... (လုပ်လျက်နဲ့ နိဗ္ဗာန် မမြင်တာပါဘုရား)ဒါကြောင့် သူ ဘဝင်မြင့်နေတာ(မှန်လှုပါ)။

အရှင်ဘုရားတို့ တရားဟောကြပါဦး၊ တပည့်တော်ကို ဆုံးမကြပါဦးဆိုတော့ အနိစ္စတို့ အနတ္တတို့ ဟောကြတာဘဲနော်-(မှန်လှပါ)။

ဟောတော့ သူ့စိတ်ထဲ ဘယ်နှယ်ထင်သလဲ....၊အို....ဒီတရားတွေကို လုပ်ကြည့်ပါတယ်တဲ့၊ လုပ်ကြည့်ပေမဲ့ သင်္ခါရတရားတို့၏ "သင်္ခသင်္ခါရသမထေ" ဆိုတဲ့အတိုင်း အလုံးစုံသင်္ခါရတရား ချုပ်တဲ့နိဗ္ဗာန်၊"ဥပဓိသင်္ခယေ"ဆိုတဲ့အတိုင်း ခန္ဓာငါးပါး ချုပ်သွားတဲ့နိဗ္ဗာန်၊ တဏှာချုပ်တဲ့နိဗ္ဗာန်၊ တဏှာသိမ်းတဲ့နိဗ္ဗာန် မြင်ကိုမမြင်ဘူးတဲ့။ လုပ်နေတာ ကြာလှပြီ၊ ရိပ်မိလား....(ရိပ်မိပါပြီ)။

လုပ်တော့မလုပ်ဘူးလား.... လုပ်သလား.... (လုပ်ပါတယ်) ဒါဖြင့် သူ အနိစ္စ ဒုက္ခ အနတ္တ လုပ်တယ်-တကာ တကာမတို့ နိဗ္ဗာန်ရောက်ကဲ့လား....(မရောက်ပါဘူး ဘုရား)။

အဲ....မရောက်သောကြောင့်....တဲ့-သူသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် တရားတောင်းပြီးသကာလ ပေးတဲ့ပုဂ္ဂိုလ်နဲ့ ရန်ဖြစ်တယ် (မှန်လှပါ) ပေးတဲ့ပုဂ္ဂိုလ်နဲ့.... (ရန်ဖြစ်ပါတယ်ဘုရား) ဘာဖြစ်လို့ ရန်ဖြစ်တာတုံး....တဲ့ (နိဗ္ဗာန်မမြင်လို့ပါ) နိဗ္ဗာန်မမြင်တာနဲ့ ရန်ဖြစ်တာ၊ သဘောပါကြပလား.... (ပါပါတယ် ဘုရား)။

သူ လုပ်တယ်....တဲ့၊ ဒီ ကိုယ်တော်တို့ ဟောတဲ့အတိုင်း ချုပ် အနိစ္စ နာမ် အနိစ္စ ဝေဒနာ အနိစ္စတို့ အကုန်လုပ်ပါတယ်....တဲ့၊ သင်္ခသင်္ခါရာအနိစ္စလဲလုပ်ပါတယ်....တဲ့၊သင်္ခဓမ္မာအနတ္တတို့လဲ လုပ်ပါတယ်....တဲ့၊ လုပ်ပင် လုပ်ငြားသော်လဲ....တဲ့ သင်္ခါရတရားတို့၏ ချုပ်ရာ၊ **ဥပဓိ** တရားဆိုတဲ့ ခန္ဓာငါးပါးတို့၏ ချုပ်ရာ၊

တဏှာ၏ ချုပ်ရာ နိဗ္ဗာန်ကို မြင်ကို မမြင်ဘူးတဲ့၊ သဘောကျပ လား.... (ကျပါတယ်ဘုရား)။

အဲဒီတော့ ဒီတရားမျိုးနဲ့တော့ဖြင့် သူ နိဗ္ဗာန် မမြင်တဲ့အတွက် ဒီကိုယ်တော်တွေ ဟောတာကို သူ ကျေနပ်ကဲ့လား....(မကျေနပ် ပါဘုရား) ဘာဖြစ်လို့ မကျေနပ်တယ်ဆိုတာ ခင်ဗျားတို့ ရိပ်မိ ပလား.... (ရိပ်မိပါတယ်) ဘာဖြစ်လို့ မကျေနပ်ပါလိမ့်.... (နိဗ္ဗာန်မမြင်လို့ပါဘုရား)။

စင်စစ်တော့ ဟိုကိုယ်တော်တွေ ဟောတာကလဲသလား....တဲ့၊ သူဘဲ နေရာမကျတာလားဆိုတာကို ပြန်အကဲခတ်ပါဦး.... (သူ နေရာမကျတာပါဘုရား) သူက ခုနကပြောခဲ့တဲ့ သဿတဒိဋ္ဌနဲ့ ဥစ္ဆေဒဒိဋ္ဌ ခုံမြဲထားဘူး၊ မခုံဘဲနဲ့ ရှုနေလို့ မမြင်တာ (မှန်ပါ့ ဘုရား) ရှင်းပြီလား.... (ရှင်းပါပြီ)။

ဒါ သူ့ဝတ္ထုကလာတာနော်.... (မှန်ပါ့ဘုရား) ဘယ်လို ကြောင့် သူ နိဗ္ဗာန်မရပါလိမ့်မတုံး တကာ တကာမတို့(**သဿတ ဥစ္ဆေဒ မခွါဘဲ ရှုနေလို့**ပါဘုရား) သဿတဒိဋ္ဌနဲ့ ဥစ္ဆေဒဒိဋ္ဌ မကွာဘဲနဲ့ ရှုနေလို့ ဦးခင်မောင်ရေ.... (မှန်ပါ့)။

ဒါဖြင့် အကြောင်းဖြစ်လို့ အကျိုးဖြစ်တာလဲ သူမသိ (မှန်ပါ့) ဖြစ်ပျက်လောက်ဘဲ မြင်နေတာဘဲ (မှန်ပါ့) အကြောင်းချုပ်လို့ အကျိုးချုပ်တာကော.... (မသိပါဘုရား) မသိတော့ ဘယ့်နှယ် ကြောင့် ဖြစ်ပါလိမ့်၊ ဘယ့်နှယ်ကြောင့် ချုပ်ပါလိမ့်မတုံးဆိုတဲ့ သဿတ ဥစ္ဆေဒတွေကကော မလာပေဘူးလား.... (လာပါတယ် ဘုရား)။

အဲ သဿတ ဥစ္ဆေဒ မကွာဘဲနဲ့ ဖြစ်ပျက်တွေ ရှုနေလို့ သူဟာတဲ့ တကာ တကာမတို့ တထစ်ချသာ မှတ်ပါတော့ ခန္ဓာ

ဇာတ်သိမ်း ငြိမ်းရာဖြစ်တဲ့နိဗ္ဗာန် မမြင်ဘူး (မှန်လှပါဘုရား) ဘယ်သူ ခံနေတယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါတယ် ဘုရား) ဘယ်သူ ခံနေပါလိမ့်.... (သဿတနဲ့ ဥစ္ဆေဒ ခံနေပါတယ်ဘုရား)။

သဿတဒီဋ္ဌနဲ့ ဥစ္ဆေဒဒီဋ္ဌိ ခံနေတယ်၊ ဦးခင်မောင်.... ကဲ အလုပ်လဲပြီဆိုတော့ ဘယ်လောက်များ ကြောက်စရာကောင်းသတုံး.... (ကြောက်စရာကောင်းပါတယ်ဘုရား) ကြည့်လေ သူဟာ ဘုရားတောင် ပရိနိဗ္ဗာန်စံပြီဗျ၊ ဘုရားကို သွားပင့်ရင်း သူဟာ ရဟန်းလုပ်ခဲ့တာ မဟုတ်လား.... (မှန်ပါ့)။

အဲဒါ ကဲ—၄၅-နှစ်၊ ၄၅-နှစ်လေ့လေ့ဘဲ ထားလိုက်ပါ ဦးတော့ နည်းတဲ့ အလုပ်ခွင်လားလို့ တကာ တကာမတို့မေးယင် နည်းတဲ့ လုပ်နှစ်လားလို့ မေးယင် ဘယ်နှယ် ပြောကြမယ်.... (မနည်းပါဘူး ဘုရား)။

သူ့ကိုယ်တိုင်ဘဲ အခုဖွင့်ပြောပါတယ်တဲ့၊ ဒီကိုယ်တော်တွေ ဟောတဲ့ အနိစ္စတွေ အနတ္တတွေတော့ သူ့ဝမ်းထဲမှာ ရှိနေပါတယ်....တဲ့၊ အနိစ္စတရား- အနတ္တတရား သူ ရှုကြည့်တာ ဘယ် အခါမှ နိဗ္ဗာန်ကိုမတွေ့ဘူးတဲ့၊ မတွေ့တဲ့အတွက် ဒီတရားနဲ့ ဘာသူနဲ့ ဘယ်လိုဟောဟော အကျိုးပေးမှာ မဟုတ်ဘူးတဲ့ (မှန်ပါ့) ဒီလို့ကို ယူပစ်တာ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အပြီးသတ်တော့ ဟောတဲ့ပုဂ္ဂိုလ် ညံ့တာလား၊ သူက အလုပ်စဉ် ရှေ့နောက်လဲနေတာလား.... (သူက အလုပ်စဉ် ရှေ့နောက်လဲနေတာပါဘုရား) ဘယ်လိုမျှား ရှေ့နောက် လဲနေပါလိမ့် တကာ တကာမတို့ အကဲခတ်စမ်း.... (ဒီဋ္ဌိ အရင်မခွါဘဲ ရှုနေလို့ပါဘုရား)။

ဒိဋ္ဌိ အရင်မခွါဘဲနဲ့ ဝိပဿနာရှုနေလို့....(မှန်လှပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်လိုပါလိမ့်.... (ဒိဋ္ဌိ အရင်မခွါဘဲနဲ့ ဝိပဿနာရှုနေလို့ပါဘုရား)ဒိဋ္ဌိ အရင်မခွါဘဲနဲ့ ဝိပဿနာရှုနေတော့ ဟောတဲ့ပုဂ္ဂိုလ်နဲ့ ရန်ဖြစ်တယ် (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒါ တကာ တကာမတွေကလဲ.... ကျုပ်တို့လဲ ရှုနေတာကြာပြီ၊ နိဗ္ဗာန်လဲ တခါမှ မမြင်သေးဘူး၊ ဟောတဲ့ပုဂ္ဂိုလ် ညံ့ပြီ၊ ဒီလိုတော့ မလုပ်ကြနဲ့ဗျာ....နော် (မှန်ပါ့) အလုပ်စဉ်သာမတည့်လို့ရှိယင် ဘယ်နည်းနှင့်မှ မဖြစ်ဘူး (မှန်ပါ့) သဘောပါကြလား.... (ပါ ပါပြီ)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြရမယ်.... (အလုပ်စဉ်တည့်အောင် လုပ်ကြရပါမယ်) အလုပ်စဉ်တည့်အောင် ဘယ်လိုလုပ်မယ်.... (ဒိဋ္ဌိ အရင်ခွါရပါမယ်)ဒိဋ္ဌိအရင်ခွါချင်တော့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို သိအောင်လုပ်ရဦးမယ်.... (မှန်လှပါဘုရား)။

ခန္ဓာပဋိစ္စသမုပ္ပါဒ် သိတော့မှ အကြောင်းဖြစ်လို့....(အကျိုးဖြစ်ပါတယ်) အကြောင်းချုပ်လို့.... (အကျိုးချုပ်ပါတယ်) အဲဒီလိုသိပြီးသကာလမှ ဩော်.... ဖြစ်တယ် ပျက်တယ်ဆိုတာ အကြောင်းဖြစ်တော့လဲ သူ ဖြစ်ပေမှာဘဲ၊ အကြောင်းချုပ်တော့လဲ.... (သူ ချုပ်ပေမှာဘဲ)။

အဲဒီတော့ ဖြစ်ပျက်ဘဲရှိတယ်ဆိုတာတော့ မှန်ရဲ့ ဒီအကြောင်းတွေကို မသိမ်းဆည်းဘူး (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) မသိမ်းဆည်းတော့ အခု ရှင်ဆန္ဒ ဘယ့်နှယ်ဖြစ်နေသတုံး.... (နိဗ္ဗာန်မမြင်ပါဘူးဘုရား)။

မရတဲ့ပြင် ဟိုကိုယ်တော်တွေနဲ့ ဘာဖြစ်နေသတုံး....(ရန်ဖြစ်နေပါတယ်) ရန်တောင် ဖြစ်လိုက်သေးတယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ခင်ဗျားတို့လဲ ကမ္မဋ္ဌာန်းပေးတဲ့ ဆရာတွေနဲ့ ကမ္မဋ္ဌာန်းပေးတဲ့ ဘုန်းကြီးတွေနဲ့ ရန်တော့ မဖြစ်ပါနဲ့၊ သဘောကျပလား.... (မှန်ပါ့)။

အပေးညံ့လို့ဘဲ မဖြစ်တာလား၊ ကိုယ်ဖြင်းလို့ဘဲ မဖြစ်တာလားဆိုတာလဲ အကဲခတ်ပါဦး.... (ကိုယ်ဖြင်းလို့ မဖြစ်တာပါဘုရား) ဆရာက ဖြင်းလို့ ဒီ အကြောင်းအကျိုး ၁-၂-လုံနေယင်လဲ မရနိုင်ဘူး (မှန်လှုပါ) ကိုယ်-ကိုယ်တိုင်က တကာ တကာမတွေလဲ ကိုယ့်ခန္ဓာအကြောင်း ကိုယ်မသိလို့ကော....(မရနိုင်ပါဘူး) မရနိုင်ဘူးဆိုတာ သဘောကျပလား.... (ကျပါပြီ)။

အဲဒါကြောင့် တကာ တကာမတို့ ဝိပဿနာမရှုမိ ဘာလုပ်ရမတုံး.... (ဒိဋ္ဌိ အရင်ခုံရုပါမယ်ဘုရား) ဘယ်ဒိဋ္ဌိ ခုံရမှာပါလိမ့်.... (သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိ ခုံရမှာပါဘုရား)။

သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ခုံရမယ်ဆိုတာ သဘောကျပလား (ကျပါပြီ)မခုံဘဲနဲ့ ရှုယင် အားနည်းတဲ့ ဝိပဿနာ (မှန်လှုပါ) ခုံပြီးမှ ရှုယင်.... (အားကြီးတဲ့ ဝိပဿနာပါဘုရား)။

အားကြီးတဲ့ ဝိပဿနာဆိုတော့ အားကြီးတဲ့ ဝိပဿနာမှ မဂ်ဉာဏ်ရမယ် (မှန်လှုပါ) အားနည်းတဲ့ ဝိပဿနာသည် ကုသိုလ်သာ ရမယ်လို့ မှတ်ပါ (မှန်လှုပါဘုရား)။

တရားတော့ မဆုံးဘူး တကာ တကာမတို့၊ နာရီက စေ့သွားပြီတော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော လောင်စာနဲ့မီး တွဲပုံ တရားတော်

(၁၄-၂-၆၁)

တကာတကာမတွေ့ ရောဂါဝေဒနာ ရောက်တဲ့အခါမျိုး ကျတော့ ဆရာရှာကြတယ်၊ ဆေးရှာကြတယ်ဆိုတာ ထုံးတမ်းဓမ္မတာပါဘဲ....(မှန်လှပါဘုရား)။

ရောဂါရောက်တဲ့ ပုဂ္ဂိုလ်သည်ကားဆိုလို့ ရှိယင်ဖြင့် ဆေးရှာကြတယ်၊ ဆရာရှာကြတယ်ဆိုတာ ထုံးတမ်း ဓမ္မတာပါဘဲ.... (မှန်ပါ့ဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ အိုဘေး နာဘေး သေဘေးဆိုတဲ့ ရောဂါတွေက ရှိကြတယ်.... နော်.... (မှန်ပါ့ဘုရား)။

အိုဘေး နာဘေး သေဘေးဆိုတဲ့ ရောဂါတွေက ရှိကြတယ်၊ ဘယ်မှာ ရှိပါသတုံးလို့ မေးတဲ့အခါကျတော့ **ခန္ဓာရှိလို့ ရှိပါ**တယ်လို့ ဖြေရုံပါဘဲ.... (မှန်ပါ့ဘုရား) ခန္ဓာရှိတော့ အိုဘေး နာဘေး သေဘေး လွှတ်ပါ့မလား.... (မလွှတ်ပါဘူးဘုရား)။

ဒီရောဂါတွေသည်ကားလို့ ဆိုယင် တကာတ့ကာမတို့ သိတဲ့အတိုင်း ပြေးယင်-ပြေးရာလိုက်တဲ့ရောဂါကိုး....(မှန်ပါ့ဘုရား)။

အဲ ဒါကြောင့် ရောဂါရှိတဲ့ပုဂ္ဂိုလ် ဆေးမရှာဘဲနဲ့ နေခဲ့သော် ဆရာမရှာဘဲနဲ့ နေခဲ့သော် ရောဂါယှဉ်ပြီး အရူးသော်ငင်း ဖြစ်ရမယ်၊ အ-အသော်ငင်းဖြစ်ရမယ်ဆိုတာ ဦးခင်မောင်တို့ ဆိုထိုက်တယ်....(မှန်လှုပါဘုရား) ရောဂါယှဉ်ပြီး အရူးသော်ငင်း၊အ-အသော်ငင်း ဖြစ်ရတော့မယ်ဆိုတဲ့ဥစ္စာ ဘာမှ သံသယရှိဘို့ မလိုပါဘူး....(မလိုပါဘူး ဘုရား)။

အဲဒါ ဒီနေ့ တကာတကာမတွေ့မှာ ခဏခဏ တွေ့ရောလောင်လို့ အိုတဲ့ရောဂါမျိုး ရှိကြပါရဲ့လားလို့ စမ်းသပ်ကြည့်တော့လဲ ခန္ဓာထဲ ခပ်နွေးနွေးရှိနေတော့ "သြော်....လောင်လျက်ပါလား" ဆိုတာ ပေါ်လာတယ်....နော်....(မှန်လှုပါဘုရား)။

နောက်တခါ ဒီ့ထက် ပိုလောင်တဲ့ အခါကျတော့ ခေါင်းကိုက်တယ်, လည်နာတယ်, ရင်နာတယ်, အပူရှိန်မျိုးတယ်ဆိုပြီး သကာလ တကာတကာမတို့ တွေ့ရမီး၏ စွမ်းရည်သတ္တိသည် လွှမ်းမိုးပြီးသကာလ ရောဂါတွေဖြစ်အောင် မလုပ်လား....(လုပ်ပါတယ် ဘုရား) ထိုကဲ့သို့ လုပ်တာ ထောက်ပြန်တော့လဲ သြော်-ရောဂါရှိတာဘဲဆိုတာ သဘောပါကြပါလိမ့်မယ်....(ပါပါတယ် ဘုရား)။

အဲဒီကဲ့သို့ တော်တော်ကြာကျတော့ ဒီခန္ဓာကြီးသည်ကား လို့ဆိုယင် ဒီအတိုင်းမနေဘဲနဲ့ သေရာ ဌာနသို့ သွားတဲ့အလုပ်ကြီး မလျှော့တမ်း သွားပြန်တော့လဲ သြော်....ဘယ်သူမှ လာသတ်လို့ သေတာမဟုတ်ဘူး၊ ခန္ဓာတွင်း ရောဂါရှိလို့ သူ့ရောဂါနဲ့ သူသေတာဘဲဆိုတဲ့ဥစ္စာ-လောကီဥပမာပြောကြပါစို့ဆိုတော့ "ဝက်ဟာ အသားတိုးလေလေ သူ့အသားတိုးလို့ သူသေလွယ်လေလေ" ဖြစ်ရတာပါဘဲ....(မှန်လှုပါဘုရား)။

ဝက်မျှား သူ့အသား အပြည့်အစုံတိုးလိုက်ယင် ဒီဝက်ဟာ သေသွားတော့တာဘဲ....(မှန်လှပါ) ဝက် ဘယ်သူသတ်လို့ သေပါလိမ့်....သူ့အသားသတ်လို့ သေပါသည်....(မှန်လှပါဘုရား)။ တကာ ဝ....ဘယ်နှယ်ဆိုပါ့မယ်....(သူ့အသားသတ်လို့ သေပါတယ် ဘုရား)။

သြော်....ဘယ်သူမှ လုံနဲ့မထိုး၊ ဘယ်သူမှ အဆိတ်မကျွေး၊ ဒီအတိုင်း သေရတဲ့ ဝက်တွေလဲ ရှိတယ်နော်....(မှန်ပါ့) အဲဒီရှိတဲ့ ဝက်တွေသည်ကားလို့ဆိုယင် တကာတကာမတို့ သူ ယူလာတဲ့ အသားဟာ သူ့သတ်တာဘဲ....(မှန်ပါ့) သူ့ထဲပါတဲ့ အသားက (သူ့ကို သတ်တာပါဘဲ)။

ဒီမှာလဲ တကာတကာမတို့ကိုယ်ထဲပါတဲ့ တေဇောက ကိုယ့်ကိုယ် သတ်လိမ့်မနော်.... (မှန်လှပါဘုရား) သူမျှားက သတ်မှာလား....(ကိုယ့်ထဲပါတဲ့ တေဇောက ကိုယ့်သတ်မှာပါဘုရား)။

အဲဒီလို ရောဂါတွေက တကာတကာမတို့ အိုတတ်တဲ့ ရောဂါလဲ မပြတ်မစဲ၊ နာတတ်တဲ့ရောဂါလဲ ခဏခဏကြုံ၊ သေတတ်တဲ့ ရောဂါကလဲ မလွတ်တမ်း တွေ့ရမယ်ဆိုတာ ခန္ဓာကိုယ်ထဲမှာ ဥာဏ်နဲ့ ရှင်းပြီးသား, လင်းပြီးသား ဖြစ်နေတော့ ဘုန်းကြီးတို့ တကာတ့ကာမတွေ့ မသေဆေး၊ မနာဆေး၊ မအိုဆေးတော့ဖြင့် ဦးခင်မောင်....ရှာဘို့သင့်ပြီ....(မှန်လှပါဘုရား)။

မသေဆေး, မနာဆေး, မအိုဆေး တကာတကာမတို့ ဘာလုပ်ဘို့ သင့်ပါလိမ့်....(ရှာဘို့ သင့်ပါတယ်ဘုရား)။

အဲဒီတော့ ဒါမရှာဘဲနဲ့ တကာတကာမတွေ့က အိုတာ ဖြည့်တဲ့ဆေး, နာတာဖြည့်တဲ့ဆေး, သေတာဖြည့်တဲ့ဆေးတွေ့ ရှာနေ

ကြပြီလို့ ဘုန်းကြီးက စဲ့ချက်တင်လိုက်ပြန်ပြီနော်.... (မှန်လှပါဘုရား)။

အိုတာ ဖြည့်တဲ့ ဆေးဆိုတော့ ဘာပါလိမ့်မတုံး ဆိုတော့ လောဘချည်း ထုက်သွားလို့ ရှိယင် လောဘက တဏှာဥပါဒါန် ကံ-က ဇာတိခန္ဓာလုပ်ပြန်တော့ အိုတဲ့ဆေး ပြန်မရပေဘူးလား (ရပါတယ် ဘုရား)။

လောဘအားကြီးနေပြန်တော့လဲ တကာတကာမတို့ အိုဆေး နာဆေး ရှာနေပြန်တယ်.... (မှန်လှပါဘုရား) မောဟအားကြီး နေပြန်တော့လဲ ဘာတွေ ရှာနေကြသလဲ.... (အိုဆေး နာဆေး ရှာနေပါတယ် ဘုရား)။

အိုဆေး နာဆေး သေဆေးဘဲ ရှာနေတော့ သြော်....ဒီ တကာတကာမတွေ ခက်လိုက်ပါဘိတော့တယ်။ အိုတတ် နာတတ် သေတတ်တဲ့ရောဂါ မပျောက်ဘဲနဲ့ အိုဆေး နာဆေး သေဆေး ထပ်ရှာနေတယ်ဆိုတော့ ဦးခင်မောင်ရေ.... လွန်လွန်းသွားပြီ.... (မှန်လှပါဘုရား) အမိုက်လွန်သွားပြီ၊ အ-အ လွန်သွားပြီ၊ အထူ လွန်သွားပြီလို့ ဘုန်းကြီးများက စဲ့ချက် တင်လိုက်ပါတယ်.... (မှန်လှပါဘုရား) မတင်ထိုက်ဘူးလား.... (တင်ထိုက်ပါတယ် ဘုရား)။

တကာတကာမတို့ ယခုခန္ဓာကြီးထဲမှာ အိုအောင်လုပ်နေတဲ့ တရားစင်သွားပလားလို့ မေးယင် ဘယ်နှယ်ဖြေကြမလဲ....(မစင်သေးပါဘူး ဘုရား)။

နာအောင်လုပ်နေတဲ့တရား စင်သွားပလားလို့ မေးယင်.... (မစင်သေးပါဘူး ဘုရား)။

သေအောင်လုပ်မည့်တရား စင်ပါပလားလို့ မေးယင်....(မစင်သေးပါဘူး ဘုရား)။

မစင်သေးခင်က တကာတကာမတို့ အိုအောင် နာအောင် သေအောင် လုပ်တတ်တဲ့ဆေးတွေ ထပ်ပြီးသကာလ ရှာပြီးစား နေကြဦးမယ်ဆိုလို့ ရှိယင် ခက်ရချီရဲ့....(မှန်လှပါ)။

အခု-ဝေဒနာလဲ့ မပျောက်၊ နောက်-ဝေဒနာလဲ့ရောက်၊ ဒီလို မကျပေဘူးလား.... (ကျပါတယ်ဘုရား) အခု ဝေဒနာလဲ့.... (မပျောက်ပါဘုရား) နောက်-ဝေဒနာကော....(ရောက်ပါတယ် ဘုရား) ထပ်ရောက်လာမယ်ဆိုတာ မသေချာကြပေဘူးလား.... (သေချာပါတယ် ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ မသိတော့လဲ ဖေါ်ပြောရတယ်ဆိုတာ ဦးခင်မောင်....ပြောမှလဲ သိတယ်နော်....(မှန်လှပါ) ခန္ဓာကိုယ်ကြီးထဲ အိုမှု, နာမှု, သေမှုဆိုတဲ့ တေဇောဓါတ်တွေက တကာတကာမတွေ့ လောင်လျက် ညှဉ်းဆဲလျက် သတ်မလို့ရှယ် လျက်ဆိုတာကလဲ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘူး ဘုရား)။

ဒီထဲက·နေပြီး တကာတကာမတို့ သားရေး၊ သမီးရေး၊ စီးပွါးရေးကြောင့် လောဘ, ဒေါသ, မောဟတွေက ပေါ်လာကြပြန်တော့ လောဘ, ဒေါသ, မောဟတွေက ဘာထပ်ရှာပြန် တာတုံးလို့ မေးယင် တကာဝ ဘယ်.နှယ်ဖြေပါ့မယ်- (အိုဘေး နာဘေး သေဘေးဘဲ ထပ်ရှာနေပါတယ်ဘုရား)အိုတတ် နာတတ် သေတတ်တဲ့ တရားတွေ ထပ်ရှာပြန်တယ်....(မှန်လှပါဘုရား)။

ဒါဖြင့် ဦးခင်မောင်က စဉ်းစား၊ ဘုန်းကြီးတို့ တကာတကာမတွေအားလုံးက စဉ်းစားကြ၊ရောဂါပျောက်ဆေး မရှာ

ဘဲနဲ့ ရောဂါပျောက်ဆေး မရှာဘဲနဲ့ ရောဂါရောက်ဆေးဘဲ ရှာနေကြတယ်နော်....(မှန်လှုပါဘုရား) ဘယ်လိုဆိုကြမှယ်.... (ရောဂါပျောက်ဆေး မရှာဘဲနဲ့ ရောဂါရောက်ဆေး ရှာနေပါတယ်ဘုရား)။

အင်း....ဒီ ပုဂ္ဂိုလ်တွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ရောဂါပျောက်ဆေးတော့ဖြင့် မရှာဘူး၊ ရှိတဲ့ရောဂါမသိလို့ (မှန်ပါ့) ရောဂါရောက်ဆေးတော့လဲ မသိလို့ဘဲ၊ တခါရောဂါရောက်ဆေးတွေ ထပ်ရှာနေပြန်တယ်ဆိုတော့ တကာသစ်တို့ ကျုပ်တို့ အဖြစ်ဟာ တယ်ဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

တကာ တကာမတို့ ဘယ်နှယ်ဆိုကြပါ့မယ်.... (အဖြစ်ဆိုးပါတယ်ဘုရား) အဖြစ် အင်မတန်ဆိုးတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အေး....ဒါကြောင့် ယနေ့တော့ဖြင့် တကာ တကာမတွေ ရောဂါပျောက်ဆေး အမှန်ပေးတော့မှာဘဲဆိုတာ ဒီဆေး ဖိသောက်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒီဆေး ဖိမသောက်လို့ရှိယင် တပည့်တော်တို့ ဘာပြစ်မျှား သင့်မှာတုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတို့ ယခု ရ-ထားတဲ့ဘဝကလေးဟာ ဆုံးရှုံးတော့မယ်နော်.... (မှန်ပါ့ဘုရား)။

ယခု ရ-ထားတဲ့ ဘဝကလေးဟာ.... (ဆုံးရှုံးပါတော့မယ်ဘုရား)ဆုံးရှုံးလိမ့်မယ်ဆိုတာက ဒီဒိဋ္ဌိ မပြုတ်လို့ရှိယင် ဂတိက မမြဲသေးဘူး(မှန်လှုပါဘုရား) ဒိဋ္ဌိမပြုတ်ယင်.... (ဂတိမမြဲသေးပါဘုရား) သွားရောဂတိက.... (မမြဲသေးပါဘုရား)။

မမြဲသေးဖြစ်နေတော့ ဒီပဋိစ္စသမုပ္ပါဒ်မှ နားမလယ်ယင်လဲ ဒီဋ္ဌိက မပြုတ်(မှန်ပါ့ဘုရား) အနိစ္စ ဒုက္ခ အနတ္တ မမြင်ပြန်လို့ ရှိယင်လဲ ဒီဋ္ဌိက မပြုတ်(မှန်ပါ့ဘုရား)။

ဤကဲ့သို့ မပြုတ်ပြီဆိုမှဖြင့် ယခု ရ-လာတဲ့ ဘဝကလေးဟာ တကာ တကာမတို့ အင်မတန်အဘိုးတန်တဲ့ ဘဝကလေးဟာ ဆုံးရှုံးသွားယင် ဒီနေရာ ပြန်မရောက်တော့ဘူးဆိုတာ သေသေချာချာ မှတ်ပါ(မှန်လှပါဘုရား)။

ဒါ့ကြောင့် သစ္စသံယုတ်ပါဠိတော်ကြီးများမှာ လာလို့က် တာက တကာ တကာမတို့ နှားတို့၏ ပခုံးပေါ်မှာ တင်တဲ့ ထမ်းပိုးဆိုတာ မြင်ဘူးကြပါလိမ့်မယ်-(မြင်ဘူးပါတယ်ဘုရား)။

အဲ-ဒီ ထမ်းပိုးဟာ လေးပေါက်ရှိတယ်၊ ထမ်းပိုးကြီး လျှို့တဲ့ အပေါက်ကလေးတွေက လေးပေါက်ရှိတဲ့အနက်က ထမ်းပိုး ပေါက် မပြီးသေးတော့ တပေါက်တည်း ဖေါက်ရသေးတယ် ထားပါတော့နော်....(မှန်လှပါဘုရား)။

အဲဒီ-တပေါက်ထည်း ဖေါက်တဲ့ထမ်းပိုးကို တကာတကာမတို့ ရောဝတီကနေပြီး မျှောလိုက်တာပေါ့ဗျာ၊ ဘယ်သူမှ မဆယ်ယင် ပင်လယ်ရောက်တော့မယ် (မှန်လှပါဘုရား) မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ပင်လယ်ထဲ ရောက်တဲ့အခါကျလို့ ရှိယင်လဲ တောင်လေတိုက်ယင် မြောက်ကို သွားရမှာ ကေန်ဘဲနော်....(မှန်လှပါ)မြောက်လေတိုက်ယင် တောင်ကိုသွားရမှာ....(ကေန်ပါဘဲဘုရား) ဝဲထဲမှာ ကြုံလို့ ရှိယင် မြုပ်ပြီးဘေးထွက်ပြီး ပေါ်ရမှာကလဲ သူ့ဝတ္တရားပေါ့ဗျာ(မှန်လှပါဘုရား)။

အဲဒီတော့ သူ့မှာ နေရာအမြဲရှိပါရဲ့လား....(မရှိပါဘုရား) အင်း....တကာ တကာမတို့ နေရာအမြဲမရှိဘူး၊ သူ့မှာတပေါက်ထဲ ပါတယ်နော်....(မှန်လှပါဘုရား)။

အဲဒီသံယုတ်ပါဦးတော်ကြီးက အနှစ်တရာမှ တခါတခါ ပေါ်တဲ့ လိပ်ကန်းကြီး ရှိတယ်ကွာတဲ့(မှန်ပါ့)အနှစ်တရာမှ ဘာတဲ့....(တခါတခါပေါ်ပါတယ်) အနှစ်တရာမှ တခါတခါပေါ်တဲ့ လိပ်ကန်းကြီး ရှိသကွ....တဲ့-ပင်လယ်ထဲမှာနော်....(မှန်ပါ့)။

ဒီ ထမ်းပိုးတုံးကြီးကလဲ ဟိုရောက် ဒီရောက်၊အဲဒီလိပ်ကန်းကြီးကလဲ ဟိုရောက် ဒီရောက်၊ လိပ်ကန်းကြီးခေါင်းဟာ ထမ်းပိုးပေါက်ကလေးထဲမှာ ခဏကလေး အသက်ရှူဖို့ နားဖို့ လျှိုမိဘို့ရာ အရေးဟာ တကာ တကာမတို့ညာဏ်နဲ့ စဉ်းစားကြည့်မြင်သေးရဲ့လား....(မမြင်ပါဘူးဘုရား)။

သူကလဲ အနှစ်တရာမှ တခါပေါ်တယ်(မှန်လှပါ)ထမ်းပိုးကလဲ သွားချင်ရာသွားနေတယ် (မှန်ပါ့) ဘယ်နှယ်လုပ်ပြီး သကာလ ထမ်းပိုးပေါက်ထဲမှာ တကာ တကာမတို့ လိပ်ကန်းခေါင်း လျှိုမိဘို့အရေးဟာ သြော်....မဖြစ်နိုင်ပါဘူးဘုရားလို့ ပြောရုံပါဘဲ(မှန်လှပါဘုရား)ဘယ်လိုဆုံးဖြတ်ချက် ချကြမလဲ....(မဖြစ်နိုင်ပါဘူး ဘုရား)မဖြစ်နိုင်ဘူးတဲ့....(မှန်ပါ့ဘုရား) အဲ့....တကာ တကာမတို့.... ယခုရ-ထားတဲ့ဘဝဟာ အဲဒီ့လိပ်ကန်းထမ်းပိုးပေါက်လျှိုတာက ခဲယဉ်းတာထက် တကာ တကာမတို့ ယခု ရ-ထားတဲ့ ခန္ဓာငါးပါး—ယခုလို တရားမမှ ကြားနာရတဲ့ ခန္ဓာငါးပါးဟာ ဒီ့ထက် ရခဲသေးတယ်(မှန်လှပါဘုရား)။

ဟိုဟာက လျှို့မိမယ်ဆိုယင် လျှို့မိနိုင်သေးတယ်၊ ဒီလို လူ့ဘဝကြုံဘို့ဟာက အတော်ခဲယဉ်းတယ်(မှန်ပါ့ဘုရား) သဘော ကျပလား....(ကျပါပြီ)။

တကာ တကာမတို့ ရ-ထားတဲ့ ဘဝကလေးဟာ သေးသေး သိမ်သိမ်လား....အလှန်ကြီးကျယ် မှန်မြတ်တဲ့ဘဝ ရ-ထားသလား ဆိုတာ အကဲခတ်စမ်းပါ (အလှန် ကြီးကျယ်တဲ့ ဘဝကို ရ-ထားပါတယ်ဘုရား)။

အလှန်ကြီးကျယ် မှန်မြတ်တဲ့ဘဝကြီး ရ-ထားတဲ့ဥစ္စာကို တကာ တကာမတို့က အိုတတ် နာတတ် သေတတ်တဲ့ခန္ဓာကိုယ်ကြီး ရပြီး အိုစာ နာစာ သေစာတွေကိုဘဲ-နောက်တခါ အိုရာ နာရာ သေရာဖြစ်ကြောင်းတွေ ရှောက်ရှာတုန်းလို့ ရှိခဲ့သည် ရှိသော် ဒီဘဝ ဂတိတိမ်းလို့ ရှိယင်ဖြင့် လူ့ဘဝ မရတော့ဘူး (မှန်လှပါဘုရား)။

မရလို့ ရှိယင်ဖြင့်တဲ့.... တကာ တကာမတို့ ငရဲသွားကြပေတော့....(မှန်ပါ့ဘုရား)ငရဲက နစ်ပြီးလို့ ပြန်တက်လာတော့လဲ လူ့ပြည် တန်းမတက်ဘဲနဲ့ တိရစ္ဆာန်ဘုံ တက်ကြပေတော့(မှန်ပါ့ဘုရား)။

တိရစ္ဆာန်ဘုံ တက်ပြီးသကာလ တိရစ္ဆာန်ဆိုတာက တကာ တကာမတို့ သိတဲ့အတိုင်း နိုင်ရာစားတွေ့ မဖြစ်ကြပေဘူးလား.... (ဖြစ်ပါတယ်ဘုရား)ကိုယ်ကနိုင်ယင် ကိုယ်ကစားတာဘဲ၊ သူကနိုင်ယင်....(သူကစားတာဘဲဘုရား)။

အဲဒီလို နိုင်ရာစားဘဝနဲ့ဆိုတော့ ပါဏာတိပါတ ကံတွေကလဲ မများဘူးလုားး.... (များပါတယ်ဘုရား) ပြန်ပြီးသကာလ တကာ တကာမတို့နိုင်ရာစား အကုသိုလ်ကံက-နေ တွန်းချလိုက်ပြန်တော့ ဦးခင်မောင်....ငရဲပြန်ရောက်တယ်(မှန်လှပါဘုရား)။

ဒါဖြင့် ငရဲကပြန်တက်-တီရစ္ဆာန်၊ တီရစ္ဆာန် နိုင်ရာစားက နေပြီးသကာလ ဘဝဆုံးသွားပြန်တော့လဲ ငရဲပြန်ကျပြန်ဆိုတော့ တကာ တကာမတို့ ပြန်တက်ခွင့် ဘယ်နှယ်နေကြသလဲ.... (မရှိနိုင်ပါဘူးဘုရား)။

မရနိုင်တော့ဘူးတဲ့-(မှန်ပါ့)မရနိုင်တော့ဘူးဆိုတာ သေချာပလားး....(သေချာပါတယ်ဘုရား)အဲဒ သစ္စသံယုတ်ပါဋ္ဌိတော်မှာ လာတဲ့အတွက် တကာတကာမတို့ ရ-ထားတဲ့ဘဝကလေးက လျှောမကျဘို့ အလွန် အရေးကြီးတယ် (မှန်လှပါဘုရား) ရ-ထားတဲ့ ဘဝကလေးက.... (လျှောမကျဘို့ အလွန် အရေးကြီးပါတယ်) လျှောမကျဘို့ အလွန် အရေးကြီးနေပါပြီဆိုတာ ဉာဏ်ရောက်ကြပါ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတို့ အိုဘေး နာဘေး သေဘေးကလဲ နှိပ်စက်လို့၊ အိုဘေး နာဘေး သေဘေး နှိပ်စက်တဲ့ အလုပ်တွေ ထပ်ရှာနေကြလို့ ဂတိတိမ်းသွားယင် ပြန်တက်ဘို့မရှိဘူး(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ သစ္စာ သီအောင် လုပ်ကြပေတော့လို့.... ဒါမှဘဲ တကာ တကာမတို့ လူ့ဘဝကနေပြီးသကာလ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ပြီးသကာလ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးမှာ

အေးချမ်းသာယာစွာ နေကြပါတော့ (မှန်ပါ့ဘုရား) ဒီဘဝက အလျှောမခံကြနဲ့တော့နော်.... (မှန်လှပါဘုရား)။

ဒီဘဝက....(အလျှောမခံပါနဲ့) အလျှောမခံကြပါနဲ့ အန္ဓုံးမခံကြပါနဲ့ ဆိုတာကိုဖြင့် သစ္စသံယုတ်ပါဦးတော်မှာ ဘုရားရှင်ကိုယ်တော်တိုင် ဟောထားသည် ဖြစ်လေသောကြောင့် တလုံးမှလဲ မလွဲတဲ့စကား ဖြစ်နေတယ်ဆိုတာ တကဝမှတ်မိပလား.... (မှတ်မိပါပြီဘုရား)။

ဒါဖြင့် ဒီအရင်းကို အန္ဓုံးခံကြတော့မလား-တကာတကာမတို့ (မခံပါဘူးဘုရား) အားလုံး တရားတပဲ့လုံးနော် မိဘ ဆွေမျိုး ဉာတကာ မတော်ဘူးသူမည်သည် မရှိလို့ တကယ်တမ်း ပြောနေတယ်ဆိုတာ ယုံကြည်ကြပါ (မှန်လှပါဘုရား)။

ကိုင်း— ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဒီတခါတိမ်းသွားလို့ ကယ်မည့် ယူမည့် မင်္ဂတ္ဒ မလာတော့ပါဘူး ဆိုလို့ရှိယင် မမျှော်လင့်ကြနဲ့တော့ ငရဲနဲ့ တိရစ္ဆာန် လှည့်ရုံဘဲ (မှန်လှပါဘုရား) သဘောပါပလား.... (ပါ-ပါပြီ)။

ဘာနဲ့ဘာ လှည့်နေမယ်.... (ငရဲနဲ့ တိရစ္ဆာန် လှည့်နေမယ်) ငရဲနဲ့ တိရစ္ဆာန် လှည့်လည်ပြီးသကာလ နေရုံဘဲ ဆိုတာဖြင့် ဦးခင်မောင် သေချာပလား.... (သေချာပါတယ်ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့က နောက်ဘဝ ဖြစ်ကြောင်းတွေကို ရှောက်ပြီးသကာလ တကာ တကာမတွေက တဏှာ ဥပါဒါန် ကံတွေ့ မဟုတ်တာတွေ့ ရှောက်ပြီးလုပ်နေကြမယ်ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့ နောက်ဘဝသည်ကားလို့ ဆိုယင် ဆက်မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ထိုကဲ့သို့ ဆက်လာတော့ ဘယ်ဘဝ လားမယ်လို့ သိကြရဲ့လား....(မသိပါဘုရား)မသိကြတော့-"ပါပသို့ရမတေမနော" မနော=စိတ်သည်၊ ပါပသို့=မကောင်းမှုဥစ္စာလျှင်၊ ရမတေ=မွေ့လျော်ပျော်ပိုက်၏လို့ ဓမ္မပဒက ဆိုထားသောကြောင့် စိတ်ကလဲ့ မကောင်းတဲ့ဘက် မွေ့လျော်တော့-တဏှာ ဥပါဒါန် ကံတွေကလဲ့ မကောင်းတဲ့ ကံတွေချည်း ဖြစ်နေတော့ ဦးခင်မောင် အပါယ်ငရဲဘဲရောက်ကြမယ်.... (မှန်ပါဘုရား)။

အပါယ်ငရဲ ရောက်လို့ ပြန်တက်တော့ တိရစ္ဆာန်ဘုံတဲ့၊ (မှန်လှပါဘုရား)တိရစ္ဆာန်ဘုံရောက်တော့ နောက် ဘာဖြစ်သတဲ့ (အပါယ်ငရဲ ပြန်ရောက်ပါတယ်) နိုင်ရာစားဖြစ်တဲ့အတွက် နိုင်ရာစား အကုသိုလ်ကံက ဘယ်-ချလိုက်ပြန်သလဲ....(အပါယ်ငရဲ ချလိုက်ပါတယ်ဘုရား)။

အပါယ်ငရဲက နှစ်စေ့လို့ တက်ပြန်တော့ ဘယ်ရောက် ပြန်သတုံး.... (တိရစ္ဆာန်ဘုံ ရောက်ပါတယ်) တိရစ္ဆာန်ဘုံ ရောက်တော့ ဘာအလုပ်-လုပ်ကြပါလိမ့်.... (နိုင်ရာစားအလုပ်-လုပ်ပါတယ်ဘုရား) နိုင်ရာစား အလုပ်-လုပ်ပြန်တော့ အောက် ပြန်ကျတယ် (မှန်ပါ့)။

ဒါဖြင့် ဘယ်နှယ်ဖြစ်နေသတုံးဆိုတဲ့ မေးခွန်းသည် တကာ တကာမတို့ အလွန် အရေးကြီးနေပါပေါ့ကလားဆိုတာ ပေါ်လာပါတယ် (ပေါ်လာပါတယ်ဘုရား)။

ဘယ်နှယ် ဖြစ်နေသတုံးဆိုတဲ့မေးခွန်း မေးတဲ့အခါကျလို့ ရှိယင် တကာ တကာမတို့ အင်မတန်မှ ချောမွေ့တဲ့- ဥပမာ ဟင်းချက်တဲ့ ဒန်ပေါက်ထမင်းတွေ ဘာတွေချက်တဲ့ မလိုင်သုတ် ထားတဲ့ အိုးတွေထဲမှာ အိမ်မျှောင်တို့ ဘာတို့ ကျသွားမယ်ဆိုလို့

ရှိယင် တကာ တကာမတို့ နခမ်းဝ ရောက်လိုက် ပြန်ကျလိုက်ဘဲ (မှန်ပါ့ဘုရား) နခမ်းဝ ရောက်လိုက်.... (ပြန်ကျလိုက်ပါဘဲ) အောက်က ပြန်တက်လို့ နခမ်းဝ ရောက်လိုက်.... (ပြန်ကျလိုက်ပါဘဲဘုရား)။

အဲ.... ဒီ တကာ တကာမတွေလဲ အခု ပြောလတ္တံ့ ဟောလတ္တံ့ ဖြစ်တဲ့ သစ္စာသိတဲ့မဂ် မလာသ၍ကာလပတ်လုံး တကာ တကာမတို့ တိရစ္ဆာန်ဘုံ ရောက်လိုက်- ပြန်ကျလိုက် (မှန်ပါ့) ဒီက ဂတိတိမ်းသွားယင်နော်.... (မှန်ပါ့ဘုရား)။

အခု ဒါဖြင့် သစ္စာသိဘို့အရေးဟာ အလွန် ကြီးမလာဘူးလား.... (လာပါတယ်ဘုရား)။

အေး.... ဒါကြောင့် ဒါ သိပြီးလို့ ရှိယင်ဖြင့်- မဂ်ဉာဏ်နဲ့ အတိအလင်း သိပြီးလို့ ရှိယင်ဖြင့် ဘာမှ မပူကြနဲ့တော့ (မှန်ပါ့ဘုရား) သဘောပါကြလား.... (ပါ-ပါတယ်ဘုရား)။

ကိုင်း–ဒါဖြင့် သေသေချာချာသာ မှတ်ကြပေတော့ သစ္စာသိတရားကိုဘဲ အစေလကဿပ ဝတ္ထုနှင့် သေသေချာချာ ကပ်ပြီး သကာလ တကာ တကာမတွေ ရှင်းသထက်ရှင်း လင်းသထက်လင်းအောင် ပြောပါတော့မယ်နော်.... (မှန်ပါ့ဘုရား)။

မမေ့ကြနဲ့ တကာ တကာမတွေ အဝိဇ္ဇာသင်္ခါရကြောင့်- ဒါက အဝိဇ္ဇာ၊ ပြုပြင်ဒါက သင်္ခါရ (စက်ဝိုင်းကိုပြသည်) ဦးခင်မောင်ရေ.... မသိတာက (အဝိဇ္ဇာပါဘုရား) ပြုပြင်တာက (သင်္ခါရပါဘုရား)။

ဩော်.... ရှေးဘဝက ကျုပ်တို့သည် သစ္စာလေးပါး မသိတာက အဝိဇ္ဇာ (မှန်လှပါ) သစ္စာလေးပါး မသိလို့ ပြုချင်သလို ပြုတာက ဘာပါလိမ့်.... (သင်္ခါရပါဘုရား)။

ဩော်.... ဒါကြောင့်"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ ဆိုလိုက်တယ်၊ မသိခြင်းကြောင့် မသိသလို ပြုလုပ်ဘယ်၊ ပြုလုပ်ခြင်းကြောင့် ဒီဘက်က တကာ တကာမတွေ ဒီနေ့ ပဋိစ္စသမုပ္ပါဒ်က ခန္ဓာငါးပါး ဖေါ်လာတယ် (မှန်လှုပါဘုရား)။

ဒီ ခန္ဓာငါးပါးက တကာ တကာမတွေ သိတဲ့အဘိုင်းတဲ့ ပဋိစ္စသမုပ္ပါဒ်က ခန္ဓာငါးပါး ပေါ်လာတယ်(မှန်လှုပါဘုရား) မသိတာက.... (အဝိဇ္ဇာပါဘုရား)၊ ပြုပြင်တာက.... (သင်္ခါရပါဘုရား) အင်း....ပြုပြင်လို့ ပေါ်လာတာက....(ခန္ဓာငါးပါးပါဘုရား)။

ဩော်....ဒီခန္ဓာငါးပါးဟာ ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား) ဦးခင်မောင်.... ဘာသစ္စာတဲ့ဗျာ.... (ဒုက္ခသစ္စာပါဘုရား) ဩော်.... တကာ တကာမတို့ အလိုလိုပေါ်တာလားလို့ ကြည့်လိုက်တဲ့အခါကျတော့ မသိတဲ့ အဝိဇ္ဇာ၊ မသိလို့ ပြုပြင်တဲ့ သင်္ခါရကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီး ဘုဉ်းကနဲ ပေါ်လာတော့- (မှန်လှုပါဘုရား) ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား)။

အင်း.... ဒုက္ခသစ္စာ ပေါ်လာတယ် တကာ တကာမတို့ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား) မသိတာက....(အဝိဇ္ဇာပါဘုရား) မသိလို့ ပြုပြင်လိုက်ပြန်တော့ (သင်္ခါရပါဘုရား) သင်္ခါရကြောင့် ယခု တကာ တကာမတွေ ဘာဖြစ်နေရသတုံး.... (ခန္ဓာငါးပါး ဖြစ်နေပါတယ်) ခန္ဓာငါးပါး ဒုက္ခသစ္စာတရား ဖြစ်နေကြတယ် (မှန်ပါ့)။

ဒါ့ကြောင့် ဒီထဲမှာ ခုနကပြောခဲ့တဲ့ ဦးခင်မောင်တို့ တကာတို့ ကြည့် ဇာတိ ဇရာမရဏ ပါနေတယ်(ပါ-ပါတယ်ဘုရား)

သေမင်းတွေကော.... (ပါ-ပါတယ်ဘုရား) သေမင်းတွေ ဇာတိ ဇရာမရဏတွေ ပါနေခြင်းကြောင့် သူ့ကို ဒုက္ခသစ္စာ ဆိုလိုက်ရ ပါတယ် (မှန်ပါ့ဘုရား) သဘောပါကြလား.... (ပါ-ပါပြီ)။

သြော်.... ဒါဖြင့် တကာ တကာမတို့ ဒီဥစ္စာက လွန်ခဲ့တဲ့ ၁-နုံပါတ် အတိတ်ဘဝ (မှန်ပါ့) ဒါက ဘာပါလိမ့်....(အတိတ် ဘဝပါ) သြော်....တကာ တကာမတို့ အတိတ်က သစ္စာလေးပါး မသိခဲ့လို့ ပြုချင်သလို ပြုခဲ့ကြတဲ့အတွက် ယခုဖြင့် ကြုံချင်သလို ကြုံရတဲ့ အိုဘေး နာဘေး သေဘေးအဖြစ်နဲ့ ဒုက္ခသစ္စာကြီး ရ-ထားတယ်....(ရ-ထားပါတယ်ဘုရား)။

အိုဘေး နာဘေး သေဘေးအဖြစ်နဲ့ ဘာရတုံး.... (ဒုက္ခ သစ္စာကြီး ရဲ-ထားပါတယ်ဘုရား) ဒုက္ခသစ္စာကြီး ရတယ်၊ ဦးခင်မောင်.... ရှင်းပြီနော်.... (ရှင်းပါပြီ)။

ကောင်းပြီ ဒီခန္ဓာငါးပါးကြီးဟာ အိုဘေး နာဘေး သေဘေး အပြည့်အစုံ ၉၆-ပါးရောဂါ အပြည့်အစုံနဲ့ တကာ တကာမတို့ သိတဲ့အတိုင်းတဲ့ ဒုက္ခသစ္စာတရားကြီး ကိုယ်ပိုင် လှလှကြီး ရပြီး ဒါကြီးနဲ့ အခု နေကြရတယ် (မှန်ပါ့ဘုရား)ဘာနဲ့ နေကြရတာ ပါလိမ့် တကာ တကာမတွေ.... (ဒုက္ခသစ္စာကြီးနဲ့ နေကြရပါ တယ်ဘုရား)။

ဒုက္ခသစ္စာကြီးနဲ့ နေကြရတာ တကာဝရေ- အဝတ်မဖုံးဘဲလဲ မရဲဘူး (မရပါဘူးဘုရား) အဝတ်မဖုံးယင် မဖုံးသလောက် ဖေါက်ပြန်တတ်တယ် (မှန်ပါ့ဘုရား) ဖုံးလွှန်းယင် ဖုံးလွှန်းလို့ (ဖေါက်ပြန်ပါတယ်ဘုရား)။

ထမင်း မကျွေးယင်— မကျွေးလို့.... (ဖေါက်ပြန်ပါတယ် ဘုရား)တခါကျွေးပြန်ယင်လဲ မတည့်လို့....(ဖေါက်ပြန်ပါတယ်

ဘုရား) ဘာသစ္စာကြီးပါလိမ့်.... (ဒုက္ခသစ္စာကြီးပါဘုရား) ဒါဖြင့် "ဝိပရိဏာမ လက္ခဏံ ဒုက္ခသစ္စ" (မှန်လှပါဘုရား)။

အဲ.... အဝတ်မဖုံးလဲ ဖေါက်ပြန်တယ် (မှန်လှပါ) ဖုံးပြန်တော့လဲ.... (ဖေါက်ပြန်ပါတယ်) မကျွေးပြန်တော့လဲ.... (ဖေါက်ပြန်ပါတယ်)ကျွေးပြန်တော့လဲ.... (ဖေါက်ပြန်ပါတယ် ဘုရား) ရေမချိုးဘဲ နေပြန်တော့လဲ.... (ဖေါက်ပြန်ပါတယ် ဘုရား) ချိုးပြန်တော့လဲ.... (ဖေါက်ပြန်ပါတယ်ဘုရား)။

ဒါဖြင့် "ဝိပရိဏာမ လက္ခဏ သစ္စ" (မှန်ပါ့ဘုရား) ဒီခန္ဓာကြီးဟာဖြင့် ဘာကြီး ရ-ထားပါလိမ့်မယ်(ဒုက္ခသစ္စာကြီး ရ-ထားပါတယ်ဘုရား)။

ဒုက္ခသစ္စာကြီး ရ·ထားတော့ တကာ တကာမတို့ ဘယ်နှယ်ကြောင့် ဒီဒုက္ခသစ္စာကြီးနဲ့ ကျုပ်တို့သည် အတူတကွ နေရပါလိမ့်မလဲမေးတော့ ရှေးဘဝက-မသိလို့၊မသိတော့ ပြုချင်တာ ပြုခဲ့ကြတယ် (မှန်ပါ့ဘုရား)။

ပြုချင်တာ ပြုခဲ့ကြတာ ယခု "ဝိပရိဏာမ လက္ခဏ သစ္စ" ဖေါက်ပြန်တတ်တဲ့ ဒုက္ခသစ္စာကြီး ကျုပ်တို့ ကိုယ်ပိုင်ရနေတယ် (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဘာကြီးနဲ့ ကိုယ်ပိုင် ရ-ပါလိမ့်.... (ဖေါက်ပြန်တတ်တဲ့ ဒုက္ခသစ္စာကြီးနဲ့ ကိုယ်ပိုင်ရပါတယ်)။

ဖေါက်ပြန်တတ်တဲ့ ဒုက္ခသစ္စာကြီးနဲ့ တကာ တကာမတွေ့ ကိုယ်ပိုင် ကိုယ်ဆိုင်အဖြစ်နဲ့ဘဲ ခဲ့လို့မရ ခဲ့ဖျက်လို့မရ ဖြေလို့မရ ဖြုတ်လို့မရ ဆိုတာကြီးနဲ့ ကျုပ်တို့ဖြင့် ဝိပါကဝဋ်ဆင်နေပြီ၊ (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဘာဝင့်သင့်နေသလဲ.... (ဝိပါကဝင့် သင့်နေပါတယ်) ဝိပါက-သဒ္ဒါက အကျိုးပေး၊ ဝင့်သဒ္ဒါက လုံးတယ် (မှန်ပါ့)- အကျိုးပေး လုံးလည်ခတ်နေပြီ (မှန်ပါ့ဘုရား)။

အကျိုးပေး ဘယ်နှယ်တုံး.... (လုံးလည်ခတ်နေပါတယ် ဘုရား) ဒုက္ခတွေနဲ့ လုံးလည်ခတ်နေပါပြီ....တဲ့ (မှန်ပါ့ဘုရား) တကာသစ်.... ဘာတဲ့ဗျာ.... (ဒုက္ခသစ္စာတွေနဲ့ လုံးလည်ခတ်နေပါပြီ)။

ဒုက္ခတွေနဲ့ လုံးလည်ခတ်နေတော့ ဝိပါက-က အကျိုး၊ ဝင့်-က အလုံး၊ အကျိုးပေး လုံးလည်ခတ်ပြီး ဒုက္ခတွေ လုံးလည်ခတ်နေပါပေါ့လား· တကာ တကာမတို့ (မှန်လှပါဘုရား)။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ ကြည့်လိုက်တဲ့အခါကျတော့ (စက်ဝိုင်းပြသည်)ဟောဒီအဝိဇ္ဇာက ကိလေသဝင့် (မှန်လှပါဘုရား) ဟောဒီကန့်စ်ခုက ကမ္မဝင့်၊ ဟောဒါကြီးက ဝိပါကဝင့် (မှန်ပါ့) ပေါ်လာပြီ တကာ တကာမတို့ (ပေါ်လာပြီ)။

အဝိဇ္ဇာက ဘာတဲ့ဗျာ.... (ကိလေသဝင့်ပါဘုရား)သခ်ါရက ဘာတဲ့.... (ကမ္မဝင့်ပါဘုရား) ခန္ဓာငါးပါးက....(ဝိပါကဝင့်ပါဘုရား) ဆြော်.... တကာ တကာမတွေဟာ ဝင့်ကောင်တွေပါကလား.... (မှန်ပါ့ဘုရား)။

ဒီ တကာ တကာမတွေဟာ— တကာ တကာမတွေလား.... ဝင့်တွေလား.... (ဝင့်တွေပါဘုရား) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဝင့်ဒုက္ခသစ္စာတွေ (မှန်ပါ့ဘုရား) တကာဝ-ရေ.... အရ တော်သလား၊အရဆိုးသလား....(အရဆိုးပါ့တယ်ဘုရား)။

အရ ဆိုးလို့ရှိယင်ဖြင့် တကာ တကာမတို့ ဇာတ်သိမ်းမှ တော်မလား....ဒါမျိုး ထပ်ပြီးရမှ တော်မလားဆိုတာ အကဲခတ်ကြစမ်း....(ဇာတ်သိမ်းမှ တော်မှာပါဘုရား) ဇာတ်သိမ်းမှ တော်မနော်....(မှန်ပါဘုရား)။

ဘုန်းကြီးတို့ တကာ တကာမတွေ ဘယ်လိုဆုံးမပါလိမ့်.... (ဇာတ်သိမ်းမှ တော်ပါမယ်ဘုရား) ဇာတ်သိမ်းမှ တော်မယ်ဆိုတာဖြင့် ကောင်းကောင်း သဘောကျပြီနော်.... (ကျပါပြီဘုရား)။

ကောင်းပြီ ဇာတ်သိမ်းမှ တော်မယ်ဆိုငြားသော်လဲ တကာ တကာမတွေက ဒီခန္ဓာကြီးကို ကျွေးချင်တဲ့ ခန္ဓာကြီးခင်တဲ့ တဏှာက လာပြန်တယ်....(မှန်ပါဘုရား)ခန္ဓာကြီး စားချင်တယ် စတ်ချင်တယ် လှချင်တယ် ပချင်တယ်ဆိုတဲ့တဏှာက မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါဟာ ဝိပါကဝဋ်ထဲက ကိလေသဝဋ် ထပ်ပေါက်ပုံးတာ (မှန်လှပါဘုရား) ဝိပါကဝဋ်ထဲက.....:(ကိလေသဝဋ် ထပ်ပေါက်ပုံးတာပါ)။

ဆွေ.....ဒါကြောင့် ခင်ဗျားတို့ အလုပ်အမျိုးမျိုး လုပ်ကြတာ ဘာလုပ်ကြတာပါလိမ့်မတုံး....၊ ရောင်းကြတာ ဝယ်ကြတာ လခစားလုပ်ကြတာတွေ ဘာလို့ချင်လို့တုံးဆိုတော့ ခန္ဓာကြီး ခင်လွန်းလို့ ကျွေးချင် မွေးချင်လွန်းလို့ ငဋ္ဌရာတဲ့တဏှာပေါ်ပေါက်တယ်....(မှန်လှပါဘုရား)။

ဒါကြောင့် ဒီခန္ဓာကြီးထဲက အခု ဘာတွေများ သီး ပွင့် ပေါ်ပေါက်လာပါလိမ့်မလဲ အကဲခတ်စမ်း.... (ကိလေသဝဋ် ပေါ်ပေါက်ပါတယ်ဘုရား)။

ခက်လိုက်တာ နဂိုကကိုက ကိလေသဝဋ်ကြောင့် ဒီဝဋ်မှ မကျွတ်သေးခင်က ဝဋ်မြစ်တခု ပေါက်ပြန်ပြီဆိုတော့ ကိုယ်ကျိုးဖြင့် လှလှကြီးနည်းပြီ- (နည်းပါပြီဘုရား)မနည်းသေးဘူးလား- (နည်းပါတယ်ဘုရား)။

ဉာဏ်နားနဲ့ ထောင်ကြ၊ ဉာဏ်နားနဲ့ ထောင်ကြ တကာ တကာမတို့.... (မှန်ပါ့ဘုရား) ဉာဏ်နားနဲ့ထောင်ကြ ကိုယ့် အဖြစ်ကဖြင့် မသိယင်-မသိသလို ဆိုးဝါးနေတာဆိုတာဖြင့် ပေါ်လောက်ပါပြီ.... (ပေါ်ပါပြီဘုရား) မသိ- မသိသလို ဘာဖြစ်သလဲ....(ဆိုးဝါးပါတယ်ဘုရား)။

ဆိုးဝါးပြီးသကာလနေတယ်၊ ကြည့်စမ်း—ဝိပါကဝဋ်ထဲက ဘာတွေများ ပေါက်ပွားနေပါလိမ့်-(ကိလေသဝဋ် ပေါက်ပွားနေပါတယ်ဘုရား)

ခန္ဓာကြီးခင်တဲ့ တဏှာကြောင့် ခန္ဓာကြီးစွဲလမ်းတဲ့ ဥပါဒါန် ဆိုတော့ ဦးခင်မောင်တို့ တကာဝတို့ ကိလေသဝဋ် နှစ်ခုကို ရောက်လာပြီ.... (ရောက်လာပါပြီဘုရား)။

အဲဒီတော့ ကာယကံ ဝစီကံနဲ့ ရောင်းဟဲ့ ဝယ်ဟဲ့ ဆိုတဲ့ ကာယကံ ဝစီကံတွေ လာရမှာလား....မလာရဘူးလား....(လာရမှာပါဘုရား) ရော....ခက်နေပြီ—ခက်နေပြီ တကာ တကာမတို့ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်လုပ်ပြန်ပြီ....(မှန်ပါ့ဘုရား)။

ဟ.....ဘယ်ထဲက ပေါက်ပွားလာတာပါလိမ့် မတုံး.... (ကိလေသဝဋ်ထဲက ကမ္မဝဋ် ပေါက်ပွားပါတယ်ဘုရား)လုံးလည် ခတ်နေပြီ(ခတ်နေပါပြီဘုရား) ဘယ့်နှယ် ဖြစ်နေကြသတုံး.... (လုံးလည်ခတ်နေပါတယ်ဘုရား)။

လုံးလည် ခတ်နေပြီဆိုတာကို ဘုန်းကြီးမှ မဖေါ်မပြောလို့ ရှိယင် တကာ တကာမတို့က အို....ကျုပ်သုပ်နေတာ အကောင်းလို့ ဆိုလိမ့်မယ်....(မှန်ပါ့)။

သူများလဲ ရောင်းဝယ်ဘောက်ကား စားသောက်နေကြတာဘဲ၊ သူများလဲ ပြောဆိုနေကြတဲ့ ဝစီကံ၊ သွားလာနေကြတဲ့ ကာယကံနဲ့ဘဲ သူတို့လဲ လိုချင် ရချင်လို့ သွားကြတာဘဲ၊ ကျုပ်တို့လဲ လိုချင် ရချင်လို့ သွားတာဘဲ၊ဘယ်သူ့အတွက်တုံး-အစ်ကိုကြီးတို့ ကျုပ်တို့ စားဘို့.... (မှန်ပါ့ဘုရား) ဟောဒါ ကျုပ်သမီးတွေ စားဘို့၊ ဟောဒါ ကျုပ်သားတွေ လူလားမြောက်ဘို့....(မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီးကြောင့်ဘဲ ကိလေသဝဋ်ဆို မလာဘူးလား.... (လာပါတယ်ဘုရား)ကိလေသဝဋ်ကြောင့် ကာယကံ ဝစီကံနဲ့ နံနက်မိုးလင်း ဆိုင်ရာဆိုင်ရာ သွားကြ လာကြ မရှိဘူးလား....(ရှိပါတယ်ဘုရား)ပြောကြတဲ့ ဝစီကံရော....(ရှိပါတယ်ဘုရား)။

အင်း....ကာယကံနဲ့ လှုပ်လှုပ်ရှားရှား ကားရှိ-ကားနဲ့ သွားလို့၊ ကားမရှိယင်လဲ ခြေလျင်သွားလို့၊ ဒါတွေက ကံခမြောက်တာတွေ့ မဟုတ်သေးဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

ကဲ....စုတေမနေ သေလွန်တော့ တကာ တကာမတို့ စဉ်းစားကြဦးတော့ ဝိပါကဝဋ်ဆိုတော့ ခန္ဓာငါးပါး လာပြန်တယ်....(မှန်ပါ့ဘုရား) ဘာ လာပြန်သလဲ....(ဝိပါကဝဋ်လာပါတယ်)။

ခက်ပြီ....ခက်ပြီ တကာ တကာမတို့ ဟောဒီမှာ အတိတ်ဘဝက ကိလေသဝဋ် ကမ္မဝဋ်ကြောင့် ပစ္စုပ္ပန်ဘဝမှာ ဝိပါကဝဋ်ကြီးပေါ်နေတယ်....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဝိပါကဝဋ်က ဘာတွေ ပေါက်ပွားပြန်သလဲ စဉ်းစားစမ်း.... (ကိလေသဝဋ်ပေါက်ပွားပါတယ်ဘုရား)ကိလေသဝဋ်နဲ့ ကမ္မဝဋ် လာ-ပေါက်ပွားတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ကိလေသဝဋ်နဲ့.... (ကမ္မဝဋ် လာ-ပေါက်ပွားပါတယ်)။

ကဲ....စုတေမနေ သေလွန်တော့ တခုသောဘဝမှာ ခန္ဓာငါးပါး ရဦးမယ်.... (မှန်ပါ့) မရပေဘူးလား.... (ရပါတယ်ဘုရား)အဲဒါက ဘာလုပ်ကြမယ် ထင်သတုံး....(ဝိပါကဝဋ်ပါဘုရား)။

ဒီဝိပါကဝဋ်ကလဲ အငြိမ်နေမည့် ဝိပါကဝဋ်လား မေးပါဦး-(မနေပါဘူးဘုရား)လာလိမ့်ဦးမယ်၊ဒီ သူ့ ခန္ဓာ စီစဉ်တဲ့ တဏှာ ဥပါဒါန် ကံတွေက မလာပေဘူးလား....(လာပါတယ်ဘုရား) လာယင် ဟိုဘက်မှာ ဘာဝဋ် လာဦးမယ်ထင်သတုံး-(ဝိပါကဝဋ် လာပါဦးမယ်ဘုရား)။

ကမ္မဝဋ်ပြီးတော့ ဝိပါကဝဋ်တွေ မဆက်ပေဘူးလား....(ဆက်ပါတယ်ဘုရား)ကိုင်း-ဂျာအေး သူ့အမေရိုက်ပါလို့ မျောင်မိုက်မှာတဲ့ငို ဖြစ်ကုန်ပြီ....(မှန်လှပါဘုရား)တကာ တကာမတို့ ဆုံးကို မဆုံးတော့ဘူး၊ ဆုံးပါ့မလား.... (မဆုံးပါဘူးဘုရား)။

ကိုင်း....ဒါဖြင့် ဝဋ်သုံးပါး လည်ပုံဖြင့် တကာ တကာမတို့ ယနေ့ ရှင်းပါပြီ-(မှန်လှပါဘုရား)ဟာဒီ ကိလေသဝဋ် ကမ္မဝဋ် ကြောင့် ဘာ ဖြစ်သတုံး.... (ဝိပါကဝဋ် ဖြစ်ပါတယ်ဘုရား) ဝိပါကဝဋ်ထဲက ဘာဝဋ်တွေ ပေါက်ပွားလာသတုံး(ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား)။

ကိလေသဝဋ် ကမ္မဝဋ်တွေ ပေါက်ပွားလာသောကြောင့် အနာဂတ် ဘာတွေ ရပြန်သတုံး-(ဝိပါကဝဋ်တွေ ရပြန်ပါတယ် ဘုရား)အနာဂတ် ဝိပါကဝဋ်ထဲကလဲ ဘာတွေ ပေါက်ပွားမယ် ထင်သတုံး.... (ကိုလေသဝဋ် ကမ္မဝဋ်တွေ ပေါက်ပွားပါတယ် ဘုရား)။

ကိလေသဝဋ် ပေါက်ပွားလို့ ရှိယင်ဖြင့် တကာ တကာမတို့ ဒီဝိပါကဝဋ်ဟာ ခန္ဓာပြန်လှည့်မယ်.... (လှည့်ပါတယ် ဘုရား) မလှည့်ပေဘူးလား....(လှည့်ပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာပတ်နေတယ်ဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)ဒါဖြင့် တကာ တကာမတို့မှာ သေသေချာချာ စဉ်းစားတော့ ကိလေသဝဋ် ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်တယ်(မှန်လှပါဘုရား)ဝိပါကဝဋ်ထဲက ဘာတွေ ပေါက်ပွားသတုံး....(ကိလေသဝဋ် ကမ္မဝဋ်တွေ ပေါက်ပွားပါတယ် ဘုရား) အနာဂတ်ဘဝ ဘာတွေပေါ်လာပြန်ပါလိမ့်.... (ဝိပါကဝဋ်တွေ ပေါ်လာပါတယ်)ဝိပါကဝဋ်ဆိုတဲ့ ဒုက္ခသစ္စာကြီး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ကိုင်း- ဒါဖြင့် ဒီထဲကလဲ ထပ်ပေါ်ဦးမယ် ဆိုယင်ဖြင့် ဦးခင်မောင်ရေ.... ကဲ ရှင်းကြစို့....ဒုက္ခသစ္စာဖြစ်တယ် (မှန်လှပါဘုရား) ဒုက္ခသစ္စာထဲက သမုဒယသစ္စာ အညွှန့် အညွှောင့်တွေ ထွက်သောကြောင့် အနာဂတ် ဘာလာပြန်သတုံး.... (ဒုက္ခသစ္စာလာပါတယ်ဘုရား) ဒါဘဲ လှည့်လာတယ် (မှန်ပါ့)။

ဒါဖြင့် တကာသစ်.... သမုဒယ+ဒုက္ခ၊ သမုဒယ+ဒုက္ခ၊တသံသရာလုံးဘဲ(မှန်လှပါဘုရား)ပေါ်ပြီပေါ်ပြီ တကာ တကာမတို့ (မှန်လှပါဘုရား) တသံသရာလုံး ကျုပ်တို့ ဒီဝဋ် (၃)ပါးနဲ့

ပြောင်းလဲခံနေရပါတယ်၊ သမုဒယနဲ့ ဒုက္ခနဲ့ ပြောင်းလဲခံနေရပါတယ်ဆိုတာဖြင့် ကောင်းကောင်းပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)တော်တော်အရေးကြီးပါကလား တကာ တကာမတို့.... (ကြီးပါတယ်ဘုရား)။

ဒါဖြင့် စဉ်းစားကြစို့ တကာ တကာမတို့.... ကျုပ်တို့သည် မင်္ဂလာဆိုတဲ့ မဂ္ဂသစ္စာ၊ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာမျိုး အသံလဲမကြားဘူးဘူး၊ ခန္ဓာထဲလဲ မမြင်ဘူးပါဘူး (မှန်ပါ့ဘုရား) တသံသရာလုံး နေခဲ့ရတယ် (မှန်ပါ့ဘုရား) တွေ့ကြပလား.... (တွေ့ပါတယ်ဘုရား)။

မဂ္ဂသစ္စာ ဒီထဲပါရဲ့လား.... (မပါ-ပါဘူး) အင်း.... နိရောဓသစ္စာကော ကြုံခဲ့ကြရဲ့လား.... (မကြုံခဲ့ပါဘူးဘုရား) ဘာနဲ့လှည့်နေကြသလဲ.... (ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ လှည့်နေပါတယ်ဘုရား)။

သမုဒယသစ္စာ+ဒုက္ခသစ္စာ (မှန်ပါ့) သမုဒယသစ္စာ....(ဒုက္ခသစ္စာပါ) ဒီ ဒုက္ခသစ္စာက ဘာတွေ ပွားဦးမလဲ.... (သမုဒယသစ္စာတွေ ပွားပါဦးမယ်) နောက်လာမှာက.... (ဒုက္ခသစ္စာပါဘုရား)။

ဩော်.... ရှေးတုန်းက တပည့်တော်များ အရှင်ဘုရား.... အရှင်ဘုရားက ဉာဏ်ကျယ်ပါတယ်၊ မသိလို့ လျှောက်ပါရစေ၊ ရှေးတုန်းက တပည့်တော်တို့ ဘာများဖြစ်ခဲ့သတုံး မေးလို့ ရှိယင် ပေါ်ပြီ၊ ဒါဘဲဖြစ်ခဲ့တယ် (မှန်လှပါဘုရား)။

ဘာဖြစ်ခဲ့ကြသတုံး.... (သမုဒယနဲ့ ဒုက္ခဘဲ ဖြစ်ခဲ့ပါတယ်ဘုရား) သမုဒယ+ဒုက္ခ (မှန်ပါ့) နောက်တခါ လာပြန်တော့

ကော.... (သမုဒယနဲ့ ဒုက္ခပါဘဲဘုရား) နောက်တခါ လာပြန်တော့ကော.... (သမုဒယနဲ့ ဒုက္ခပါဘဲဘုရား)။

ရော.... ဒါဖြင့် မီးနဲ့ လောင်စာ (မှန်ပါ့ဘုရား) သမုဒယက မီး (မှန်ပါ့ဘုရား) ခန္ဓာက.... (လောင်စာပါဘုရား) မီးနဲ့ လောင်စာချည်း ဖြစ်ခဲ့တယ် (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ဘာတွေ့ချည်း ဖြစ်ခဲ့ကြပါလိမ့်.... (မီးနဲ့ လောင်စာချည်း ဖြစ်ခဲ့ပါတယ်ဘုရား)။

မောင်မြရှေ.... တယ်- ဆိုးခဲ့ပါလားကွယ်.... (ဆိုးပါတယ်ဘုရား) တကာသစ်.... ဘယ် နှယ်နေကြသလဲ.... (ဆိုးပါတယ်ဘုရား) ဘာချည်း ဖြစ်ခဲ့ကြသလဲ.... (မီးနဲ့ လောင်စာချည်း ဖြစ်ခဲ့ကြပါတယ်) မီးနဲ့ လောင်စာချည်း ဖြစ်နေတယ် (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ရှေးဘဝက တပည့်တော်တို့ဘုရား.... လူကောင်း နတ်ကောင်း ဗြဟ္မာကောင်းများဘဲလား၊ အပြောတော့ဖြင့် ဖြစ်ချင် ဖြစ်ပါလိမ့်မယ်(မှန်ပါ့ဘုရား) အစစ်ကတော့ဖြင့် တကာ တကာမတို့ မီးနဲ့ လောင်စာဘဲ ဖြစ်ခဲ့တယ်(မှန်လှပါဘုရား) ဘယ်လိုဆိုကြမယ်.... (မီးနဲ့ လောင်စာဘဲ ဖြစ်ခဲ့ပါတယ်ဘုရား) မီးနဲ့ လောင်စာဘဲ ဖြစ်တယ်ဆိုတာ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘူးဘုရား)။

ကိုင်း-ဒါဖြင့် တကာ တကာမတို့ ရှေးဘဝက ခင်ဗျားတို့ သန္ဓာန်ဖြင့် မင်ကြာဏ်ဆိုတဲ့တရားလဲ မပေါ်ပေါက်ခဲ့ပါဘူး၊ (မှန်ပါ့ဘုရား) နိဗ္ဗာန်ဆိုတဲ့တရားလဲ မျှော်မှန်းဘို့ရာအတွက် မမြင်ခဲ့ပါဘူး.... (မမြင်ခဲ့ပါဘူးဘုရား) မြင်သေးရဲ့လား.... (မမြင်ပါဘူး)။

ဩော်.... ခင်ဗျားတို့ သစ္စာလေးပါးရှိသည့်အနက်က သစ္စာ ၌စ်ပါး ကွယ်နေခဲ့ပါကလား.... (မှန်ပါ့ဘုရား) ဘယ်သစ္စာ ဘယ်သစ္စာ ကွယ်ပါလိမ့်....(မဂ္ဂသစ္စာနဲ့ နိဗ္ဗာနသစ္စာ ကွယ်ပါ တယ်ဘုရား) အင်....ဟင်....ဘယ်သူနဲ့ ကိုယ်ပိုင် နေရပါလိမ့်.... (သမုဒယ ဒုက္ခသစ္စာနဲ့ နေခဲ့ရပါတယ်ဘုရား) သမုဒယက မိုး-ဟုတ်လား၊ ဒုက္ခသစ္စာက လောင်စာ (မှန်ပါ့ဘုရား)။

ဩော်.... တကာ တကာမတို့ လောင်စာနဲ့ မိုးသာလျှင် အပြိုးအပိုင် နေခဲ့ရတယ်ဆိုတာ လောင်စာနဲ့ မိုးနဲ့သာ အပြိုး နေခဲ့ရတယ်ဆိုတာကိုဖြင့် သေသေချာချာသာ ကြည့်ပေတော့ ဦးခင်မောင်ရေ ဒီဥစ္စာ အမှန်ဘဲလို့ ဆုံးဖြတ်ချက်ချပေတော့.... (မှန်လှပါဘုရား)။

အမြင်အားဖြင့်လဲ ဟုတ်၏၊ ဖြစ်စဉ်အားဖြင့်လဲ.... (ဟုတ်ပါ တယ်ဘုရား) သဘောပါကြလား.... (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တဲ့ကာ တကာမတွေ့....လောင်စာသိမ်းခြင် မိုးငြိမ်းတာ ရှာရလိမ့်မယ် (မှန်လှပါဘုရား) ဘာရှာရမယ်.... (လောင်စာသိမ်းခြင် မိုးငြိမ်းတာ ရှာရပါမယ်) ဘဝမျှားစွဲက လောင်စာနဲ့ မိုး တွဲလျက်ချည်းသာ နေခဲ့ရတယ်(မှန်လှပါဘုရား) ဘဝမျှားစွဲက.... (လောင်စာနဲ့ မိုး တွဲလျက်ချည်းသာ နေခဲ့ ရပါတယ်ဘုရား)။

အခု အချိန်ကလေးမှာ ဘာရှာဘို့ သင့်ပါလိမ့်....(လောင်စာ သိမ်းတာ ရှာရပါမယ်) လောင်စာသိမ်းခြင် မိုးငြိမ်းတာ ရှာရ လိမ့်မယ် တကာ တကာမတို့.... (မှန်လှပါဘုရား)။

သေသေချာချာ ဉာဏ်နားနဲ့ ထောင်ကြည့်စမ်းပါ၊အင်မတန် အရေးကြီးတယ် (မှန်ပါ့ဘုရား) တသက်နဲ့တကိုယ် ကြားရတယ်

ဆိုတဲ့ဥစ္စာ တကာတကာမတို့ မလွယ်ဘူးနော်....(မှန်လှပါဘုရား) လွယ်ပါ့မလား.... (မလွယ်ပါဘူး)။

မလွယ်ဘူး-မလွယ်ဘူး၊ တသံသရာလုံး နေခဲ့ရတာက တကာ တကာမတို့ သမုဒယနဲ့ ဒုက္ခနဲ့ နေခဲ့ရတာ (မှန်လှပါဘုရား) တဘဝပြောင်းပြန်တော့လဲ ဘာမပြောင်းသတုံး.... (သမုဒယနဲ့ ဒုက္ခ မပြောင်းပါဘူး)။

သမုဒယက ချေငံလိုက်၊ ဒုက္ခခန္ဓာက ပျက်လိုက် (မှန်ပါ့ဘုရား) ရောက်ရာဘဝ ဒုက္ခခန္ဓာက-သမုဒယခန္ဓာ အသီး အပွင့်တွေ့ သီးပြီး၊ ဒုက္ခခန္ဓာတည်းဟူသော အပင်ကြီး ပေါက်လိုက် (မှန်ပါ့) ဒီလိုချည်းဘဲ ဖြစ်ခဲ့တယ်ဆိုတာဖြင့် တကာ တကာမတို့ ငြင်းစရာရှိသေးရဲ့လား.... (မရှိပါဘူးဘုရား)။

အဲဒါကြောင့် ဦးခင်မောင်....မဂ္ဂနဲ့ နိဗ္ဗာန်ကိုဖြင့် မျှော်မှန်းဘို့ရာ အခွင့်အရေးကို မကြုံခဲ့ပါကလား (မကြုံခဲ့ပါဘူးဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုမြရွှေ ပေါ်ပလား.... (ပေါ်ပါပြီ) နောက်ဘဝတွေက ကျုပ်တို့ ဘာနဲ့မျှား နေခဲ့ရပါလိမ့်....(သမုဒယနဲ့ ဒုက္ခနဲ့ နေခဲ့ရပါတယ်) သမုဒယဆိုတာက မီးဗျ (မှန်လှပါ) ခန္ဓာက.... (ဒုက္ခပါဘုရား)။

အင်....မီးနဲ့ လောင်စာနဲ့ချည်း ကျုပ်တို့တခါတည်း ဇာတ်သိမ်းခဲ့ရတယ်.... (မှန်ပါ့ဘုရား) မီးနဲ့လောင်စာနဲ့တဲ့၊ နောက်ဆုံးပိတ်ပြန်ပြီးသကာလ သေလိုက်၊နောက်တခါ မီးနဲ့လောင်စာနဲ့ တဲ့ ဖြစ်ပြန်ပြီ.... မလာဘူးလား....(လာပါတယ်)။

ဒီလိုနဲ့ချည်း သေခဲ့ရတာဖြင့် သေခြင်းကောင်းမျှား ပါခဲ့ကြရဲ့လား.... (မပါခဲ့ပါဘူး ဘုရား) အင်း....ဘာနဲ့ သေခဲ့ရ

သလဲ....(သေခြင်းဆိုးနဲ့ သေခဲ့ရပါတယ်)အင်း....နေတော့ကော ဗျာ....(နေခြင်းဆိုးနဲ့ခဲ့ရပါတယ်) နေတော့-နေခြင်းဆိုး၊ သေတော့ သေခြင်းဆိုး....(မှန်ပါ့) နေတော့ကို....(နေခြင်းဆိုး နေခဲ့ရပါတယ်) နေတော့ ကိလေသာဘဲ ပေါက်ပွါးနေတာကိုးဗျ-(မှန်ပါ့ဘုရား)။

ကိလေသာ ပေါက်ပွါးနေတော့- ခန္ဓာထဲမှာ ကိလေသာ ပေါက်ပွါးနေတော့လဲ ဒီခန္ဓာထဲ လောင်နေတာဘဲ.... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ နေခြင်းဆိုး ဆိုတာလဲ မနာကြပါနဲ့.... (မနာပါဘူး ဘုရား) သေတော့လဲ ကိလေသာမီး လောင်ပြီးသကာလ သား စိတ်မချ သမီး စိတ်မချဘဲနဲ့ ပစ္စည်းလိုသလောက် မပြည့်ဘဲနဲ့ ဖြစ်မှဖြစ်ရလေခြင်း ဆိုပြီး သေသွားတာဘဲ။ ဒီ မီးလောင် သေသွားတာဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) သေတော့လဲ ဒီမီး လောင်သေတာဘဲ....(မှန်ပါ့)။

ဒါဖြင့်တကာတကာမတို့ တပည့်တော်-တပည့်တော်မတို့သည် ဘဝများစွာ သံသရာက ဘယ်လိုနေလို့ ဘယ်လို ထိုင်ခဲ့ရပါလိမ့် မလဲဘုရားလို့ မမေးပါနဲ့တော့ တကာတကာမတွေ ပြတာနဲ့ဘဲ ရှင်းနေပြီ....(မှန်ပါ့ဘုရား)။

ဘယ်လိုများ နေခဲ့ရပါလိမ့်....(နေခြင်းဆိုးနဲ့ နေခဲ့ကြရပြီး သေခြင်းဆိုးနဲ့ သေခဲ့ရပါတယ် ဘုရား) နေခြင်းဆိုးနဲ့-သေခြင်းဆိုးနဲ့ နေခဲ့ရတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (မှန်ပါ့-ကျပါပြီ)။

နေတော့လဲ့ လောင်စာနဲ့မီး တဲ့လျက်ဘဲ....(မှန်ပါ့)သေတော့လဲ့ မီးလောင်လို့ သေလိုက်ရတယ်....(မှန်ပါ့ဘုရား) သား စိတ်ချပြီး သေတဲ့ အမေအဖေ ရှားလိမ့်မယ်....(ရှားပါတယ်ဘုရား) သမီး စိတ်ချပြီး သေတဲ့ အမေအဖေကော.... (ရှားပါတယ် ဘုရား) ပစ္စည်းရှာလို့ အားရလို့ - အမွေပေးခဲ့ရတာ အားရလို့ သေသွားတဲ့ အမေအဖေကော....(ရှားပါတယ် ဘုရား)။

ဒါဖြင့် စိုးရိမ်မှု၊ ကြောင့်ကြမှု၊ ဗျာပါဒမှု ခင်မှုတန်းလန်း မင်မှုတန်းလန်း စာရင်းမချုပ်, အင်းမချုပ်နဲ့ မီးလောင် သေတယ်....(မှန်လှပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ခင်မှုတန်းလန်း မင်မှုတန်းလန်းနဲ့ စာရင်းမချုပ် အင်းမချုပ်နဲ့ ဘာဖြစ်သွားပါလိမ့်....(မီးလောင် သေပါတယ် ဘုရား)။

အင်း....တကာတကာမတို့ ကြောက်စရာ အကောင်းဆုံးလို့ ဒီဥစ္စာ သစ္စသံယုတ်မှာလာတာကို ပြောနေပါတယ်နော်.... (မှန်ပါ့ဘုရား) ကိုင်း....ကိုယ့် အကြောင်း ကိုယ်သိကြပလား.... (သိပါတယ် ဘုရား)။

ဒါဖြင့် သစ္စာနှစ်ပါးနဲ့ လည်နေခဲ့ရတယ်....(မှန်ပါ့ဘုရား) သစ္စာနှစ်ပါးက စုန်းစုန်းမြုပ်နေတယ်....(မှန်ပါ့ဘုရား) ကျုပ်တို့ ဉာဏ်ထဲမှာလဲ မပေါ်လာ.... (မပေါ်ပါဘုရား) တွေ့လဲ့ မတွေ့ရ- (မှန်ပါ့)။

ဒါဖြင့် ဆင်းရဲသစ္စာနှစ်ပါးနဲ့သာ အချိန်ကုန်ခဲ့ရ၍ ချမ်းသာသစ္စာနှစ်ပါးကို မျှော်မှန်းနိုင်တဲ့ဘဝ မရခဲ့ဘူး.... (မရခဲ့ပါဘူး- ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဒီဘဝအခု ခင်ဗျားတို့ အားလုံးဘဲ သံဃာတော်တွေ့ ဆရာတော်တွေ့ ပြောဆိုဟောကြားညွှန်ပြဆုံးမနေတဲ့ ကိုယ့်

ကိုယ် ကယ်မည့် ယူမည့် သစ္စာနှစ်ပါးကို အရ မယူလိုက်ရလို့ ရှိယင်ဖြင့် ခုနက ပြောခဲ့တဲ့ မလိုင်သုတ်ထားသော ကြေးအိုး ဖင်ချွန်းထဲမှာကျတဲ့ အိမ်မျောင်တော့ ဖြစ်တော့မယ်.... (မှန်လှုပါဘုရား)။

တက်လိုက်- အထက်ရောက်ကာနီး လျှောကျလိုက်.... (မှန်ပါ့) ဒီအတိုင်းမနေပေဘူးလား....(နေပါတယ်ဘုရား) အဲဒါ.... တကာတကာမတို့ ဘယ်တော့ အလင်းကို ရောက်ခဲ့တယ် ရှိသေးရဲ့လား....(မရှိခဲ့ပါဘုရား)။

ဒီမှာ ခင်ဗျားတို့ သမုဒယသစ္စာကလဲ အမဲသစ္စာ၊ ဒုက္ခသစ္စာကလဲ ဆင်းရဲသစ္စာ....(မှန်ပါ့ဘုရား) အမဲနဲ့ ဆင်းရဲ.... (မှန်ပါ့) ဦးခင်မောင်ရေ....ဘာတဲ့တုံး....(အမဲနဲ့ ဆင်းရဲပါဘုရား)။

နောက်တခါ လာပြန်တော့ကော.... (အမဲနဲ့ ဆင်းရဲပါဘဲ) အမဲနဲ့ ဆင်းရဲဘဲ ရှိတယ်၊ နောက်တခါ လာပြန်တော့ကော.... (အမဲနဲ့ဆင်းရဲပါဘဲ)။

ဩော်....တကာတကာမတို့ မျောင်ထဲနေတဲ့ အထဲမှာ ဆင်းရဲထဲ မျောနေရတာပေါ့....(မှန်ပါ့ဘုရား) မျောင်မဲနေတဲ့အထဲမှာ-(ဆင်းရဲထဲ နေရပါတယ်) ဘယ်တော့မှ မဂ်ရောင်ခြည် မသန်းပါကလား....(မှန်ပါ့ဘုရား)။

ဘယ်တော့မှ မဂ်ရောင်ခြည်မသန်း၊ ဘယ်တော့မှ နိဗ္ဗာန်ဆိုတဲ့ နေကြီးကလဲ့ မထွက်လာပါကလား....တကာ ဝ-ရ.... (မှန်လှုပါဘုရား) အင်မတန် ခက်နေပါပေါ့ ကလား.... (ခက်နေပါတယ်ဘုရား)။!

အဲဒါ ဘယ်သူကြောင့်တုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတို့ ဒီအထဲမှာ အရေးအကြီးဆုံး ပြောကြပါစို့ ဆိုတော့

သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးကို မပယ်နိုင်တဲ့အတွက် ဒီအဖြစ်ဆိုးကြီးနဲ့ တွေ့ကြ-ကြုံကြ-ဆုံကြရတာယ်ဆိုတာ သေသေချာချာမှတ်ပေတော့....(မှန်လှပါဘုရား)။

သဿတဒိဋ္ဌိကလဲ သြော်....ငါရှိတုန်း ငါသား-သမီးကလေးတွေ လူလားမြောက်ချင်လိုက်တာ.... (မှန်ပါ့) ဒါ-သဿတဒိဋ္ဌိပေါ့....(မှန်လှပါ) ငါရှိတုန်း ဘာတုံး....(သားသမီးကလေးတွေ လူလားမြောက်ချင်လိုက်တာ)။

ဒါမှ ငါ--အသေကောင်းမှာ၊ ငါ-အသေကောင်းပြီးသကာလ ငါဘဲ သုဂတိရောက်မှာဆိုတော့ ဘာဒိဋ္ဌိတွေ ဖြစ်နေသလဲ....(သဿတဒိဋ္ဌိတွေ ဖြစ်နေပါတယ်)။

သြော်....သဿတဒိဋ္ဌိတွေ ဖြစ်ပြီးသကာလနေကြတော့ အင်းတကာတကာမတို့ အခု သားတွေ-သမီးတွေ လုပ်ကိုင်ကျွေးနှိုင်တာ ကိုယ့်အသေကျွေးကြသလားတဲ့....၊ ဘယ်တော့ ငါသေလိမ့်မယ်၊ ငါ သူတော်ကောင်းဖြစ်အောင် မြန်မြန် အားထုတ်မှဘဲလို့ ဆိုပြီးသကာလ ကျွေးကြ-မွေးကြတာလား.... သူတို့ လူလားမြောက်ဘို့ကို စောင့်ပြီးသကာလ လုပ်ကျွေးနေတာလားမေးယင် ဘယ်နှယ်ဖြေကြမလဲ....(လူလားမြောက်ဘို့ စောင့်ပြီး လုပ်ကျွေးနေတာပါဘုရား)။

ဒါ သဿတဒိဋ္ဌိဘဲဗျ....(မှန်ပါ့ဘုရား) သူတို့ လူလားမြောက်ယင် ငါ-ဘာဖြစ်ဖြစ်ဆိုတဲ့ အဓိပ္ပါယ်ကော မပါဘူးလား....(ပါ-ပါတယ်ဘုရား) တယ်လဲ မှတ်ချက်က သန့်ပါကလား.... (မှန်ပါ့ဘုရား) မှတ်ချက်က သိပ်သန့်တယ်။

ကဲ....ဒါဖြင့် တကာတကာမတို့ အခု အချိန်မှာဘဲ နာရီလဲ နီး လာလို့ အစေလကာသပဝတ္ထုဆက်ပြီးသကာလ နိဗ္ဗာန်ဝင်တဲ့ အလုပ်-လုပ်ကြစို့.....(မှန်လှုပါဘုရား)

နိဗ္ဗာန်ဝင်တဲ့ အလုပ်–လုပ်မှသာလျှင် မဂ္ဂင်္ဂနိရောဓ ပေါ်မှာ ကိုး....(မှန်လှုပါဘုရား) နို့ မဟုတ်ယင်ဖြင့် လောင်စာနဲ့ မီးချည်း ဆက်နေမှာဘဲ-(မှန်လှုပါ)သဘောကျရဲ့လား-(ကျပါတယ်)။

ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတဲ့အလုပ် ပြကြစို့.....(မှန် လှုပါဘုရား) ဘာပါလိမ့်....(လောင်စာသိမ်း၍ မီးငြိမ်းတဲ့ အလုပ် ပြရမှာပါ ဘုရား)။

ခင်ဗျားတို့ ရှေးကနေခဲ့ရတာက လောင်စာနဲ့မီး တဲ့လျက် ချည်းသာ အချိန်ကုန်ခဲ့တယ်.... (မှန်လှုပါဘုရား) ရှေး ဘဝ များစွာက တပည့်တော်တို့ ဘာမျှားဖြစ်ခဲ့ပါလိမ့်.... (လောင်စာ နဲ့ မီး တဲ့လျက်ချည်းသာ အချိန်ကုန်ခဲ့ပါတယ်ဘုရား)။

အင်း....အခု ဘုန်းကြီးဟောမည့်တရားကို တကာတကာမတို့ အလုပ်–လုပ်လို့ ရှိယင်ဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတော့မယ်-(မှန်ပါ့ဘုရား) ဘယ်လိုဆိုကြပါ့မယ်.... (လောင်စာသိမ်း၍ မီး ငြိမ်းတော့မယ်) လောင်စာသိမ်း၍ မီးငြိမ်းတော့မယ်ဆိုတဲ့ ဥစ္စာ သေသေချာချာမှတ်ကြပါ....(မှန်လှုပါဘုရား)။

ကိုင်း....ဒါဖြင့် စ,ကြစို့၊ လောင်စာသိမ်း၍ မီးငြိမ်းတာကို စ,ကြစို့-ဆိုတာ အဖြစ်ဆိုးသိမှ အဖြစ်ကောင်းကို ဦးခင်မောင်-ရှာမယ်နော်....(မှန်လှုပါဘုရား) အဖြစ်ဆိုးမှ မသိတဲ့ ပုဂ္ဂိုလ်ဟာ အဖြစ်ကောင်းကို....(မရှာပါဘူး ဘုရား) မရှာနိုင်ဘူး။

ကဲ....ဒါဖြင့် ဝတ္ထုကလေးနည်းနည်း စ,ကြစို့၊ တကာတကာ မတို့ မနေ့ကလဲ စ,တော့လဲ စ,တာဘဲ၊စ,တာနဲ့ အချိန်စေ့လို့

သိမ်းလိုက်ရတယ်။ ဒီနေ့တော့-တော်တော် ခရီးပေါက်ပါလိမ့်မယ်....(မှန်လှပါဘုရား)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည်ထဲ ဆွမ်းခံဝင်ပါတယ်-တကာဝရဲ့.... (မှန်ပါဘုရား) ဆွမ်းခံဝင်ပြီး သကာလ မြို့ထဲ-ရွာထဲမှာ ရောက်သွားပါတယ်။

အစေလကဿပဆိုတာ နိစ္စေလဆိုတဲ့အတိုင်း အဝတ်မပါဘူး (မှန်ပါ့) လူနာမည်ကတော့ ကဿပ....တဲ့.... (မှန်ပါ့) အဝတ်မပါတဲ့ ကဿပပေါ့ဗျာ....(မှန်ပါ့ဘုရား)။

သူဟာ ဒီဋ္ဌတို့ဘာဝ-ဒီဋ္ဌတို့၏လမ်းစဉ်အတိုင်း သူကလဲ ဆွမ်းခံထွက်တာဘဲ.... (မှန်ပါ့)။ အဝတ်မပါဘူး.... (မှန်ပါ့ဘုရား)။ ဦးခင်မောင်....အဝတ်ပါရဲ့လား.... (မပါ-ပါဘူးဘုရား)။

သို့သော်လဲ သူတို့ကိုလဲ ကြည်ညိုတဲ့ပုဂ္ဂိုလ်ရှိတာဘဲ၊ ဘာဖြစ်လို့တုံး၊ ခြိုးခြံလွန်းလို့ ကြည်ညိုတာ.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ့်နှယ်ကြောင့် ကြည်ညိုပါလိမ့်.... (ခြိုးခြံလို့ ကြည်ညိုတာပါဘုရား)။

သြော်....အဝတ်မပါအောင်တော့ ခြိုးခြံတာဘဲ၊တကာတကာမတို့ ဝမ်းထဲမှာ ဒီဋ္ဌရှိနေတော့ ဟီရိသြတ္တပ္ပကင်းတာ ခြိုးခြံတဲ့အထဲသွင်းလိုက်တယ်....(မှန်လှပါဘုရား)။

ဘယ်လောက်မျှား ဆိုးသွားသလဲဆိုတာ.... (ဆိုးပါတယ်-ဘုရား) ဘုရားမပွင့်ခင်တုန်းကလေ ....(မှန်ပါ့) အဲ-ဟီရိသြတ္တပ္ပမကင်းတာ ဘယ်ထဲသွင်းလိုက်သလဲ....(ခြိုးခြံတဲ့အထဲ သွင်းလိုက်ပါတယ် ဘုရား) အေး....ဒီဥစ္စာ ကိုယ် အယူနဲ့ ကိုယ်မှားနေတာတွေဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် အစေလကဿပကလဲအဝတ်မပါဘဲနဲ့ ဆွမ်းခံလာတဲ့အခါ ဘုရားနဲ့ သွားတွေ့တယ်.... (မှန်ပါ့) ဘုရားနဲ့ သွားတွေ့တဲ့အခါ ရှင်ကြီး ဂေါတမ....ပုစ္ဆာကလေးတခု မေးပါရစေ....တဲ့။

ဟ....အစေလကဿပ....ရှာထဲမှာက္ခ၊ ငါ့မှာလဲ သက်နှံးရုံကြီးနဲ့၊ ဆွမ်းခံရင်းက္ခ၊ အဲဒါမေးလို့ ဘယ်တော်ပါ့မလဲ၊ ဒီအချိန်မမေးနဲ့ဦးက္ခ၊ တခါပယ်ချလိုက်တယ်နော်....(မှန်ပါ့ဘုရား)။

နောက်တပြု-နှစ်ပြုလောက် ဆွမ်းခံကြွမိပြန်တဲ့အခါကျတော့ အစေလကဿပ-က နောက်ကလိုက်ပြီးသကာလ တကာဝတ္ထို-ဦးခင်မောင်တို့ ရှင်ကြီးဂေါတမ....ပုစ္ဆာကလေးတခုမေးပါရစေ-တဲ့ (မှန်လှပါဘုရား)။

ဟ....ဆွမ်းခံတုန်းက္ခ အစေလကဿပရ၊ မေးလို့ မတော်သေးဘူးတဲ့....၊ တကာတကာမတို့ ဘယ်နှစ်ခါရှိပြီလဲ ပယ်လိုက်တာ.... (နှစ်ခါရှိပါပြီ ဘုရား)

နောက်-နှစ်ပြ-သုံးပြ သွားပြန်တော့လဲ သူက လိုက်လာပြန်တယ်၊ ဦးခင်မောင်ရေ.... (မှန်ပါ့ဘုရား)။

ဒီမယ်ဘုရား....မျှားလဲမမျှားပါဘူး၊ မသိလဲ မသိလို့ပါ၊ ဒီပုစ္ဆာကလေး မေးပါရစေ ဆိုပြီးသကာလ တောင်းပန်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကိုင်း.... မေးတာပေါ့ကွာ.... (မှန်ပါ့) သုံးခါမြောက်ကျတော့ မေးတာပေါ့ကွာဆိုတဲ့ အမိန့်ရတယ်ဆိုကြပါစို့.....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် ဒါလောက်တောင် ဘုရားသခင်ကိုယ်တော်မြတ် နှစ်ခါပယ်ရပါလိမ့်မလဲဆိုတော့ ဒီဌီတွေက ဘုရားသခင်ကိုယ်တော်မြတ်ကြီး မေးရတာ လွယ်တယ် ပြုတယ်ဆိုပြီး အဖြေ

ပေးလိုက်တဲ့အခါ ဦးခင်မောင်....ပေါ့ပေါ့ဆဆ ယူသွားမှာလဲ စိုးရိမ်တယ်....(မှန်လှုပါ)။

ဒါကြောင့်လဲ ဆိုင်းငံ့တာ တမျိုး၊ တနည်းအားဖြင့်လဲ အစေလကဿပ ဉာဏ်မရင့်သေးတော့ အဖြကို နားမလယ်မှာ စိုးတာနဲ့လဲ ဆိုင်းငံ့တာက တမျိုး....(မှန်လှုပါဘုရား) ဆိုင်းငံ့နည်း နှစ်မျိုးနော်....(မှန်လှုပါ)။

ပေါ့ပေါ့နဲ့ ဖြေလိုက်လို့ ရှိယင်လဲ အဖြကို အဘိုးမတန်မှာ စိုးလို့ တားမြစ်ပြီး နေရခြင်းတမျိုး.... (မှန်ပါဘုရား)။

တနည်း အစေလကဿပမှာ ဉာဏ်မရင့်သေးလို့ ဉာဏ်ရင့်အောင် ဆိုင်းငံ့ပြီးသကာလ တားမြစ်ခြင်းကလဲ တမျိုးနဲ့ တားမြစ်ထားပါတယ်.... (မှန်ပါဘုရား)။

သုံးခါမြောက်ကျတော့ တကာဝ....ဘာတဲ့တုံး.... (မေးတာပေါ့....တဲ့)မေးကွာလို့ မပြောဘူးလား—(ပြောပါတယ်ဘုရား)။

မေးကွာလို့ ပြောတော့ တကာ တကာမတို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို သူက မေးလိုက်ပါတယ်။ ဘယ်လို မေးလိုက်သလဲလို့ မေးတဲ့အခါကျတော့(**စက်ဝိုင်းကို ပြသည်**)။

ဒါကြီးဟာ ဘာသစ္စာပါလိမ့်- တကာ တကာမတို့ ခုနက် နားလယ်ပြီ (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဆိုတော့ တကာတကာမတွေက အခု ဉာဏ်က ဘုန်းကြီးက ရှေ့ပိုင်းက ရှင်းထားတဲ့အတွက် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဒုက္ခသစ္စာ"....(မှန်ပါ) မကျေးဘူးလား....(ကျပါတယ်ဘုရား) ဒါဘာဘဲ....တဲ့၊ အဲဒီတော့ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာနော်....(မှန်ပါဘုရား) ဝိပါကဝဋ်ကော

ဟုတ်သလား....(ဟုတ်ပါတယ်ဘုရား) ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ခုနက ရှင်းထားပြီနော်....(မှန်ပါဘုရား)။

အဲဒါစောစောက ဟောတာ ဒီအစေလကဿပ ဟောတဲ့ အခါမှာ အဆင်သင့် နားလယ်သွားအောင်လို့ တကာဝ.... ရှေ့က လမ်းခင်းတာ....(မှန်ပါဘုရား) သေသေချာချာ နားထောင်ကြ-တကာတကာမတို့၊ ဒီဥစ္စာကို နားကြီးကြီးနဲ့ ထောင်ပြီးသြော်....ဒို့ကျတ်တမ်းဝင်ရမှာ ဒါပါကလားဆိုတာလဲ ဆုံးဖြတ်ချက်ချပါ....(မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် သွားကြပါစို့၊အစေလကဿပ-မေးတော့က-ဆိုတော့ မေးလိုက်တယ်၊ ရှင်ကြီးဂေါတမ....တဲ့ ဒုက္ခကို မိမိပြုတာလားတဲ့....၊ မေးပြီနော်....(မှန်လှပါဘုရား) ဘာတဲ့တုံး.... (ဒုက္ခကို မိမိပြုတာလား....တဲ့)။

ဒုက္ခကို မိမိပြုတာလားဆိုတော့ ဘုရားက ပယ်လိုက်တယ်.... "ဒုက္ခကို မိမိပြုတာ မဟုတ်ပါဘူးကွာ....တဲ့" ဆိုတော့ တကာတကာမတွေ ရှင်းတယ်....(မှန်ပါ့)။

ကြည့်....ကိလေသဝဋ်ကြောင့်-(ကမ္မဝဋ်ဖြစ်ပါတယ်)ကမ္မဝဋ်ကြောင့်....(ဝိပါကဝဋ် ဖြစ်ပါတယ်)။

ကြည့်စမ်း.... ကမ္မဝဋ် ပြုတာ(မှန်ပါ့) ကိလေသဝဋ် ပြုတာ(မှန်ပါဘုရား) သေချာပလား.... (သေချာပါတယ်) ဘယ်ဝဋ် ပြုတာပါလိမ့်.... (ကိလေသဝဋ်နဲ့ ကမ္မဝဋ် ပြုတာပါဘုရား) ကိလေသဝဋ်နဲ့ ကမ္မဝဋ်က ပြုလို့ ဒီမှာ ဘာတုံး.... ဝိပါကဝဋ် ဆိုတဲ့ ဒုက္ခသစ္စာ (မှန်ပါဘုရား) ဝိပါကဝဋ်ဆိုတဲ့ ဒုက္ခသစ္စာကြီး မပေါ်လာသေးဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ကိုင်း- ဒါဖြင့် ဒီဟာ မိမိလားဆိုတော့ အဝိဇ္ဇာ (မှန်ပါ့ဘုရား) ဒီဟာ မိမိလားဆိုတော့ သင်္ခါရ (မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါတယ်) ဒီဟာ မိမိလားဆိုတော့.... (ခန္ဓာငါးပါးပါ) ခန္ဓာငါးပါး- ဒုက္ခသစ္စာတရား (မှန်ပါ့ဘုရား) ရှင်းနေပြီ-ရှင်းနေပြီ၊ မရှင်းကြသေးဘူးလား.... (ရှင်းပါတယ်)။

ကိုင်း-တကာ တကာမတို့ဘဲ မေးပါ့မယ်၊ တကာ့တကာမတို့ ခန္ဓာက ဒါဘဲ၊ ယခု တရားနာနေတဲ့ခန္ဓာ....နော် (မှန်ပါ့) ခန္ဓာငါးပါးနဲ့ တရားနာနေကြတာဆိုတာ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ-ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အစေလကဿပ-က မေးလိုက်တယ်၊ ရှင်ကြီးဂေါတမ.... ဒုက္ခကို မိမိပြုတာလားလို့ မေးတော့ ဘုရားက ဘယ်နှယ်ဖြေသတုံး.... (မဟုတ်ပါဘူးတဲ့ဘုရား)။

ဘုရားက မဟုတ်ဘူးလို့ ဖြေတယ်(မှန်ပါ့) ခင်ဗျားတို့ဒုက္ခခင်ဗျားတို့ပြုလို့ ရတာလား.... (မဟုတ်ပါဘူးဘုရား) ဘယ်သူပြုတာပါလိမ့်....(ကိလေသဝဋ်ကမ္မဝဋ်ပြုတာပါဘုရား)ကိလေသဝဋ်နဲ့ ကမ္မဝဋ် ရောပြုတယ် (မှန်ပါ့ဘုရား) သဘောပါကြပလား (ပါ-ပါတယ်ဘုရား)။

ဒုက္ခကို မိမိပြုတာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘူးဘုရား) ကိလေသဝဋ်ကြောင့်....(ကမ္မဝဋ် ဖြစ်ပါတယ်) ကမ္မဝဋ်ကြောင့် (ဝိပါကဝဋ် ဖြစ်ပါတဲ့ယ်ဘုရား)ဟော....သူ့အကြောင်းကြောင့် သူ့အကျိုးဖြစ်တာ (မှန်ပါ့ဘုရား) သေချာကြပလား(သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ပဌမပုစ္ဆာမှာ အစေလကဿပက သာမသိတယ်၊ ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ ရှင်းသွားပြီ (မှန်ပါ့ဘုရား) မရှင်းသေးဘူးလား.... (ရှင်းပါတယ်ဘုရား) ဒုက္ခကို မိမိပြုတာလား....(မဟုတ်ပါဘူးဘုရား) ကိလေသဝဋ်နှင့် (ကမ္မဝဋ်တို့ ပြုတာပါဘုရား)သေချာပြီနော်.... (သေချာပါပြီ)။

တကာဝဓရေ.... သေသေချာချာ မှတ်ပါ၊ သေသေချာချာ မှတ်ပါ၊ ဒီတရားကို ဦးခင်မောင်....တွင်-တွင်ဟောလို့ မဖြစ်ဘူးနော်.... (မှန်လှပါဘုရား) ခင်ဗျားတို့ နားလည်မှုအတွက် အရေးတကြီးဆင်ပြီး ပြောရပါတယ် (မှန်လှပါဘုရား)။

ကိုင်း.... နားထောင်ကောင်းအောင်ဟောတဲ့တရားမဟုတ်ဘူး ကိုယ့်ဖြစ်စဉ် ကိုယ်သိအောင် ဟောတဲ့တရား (မှန်လှပါဘုရား) ကိုယ့်ဖြစ်စဉ်ကို ကိုယ်- ဇာတ်သိမ်းချင်တဲ့ဥာဏ် ပေါ်အောင် ရအောင် ဟောတဲ့တရားလို့ မှတ်ကြပါနော်(မှန်လှပါဘုရား)။

ကိုင်း....ဒါဖြင့် အစေလကဿပ-က ဆုမ်းခံရင်း မေးပါတယ် တကာတကာမတို့-ဒုက္ခ,မိမိပြုတာလား....လို့ ဘုရားကိုမေးတော့ ဘုရားက ဘယ်နှယ်ဖြေသတုံး..... (မဟုတ်ပါဘူးတဲ့)။

ကဲ.... ယုံကြပလား.... (ယုံပါတယ်ဘုရား) ဒါ ဒုက္ခသစ္စာ မဟုတ်လား....(မှန်ပါ့ဘုရား) မိမိပြုတာ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)။

အို....တကာ တကာမတို့ ကိုယ်ပြုလို့ ကိုယ်ရတာ ဟုတ်ပါရဲ့လား.... (မဟုတ်ပါဘူးဘုရား) ဒီလိုဆိုတော့-ဒုက္ခ မိမိပြုတာလားဆိုတော့ တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ်က ပြုတာဆိုယင်လဲ ဟုတ်တာဘဲ (မှန်ပါ့ဘုရား) ကိလေသဝဋ် ကမ္မဝဋ်ကြောင့် ဖြစ်တယ်ဆိုယင်ကော.... (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးဆိုယင်ကော.... (ဟုတ်ပါတယ်ဘုရား) အဲဒီလိုဆိုတော့ မိမိ ပါသေးရဲ့လား.... (မပါ-ပါဘူးဘုရား) ဒီမှာ သဿတ စင်သွားတယ် (မှန်လှပါဘုရား)။

တကာတကာမတို့ ခန္ဓာကိုယ်ကြီး ရ-ထားတာ ကိုယ်လုံးလို့ကိုယ် ရ-ထားတာလား....(မဟုတ်ပါဘူးဘုရား) ဘယ်သူပါလိမ့် (ကိုလေသဝင့် ကမ္မဝင့်ပါဘုရား) ကိလေသဝင့် ကမ္မဝင့် ပြုပြင်လိုက်တဲ့အတွက် ဝိပါကဝင့်ခန္ဓာကြီး မရလား.... (ရပါတယ်ဘုရား) မိမိပြုတာ ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘူးဘုရား) ကိုမြွေ ကျေနပ်ကဲ့လား.... (ကျေနပ်ပါတယ်ဘုရား) ဒီဘက်ကတကာတွေ ကျေနပ်ကြရဲ့လား.... (ကျေနပ်ပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် ၁-နံပါတ်ပုစ္ဆာ ခင်ဗျားတို့ ညာဏ်ထဲမှာဘဲ ရှင်းပါပြီ (ရှင်းပါပြီဘုရား) မရှင်းသေးဘူးလား....(ရှင်းပါပြီ)။

ကောင်းပြီ ၂-နံပါတ်ပုစ္ဆာ မေးလိုက်ပြီ၊ အစေလကဿပ-က မေးလိုက်တယ်၊ ရှင်ကြီးဂေါတမ.... ဒုက္ခကို သူတပါးပြုတာလား....လို့ မေးလိုက်တယ်။

ဘုရားက.... မဟုတ်ပါဘူးကွာ....တဲ့(မှန်လှပါဘုရား) ဒီဒုက္ခသူတပါးပြုတာ ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘူးဘုရား) သူတပါးပြုတာဆိုယင် ဟိုလူတယောက်က ပေးလို့ ရသလို ဖြစ်နေမှာပေါ့ (မှန်လှပါဘုရား)။

အခုတော့ ဒီလိုဟုတ်ပါရဲ့လား.... (မဟုတ်ပါဘုရား) ဘယ်သူက ပြုတာပါလိမ့်....(ကိလေသဝင့် ကမ္မဝင့်က ပြုတာပါဘုရား) ကိလေသဝင့်နဲ့ ကမ္မဝင့်က ပြုလိုက်တာဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ရှင်းလိုက်တာ- ရှင်းလိုက်တာ၊ ဦးခင်မောင်ရေ (မှန်လှပါ ဘုရား) ဒုက္ခကို သူတပါးပြုတာလဲ ဟုတ်ကဲ့လား.... (မဟုတ်ပါ ဘုရား) သူတပါးပြုယင် သူတပါးခံ-ဆိုတဲ့ အဓိပ္ပါယ်မျိုး ယူသွားလို့ရှိယင်လဲ ပြုတဲ့လူက သူတပါး၊ ခံရတဲ့လူကကော.... (သူတပါးပါဘုရား) သူတပါးဆိုတော့ ဥစ္ဆေဒဒိဋ္ဌိဘက် မပြေး ဘူးလား.... (ပြေးပါတယ်ဘုရား)။

အဲဒါကြောင့် ဒီ တကာ တကာမတွေတော့ဖြင့် ခုနက သဿတဒိဋ္ဌိ စင်ခဲ့တယ်၊ ယခု ဥစ္ဆေဒဒိဋ္ဌိ စင်သွားပြီ (မှန်လှပါ ဘုရား)။

ပြန်မေးလိုက်ဦးမယ်၊ဒုက္ခကို မိမိပြုတာလား....(မဟုတ်ပါဘူး ဘုရား) ဘယ်သူ ပြုတာပါလိမ့်.... (ကိလေသဝဋ္ဌနဲ့ ကမ္မဝဋ္ဌ ပြုတာပါဘုရား) အဲဒီကတည်းကိုက ဒီအထဲ မိမိပါသေးရဲ့လား (မပါ-ပါဘုရား)မိမိပြုတာ မဟုတ်သောကြောင့် ဒီဥစ္စာလဲ မိမိ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)ခန္ဓာငါးပါး- ဒုက္ခသစ္စာ တရားဘဲ(မှန်လှပါဘုရား) အခုတရားနာနေကြတာ ဘယ်သူတွေ ပါလိမ့်.... (ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတွေပါ)။

ကဲ....မိမိပြုလို့ မိမိရ-ထားတာ ဟုတ်ပါရဲ့လား....(မဟုတ်ပါ ဘုရား) ငါ ပြုလို့ ငါ ရ-တာဆိုယင် သဿတဒိဋ္ဌိဖြစ်မယ် (မှန်လှပါဘုရား) အခု ဒီထဲမှာ ငါ ပါရဲ့လား.... (မပါ-ပါဘူး ဘုရား) အကျိုးထဲမှာကော.... (မပါ-ပါဘူး) အကြောင်းထဲမှာ ကော.... (မပါ-ပါဘူး) ဒါဖြင့် သဿတဒိဋ္ဌိစင်ပြီ (မှန်လှပါ ဘုရား)။

တကာ တကာမတို့ သဿတဒိဋ္ဌိ စင်ပြီ ခင်ဗျားတို့ သေချာ ပြီ၊မကြာတော့ဘူး....တဲ့ အလုပ်စခန်း ဝင်လို့ရှိယင် နိဗ္ဗာန်

ဝင်ဘို၊ဒိဋ္ဌစင်ပြီးမှ လုပ်လို့ရှိယင် ဦးခင်မောင်....သေသေချာချာ ရမယ်....(မှန်လှပါ) ရှင်းပြီနော်....(ရှင်းပါပြီ) ဒိဋ္ဌ စင်အောင် လုပ်ပေးနေတယ်....(မှန်လှပါ)။

ကိုင်း....ဒါဖြင့် ဒုတိယပုစ္ဆာက-ရှင်ကြီးဂေါတမ.... ဒုက္ခကို သူတပါး ပြုတာလားလို့မေးတော့ ဘုရားက ဘယ့်နယ်ဖြေသလဲ....(မဟုတ်ပါဘူး)။

ကဲ....တကာ တကာမတို့ မဟုတ်တာကော သေချာပလား.... (သေချာပါပြီ) ဘယ်သူမျှား ဟုတ်ရမတုံး .... ကိလေသဝဋ္ဋ ကြောင့် ကမ္မဝဋ္ဋ ကြောင့် ပြု ပြင် လိုက်တော့ ဘာ ဖြစ်လာသတုံး....(ဝိပါကဝဋ္ဋဖြစ်ပါတယ်) ဝိပါကဝဋ္ဋ ဒုက္ခသစ္စာကြီး ပေါ်လာတယ်....(မှန်ပါဘုရား) မသေချာဘူးလား.... (သေချာပါတယ်ဘုရား)ဝိပါကဝဋ္ဋ ဒုက္ခသစ္စာကြီး လှလှကြီး ပေါ်လာတော့ ခင်ဗျားတို့ ခင်ဗျားတို့ခန္ဓာဘဲ....(မှန်လှပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် နောက်ပုစ္ဆာကို သူတပါးပြုတာဘဲလို့ ထင်လိုက်လို့ ရှိယင်....၊ တချို့ဘာသာမှာ ဗြဟ္မာကြီးက ဖန်ဆင်းတယ်၊ ထာဝရက ဖန်ဆင်းတယ်၊ဒီလို ယူပစ်လိုက်ကြတာ(မှန်ပါဘုရား) သူတပါးပြုတာ ယူလိုက်တယ်....(မှန်လှပါဘုရား) ခန္ဓာကြီးဟာလေ....(မှန်ပါ့)။

ခန္ဓာကြီး ဒုက္ခသစ္စာကြီး သူတပါးပြုတယ်လို့ ယူလိုက်တော့ တကာ တကာမတို့ ပြုသူကတခြား၊ ရသူက တခြားဆိုတော့ အကြောင်းအကျိုးဆက်သေးရဲ့လား(မဆက်ပါဘုရား) ဥစ္စာဒဒိဋ္ဌ ဖြစ်တယ်.... (မှန်ပါ့) အဲဒါ ဒီ တကာ တကာမတွေမှာ

ဒီဥစ္စေဒဒိဋ္ဌကော ရှိပါရဲ့လား....(မရှိပါဘူး ဘုရား) သေချာပလား....(သေချာပါပြီ)။

ကောင်းပြီ....ဒါဖြင့် ဒိဋ္ဌ ဘယ်နှစ်ခုစင်သတုံး....(နှစ်ခုစင်ပါတယ်ဘုရား) ဒုက္ခ မိမိပြုတာလား‌ဆိုတုန်းက ဘာစင်ခဲ့သတုံး....(သဿတ စင်ပါတယ်ဘုရား) သူတပါး ပြုတာလား‌ဆိုတော့ (ဥစ္စေဒဒိဋ္ဌ စင်ပါတယ်)။

သူတပါးပြုတာ မဟုတ်ပါဘူး၊ကိုလေသဝဋ္ဋ ကမ္မဝဋ္ဋကြောင့် ဝိပါကဝဋ္ဋဖြစ်တာပါလို့ သိလိုက်သဖြင့် ဥစ္စေဒဒိဋ္ဌ မှစင်ဘူးလား....(စင်ပါတယ်ဘုရား)။

၃-နံပါတ်ပုစ္ဆာ မေးပြန်တယ်၊ အစေလကဿပက မကျေနပ်ဘူး ဒီနေရာမှာတဲ့၊ဒါဖြင့် ဒုက္ခဟာ မိမိနှင့် သူတပါး နှစ်ဦးသား ရောပြီးပြုတာလား....လို့ မေးလိုက်ပြန်တယ် ဦးခင်မောင်ရေ....ဘယ်လိုမေးလိုက်ပြန်ပါလိမ့်....(မိမိနှင့်သူတပါး နှစ်ဦးသား ရောပြုတာလားလို့ မေးပါတယ်)။

မိမိနှင့် သူတပါး နှစ်ဦးသား ရောပြုတာလား....လို့ မေးလိုက်တော့ သဿတနဲ့ ဥစ္စေဒ ရောမေးတယ်.... (မှန်လှပါဘုရား) ဒီလိုဆိုဘဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မဟုတ်ပါဘူး ကွလို့ဘဲ ဖြေလိုက်တယ်....(မှန်လှပါဘုရား)။

တကာ တကာမတွေ မေးသလို ယုံသလား.... (မယုံပါဘူး ဘုရား)မိမိ ဒီထဲမှာ ပါရဲ့လား.... (မပါ-ပါဘူး) သူတပါးကော ပါရဲ့လား....(မပါ-ပါဘူး) ဒါ မိမိလဲ မဟုတ်ပါဘူး၊ သူတပါးလဲ မဟုတ်ပါဘူး၊ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋတွေပါ....(မှန်ပါ့)။

ဒီကမ္မဝဋ်ကြောင့် ဝိပါကဝဋ်—ခန္ဓာကြီးဖြစ်တော့ မိမိလဲ့ မဟုတ်ဘူး၊ သူတပါးလဲ့ မဟုတ်ဘူး၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးဘဲ.... (မှန်ပါ့ဘုရား) ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးပါဘုရား) အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးဘဲဆိုတာ သေချာပလား....(သေချာပါပြီ)။

ကိုင်း....ဒီလိုဆိုတော့ သဿတ ဥစ္ဆေဒ မစင်သေးဘူးလား.... (စင်ပါတယ်ဘုရား) အကြောင်း အကျိုးတော့ ဦးခင်မောင်.... မလဲ့စေနဲ့နော်....(မှန်ပါ့) အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးချည်းဘဲ....(မှန်လှပါဘုရား)ကိလေသဝဋ် ကမ္မဝဋ်ကြောင့် ဘာဖြစ်ပါလိမ့်.... (ဝိပါကဝဋ်ဖြစ်ပါတယ်) ဝိပါကဝဋ်ဆိုတဲ့ ဒုက္ခသစ္စာကြီး မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် ပုစ္ဆာသုံးခုစလုံးမှာ တကာ တကာမတို့ သဿတ ဥစ္ဆေဒ ဉာဏ်ထဲမှာ စင်ပလား....(စင်ပါပြီ)ကိုယ့်ဉာဏ်ထဲမှာ....(စင်ပါပြီဘုရား)။

ဒီ ခန္ဓာကြီးဟာ တရားနာတဲ့ခန္ဓာကြီး....(မှန်ပါ့) အင်း.... တရားနာတဲ့ခန္ဓာကြီး မိမိ ပြုတာလား.... (မဟုတ်ပါဘူး) သူတပါး ပြုလိုက်တာလား.... (မဟုတ်ပါဘူး) အင်း....ဒီအကြောင်းနှစ်ခုကြောင့် ဒီ အကျိုးပေါ့ဗျာ....(မှန်လှပါ) သေချာကြပလား....(သေချာပါတယ်)မိမိနှင့် သူတပါး နှစ်ဦးသား ပြုတာလား....(မဟုတ်ပါဘူး ဘုရား)ဒီအကြောင်းနှစ်ခုကြောင့် ဒီ အကျိုး....(မှန်ပါ့)သေချာပလား....(သေချာပါပြီ)။

ဒါနဲ့ ဦးခင်မောင်....တကာဝ.... လေးကြိမ်မြောက် မေးပြန်တယ်....(မှန်ပါ့) ရှင်ကြီးဂေါတမ ဒါဖြင့် ဒုက္ခဆိုတဲ့ခန္ဓာကြီး

သည် အလိုလိုပေါ်တာလား....ဒါဘဲ မေးစရာရှိတယ်၊ ဒုက္ခဆိုတဲ့ ခန္ဓာကိုယ်ကြီးဟာ အလိုလိုပေါ်တာလားဆိုတော့ ဘုရားက မဟုတ်ပါဘူးကွာတဲ့....တကာ တကာမတို့ မဟုတ်ဘူးလို့ ဖြေရတယ်၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိကိုးဗျ.... (မှန်လှပါဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတွေကော အလိုလိုပေါ်တာကော ဟုတ်ကဲ့လား–(မဟုတ်ပါဘူးဘုရား)ကိလေသဝဋ်ကြောင့် (ကမ္မဝဋ်ပေါ်ပါတယ်)ကမ္မဝဋ်ကြောင့်(ဝိပါကဝဋ်ပေါ်တယ်)။

ဒါဖြင့် ဘယ်မှာ အလိုလိုဟုတ်ကဲ့လား.... (မဟုတ်ပါဘူး) သေသေချာချာ ရှင်းကြပါ၊သေသေချာချာ ရှင်းကြပါ၊ဒီနေရာမှာ သိပ်အရေးကြီးတယ်(မှန်လှပါဘုရား) တကာ တကာမတွေ ဒိဋ္ဌိနှစ်မျိုး စင်သွားပြီ....(မှန်လှပါ)။

အဲဒီနှစ်မျိုးစင်ပြီးမှ ဘုန်းကြီးက ဝိပဿနာ ထိုးပြလိုက်လို့ ရှုတတ် မှတ်တတ်ပြီ ဆိုလို့ရှိယင်ဖြင့် မကြာတော့ပါဘူး....တဲ့၊ ကိုယ်လိုချင်တဲ့ ကိုယ့်ပါရမီ ကိုယ့်ဉာဏ်အလိုက် ဒီဘဝမှာ စုဋ္ဌသောတာပန်ဖြစ်ပြီး နောက်ဘဝမှာ မဟာသောတာပန်ဖြစ်နိုင်တယ်....(မှန်ပါ့ဘုရား)။

ကိုယ့်ဉာဏ်က ထက်လာပြန်လို့ရှိယင်လဲ ဒီဘဝမှာဘဲ မဟာသောတာပန် ဖြစ်နိုင်တယ်.... (မှန်လှပါဘုရား) ဘယ်အခါမှ အရိယာ မဆိတ်သုဉ်းဘူး ဆိုတာ သုဘဒ် ရဟန်းကြီး မေးလို့ ဘုရားကဖြေထားခဲ့တာ ရှိတယ်နော်....(မှန်ပါ့ဘုရား)။

ဣမေ စ သုဘဒ္ဒ ဘိက္ခူ။ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အာသ–

သုဘဒ္ဒ=အို သုဘဒ္ဒ၊ ဣမေစဘိက္ခူ။=ဤရဟန်းတို့သည်ကား၊ သမ္မာဝိဟရေယျုံ=ကောင်းစွာ ကျင့်သုံး၍ နေကုန်ကြားအံ့၊

လောကော= လောကကြီးသည်၊ အရဟန္တေဟိ= ရဟန္တာတို့မှ၊ အာသုညော=မဆိတ်သုဉ်းသည်၊ အာသ=ဖြစ်ရာ၏၊

ဆိုပြီးသကာလ သုတ်မဟာဝဂါပါဠိတော် မဟာပရိနိဗ္ဗာန သုတ်မှာ အသေအချာလာပါတယ်....(မှန်ပါ့ဘုရား)။

ဘယ်အခါမှ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ မဆိတ်ပါဘူးက၊ သမ္မာပဋိပန္နဆိုတဲ့ ခုနက မင်္ဂလာကျင့်ဘဲ ကျင့်ပါ....တဲ့(မှန်ပါ့ဘုရား)ဦးခင်မောင်ရေ....မင်္ဂလာကြောင်း အကျင့်သာ ကျင့်မယ်ဆိုယင် သောတာပန် သကဒါဂါမ်အနာဂါမ် ဆိတ်ကဲ့လား (မဆိတ်ပါဘူးဘုရား)ကဲ့ဒါဖြင့် အဲဒါအသာထားလိုက်ပါဦး၊သူ့ပုစ္ဆာကလေး မေးထားတဲ့ဥစ္စာ ဖြေကြဦးစို့....၊ အခုလေးခုမြောက်ပြီးသွားပြီ (မှန်ပါ့)ဘုရားကလဲ မဟုတ်ဘူးချည်းဖြေတယ်နော်(မှန်လှပါ)ကဲငါးခုမြောက်မေးလိုက်တယ်၊ရှင်ကြီးဂေါတမ-ဒါဖြင့်ဒုက္ခမရှိဘူးလားလို့ သူက မေးလိုက်တယ်၊ကဲ....တကာတကာမတွေက ဘယ်နှယ်ဖြေမလဲ.... (ရှိပါတယ်ဘုရား)။

ခန္ဓာငါးပါးဟာ ဘာသစ္စာလဲ.... (ဒုက္ခသစ္စာပါဘုရား) ကိုယ်မှာကို ကိုယ်ပိုင်ရှိနေတယ် (မှန်ပါ့ဘုရား) ကိုယ်မှာကို ကိုယ်ပိုင်ရှိနေတဲ့ ဒုက္ခသစ္စာဆိုတာ သေချာပလား.... (သေချာပါတယ်ဘုရား)။

အစေလကဿပ ငါးခုမြောက်မေးလိုက်တာက ဒုက္ခမရှိဘူးလား....လို့ ဘုရားကိုမေးတော့ ဘုရားက ရှိပါတယ်ကွာ....တဲ့၊ (မှန်ပါ့ဘုရား) ရှိကော-ရှိတာ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

ဘုရားက ဘာဖြစ်လို့ ရှိတယ်လို့ ပြောတာပါလိမ့်....(ခန္ဓာငါးပါး ဒုက္ခသစ္စာကို မြင်လို့ပါဘုရား) အဲ....ခန္ဓာငါးပါးဟာ

ဒုက္ခသစ္စာတရား "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ" ဆိုတဲ့ အတိုင်း ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာဆိုတာ မသေချာလား.... (သေချာပါတယ်ဘုရား)အဲ—ဒါနဲ့ဘဲ အခု ငါးခုပြီးသွားပြီနော် (မှန်ပါ့)ခြောက်ခုမြောက်ကိုတခါမေးပြန်တယ်၊ ရှင်ကြီးဂေါတမ ဒုက္ခမရှိဘူးလားဆိုတော့ ရှိတယ်လို့ ပြောတယ်၊ ရှင်ကြီးဂေါတမ ဒုက္ခမသိဘူးလားလို့ သူက—ဆက်မေးပြန်တယ်(မှန်ပါ့ဘုရား)။

ဒုက္ခမသိဘူးလားလို့ မေးတဲ့အခါကျတော့ ဒုက္ခ ငါ သိပါတယ်က္ခ....ဆိုတော့ ဘာကို လက်ည်းထိုးပြသလဲ....(ခန္ဓာငါးပါးပြပါတယ်) ခန္ဓာငါးပါးဘဲ ပြတယ် (မှန်လှပါဘုရား) တကာ့တကာမတို့ သဘောကျပလား....(ကျပါပြီ) ပဋ္ဌာဘယ်နှစ်ချက်ပါလိမ့်.... (ခြောက်ချက်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ပဋ္ဌာခြောက်ချက်မေးတော့ကို တကာ တကာမတို့သန္တာန်မှာ ဒိဋ္ဌဘယ်နှစ်မျိုး စင်သတုံး.... (နှစ်မျိုးစင်ပါတယ်ဘုရား) ဘယ်ဟာပါလိမ့်ဗျာ.... (သဿတဒိဋ္ဌနဲ့ဥစ္ဆေဒဒိဋ္ဌပါ)သဿတဒိဋ္ဌနဲ့ ဥစ္ဆေဒဒိဋ္ဌ စင်ပြီ(မှန်လှပါ)။

ဒါဖြင့် ဒိဋ္ဌစင်ပြီးမှ ဝိပဿနာကြိုးစားရယင် ခရီးမပေါက်ဘဲ ရှိပါ့မလား.... (ပေါက်ပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီ) ဒိဋ္ဌစင်ပုံကော ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

နက်ဖြန် ပဋ္ဌိစ္စသမုပ္ပါဒ်ကို တကာ့တကာမတို့ အစေလကဿပ အရှုခိုင်းတော့မယ် (မှန်ပါ့ဘုရား) အရှုခိုင်းလို့ ရှိယင် သူကိုယ် တိုင်ဘဲ မကြာခင် ရဟန္တာဖြစ်ပါလိမ့်မယ်ဆိုတာ ဒီဝတ္ထုမှာ သေသေချာချာလာတယ်(မှန်လှပါ)ရှင်းကြပလား.... (ရှင်းပါပြီ)။

ကိုင်း.... ဒီနေ့ နာရီစေ့ပြီ၊ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု။

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့
ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော
တဏှာထက် ဒိဋ္ဌိကပို၍
ကြောက်စရာကောင်းပုံတရားတော်
(၁၅-၂-၆၁)

အားလုံး တကာ တကာမတို့ ဒိဋ္ဌိနဲ့ တဏှာဟာတဲ့ ဒိဋ္ဌိကပိုပြီး ကြောက်စရာကောင်းတယ်လို့ မှတ်ကြစမ်းပါ။

ဒိဋ္ဌိနဲ့ တဏှာ ဘယ်ဟာ ပိုကြောက်စရာ ကောင်းပါလိမ့်.... (ဒိဋ္ဌိက ပိုကြောက်စရာကောင်းပါတယ်ဘုရား)။

ဒိဋ္ဌိ ပိုကြောက်စရာကောင်းတယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေက လေးစားစွာ မှတ်ထားတာပေါ့ ဦးခင်မောင် တဏှာကို သောတာပတ္တိမဂ်က- အကုန် မပယ်နိုင်သေးပါဘူး (မှန်လှပါ)။

ဒိဋ္ဌိ အကုန်ပယ်ရတယ်ဆိုကတည်းကိုက စဉ်းစားကြည့်ပါလား တဲ့ ဒိဋ္ဌိက အပါယ်လေးပါး အမြဲတမ်းချလို့၊ တဏှာက အပါယ် မချတဲ့ တဏှာကရှိတယ်၊ ဒိဋ္ဌိကတော့ အပါယ်မချတဲ့ ဒိဋ္ဌိက မရှိအောင် ဖြစ်ပြီးသကာလ နေတော့ သောတာပတ္တိမဂ် ရတယ် ဆိုယင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသာ ပယ်ရတယ်၊ တဏှာ ၄-ပိုင်းတွင် ၃-ပိုင်း ကျန်နေတယ်ဆိုတာ ဘာမှ ကိစ္စမရှိတဲ့အတွက် အဓိပ္ပါယ်က ရှင်းသွားတာဘဲ (မှန်လှပါဘုရား)။

ဒါ့ကြောင့် တကာ တကာမတို့ ဒိဋ္ဌနဲ့ တဏှာ ဘယ်ဟာက ကြောက်စရာကောင်းသတုံး.... (ဒိဋ္ဌက ကြောက်စရာကောင်းပါတယ်ဘုရား) ဒိဋ္ဌ ကြောက်စရာကောင်းတယ်လို့ မှတ်ကြစမ်းပါနော်.... (မှန်ပါ့) ဒိဋ္ဌ နောက်ကမှ တဏှာက လိုက်လာတာ။

အဲဒီတော့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာကြီးက-

ဒိဋ္ဌဗန္ဓနာ ဗန္ဓောသေ၊
တဏှာသောတေန ဝုယ္ဘရေ။
တဏှာသောတေန ဝုယ္ဘန္တော၊
နာ တေ ဒုက္ခာ ပမုစ္စရေ။ ။

ဆိုပြီးသကာလ- ဒိဋ္ဌတည်းဟူသော အနှောင်အဖွဲ့နှင့် ဖွဲ့ပြီဆိုမှဖြင့် တဏှာတည်းဟူသောရေက မျောတော့တာဘဲဆိုတော့- ဒိဋ္ဌက သတ္တဝါကို အချည်သမားး အတုပ်သမားးနဲ့ တူတယ် (မှန်ပါ့) တဏှာက မျောတဲ့ရေနဲ့ တူတယ်ဆိုတော့ ချည်တုပ်ပြီး မျောလို့ ရှိယင်ဖြင့် သောင်ကမ်း တွေ့ငြားသော်လဲ အားကိုးရာမဲ့ ဖြစ်တော့မှာဘဲ (မှန်ပါ့ဘုရား)။

ချည်တုပ်ပြီးသကာလ တကာ တကာမတွေ့ ရသော မျောကြည့်ပါ၊ သောင်ကမ်းတို့ ဖေါင်တို့ တွေ့ငြားသော်လဲ ချည်တုပ်ထားတာကြောင့် အားကိုးရာမဲ့ မဖြစ်ပေဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

အဲဒ ါကြောင့် ဒိဋ္ဌက ချည်တုပ်သမားး၊တဏှာက မျောသမားးဆိုတော့ ဒိဋ္ဌနဲ့ တဏှာ ဘယ်ဟာ သာ၍ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ကြပလားး.... (ပေါ်ပါတယ်ဘုရား)။

ဘယ်ဟာက ကြောက်စရာ ကောင်းပါလိမ့်.... (ဒိဋ္ဌက ကြောက်စရာ ကောင်းပါတယ်ဘုရား) ဒိဋ္ဌ ပိုမို ကြောက်စရာ

ကောင်းတော့တယ်ဆိုတာ ရှင်းကြပလား.... (ရှင်းပါတယ်) ဒိဋ္ဌိဆိုတာ အခြားမဟုတ်ဘူး၊ ခန္ဓာငါးပါးကို– ငါကိုယ် ငါဟာ ငါဥစ္စာတွေ ထင်ပြီးသကာလ နေတဲ့ဥစ္စာ– ဒါ ဒိဋ္ဌိပါဘဲ။

ဒါကြောင့် တကာ တကာမတွေကို ပဋိစ္စသမုပ္ပါဒ်ကို အားကြိုး ရှင်းပြီး ပေးနေတဲ့ အဓိပ္ပါယ်က တကာ တကာမတို့ ဒိဋ္ဌိဖြုတ်နေတာလို့ မှတ်စမ်းပါနော်.... (မှန်လှပါ)။

ဘာဖြုတ်နေတာပါလိမ့်.... (ဒိဋ္ဌိဖြုတ်နေတာပါဘုရား) ဒိဋ္ဌိပြုတ်ယင် အပါယ်လွှတ်တယ်ဆိုတာ သေသေချာချာမှတ်ပါ၊ (မှန်ပါ့) ဦးခင်မောင်.... ဒိဋ္ဌိပြုတ်ယင်.... (အပါယ်လွှတ်ပါတယ်ဘုရား) အပါယ်လွှတ်တယ်ဆိုတာ မောင်ထွန်းလှိုင်တို့ ကျေနပ်ပလား.... (ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ဒိဋ္ဌိက ခန္ဓာဖြစ်စဉ်မသိလို့–

ခန္ဓာ အဝိဇ္ဇာ ဖဿောစ၊
သညာတက္ကော အယောနိသော၊

ဆိုတဲ့အတိုင်း ခန္ဓာဖြစ်စဉ် မသိလို့ ဒိဋ္ဌိလာတာပါ(မှန်ပါ့) ဘာမသိလို့ ဒိဋ္ဌိ လာပါလိမ့်.... (ခန္ဓာဖြစ်စဉ် မသိလို့ ဒိဋ္ဌိလာပါတယ်ဘုရား)။

ပစ္စုပ္ပန်ခန္ဓာကြီး-ယခု ဖြစ်စဉ်ကြီးကို မသိတဲ့အတွက် တကာ တကာမတို့မှာ ဒိဋ္ဌိလာရခြင်း ဖြစ်ပါတယ်ဆိုတော့ ဘုန်းကြီးက နေ့တိုင်း တကာ တကာမတို့ဖြစ်စဉ်ကို ရှင်းပေးနေတဲ့အတွက် ဒိဋ္ဌိဟာ ကွာ ကွာ-ကွာ ကွာသွားတယ်လို့ ဦးခင်မောင်.... မှတ်ရလိမ့်မယ် နော်.... (မှန်ပါ့ဘုရား) သဘောပါကြလား.... (ပါ့-ပါပြီ)။

ကောင်းပြီ ဒါဖြင့် တနေ့ နည်းနည်း- နည်းနည်း ရှင်းပေးတော့ ဒီ ဒိဋ္ဌိတွေဟာ တကဲ့ တကာမတို့ မကျန်တော့ပါဘူးဆိုတာ မှတ်ရမှာဘဲ (မှန်ပါ့)။

အသံကလေးတခုကြားတယ်ဆိုယင် ကြားစိတ်ကလေး မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ဩော်.... ဒါ ဖြတ်ဆို "သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏ" ဆိုတဲ့ အတိုင်း အသံနဲ့ နားနဲ့ တိုက်ဆိုင်ပြီဆိုမှဖြင့် ကြားစိတ်ကလေး ပေါ်လာတယ်၊ ကြားတယ်ဆို တကာ တကာမတို့က တွေ့ချင်တယ်ဆိုတာ မလာဘူးလား.... (လာပါတယ်ဘုရား)။

အသံသာ ကြားလိုက်ရတယ် မတွေ့လိုက်ရဘူးဆိုတာ ပါသေးတယ် (မှန်ပါ့) အခုတော့ အသံကြားပြီး ဘာ-ဖြစ်ချင်ကြပါလိမ့်....(တွေ့ချင်ပါတယ်ဘုရား)တွေ့ချင်တယ်ဆိုတာက ဖယ်သလို့ မှတ်လိုက်တာပေါ့....နော်.... (မှန်ပါ့ဘုရား)။

တွေ့ရုံတင် ကျေနပ်သလား.... ပြုံးပြုံးရွှင်ရွှင်နဲ့ စကားစမြည်ပြောချင်သေးသလားလို့ မေးယင်ကော.... (ပြောချင်ပါတယ်ဘုရား) ပြုံးပြုံး ရွှင်ရွှင်နဲ့ စကားစမြည် ပြောချင်သေးတယ်ဆိုသဖြင့် ပြုံးချင်တာ ရွှင်ချင်တာတွေ ဝေဒနာပါဘဲ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ဖယ်သပစ္စယာ.... (ဝေဒနာပါဘုရား) ဝေဒနာလို့ မှတ်လိုက်တာပေါ့၊ ဝေဒနာလာပြီဆိုမှဖြင့် တကာ တကာမတို့ ဣပုဂ္ဂိုလ်နှင့် ပြုံးပြုံးရွှင်ရွှင် ပြောရတဲ့ အခါကျလို့ ရှိယင် နီးကပ်သွားတော့ ခင်လုံးကလေးက မလာဘူးလား.... (လာပါတယ်ဘုရား)။

တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော် ၁၀၁

ဒါဖြင့် ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) ဒါ တကာ တကာမတို့မှာ ဘုန်းကြီးက တန်းဆာဆင်ပြောတာလား၊ ခန္ဓာ ဖြစ်စဉ်လား.... (ခန္ဓာဖြစ်စဉ်ပါဘုရား) ခန္ဓာဖြစ်စဉ်လို့ တကာ သစ်တို့ သေသေချာချာမှတ်နော်.... (မှန်ပါ့) ဘာဖြစ်စဉ်တဲ့.... (ခန္ဓာဖြစ်စဉ်ပါဘုရား)။

အဲဒီ ခန္ဓာဖြစ်စဉ်ကြီး ဖြစ်နေတာကို တကာ တကာမတွေက သြော်.... တခုပြီးမှ တခုဖြစ်တယ် တခုပြီးမှ တခုဖြစ်တယ်၊ မိမိ ခန္ဓာကြီး ပြောင်းလဲနေပါကလားဆိုတာကို မသိတော့ တတန်းထဲ ဖြစ်နေတဲ့အတွက် ဒီ ခန္ဓာတွေ မသိတဲ့အတွက် ဒိဋ္ဌိဖြစ်တာပါ (မှန်ပါဘုရား) ခန္ဓာတွေ မသိတဲ့အတွက်.... (ဒိဋ္ဌိဖြစ်တာပါဘုရား) ဒိဋ္ဌိဖြစ်တယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

အခုတော့ ကြားတယ်၊ ကြားစိတ်ပေါ့ဗျာ၊ ဒိဋ္ဌိ ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘူး) တော့ချင်တယ်ဆိုတော့ ဖယထပေါ့ဗျာ၊ (မှန်ပါ့) ဒိဋ္ဌိဖြစ်သေးရဲ့လား.... (မဖြစ်ပါဘူးဘုရား)။

အင်....ပျော်ပျော်ရွှင်ရွှင်ကလေး ပြောချင်တယ် ဆိုချင်တယ် ဆိုတော့ကော (ဝေဒနာပါဘုရား)ဝေဒနာဆိုတော့ ဒါ ဝေဒနာကလေး မိမိသန္တာန် ပေါ်လိုက်တာဘဲဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ပြုံးပြုံးရွှင်ရွှင် ပြောရတဲ့အခါကျတော့ကော ခင်လာတဲ့ အဓိပ္ပါယ်ဟာလဲ တဏှာဘဲ (မှန်ပါ့)ဝေဒနာပစ္စယာ....(တဏှာပါဘုရား) ကောင်းပြီ၊ ရှင်းသွားကြပလား.... (ရှင်းပါပြီ)။

အဲဒီတော့ ဒီက သွားတော့မယ်ဆိုတဲ့ပုဂ္ဂိုလ်က သွားတော့မယ်လို့ ဆိုတာတောင် မသွားပါနဲ့လို့ တားတာက-တဏှာပစ္စယာ (ဥပါဒါန်ပါဘုရား)ဥပါဒါန်ဆိုတာက ဇာတာတကာမ

တို့ သူများသန္တာန် ဖြစ်တာလား.... ကိုယ့်သန္တာန် ဖြစ်တာလား....(ကိုယ့်သန္တာန်ဖြစ်တာပါဘုရား)။

ကိုယ့်သန္တာန် ဖြစ်တာကြီးကို တကာ တကာမတွေက ဒီလို အစဉ်အတိုင်း သိ သိသွားတဲ့အခါကျတော့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတဲ့-ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ ဒိဋ္ဌိ ထင်မှားမှုကြီးဟာ ကပ်နိုင်သေးရဲ့လား.... (မကပ်နိုင်ပါဘူးဘုရား) ဒါ ဉာဏ်နဲ့ သေသေချာချာ ရှင်းပေးနေတယ်နော်.... (မှန်ပါဘုရား)။

ဒီလို ရှင်းပေးနေလို့ ရှိယင်ဖြင့် သြော်....ကြားတယ် တွေ့ချင်တယ် စကားစမြည် ပြောချင်တယ် ခင်တယ် ဟုတ်လား၊ မသွားပါနဲ့ဦးလို့ စဲလမ်းတာတွေ့ မလာဘူးလား-(လာပါတယ်ဘုရား)။

မနေ့က ပြောခဲ့တယ် ကာယကံ ဝစီကံနဲ့ ထမင်းစားသွားပါဦး၊ ဝစီကံနဲ့ ထမင်းစားသွားပါဦး၊ တာရှည်ကလေး ထိုင်ပါဦး အစရှိသည်ဖြင့် ဝစီကံတွေကော.... မသုံးကြဘူးလား.... (သုံးကြပါတယ်ဘုရား)။

အဲဒါ ကမ္မဘဝဆိုတာ ဒါဘဲ....(မှန်ပါ)သဘောကျပလား (ကျပါပြီ)ဒါဟာ ဘယ်သူ့ ပဋိစ္စသမုပ္ပါဒ်ပါလိမ့်မတုံးလို့ မေးလို့ ရှိယင် ဘယ်နှယ်ဖြေကြပါမယ်.... (တပည့်တော်၏ ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

ခန္ဓာပဋိစ္စသမုပ္ပါဒ်၊တပည့်တော်၏ ပဋိစ္စသမုပ္ပါဒ်၊ခန္ဓာ၏ပဋိစ္စသမုပ္ပါဒ်ဆိုတာ မရှင်းသေးဘူးလား....(ရှင်းပါတယ်ဘုရား)။

ဒါကလေးက ဘာတဲ့....ကြားတာ၊ ကြားတော့ တကာ တကာမတွေက ဘယ်နှယ်ဖြစ်နေသလဲ.... (တွေ့ချင်ပါတယ်)

တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော် ၁၀၃

တွေ့ချင်တယ်၊ တွေ့ချင်ပြီး စကားစမြိုက-ကော.... (ပြောချင်ပါတယ်ဘုရား)။

အင်း....ကြားတယ်ဆိုတာက သောတဝိညာဏ်၊ တွေ့ချင်တဲ့ယ်ဆိုတာက ဖဿ၊စကားစမြိုပြောချင်တာက ဝေဒနာ....(မှန်ပါ့) ပြောရင်း-ပြောရင်းနဲ့ ခင်လာကြတော့.... (တဏှာပါဘုရား) မသွားပါနဲ့ဦးလို့ တားတော့....(ဥပါဒါန်ပါဘုရား)။

အင်း....ကျုပ် သွားပြီးသကာလ စားစရာ သောက်စရာ ကလေး ဝယ်လိုက်ဦးမယ်ဆိုပြီး ကာယကံနဲ့ သွား၊ဝစီကံနဲ့ ပြော ပြောဆိုဆို ဒါကျတော့ ကမ္မဘဝ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား) ဦးဇင်္ဂရင်....ရှင်းပလား....(ရှင်းပါပြီဘုရား) ကိုမြရွှေကော....(ရှင်းပါပြီဘုရား)။

ဒါ ခင်ဗျားတို့သန္တာန် ဖြစ်တာမှဟုတ်ကဲ့လား....၊ ဘုန်းကြီးက ရမ်းပြောတယ်လို့များ ဆိုချင်သေးသလား.... (မဆိုချင်ပါဘူး ဘုရား) တကာ တကာမတွေ့ ဖြစ်စဉ်နဲ့ ကိုက်ကဲ့လား.... (ကိုက်ပါတယ်ဘုရား)။

အဲဒီတော့ ဒါ ပြောသာပြောနေကြတယ်....တဲ့၊ ဘုန်းကြီးတို့ တကာ တကာမတွေ့ကလဲ နှလုံးကိုမသွင်းမိဘူး၊ သြော်....ဒါ တခုချုပ်ပြီးမှ ဒါ တခုဖြစ်တယ်။

ဝိညာဏ်ချုပ်ပြီးမှ (ဖဿဲဖြစ်တယ်)။

ဖဿချုပ်ပြီးမှ ဘဝတုံး....(ဝေဒနာဖြစ်ပါတယ်)

ဝေဒနာချုပ်ပြီးတော့မှ ....(တဏှာဖြစ်ပါတယ်)။

တဏှာချုပ်ပြီးတော့မှ ....(ဥပါဒါန်ဖြစ်ပါတယ်)။

ဥပါဒါန်ချုပ်ပြီးတော့မှ....(ကမ္မဘဝဖြစ်ပါတယ်)။

ကံဖြစ်လာတယ်၊ ကာယကံ ဝစီကံ ဖြစ်လာတယ်၊ သဘော ကျပလား....(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာ တကာမတွေသန္တာန်မှာ တခါမြင်လိုက်ယင် ဒီကျအောင် သွားတယ်....(မှန်ပါ့) တခါကြားလိုက်ယင် ကော....(ဒီကျအောင် သွားပါတယ်ဘုရား)ကံ ကျအောင် သွားလိုက်တယ်....(သွားပါတယ်ဘုရား)။

တခါတည်း အနံ့ကလေး ရှုလိုက်ယင်ကော....(ကံကျအောင် သွားပါတယ်ဘုရား)။

တခါတည်း ထမင်းစားလိုက်ယင်ကော.... (ကံကျအောင် သွားပါတယ်)။

တခါတည်း အထည်ကလေး ဘာလေး စိန်ကလေး ရွှေကလေး ဝတ်လိုက်ပြန်ယင်ကော....(ကံကျအောင် သွားပါတယ်)။

ကံကျအောင် သွားတယ်ဆိုတော့ ခင်ဗျားတို့ ဒီကံတွေက သေသေချာချာ စဉ်းစားကြည့်တော့ တဏှာ ဥပါဒါန် ကံ၊ ဒီကံတွေကို ဘုန်းကြီးတို့က မင်္ဂလာ ဖြတ်မပေးတော့ဘူးဆိုယင် ဒီ တကာ တကာမတွေဟာ အပါယ်က တက်စရာကိုမရှိတော့ဘူး-(မရှိပါဘူးဘုရား)။

ဒီကံတွေက တဏှာ ဥပါဒါန် ကံဆိုတော့ တဏှာက ဥပါဒါန် ဖြစ်စေတယ်၊ ဥပါဒါန်က ကံကိုဖြစ်စေတယ်ဆိုတော့ အကောင်း ကာ ဖြစ်စေတာလား.... အဆိုးက ကံကိုဖြစ်စေတာလား(အဆိုးက ကံကိုဖြစ်စေတာပါဘုရား)။

အဆိုးက ကံကိုဖြစ်စေတာကို တကာ တကာမတွေက ရေရေလည်လည်သိတော့မှ သြော်....ဒီကံတွေမှ ဆရာဘုန်းကြီးကဖြစ်စေ၊ သိ-လိမ်မာတဲ့ ပဂ္ဂိုလ်ကဖြစ်စေ၊ မြတ်စွာဘုရားကလဲ နည်း

မထားခဲ့လို့ဖြစ်စေ ဒီကံတွေ ဖြတ်မပေးတော့ဘူးဆိုယင် တနေ့ ဖြစ်လိုက်တဲ့ကံဟာ အပါယ်က တက်ခွင့်မရှိပါဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

တနေ့ ဖြစ်တဲ့ကံဟာ....(အပါယ်ကတက်ခွင့်မရှိပါဘူး) ဦးဘအုန်း....ကျေနပ်ကဲ့လား....(ကျေနပ်ပါတယ်) မင်း ကံမြောက်သွားပြီလို့ ပြောဘို့ရာများ လိုသေးသလား.... (မလိုပါဘူးဘုရား)။

မြင်တယ်ဆိုယင် ကံမြောက်ပြီ....(မှန်ပါ့) ကြားတယ်ဆိုယင်ကော.... (ကံမြောက်ပါပြီဘုရား) နမ်းရှုပ်တယ် ဆိုယင်ကော.... (ကံမြောက်ပါပြီ)စားတယ် သောက်တယ်ဆိုယင်....(ကံမြောက်ပါပြီ)။

ဝိပဿနာသာ မပါယင် ကံမြောက်ချည်း သွားနေတယ်.... (မှန်ပါ့)ဝိပဿနာပါယင်....ကံဖြတ်တယ်(ကံဖြတ်တယ်)။

ဒါ သေသေချာချာ မှတ်ပါ တကာတကာမတို့ ဝိပဿနာ မပါယင်....(ကံမြောက် သွားပါတယ်) ဝိပဿနာပါယင်.... (ကံ့ဖြတ်ပါတယ်) ကံဖြတ်တယ်၊ အဲဒီတော့ ကံဖြတ်တယ်ဆိုတာကတော့ သူ့တဏ္ဍာက-နေ ဖြတ်လိုက်တာဘဲ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

အဲဒီကဲ့သို့ ဖြတ်လိုက်တဲ့အခါကျတော့ ဒီကံတွေက ဝိပဿနာဉာဏ်က ဖြတ်ပစ်လိုက်တဲ့အခါကျတော့ ဦးခင်မောင်....ဒီကံတွေက ကျုပ်တို့ကို ထင်သလို အကျိုးပေးနိုင်သေးရဲ့လား.... (မပေးနိုင်ပါဘူး)။

ဒါဖြင့် ကျုပ်တို့ကို ကယ်မည့်တရား၊ ကျုပ်တို့ကို ချမ်းသာပေးမည့်တရား၊ ကျုပ်တို့မိုက်ပြစ်တွေကို ရှင်းလင်းပေးမည့်တရား

က ံပြတ်တရားဘဲ အားကိုးရတော့မယ်....(မှန်လှပါ) ကိုမြင်ရှေ....
ဘာ-အားကိုးမယ်....(က ံပြတ်တရား အားကိုးရပါမယ်ဘုရား)။

ဒါဖြင့် က ံပြတ်တရား အားကိုးတော့ က ံပြတ်ဆိုတဲ့ဥစ္စာ တကာတကာမတို့ ဝိပဿနာရှုလိုက်တဲ့အခါတော့ အပါယ်သွား မည့်က ံတွေက တကယ် မင်္ဂဆိုက်သွားပြီဆိုတော့လဲ "စတူဟာ-ပါယေဟိစ ဝိပ္ပမုတ္တောဘာ" ဆိုတဲ့အတိုင်း အပါယ်က ံတွေက လွတ်မသွားဘူးလား....(လွတ်သွားပါတယ်ဘုရား)။

အဲဒီတော့ ဝိပဿနာမင်္ဂတို့ လောကုတ္တရာမင်္ဂတို့ကြောင့် ပြတ်သွားတာဆိုယင်ကော လဲသလား.... (မလဲပါဘူး ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့တကာတကာမတွေ ကယ်မည့်သူ ယူမည့်သူ ရှာနေတာ အတော်ကြာပေါ့၊ ဘာမျှး အားကိုးရပါ့ မတုံးလို့ မေးတဲ့အခါကျတော့ ကံပြတ်ကို အားကိုးရမယ်....(မှန်ပါ့ဘုရား)။

ကံပြတ်ဆိုတာ ဘာပါလိမ့်....(ဝိပဿနာပါ) ဝိပဿနာရှုတဲ့မင်္ဂ၊ လောကုတ္တရာမင်္ဂ၊ ရှင်းကြပလား.... (ရှင်းပါပြီ) ကံပြတ်ဆိုတာ ဘာပါလိမ့်.... (ဝိပဿနာမင်္ဂ၊ လောကုတ္တရာမင်္ဂပါဘုရား) ဝိပဿနာရှုတဲ့ မင်္ဂကလဲ ထိုက်တန်သလောက် ဖြတ်တာဘဲ....(မှန်ပါ့)သူက-နေပြီး ကျေးဇူးပြုသွားတော့ လောကုတ္တရာမင်္ဂက ကောင်....(ဖြတ်ပါတယ်ဘုရား)။

အဲ....အပါယ်လေးပါး ကျမည့်ကံကို ၁-နံပါတ် မင်္ဂက-နေ ဖြတ်ချလိုက်တာဘဲ....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့ ခင်ဗျားတို့မှာ ဒီတနေ့တနေ့မှာ ကြားတယ်၊ တွေ့ချင်တယ်၊ ပြုံးတယ်၊ ရှင်ချင်တယ်၊ ခင်တယ်၊ စဲလမ်းတယ်၊ အားထုတ်တယ်၊ အားထုတ်တယ်ဆိုတာ ကို

ပေါ့ဗျာ....(မှန်ပါ့) အဲဒါတွေက အကြိမ်ပေါင်း ဘယ်လောက်တုံး....တဲ့....(မရေတွက်နိုင်ပါဘူး ဘုရား)။

မရေတွက်နိုင်လို့ ရှိယင်ဖြင့် ကံပြတ်ဝိပဿနာအလုပ်လဲ မလုပ်တော့ပါဘူးဆိုလို့ ရှိယင်ဖြင့် ကမ္မဘဝပစ္စယာ....ဇာတိ....(ဇာတိပါဘုရား) မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါ ဘယ်ဇာတိတုံးဆိုတော့.... အို....တဏှာ ဥပါဒါန်ကအုပ်ချုပ်တဲ့ ကံကလုပ်တဲ့ ဇာတိဆိုတော့ တကာတကာမတို့အပါယ်ဇာတိလဲ ဖြစ်နိုင်တာဘဲ၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) သုဂတိဇာတိကော.... (ဖြစ်နိုင်ပါတယ်ဘုရား)။

သို့သော် ဘာဘဲဖြစ်ဖြစ် ဇာတိတော့ ဖြစ်ရမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား) ဇာတိ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား) ဒါ....ခင်ဗျားတို့ ကံပြတ်မရှိယင် ဘာသစ္စာ လာမလဲ....(ဒုက္ခသစ္စာလာပါမယ်) ဒုက္ခသစ္စာလာမယ်ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတို့ ခင်ဗျားတို့မှာ အခု ဆရာဘုန်းကြီးကလဲ ခေါင်းဆောင်ပြီးပြောနေတော့ အားကိုးရာမဲ့ဖြစ်နေတော့ ဘာအားကိုးရမှန်းလဲမသိဘူး၊ လုပ်ထားတဲ့ ကံတွေကလဲ မိုပေါက်နေတယ်....(မှန်ပါ့) ဦးဘအုန်း....လုပ်ထားတဲ့ ကံတွေက....(မိုပေါက်နေပါတယ်)မိုပေါက်တာက နည်းသေးတယ် (မှန်ပါ့)။

တနေ့တနေ့ မျက်လုံးပေါက်က ကံပေါင်း ဘယ်လောက်တုံးမေးယင် ဘယ်နှယ်ဖြေကြမယ်.... (မရေတွက်နိုင်ပါဘူး ဘုရား) နားပေါက်က ကံပေါင်း ဘယ်လောက်(မရေတွက်နိုင်ပါဘုရား) နှာခေါင်းပေါက်က ကံပေါင်း ဘယ်လောက်.... (မရေတွက်နိုင်

ပါဘုရား)မနောပေါက်က ကံပေါင်းဘယ်လောက်....(မရေတွက်နိုင်ပါဘုရား)။

အဲဒီ ကံတွေဟာ တဏှာ ဥပါဒါန် ကံချည်း မသွားဘူးလား (သွားပါတယ်ဘုရား)။

ဒါဖြင့် ဇာတိပေါင်း တနေ့တနေ့ ဘယ်လောက် ရပါ့မတုံး-(မရေတွက်နိုင်ပါဘူး ဘုရား) မရေတွက်နိုင်အောင် ဇာတိတွေ အများကြီး မရပေဘူးလား....(ရပါတယ်) ဇာတိ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အို....တကာတကာမတို့ ဒုက္ခသစ္စာမှ ထွက်လမ်း လွှတ်လမ်း ကျွတ်လမ်းကို မရှိတော့ပါဘူး....(မှန်ပါ့) သဘောကျကြရဲ့လား (ကျပါတယ်)။ ဒုက္ခသစ္စာမှ ကျွတ်လမ်း လွှတ်လမ်း ဘယ်နှယ်နေကြမယ်....(မရှိပါဘူး ဘုရား)။

အဲဒီတော့ ဘုန်းကြီးများက သြော်....တကာတကာမတွေလဲ မသိဘူး။ စုထားတဲ့ကံတွေကလဲ နည်းကြသလား.... (မနည်းပါဘူး)။

ဒီကံတွေ အဟောသိကံ ဖြစ်အောင် လုပ်ပေးမည့်တရားကိုမှ ခင်ဗျားတို့ အားလဲ မထုတ်တော့ပါဘူး!! ကြိုးလဲ မကြိုးစားတော့ဘူးဆိုလို့ရှိယင်ဖြင့် အပါယ်လေးပါးကို ခါးစည်းခံမယ်လို့သာ စိတ်ကူးပေတော့....(မှန်ပါ့ဘုရား) သဘောကျပလား-(ကျပါပြီ)။

အပါယ်လေးပါးကို....(ခါးစည်းခံမယ်လို့စိတ်ကူးပေတော့) ခါးစည်း ခံရမယ်ဆိုတဲ့ဥစ္စာ ထွက်ရက်ရှိပါရဲ့လား....(မရှိပါဘူး ဘုရား) တကယ်ပြီးတကယ် လုပ်ပေးလိမ့်မယ်၊တဏှာ ဥပါဒါန်က

တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော့ ၁၀၉

ဒီကံတွေ သိမ်းသိမ်းထားတယ်လို့ မပြောဘူးလား.... (ပြောပါ တယ်ဘုရား) အရင် ပြောခဲ့ပါပြီနော်....(မှန်ပါ့)။

အဲဒီတော့ ကံတွေက ဟိုမှာ ဇာတိတခု၊ ဇာတိ ဇရာမရဏ တခုပြီးတော့မှ ဒီက တဏှာ ဥပါဒါန် ကံက နောက်ကံ လွတ် ပြန်တာဘဲ၊ လွတ်တော့ ဒယ်အိုးထဲကဘဲ တကာတကာမတို့ ပြန် တက်ချိန်ပါသေးရဲ့လား(မပါ-ပါဘုရား) ထောင်က ထွက်ရက် ကော.....(မပါ-ပါဘူးဘုရား) မရှိသလိုဘဲ ဖြစ်မနေဘူးလား.... (မှန်ပါ့)။

အဲဒါ တကာတကာမတို့ ဘာအားကိုးကြရမယ်.... (ကံဖြတ် တရားကို အားကိုးရမယ်) ကံဖြတ်တဲ့တရားကို အားကိုးကြရမယ် (မှန်ပါ့ဘုရား) တကာတကာမတို့ ဘာအားကိုးကြရမယ်.... (ကံ ဖြတ်တဲ့တရား အားကိုးကြရမယ်)။

မကောင်းတဲ့ ကံတွေကိုလဲ ဖြတ်မယ်၊ ဒုက္ခရောက်စေတဲ့ကံတွေ ဖြတ်တဲ့တရားဟူသ၍ ခင်ဗျားတို့၏ ကိုးစားရာ အားထားရာ အစစ်လို့ ဦးခင်မောင်....သေသေချာချာ မှတ်စမ်းပါ.... (မှန်လှ ပါဘုရား)။

ဒုက္ခသစ္စာ အကျိုးပေးတဲ့ကံတွေ ဟူသ၍ကို ဖြတ်တဲ့ဥစ္စာ ခင်ဗျားတို့ကမျှား ဝမ်းနည်းသေး သလား.... (မနည်းပါဘူး ဘုရား)။

မနည်းလို့ရှိယင် ဒီဥစ္စာ ဝိပဿနာအလုပ်ဟာ အားလုံး တရားနာကြတဲ့ တကာတကာမတွေ အကုသိုလ်ကြွေးတွေ မျှား လွန်းလို့ ဒီကြွေးတွေကို မဂ်နဲ့ဘဲ ဆပ်ရတော့မယ်.... (မှန်ပါ့) ဒီအတိုင်း နေမယ်ဆိုယင် ခန္ဓာနဲ့ဆပ်....(မှန်ပါ့ဘုရား)။

ခန္ဓာနဲ့ ဘယ်သွားဆုပ်ရမတုံးလို့ မေးတော့မှ သုံးဆဲ့ တဘုံမှာ လှည့်ဆုပ်ရမယ်....(မှန်ပါ့) နှားဖြစ် ဆပ်လိုက်ရ၊ ဝက်ဖြစ် ဆပ်လိုက်ရ၊ ငရဲကောင်ကြီးဖြစ်ပြီး ဆပ်လိုက်ရ၊ ပြိတ္တာကောင်ကြီးဖြစ်ပြီးသကာလ....(ဆပ်လိုက်ရတယ်)။

အဲ့....ဒါကမင်္ဂနဲ့ မဆပ်လို့ ရှိယင်ဖြင့် တကာတကာမတို့ ခန္ဓာနဲ့ ဆပ်....(မှန်ပါ့ဘုရား) မင်္ဂနဲ့ ဆပ်လို့ ရှိယင်ဖြင့် တကာတကာမတို့....တဲ့ ကြွေးတွေအကုန်ကျေ....(မှန်ပါ့ဘုရား) မောင်ထွန်းလှိုင် ကျေနပ်ပလား....(ကျေနပ်ပါတယ်ဘုရား)။

နောက်က တကာတကာမတွေ ဒီဥစ္စာ နာလဲ့ နာရခဲ့တယ်၊ ဩော်....ဒို့အားကိုးရာအစစ် ရှာနေတာ ကြာပေါ့၊ ဘာမျှး အားကိုးရပါ့မတုံးလို့ ဦးဇင်္ဂရင်တို့ အစစ်ရှာတော့မှ မကောင်းတဲ့ ဒုက္ခရောက်စေတဲ့ကံတွေ ဖြတ်တာ ဘယ်သူပါလိမ့်ဗျာ....(မင်္ဂပါ) မင်္ဂဘဲ၊ ရှင်းကြပလား....(ရှင်းပါပြီ)ဒုက္ခရောက်စေတတ်တဲ့ကံတွေ ဖြတ်လိုက်တာ....(မင်္ဂပါဘုရား)။

စဉ်းစားကြည့်ပါ တကာတကာမတို့....၊ စဉ်းစားကြည့်ပါ။ မုဆိုးကြီး တသက်လုံးလုပ်နေတဲ့ အကုသိုလ်က မျှး နည်းသလား....ဓမ္မပဒမှာလာတာ ဦးခင်မောင်.... (မှန်လှပါဘုရား)။

ဖြတ်ဆို ဘုရားသွားပြီးသကာလ ဝိပဿနာတရားဟောပြီး အလုပ်ခိုင်းလိုက်တော့ လောကုတ္တရာမင်္ဂ သူ့သန္တာန် စိုက်သွားတော့ တသက်လုံးလုပ်တဲ့မိုက်ပြစ်တွေဟူသ၍ အဟောသိက် ဖြစ်ရတယ်....(မှန်ပါ့ဘုရား) ဘယ်သူကနေပြီး အဟောသိက်ဖြစ်အောင် ကယ်ယူတင်လိုက်ပါလိမ့်မတုံး.... (လောကုတ္တရာမင်္ဂပါဘုရား) မင်္ဂက-ဆိုကြစို့....နော်....(မှန်ပါ့)။

အဲဒါ လောကုတ္တရာမဂ်ကလဲ ဝိပဿနာမဂ် မပါဘဲနဲ့ လောကုတ္တရာမဂ်က ဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား) ရှင်းကြပါလား.... (ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ တသက်လုံး မုဆိုးကြီး၊အပါယ်အိုး ကျိုးကပ်နေမည့် မုဆိုးကြီးနှင့်တက္ခ မုဆိုးကြီး သားတွေကော ချွေးမတွေကော ကယ်တင်လိုက်တာ ဘယ်သူပါလိမ့်.... (လောကုတ္တရာမဂ်ပါဘုရား)။

အင်္ဂုလိမာလ ဆိုတဲ့- လက်ညှိုးပေါင်းတ တောင် ဖြတ်ပြီး လူသတ်ယောကျ်ားကော.... (လောကုတ္တရာမဂ်ပါဘုရား) ကံဖြတ်တာ သေချာသွားပြီ (မှန်ပါ့ သေချာပါပြီ) မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

အဲဒါတွေ သိတော့မှ သြော်.... ဒါလောက် ကြီးကျယ်တဲ့ ကံကြီးတွေတောင် ပဥ္စာနန္တရိယကံမှတပါး မဂ်က နိုင်သေးတာဘဲ၊ ငါတို့ အခု မြင်တယ်- ကြားတယ်- ကြားလို့ တွေ့ချင်တယ်- တွေ့ချင်ယင်ဖြင့် စကားစမြည် ပြောချင်တယ်၊ ပြောမိယင် ခင်တယ် ခင်ယင် စဲ့လမ်းတယ်၊စဲ့လန်းယင် အားထုတ်တယ်ဆိုတဲ့ ကံကလေးတွေမျှလောက်တော့ ခင်ဗျားတို့ ဝိပဿနာမဂ်- လောကုတ္တရာမဂ်က ဖြတ်နိုင်ပါတယ် (မှန်ပါ့ဘုရား)။

အားကိုးရာမဲ့တော့ မနေကြပါနဲ့....(မှန်ပါ့ဘုရား)သဘောပါကြရဲ့လား.... (ပါ-ပါပြီဘုရား)အားကိုးရာမဲ့လို့ ဒီလိုမယူနဲ့၊ ဖြစ်နိုင်သေးတဲ့ အခြေအနေ ရှိသေးတယ် (မှန်ပါ့ဘုရား)တကာ တကာမတို့ ဘယ်လိုပါလိမ့်.... (ဖြစ်နိုင်သေးတဲ့ အခြေအနေရှိပါတယ်ဘုရား)။

အဲ.... ဖြစ်နိုင်သေးတဲ့ အခြေအနေရှိတုန်းကို ခင်ဗျားတို့က-ဘြော်.... ကြွေးတင်နေတဲ့ ပုဂ္ဂိုလ်က အကုသိုလ်အကျိုးတွေက တနေ့မှာ ဒုဂ္ဂရ ခြောက်ပေါက်က ကံမြောက်နေတာတွေကို မြင်ရှေ့ နည်းသလား.... (မနည်းပါဘူးဘုရား)။

နောက်က တကာ တကာမတွေ ဒုဂ္ဂရခြောက်ပေါက်က ကံမြောက်နေတာ တနေ့ ဘယ်လောက်တုံး.... (မရေတွက်နိုင်ပါဘုရား) ဒုဂ္ဂရခြောက်ပေါက်က ကံမြောက်နေတာတွေ ဘယ်လောက်ပါလိမ့်မယ်.... (မရေတွက်နိုင်ပါဘူးဘုရား)။

မရေတွက်နိုင်တော့ တဏှာ ဥပါဒါန် ကံ-တဏှာ ဥပါဒါန် ကံ-တဏှာ ဥပါဒါန် ကံ....အို တနေ့တွင် နည်းတာတွေမှမဟုတ် ဘဲ တကာ တကာမတို့.... ဒီကံတွေ လေလိုလွင့်သွားမယ်၊ ပြာလိုလွင့်သွားလိမ့်မယ်လို့ ထင်ကြသလား.... (မထင်ပါဘူးဘုရား) မထင်နဲ့ ကမ္မဘဝပစ္စယာ ဘာတဲ့တုံး.... (ဇာတိပါဘုရား)။

သူက ဇာတိဒုက္ခချည်း ပေးမယ်ဆိုတော့ အပါယ်ဇာတိ-နွားဇာတိ-ကျဲဇာတိ-ဝက်ဇာတိ-ဦးခင်မောင်ရေ.... ဇာတိမျိုးစုံ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီ ဇာတိမျိုးစုံ ကျုပ်တို့ အကျိုးပေးနေမယ် ဆိုလို့ရှိယင် ဘယ်မှာသာလျှင် ကျုပ်တို့သည်ကားလို့ ဆိုယင် ခြေမ်းသာယာစွာနဲ့ နေစရာ အချက် အလက် အကွက် မြင်သေးရဲ့လား.... (မမြင်ပါဘူးဘုရား)။

ဒါဖြင့် ဒီဥစ္စာ ဒီဇာတိတွေဟာ မင်္ဂနဲ့ မဖြတ်ယင် ခန္ဓာဇာတိ ဖြစ်ရမယ်.... (မှန်ပါ့) မင်္ဂနဲ့ မဖြတ်ယင်.... (ခန္ဓာဇာတိ ဖြစ်ရပါမယ်) ခန္ဓာဇာတိ ဖြစ်ရမယ်ဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော် ၁၁၃

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေ ရှင်းရှင်းဘဲ ပြောပါတယ် အေးအေးမနေကြပါနဲ့.ဦး၊ တကာ တကာမတွေ့ ဘယ်လို မှာပါလိမ့်.... (အေးအေးမနေကြပါနဲ့ဦး)။

ခင်ဗျားတို့ကအေးအေးကလေး တယ်-နေချင်တယ်၊ကျုပ်က အအေးကြိုက်တာတော့ မပြောနဲ့ ထမင်းခြမ်းတောင် ယတ်ခပ်စားချင်တယ်ဆိုတာ ဒီလိုမနေပါနဲ့.ဦး၊ရိပ်မိပလား(ရိပ်မိပါပြီ)။

ခင်ဗျားတို့ကလဲ အပြောက အတော်သန်တယ်.... (မှန်ပါ့) ထမင်းခြမ်းတောင် ကျုပ်က အအေးကြိုက်လိုက်တာများ ယပ်ခတ်စားချင်သေးတယ်လို့ ဦးခင်မောင်ပြောသံကြားဘူးခဲ့.လား (ကြားဘူးပါတယ်ဘုရား)။

သူကသာ အအေးကြိုက်လိုက်တာ၊ ကြွေးက ဗလပ္ပနဲ့.(မှန်ပါ့)အအေးသာ ကြိုက်နေတယ်၊ ကြွေးက....(ဗလပ္ပနဲ့.ပါ) ကံမြောက်နေတာတွေ့က နည်းသလား....(မနည်းပါဘူးဘုရား)။

အဲဒီတော့ အအေးနေချင်သလား တကာ တကာမတို့ ဒီကံတွေ့ကို မဂ်နဲ့ဖြတ်ချင်သလား....(မဂ်နဲ့.ဖြတ်ချင်ပါတယ်ဘုရား)။

အဲ....နောက်-မဂ်နဲ့ ဖြတ်ပြီးတဲ့အခါကျမှ ခင်ဗျားတို့ကြိုက်တဲ့ ထမင်းခြမ်း ယပ်ခတ်စားတာပေါ့၊ ကိစ္စမရှိပါဘူး(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

အခုအချိန်ဖြင့် အေးအေး ချမ်းချမ်းကလေး မနေလိုက်ပါနှင့်ဦး (မှန်လှပါဘုရား) သဘောပါပလား.... (ပါ-ပါပြီ) အခုအချိန်မှာ ဘုန်းကြီးက ဘယ်လို မေတ္တာရပ်သလဲ.... (အေးအေးချမ်းချမ်း မနေပါနဲ့ဦး) မသိအေး-ဟာ မကောင်းဘူးနော်... (မှန်ပါ့)။

မသိ-အေးဟာ ရေအိုးတင်ထားတဲ့ ရေအိုးကရွတ်ဆိုတာ ဦးခင်မောင်-တောဆီမှာ မြင်ဘူးမှာပေါ့ဗျာ (မှန်ပါဘုရား) အေးတော့ အေးတာဘဲ၊ ဆွဲပြီး ပျက်စီးသွားတယ် (မှန်ပါ) အအေးကောင်း ဆိုမလား.... ဆွဲသွားတာလို့ ဆိုမလား.... (ဆွဲသွားတာပါဘုရား)။

အဲ.... ခင်ဗျားတို့ဟာလဲ အခုအေးနေတာက ဆွဲသွားမည့် အအေးမျိုး- (မှန်ပါ) အကောင်းဖြစ်မည့် အအေးလို့ ဆိုလို့ ရဲ့ရဲ့လား.... (မရပါဘူးဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ အေးချိန်လား....တဲ့၊ ယခု အခါမှာ ပြာပြာသလဲ လုပ်ချိန်လား.... (ပြာပြာသလဲလုပ်ချိန်ပါဘုရား) ဘယ်နှယ် ပြာပြာသလဲလုပ်ဘို့မှ တကာ တကာမတို့ အချိန်ဟာ ကိုယ့်အသက်တမ်းကြီးက အသေထဲက လုပြီး ပြာရမှာ.... (မှန်ပါဘုရား)။

ခန္ဓာကိုယ်က အသေဘက်ချည်း သွားတာ (မှန်ပါဘုရား) ခန္ဓာကိုယ်က ဘယ်ချည်း သွားသတုံး.... (အသေဘက်ချည်း သွားပါတယ်ဘုရား) ခင်ဗျားတို့ တားလို့ ဆီးလို့ ရရဲ့လား.... (မရပါဘူး)။

အဲဒီထဲကနေပြီး အသေထဲက မသေခင်ကလေး သေလို့ ရှိယင် ဇာတိဖြစ်တော့မှာစိုးလို့ သဘောကျပလား.... (ကျပါပြီ) အပါယ် ဇာတိတွေ့ လင်းဆဲ့ ဇာတိတွေ့ ဖြစ်မှာစိုးတဲ့အတွက် ဒီအသေထဲက ကဗျာကရာ နှုတ်ယူလိုက်ရတာ (မှန်ပါဘုရား) အသေထဲက ကဗျာကရာ ဒီ-ရှုတဲ့ဉာဏ်ကလေး ကဗျာကရာ ထုတ်ယူ (မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ လွတ်လွတ်လပ်လပ် လုပ်ရလို့ရှိယင်လဲ ဘုန်းကြီးက ဘုန်းကြီးတို့ တကာတကာမတော့ပင်ပန်းမှာစိုးတဲ့အတွက်ဖြေးဖြေး လုပ်ကြတာပေါ့ဗျာ၊ ပြောရသေးတယ် (မှန်ပါ့) ခုတော့ ဒီလိုပြောချင်တာ တယောက်မှမပါဘူး (မှန်ပါ့) အင်္ဂေဝ သုဝေဝ= ယနေ့လား.... နက်ဖြန်လား ပုဂ္ဂိုလ်ချည်းဘဲ (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဒီထဲမှာ ဖြေးဖြေးလုပ်ကြဟော့နော်.... လို့ ဆရာ ဘုန်းကြီးက ဖါဖါထေးထေး ဖေးဖေးမမနဲ့ ပြောချိန်မရလို့.... (မှန်ပါ့)ရသေးရဲ့လား....(မရပါဘူးဘုရား)။

ခင်ဗျားတို့က ကံတွေကလဲ မနည်းဘူး စုထားတာ၊ အသေ ဘက်လဲ ခန္ဓာက သွားနေတယ်၊ သွားနေလို့ရှိယင်ဖြင့် ကံကုန် သွားတော့ ဇာတိဆိုတာ မလာပေဘူးလား.... (လာပါတယ် ဘုရား)။

အဲ.... ဇာတိလာမှတော့ ဘုန်းကြီးလဲ မကယ်နိုင်ဘူး၊ ဘုရား ကော....(မကယ်နိုင်ပါဘူးဘုရား) အားလုံး တကာ တကာမတွေ ကယ်မည့်သူ ယူမည့်သူ မြင်သေးရဲ့လား....(မမြင်ပါဘူးဘုရား)။

ဒါဖြင့် ဦးဇံရင်....ဘာ-အားကိုးမတုံး.... (မဂ်ကို အားကိုး ရပါမယ်)မဂ်ဆိုတာလဲ ခင်ဗျားတို့ ဘာဝေတပ္ပကိစ္စတဲ့ (မှန်လှပါ) မဂ်ဆိုတာ ဘာကိစ္စတဲ့.... (ဘာဝေတပ္ပကိစ္စပါ) ဘာဝေတပ္ပကိစ္စ ဆိုတာ ပဌားမှဖြစ်မှာ.... (မှန်လှပါဘုရား) ဘယ်လိုပါလိမ့်.... (ပဌားမှ ဖြစ်မှာပါဘုရား)။

ပဌားမှဖြစ်မည့်ဥစ္စာ ခင်ဗျားတို့က ဆားသမီးသာ ပဌား-ပစ္စည်း သာ ပဌားအောင် လုပ်နေတယ်၊ ဉာဏ်ပဌားမှ မပဌားဘဲ (မှန်ပါ့

ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ) အဲဒီတော့ ဘာပွားရမှာလဲ.... (ဉာဏ်ပွားရမှာပါဘုရား)ဉာဏ်ပွားရမယ်ဆိုတာ မောင်ထွန်းလှိုင် သေချာပလား.... (သေချာပါပြီ)။

ကိုင်း....ဒါဖြင့် တကာ တတာမတို့ ဘာဝေတဗွကိစ္စဆိုတာလဲ ဘုန်းကြီး ရှင်းပြီးသကာလ ယနေ့ နှစ်လုံးထဲ ထူးထူးပြောပါ ဦးမယ်၊ ဦးခင်မောင်-သေသေချာချာ မှတ်စမ်းပါနော်....(မှန်လှ ပါဘုရား) လောကီမဂ်ကတော့ဖြင့် အကြိမ်များစွာ ပွားရလိမ့် မယ်....နော် (မှန်လှပါ) လောကုတ္တရာမဂ်ကျတော့ တကြိမ်နဲ့ ပြီးပါတယ် (မှန်လှပါ) လောကီမဂ်ကျတော့....(အကြိမ်များစွာ ပွားရပါတယ်) လောကုတ္တရာမဂ်ကျတော့....(တကြိမ်သာ ပွားရ ပါတယ်)။

ဒါဖြင့် လောကီမဂ် ပွားရတာပါ၊ လောကုတ္တရာမဂ်ကျတော့ တကြိမ်နဲ့ပြီးပါတယ်၊ တကြိမ်နဲ့ ကံတွေအကုန်ပြတ်- အပါယ် ရောက်စေတတ်တဲ့ ကံတွေ အကုန်ပြတ်သွားတယ်ဆိုတာ သေချာ ပလား.... (သေချာပါတယ်)။

အဲဒီတော့ လောကီမဂ်ကလေးသာ ပွားပေးပါဆိုတော့ မဂ်ရဲ့ ဘာဝေတဗွကိစ္စဆိုတာဟာ လောကီမဂ် ဆိုတာလား—လောကုတ္တ ရာမဂ် ဆိုတာလား.... (လောကီမဂ် ဆိုတာပါဘုရား) လောကီ မဂ်ဆိုတာ (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) လောကုတ္တရာ မဂ်ကျတော့ တကြိမ်ပြီးယင် နောက်ထပ် ဒီအကြိမ်မျိုးကော လာသေးရဲ့လား.... (မလာပါဘူးဘုရား)။

အဲ.... "မဂ္ဂါဘိညာ သကိံမတာ" ဆိုတဲ့အတိုင်း မဂ်ဇော အဘိညာဏ်ဇောတို့ကို၊သကိံ=တကြိမ်၊မတာ=သိအပ်ကုန်၏လို့

သင်္ဂြိုဟ်မှာ ပါသားဘဲ....နော်၊တကြိမ်တည်း ဖြစ်တာပါလားလို့ ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဒါဖြင့် ဘယ်မဂ် ပွားရမှာပါလိမ့်.... (လောကီမဂ် ပွားရမှာ ပါဘုရား) လောကီမဂ်တော့ဖြင့် ဖြစ်ပျက်ရှုတဲ့ မဂ်ကိုတော့ ကြပ်ကြပ်ပွား (မှန်ပါ့) နိဗ္ဗာန်မြင်တဲ့ မဂ်ကိုတော့ တကြိမ်ပေါ် ပြီး-ပြီးတာဘဲ၊ နောက်လဲ ဘယ်တော့မှ မလာတော့ဘူး(မှန်ပါ့) လာသေးရဲ့လား.... (မလာပါဘူးဘုရား)။

အဲဒီတော့ ပွားရမည့်မဂ်ကို ပွား၊ ပွားရမည့်မဂ်ကို ပွားလို့ ရှိယင်ဖြင့် ဖြတ်တတ်တဲ့မဂ် ပေါ်လိမ့်မယ် (မှန်ပါ့ဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)ပွားရတဲ့မဂ်ကို.... (ပွားလို့ ရှိယင် ဖြတ်တတ်တဲ့မဂ် ပေါ်မယ်) ဖြတ်တတ်တဲ့မဂ်ကို ခင်ဗျားတို့က တောင်းတရတာလား.... သူ့အစဉ်အတိုင်း ပေါ်တာလား.... (သူ့အစဉ်အတိုင်း ပေါ်လာတာပါဘုရား)။

အဲဒါကြောင့် တကာ တကာမတို့က အစဉ်အတိုင်းပေါ်မည့် ဥစ္စာကို တောင်းယူနေလို့ ရှိယင်ဖြင့် ခက်ကြမှာစိုးတဲ့အတွက် ခင်ဗျားတို့ ပွားသာယူယင် လောကုတ္တရာမဂ် ပေါ်မယ်(မှန်ပါ့ဘုရား) တောင်းယူလို့ ရှိယင် မပေါ်ကို-မပေါ်ဘူးစိတ်ချ၊ ရပါ့မလား- (မရပါဘူးဘုရား)။

လောကီမဂ် ရှေ့ကပွားဖန်များမှ လောကုတ္တရာမဂ် ပေါ်တာကိုး မောင်ထွန်းလှိုင်ရ....(မှန်လှပါ) မပွားဘဲနဲ့....(မပေါ်ပါဘူး) မပေါ်နိုင်ဘူးဆိုတာ သေချာကြပလား.... (သေချာပါတယ်)။

အဲဒါတွေ ရှင်းရှင်းလင်းလင်း ဒါ အခု ပဋိသမ္ဘိဒါမဂ် အ ဋ္ဌကထာမှာလဲ သေသေချာချာ ပါ-ပါတယ် တကာတကာမ

တို့....လောကီမဂ်ဆိုတာ ပွားရမယ်ဟေ့၊ လောကုတ္တရာမဂ်က တော့ တကြိမ်ဘဲဟေ့ - ဆိုတဲ့ဥစ္စာလဲ သင်္ဂြိုဟ်လာတဲ့အတိုင်း ပဋိသမ္ဘိဒါမဂ်ကလဲ ဒီအတိုင်းလာတာပါဘဲ၊ ကဲ....ဦးခင်မောင်တို့ ရှင်းပလား(ရှင်းပါပြီ) ဒါဖြင့် ပွားတတ်ကြပလား....(ပွားတတ်ကြပါပြီ)။

အဲဒီတော့ ပွားတယ်ဆိုလို့ရှိယင်လဲ ဝါးလုံးနှစ်လုံး ပွတ်တယ်ဆိုတဲ့ဥစ္စာ ပူရုံကလေး ပွတ်နေလို့ မဖြစ်သေးဘူး.... (မှန်ပါ့ဘုရား)မီးထွက်လာအောင်ပွတ်ပါ....(မှန်ပါ့)ဘယ်နှယ် အပွတ်ခိုင်းသတုံး....(မီးထွက်လာအောင်ပွတ်ပါ)။

မီးထွက်လာအောင် ပွတ်လိုက်တဲ့အခါကျတော့ မီးထွက်တယ် ပူရုံကလေး ပွတ်နေလို့ရှိယင်ဖြင့်-မီး အလိုရှိတဲ့ပုဂ္ဂိုလ်ဟာ ပူရုံ-နွေးရုံကလေး ပွတ်နေလို့ရှိယင်ဖြင့် မောင်ထွန်းလှိုင်ရေ-ပွတ်ကျိုး မနပ်ပါဘူး....(မနပ်ပါဘူးဘုရား) ဘာ့ကြောင့်တုံး....မီးမှမရဘဲကိုး....(မှန်ပါ့ဘုရား)ရကြရဲ့လား....(မရပါဘူး)။

မီးအလိုရှိတဲ့ပုဂ္ဂိုလ်ဟာ မီးထွက်အောင် ပွတ်မယ်ဆိုလို့ရှိယင်ဖြင့် မီး ရမလား....မရဘူးလား.... (ရပါတယ်ဘုရား) ဒီမှာလဲ ဝိပဿနာမဂ်ကို-ဖြစ်ပျက်ကို ဖြိုင်ဖြိုင်သာရှုပါတဲ့၊မီးထွက်သည်နဲ့ တပြိုင်နက် လောကုတ္တရာမဂ်ဟာ ပေါ်ရမယ်.... (မှန်လှပါဘုရား)မပေါ်ယင်....(မဖြစ်ပါဘူး)မပေါ်ယင် ဖြစ်ကိုမဖြစ်ဘူး၊ မပေါ်ဘို့လမ်းကို ရှိသေးရဲ့လား....(မရှိပါဘူးဘုရား)။

ဒါ့ကြောင့် မိလိန္ဒပဉ္ဌာက မီးထွက်အောင် ပွတ်ယင်ကွာ "ကဋ္ဌ သံဃဋ္ဌနဇာတာ" ဆိုတဲ့အတိုင်း တကာ တကာမတို့ မီးထွက်အောင်သာ ပွတ်လို့ရှိယင်ဖြင့် မီးထွက်မှာဘဲဆိုတော့-ဒါဖြင့် မီးထွက်တော့ ကျုပ်တို့က နောက်ထပ်ပွတ်ဘို့ လိုသေး

တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော် ၁၁၉

သလား....ဒီမီး အသုံးချဘို့ဘဲ လိုတော့သလား....(ဒီမီး အသုံးချဘို့ဘဲ လိုပါ့တော့တယ်)။

ဒါဖြင့် ပူအောင်ပုတ်မှုတော့ဖြင့် မီးထက်အောင်ပုတ်ရလိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်ကဖြင့် ရှင်းလို့ပေါ့ဗျာ....(မှန်ပါ့) မရှင်းကြသေးဘူးလား.....(ရှင်းပါပြီ)။

အဲ....ဒါဖြင့် ဝိပဿနာဆိုတာ တကာတကာမတို့ ခေါင်းပါးအောင်လုပ်တဲ့တရား၊ ခေါင်းပါးအောင် လုပ်ပြီးမှ မဂ်က ဖြတ်တာကိုးဗျ....(မှန်လှပါ)။

လောကီ ဥပမာ ပြောကြပါစို့....ဆိုတော့-တကာတကာမတို့ ပဏ္ဏာသအဋ္ဌကထာမျှားကျတော့ ဒီလိုလာတယ် တကာ တကာမတို့ ဝိပဿနာမဂ်က လယ်လုပ်မည့် လယ်ခင်းကို အမှိုက်တွေစုပြီး ပုံထားတာနဲ့တူတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

အမှိုက်တွေ ဘာလုပ်ထားတာနဲ့ တူသလဲ....(စုပြီး ပုံထားတာနဲ့တူတယ်) စုပြီးပုံထားတာနဲ့ တူတယ်၊ ဝိပဿနာမဂ်က ဟိုကစု ဒီကစုပြီး အမှိုက်တွေ စုပုံထားတာနဲ့တူတယ်-ဦးခင်မောင်ရေ....(မှန်လှပါဘုရား)။

လောကုတ္တရာမဂ်-သောတာပတ္တိမဂ်ကတော့ မောင်ထွန်းလှိုင် မီးရှို့ပစ်လိုက်တာနဲ့တူတယ်....(မှန်ပါ့)ဒါဖြင့် ပုံရတာနဲ့ မီးရှို့တာနဲ့ ဘယ်သူက ကြာပါ့မလဲ.... (ပုံရတာက ကြာပါတယ် ဘုရား) အဲဒီတော့ ပုံတော့ပုံမှဘဲ ရှို့တဲ့အခါ တခါတည်းနှင့် ပြီးမှာကိုးဗျ....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ဝိပဿနာမလုပ်ဘဲနဲ့ မဂ်ရလိမ့်မယ်ဆိုတဲ့ဥစ္စာတော့-ပုံမှမပုံဘဲနဲ့ မီးရှို့ဖြစ်လိမ့်မယ်ဆိုဘာ

ဦးဇော်ရင်....ယုံမလားဗျား....(မယုံပါဘူးဘုရား) ကိုမြင်ရှေ....ယုံမလား....(မယုံပါဘူးဘုရား)။

ဒါဖြင့် ဘာလုပ်ကြရမယ်၊ စုပုံတာက ဘာမက်နဲ့ တူသတုံး-(ဝိပဿနာမက်နဲ့ တူပါတယ်) ကိုလေသာတွေ စုပုံနေတာက ဦးခင်မောင်....ဘာမက်နဲ့ တူသတုံး....(ဝိပဿနာမက်နဲ့ တူပါတယ်) မီးရှို့လိုက်တာက....(လောကုတ္တရာမက်နဲ့ တူပါတယ်) လောကုတ္တရာ သောတာပတ္တိမက်နဲ့ မတူလားဗျာ....(တူပါတယ်ဘုရား)။

အဲဒါကြောင့် ဝိပဿနာကို ဘာဝေတဗ္ဗကိစ္စနဲ့ ပွားပြီးသကာလ၊ မဂ်ကိစ္စနဲ့ ကိလေသာ မီးရှို့ပစ်လိုက်ပါဆိုတော့ တကာ တကာမတို့ ဒီကိလေသာချုပ်တော့ ကံတွေသိမ်းထားတဲ့ကိလေသာချုပ်ပေါ့ တကာ တကာမတို့၊ ဒီကံတွေက—သူသိမ်းထားတဲ့ လူဘဲသေပေါ့ ဒီကံတွေဟာသေတဲ့အထဲ ပါသွားတာဘဲ....(မှန်ပါဘုရား)ဒီကိလေသာသေတော့ ဒီကံဟာ ဘယ် နှယ်နေသလဲ....(သေပါတယ်ဘုရား)။

အဲဒီတော့ နဂိုရိုက ဘုန်းကြီးပြောထားတာဘဲ၊ကမ္မသမဂ်ဆိုတဲ့ဥစ္စာ ကိလေသာက ကံတွေ သိမ်းထားတယ်.... (မှန်ပါ) ဒါဟာ ကိလေသာသေတော့ ကံကျန်ရစ်ဦးမလား....(မကျန်ရစ်ပါဘူး)။

အဲဒီတော့ တကာ တကာမတို့ ကိလေသာသေအောင် ကိလေသာတွေ စုပုံရအောင် ဘယ်မဂ်ကို ပွားမယ်(ဝိပဿနာမဂ် ပွားပါမယ်) ၎င်းကိလေသာတွေ မီးရှို့တာက ဘယ်မဂ်ကလဲ (လောကုတ္တရာမဂ်ကပါဘုရား)။

အဲ....မီးရှို့တော့ က်ပါ ပါ-မသွားသေးဘူးလား(ပါသွား ပါတယ်)ရှင်းကြပလား....(ရှင်းပါပြီ)ဒါ အင်မတန်ကြားရခဲတဲ့ စကား ကြားရခဲတဲ့တရားဆိုတာကော တကာ တကာမတွေ သေ သေချာချာ ဉာဏ်ထဲမှ ဝေဘန်နိုင်ကြပလား.... (ဝေဘန်နိုင်ပါ တယ်ဘုရား)။

အေး....ဉာဏ်ထဲ ဝေဘန်နိုင်တော့မှ သြော်....မလုပ်ချင် မဖြစ် တဲ့အလုပ် ဘယ်အလုပ်ပါလိမ့်မလဲဆိုတာ ယနေ့ ပေါ်သွားပါ ပြီ....(မှန်ပါဘုရား) အမှိုက်စုရမည့်အလုပ်ဟာ ဘယ်သူ့အလုပ် ပါလိမ့်မတုံး....(ဝိပဿနာအလုပ်ပါ) ဝိပဿနာအလုပ်။

အဲ....မစုဘဲနဲ့ မီးရှို့မယ်ဆိုယင် မီးခြစ်ဆံကုန်ရုံဘဲ ရှိမယ်။ အမှိုက် ပြောင်မှာမဟုတ်ပါဘူး....(မှန်ပါ)ပြောင်ကြပါ့မလား- (မပြောင်ပါဘူး) ဟိုနားတရက် ဒီနားတရက် သစ်ရက်ခြောက် တွေ၊ လိုက်သာရှို့နေကြ တကာ တကာမတို့ မီးခြစ်ဆံသာ ကုန်တယ်၊ အမှိုက်ပြောင်ပါ့မလား....(မပြောင်ပါဘူး) စုပုံပြီး လုံးထွေးထားပြီးသကာလမှ ရှို့လိုက်ယင် မပြောင်လား .... (ပြောင်ပါတယ်ဘုရား)။

အဲဒီတော့ ဝိပဿနာမဂ် မပါဘဲနဲ့၊ လောကုတ္တရာမဂ် အား လုံး တကာတကာမတွေ မဖြစ်နိုင်ဘူးဆိုတာ မပွားဘဲနဲ့ လော ကုတ္တရာမဂ် မရလို့ မှတ်လိုက်စမ်းပါ(မှန်ပါဘုရား)ရှင်းပလား- (ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ပွားကြပါ-ပွားကြပါဆိုတာ တိုက်တွန်းရမှာလား၊ ခင်ဗျားတို့ ကိလေသာ အရှုပ်တွေက ကိုယ့်မှာကြောက်စရာ အကျိုးပေးတဲ့အတွက် ကိလေသာအရှုပ်

တွေ့ အရှုခိုင်းတာလား....(ကိုလေသာအရှုပ်တွေ့ အရှုခိုင်းတာပါဘုရား)။

အဲ.....အရှု ခိုင်း ပြီး သကာလ တကာ သစ် တို့ နောက် ကျတော့ ရှုပြီးသကာလ မီးရှို့ လိုက် တော့ ပြောင် သွား တာပေါ့....(မှန်ပါဘုရား) ပြောင်သွားတော့ ဒီနေရာသည် လယ်ကောင်း ဖြစ်မသွားဘူးလား....(ဖြစ်သွားပါတယ်ဘုရား) ဦးခင်မောင်....ဘာဖြစ် သွား သတုံး....(လယ်ကောင်း ဖြစ်သွားပါတယ်ဘုရား)။

အဲဒီကျမှ "အနုတ္တရံ ပုညခေတ္တ လောကဿ" လောကဿ = လူအပေါင်း၏။ အနုတ္တရံ = အတု မရှိသော။ ပုညခေတ္တ = ကောင်းမှုတို့၏ စိုက်ပျိုးရာ လယ်မြေကောင်း ဖြစ်သွားပြီဆိုတော့ သောတာပန်မြေ ဖြစ်သွားပြီပြောတာ(မှန်ပါဘုရား)ရှင်းပလား (ရှင်းပါပြီ) ဘာမြေ ဖြစ်သွားသတုံး.... (သောတာပန်မြေ ဖြစ်သွားပါတယ်ဘုရား)။

သောတာပန်မြေ ဖြစ်သွားတယ်ဆိုတော့ ကောင်းမှုတို့၏ စိုက်ပျိုးရာ လယ်မြေကောင်းဖြစ်သွားပြီကွဲ့တဲ့ ကြည့်လေအမှိုက်လဲ့ ရှင်းပြီးပြီ၊ မီးကလဲ ရှို့ပြီးပြီ၊ ဒီမြေ- မြေကောင်းလား၊ မြေမကောင်းလားဆိုတာ တကာတကာမတွေ့ဘဲ တွေ့စမ်း.... (မြေကောင်းပါဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ အရိယာရှစ်ယောက်ကို "အနုတ္တရံ ပုညခေတ္တ လောကဿ" လောကဿ = လူအပေါင်း၏။ အနုတ္တရံ = အတု မရှိသော။ ပုညခေတ္တ = ကောင်းမှုတို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်း ဖြစ်သွားပြီတဲ့

သူ့ကို လျှုယင် အကျိုးပေးမယ်.... (မှန်ပါ့ဘုရား) မလာဘူးလား....(လာပါတယ် ဘုရား)။

အဲဒါတွေထောက်ကြည့်တော့ သူကမီးရှို့ပြီးသားလယ်ပေါ်မှာ ကျုပ်တို့က ဒါနမျိုးစေ့၊ သီလမျိုးစေ့ စိုက်ရလိမ့်မယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သာမည အရေးကြီးသလား....၊ အလွန့် အလွန် အရေးကြီးသလားဆိုတာ တကာတကာမတွေ ပေါ်ကြပလား–(ပေါ်ပါပြီ) ဘယ်လို ပေါ်ပါလိမ့်မယ်....(အလွန့်အလွန်အရေးကြီးပါတယ်ဘုရား)။

ခင်ဗျားတို့ အခုခန္ဓာကိုယ်ထဲမှာကော ကိလေသာတည်းဟူသော အမှိုက်သရိုက်တွေက ဦးခင်မောင်နှယ် တောထနေတယ်–(မှန်လှပါဘုရား) တောထနေတယ်၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီ)ကိလေသာ အမှိုက်သရိုက်တွေက.... (တောထနေပါတယ်ဘုရား)။

အဲဒီ တောထနေတဲ့အထဲမှာဖြင့် ခင်ဗျားတို့ သူများက ဒါနပြုပြီး မျိုးစေ့ကလေးစိုက်၊ ခင်ဗျားတို့ကျွေး၊ ခင်ဗျားတို့ မွေး၊ စိုက်ပေမဲ့လဲ ဒီလယ်က လယ်ကောင်းမှ မဖြစ်တော့ဘဲ....(မှန်လှပါ ဘုရား) ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘူး) မဖြစ်တော့ အလွန့်အလွန် အကျိုးပေးနိုင်ပါ့မလား.... (မပေးနိုင်ပါဘူး)။

အေး....ဒါနသာ မြောက်တာပေါ့၊ လယ်ကောင်း စိုက်မိတာလား....၊ လယ်ညံ့ စိုက်မိတာလား.... (လယ်ညံ့စိုက်မိတာပါဘုရား) ဘာဖြစ်လို့တုံးဆိုတော့ ဝိပဿနာကမလုပ်၊မဂ်က မီး မရှို့ရသေး....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဝိပဿနာနဲ့လဲ ကိလေသာတွေ မစုရသေး။ မင်္ဂနဲ့လဲ ကိုယ့် ကိလေသာတွေ ကိုယ်မိုးမရှိ့ရသေးဆိုတော့ ခင်ဗျားတို့ သောတာပန် မတည်သ၍ကာလပတ်လုံး "အနုတ္တရံ ပုညခေတ္တ လောကဿ" လူအပေါင်းတို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းကို မဖြစ်သေးဘူးဗျ....(မှန်လှပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ကဲ....ဒါဖြင့် ဒီလောက်ဆိုယင် ရှေ့ပိုင်းမှာ မရှင်းသေးဘူး လား....(ရှင်းပါတယ်ဘုရား) ရှင်းသွားပြီ....တဲ့။ ရှင်းသွားတော့ ဒါ ဘယ်သူ့ပဋိစ္စသမုပ္ပါဒ်ပါလိမ့်—တကာတကာမတို့.... (ကိုယ့် ပဋိစ္စသမုပ္ပါဒ်ပါဘုရား)ခန္ဓာပဋိစ္စသမုပ္ပါဒ်....နော်....(မှန်ပါ့)။

လူတယောက်ထဲ၏ ပဋိစ္စသမုပ္ပါဒ်· အားလုံးမှာ ဖြစ်စဉ်ဟာ ဒီအတိုင်း၊ ဒီအတိုင်းဘဲလို့ တညီတညွတ်တည်း မှတ်နိုင်ကြပလား (မှတ်နိုင်ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ ဒါကလေးက ကြားတယ်.... (မှန်ပါ့) ဒါကလေးဘာတုံး....တွေ့ချင်တယ်.... (တွေ့ချင်တယ်) ဒါက စကားစမြဲ ပြောချင်တယ်....(မှန်ပါ့) စကားစမြဲ ပြော ဖန်များတော့ ခင်လာတယ်....(မှန်ပါ့) ခင်တော့ မသွားစေချင် ဘူးလား....(မှန်ပါ့)။

မသွားစေချင်တာက ဘာပါလိမ့်.... (ဥပါဒါန်ပါဘုရား) ဥပါဒါန်၊ မသွားစေချင်တဲ့ အခါကျတော့ ကျုပ်သည် ကျွေးဘို့ မွေးဘို့ သွားပြီးသကာလ ဝယ်လိုက်ဦးမယ် တွေ့လိုက်ဦးမယ် ဆိုတဲ့ ကာယက ၊ဝစီက ကော မလာဘူးလား....(လာပါတယ်)။

အဲဒီတော့ ဒါ ဘယ်သူ၏ ဖြစ်စဉ်တုံးဆိုတော့ အားလုံးသော ပုဂ္ဂိုလ်တွေ၏ ဖြစ်စဉ်....(မှန်ပါ့)။

မျက်လုံးရှိတဲ့ ပုဂ္ဂိုလ်၏ ဖြစ်စဉ်....(မှန်ပါ့)။
နားရှိတဲ့ ပုဂ္ဂိုလ်၏.... (ဖြစ်စဉ်ပါ ဘုရား)။
နှာခေါင်းရှိတဲ့ ပုဂ္ဂိုလ်၏.... (ဖြစ်စဉ်ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ဒါ ချုပ်ပြီး၊ ဒါ ဖြစ်မှာဘဲ-(မှန်ပါ့) ဒါ ချုပ်ပြီးတော့.... (ဒါဖြစ်မှာပါဘဲ) ဒါဖြစ်မှာဘဲ၊ ဒီဟာ ချုပ်ပြီးတော့....(ဒါဖြစ်မှာပါဘဲ)။

ဒါဖြင့် နာမည်ခေါ်ကြစို့တဲ့.... အကြားချုပ်ပြီး သကာလ အတွေ့ဖြစ်မယ်....(မှန်ပါ့) အတွေ့ဖြစ်ပြီး သကာလ.... ပြုံးရှင်တာ....(ဖြစ်မယ်) ပြုံးရှင်တာ ဖြစ်ပြီးသကာလ ခင်မှု၊ ခင်မှု မဖြစ်ပေဘူးလား(ဖြစ်ပါတယ်) ခင်မှု ချုပ်သွားတော့ စွဲလမ်းမှု မလာပေဘူးလား....(လာပါတယ်) စွဲလမ်းမှု ချုပ်သွားယင်.... အားထုတ်မှု မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ တခုပြီးမှ တခုချုပ်၊ တခုဖြစ် တခုချုပ်၊ တခုဖြစ် တခုချုပ်၊ တခုဖြစ်ဆိုတော့ တကာတကာမတို့ ဒါ တယောက်သေပြန်ပြီ၊ ဒါ တယောက်သေမှ ဒီတယောက် ပေါ်တယ်....(မှန်ပါ့)။

ဒီတယောက်သေမှ.... (ဒီတယောက်ပေါ်ပါတယ်)။
ဒီတယောက်သေမှ.... (ဒီတယောက်ပေါ်ပါတယ်)။
ဒီတယောက်သေမှ.... (ဒီတယောက်ပေါ်ပါတယ်)။

အံမာလေး ခင်ဗျားတို့ဟာ ဟိုမှာ မုန့်သွားဝယ်တဲ့ အခြေအနေရောက်အောင်ဘဲ လူဘယ်နှစ်ယောက် သေသတုံးမေးတော့ ဟောဒီ ငါးယောက်သေပြီ.... (မှန်ပါ့ဘုရား)။

မုန့်သွားဝယ်တဲ့ အချိန်ကျတော့ ဒါနဲ့ ကံမြောက်နေတဲ့ အချိန်ဟာ ကံ စေတနာနဲ့ ဝယ်နေတာဖြစ်နေတော့ ခင်ဗျားတို့

စ-ပြီးကြွားတဲ့ပုဂ္ဂိုလ် ဘယ်နှစ်ယောက် သေပြီးပလဲ.... (၎င်း ယောက် သေပြီးပါပြီ)။

အဲဒီ ၎င်းယောက် အသေကိုမြင်ဘို့ အရေးကြီးတယ်.... (မှန် ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘာအသေမြင်ဘို့ အရေး ကြီးသလဲ.... (၎င်းယောက်အသေ မြင်ဘို့ အရေးကြီးပါတယ်) ဘယ်တော့မျှား ခင်ဗျားတို့ ဒီဥစ္စာ-ဒီအသေကို ရှုဘူးသတုံးလို့ မေးလို့ ရှိယင်....မရှုဘူးပါဘူးဗျာ၊ ရှုကို မရှုဘူးဘူး....(မှန်လှပါ ဘုရား)။

ကဲ-ဒီထဲက တကာတွေ့ ကိုမြရွှေတို့ ဦးဇံရင်တို့ ရှုဘူးတဲ့ ပုဂ္ဂိုလ် ရှားလိမ့်မယ်....(မှန်ပါ့) မရှားပေဘူးလား.... (ရှားပါ တယ် ဘုရား)။

ဒါဖြင့် ကိုယ့် အသေ ကိုယ်မြင်ဘူးရဲ့လား-(မမြင်ဘူးပါဘူး ဘုရား) ကိုယ့် အသေကိုယ် သမုတိသစ္စာထဲက ကိုယ်သေပြန် တော့ကော....ကိုယ့် အလောင်း ကိုယ်မြင်ဘူးကြရဲ့လား....(မမြင် ဘူးပါဘူးဘုရား)။

ဒါဖြင့် ဒီ ရှင်တုန်းသေတဲ့ အသေတွေကော.... (မမြင်ဘူးပါ ဘူးဘုရား) သြော်....ခင်ဗျားတို့က စုံလုံးကန်းဖြစ်နေတာကိုး.... (မှန်ပါ့) စုံလုံးကန်းဖြစ်နေတာ၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲဒီတော့ ကိုယ့် အသေ ကိုယ်မမြင်လို့ ရှိယင် အနိစ္စ မမြင် သေးပါဘူး.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ကိုယ့် အသေမှ ကိုယ်မမြင်ယင်.... (အနိစ္စ မမြင်သေးပါဘူး ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အနိစ္စ ဒုက္ခဘဲ နိဗ္ဗာန် ရောက်ကြောင်းရှိ တယ်လို့ ပြောနေတော့ ခင်ဗျားတို့မှာ အနိစ္စ ဒုက္ခဟာ ကွယ်နေ

ပြီ....(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ) ခင်ဗျားတို့ ဘာကွယ်နေတုံး....(အနိစ္စ ဒုက္ခ ကွယ်နေပါတယ်)အနိစ္စ ဒုက္ခ အနတ္တ ခင်ဗျားတို့သန္တာန် ဘာဖြစ်နေတုံး.... (ကွယ်နေပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဘုရားမပွင့်ပါဘူး ခင်ဗျားတို့ဆီ၊ ရိပ်မိပလား (မှန်ပါ့ဘုရား) ဘုရားမပွင့်ဘူး ခင်ဗျားတို့သန္တာန်မှာ ဘယ်နှယ် ဖြစ်နေသတုံး.... (ကွယ်နေပါတယ်ဘုရား)။

အနိစ္စ ဒုက္ခ အနတ္တ ကွယ်နေတာနဲ့ ဘုရားပွင့်လာတော့ ဘာထွေမျှားဟောလေ ရှိတုံးဆိုတော့ အနိစ္စ ဒုက္ခ အနတ္တ ရေလဲနဲ့သုံး ဟောတာဘဲ(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒါ တပည့်တော်တို့ ခန္ဓာကိုယ်ထဲ မမြင်ဘူးပါဘူး ဆိုက တည်းက ခင်ဗျားတို့မှာ ဘုရားပွင့်တယ်လို့ ဆိုမလား-မပွင့်သေး ဘူးလို့ ဆိုမလား.... (မပွင့်သေးပါဘူးဘုရား)။

ဒီလိုပြောလိုက်ယင် ခင်ဗျားတို့က ဘုရားနဲ့လှည့်ပြီး ပြောရ မလားလို့ စိတ်မျှား ဆိုးနေကြဦးမလား၊ မပွင့်တာကတော့ သေချာနေပြီ (မှန်လှပါဘုရား) မသေချာဘူးလား.... (သေချာပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ကဲ.... ဒါဖြင့် တကာ တကာမတို့ ယနေ့က စ ပြီးသကာလ ကိုယ့်သန္တာန်မှာတဲ့ "စက္ခုံ ဥဒပါဒိ" ဆိုတဲ့ ဥာဏ်စက္ခုကလေး တော့ ဖြစ်အောင်လုပ်ကြစမ်းပါ (မှန်ပါ့ဘုရား)။

ကဲ.... ဒါဖြင့် ကြားတဲ့စိတ်ကလေး လာလို့ရှိယင် ကြားတဲ့ စိတ်ကလေးကို ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်) အဲ.... ဖြစ်ပျက် ရှုလိုက်တဲ့ အခါကျတော့ ကြားတဲ့ပုဂ္ဂိုလ် သေတာ (မှန်ပါ့) ဦးခင်မောင်.... ဘယ်သူသေတာတုံး....(ကြားတဲ့ပုဂ္ဂိုလ် သေတာပါ)။

ကြားတဲ့စိတ်ကလေး သေတယ်ဆိုတော့ သေတာက အနိစ္စ၊ သေမှန်းသိတာက.... (မဂ္ဂပါဘုရား) ဒီကျမှ ကိုယ့်အသေ ကိုယ် သိတယ် (မှန်ပါ့)။

သေတာက .... (အနိစ္စပါဘုရား)။

သြော်.... လူ့ပြည်လာတာ အသေလာတာလား.... တကာ့ တကာမတို့၊ အနေလာတာလား.... (အနေလာတာပါဘုရား)။

အဲ....ခင်ဗျားတို့က အနေလာတယ်၊ ဖြစ်စဉ်က....(အသေပါဘုရား) ဖြစ်စဉ်က အသေလာတာ၊ ခင်ဗျားတို့ အထင်က.... (အနေလာတာပါဘုရား) ဒီလောက်ထိအောင် ခြားနားနေပါတယ် (မှန်ပါ့) ဒီလောက်ထိအောင် ခြားနားနေတယ် ဆိုတာကော ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် မောင်ထွန်းလှိုင်ရေ ကိုယ့်စိတ် ကိုယ်ရှုတော့မှ စိတ်တခုနဲ့ "ကစိတ္တ သမာယုတ္တာ" လူတယောက်ဟာ ဘယ်လောက်များ အသက်ရှင်နေသတုံးဆိုတော့ တစိတ်နဲ့ အသက်ရှင်နေတယ်ဆိုတော့ ဒီ စိတ်တခု သေသွားယင် သေတာဘဲ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ စဉ်းစားကြည့်၊သေတဲ့ပုဂ္ဂိုလ်များမှာ လေကလေး ထုတ်တဲ့စိတ်— လေကလေးက ဒီမှာထွက်လာတယ်၊ ထုတ်တဲ့စိတ် ကြောင့် မထွက်ဘူးလား.... (ထွက်ပါတယ်ဘုရား)။

နောက်- ရှူတဲ့စိတ်ကလေး မလာတော့ ခင်ဗျားတို့ဟာ ဘယ်နှယ် ပြောကြမလဲ.... (သေပါတယ်ဘုရား) သေပြီဆို ဒီ တစိတ်နဲ့ အသက်ရှင်နေတယ်ဆိုတာ သေချာတယ် (မှန်ပါ့

တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော် ၁၂၉

ဘုရား) ဘာနဲ့ အသက်ရှင်နေတာတုံး.... (တစိတ်နဲ့ အသက်ရှင်နေတာပါ)။

ဘာပြုလို့တုံးဆိုတော့ လေကလေး ထုတ်လိုက်တုံးကတော့ ဖြင့် ဟာ—ရှင်သေးတယ်၊ ရှင်သေးတယ် ဟုတ်လား နောက်-ပြန် ပြီးသကာလ ရှူတဲ့စိတ်ကလေးက ဒီလူမမာက မလာတော့ဘူး ဆိုတော့ ခင်ဗျားတို့က ခေါင်းပြင်ကြတော့ ဖြစ်လာတယ်၊ (မှန်ပါ့) သေသွားတဲ့အဓိပ္ပါယ် မရောက်ဘူးလား.... (ရောက်ပါ တယ်ဘုရား)။

ဒါဖြင့် နဂိုရိုက ဘယ်နှစ်စိတ်နဲ့ အသက်ရှင်နေတာတုံး.... (တစိတ်နဲ့ အသက်ရှင်နေပါတယ်ဘုရား) ကဲ.... တစိတ်နဲ့ အသက်ရှင်ကြောင်း၊ နောက်တစိတ်မလာယင် သေတာမြင်သဖြင့် ရှင်းနေတယ်(မှန်ပါ့ဘုရား) မရှင်းသေးဘူးလား....(ရှင်းပါတယ် ဘုရား)။

အဲဒါ ခင်ဗျားတို့က အသက်တမ်း တပည့်တော်တို့ ဘယ် လောက်မျှး နေရဦးမှာတုံးဘုရားလို့ မေးတဲ့အခါ၊ အို-နောက် စိတ်လာယင်တော့ နေဦးပေါ့ဗျာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ် မိပါပြီ) နောက်စိတ်မလာယင် သေကြပေတော့.... (မှန်ပါ့) ရိပ် မိပလား....(ရိပ်မိပါပြီ)။

အံမာလေး ခင်ဗျားတို့က ပုဏ္ဏား သွားမေးရတာနဲ့၊ ဗေဒင် သွားမေးနဲ့၊ ကျုပ်ဟာ ဘယ်လောက် အသက်ရှည်မှာတုံး....အဲ ဒါက လွဲသေးတယ်....(မှန်ပါ့) မလွဲပေဘူးလား.... (လွဲပါတယ် ဘုရား)။

ဟာ့....ခင်ဗျားတို့ဗျာ အိုဇာတာ သိပ်ကောင်းတာဘဲ၊ အသက်ကိုဘဲ ခင်ဗျားတို့ သား-သမီးမုန်းအောင် သူများမုန်းအောင် နေရဦးမှာ-ပြုံးလို့ပေါ့ တကာတကာမတွေ့ကလေ.... (မှန်ပါ့)။

ပြုံးများ ပြုံးလိုက်သေး၊ သားမုန်း-သမီးမုန်း- သူများမုန်းအောင် နေရဦးမှာ၊ အိုဇာတာ-ကောင်းတယ်လို့ များပြောလိုက် ချင်ကြသေးတယ်၊ ဘယ်မှာဒီလိုဟုတ်လိမ့်မလဲ....ကြပ်ကြပ်အိုလေ မုန်းလေမဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

အိုတယ်ဆိုယင် သားတွေ သမီးတွေက ဘာဖြစ်ကြမယ် ထင်သတုံး....(မုန်းပါတယ်ဘုရား)။

မုန်းတာတောင်မှ အမုန်းခံပြီး သကာလ ဒီဗေဒင်ဆရာကို ခင်ဗျားတို့က ကျေးဇူးတင်သေးတယ်။ အမုန်းခံပြီးသကာလ ကိုယ်က ပြုံးလိုက်သေးတယ်။ မုန်းမည့်ကိစ္စ ပေါ်လာတာ တောင်မှ ကိုယ့်မှာတော့ ပြုံးတဲ့ကိစ္စ လာဖြစ်နေတယ်....(မှန်လှပါဘုရား)။

ကိစ္စက ဘာ-ပေါ်တာတုံး....(မုန်းမည့်ကိစ္စပါဘုရား) သူတို့ သန္ဓာန် မေးတဲ့ ပုဂ္ဂိုလ်ကတော့ ပြုံးတဲ့ကိစ္စ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ) ရှင်းကြပလား....(ရှင်းပါပြီ)။

မုန်းတဲ့ကိစ္စဟာတာ ခင်ဗျားတို့က ပြုံးတဲ့ကိစ္စ ဖြစ်တယ်ဆိုတော့ တယ်ဆိုးပါကလား....(ဆိုးပါတယ်ဘုရား) ဟာတာက ဘာဟောလိုက်သလဲ....(မုန်းမည့်ကိစ္စ ဟောပါတယ်)။

ခင်ဗျားတော့ဗျာ တကယ့် သံတုံး သံခဲပါဘဲ၊ မြေးတွေသာသေ-သေသွား ခင်ဗျားမသေဘူး၊ ဒီလိုဆိုတော့ သိပ်သဘော ကျသွားတယ်၊ သဘောမကျဘူးလား....(ကျပါတယ်)။

တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော် ၁၃၁

အဲ.... ဒါဖြင့် တကာ တကာမတို့ ဟောတာက ဘာကိစ္စ ဟောသတုံး.... (မုန်းမည့်ကိစ္စ ဟောပါတယ်) အင်း.... နာတဲ့ပုဂ္ဂိုလ်က ပြုံးကိစ္စ ဖြစ်နေတယ် (မှန်ပါဘုရား) ဟောတာက မုန်းကိစ္စ၊ နာတဲ့ပုဂ္ဂိုလ်က.... (ပြုံးကိစ္စပါဘုရား)။

အဲဒါ ကိုယ့် အသက်တမ်းကို ကိုယ်မသိတဲ့ပုဂ္ဂိုလ်မှာ ရမ်းပြုံးတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)။

ဒါဖြင့် အသက်တမ်းသည် တကာ တကာမတွေ့ ယနေ့ ရှင်းအောင် ပြောပါတယ်၊ ဘယ်လောက် အသက်ရှည်သတုံးဆိုတော့ စိတ်တခုဘဲ အသက်ရှည်ပါတယ် (မှန်ပါ့) ဘယ်လောက်မျှး အသက်ရှင်နေကြသလဲ....(စိတ်တခုဘဲ အသက်ရှင်ပါတယ်ဘုရား) နောက်စိတ် မလာယင်.... (သေပါတယ်ဘုရား)။

တကာတကာမတို့ အသက်တမ်းဘယ်လောက်ရှိသတုံးဆိုတော့ ဘယ် နှယ်ဖြေမလဲ.... (စိတ်တခုပါဘုရား) စိတ်တခုအသက်သာ ရှိပါတယ်ဘုရား) နောက်စိတ် မလာယင်.... (သေပါတယ်ဘုရား)။

ကိုင်း.... သေတဲ့ပုဂ္ဂိုလ်တွေ သွားမေးကြည့်စမ်း- ဘယ် နှယ်ကြောင့် သေပါလိမ့်မတုံးလို့ နောက်စိတ် မလာလို့ သေတဲ့လူချည်းဘဲ (မှန်လှပါ)။

ခင်ဗျားတို့ကတော့ မသိဘူး၊ က မကောင်း အကြောင်းမသင့်လို့ သေသွားရှာတယ်.... ဂွကျလိုက်တဲ့ဖြစ်ခြင်းမှု၊ စင်စစ် နောက်စိတ် မလာလို့သေတာ (မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာမှလာလို့ ဘာလိမ့်.... (နောက်စိတ်မလာလို့ သေတာပါဘုရား)။

အဲဒါ ခင်ဗျားတို့က ဘယ်လိုစဲ့ချက်တင်လိုက်သလဲ.... (က မကောင်း အကြောင်းမသင့်လို့) က မကောင်း အကြောင်းမသင့်လို့၊ နေမည်ဆို-နေနိုင်သေးတယ် (မှန်လှပါ) အံမာလေး လောက္ခတ်တွေကများ မျောက်လုံးတွေက သိပ်ရှုပ်ပါလား....။

ဘယ်မှာ.... မနေနိုင်လို့ သူ့ခမျာ သွားပေါ့၊ နေမည်ဆို နေနိုင်သေးတယ်ဆိုတော့ အတော်ခက်နေတယ်၊အလောင်းရှင်ကို တခါတည်း စိတ်ကျေနပ်အောင် ပြောလုံး မုသားကလေးကလဲ သွင်းလိုက်ရသေးတယ်(မှန်ပါ့ဘုရား) ဒီအဓိပ္ပါယ်က မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် နေမယ်ဆို မနေနိုင်လို့ သေတာမဟုတ်လား ဦးခင်မောင်ရဲ့(မှန်လှပါ)ဦးခင်မောင်အသက်ဟာ ဘယ်လောက် ရှည်မည်ထင်သတုံး (စိတ်တခုပါဘဲဘုရား) နောက်စိတ်မလာခင် (မှန်ပါ့ နောက်စိတ်မလာယင်)။

နောက်စိတ် မလာသေးလို့ရှိယင်ဖြင့် သေမှာဘဲ၊ အခုစိတ် ချုပ်ပြီး နောက်စိတ် မလာယင်.... (သေမှာပါဘဲ) သေမှာဘဲ ဆိုတော့ တစိတ်ဘဲ တပည့်တော်တို့အသက်ရှင်ပါတယ်ဘုရားလို့ ဆိုတာ မှတ်မိကြပလား....(မှတ်မိပါတယ်)တကာ တကာမတွေ အသက်ဘယ်လောက် ရှင်မှာပလိမ့်.... (စိတ်တခုပါဘဲဘုရား)။

အဲဒါသိထားတော့ ဒါဖြင့် ကိုယ့်အသေ ကိုယ်မြင်တာကို မနည်း ဖေါ်နေရတယ်(မှန်ပါ့ဘုရား)။

ကိုယ့်အသေ ကိုယ်မြင်တာ မနည်းဖေါ်နေရတယ်၊ ဟောဒီ ကြားစိတ်ကလေး ဒီနေ့ စ-ဟောတော့- ကြားစိတ်ကလေးက တကာ တကာမတို့ ကြားပြီးတော့ ဘာဖြစ်သွားသတုံး.... (ချုပ်သွားပါတယ်)။

ချုပ်သွားတော့ အဲဒီ ကြားတဲ့ ဦးခင်မောင်တယောက် ဘာဖြစ်သွားသတုံး.... (သေပါတယ်ဘုရား)။

သေသွားတော့ သေတာတော့ ဟုတ်ပြီ....တဲ့ ဦးခင်မောင်ရေ ဝိပဿနာကလေးနဲ့ ရှုပါဦးဆိုတော့ ဦးခင်မောင်က ကိုယ့်အသေကလေး ကိုယ်မကြည့်နိုင်ဘူးလား.... (ကြည့်နိုင်ပါတယ်)။

ကြည့်နိုင်တော့ ဝိပဿနာရှုတဲ့စိတ်နဲ့ အသက်ရှင်နေတယ် (မှန်လှပါဘုရား) နောက်စိတ်နဲ့ အသက်ရှင်နေတယ် (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ) ဘာနဲ့ အသက်ရှင်နေသလဲ....(နောက်စိတ်နဲ့ အသက်ရှင်နေပါတယ်)။

ဒါဖြင့် ဒါက သက်ကောင်းရှည်တယ်(မှန်ပါ့) ဦးခင်မောင် ဘယ်နှယ်ဆိုမလဲ.... (သက်ကောင်းရှည်ပါတယ်)။

ဒါမရှုတဲ့ ပုဂ္ဂိုလ်ကျတော့ ဒါ ကြည့်ဦး၊ သူ့အဆက် သူကြည့်ဦး ဦးခင်မောင်၊ ကြားစိတ်ကလေး ချုပ်သွားပြီးတော့ တွေ့ချင်တဲ့စိတ်ကလေးနဲ့ သူ ဘာဖြစ်နေသတုံး....(အသက်ရှင်နေပါတယ်ဘုရား)။

အဲဒီတော့ သူ့အသက် ရှင်နေတာကို သူ့တော့ ဘယ်နှယ်ဆိုမတုံး.... (သက်ဆိုးရှည်တယ်) သက်ဆိုး ရှည်တယ် (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဝိပဿနာနဲ့ ရှင်နေတာကတော့.... (သက်ကောင်းရှည်ပါတယ်) သက်ကောင်းရှည်တယ်၊ခင်ဗျားတို့ဖဿနဲ့ ရှင်နေတာက.... (သက်ဆိုးရှည်ပါတယ်)။

ကဲ.... ဖဿကလေး ချုပ်သွားတဲ့ အခါကျတော့ ဝေဒနာကလေးနဲ့ အသက်ရှင်နေတယ်ဆိုတော့ ဘယ်နှယ်ဆိုကြမလဲ.... (သက်ဆိုးရှည်ပါတယ်ဘုရား)။

ဝေဒနာကလေး ချုပ်သွားပြီး တဏှာနဲ့ အသက်ရှင်နေတော့ (သက်ဆိုးရှည်ပါတယ်ဘုရား)။

အဲ.... ခင်ဗျားတို့ စျေးရောင်းနေတာ သက်ဆိုးရှည်တာမှတ် (မှန်ပါ့) တဏှာနဲ့ အသက်ရှင်နေတာကိုး (မှန်လှပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာနဲ့ အသက်ရှင်နေတာတုံး.... (တဏှာနဲ့ အသက်ရှင်နေပါတယ်) ဦးခင်မောင် သဘောကျရဲ့လား.... (ကျပါတယ်)။

ဆရာဘုန်းကြီးက စကားစပ်လို့ ပြောတာလား၊ ဖြစ်စဉ်နဲ့ အကိုက် ပြောတာလား.... (ဖြစ်စဉ်နဲ့ အကိုက် ပြောတာပါဘူးရား)။

အဲ.... တဏှာကလေး ချုပ်သွားတဲ့ အခါကျတော့ ဘာနဲ့ အသက်ရှင်နေပြန်တုံး.... (ဥပါဒါန်နဲ့ အသက်ရှင်နေတာပါ) ဒီတော့ ဒါ ဘယ်နှယ်ဆိုကြမလဲ.... (သက်ဆိုးရှည်ပါဘုရား)။

သက်ဆိုးရှည်.... ဥပါဒါန်ဘဲ၊ ရိပ်မိပလား.... တဏှာပစ္စယာ ဥပါဒါနံဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဘယ်နှယ် ဆိုကြမလဲ.... (သက်ဆိုးရှည်ပါဘုရား)။

အဲ....ခင်ဗျားတို့ ကိုယ့် သက်ကောင်းရှည်နဲ့ သက်ဆိုးရှည်ကို တကာ တကာမတွေက မခွဲတတ်သေးဘူးဗျ....(မှန်ပါဘုရား)။

ကဲ....ဒါဖြင့် တဏှာနဲ့ အသက်ရှင်ပြီး တခါ ဥပါဒါန်နဲ့ အသက်ရှင်နေတယ်နော်.... (မှန်ပါ့) ဥပါဒါန်ပြီးသကာလ တကာ တကာမတို့....ဥပါဒါန်ကလေးကလဲ တစ်-နှစ်ဆို ဦးခင်မောင်....ဘာ ဖြစ်သွားသတုံး....(ချုပ်သွားပါတယ်ဘုရား)။

ချုပ်သွားတဲ့အခါကျတော့ က်ကလေးနဲ့ အသက်ရှင်နေတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) က်ကလေးနဲ့

တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော် ၁၃၅

အသက်ရှင်နေတော့ ဒီက ကလေးကလဲ ဥပါဒါန်အုပ်ချုပ်တဲ့ က ကလေး....(မှန်လှပါဘုရား)။

အဲဒီတော့ ဒီက ကလေးဟာ က ဆိုးမိုးမှောင်လို့ ဆိုမလား-က ကောင်းကလေးလို့ ဆိုမလား....(က ဆိုးမိုးမှောင်ပါဘုရား) အဲဒီ က ကလေးကလဲ က ကောင်းလို့ အသက်ရှင်နေပေမဲ့လဲ ဒီဥစ္စာကလဲ က ဆိုးအသက်ရှည်နေတာကိုးဗျ.... (မှန်ပါ!) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒါ ခင်ဗျားတို့ နေ့တိုင်းနေ့တိုင်း တပည့်တော်တို့ အသက်ရှင်နေတာ သက်ကောင်းရှည်လား....သက်ဆိုးရှည်လား.... ကိုယ့်ဟာကိုယ် တွေး....(သက်ဆိုးရှည်ပါဘုရား)။

သက်ဆိုးရှည်၊ ခင်ဗျားတို့က သူငယ်နာဂုတ်ကျိုးကလေးမှ သက်ဆိုးရှည်လို့ မှတ်နေကြတာကိုး၊ မဟုတ်ဘူး ခင်ဗျားတို့က သက်ဆိုးရှည်....ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီစိတ်တွေနဲ့ ရှင်နေကတည်းကိုက ဘယ်မှာ ဒီဥစ္စာတွေက တဏှာနဲ့ အသက်ရှင်တယ်၊ ဥပါဒါန်နဲ့ အသက်ရှင်တယ်၊ မကောင်းတဲ့ က နဲ့ အသက်ရှင်နေတယ်၊ ကဲ....သက်ကောင်းရှည်လား.... သက်ဆိုးရှည်လား....(သက်ဆိုးရှည်ပါဘုရား)။

ကဲ....သူငယ်နာ ဂုတ်ကျိုးနဲ့ ခင်ဗျားတို့နဲ့ ထူးသေးရဲ့လား—(မထူးပါဘူးဘုရား)ခြေကောက်လက်ကောက်တာကလေး ကြည့်လိုက်တော့ အို....ဒီကောင်ကလေးက သက်ဆိုးရှည်ကလေး၊မဆို ကြဘူးလား....(ဆိုပါတယ်ဘုရား)။ခင်ဗျားတို့ကကော....(သက်ဆိုးရှည်ပါဘုရား)။

ခင်ဗျားတို့ကတော့ ခြေမကောက် လက်မကောက်ဘဲနဲ့ သက်ဆိုးရှည်နေတယ်-(မှန်ပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)

အဲဒီလိုဖြစ်နေတော့ မခြားနားဘူးဆိုတာ သဘောပါပလား.... (ပါ-ပါတယ်)။

ကိုင်း....ဒါဖြင့် ဒီဥစ္စာသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဘာနဲ့ဖြတ်ကြမှ ဒီ သက်ဆိုးရှည်ပြတ်မယ်ဆိုတာ စဉ်းစားကြစမ်းပါ—(မှင်နဲ့ဖြတ်မှပြတ်ပါမယ်ဘုရား)မင်နဲ့ဖြတ်မှ....(မှန်ပါဘုရား)။

မင်နဲ့ဖြတ်တော့ကို ဖြတ်လိုက်တဲ့မင်က မင်နဲ့အသက်ရှင်နေတာ၊ မင်နဲ့ အသက်ရှင်တော့ ခုနက ဘယ်လို ပြောခဲ့ကြသလဲ (သက်ကောင်းရှည်ပါဘုရား) သက်ကောင်းရှည်.... (မှန်ပါ့) မင်နဲ့အသက်ရှင်နေတယ်၊ မင်ဆိုတာ ကုသိုလ်မဟုတ်လား.... (မှန်ပါဘုရား)။

အဲ....ကုသိုလ်စိတ်နဲ့ချည်း အသက်ရှင်နေတော့ သူ့ကို ဘယ်နယ်ဆိုကြမယ်....(သက်ကောင်းရှည်ပါဘုရား)။

သက်ကောင်းရှည်ဆိုတော့ အဲဒါ.... ကိုယ့်ဟာကိုယ် ငါအကုသိုလ်ရှိနေသလား....ငါအကုသိုလ် ဒီနေ့ ကင်းလေသလား မကင်းဘူးလားဆိုတာ ဒီဟာသာ တန်းကြည့်လိုက် ပေါ်လာတာဘဲ (မှန်ပါ့)မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

ခင်ဗျားတို့ကတော့ အင်း....သူများပစ္စည်းခိုး မုသားတွေ ဘာတွေပြော ဒီလိုမှ ခင်ဗျားတို့က အို....အပြစ်တွေက တယ်များတယ်၊ သူတို့လိုတော့ ကျုပ် အသက်မရှည်ချင်ပါဘူးဗျာ၊ ကျုပ် ရှည်ချင်တာက ခြေမကောက် လက်မကောက်ဘဲနဲ့ သက်ဆိုးရှည် ရှင်ချင်တယ်၊ ဒီရောက်နေတယ်.... မရောက်ဘူးလား.... ရောက်သလား....(ရောက်ပါတယ်ဘုရား) သဘောပါကြလား.... (ပါ-ပါပြီဘုရား)။

အံမာလေး....ဒါဖြင့် အားလုံးတကာ တကာမတို့ ခင်ဗျားတို့ စိတ်နဲ့ ဝေဘန်ရတယ်နော်....(မှန်ပါ့ဘုရား) သူများနဲ့ ဝေဘန်ယင်–ပြင်ဘက်က ဝေဘန်တာနဲ့ အတွင်းက ဝေဘန်တာနဲ့ မောင်ကို....ဘယ်သူက တည့်ပါ့မတုံး (အတွင်းက ဝေဘန်တာက တည့်ပါတယ်ဘုရား)။

အတွင်းက ဝေဘန်မှ တည့်မှာပေါ့၊ ပြင်ဘက်က ဟန်လုပ်ထားတာ... (မှန်ပါ့)မဟုတ်ဘူးလား....(မှန်လှပါဘုရား)။

မင်းတို့က ကျောက်ပေါက်မာတွေ ရှိနေပေမဲ့ သနပ်ခါးလိမ်းထားတော့ ပြေနေတယ်၊ ပြင်ဘက်က-နေ အကဲခတ်ယင် လွဲလိမ့်မယ်၊ မလွဲပေဘူးလား.... (လွဲပါတယ်ဘုရား) အတွင်းအကဲခတ်လိုက်တော့....(မလွဲပါဘူးဘုရား)။

အဲ....ဒါဖြင့် ခင်ဗျားတို့ အတွင်းစိတ်တွေဟာက ပဓာန၊ အကျိုးပေးလဲ သူကဘဲ၊ရှင်းပလား....(ရှင်းပါပြီ)။

မကောင်းကျိုးပေးလဲ.... (သူကပါဘဲ)။

ကောင်းကျိုးပေးလဲ .... (သူကပါဘဲ)။

သူကဘဲဆိုတော့ အဲဒီ ကိုယ့်အတွင်းစိတ်ကို ကိုယ်အကဲခတ်ပါ၊ဒါ့ကြောင့်ဘုရားက အဇ္ဈတ္တာဓမ္မာ=အဇ္ဈတ္တ ဖြစ်ပျက်ရှုကွတဲ့-(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီ) ဘာရှုရမလဲ.... (အဇ္ဈတ္တ ဖြစ်ပျက်ရှု)။

အဇ္ဈတ္တဖြစ်ပျက်ရှု၊ ကိုယ့်အကြောင်း ကိုယ်အသိဆုံး .... (မှန်ပါ့) တကာ တကာမတွေ ဘာတဲ့တုံး....(ကိုယ့်အကြောင်း ကိုယ်အသိဆုံးပါဘုရား)။

ကိုယ့်အကြောင်း ကိုယ်အသိဆုံးဆိုတော့ သူများလာတဲ့ အခါကျတော့ အဝတ်နဲ့ ဖုံးထားတော့ ကိုယ့်အကြောင်း

သူများမသိပါဘူး၊ကိုယ်ကတော့ ဘယ်နှယ်နေသတုံး....(သိပါ
တယ်ဘုရား)။

ကိုယ်ကတော့ သိတယ်ဆိုသဖြင့် တကာ တကာမတို့ ကိုယ့်
အကြောင်း ကိုယ်အသိဆုံး၊ အသိဆုံးမှလဲ အဆုံးမ-ရလဲ ကိုယ်
အခက်ဆုံး၊ ဒါလေးလဲ ထည့်လိုက်ရတယ်....(မှန်ပါဘုရား)ရိပ်မိ
ပလား.....(ရိပ်မိပါပြီ)ကိုယ့် အကြောင်းလဲ.... (ကိုယ်အသိဆုံးပါ
ဘုရား) အဆုံးမ-ရလဲ.... (ကိုယ်အခက်ဆုံးပါဘုရား)။

ကိုယ်အခက်ဆုံး၊တော်တော်ဂွကျတဲ့ လူတွေပါဘဲ၊ဟောစရာ
အကွက်ကို မရှိဘူး....(မှန်ပါ့)သဘောပါကြလား.... (ပါ-ပါ
တယ်) ကိုယ့် အကြောင်း....(ကိုယ်အသိဆုံးပါဘုရား)အဆုံးမ-ရ
လဲ.... (ကိုယ်အခက်ဆုံးပါဘုရား) ကိုယ်အခက်ဆုံး၊ ရိပ်မိကြပ
လား.....(ရိပ်မိပါပြီ)။

အမေမိဘတွေက ခလေးကလေး ဒုတ်ပြလိုက်တဲ့အခါ ကျွ
တော့ မောင်ကိုတို့ မောင်ထွန်းလှိုင်တို့ ငြိမ်သွားတယ်၊ မငြိမ်ဘူး
လား....(ငြိမ်ပါတယ်ဘုရား)။

ဒီကောင်ကလေး တယ်မိုက်ပါကလား....နင်—ဒီလို မပြော
ကောင်းဘူး၊ ဒီလို မဆိုကောင်းဘူးဆိုလို့ရှိယင် ခဏတော့ ငြိမ်
သွားတာဘဲ....(မှန်ပါ့ဘုရား)ကိုယ်ကတော့ဖြင့် ငြိမ်တယ်လို့ကို
ရှိရဲ့လား.... (မရှိပါဘူးဘုရား) အတော်ဆိုးနေတာ.... (မှန်ပါ့
ဘုရား။

ဒါဖြင့် တကာ တကာမတို့ လူကြီးဆိုးနဲ့ ခလေးဆိုးသည်
ဘယ်ဟာ ကြောက်စရာကောင်းပါလိမ့်(လူကြီးဆိုးက ကြောက်
စရာကောင်းပါတယ်ဘုရား) လူကြီးတွေကလဲ ဆိုးချည်းနေတာ

ဘဲလား....(မှန်ပါ့ဘုရား) ဆိုးချည်းနေတာက များတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ကိုယ့်အသေ ကိုယ်မြင်အောင်ကြည့်တာ ဝိပဿနာလို့မှတ်ပါ....(မှန်ပါ့ဘုရား) ကိုယ့်အသေ ကိုယ်မြင်အောင်ကြည့်တာ.... (ဝိပဿနာပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ) တကယ်သေတာကျတော့ ဘယ်သူသိမှာတုံးဗျ....(မသိပါဘူးဘုရား)။

ဒါဖြင့် တကယ်အသေကို မသိတော့တကာတကာမတို့တကယ်သေတော့ သူများကသာ သိတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) ဒီရှင်တုန်းကို ကိုယ့်သန္တာန် စိတ်တခုနဲ့ အသက်ရှင်နေတယ်၊ အဲဒါသေတာသိမှသာလျှင် သြော်....သေတာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)။

ဟော....ဒီမှာ သူ့ ဒုက္ခသစ္စာ ပေါ်တယ်....(မှန်ပါ့)မပေါ်လာဘူးလား....(ပေါ်လာပါတယ်) ဘာတွေ့ ပေါ်လာကြတုံး-(ဒုက္ခသစ္စာပေါ်လာပါတယ်)။

အဲဒီတော့ သြော်....လူ့ပြည်ဆိုတာ ဒုက္ခသစ္စာကိုး၊ နတ်စိတ်ကြည့်လိုက်ပြန်တော့....(ဒုက္ခသစ္စာပါ) ဗြဟ္မာစိတ်ကြည့်လိုက်....(ဒုက္ခသစ္စာပါ)။ ဒါဖြင့် သဗ္ဗညုဘုရားဆိုတာ ဟောသင့်တယ်၊အလုံးစုံ ဒုက္ခဟာ့လို့ ဟောတာ တကာတကာမတွေ့ ငြင်းဘို့လိုသေးသလား.... (မလိုပါဘူး ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာရှုပါဆိုတာ ဒုက္ခသစ္စာ အရှုခိုင်းတာ....(မှန်လှုပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) သက္ကာယဒိဋ္ဌိကော မပြုတ်သေးဘူးလား....(ပြုတ်ပါပြီ) သဿတ ဥစ္ဆေဒ

ရှိသေးရဲ့လား(မရှိပါဘူး) မရှိတော့ ဘာမြင်သတုံး(ဒုက္ခမြင်ပါတယ်ဘုရား)။

အဲ-ဒုက္ခသစ္စာ မြင်တယ်၊ ဒုက္ခသစ္စာချုပ်သွားယင် ဘာမြင်မယ်ထင်သတုံး(နိရောဓသစ္စာမြင်ပါမယ်)နိရောဓသစ္စာ မြင်မယ်၊ (မှန်ပါ့) မမြင်ပါနဲ့ဆိုလို့....(မရပါဘူး)။

မရဘူးဆိုတော့ ဒါဖြင့် တတာတကာမတို့ ဆန္ဒကို ပြန်ကောက်ကြစို့ ဆန္ဒချုပ်တာ ဒီနေရာကလေး ချုပ်တာဘဲ....(မှန်ပါ့)။

ဆန္ဒက ဟိုကိုယ်တော်တွေ့ တရားဟောခိုင်း၊ ဒီကိုယ်တော်တွေ့ တရားဟောခိုင်း၊ ဒီဆန္ဒကို ပစ်မထားကြပါနဲ့ ဘုရဲ့....အရှင်ဘုရားတို့ ဆုံးမကြပါဦး၊ ကဲမြစ်ကြပါဦး၊ သွန်သင်ကြပါဦးဆိုတော့ ဖွားဘက်တော် ဆန္ဒက လိုက်ပြီး တောင်းပန်တော့ ဦးခင်မောင်ရေ....ကိုယ်တော်တွေ့ကမဟောကြဘူးလား....(ဟောပါတယ်ဘုရား)။

ဟော....ဆန္ဒ ရုပ်အနိစ္စက္ခ၊ ဝေဒနာအနိစ္စ၊ သညာအနိစ္စ၊ သင်္ခါရာအနိစ္စ၊ ဝိညာဏ်အနိစ္စက္ခ၊ ခန္ဓာငါးပါး အနိစ္စတရားက္ခနော်....မှတ်ထားဟော့၊ ခန္ဓာငါးပါး အနတ္တတရားက္ခ။ အို-တိုတို ပြောလိုက်မယ်ဟော့-ရဟန်းတွေက သဗ္ဗေသင်္ခါရာ အနိစ္စာက္ခ။ သဗ္ဗေဓမ္မာအနတ္တာက္ခ-လို့ မဟောကြဘူးလား(ဟောကြပါတယ်ဘုရား)။

ဟောတော့ သူ့စိတ်ထဲမှာ ဘယ်နှယ်ဖြစ်သတုံး၊ အို- ဒါတွေကျုပ် ရှုနေတဲ့ ကြာလှပြီ၊ ဘယ်တော့မှ နိဗ္ဗာန်မမြင်ဘူးတဲ့....(မှန်ပါ့) ဒါတွေကို သူရှုနေတာ ကြာလှပါပြီတဲ့.... (မှန်လှပါဘုရား)။

တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော် ၁၄၁

တကာတကာမတို့ သူ့ရှုနေတာ မနေ့ကပြောခဲ့တယ်၊ ကြာလှပြီလို့ မပြောခဲ့ဘူးလား....(ပြောပါတယ်ဘုရား) ၄၄ နှစ် ၄၅နှစ်လောက် ရှိပါတယ်။ မောင်ထွန်းလှိုင်တို့ သူ ဝိပဿနာရှုနေတာ မကြာဘူးလား....(ကြာပါတယ်ဘုရား)။

ရှုပင်ရှုငြားသော်လဲ....တဲ့ သခ်ၤါရတရားချုပ်တဲ့ နိဗ္ဗာန်၊ ခန္ဓာချုပ်တဲ့ နိဗ္ဗာန်၊ တဏှာချုပ်တဲ့--သိမ်းတဲ့ နိဗ္ဗာန်ကို မြင်ကို မမြင်ပါဘူးတဲ့....(မှန်ပါဘုရား)။

ဒီကိုယ်တော်တွေ့ အရှုခိုင်းတဲ့-တရားလဲ ရှုတာပါဘဲတဲ့.... (မှန်ပါ) သဘောကျရဲ့လား.... (ကျပါတယ်) မြင်ရဲ့တဲ့လား.... (မမြင်ပါဘူး)။

တကာတကာမတို့ ဝိပဿနာတော့ ရှုတယ်နော်.... (မှန်ပါ) ဖြစ်ပျက်တွေ့တော့ သူမြင်တယ်နော်.... (မှန်ပါ) နိဗ္ဗာန် တွေ့ရဲ့လား....(မတွေ့ပါဘူး)။

အဲဒါကို တကာတကာမတွေ့ အရှင်ဆန္ဒ သူကိုယ်တိုင်ရှုပြီး သူကိုယ်တိုင် ဟောတဲ့တရားထဲမှာ သူရှုနေတာ ၄၄ နှစ် ၄၅ နှစ် ကြာပါပြီတဲ့၊ ဘယ်အခါကာလမှ နိဗ္ဗာန်ဆိုတာ မမြင်ပါဘူးတဲ့ ဦးခင်မောင်ရ....(မှန်လှပါဘုရား) မြင်ရဲ့လား.... (မမြင်ပါဘူး) ဘယ်လောက်ကြာပြီလဲ....(၄၄ နှစ် ၄၅ နှစ်ပါဘုရား)။

နို့-ဘုရားဖြစ်ကတည်းက သူ အပင်သွားယင်း ရဟန်းဖြစ်တာဘဲ-မောင်ထွန်းလှိုင်ရဲ့ ကြာလှရော့ပေါ့နော်.... (မှန်ပါ့)။

အဲဒါ ဘုရားဖြစ်တဲ့နောက် သူ လိုက်သွားပြီး ဒီဥစ္စာတွေ့ ရှုတာပါဘဲ၊ ရှုလိုက်ယင်း သူ့စိတ်ထဲမှာ အနိစ္စရှုလိုက်၊ ဒုက္ခရှုလိုက်၊ အနတ္တာရှုလိုက် ရှုသည်နဲ့ တပြိုင်နက်တည်း စိတ်ထဲမှာ ကြောက်လန့်တဲ့စိတ်လဲ ပေါ်လာတယ်၊ ဘာ-အားကိုးရပါ့မတုံး

ဆိုတဲ့ ဒုတိယစိတ်လဲ ပေါ်တယ်- စိတ်နှစ်မျိုး နှစ်မျိုးပေါ်တယ်- (မှန်ပါ့)။

တကာတကာမတို့ ဒါသေသေချာချာမှတ်ပါ(မှန်ပါ့ဘုရား) သူဟာ ဖြစ်ပျက်ရှုတိုင်း ရှုတိုင်းတဲ့ ကြောက်လန့်တဲ့စိတ်လဲ ပေါ်ပေါ်လာတယ်၊ ဘာပေါ်လာသလဲ.... ကြောက်လန့်တဲ့စိတ် ပေါ်လာပါတယ်)စဲ့လမ်းတဲ့စိတ်ကော (ပေါ်ပါတယ်ဘုရား)။

ကြောက်လန့်တာက အခြေးမဟုတ်ဘူးတဲ့၊ ဒါကလေးဟာ အနတ္တဘဲလို့ ရှုလိုက်ယင် ဟာ.... အားကိုးရာဘဲ မရှိတော့ဘူး ဆိုပြီး တခါတည်း တကာ တကာမတို့ ကြောက်လန့်သွားတာဘဲ ဖိုသွားတာဘဲ (မှန်ပါ့ဘုရား) အနတ္တရှုလိုက်ယင် ဖိုသွားတာဘဲ (မှန်ပါ့ဘုရား)ဘာမျှး အားကိုးရပါ့မတုံးဆိုတဲ့ ဥပါဒါန်ကလဲ ပြန်လာတ့ာဘဲ (မှန်လှပါဘုရား)။

အနတ္တတလုံး ရှုလိုက်တာဘဲ၊ ခင်ဗျားတို့ကလဲ အနတ္တရှုမှ နိဗ္ဗာန်ရောက်တယ်ပြောလို့ပါ(မှန်ပါ့ဘုရား)သဘောကျပလား (ကျပါပြီ)။

အနတ္တတလုံး သူ ရှုလိုက်တယ်တဲ့၊ ရုပ်လဲ အနတ္တ၊ ဝေဒနာလဲ အနတ္တ၊ သညာလဲ အနတ္တ၊ ခန္ဓာငါးပါးလုံး အနတ္တဆိုတယ်လို့ ဆိုယင်ဘဲ သူ့စိတ်ထဲ ခက်ပကောလို့ လာတာဘဲ၊ ဘယ်ဟာမှ အားကိုးစရာ မရှိတော့ဘူး....တဲ့ (မှန်ပါ)။

ကဲ....အနတ္တနဲ့ဘဲ ဖိုကနဲ သွားတယ်ဆိုတာ ရိပ်မိကြပလား.... (ရိပ်မိပါပြီ)ဘယ်ဟာ အားကိုးရမှာတုံး-တဲ့ အကုန်အနတ္တဆိုယင် ဘယ်ဟာမှ အားကိုးစရာမ့ရှိတော့ဘူးဆိုပြီးသကာလ တခါတည်း မြင့်လှစ့ာသော ကမ်းပါးချောက်ကြီးက ဝုန်းကနဲ အောက်ကျ

တဏှာထက် ဒီဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော် ၁၄၃

သလိုဘဲ စိတ်ထဲ ဖိုဖိုသွားတယ်၊ ရင်ထဲ အေးအေးသွားတာ ပေါ့ဗျာ (မှန်ပါ့)။

ကြောက်အားလဲ သန်သန်သွားတယ်လို့ ဦးခင်မောင်....မှတ်လိုက်စမ်းပါ (မှန်လှပါဘုရား) ဘာရှုလိုက်တာတုံး.... (အနတ္တရှုလိုက်တာပါ)။

အနတ္တရှုလိုက်တယ်၊ အနတ္တရှုလိုက်တာ တခါတည်း သူ့စိတ်ထဲမှာဖြင့် ကြောက်စိတ်ပေါ်ပေါ်လာပြီးသကာလ ဘာမျှးအားကိုးရမတုံးဆိုတဲ့ ဒုတိယစိတ်ဟာ တခါတည်း ပေါ်လာတာဘဲ (မှန်ပါ့) သဘောကျပလား.... (ကျပါတယ်)။

အဲဒီတော့မှ တကာ တကာမတို့ သူ အနိစ္စရှုကြည့်၊ အနတ္တရှုကြည့်တဲ့အခါ ကြောက်လန့်တဲ့စိတ် ပေါ်တယ်၊အင်း- အားကိုးချင်တဲ့စိတ်အားကိုးရာရှာတဲ့သဘော့ပေါ်လာတယ်၊နှစ်မျိုးချည်း ပေါ်လာနေတယ် (မှန်ပါ့ဘုရား)။

မောင်ကိုဒီဥစ္စာ သေသေချာချာမှတ်စမ်းပါနော်....(မှန်ပါ့) အနတ္တ ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း ဘာပေါ်လာသတဲ့တုံး (ဘာအားကိုးရမလဲလို့ ကြောက်စိတ်ပေါ်လာပါတယ်)ရှေးဦးစွာ ဘာပေါ်သလဲ....(ကြောက်လန့်စိတ်ပေါ်ပါတယ်)နောက်တခါအားကိုးရှာတဲ့သဘောကော (ပေါ်လာပါတယ်ဘုရား)။

အင်း....ဒီလိုဆိုတော့ စဉ်းစားကြည့်ပါလား တကာတကာမတို့ ဒါက ပျောက်သွားပြီး နိဗ္ဗာန်က မပေါ်လာဘူး....(မှန်လှပါဘုရား)မပေါ်လာတော့ သူ့မှာ အားကိုးရာမဲ့ ဖြစ်မသွားဘူးလား....(ဖြစ်သွားပါတယ်ဘုရား)။

ဒီဟာ ဘယ်နှယ်ကြောင့် ဒါ ရှေ့က သင်္ခါရချုပ်သွားလို့ရှိယင် အသစ်တ ပေါ်ရမယ်၊ ဒီနေရာ နိဗ္ဗာန်ပေါ်ရမယ်....

(မှန်ပါ့ဘုရား) တကယ်ချုပ်လို့ရှိယင် မပေါ်ရပေဘူးလား....(ပေါ်ရပါမယ်ဘုရား)။

ဘယ်မှာ ပေါ်နိုင်လိမ့်မတုံး....တဲ့၊ သူက ခုနက ခင်ဗျားတို့ နားလယ်ထားတဲ့ပဋိစ္စသမုပ္ပါဒ်အသိနဲ့ သဿတ ဥစ္ဆေဒဖြုတ်ထား တာ မဟုတ်ဘဲနဲ့ ရှုနေလို့ မပေါ်လာတာတဲ့.... (မှန်ပါ့ဘုရား) အဋ္ဌကထာဆရာက ရှင်းပြတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား)။

သဿတ ဥစ္ဆေဒ မပြုတ်ဘဲနဲ့ရှုနေလို့ နိဗ္ဗာန်မပေါ်လာတာ (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) တကာ တကာမတို့ ဒီတလုံးဟာ တိုးလာပြန်ပြီ၊ တနေ့မှာ တလုံးတည်း တိုးပေးတယ်နော်....(မှန်ပါ့)။

ခင်ဗျားတို့ကို တရားသာ တနာရီဟောနေတယ်၊ ဗဟုသုတ ကလေး ရှေ့ပိုင်းက အများကြီး ရှင်းပေးတယ်၊ တိုးတာ ကတော့ ဦးခင်မောင်.... တနေ့တလုံး တလုံးဘဲ တိုးပေးတယ်-(မှန်ပါ့)။

တကာ တကာမတို့ အခု သူ ဖြစ်ပျက်ရှုလိုက်တော့ ဖြစ်ပျက် တွေ ပျောက်သွားလို့ရှိယင်ဖြင့် သြော်....အနတ္တမို့ ကွယ်သွား ပြီလို့ဆိုယင် သူ့စိတ်ထဲလန့်လဲသွားတယ်(မှန်ပါ့)ဘာအားကိုး ရပါ့မလဲဆိုတဲ့ အားကိုးရှာတဲ့သဘောကော.... (ပေါ်လာပါ တယ်ဘုရား)။

တကယ်လို့ဆိုယင် တကာ တကာမတွေ ဘုန်းကြီး ပြော ထားတာက ဟောဒါက သစ်တဒုက္ခဟေ့၊ ဟောဒီမင်းတို့မင်နဲ့ ရှုလိုက်လို့ရှိယင်လဲ လောကုတ္တရာမင် ဖြစ်သွားလို့ရှိယင် ....

တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံတရားတော် ၁၄၅

သခ်ၤတဒုက္ခ ချုပ်သွားလို့ ရှိယင် ဒီနေရာ အသခ်ၤတနိဗ္ဗာန်ဟာ ပေါ်ရမယ်.... (မှန်ပါ့) မပေါ်ဘဲ ခံနိုင်ပါ့မလား.... (မခံနိုင်ပါဘူး ဘုရား)။

သခ်ၤတ လုံးလုံးသာ ချုပ်သွား ဘာ-ပေါ်ရမလဲ....(အသခ်ၤတ နိဗ္ဗာန်ပေါ်ရမယ်) သူ့မှာတော့ သခ်ၤတသာ ချုပ်သွားတယ် တကာသစ်ရဲ့.... အသခ်ၤတ-က မပေါ်လာဘူးတဲ့.... (မှန်ပါ့) ကဲ့....မောင်ထွန်းလှိုင်တို့....ပေါ်လာသေးရဲ့လား.... (မပေါ်လာပါဘူးဘုရား)။

ရှုတော့ ရှုလိုက်တာဘဲ၊ အသခ်ၤတဆိုတဲ့ နိဗ္ဗာန်ကြီး အား ကိုးရာတခု အစားထိုး ပေါ်ခဲ့လား.... (မပေါ်ပါဘူး) ဘယ် နယ်ကြောင့် အရှင်ဆန္ဒမှာ မပေါ်ပါလိမ့်မတုံးလို့ ဆိုလို့ရှိယင် ဖြင့်-"သော ကိရ ဘိက္ခ၊ ပစ္စယာကာရံ အမနသိကရိတ္ဝာ" လို့ အဋ္ဌကထာဆရာက-ဒီရဟန်းဟာတဲ့ ခုနက ပဋိစ္စသမုပ္ပါဒ် သူ နားမလယ်ဘဲနဲ့ ရှုခဲ့နေတယ်၊ ရှင်းပလား....(ရှင်းပါပြီ)၊

ခန္ဓာပဋိစ္စသမုပ္ပါဒ်ကြီးကို ခုနက သက္ကာယဒိဋ္ဌိ မပြုတ်ဘဲနဲ့ ရှုနေတယ်....(မှန်ပါ့)သဿတ ဥစ္ဆေဒ မပြုတ်ဘဲနဲ့ ဦးဘအုန်း-ရှုနေလို့တဲ့.....(မှန်ပါ့ဘုရား) ဒါ့ကြောင့် နိဗ္ဗာန် မပေါ်လာဘူးတဲ့....(မှန်ပါ့)ပေါ်လာသေးရဲ့လား....(မပေါ်လာပါဘူး) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဝိပဿနာ ရှုမှုထက် ဒိဋ္ဌိဖြုတ်မှု ဟာအရေးကြီးတယ်ဆိုတာကောယနေ့ရှင်းရှင်းလင်းလင်းမပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာရှုမှုနဲ့ ဒိဋ္ဌိခွါမှု ဘယ်ဟာ ရှေ့ထားကြမယ်.... (ဒိဋ္ဌိခွါမှု ရှေ့ထားရပါမယ်)အဲ့....ဒိဋ္ဌိခွါမှု ရှေ့ထား

တော့ ခင်ဗျားတို့ မြင်တယ် တွေ့တယ်ဆိုတဲ့ဥစ္စာ ဒီ အတန်းတွေ ဟာ ပေါ်ပေါ်နေအောင် လုပ်ရမယ်....(မှန်ပါ့ဘုရား)ဉာဏ်ထဲ မှာ လိုက်လိုက် ရှင်းပေးရမယ်....(မှန်ပါ့ဘုရား)။

ကြားပြန်လဲ ဒီအတိုင်း ပေါ်လာတယ် ဦးခင်မောင်....(မှန် လှပါဘုရား)အင်း....နံပြန်ကော....(ဒီအတိုင်းပေါ်ပါတယ်)။

ဒီအတိုင်းပေါ်တယ်၊ ကံရောက်အောင် ကံရောက်အောင် ပေါ်သွားတာကလေးတွေ့ ခင်ဗျားတို့က သိထားတော့မှ သြဝ်-ဒီလို ပေါ်တာကိုး၊ဒီအကြောင်းကြောင့် ဒီအကျိုး၊ဒီအကြောင်း ကြောင့် ဒီအကျိုးပေါ်တယ်၊ ဒီအကြောင်းချုပ်လို့ ဒီအကျိုး ချုပ်တယ်၊ ဒီလို သိထားတော့ သဿတ ဥစ္ဆေဒ ဘယ်နှယ် နေ သတုံး....(ကွာပါတယ်ဘုရား)။

အဲ....ကွာပြီးမှ ရှုလို့ရှိယင်တဲ့ ဟောဒီ ရှုလဲရှုကြ၊ ကွာပြီးမှ ရှုတဲ့ပုဂ္ဂိုလ်ကျတော့ ရှုလိုက်—ဒါ သင်္ခတတရား-ဖြစ်ပျက်၊ကြား စိတ်ကလေး ဖြစ်ပျက်ဆိုကြပါစို့....(မှန်ပါ့) ဒါကလေး ချုပ် သွားပြီ....တဲ့၊ အသင်္ခတဓာတ်က ဒီနေရာ ပေါ်ဘိုဘဲ၊ နိဗ္ဗာန် ပေါ်လာရတယ်....(မှန်လှပါ)။

သူက သင်္ခတတရားကိုးဗျ—(မှန်လှပါဘုရား)ပြုပြင်လို့ ပေါ် လာတဲ့ သင်္ခတတရား မဟုတ်လား....(မှန်လှပါဘုရား) သင်္ခတ တရားဆိုတော့ သူကလဲ ခုနက ကြည့်ပါလားဗျ၊ ''သောတဉ္စ ပဋိစ္စ''ဆိုတော့ သောတ-ကလဲ သူ့ ပြုပြင်လို့ ပေါ်တာဘဲ....(မှန်လှပါ)''သဒ္ဒေစ ဥပဓဉ္စတိ''လို့ သဒ္ဒါရုံကပြုပြင်လို့ပေါ်လာ တဲ့ သောတဝိညာဏ်စိတ်ကလေးပါ....(မှန်ပါ့ဘုရား) ပြုပြင်လို့ ပေါ်လာတဲ့စိတ်ကလေး....(မှန်လှပါ)မဟုတ်ဘူးလား....။

ဒါဖြင့် သူ့ကို ဘာ တရားခေါ်မယ်.... (သခ်ၤတတရားပါ ဘုရား)သခ်ၤတတရားကလေးကို ကျုပ်တို့က-အင်း....အကြောင်း ဖြစ်လို့ အကျိုးဖြစ်နေတာဘဲ၊အကြောင်းချုပ်လို့ အကျိုးချုပ် တာဘဲလို့ သိပြီးသားပုဂ္ဂိုလ်က ဖြစ်ပြီးပျက်သွားတာ သူ ချုပ် သွားပြီဆိုလို့ ရှိယင် ဘာမှမလာဘဲနေလို့ ရှိယင်ဖြင့်....တဲ့ ပဋိစ္စ သမုပ္ပါဒ် နားမလယ်တဲ့ပုဂ္ဂိုလ်မို့ မလာတာ.... (မှန်ပါ့ဘုရား)။

နိဗ္ဗာန် ဒီကြားထဲ ဝင်လာလို့ ရှိယင် ပဋိစ္စသမုပ္ပါဒ်က သဿတ ဥစ္ဆေဒ ခုခါပြီးသားပုဂ္ဂိုလ်ဖြစ်ယင် သခ်ၤတချုပ်ယင် အသခ်ၤတ ဝင်တယ်....(မှန်ပါ့)ဒါ သေသေချာချာ မှတ်ပါ။ မောင်ထွန်း လှိုင်....အရေးကြီးတယ်....(မှန်လှုပါဘုရား)။

မောင်ကို....သခ်ၤတချုပ်ယင် ဘာ-ပေါ်ရမှာတုံး-(အသခ်ၤတ ပေါ်ပါမယ်)ဘယ် နှယ်ကြောင့် အရှင်ဆန္ဒ မပေါ်ပါလိမ့်မတုံး ဆိုတော့ အားကိုးရာမဲ့ ဖြစ်ဖြစ်သွားတယ်-(မှန်ပါ့) သူ ရှုကြည့် တယ်....တဲ့၊ တခါတလေ ရင်ထဲ ဗိုဗိုသွားတယ်....တဲ့၊အားကိုးရာ ပျောက်ပျောက်သွားတယ်.... (မှန်ပါ့) မပျောက်ဘူးလား.... (ပျောက်ပါတယ်ဘုရား) သခ်ၤတနောက်နားက အသခ်ၤတ လာ သေးရဲ့လား....(မလာပါဘူးဘုရား)။

အဲဒါ အင်္ဂကထာဆရာက ဘယ် နှယ်ကြောင့် ဒီ ရဟန်းမှာ ဒီလို ကြောက်ပြီးသကာလ အားကိုးရာအစစ်ကို ရှာပြန်ပါလိမ့် မတုံး....မေးတဲ့အခါကျတော့ ပစ္စယာကာရဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ကို နားမလယ်ဘဲနဲ့ ရှုနေသောကြောင့် ဒုဗ္ဗလ=အားနည်းတဲ့ ဝိပဿနာဖြစ်နေလို့ ဒီဋ္ဌိမပြုတ်ဘဲ ဖြစ်နေတာဘဲ၊ ဒါ့ကြောင့် သူ နိဗ္ဗာန်မရတာ....(မှန်ပါ့ဘုရား)။

ရှင်းပလား....(ရှင်းပါပြီ)နိဗ္ဗာန်မရတဲ့အကြောင်း ကောင်း ကောင်း ရှင်းပလား....(ရှင်းပါပြီဘုရား) ပဋိစ္စသမုပ္ပါဒ် သူ နားလယ်ရဲ့လား.... (နားမလယ်ပါဘူး) နားမလယ်တော့ သဿတ ဥစ္ဆေဒ ကွာရဲ့လား....(မကွာပါဘုရား)။

အဲ....မကွာတော့ကိုတဲ့ ဖြစ်ပျက်တော့ မြင်ရဲ့ ဦးခင်မောင်-နိဗ္ဗာန် မဝင်လာဘူး....(မှန်လှပါဘုရား)။

ဒါဖြင့် သြော်....တော်တော် အရေးကြီးပါကလားဆိုတာ ယနေ့ ရှင်းရှင်း လင်းလင်း မပေါ်ဘူးလား.... (ပေါ်ပါတယ် ဘုရား) ဖြစ်ပျက်ချုပ်တိုင်း နိဗ္ဗာန် ပေါ်လိမ့်မယ်လို့ ယူလို့ ရရဲ့လား....(မရပါဘူး)။

ဒီဥဥ္ဒါပြီး စောစောစီးစီးက ရှင်းထားတဲ့ပုဂ္ဂိုလ် သဿတ ဥစ္ဆေဒ ကွာပြီး ရှုမှသာလျှင် ဦးခင်မောင်....ဖြစ်ပျက်လဲ ချုပ်ပါရော တခါတည်း မဖြစ်မပျက်တဲ့နိဗ္ဗာန် အစားထိုးလာတယ် (မှန်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

နို့မို့လို့ ရှိယင်ဖြင့် ဒီ အရှင်ဆန္ဒလိုဘဲ ခင်ဗျားတို့ ဖြစ်နေမယ်။ ဖြစ်ပျက်ကလေးကလဲ ချုပ်သွားရော—ဟော....ဖိုကနဲ သွားတာဘဲ အားကိုးရာ မရှိတော့ပါကလား.... ဘာမျှး အားကိုးရမှာတုံး ဖြင်လာတာဘဲ....(မှန်ပါဘုရား) ကဲ....ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတို့ ဒီအရေးဟာ အင်မတန် အရေးကြီးပါကလားဆိုတာ ပေါ်လာပြီ ဦးခင်မောင်....(ပေါ်လာပါပြီဘုရား)ဒါဖြင့် ဝိပဿနာမရှုခင် သဿတ ဥစ္ဆေဒ ခဲ့ရမယ်.... (မှန်လှပါဘုရား) ဘာ-ခဲ့ရမယ်.... (သဿတ ဥစ္ဆေဒ ခဲ့ရပါမယ်)။

သဿတ ဥစ္ဆေဒ ခွါချင်တော့ ခန္ဓာပဋိစ္စသမုပ္ပါဒ် နားလည် ရမယ် (မှန်ပါ့ဘုရား) မျက်လုံးပေါက်ကလာတဲ့ ပဋိစ္စသမုပ္ပါဒ်လဲ သူ့ အစဉ်အတိုင်း သိရမယ်....(မှန်လှပါ)နားပေါက်ကလာတဲ့ ပဋိစ္စသမုပ္ပါဒ်ကော....(သူ့အစဉ်အတိုင်း သိရပါမယ်)။

အဲဒီလိုသိသွားတော့ သြော်....ဒါအကြောင်းဖြစ်လို့ အကျိုး ဖြစ်တာဘဲ၊ အကြောင်းချုပ်လို့ (အကျိုးချုပ်တာဘဲ)။

အကျိုး ချုပ်တာဘဲဆိုတော့ သဿတ ဥစ္ဆေဒတွေက မောင်ကို.... ဘယ်နှယ်နေသတုံး.... (ကွာပါတယ်ဘုရား)။

ကွာပြီးမှ ရှုစမ်းပါတဲ့ ရှုသွားလို့ ရှိယင် ဟောဒီ သန်တရှုရင်း မတွေ့ သန်တချုပ်ပြီး အသန်တ ချက်ခြင်း အစားထိုးမယ်(မှန်ပါ့) ချက်ခြင်း နိဗ္ဗာန်ပေါ်မယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် နည်းမမှန်ယင် ကြောက်စရာကြီးပါကလား(မှန်လှပါ ဘုရား) ဦးဘအုန်း.... ဘယ်နှယ်ဆိုမယ်.... (နည်းမမှန်ယင် ကြောက်စရာကြီးပါဘုရား)။

ဒါဖြင့် ရှေ့နောက် အခု တကာ တကာမတွေ့ ဆရာသမား စဉ်ပေးတာရော-ဘုရားဟောပါဦးတော် အားကိုးပြီးသကာလ စဉ် လိုက်တာကော.... သဘောကျပလား.... (ကျပါပြီ)။

ဝိပဿနာရှုမှု ရှေ့ထားရမှာလား.... ဒိဋ္ဌိခွါမှု ရှေ့ထားရမှာ လား.... (ဒိဋ္ဌိခွါမှု ရှေ့ထားရမှာပါဘုရား)။

အဲ-ဒိဋ္ဌိခွါမှု ရှေ့ထားပြီးဆကာလမှ ခင်ဗျားတို့ ဝိပဿနာရှု နေ့တိုင်းလဲ ခွါမနေနဲ့ တခါခွါပြီး-ပြီးတာဘဲ (မှန်ပါ့ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ)နေ့တိုင်းလဲ ခွါဘို့မလိုပါဘူး(မှန်ပါ့)။

ဉာဏ်ထဲမှာ ကွာပြီဆိုမှဖြင့် သြော်....ဒီဥစ္စာ အကြောင်းဖြစ်လို့ အကျိုးဖြစ်တာ၊အကြောင်းချုပ်လို့ အကျိုးချုပ်တာဘဲလို့ သိပြီးသည်၏ အခြားမဲ့၌ ရှုတော့ (မှန်ပါ့)။

ရှုလို့ ရှိယင်ဖြင့် ဒီ သင်္ခါရတရားတွေဟာ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်၊ဝိပဿနာဉာဏ်မရင့်သေးယင် ဖြစ်ပျက်ချည်းတွေ့မယ် (မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ်ရင့်လာလို့ မဂ်ဉာဏ်ဆိုက်ကာနီးကျလို့ ရှိယင်ဖြစ်ပျက် ပျောက်ပြီးသကာလ နိဗ္ဗာန် အစားထိုးမယ် (မှန်ပါ့ဘုရား) သဘောကျမလား.... (ကျပါပြီ) ရှင်းကြပလား.... (ရှင်းပါပြီ)။

တရားတော့ မဆုံးသေးဘူး၊ နာရီစေ့ပြီ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု။

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့
ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော
ဒိဋ္ဌိခွါမှုရှေ့ထား

ဝိပဿနာရှုမှု နောက်ထားပုံတရား

(၁၅-၂-၆၁)

"ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" ဆိုတော့ အာသဝေါတရားကုန်ရာ နိဗ္ဗာန် ရောက်ရပါလိုဏ်လို့ တကာ တကာမတွေ ဘုန်းကြီးက ရှေ့ကတိုင်ပေး၊ တကာ တကာမတွေ အဆိုခိုင်းတော့ တကာ တကာမတွေက လိုက်ကြတယ်။

လိုက်ပင် လိုက်ကြငြားသော်လဲတဲ့ကုန်အောင်လုပ်မှ ကုန်မှာဘဲ ဆိုတာ မှတ်ရမယ်နော်....(မှန်ပါ့ဘုရား) ကုန်အောင်လုပ်မှကုန်မှာဘဲဆိုတာ ဘုန်းကြီးတို့တကာတကာမတွေ လေးလေးစားစား မှတ်ကြပါ။

ကုန်ပုံကလေးကို ရှင်းပြပါမယ်.... တဲ့၊ မနေ့က နှာခေါင်း ပေါက် ဟောလိုက်တော့– ဒီနေ့တော့ လျှာပေါက်ကို တကာ တကာမတွေ ပဋိစ္စသမုပ္ပါဒ် စ-ကြည့်လိုက်တာပေါ့ (မှန်ပါ့)။

ချို ချဉ် ဖန် ငန် အရသာကလေး လျှာပေါ်တင်လိုက်ပါ၊ ချိုတတ်တာကလေး ချဉ်တတ်တာကလေး လျှာအလယ် တင်လိုက်တာပေါ့....နော် (မှန်ပါ့)။

လျှောပေါ်မှာရှိတဲ့ ရုပ်ကလေးကလဲ အရှင်ဖြစ်နေတော့.... လျှော့ပသာဒရုပ်ကလေးကလဲ အရှင်ဖြစ်နေတော့ ဒီက ချို ချဉ် ဖန် ငန်ကလေးနဲ့ တွေ့တဲ့အခါကျလို့ ရှိယင်ဖြင့် အချိုသိစိတ်၊ အချဉ်တင်ယင် အချဉ်သိစိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

ဩော်.... ဒါ ဇီဝဂါဝိညာဏ်စိတ်ကလေးလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ဒါ လျှောစိတ်ကလေးလို့ တကာ တကာမတွေ့ မှတ်မိကြပြီနော်.... (မှတ်မိပါပြီဘုရား)။

လျှောနဲ့ ခင်ဗျားတို့ စားသောက်မည့် အစာအာဟာရနဲ့ နှစ်ခု ထိတဲ့ အခါကျလို့ ရှိယင် ဩော်.... ဒါ ချိုတယ်၊ ဒါ ဆိမ့်တယ်၊ ဒီလိုသိတဲ့စိတ်ကလေး မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲဒီ သိတဲ့စိတ်ကလေးတွေကို ဇီဝဂါဝိညာဏ်စိတ်လို့ ခေါ်ပါသည်လို့ မှတ်ထားတာပေါ့....နော် (မှန်ပါ့) ဘာစိတ်လို့ ခေါ်ကြမယ်....(ဇီဝဂါဝိညာဏ်စိတ်ပါဘုရား)ဇီဝဂါဝိညာဏ်စိတ် မြန်မာလိုပြန်တော့ ဒါ စားစိတ်လို့ မှတ်ထားလိုက်တာပေါ့ နော်.... (မှန်ပါ့)။

အဲဒီတော့ "တိဏ္ဏံ သင်္ဂတိ ဖဿော" ဆိုတဲ့အတိုင်း ခုနက သုံးခုကြောင့် သူ ပေါ်လာတော့ ဖဿကလေးကလဲ တွေ့ထိတဲ့ သဘောနဲ့ တဲ့လျက်ဘဲ သဟဇာတအဖြစ်နဲ့ ပေါ်တယ်လို့ ထားလိုက်ပါတော့နော်....(မှန်ပါ့) ဖဿပစ္စယာ.... (ဝေဒနာပါဘုရား)။

ဝေဒနာဆိုတော့ ဩော်.... ဒီ လျှောပေါ်မှာ တွေ့လိုက်တာ၊ တကာတကာမတွေက လျှောပေါ်မှာ ဒီအစာကလေးက တွေ့လိုက်

တာ၊ ဘယ်လိုမျှား တွေ့သလဲ ပြောစမ်းပါဦးဆိုတော့ အို....သိပ်ကောင်းတာဘဲ ဆိုတော့ ဝေဒနာက ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ကောင်းတဲ့ အခါကျလို့ ရှိယင်ဖြင့် ကောင်းရုံနဲ့ တကာ တကာမတွေ့က ရပ်နေတာ မဟုတ်တော့ပါဘူး....တဲ့၊ ဝေဒနာ ပစ္စယာ.... (တဏှာပါဘုရား)။

ကောင်းလို့ ရှိယင်ဖြင့် နှစ်သက်တဲ့တဏှာကလေးကနောက်က လိုက်လာတယ် (မှန်ပါ့) မလိုက်လာဘူးလား.... (လိုက်လာပါတယ်ဘုရား) မကောင်းဘဲနဲ့ လိုက်တာလား.... ကောင်းလို့ လိုက်တာလား.... (ကောင်းလို့ လိုက်တာပါဘုရား)။

ကောင်းလို့ လိုက်တာဆိုတာ သိယင်တော့ ကောင်းတာက ဝေဒနာ၊ လိုက်တာက တဏှာ၊ ဝေဒနာပစ္စယာ.... (တဏှာပါဘုရား)။

ဒီလိုဖြစ်သွားတော့ ဩော်....သူမျှားပြောလား—ဦးခင်မောင်ရေ ကိုယ့်သန္တာန်မှာ ပေါ်တဲ့အစဉ်လား.... (ကိုယ့်သန္တာန်မှာ ပေါ်တဲ့အစဉ်ပါဘုရား)။

ဒီ အစဉ်ကို တကာ တကာမတွေ့က မှတ်ထားလိုက်တာပေါ့တဲ့၊ ဩော်.... အကြောင်းတရားကြောင့် အကျိုးတရားဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋိစ္စသမုပ္ပန္နဆိုတာ နှစ်မျိုးမှတ်လိုက်တာပေါ့၊ ဝေဒနာက ပဋိစ္စသမုပ္ပါဒ် တဏှာက ပဋိစ္စသမုပ္ပန္န (မှန်ပါ့)။

အဲဒီတော့ ဒီ တဏှာကလေး ပေါ်လာတော့ ကောင်းလို့ သဘောကျတယ်၊ ကောင်းတာက ဝေဒနာ၊ သဘောကျတာက တဏှာ၊ နောက်စားချင်သေးတယ်လို့ စဲလမ်းနေတာကတော့ ဘယ်နှယ်ဆိုကြမလဲ.... (ဥပါဒါန်ပါဘုရား)။

စဲလမ်းချင်လို့ ရှိယင်ဖြင့် အလုပ်အကိုင်လုပ်မှ စားရမှာဘဲဒီလို ကောင်းကောင်းမွန်မွန်ဆိုတော့ အလုပ်အကိုင် လုပ်တာတွေက စားချင်လို့ လုပ်တဲ့အလုပ်၊ စားဘို့ဝါးဘို့ လုပ်တဲ့အလုပ်၊ ဝတ်ဘို့ လုပ်တဲ့အလုပ်တွေက ကာယကံ ဝစီကံနဲ့ မလုပ်ယင် ရပါ့မလား (မရပါဘူးဘုရား)။

အဲဒီတော့ တကာ တကာမတို့ ဥပါဒါနုပစ္စယာ- ဘယ့်နှယ် ဆိုကြပါ့မယ်....(ကမ္မဘဝေါပါဘုရား)ကမ္မဘဝ ကာယကံ ဝစီကံ ဖြစ်မလာဘူးလား (ဖြစ်ပါ့တယ်ဘုရား) အဲဒါ ဘာခေါ်ကြမယ် (ကမ္မဘဝပါ)။

ကမ္မဘဝဖြစ်တယ်လို့ ကံ-ဖြစ်တယ်လို့ ဆိုလိုက်လဲ ပြီးတာပါဘဲ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဘာဖြစ်တာပါလိမ့်.... (ကံဖြစ်တာပါဘုရား)။

ဩော်....တကာ တကာမတွေကလဲ ကံတွေချည်း လုပ်နေကြတာကိုးလို့-ဆိုလို့ ရှိယင် လဲပါ့မလား (မလဲပါဘူးဘုရား)ကဲ.... နောက်ပြန်ဆုတ်ပြီး တခါပြန်ကြည့်ပါဦး-တကာတကာမတို့....။

ဒီကာယကံ ဝစီကံပေါ်မှာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဘယ်သူ အုပ်ချုပ်နေသတုံး....(ဥပါဒါန်ပါ ဘုရား)ဥပါဒါန်က အုပ်ချုပ်နေတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ကာယကံ ဝစီကံတွေ ဘယ်သူ အုပ်ချုပ်နေသတုံး-(ဥပါဒါန်ပါဘုရား) ဥပါဒါန်က အုပ်ချုပ်နေတယ်ဆိုတာ ရှင်းပလား.... (ရှင်းပါပြီဘုရား)ဥပါဒါန်ပေါ် ဘယ်သူက့် အုပ်ချုပ်နေသတုံး (တဏှာက အုပ်ချုပ်နေပါ့တယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီတက္ကာနဲ့ ဥပါဒါန်ဆိုတာ အကြီးအငယ်သာ ဘုရားက ဟောပါတယ်၊ တကာ တကာမတို့ ကံပေါ်မှာ တက္ကာ ဥပါဒါန် အုပ်နေတယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် သည်ကံသည် ကားလို့ဆိုယင် ကံကောင်းလို့ ဆိုကြမလား....ကံဆိုးလို့ ဆိုကြမလား.... (ကံဆိုးပါ ဘုရား) ဘယ် နှယ်ကြောင့် ဒီကံ ကံဆိုးလို့ တကာ တကာမတွေက ဆိုနိုင်ကြပါလိမ့်မတုံးဆိုတော့ အုပ်ချုပ်ရေးက မကောင်းလို့....နော် (မှန်ပါ့ဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်သူက မကောင်းတာပါလိမ့်.... (အုပ်ချုပ်ရေးက မကောင်းတာပါဘုရား) အုပ်ချုပ်ရေးက မကောင်းလို့ဆိုတာ တက္ကာဥပါဒါန်က ကံပေါ်မှာ အုပ်ချုပ်နေတယ်လို့ မောင်ထွန်းလှိုင်-မှတ်ရမယ်....(မှန်ပါ့)ဘယ်သူက အုပ်ချုပ်နေသလဲ(တက္ကာဥပါဒါန်က အုပ်ချုပ်နေပါတယ်)တက္ကာ ဥပါဒါန်က ကံပေါ်မှာ မအုပ်ချုပ်ဘူးလား.... (အုပ်ချုပ်ပါတယ်ဘုရား)။

သူတို့ကြောင့် တက္ကာ ဥပါဒါနပစ္စယာ ကမ္မဘဝေါဆိုတော့ ဩော်....တက္ကာ ဥပါဒါန် ချယ်လှယ်သလို ခံရတဲ့ ကံပါကလား ဆိုတော့ ကံကောင်းလို့ ဆိုကြမလား-ကံဆိုးလို့ ဆိုကြမလား.... (ကံဆိုးပါဘုရား)။

တံဆိုးလို့ ဘုန်းကြီးတို့ တကာ တကာမတွေက မှတ်ထားတော့မှ- ဩော်....ဒီကံတွေက ဒို့ကို အကျိုးပေးနေတော့ ကိုယ်ကျိုးနည်းပေါ့လို့ မှတ်လိုက်စမ်းပါ....(မှန်လှပါဘုရား) ဒီကံအကျိုးပေးယင်....(ကိုယ်ကျိုးနည်းပေါ့)။

ကိုယ်ကျိုးနည်းပြီတဲ့ ဘာကြောင့်တုံးဆိုတော့ တကာတကာမတွေက အခုဟောတဲ့ ရက်ကလဲ ရ-လာတော့ အကြောင်းအကျိုးက သိလာတော့ ဒီကံတွေပေါ် အုပ်ချုပ်နေတာတွေက မကောင်းတဲ့တရားဖြစ်နေတော့ ဒီကံက ကောင်းကျိုးပေးဘို့ အတော်ခဲယဉ်းတယ်.... (မှန်ပါ့ဘုရား) မခဲယဉ်းဘူးလား .... (ခဲယဉ်းပါတယ်ဘုရား)။

ဒီကံက မကောင်းတဲ့တရား တဏှာ ဥပါဒါန်က အုပ်ချုပ်ပြီး သကာလနေတော့ တကာ တကာမတွေ ဒီကံကို ကံကောင်းလို့ ဆိုကြမလား....ကံဆိုးလို့ ဆိုကြမလား.... (ကံဆိုးပါဘုရား)။

ဒါဖြင့် ကံဆိုးသည်ကားဆိုယင် ကမ္မဘဝပစ္စယာ ဇာတိလို့ ဆိုပြီးသကာလ ဇာတိတခု လာလိုက်လို့ရှိယင် ဒီဇာတိဟာ တကာ တကာမတို့သိတဲ့အတိုင်း အမိဝမ်းခေါင်းထဲ ရောက်တဲ့ ဇာတိဖြစ်လို့ရှိယင်လဲ ဒုက္ခသစ္စာ စ-ပေါက်ပွားတာဘဲ (မှန်လှပါဘုရား)။

ဘယ်လိုဆိုကြမယ်.... (ဒုက္ခသစ္စာ စ-ပေါက်ပွားပါတယ်) ဒုက္ခသစ္စာ စ-ပေါ့၊ အမိဝမ်းခေါင်းထဲ ဖြတ်ခနဲရောက်သွားလဲ ဒုက္ခသစ္စာ စ-ပေါက်ပွားတာဘဲဆိုတာသေချာပလား (သေချာပါတယ်ဘုရား)။

နတ်ပြည်ဖြစ်တော့လဲ ဒါကလေးက ဘာသစ္စာဆိုမယ်.... (ဒုက္ခသစ္စာပါဘုရား) ငြဟ္မာပြည်ဖြစ်ပြန်တော့ကော.... (ဒုက္ခသစ္စာပါဘုရား) ဖြစ်ချင်လို့ဖြစ်ရတဲ့ ဒုက္ခသစ္စာလား.... ဒီ ကံစီမံသလို ခံရတာလား.... (ကံ စီမံသလို ခံရတာပါဘုရား)။

ဒီကံကလဲ သူ စီမံချင်သလို စီမံလို့ ရ-တာလား.... တဏှာ ဥပါဒါန်တို့ လက်ညှိုးညွှန်ရာ လုပ်ရတာလား-(တဏှာ ဥပါဒါန်တို့ လက်ညှိုးညွှန်ရာလုပ်ရတာပါဘုရား)။

ဒါ သေသေချာချာမှတ်ပါ၊ တဏှာ ဥပါဒါန် လက်ညှိုးညွှန်ရာ လုပ်ရလို့ရှိယင် ဦးခင်မောင်.... မှတ်လိုက်စမ်း၊ တဏှာ ဥပါဒါန်က ဘယ်တော့မှနိဗ္ဗာန်လက်ညှိုးမညွှန်ဘူးနော်(မှန်လှပါဘုရား)။

တဏှာ ဥပါဒါန်က နိဗ္ဗာန်ကို လက်ညှိုးမညွှန်ဘူး၊ တဏှာ ဥပါဒါန်က သုံးဆယ့်တဘုံထဲကိုသာ လက်ညှိုးညွှန်တာကိုး.... (မှန်လှပါဘုရား)။

အဲ....ဒါဖြင့် ဒါတွေသိတော့ တဏှာ ဥပါဒါန် လက်ညှိုးညွှန်တာဟူသ၍ကိုဖြင့် တကာ တကာမတို့ ကံကလိုက်ပြီး တည်ဆောက်ပေးရတဲ့အတွက် ဒီဘက်ခန္ဓာအိမ်တွေ ပေါ်တာကတော့ဖြင့် မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဒုက္ခသစ္စာ ပေါ်ရမှာဘဲ.... (မှန်လှပါ) တခြား ပေါ်နိုင်စရာရှိသေးရဲ့လား.... (မရှိပါဘူးဘုရား)။

ဒီကံက တကာ တကာမတို့ သူလုပ်ချင်သလို လုပ်ရတာလား— တဏှာ ဥပါဒါန်က လက်ညှိုးညွှန်ခိုင်းသလို လုပ်ရတာလား.... (တဏှာ ဥပါဒ့ါန်က လက်ညှိုးညွှန်ခိုင်းသလို လုပ်ရတာပါဘူးရှား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဒီ တဏှာ ဥပါဒါန် လက်ညှိုးညွှန်သလို ကံက လုပ်ပြီးသကာလ နေရတော့ ကျုပ်တို့မှာဖြင့် ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခတွေနဲ့ ကျုပ်တို့မှာ

ကြုံဘိုဘဲ၊ဒီ့ပြင် ဘာ ရှိသေးတုံး.... (မရှိပါဘူးဘုရား) ပေါ်ကြပလား-(ပေါ်ပါပြီ)။

အဲဒီတော့ ဒီကနေပြီးသကာလ ဒါအာသဝေ-ကာမာသဝေ၊ တကာ တကာမတို့ သဘောကျပလား....(မှန်လှပါ)ကာမာသဝေ ဆိုတာ လောဘ....(မှန်ပါ့)အဝိဇ္ဇာလဲ ပါနေတယ်....(မှန်ပါ့)။

ဒီ ကာမာသဝေဆိုတာသည် မောင်ထွန်းလှိုင်တို့ မောင်ကိုတို့က ဒီဌိလဲ ပါနေတယ်၊ ဒိဋ္ဌာသဝေလဲ ဒီထဲ ပါနေတယ်.... (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)တဏှာ ဥပါဒါန်ထဲမှာ အာသဝေ ဘယ်နှစ်မျိုးပါနေသလဲ....(နှစ်မျိုးပါဘုရား)။

ကာမာသဝေဆိုတဲ့ လောဘကော....(ပါ-ပါတယ်)။

ဒိဋ္ဌာသဝေဆိုတဲ့ ဒိဌိကော ....(ပါ-ပါတယ်)။

ဘဝါသဝေဆိုတဲ့ ဘုံဘဝလိုချင်တာလဲ သူပါသေးတာဘဲ....(ပါ-ပါတယ်ဘုရား)။

ဒီလိုဆိုတော့ သူသည် တဏှာ ဥပါဒါန်လို့ သာဆိုတယ် တကာ တကာမတို့ အာသဝေ ဘယ်နှစ်မျိုး ပါနေသတုံး-(သုံးမျိုး ပါ-ပါတယ်)။

သူတို့ သိလို့ လိုချင်တာလား....ဇာတိ ဇရာ မရဏကို မသိလို့ လိုချင်တာလား....(မသိလို့ လိုချင်တာပါဘုရား) မသိလို့ လိုချင်လို့ရှိယင် သူနဲ့အဝိဇ္ဇာ တဲ့နေသေးလို့....(မှန်ပါ့)။

ဒါဖြင့် ဒီဥစ္စာသည် အာသဝေလို့ မှတ်လိုက်....(မှန်လှပါ) ရှင်ပလား....(ရှင်းပါပြီ)တဏှာ ဥပါဒါန်ကို ဘာခေါ်ကြမယ်-(အာသဝေခေါ်ပါတယ်)ကာမာသဝေဆိုလဲ....သူ၊ ဘဝါသဝေဆိုလဲ-သူ၊ဒိဋ္ဌာဘဝေဆိုယင်ကော....(သူပါဘဲဘုရား)။

သူ့ထဲမှာ တဲ့နေတဲ့ သဟဇာတ ဖြစ်ဖေါ်ဖြစ်ဘက်အဖြစ်နဲ့ မသိလို့ ဒီကံတွေ လုပ်ပြီး၊ မသိလို့ ဇာတိ ဇရာ မရဏတွေ ရ-တာ ထောက်လိုက်လို့ရှိယင် တကာ တကာမတို့ ဒီတဏှာ ဥပါဒါန်နဲ့ အဝိဇ္ဇာနဲ့ တဲ့-မတဲ့....(တဲ့ပါတယ်ဘုရား) တဲ့တော့ အဝိဇ္ဇာအာသဝ-ကကော.... (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဒီနှစ်ခုကို အာသဝေါတရား ဘယ်နှစ်ပါးလို့ ဆို ကြမလဲ....(လေးပါးပါဘုရား)။

ကောင်းပြီ ဒါဖြင့် ခုနက ဆရာဘုန်းကြီးက ရှေ့က တိုင် လိုက်ပါတယ်—"ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" မေ=တပည့်တော်၏၊ ဣဒံပုညံ=ဤကောင်းမှုသည်၊ အာသဝက္ခ ယံ=အာသဝေါတရားကုန်ရာသို့(ဝါ)နိဗ္ဗာန်သို့၊ဝဟံ=ရွက်ဆောင် နိုင်သည်၊ ဟောတု= ဖြစ်ပါစေသတည်းဆိုတော့ သူ ကုန်ရာကို ဆောင်ပေးပါဆိုတာ (မှန်လှပါဘုရား)။

သူ ချယ်လှယ်တဲ့နေရာ မဆောင်ပါနဲ့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဒီ အာသဝေါတရားလေးပါး ချယ်လှယ်တဲ့နေရာကို (မဆောင်ပါနဲ့) မဆောင်ပါနဲ့လို့ပြောတာ အာသဝေါတရား ကုန်ရာကို.... (ဆောင်ပါ)။

ဆောင်ပါလို့ဆိုတော့ တကာ တကာမတို့ ခင်ဗျားတို့ အခု စားလိုက်တယ်၊ စားလို့ တွေ့တယ်၊ တွေ့လို့ ကောင်းတယ်၊ ကောင်းလို့ နှစ်သက်တယ်၊ နှစ်သက်လို့ စဲ့လမ်းတယ်၊ စဲ့လမ်းလို့ အားထုတ်တယ်၊ အားထုတ်လို့ ဒီဘက်မှာ ဇာတိ ဇရာမရဏ၊ အနာဂတ်ဘဝ သူ ပေါ်မလာဘူးလား.... (ပေါ်လာပါတယ် ဘုရား)။

အဲဒီတော့ အာသဝေါတရားဟာ ဒီဘဝကုန်မှ-ဟိုဘဝ ခန္ဓာဆက် ပြတ်မယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ဒီဘဝကုန်မှ (ဟိုဘဝ ခန္ဓာဆက် ပြတ်ပါမယ်)။

ကိုင်း-ဒါဖြင့် ခင်ဗျားတို့ ဒီလိုလုပ်ကြပေတော့တဲ့၊ ဒါကလေး ဟာ စားစိတ်ကလေးနော်.... ဖယ်ဆိုတာ တဲ့ပြီးသား ထားပါ တော့၊ ဒါကလေးက အာသဝထားပါတော့။

ကိုင်း....တကာတကာမတို့ စားစိတ်ကလေးကို ဇော်ဝါဝိညာဏ် ဆိုတဲ့ စားစိတ်ကလေးကို ဖယ်ဆန့်တက္ခ တဲ့နေတာကလေးကို မဂ္ဂင် ငါးပါးနဲ့ တကာ တကာမတွေက-

"ဇော်ဝါဝိညာဏံ အနိစ္စတော ဇာနတော ပဿတော အာသဝါ သမုဿတံ ဂစ္ဆန္တိ"

သံယုတ်ပါဠိတော်မှာ ဟောတော်မူထားတယ်။

ဇော်ဝါဝိညာဏံ=စားတဲ့လျှာပေါ်မှာ ပေါ်တဲ့ စိတ်ကလေး ကို၊အနိစ္စတော=အနိစ္စအားဖြင့်၊ဇာနတော=ရှုသောပုဂ္ဂိုလ်အား၊ ပဿတော=မြင်သောပုဂ္ဂိုလ်အား၊ အာသဝါ=အာသဝေါတရား တို့သည်၊ သမုဿတံ=ကုန်ဆုံးခြင်းသို့၊ ဂစ္ဆန္တိ=ရောက်ကုန်၏။

ဘုရားက ဟောတော်မူလိုက်တယ်၊ ကိုင်း....တကာ တကာမ တွေက လျှာပေါ်မှာပေါ်တဲ့စိတ်ကလေးကို ဘုန်းကြီးကဖြစ်ပျက် ရှုပါတကာ တကာမတို့ ဒီဥစ္စာ အနိစ္စတရားကလေးပါ၊ဖြစ်ပျက် ရှုပါလို့ ဆိုတော့ တကာတကာမတွေက စားရင်းမတွန့်လျှာပေါ် ပေါ်တဲ့ စိတ်ကလေးကို နောက်ကနေပြီး ဝိပဿနာဝမက်နဲ့ မရှုလိုက် ပေဘူးလား.... (ရှုပါတယ်ဘုရား)။

ကဲ.... စားတဲ့အခါ ရှုလိုက်ကြစမ်းပါနော်....(မှန်ပါ့)စားတဲ့ အခါ ဘယ်လိုလုပ်ရမယ်.... (ရှုပေးရမယ်)။

ရှုလိုက်စမ်းပါတဲ့၊ ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ရှုတဲ့စိတ်ကလေး ဒီကြားထဲ ဝင်မလာဘူးလား....(ဝင်လာပါတယ်) ခုနကလိုတောက်လျှောက်တန်းတာလား- ကြားဝင်တာလား....(ကြားဝင်တာပါဘုရား)။

ကြားဝင်လာတာကို တကာ တကာမတွေ သူများပြောလား ကိုယ့်အမြင်လား စဉ်းစားပါ.... (ကိုယ့်အမြင်ပါဘုရား)။

ဒါဖြင့် ဒီဘက်မှာ ဝေဒနာအသာထား၊ တဏှာ ဥပါဒါန် အာသဝတွေ ဝေဒနာမှ မလာဘဲနဲ့ တဏှာ ဥပါဒါန်ဆိုတဲ့ အာသဝေါတရားလေးပါး လာနိုင်-မလာနိုင် ကြည့်စမ်း (မလာနိုင်ပါဘုရား)။

ဘယ့်နှယ်ကြောင့် မလာပါလိမ့်မတုံး.... တကာသစ်တို့ ကိုမြရွှေတို့ စဉ်းစားကြည့်စမ်း.... (၉ဝှါဝိညာဏ် ဖြစ်ပျက်ရှုလို့ ပါဘုရား) ၉ဝှါဝိညာဏ်ကို ဘာလုပ်လို့ ရတာလဲ (ဖြစ်ပျက်ရှုလို့ပါ) ခင်ဗျားတို့က အနိစ္စရှုလိုက်တယ် (မှန်လှပါဘုရား)။

အနိစ္စရှုလိုက်တော့ သူ့ ပဋိစ္စသမုပ္ပါဒ် ပြတ်ထွက်မသွားဘူးလား.... (ပြတ်ထွက်သွားပါတယ်) ပြတ်တာ နောက်ပိုင်းက ဘာတွေများ ပြတ်သတုံးဆိုတော့ အာသဝပြတ်ပါတယ် (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ) နောက်ပိုင်းက.... (အာသဝပြတ်ပါတယ်)။

အာသဝပြတ်သွားတော့ ဩော်.... အာသဝေါပြတ်အောင် "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" ဆိုတဲ့အတိုင်း ဤပုည၊ ဣဒံမေပုညံ-ဆိုတာ ဒီပုညဒီကုသိုလ်မှ အာသဝပြတ်ဘယ် (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒီလိုရှုတဲ့ကုသိုလ်ကလဲ အာသဝ မပြတ်ဘူးလား.... (ပြတ်ပါတာယ်) ရှုတဲ့ကုသိုလ်က.... (အာသဝပြတ်ပါတယ်) ဒီထဲ အာသဝသည် သူများပြောလား၊ ခင်ဗျားတို့ ခန္ဓာထဲဖြစ်စဉ် ဖြတ်လိုက်တာလား.... (ခန္ဓာထဲ ဖြစ်စဉ်ဖြတ်လိုက်တာပါဘုရား)။

ခန္ဓာဖြစ်စဉ် ဖြတ်လိုက်တယ်ဆိုတော့ တကာ တကာမတို့ ကျေကျေနပ်နပ် သဘောကျဘို့ ကောင်းပါတယ် (မှန်ပါဘုရား)။

ဩော်.... သူတို့ ဒို့ရေတခွက်လျှုလဲ "အာသဝက္ခယံ ဝဟံ ဟောတု" ကို ကျုပ်တို့ဖြင့် အလိုရှိပါတယ်၊ ဆွမ်းလေးတစ်နှုန်း သံဃာတွေလောင်းပြန်လဲ.... "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" ဝတ်ခွက်ကလေးတခု ထည့်ပြန်လဲထို့အတူ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" ဆိုတာဟာ ဩော်.... ဒါဖြင့် အာသဝေါတရား ကုန်ရာဆိုတဲ့ဥစ္စာ တခြားလား အောက်မေ့နေတယ် ဒီဟာ ဝင်ရမှာကိုးဆိုတာ ပေါ်လာကြပလား.... (ပေါ်လာကြပါပြီ)။

မဂ်ဝင်ယင် အာသဝေါ ကုန်တယ် (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ) မဂ်ဝင်ယင်.... (အာသဝေါ ကုန်ပါတယ်ဘုရား)။

ဒါဖြင့် မဝင်တဲ့ပုဂ္ဂိုလ်ကျတော့ တန်းဖြစ်တယ် (မှန်ပါ) မဝင်တဲ့ပုဂ္ဂိုလ်ကျတော့....(အာသဝ တန်းဖြစ်ပါတယ်)။

ကဲ.... တကာ တကာမတို့ စာဖြေပြလား....တဲ့၊ ဖြစ်စဉ်ထဲမှာဘဲ ထပ်ထောက်ပြတာလား....(ဖြစ်စဉ်ထဲမှာဘဲ ထပ်ထောက်ပြတာပါဘုရား)။

ဖြစ်စဉ်ထဲမှာဘဲ ထပ်ထောက်ပြတော့ ခင်ဗျားတို့ သွားရင်း မတ္တာနဲ့ အာသစေတွေ ပေါ်နေတာတွေ ယနေ့ ထင်ရှားပလား.... (ထင်ရှားပါပြီ)။

ဖဿပစ္စယာ ....(ဝေဒနာပါဘုရား)။

ဝေဒနာပစ္စယာ....(တဏှာပါဘုရား)။

တဏှာဆိုတာ အာသဝ မဟုတ်လား.... (မှန်ပါဘုရား) တဏှာပစ္စယာ ဥပါဒါန်ကော....(အာသဝပါဘဲဘုရား) အာသဝဘဲ မပြဘူးလား....(ပြပါတယ်)။

ဒါဖြင့် ဒီနေရာမှာ အာသဝဘယ်နှစ်မျိုး ဝင်နေသလဲ.... (လေးမျိုးဝင်ပါတယ်ဘုရား) လေးမျိုးဝင်နေတယ် ဆိုတာ သဘောကျပလား....(ကျပါပြီ) တိုက်ရိုက်ဝင်တာက ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ.... (မှန်ပါ့) သဟဇာတအဖြစ်နဲ့ ဝင်တာက် အဝိဇ္ဇာသဝ....(မှန်လှပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အာသဝေါတရား ကုန်အောင် ဘယ် နှယ်လုပ်ကြမတုံးဆိုတော့ အာသဝေါ တရားကို လာခွင့်မရအောင် အာသဝေါဖြစ်ကြောင်းတွေကို အာသဝ၏ အာရုံတွေကို ဖြစ်ပျက် ရှုရမယ်.... (မှန်လှပါ) မှတ်မိကြပလား.... (မှတ်မိပါပြီ) အာသဝ၏ အာရုံတွေကို.... (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီက-နေပြီးသကာလ ရှုပေးပါတဲ့....။ မတန်းမီအောင် ရှုပေးပါဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

ဒါဖြင့် ဇီဝါဝိညာဏ်ကလေးကို ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုပေးရပါမယ်)။ဖြစ်ပျက်ရှုလိုက်တော့- ဖြစ်ပျက်-အာသဝ

ကုန်စေတဲ့ မဂ်.... (မှန်ပါ့ဘုရား) ဒီဘက်က ဘာပါလိမ့်....(ဖြစ်ပျက်ပါဘုရား) ဒီဘက်က ဘာပါလိမ့်.... (အာသဝကုန်စေတဲ့ မဂ်ပါဘုရား) ကဲ-လာသေးရဲ့လား....(မလာပါဘူးဘုရား)။

မလာတော့ ဒီအာသဝမှ မလာဘဲနဲ့....တဲ့ အာသဝေါတရား ကုန်ရာဆိုတဲ့ဥစ္စာ တကာတကာမတို့ စဉ်းစား ကြည့်တာပေါ့တဲ့၊ ဇာတိ ဇရာမရဏ မရှိတဲ့ဟာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား) အာသဝေါတရား ကုန်ရာဘဲ....(မှန်လှပါ) ဇာတိ ဇရာမရဏ မလာယင်.....(အာသဝေါတရား ကုန်ရာပါဘဲ)။

ဒါဖြင့် ဒီအာသဝကုန်ပေါ့ဘဲ၊ အာသဝ၏ အကျိုးတွေ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား) အဲ-အာသဝေါတရား ကုန်ရာဆိုတာ ဇာတိ ဇရာ မရဏ မရှိတာကို ဆိုပါတယ်တဲ့.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အာသဝေါတရားကုန်ရာဆိုတာ ဘာပါလိမ့်....(ဇာတိ ဇရာမရဏမရှိတာပါဘုရား) ဇာတိ ဇရာ မရဏမရှိတာ အာသဝေါကုန်တာဘဲ။ ဘာဖြစ်လို့ ဇာတိ ဇရာမရဏတွေ မရှိပါလိမ့် မတုံးလို့ဆိုတော့ ဟောဒီက အာသဝတွေကုန်သွားလို့.... (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်) တဏှာ ဥပါဒါန်ကံတွေ ဘယ်နှယ်နေကြသတုံး.... (ကုန်ပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ကုန်ပါလိမ့်မတုံးမေးတဲ့ အခါကျတော့ တပည့်တော်တို့က မဂ် ဝင်လို့က်လို့ဘုရား.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒီမဂ်က ဘယ်နှယ်ကြောင့် ပေါ်လာပါလိမ့်မတုံးမေးတော့ အာသဝေါတရား၏ အာရုံဖြစ်တဲ့ ဇီဝဒိဋ္ဌိညာဏ်စိတ် ဖြစ်ပျက်နှုန်းလို့.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဒါ

အကြောင်းအကျိုး ဆက်ပြပါတယ်၊ တမျိုးပြတော့လဲ မှတ်စမ်းပါ....(မှန်ပါဘုရား)။

ပြန်ပြောပါဦးမယ်....၊ ပြန်ပြောပါဦးမယ်-တကာတကာမတို့ ဒါက တဏှာ ဥပါဒါန် ကံတွေက အာသဝတွေ ဆိုပါတော့.... နော်.... (မှန်ပါဘုရား) အင်း....ဒီဘက်က ဝေဒနာတွေ ဆိုပါတော့....။

ကိုင်း....ဇိုဂ္ဂါဝိညာဏ် စားလို့ကောင်းတယ်၊ တွေ့ထိတယ်၊ ကောင်းတယ်အစရှိသည်ဖြင့် အဲ-မရှုတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဇာတိ ဇရာမရာဏ လော-မလော....(လောပါတယ်ဘုရား)ဒါသံသယ ရှိကြသေးရဲ့လား....(မရှိပါဘူးဘုရား)။

သံသယ မရှိပါဘူး၊ တကာ တကာမတွေ့ ဒါ ဘုန်းကြီးရှင်းရှင်းဘဲပြောပါမယ်၊ ခင်ဗျားတို့ ဘုရားမပွင့်လဲ ဒီအတန်းဟာ ခင်ဗျားတို့လျှာပေါ်မှာ တန်းနေတာဘဲ (မှန်ပါဘုရား) ဘုရားပွင့်လဲ.... (တန်းပါတယ်ဘုရား)။

ဘုရားပွင့်တာ မပွင့်တာကို ဆိုလိုရင်းမဟုတ်ပါဘူး၊ တကာတကာမတို့....နော်၊ ခင်ဗျားတို့ ဘုရားပေးတဲ့နည်းကို ဘုရားပွင့်လာတဲ့အခါကျလို့ ရှိယင် ဘုရားပွင့်လဲ မရှာဘဲနေယင် ဒီ ပဋိစ္စသမုပ္ပါဒ်က ဦးခင်မောင် တန်းနေတာဘဲ (မှန်ပါဘုရား)။

ဘုရားပွင့်တယ်ဆိုတာသည်ကားလို့ဆိုယင် ရှုမှာဘဲ ပွင့်တယ်ဆိုတာကော သဘောကျပလား.... (ကျပါပြီ)။

ကိုင်း.... ဒါဖြင့် ဘုရားမပွင့်ခင်တုန်းကတော့ ခင်ဗျားတို့ ဘယ်နှယ်နေသတုံးဆိုတော့—

ဖဿပစ္စယာ ....(ဝေဒနာပါဘုရား)။
ဝေဒနာပစ္စယာ ....(တဏှာပါဘုရား)။
တဏှာပစ္စယာ ....(ဥပါဒါန်ပါဘုရား)။
ဥပါဒါနပစ္စယာ....(ကမ္မဘဝပါဘုရား)။
ကမ္မဘဝပစ္စယာ ....(ဇာတိပါဘုရား)။

ဇာတိ ဇရာမရဏာ.... ဘုရားမပွင့်ယင် ခင်ဗျားတို့ ဒီအတိုင်း သွားတာဘဲ (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘုရား မပွင့်ယင်.... (ဒီအတိုင်း သွားပါတယ်ဘုရား)။

ဒါဖြင့် ဒီ ဇာတိ ဇရာမရဏာ အရေအတွက် ဘယ်လောက်တုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (မရေတွက်နိုင်ပါဘုရား)မရေ တွက်နိုင်ဘူးဘုရားလို့ဘဲ တကာ တကာမတွေ အဖြေထွက်ကြ ပါတော့....နော် (မှန်ပါ့)။

ဒါဖြင့် အနေပေါင်း မရေတွက်နိုင်လျှင် အသေပေါင်းကော (မရေတွက်နိုင်ပါဘူးဘုရား) အအိုပေါင်း အနာပေါင်းရော.... (မရေတွက်နိုင်ပါဘူးဘုရား)။

ဒါဘယ်သူက လုပ်သတုံးဆိုတော့ ဒီကံက လုပ်တာ(မှန်ပါ့) ဒီကံက လုပ်ချင်လို့ လုပ်တာလား—ဆိုတော့ ဒီ အာသဝတွေက (အာသဝတွေက လုံပ်တာပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဒီ အာသဝတွေက လုပ်လိုက်တဲ့အတွက် အာသဝ စိမ့်သလို့ ဒီကံက မလုပ်ရရှာဘူးလား.... (လုပ်ရရှာပါတယ်) လုပ်ရတဲ့ အတွက် ဒီ ဇာတိ ဇရာ မရဏပေါင်း မို့ပေါက်နေတာဘဲ ဆိုတာ ကော ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲဒီတော့ တကာ တကာမတို့ ဝမ်းခေါင်း ပြောင်းတဲ့ အလုပ်သာ ရှိတယ်....နော်(မှန်ပါ့) ဝမ်းခေါင်းပြောင်း ဆိုတာ သည် အကောင်းပြောင်းလား.... သေသေပြီးမှ ပြောင်းရတာ လား....(သေသေပြီးမှ ပြောင်းရပါတယ်ဘုရား)။

ဩော်.... တကာ တကာမတွေ သေသေပြီး ပြောင်းလိုက်၊ ပြောင်းပြီး သေလိုက်၊ သေပြီးတော့ကော.... (ပြောင်းလိုက်)။

ပြောင်းပြီးတော့ကော.... (သေလိုက်)။

သေပြီးတော့ကော .... (ပြောင်းလိုက်)။

အဲဒါ အကြိမ်ပေါင်း ဘယ်လောက်ရှိခဲ့သတုံး....(မရေတွက်နိုင်ပါဘူးဘုရား) အဲဒါ မရေတွက်နိုင်တာကို ဘယ်သူ လုပ်ပါလိမ့်မတုံးဆိုတော့ အာသဝ လုပ်တယ်(မှန်ပါ့ဘုရား)ရှင်းပလား (ရှင်းပါပြီ) ဘယ်သူလုပ်ပါလိမ့်.... (အာသဝလုပ်ပါတယ်)။

ခင်ဗျားတို့က အာသဝေါကုန်အောင် မလုပ်လို့ (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) ခင်ဗျားတို့ ဘယ့်နှယ်ကြောင့် သေသွားလိုက် ဝမ်းခေါင်းထဲ ရောက်လိုက်၊ ပြန်သေလိုက်၊ ဝမ်းခေါင်းထဲပြောင်းပြီး သွားလိုက်၊ သေလိုက်၊ မောင်ကို ရေ အသေလက်စ-သတ်သေးရဲ့လား.... (မသတ်ပါဘူးဘုရား)။

အဲဒါ ဘာမကုန်လို့ပါလိမ့်.... (အာသဝေါမကုန်လို့ပါဘုရား) အာသဝ မကုန်လို့ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား) ဒီ တဏှာ ဥပါဒါန်တည်းဟူသော အာသဝ မကုန်တော့ ကံက ကုန်သေးရဲ့လား.... (မကုန်ပါဘုရား)။

ကောင်းပြီ–ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ အာသဝေါတရားကုန်အောင် ဘယ့်နှယ်လုပ်မလဲဆိုတော့ အာသဝေါတရားလုပ်ထားတဲ့ ခင်ဗျားတို့ ၉ ဝှါဝီညာဏ်စိတ်၊ ဒါ အာသဝေါ

တရား၏ အာရုံ၊ အာသဝါမမှာလို့ အာသဝ၏ အာရုံဖြစ်တဲ့ တရားကို ခင်ဗျားတို့က ဒီက-နေပြီးသကာလ ခုဆရာဘုန်းကြီးက နည်းပေးရ၊ဘုရားသာသနာတော်ကြီး ရှိသေးလို့ ဘုရားနည်းက ကျန်နေရစ်သေးတော့ ဒါကလေး ဖြစ်ပျက်ရှု၊ ဇော်ဂျိုဝိညာဏ် စိတ်ကလေး ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှု)။

ဖြစ်ပျက်ရှုတော့-ဘယ်နှယ်ကြောင့် သူ့ကိုဖြစ်ပျက်အရှုခိုင်း ပါလိမ့်မတုံးလို့ မေးတော့ အာသဝေါ လုပ်ထားတဲ့တရား၊ အရင်တုန်းက အာသဝက လုပ်ထားတဲ့တရား (မှန်ပါ့ဘုရား)။

ဒီ သူလုပ်ထားတာကို ခင်ဗျားတို့က အနိစ္စစက် ဒုက္ခစက် အနတ္တစက် မြင်မှ နောက်က အာသဝကုန်မယ်(မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ဒီတလုံးကို သေသေချာချာမှတ်ပါ မောင်ထွန်းလှိုင် (မှန်ပါ့) မောင်ကိုရေ– သေသေချာချာ မှတ် စမ်းပါကွ ဒီ တလုံးကို (မှန်ပါ့ဘုရား)။

ဒီ တလုံးတည်းဟာက နဂိုရိုက ဘယ်သူ လုပ်ထားတာတုံး၊ ဒီ ဇော်ဂျိုဝိညာဏ် စိတ်ကလေးဟာက ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့ ဇော်ဂျိုဝိညာဏ်စိတ်ကလေးဟာ ခုနကပြောခဲ့တဲ့ စိတ်တွေ ရုပ်တွေ ဟူသမျှဟာက အာသဝေါတရားရှိတဲ့ပုဂ္ဂိုလ်မှာ ပေါ်တာ၊ နိဗ္ဗာန်မှာ ဒါတွေရှိရဲ့လား.... (မရှိပါဘူး)။

ဒါဖြင့် သူ အရင်ဘဝတွေက အာသဝေါ လုပ်ထားတာဆိုတာ သိပလား.... (သိပါပြီဘုရား) ဒါဖြင့် ခင်ဗျားတို့ အရှုခံရတဲ့ တရားတွေဟာ ဘယ်သူ လုပ်ထားတာတုံး....(အာသဝ လုပ်ထားတာပါ)။

အဲဒီ အာသဝေါတရား လုပ်ထားတဲ့ တရားကို ခင်ဗျားတို့ ယခု သာသနာတွင်း မဂ်နဲ့ရူပစ်လိုက် (မှန်လှပါဘုရား) ရှုထား

တော့ အာသဝေါ လုပ်ထားတာကို ခင်ဗျားတို့က အကောင်းလို့ ဆိုမလား.... အဆိုးလို့ ဆိုကြမလား.... (အဆိုးပါဘုရား)။

အဲဒီအဆိုးကို မြင်တော့မှ ဒီ အာသဝေါလုပ်ထားတဲ့ ဇိဝှါ ဝိညာဏ်က အနိစ္စ၊ သာသနာတွင်းတရားက.... (မဂ္ဂပါဘုရား) သာသနာတွင်းတရားက မဂ္ဂ လာဖြစ်တယ် (မှန်ပါ့ဘုရား) သာသနာတွင်းတရားက ဘာလာဖြစ်ပါလိမ့်....(မဂ္ဂ လာဖြစ်ပါတယ်ဘုရား)။

မဂ်-လာဖြစ်တော့ကို ဒီမဂ်ဟာ ဘယ့်နှယ်ကြောင့် ရှုခိုင်း ဘာလိမ့်မတုံးဆိုတော့ ဩော်.... အရင်အာသဝတွေ လုပ်ထားတဲ့ ဥစ္စာ မကောင်းမှန်း သိပါစေတော့လို့ အရင်အာသဝတွေ လုပ်ထားတာ အနိစ္စတွေလုပ်ထားတယ် (မှန်ပါ့)။

ဒုက္ခတွေကော ....(လုပ်ထားပါတယ်)။

အနတ္တတွေကော....(လုပ်ထားပါတယ်)။

ရှေးဘဝ အာသဝတွေက လုပ်ထားတာ ဦးခင်မောင် ဘာတွေများ လုပ်ထားပါလိမ့်.... (အနိစ္စ ဒုက္ခ အနတ္တတွေ လုပ်ထားပါတယ်) အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာတွေ လုပ်ထားတယ် (မှန်လှပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ) ဘာတွေများ လုပ်ထားသတုံး.... (ဒုက္ခတွေ လုပ်ထားပါတယ်)။

အဲဒါ သာသနာတွင်းမျက်လုံး တပ်ပြီး ကြည့်လိုက်တာပေါ့ (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ဘာမျက်လုံး တပ်ကြည့်မယ်.... (သာသနာတွင်းမျက်လုံး တပ်ကြည့်ပါမယ်)။

သာသနာတွင်းမျက်လုံး တပ်ကြည့်လိုက်တဲ့ အခါကျတော့ အာသဝေါတရား၏ ဒဏ်ချက်ကို ဦးခင်မောင်....ကောင်းကောင်း သွားတွေ့တယ် (တွေ့ပါတယ်ဘုရား)။

အာသဝေါတရား လုံပ်ထားတဲ့ဒဏ်ချက်တွေ့ မတွေ့သေးဘူးလား.... (တွေ့ပါတယ်ဘုရား) ဘာတွေ့ တွေ့ကြသလဲ.... အနိစ္စဒုက္ခ အသုဘ ဒုက္ခသစ္စာတွေ့ ဒါ သွားတွေ့တယ် (မှန်ပါ့)။

ဒါ ရှေ့က အာသဝတွေက လုပ်တာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဘယ်သူက လုပ်ထားပါလိမ့်.... (ရှေးက အာသဝတွေက လုပ်ထားပါတယ်ဘုရား)ရှေး အာသဝတွေက လုပ်ထားတာ၊ ဝိပဿနာဆိုတာ ဒီလို နက်နက်နဲနဲ တကာ တကာမတွေ့သိပြီး ရှုရမှ ပိုကောင်းတယ်နော်.... (မှန်ပါ့ဘုရား)။

သြော်....ဘယ့်နှယ်ကြောင့် ကိုယ့်ခန္ဓာကြီးကို အနိစ္စ ရှုနေရပါလိမ့်မတုံး.... ဒါ ကိုယ့်ခန္ဓာကိုးဗျ (မှန်ပါ့) အို.... တကာတကာမတို့ ကိုယ့်ခန္ဓာကိုယ် အနိစ္စရှုခိုင်းတာ တခြားမဟုတ်ဘူးနော်၊ ရှေးက အာသဝလုပ်ထားတဲ့တရား အချိုးမကျတာ သိပါစေတော့လို့ အရှုခိုင်းတာ (မှန်လှပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ) ရှေးက ဘယ့်နှယ်.... (အချိုးမကျတာ အရှုခိုင်းတာပါဘုရား)။

ရှေးအာသဝတွေလုပ်သွားတာအချိုးကျမတာသိပါစေတော့လို့.... (မှန်ပါ့ဘုရား) ခင်ဗျားတို့အတွက် လုပ်ပေးလိုက်တာ ဖြစ်ပျက်အနိစ္စ လုံပ်ပေးလိုက်တယ် (မှန်လှပါဘုရား)။

ဖြစ်ပျက်ဒုက္ခကို ....(လုပ်ပေးပါတယ်)။

ဖြစ်ပျက်အနတ္တကို....(လုပ်ပေးပါတယ်)။

ဖြစ်ပြီးသေတဲ့ အသုဘကို....(လုပ်ပေးပါတယ်)။

အင်း....ဖြစ်ခြင်းပျက်ခြင်း ဒုက္ခသစ္စာကို....(လုပ်ပေးပါတယ်ဘုရား) ဒါ ဘယ်သူက လုပ်ပေးထားပါလိမ့်.... (အာသဝက လုပ်ပေးထားပါတယ်) အာသဝက ရှေးက ခင်ဗျားတို့ မဖြတ်

ခဲ့လို့ ဒီ- အာသဝတွေက လုပ်ပေးတယ်....(မှန်ပါ့)ပေါ်ပလား (ပေါ်ပါပြီ) မဖြတ်ခဲ့တာနဲ့ ဘာတဲ့.... (အာသဝတွေက လုပ်ပေးပါတယ်)။

အဲဒီ အာသဝတွေ လုပ်ပေးတာကို ကဲ.... မင်း-အာသဝတွေရှေးက ဒီမိုက်တုန်းက ဒို့မသိလို့ အာသဝေါတရား မကုန်လို့ ဖြစ်ပေါ်လာတဲ့ ခန္ဓာတွေကို ကိုင်း- သာသနာတွင်းမျက်လုံးတပ်ပြီး ငါကြည့်လိုက်ဦးမယ်၊ ဝိပဿနာရှုဆိုတာ သာသနာတွင်းမျက်လုံး တပ်ကြည့်တာ (မှန်ပါ့ဘုရား) ဝိပဿနာ ရှုဆိုတာ ဘာပါလိမ့်.... (သာသနာတွင်း မျက်လုံး တပ်ကြည့်တာပါဘုရား)။

ဩော်.... ဒါဖြင့် ခင်ဗျားတို့ နဂိုရှိတုန်းက ဒီမျက်လုံး မပါဘူးဗျ (မှန်ပါ့) ပါသေးရဲ့လား.... (မပါ-ပါဘူး) သာသနာတွင်း မျက်လုံး မပါခဲ့ဘူး (မပါ-ပါဘူး ဘုရား)။

ကဲ....ခု သာသနာတွင်းမျက်လုံး တပ်ကြည့်လိုက်တော့ရှေးက အာသဝတွေ လုပ်ထားတာ တကဲ့ တကာမတို့ ဘာတွေမျှား လုပ်ထားပါလိမ့်.... (အနိစ္စ ဒုက္ခ အသုဘတွေ လုပ်ထားပါတယ် ဘုရား)။

အနိစ္စ ဒုက္ခ အသုဘ ဒုက္ခသစ္စာကြီး လုပ်ထားတယ် (မှန်ပါ့) မြင်ကြပလား.... (မြင်ပါတယ်) ရှုကြည့်ပါ၊ ရှေးက အာသဝ လုပ်ထားတာ ရှုကြည့်ပါ၊ ခင်ဗျားတို့ ကောင်းကောင်းမြင်ပါလိမ့်မယ် (မှန်ပါ့) မမြင်ပေဘူးလား.... (မြင်ပါတယ်) ဘယ်လို မြင်မယ် ထင်သတုံး.... (အနိစ္စ ဒုက္ခ အနတ္တမြင်ပါတယ်)။

အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာ မကောင်းတဲ့လေးချက် တခုခု မြင်ရမယ် (မှန်ပါ့) မမြင်ပေဘူးလား.... (မြင်ပါတယ်ဘုရား)။

အဲဒီတော့ ဘာမျက်လုံးနဲ့ ကြည့်လိုက်တာ ပါလိမ့်.... (သာသနာတွင်းမျက်လုံးနဲ့ပါဘုရား) သာသနာတွင်း မျက်လုံးနဲ့၊ ဒါကြောင့် ဝိပဿနာဟာ သာသနာတွင်းမှ ပေါ်တယ်(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) သာသနာပ ကျလို့ရှိယင် သူသာ လျှောက်တန်းသွားတယ်၊ ကြားဝင်လို့မရဘူး.... (မှန်ပါ့) ဝင် သေးရဲ့လား....(မဝင်ပါဘူးဘုရား)။

ဒါဖြင့် သာသနာပမှာ သည်ကားလို့ဆိုလို့ရှိယင် ဖြစ်ချင် သလို ဖြစ်ပြီး နေကြလိမ့်မယ်ဆိုတဲ့ ဥစ္စာ ဦးခင်မောင် သေချာ ပလား.... (သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် သာသနာတွင်း မျက်လုံးကလေး တပ်ကြည့် လိုက်တော့ ဘာမြင်ပါလိမ့်....(အနိစ္စ ဒုက္ခ အနတ္တ အသုဘ မြင် ပါတယ်) အနိစ္စ ဒုက္ခ အနတ္တ အသုဘ၊ ဒုက္ခသစ္စာပါ ထည့်လိုက် ဦးခင်မောင်....(မှန်လှပါဘုရား)။

အဲဒါ ဘာမျက်လုံးနဲ့ ကြည့်လိုက်တာပါလိမ့်.... (သာသနာ တွင်း မျက်လုံးနဲ့ ကြည့်တာပါဘုရား) သာသနာတွင်း မျက်လုံး နဲ့ ကြည့်လိုက်တော့ သာသနာပက လုပ်ထားတာကို သာသ နာတွင်း မျက်လုံးနဲ့ကြည့်တယ်....(မှန်ပါ့)ပေါ်ပလား....(ပေါ် ပါပြီ)။

ဒီ ခင်ဗျားတို့ ဇီဝါဝိညာဏ်စိတ်နဲ့ တကယ်ဖဿတွေဟာ ဘယ် တုန်းကလုပ်ထားတာပါလိမ့်....(သာသနာပကလုပ်ထားတာပါ) သာသနာပက လုပ်ထားတော့ ဘာသစ္စာတွေ အခုဖြစ်သတုံး.... (ဒုက္ခသစ္စာတွေဖြစ်ပါတယ်ဘုရား)။

အဲဒီ ဒုက္ခသစ္စာတွေကို သာသနာတွင်းမျက်လုံးနဲ့ ပြန်ကြည့် (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီ)သာသနာပဋ္ဌာ အာသဝ

က လုပ်ထားတဲ့ ဒုက္ခသစ္စာကို သာသနာတွင်း မျက်လုံးနဲ့ ကြည့် လိုက်တော့မှ ဦးခင်မောင်ရေ လိုချင်စရာ ရချင်စရာ ပေါ်သေး ရဲ့လား....(မပေါ်ပါဘူး ဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

ကိုင်း....ဒီတလုံးဟာ မနေ့က တကာတကာမတို့ မဟာပါ ဘူး....တဲ့၊ ယနေ့ ထူးထူးခြားခြား ဉာဏ်တက်အောင်လို့ တိုး ပြီးသကာလ ဟောပြန်တော့ ဟောဒီ ခင်ဗျားတို့ ရထားတဲ့ ခန္ဓာ-၅၄ါဝိညာဏ်စိတ်၊ ၅၄ါဝိညာဏ်ဟာ ဝိညာဏကွန်ဆာဘဲ မဟုတ်လား....(မှန်လှပါဘုရား)။

ဘယ်တုန်းက ခင်ဗျားတို့သန္ဓံဝန် ဒီဟာကြီးရောက်နေပါလိမ့် မတုံး၊ ဘယ်နှယ်ကြောင့် ဒါကြီး ခဏခဏ ပေါ်နေပါလိမ့် မတုံး မေးလို့ရှိယင် ဘယ်နှယ် ဖြေကြမလဲ....(သာသနာပက လုပ်ခဲ့လို့ပါ) သာသနာပက အာသဝေါတရား လုပ်တာ.... (မှန်ပါ့)ဒီကျအောင်သွားလိုက်....(မှန်လှပါ)။

ကိုမြရွှေတို့ ဦးဇင်ရင်တို့ ခင်ဗျားတို့ လျှာစိတ်ကလေး ပေါ် တိုင်း ပေါ်တိုင်း ဘယ်သူလုပ်ထားတာတုံး.... (သာသနာပက အာသဝေါတရားလုပ်ပါတယ်ဘုရား)အာသဝေါတရားက လုပ် ထားတာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)ဒီဇာတိထဲ ပါလာတာကိုးဗျ (မှန်လှပါ) မပါဘူးလား....(ပါ-ပါတယ်)။

ဇာတိထဲ ပါလာတာ သေချာပါတယ်....တဲ့၊အဲဒါ ခင်ဗျား တို့ ဘယ်တုန်းကလုပ်ထားလို့ ဒီ ဒုက္ခသစ္စာကြီး ခဏခဏ ပေါ် နေတာတုံးမေးယင် ဘယ်နှယ်ပြောမယ်.... (သာသနာပ အာသဝက လုပ်ထားလို့ပါဘုရား)။

သာသနာပ အာသဝေါတရားတွေနဲ့ လုပ်ထားလို့ ဒီ ခန္ဓာကြီး ရ-နေတယ်.... (မှန်လှပါ) သဘောကျပလား .... (ကျပါပြီ)။

ကဲ....ဒါဖြင့် သာသနာတွင်းမျက်လုံး ဘုရားက တပ်ပေးတယ်၊ ဆရာဘုန်းကြီးက အကူအညီ ပေးတယ်၊ ပေးလိုက်တော့ သာသနာပ အာသဝေါက လုပ်ထားတဲ့တရားဟာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဘာသစ္စာတွေ ဖြစ်နေသတုံး....(ဒုက္ခသစ္စာတွေ ဖြစ်နေပါတယ်)။

ဩော်....ဘယ်သူ လုပ်ထားပါလိမ့်မတုံး....(သာသနာပ အာသဝကာ လုပ်ထားပါတယ်)ဒီတခါ အာသဝ နောက်ထပ်လှယင် ခက်ရချိရဲ့....(မှန်လှပါဘုရား) ဒီတခါ အာသဝ နောက်ထပ်လှယင်....(ခက်ရချိရဲ့) ခက်ရချိရဲ့ဆိုတာ သိပလား....(သိပါတယ်) ဒီမှာ အာသဝလုပ်ထားတာကိုက ဆိုးကျိုးလား.... ကောင်းကျိုးလား....(ဆိုးကျိုးပါဘုရား)ဆိုးကျိုးဆိုတာ သေချာပလား ...(သေချာပါပြီ)။

ခင်ဗျားတို့ အခုခန္ဓာကြီးဟာ လျှာစိတ်ကလေးဟာ ပေါ်လိုက် ပျက်လိုက်....(မှန်ပါ့)လျှာစိတ်ကလေးဟာ ဘယ်နှယ်.... (ပေါ်လိုက် ပျက်လိုက်ပါဘုရား)ပေါ်လာတော့ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) ပျက်တာကော.... (ဒုက္ခသစ္စာပါဘုရား) အဲ....သေတာဘဲမဟုတ်လား....(မှန်ပါ့) သေတာလဲ အသုဘမှ ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ခင်ဗျားတို့ သာသနာပက ကိုယ်ထင်ရာ ကိုယ် လုပ်ပြီးသကာလထားတော့ ဘာသစ္စာကြီးနဲ့ အတူတူနေရသလဲ-(ဒုက္ခသစ္စာကြီးနဲ့ အတူတူနေရပါတယ်)။

ဒုက္ခသစ္စာကြီးနဲ့ အတူတူနေရတာကို ခင်ဗျားတို့အလိုတော့ ဖြင့် ကိုယ့်ခန္ဓာကြီးဟာဖြင့် ကျုပ်ဟာ လူအဘိုးတန်ဘဲရယ်လို့ အောက်မေ့ချင် အောက်မေ့နေမှာ....၊ ဦးခင်မောင်တို့က.... ဟုတ်....(မှန်လှပါဘုရား)။

လူအဘိုးတန်က ဟုတ်လား၊အဲဒီလို အောက်မေ့ပြီးသကာလ နေလို့ရှိယင်ဖြင့် ဒုနက အာသဝတွေ မောင်ကို.... သွားမလား မသွားဘူးလား(မသွားပါဘူးဘုရား)ကိုင်း....ဒါဖြင့် ဘုရားက-

ဇီဝဂါဝိညာဏံ အနိစ္စတော ဇာနတော ပဿတော အာသဝါ သမုဿုတံ ဂစ္ဆန္တိ။

သံယုတ်ပါဠိတော်မှာ ဟောထားပါတယ်။

ဇီဝဂါဝိညာဏံ=အာသဝလုပ်ထားတဲ့ ဇီဝဂါဝိညာဏ်ကို၊ ဇာန တော=သိသောပုဂ္ဂိုလ်အား၊ပဿတော=ရှုနိုင်သောပုဂ္ဂိုလ်အား၊ အာသဝါ=နောက်ကအာသဝတို့သည်၊ သမုဿုတံ-ကုန်ခြင်းသို့၊ ဂစ္ဆန္တိ=ရောက်ကုန်၏....တဲ့။

ခင်ဗျားတို့ ဖြစ်ပျက်ရှုနိုင်တဲ့ပုဂ္ဂိုလ် နောက် အာသဝကုန် တယ်....(မှန်ပါ့ဘုရား) ဖြစ်ပျက် ရှုနိုင်တဲ့ပုဂ္ဂိုလ်.... (နောက်-အာသဝကုန်တယ်)ကျကျနပ်နပ် သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ဖြစ်ပျက်မရှုဘဲနဲ့ နေတဲ့ပုဂ္ဂိုလ်၊ အနိစ္စမရှုဘဲနဲ့ ဒုက္ခသစ္စာ မပွားများခဲ့တဲ့ပုဂ္ဂိုလ်များမှာ ငါ အာသဝေါတရား ကုန်ရပါ လို့၏လို့ ဆုဘောင်းနေရုံနဲ့တော့ဖြင့် ကြက်မကြီးလိုဘဲ တကာ တကာမတို့ ကြက်ဥကလေးတွေ ဥပြီးသကာလ ဘေးကသာ ငါ့ကြက်ဥတွေ ပေါက်ပါစေဆိုရတယ်၊ ရေပူနေပူမိလို့ ကြက်ဥ တွေ ပုပ်ကုန်မယ်၊ မပေါက်ဘူး.... (မှန်လှပါဘုရား) ပေါက်

သေးရဲ့လား....(မပေါက်ပါဘူး) ဝတ္ထု မထုတ်တော့ပါဘူးတဲ့-ဒါ ဘုရားဟောတဲ့ ဝတ္ထုပါ....(မှန်ပါ့)။

ဒါဖြင့် တောင်းရုံကလေး တောင်းနေလို့ မရှုလို့ရှိယင် ရပါ့မလား....(မရပါဘူး) ကိုင်း....ရှုရမှာက ဘယ်တရားတုံး-(အနိစ္စတရားပါ)။

အနိစ္စတရား၊ဒီ အနိစ္စတရားက ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ သန္တာန်မှာ အခု ပေါ်နေပါလိမ့်မတုံးဆိုတာကော ရိပ်မိပလား (ရိပ်မိပါတယ်)ဘယ်လိုကြောင့်ပါလိမ့်....(သာသနာပ အာသဝကြောင့်ပါ) ရှေးက မသိလို့ လုပ်ထားတဲ့ အာသဝကြောင့် ခန္ဓာဖြစ်နေတာ....(မှန်ပါ့ဘုရား)။

ဦးဇင်္ဂ ရင်ရေ....ရှေးက အာသဝေါတရားက လုပ်ထားတဲ့ တရားဆိုယင်ကော သေချာပလား....(သေချာပါတယ်ဘုရား) သဘောကျပြီနော်....(ကျပါပြီ)။

ဒါကလေးတွေကို ယခု သာသနာတွင်းမျက်လုံး တပ်ကြည့်လိုက်တဲ့အခါကျတော့ အာသဝေါက ရုပ်လုံးလုပ်ထားတဲ့တရားဟာ အဘိုးတန် ဖြစ်လေရော့လား-အရုပ်ဆိုးဖြစ်လေရော့လား-ဆိုတာ ခင်ဗျားတို့ဘဲ စဉ်းစားကြည့်ပါတော့....(အရုပ်ဆိုး ဖြစ်ပါတယ်ဘုရား) အရုပ်ဆိုး အကျည်းတန် ဖြစ်နေတယ် ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)။

ဒါကြောင့် ကိုယ်လုပ်ထားတာကြီး ကိုယ်မဟုတ်ကြောင်းကို သိအောင်လို့ ဝိပဿနာရှုရတာပါ....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ)။

ကိုယ့် အာသဝေတွေ လုပ်ထားတာကို ကိုယ်မကောင်းကြောင်း ကိုပကတိဆုတောင်းနဲ့ သိမလား- ဉာဏ်အမြင်နဲ့မှ သိမလား ဆိုတာ အကဲခတ်ကြစမ်းပါ.... (ဉာဏ်အမြင်နဲ့မှ သိမှာပါဘုရား).... ဉာဏ်အမြင်နဲ့မှ သိမယ်ဆိုတာ သေချာပလား.....(သေချာပါပြီ)။

ကဲ- ဒါဖြင့် ဒီတရား-ဒီဇော့ဝါဝိညာဏ် စိတ်ကလေးကို ခင်ဗျားတို့ စားဆဲမတ္တမှာဘဲ မျိုချလိုက်တဲ့အခါရှိသေးသလား.....(မရှိပါဘူး ဘုရား).... အဲ.....မရှိတာ သိအောင်လုပ်ပါ.... (မှန်ပါ့ဘုရား).... သဘောကျပလား..... (ကျပါပြီ)။

မရှိတာ ဘယ့်နှယ်ခေါ်ကြမယ်.... (သိအောင်လုပ်ရမယ်).... အဲ.....မရှိတာက အနိစ္စ၊ သိတာက.... (မဂ္ဂပါဘုရား) ကုန်တာက အာသဝ.....(မှန်ပါ့ဘုရား) ကုန်တာကနောက်က အာသဝကုန်တာ (မှန်ပါ့) မကုန်ဘူးလား.... (ကုန်ပါတယ် ဘုရား) ကုန်တာက ဘာပါလိမ့် (အာသဝပါဘုရား)။

သူက အာသဝကုန်တော့-ဟောဒါက အာသဝေါတရားကုန်ရာ နိဗ္ဗာန်.....(မှန်ပါ့)ဒီဘက်က နိဗ္ဗာန်၊ဒုက္ခသစ္စာ သုံးခုရှိသေးရဲ့လား (မရှိပါဘူးဘုရား)၊ ဇာတိ ဇရာမရဏ ရှိသေးရဲ့လား.... (မရှိပါဘူး)။

ကိုင်း-ဒါဖြင့် ဒီလိုလုပ်ကြဦးစို့ တကာတကာမတို့၊အာသဝေါတရား ကုန်တာကို ရှင်းသထက် ရှင်းအောင်လို့ ဒီတရားက ဘယ်သူ့ လုပ်ထားတာတုံး ရှေးက.... (အာသဝ လုပ်တာပါ)၊ အာသဝ လုပ်ထားတာ၊ အဲဒါကို သာသနာတွင်း မျက်လုံးနဲ့ ကြည့်ပါ.... (မှန်ပါ့)။

သာသနာတွင်း မျက်လုံးဆိုတာ အခုဘုန်းကြီး ပေးနေတဲ့ မျက်လုံး၊ ဘုရားဟောထားတဲ့မျက်လုံး၊ သဘောကျပလား၊အခုန ပါဦးပေါ့ ဦးခင်မောင်ရာ....(မှန်လှပါဘုရား)။

ဇာဂါဝိညာဏံ(ပ)ဂစ္ဆန္တံ ဆိုတာ ဘုရားဟောတော်မူခဲ့လို့ ဘုန်းကြီးတို့က ဇာဂါဝိညာဏ်ကို ဇာနတောပဿတော်လုပ်ရမယ် ဆိုသောကြောင့်-မောင်ကိုရေ ဖြစ်လဲဖြစ်တယ် ပျက်လဲပျက်တယ် သိရမယ်နော်....(မှန်ပါ့)။

ကြည့်လိုက်တဲ့အခါကျတော့ ရှေးက အာသဝ လုပ်ထားတာ ဘာသစ္စာတွေ့ လုပ်ထားသလဲ.... (ဒုက္ခသစ္စာတွေ့ လုပ်ထားပါတယ်)၊ အဲ....သူက ဒုက္ခသစ္စာ၊ ရှုတာက....(မဂ္ဂသစ္စာပါ) ရှုတာက မဂ္ဂသစ္စာဖြစ်တယ်။

ကုန်တာက ဘာတုံး....(ကုန်တာက အာသဝပါ ဘုရား)။

ရတာက ....(အာသဝကုန်ရာ နိဗ္ဗာန်ပါဘုရား)။

ဟော-အာသဝေါတရားကုန်ရာ၊ကုန်တာက အာသဝလေ (မှန်ပါ့)၊ ကုန်ရာက....နိဗ္ဗာန်....(မှန်ပါ့)၊ သဘောပါပလား.... (ပါ-ပါပြီ)။

ကုန်တာက ဘာပါလိမ့်....(အာသဝပါဘုရား)။

ကုန်ရာဌာနက ....(နိဗ္ဗာန်ပါ)။

ကိုင်း ဒီက ရှုလိုက်လို့ ကုန်တယ်-ကုန်တယ်၊ ကုန်လို့ ရတယ် (မှန်ပါ့ဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

အံမာလေး အာသဝေါတရား ကုန်ဘို့ရာကို ခင်ဗျားတို့ မနည်းပြောရပါလား မနည်းပြောရတယ် တကာ တကာမတွေ့၊ဒီအာသဝေါတရား ကုန်ရာ လူတိုင်းတော့ နှုတ်တက်နေတာဘဲ၊ ဒီလိုက

အမြင်အားဖြင့်နားမလည်တော့မောင်ထွန်းလိုင်တို့မောင်ကိုတို့ရေ သိပ်ခက်နေတယ်ဆိုတာ ပေါ်လာကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ-ယခုတော့ဖြင့်တခါပြန်-ရှင်းပါဦးမယ်တကာတကာမတို့၊ ဒီဘက်က ဝေဒနာ တဏှာ ဥပါဒါန် ကံပေါ့ဗျာ....နော်(မှန်ပါ့)။

ဒီဟာတွေဟာ အာသဝတွေဘဲ ထားလိုက်ပါတော့တဲ့.... ခုနကလဲ အာသဝပြောပြီးပါပြီ၊ ဒီဘက်က အာသဝေါတရား ကုန်ရာနော်....(မှန်ပါ့)၊ ဇာတိ ဇရာ မရဏ အခုဖြုတ်ပစ်လိုက်ပြီ၊ ဖြုတ်ပစ်လိုက်ဇတာ့ ဇာတိ ဇရာ မရဏ မရှိတာ ဘာခေါ်မယ်....(နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ဆိုတော့ အာသဝေါတရား ကုန်ရာ....(မှန်လှပါ)ဒါက အာသဝေါတရား၊ ရှင်းပလား....(ရှင်းပါပြီ)၊ ဒီဘက်က....(အာသဝေါတရား ကုန်ရာ နိဗ္ဗာန်) ကုန်ရာနိဗ္ဗာန် (မှန်လှပါ)၊ ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် ဘယ်ပုဂ္ဂိုလ်မျိုး ကုန်မှာတုံးလို့မေးတော့ ဒါ ဘယ်သူ လုပ်ထားတာတုံး....(အာသဝေါတရား လုပ်ထားတာပါ)အာသဝေါတရား လုပ်ထားထာ၊ ခင်ဗျားတို့ စက္ခု သောတ ဃာန ဇိဝှါ ကာယ တကိုယ်လုံးပေါ့ဗျာ.... (မှန်လှပါ) ဘယ်သူလုပ်ထားပါလိမ့်....(အာသဝေါတရားလုပ်ထားပါတယ်ဘုရား)။

အာသဝေါတရားလုပ်ထားတာကို ခင်ဗျားတို့ သာသနာတွင်းမျက်လုံး မောင်ထွန်းလိုင်တို့ မောင်ကိုတို့ တပ်ကြည့်....(မှန်ပါ့)။

အာသဝေါတရားက လုပ်ထားတာ၊ကောင်းမကောင်း ကြည့်စမ်း....(မကောင်းပါဘူး ဘုရား) မကောင်းဘူး ဘာသစ္စာတွေ့ လုပ်ထားသတုံး....(ဒုက္ခသစ္စာတွေ့ လုပ်ထားပါတယ်)။

ဒါဖြင့် သူက ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)၊ အဲ....ဇော့ဂါ ဝိညာဏ် စိတ်ဟာ ဒုက္ခသစ္စာ၊ သဟဇာတ ဖြစ်ဖေါ် ဖြစ်ဘက်နှင့် တက္ခ ဒုက္ခသစ္စာ.... (မှန်လှပါ) သူကဘာတုံး.... (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ဒီဒုက္ခသစ္စာကို ရှေးအာသဝကလုပ်ထားတဲ့ ဒုက္ခသစ္စာ (မှန်လှပါဘုရား) ၎င်းကို သာသနာတွင်း လုပ်နည်း မဂ္ဂသစ္စာနဲ့ ကြည့်လိုက်ပါတယ် (မှန်လှပါ)။

(ကြည့်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဒီအာသဝတွေ ဘယ်နှယ် နေသတုံး....(ကုန်သွားပါတယ်ဘုရား) ကုန်သွားတယ်။

ဒါဖြင့် အာသဝေါတရား အကြောင်းတွေကုန်တော့ အာသဝေါတရား၏ ကုန်ရာဌာနဖြစ်တဲ့ နိဗ္ဗာန်ဆိုတာ ပေါ်-မပေါ်.... (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် လုပ်မှ ပေါ်မှာ....(လုပ်မှပေါ်မှာပါဘုရား) မလုပ်ယင်....(မပေါ်ပါဘူး) မလုပ်ယင် သူမကုန်ဘူး သူ မကုန်လို့ ရှိယင် ဇာတိ ဇရာ မရဏ ထပ်ပေါ်မယ် (မှန်လှပါ) မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဇာတိ ဇရာ မရဏ ချုပ်ရာဟာ ဘာပါလိမ့်မယ်.... (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဟာ အာသဝေါတရား၏ ကုန်ရာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) (နိဗ္ဗာန်ဟာ ဘယ်နှယ်ဆိုကြမယ် (အာသဝေါတရား၏ ကုန်ရာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ အာသဝေါတရား လုပ်ထားတာကို ဖြစ်ပျက်ရှုမှ သာသနာတွင်း မျက်လုံး ပေါ်မယ်.... (မှန်လှပါဘုရား)၊ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

သာသနာပ လုပ်ထားတဲ့ ဒုက္ခသစ္စာကို သာသနာတွင်း မျက်လုံးနဲ့ ကြည့်လိုက်တော့မှ ဒုက္ခသစ္စာကိုးလို့ သိမယ်.... (မှန်လှပါဘုရား) မသိဘူးလား....(သိပါတယ်ဘုရား) သာသနာပ အာသဝကာ လုပ်ထားတာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာကို သာသနာတွင်း မျက်လုံး ထည့်ကြည့်....(မှန်လှပါဘုရား) ထည့်ကြည့်လိုက်တော့ ဘာ-လာဖြစ်လာသတုံး (မဂ္ဂသစ္စာ ဖြစ်ပါတယ်)။

မဂ္ဂသစ္စာ ဖြစ်လာတော့ အမှန်မြင်တာကိုးဗျ (မှန်လှပါ)မဂ္ဂက နိဗ္ဗာန်ရောက်ကြောင်း၊ သစ္စာ-က မှန်တာ၊ လိုရင်းတော့ သမ္မာဒိဋ္ဌိနဲ့ ကြည့်တာဘဲ (မှန်ပါ့)၊ သမ္မာ-က မှန်ကန်တာ၊ဒိဋ္ဌိက-မြင်တာ၊ အမှန်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဒါတွေက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒီ အမှန်မျက်လုံးက.... (မဂ္ဂသစ္စာပါဘုရား)။

ဒီ အမှန်မျက်လုံးမြင်ကတည်းက နောက်က မဆက်နိုင်တာတွေက ဘာတွေတုံး(အာသဝကုန်တာပါ)အာသဝကုန်တာ၊ကုန်ခြင်းကြောင့် ကျုပ်တို့ ရမှာက ဘာတုံး....(နိဗ္ဗာန်ပါဘုရား) ကုန်ရာဌာန နိဗ္ဗာန်မရပေဘူးလား.... (ရပါတယ်)။

သြော်.... ဒါဖြင့်လဲ ဝိပဿနာသည် တကာ တကာမတို့ အာသဝေါကုန်ရာမှာဖြင့် အနိုးဆုံးဘဲ(မှန်လှပါဘုရား)ပေါ်ကြပလား.... (ပေါ်ပါပြီ) ဝိပဿနာသည်.... (အာသဝေါကုန်ရာ နိဗ္ဗာန်အနိုးဆုံး)အာသဝေါတရားကုန်ရာ နိဗ္ဗာန်ရောက်ဘို့ဖြင့်.... (အနိုးဆုံးပါဘုရား) အနိုးဆုံးဘဲဆိုတာ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် လမ်းကွေ့သွားချင်သလား....ဖြောင့်ဖြောင့် ခပ်နီးနီး နဲ့ဘဲ သွားချင်သလားလို့ မေးယင်ဖြင့် တကာ တကာမတွေ ကတော့လူပါးတွေ ဖြစ်နေတော့ အမြန်ရောက် ကြိုက်တာပါဘဲ။

လာတော့ လာမှာဘဲ ဦးခင်မောင်ကြီးလဲ (မှန်လှပါဘုရား) မလာပေဘူးလား.... (လာပါတယ်ဘုရား)။

သို့သော်လဲ အမြန်သာရောက်အောင် ကြိုက်တယ်သာ ဆိုတာပါ၊ တကာ တကာမတွေက ကွေ့ကွေ့ သွားနေတယ် (မှန်ပါ့)။

ဘာဖြစ်လို့ ကွေ့သွားနေသတုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် သားရေး သမီးရေး စီးပွားရေးက ခြားခြားသွားတယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) သားရေး သမီးရေး စီးပွားရေးက....(ခြားခြားထားပါတယ်ဘုရား)။

ခြားခြားထားတော့ ဒီဝိပဿနာအလုပ် မဂ်ကလေးလုပ်ဘို့ရာ ကလေးက အင်း.... သားရေး သမီးရေး စီးပွားရေးပြီးမှဘဲ ဒါကလေး ညအိပ်ရာဝင်ကာနီးမှ နံနက်စောစောနိုးမှ ထ-လုပ်တော့မယ်၊ ဒီ အဓိပ္ပါယ်က မပါဘူးလား.... (ပါ့-ပါတယ်ဘုရား)။

အဲဒီတော့ သားရေး သမီးရေး စီးပွားရေး တည်းဟူသော တောင်ကြီးတွေ ကွေ့ကွေ့ပြီးတော့မှ ရှုတယ်(မှန်လှပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဟာ.... တိုက်ရိုက် ရှုလိုက်ပါလား.... မဟုတ်ဘူးဘုရာ့ ဒီတောင်ကြီးတော့ ကွေ့ပါရစေဦးဆိုတော့....အတော်ခက်နေတာ တကာ တကာမတို့ အဖြောင့်ရောက်မှာ သိပ်စိုးရိမ်ကြတယ်နော် (မှန်လှပါ) ဘာစိုးရိမ်ကြပါလိမ့်.... (အဖြောင့်ရောက်မှာ စိုးရိမ်ပါတယ်)။

အဖြောင့်ရောက်မှာကို သိပ်စိုးရိမ်တယ်၊ ကွေ့ပြီးသကာလ အမောဆိုက်ပြီးမှ ရောက်ချင်တဲ့စိတ်ဟာလဲ တော်တော်ခက်သေးတယ်ဆိုတဲ့ အဓိပ္ပါယ် မရဘူးလား.... (ရပါတယ်ဘုရား)။

ခွေးအိပ်မယ်ကြံတဲ့ အခါကျတော့ ဦးခင်မောင်.... ဘယ်လို မျိုးနေသလဲ၊ လှည့်မျိုး နေလုံးသေးတယ်၊ အပလုံးယင် ပြီးတော့မှာ မဟုတ်လား....(မှန်ပါ့) ဘာဖြစ်လို့ လှည့်နေတုံး.... ခွေးထုံးစံရှိလို့ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ခွေးအိပ်မယ်ကြံတော့ ဘယ်နှယ်နေသတုံး.... (လှည့်နေပါတယ်ဘုရား)လှည့်နေတော့ သူ့မှာ ဘာထူးသေးသတုံး....(ဘာမှမထူးပါဘူးဘုရား)မထူးဘူး အိပ်တာ နောက်ကျတာဘဲ ရှိတာဘဲ (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဦးခင်မောင်....ခွေးအိပ်မယ်ကြံတော့ ဘယ်နှယ်တဲ့.... (လှည့်ပါတယ်ဘုရား) လှည့်တဲ့အတွက် အိပ်ရာခင်းတာလားဗျ၊ ထုံးစံဘဲလား.... အိပ်ရာခင်းတာလား သူ့ဟာက....(ထုံးစံပါဘုရား) ခွေးထုံးစံ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အေး.... ဒါဖြင့် တကာ တကာမတွေ့ သားရေး သမီးရေး စီးပွားရေးပြီးမှဘဲ အို နာ သေဘေး ဒုက္ခငြိမ်းတဲ့နိဗ္ဗာန် ရောက် အောင်လုပ်ပါတော့မယ်ဆိုတဲ့ဥစ္စာ ကွေ့ပြီးသကာလ သွားနေတယ်၊ အမြန်ရောက်မှာ စိုးလွန်းလို့ အိပ်မည့်ဥစ္စာ အိပ်လိုက်ယင် ပြီးတော့မယ် ကွေ့နေရသေးတယ်ဆိုတော့ ခွေးထုံးစံ မစွန့်ချင်လို့ဆိုတဲ့ အဓိပ္ပါယ်ရောက်နေတယ်၊မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါ ခင်ဗျားတို့ နာအောင် ပြောတယ်လို့တော့ မအောက်မေ့ပါနဲ့....တဲ့၊ဖြစ်စဉ်ကိုက်တယ်လို့သာ မှတ်ပါ(မှန်ပါ့ဘုရား)

ရိပ်မိပလား (မှန်ပါ့ဘုရား) နာအောင် ပြောတာလား....ဖြစ်စဉ် ကိုက်တာလား....(ဖြစ်စဉ်ကိုက်တာပါဘုရား)။

အေး....ဘုန်းကြီးကလဲ နာအောင်မပြောတတ်ပါဘူး၊ဖြစ်စဉ် ကိုက်သာ ပြောတာလို့ ဒီ အတိုင်း မှတ်ထားရမယ် (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ကဲ.... ဒါဖြင့် တကာ တကာမတို့ ယနေ့တရားမှာ အင်မတန် အဘိုးတန်တော့တယ်ဆိုတာ ဦးခင်မောင်.... သေသေချာချာ မှတ်နော်....(မှန်လှပါဘုရား) ရှေ့ပိုင်းက ရှုစရာဟူသ၍ အာသဝ လုပ်ထားတာချည်းမှတ် (မှန်လှပါဘုရား) ရှေ့ပိုင်းက ရှုစရာဟူသ၍.... (အာသဝလုပ်ထားတ့ာချည်းပါဘုရား)။

အဲ-အာသဝ လုပ်ထားတဲ့အတိုင်းသာ ခင်ဗျားတို့က နေတော့ မယ်ဆိုယင် အာသဝတွေဘဲ ထပ်လာမှာဘဲ၊ ဉာဏ်မဝင်ယင်လေ (မှန်လှပါ)။

အာသဝ လုပ်ထားတဲ့အတိုင်း ကျေနပ်နေမယ်ဆိုတော့တကာ တကာမတွေက် ကိုယ့်တိုက် ကိုယ့်ကားကလေးနဲ့ ကိုယ်စားလို့ ကောင်းတာကလေး ကျေနပ်နေမယ်ဆိုတော့.... ဝေဒနာ တဏှာ ဥပါဒါန် က် ဇာတိ ဇရာမရဏ။

ဒါ ကိုယ်ကျေနပ်မှုကတော့ အရင်လဲ ဒုက္ခနဲ့ နေခဲ့ရတယ် (မှန်ပါ့) နောက် ဒုက္ခဖြစ်ကြောင်းလဲ ကြိုးစားတယ် (မှန်ပါ့) ဒါ ကိုယ့်ဟာကိုယ် သွားနေယင်တော့ ဒီအတိုင်း သွားမှာဘဲ (မှန်လှပါဘုရား)။

ဘုရားကလဲမပွင့်၊ ဆရာကောင်းနဲ့ကလဲ မတွေ့တော့ဘူးဆိုယင် တကာ တကာမတို့ အာသဝလုပ်ထားတာကို နောက်ဟာက

သာယာတယ်၊ မသာယာဘူးလား.... (သာယာပါတယ်ဘုရား) သာယာတော့ နောက် အာသဝ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

နောက် အာသဝ မဖြစ်တဲ့အခါကျတော့ နောက်-ဇာတိ ဇရာ မရဏတွေကော လာရမှာလား၊ မလာရတော့ဘူးလား.... (လာရမှာပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ယနေ့ တလုံးတိုးပေးလိုက်တာကလေး ရိပ်မိရဲ့လား.... (မှန်ပါဘုရား) ရှုရမည့်တရားဟူသမျှ ဘယ်သူ လုပ်ထားတာတုံး....(အာသဝလုပ်ထားတာပါဘုရား)။

သူဘဲ လုပ်သမျှလဲ ဘာသစ္စာတွေ့ လုပ်သတုံး.... (ဒုက္ခသစ္စာတွေ့ပါဘုရား) သူလုပ်သမျှဟာ ဒုက္ခသစ္စာချည်း မှတ်လိုက်စမ်းပါ (မှန်ပါ့) သူလုပ်သမျှဟာ ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်၊ ဒီပြင် ဘာများလာသေးသတုံး....(မလာပါဘုရား)။

အဲဒါကို သာသနာတွင်းမျက်လုံး တပ်ကြည့်(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) ဘာ-တပ်ကြည့်ရမယ်.... (သာသနာတွင်း မျက်လုံး တပ်ကြည့်ရမယ်)။

သာသနာတွင်းမျက်လုံးနဲ့ တပ်ကြည့်တော့ ဒီ အာသဝလုပ်ထားတာ မြင်သဖြင့် ဒီ အာသဝကုန်တာကို ကျေနပ်တယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒီ အာသဝလုပ်ထားတာ မြင်သဖြင့် နောက် အာသဝကုန်တာကို.... (ကျေနပ်တယ်)။

အဲဒီ ကျေကျေ နပ်နပ်နဲ့ ဆုတောင်းယင် ဘုန်းကြီးက ကြိုက်ပါတယ်၊ ဘုန်းကြီးတို့ တကာ တကာမတွေက မဟုတ်ဘူး ရမ်းသာ ရွတ်နေတာတော့ မကြိုက်ဘူး (မှန်ပါ့)။

သို့ရာတွင် ရမ်းသာ ရှုတ်နေကြတာကမျှားတယ် (မှန်ပါ့) ဣဒံ မေ ပုညံ....(အာသဝက္ခယံ ဝဟံ ဟောတု) နှုတ်တက်ကျေနေပါကလား.... ခင်ဗျားတို့ဟာ ရတာ ရှုတ်တာကို၊ ကျေတာပေါ့.... ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ရတာရှုတ်တော့ ကျေတာပေါ့။ ကိုယ့်အာသဝတွေလုပ်ထားတာ မကောင်းမှန်း သိတော့မှ ဒီတော့မှ အာသဝကုန်စေချင်မှ အမှန်ရောက်ပါတယ် (မှန်လှပါ ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒီ ရှေ့ပိုင်းက ခန္ဓာကြီးဟာ ဘယ်သူလုပ်ထားတာတုံး.... (အာသဝ လုပ်ထားတာပါ) အဲဒီ အာသဝ လုပ်ထားတာ မကောင်းမှန်းသိတဲ့ဥာဏ်လာတော့မှ တကာတကာမတို့ နဲ့ဝက် အာသဝ ကုန်စေချင်တယ် (မှန်ပါ့)။

နို့မို့လို့ရှိယင် ရိုးရာတောင်းတဲ့ဆု (မှန်ပါ့) တကယ် လို ချင်လို့တောင်းတဲ့ အဓိပ္ပါယ်ရောက်ပါရဲ့လား.... (မရောက်ပါဘူး) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ တကယ်လိုချင်လို့ တောင်းပါသလားဆိုတဲ့ အခါကျတော့ ဘယ်သူဖြစ်ဖြစ် တကယ်လိုချင်မှန်း သိတော့ ပေးကြပါတယ် နော်.... (မှန်ပါ့)

တကယ် မလိုချင်ဘဲနဲ့ အလကား တောင်းနေတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးကျတော့ ပေးတဲ့လူကလဲ ပေးချင်မလား....(မပေးချင်ပါဘူး) တောင်းတဲ့ပုဂ္ဂိုလ်ကလဲ တကယ်လိုချင်လို့ တောင်းနည်း၊ ထုံးစံတောင်းနည်း နှစ်မျိုးမရှိဘူးလား.... (ရှိပါတယ် ဘုရား)။

အဲ့....တကယ်လိုချင်လို့ တောင်းတဲ့ ပုဂ္ဂိုလ်ဟာတော့ ဟောဒါတွေ့ ဖြစ်ပျက်မြင်ပြီး တောင်းတဲ့ပုဂ္ဂိုလ်မှ အဘိုးတန်တယ် (မှန်လှပါဘုရား) သေချာပလား.... (သေချာပါပြီ) ဒီဖြစ်ပျက်မြင်တော့ သူက ဘယ်သူလဲပ်ထားတာတုံး.... အာသဝ လုပ်ထားတာပါဘုရား)။

အာသဝလုပ်ထားတာကို ရှေးကတော့ အကောင်းထင်တယ် အခု သာသနာတွင်း မျက်လုံးတပ်ကြည့်တော့ ဘယ်နှယ် ဖြစ်သွားသတုံး.... (မကောင်းပါဘူးဘုရား)။

မကောင်းဖြစ်သွားတော့ကို မကောင်း ဖြစ်သွားတဲ့အခါကျတော့ မကောင်းမှန်းသိတော့ သိသည်နဲ့ တပြိုင်နက်တည်း အာသဝကုန်တာဘဲ၊ မကုန်ဘူးလား.... (ကုန်ပါတယ်ဘုရား)။

သိယင် ဘယ်နှယ် ဆိုကြမယ်.... (အာသဝ ကုန်ပါတယ်ဘုရား)။

ဒါဖြင့် ဒီအာသဝေါတရားဆိုတဲ့ အကြောင်း ကုန်တော့ အာသဝေါတရား၏ကုန်ခြင်းကြောင့်ဖြစ်သောအကျိုးဆိုတဲ့နိဗ္ဗာန်ဟာ ကျုပ်တို့သည် မလိုချင်ပါဘူး ဆိုငြားသော်လဲ ရ-ရမယ် (ရ-ရပါမယ်ဘုရား) မရပေဘူးလား.... (ရပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတို့ အားမလျှော့နဲ့ ဝိပဿနာ ကြိုးစားလုပ်ကြပါ (မှန်လှပါဘုရား)။

ဒီနေ့ ဒီတလုံး ပေးသေးတာ ခင်ဗျားတို့.... ဦးခင်မောင်လေးလေးနက်နက် မှတ်မိရဲ့လား.... (မှတ်မိပါတယ်ဘုရား)။ အချုခံဟူသ၍ ဘယ်သူလုပ်ထားတာတုံး....(အာသဝလုပ်ထားပါတယ်ဘုရား)။

အဲဒီ အာသဝလုပ်ထားတာသိမှ အာသဝေါတရားကုန်ချင်တဲ့ သဘောက ခင်ဗျားတို့ ဉာဏ်ထဲမှာ သက်ရောက်ပါတယ် (မှန်လှပါ)နို့မို့ယင်....(မသက်ရောက်ပါဘူးဘုရား)နို့မို့လို့ရှိယင် မိဘရိုးရာသာ တောင်းနေတယ်လို့မှတ်ပါ။ (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အင်မတန် အားခဲပြီး ခင်ဗျားတို့ကလဲ လာလို့ ဒီက တနေ့တလုံးတည်း တိုးပေးတယ် ဆိုတာ ဦးခင်မောင်....ဒီတလုံးကလဲ သံသရာမှာ ဒုက္ခသိမ်းမည့်တလုံး.... (မှန်ပါ့)။

တလုံးတည်း တိုးပေးတယ် ဆိုပေမဲ့ ယူနိုင်အောင် ဘုန်းကြီးက တနေ့တလုံးလောက် တိုးပေးတာဘဲ၊ အဲဒီ တလုံးလောက် တောင်မှ မိုးလင်းကျန်ချင်မှကျန်တာ ခင်ဗျားတို့ကလဲ ခက်လိုက်တာ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒီတလုံးပေးတာ တလုံး ဖျောက်ပစ်တယ်ဆိုယင် ဘယ့်နှယ်လုပ်မလဲ တကာတကာမတို့ များများဆိုလို့ရှိယင်လဲလုံးဝမသိမ်းဆည်းနိုင်တဲ့ အဓိပ္ပါယ် မရောက်ပေဘူးလား.... (ရောက်ပါတယ် ဘုရား)။

ကိုင်းဒါဖြင့် ဒီနေ့ဘာကို ဝိပဿနာ ရှုရမှာတုံး မေးယင် တရားတပဲ့လုံး ဘယ့်နှယ်ဖြေကြမယ်.... (အာသဝကို ရှုရပါမယ် ဘုရား) အာသဝေါတရား လုပ်ထားတာကို ရှု(မှန်လှပါဘုရား) ရှေးက အာသဝေါတရားက လုပ်ထားတာကိုရှုပါ (မှန်ပါ့)။

ဘယ်သူတုံး မေးတော့ ခန္ဓာကိုယ်– တကိုယ်လုံးဟာ အာသဝကလုပ်ထားတာ (မှန်ပါ့ဘုရား)ပေါ်ပလား.... (ပေါ်ပါပြီ) ခန္ဓာကိုယ် တကိုယ်လုံးဟာ (အာသဝက လုပ်ထားတာပါဘုရား) အကောင်းပါရဲ့လား.... (မပါ-ပါဘူး)။

ပါတယ်– မပါတယ်ဆိုတာတော့ တခါမှေစကြာနဲ့ ညှိလိုက် "သံခိတ္တေန ပဉ္ဇုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ"....တဲ့ (မှန်ပါ့) ခင်ဗျားတို့ ခန္ဓာငါးပါးဟာ ဘာသစ္စာတဲ့တုံး.... (ဒုက္ခသစ္စာပါ ဘုရား) ဘယ်သူက လုပ်ထားတာ ဆိုတာ သေချာပြီနော်.... (သေချာပါပြီ) အာသဝက လုပ်ထားတာ (မှန်ပါ့)။

အဲဒီတော့ ဒီအာသဝေါတရား ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို ရလိုရောက်လိုပါ၏ ဆိုပြီး ဆုတောင်း နေ တာသည် တကာတကာမတို့ ယူပစ်သလို.... ကုန်လို့ ရရဲ့လား....(မရပါဘူး) ခင်ဗျားတို့ တခါတည်း....တဲ့ ယူပစ်လိုက်သလို....။ ဥပမာ ကိုယ့် မျက်ဝတ်ကလေး ထွက်နေတယ်။နှပ်ကလေးထွက်နေတယ် ယူပစ် လိုက်သလို ကုန်တာမျိုးမဟုတ်ဘူး (မှန်လှပါဘုရား)။

ဒီလိုကုန်တဲ့ အကုန်မျိုး မဟုတ်ဘူး (မှန်ပါ့) သူ့ ကုန် ကြောင်းလုပ်မှ ဘာတုံး.... (ကုန်ပါတယ်ဘုရား)။

သူ့ ကုန်ကြောင်းက အာသဝေါတရား ကုန်ကြောင်းကလဲ မဂ်ဘဲရှိတယ် (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) အာသဝေါတရား ကုန်ကြောင်းကလဲ.... (မဂ်ဘဲ ရှိပါတယ်) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့် အညစ် အကြေး ဆိုတာ အာသဝေါတရား (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ကိုယ့်အညစ်အကြေး ကိုယ်ရေဆေးရတာများ ခင်ဗျားတို့ ရေ နည်းနည်းနဲ့ ဆေးရတာတော်မလား.... ဖေါဖေါသီသီဆေးရတာ တော်မလား.... (ဖေါဖေါသီသီဆေးရတာတော်ပါတယ်ဘုရား)

ဟုတ်ကဲ့လား.... စဉ်းစားပါဦး။ စဉ်းစားပြော တော်တော် ကြာ မိနေလိမ့်ဦးမယ်.... စဉ်းစားလဲ့ ပြောကြပါ့ တကာတကာမ

တို့.... ဖေါဖေါ သီသီ ဆေးပါမယ် ဆိုလို့ ရှိယင် များများ ရှုရမှာပြောတာ သူ့ဟာ.... (မှန်ပါ့ဘုရား) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား) ဖေါဖေါ သီသီဆေး ဆိုယင် ဘာတုံး.... (များများရှုရမှာပါဘုရား)။

အဲ.... အဲဒါကျတော့ မတတ်နိုင်ဘူးဆိုတော့ ရေနည်းနည်းနဲ့ ဆေးယင်တော့ ချေးကျန်မှာပါဘဲ၊ (မှန်ပါ့ဘုရား) မကျန်ပေဘူးလား.... (ကျန်ပါတယ်ဘုရား)။

အဲဒါကြောင့် ဖေါဖေါ သီသီ လုပ်ပါဆိုတာ မသေခင်ကလေး လုပ်ရတာနော်.... (မှန်ပါ့ဘုရား)။

ဒီဥစ္စာ သေယင် ခင်ဗျားတို့ အမိဝမ်းခေါင်းထဲမှာ လူပြန်ဖြစ်တယ်ဆိုယင် ကိုးလခွဲဆိုယင် ဘုန်းကြီးတရားတွေ အကုန်မေ့တယ်၊ (မှန်ပါ့ဘုရား) မမေ့ပေ ဘူးလား.... (မေ့ပါတယ်ဘုရား) မေ့သည်နဲ့ တပြိုင်နက်တည်း အရင်းဆုံးမယ်(မှန်ပါ့)။

ငရဲရောက်သွားတော့ သွားပြီ၊ ဘာမှကို ဒါတွေ့မတွေ့နိုင်တော့ဘူး၊ တကာတကာမတို့ အရင်းဆုံးတာ ခန္ဓာနဲ့ ဆပ်နေရဲတာနဲ့ ဦးခင်မောင် အရင်းဆုံးနေတာဘဲ၊(မှန်လှပါဘုရား) မောင်ကိုတို့ သဘောကျပလား ဟေ့.... (မှန်ပါ့ ကျပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ အာသဝေါတရားကို မင်္ဂနဲ့ ကြည့်ပါ၊ အာသဝေါတရား လုပ်ထားတဲ့အလုံပ်ကို မင်္ဂနဲ့ ကြည့်ပါလို့ ဆိုတာကော ယနေ့ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ကိုင်း.... ခင်ဗျားတို့ကို ရိုက်ထားတဲ့ ပုဂ္ဂိုလ်ဟာ ကျောမှာ အစင်းကြီး အမာရွတ်ကြီး ကျန်နေရစ်သေးတယ်။

အဲဒီ အမာရွတ်ကြီး ကျန်နေတာကို အဲဒီ အမာရွတ်ကြီး မြင်တိုင်း- မြင်တိုင်း ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီပုဂ္ဂိုလ်ကို ခင်ဗျားတို့ အမြဲတမ်း စိတ်ဆိုးမှာဘဲ၊ (မှန်လှပါ) မဆိုးပေဘူးလား.... (ဆိုးပါတယ်ဘုရား)။

ဘာဖြစ်လို့ ဆိုးရတာတုံး.... ကိုယ့်ဒဏ်ရာကြီးက အမာရွတ်တွေက ကျန်နေလို့ (မှန်ပါ့ဘုရား) မကျန်ရစ်ဘူးလား....တကာ တကာမတို့.... (ကျန်ရစ်ပါတယ်ဘုရား)။

ကျန်ရစ်တဲ့အခါကျတော့ ရိုက်တဲ့ပုဂ္ဂိုလ်ကို ဘယ့်နှယ် စိတ်ကူးကြမယ်.... (စိတ်ဆိုးပါတယ်) ဒီလူကို မြင်တိုင်း- မြင်တိုင်း စိတ်ဆိုးမယ်ဆိုတာ မသေချာ ဘူးလား.... (သေချာ ပါတယ်ဘုရား)။

ဒီမှာလဲ ခန္ဓာကိုယ် ကြပ်ကြပ်ကြည့်ပါ။ အာသဝေါတရားကို စိတ်ဆိုးပါလိမ့်မယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ခန္ဓာကိုယ် ကြပ်ကြပ်ကြည့်လိုက်ယင်.... (အာသဝေါတရားကို စိတ်ဆိုးပါတယ်) အာသဝေါတရားကို စိတ်ဆိုးပါလိမ့်မယ်လို့ ခန္ဓာကိုယ် ကြပ်ကြပ်ကြည့်ပါ ဆိုတော့ ဝိပဿနာနဲ့ကြည့် (မှန်ပါ့)။

အဲဒီတော့ ခန္ဓာကိုယ် ကြပ်ကြပ်ကြည့်လို့ ကြည့်လေ အာသဝေါတရားက ကုန်လွယ်လေဘဲ (မှန်ပါ့ဘုရား) ပေါင်းချင်သေးရဲ့လား.... (မပေါင်းချင်ပါဘူးဘုရား)။

မပေါင်းချင်တဲ့သဘောသည်၊ မလိုချင်တဲ့သဘော၊ မလိုချင်တာသည် အာသဝေါတရားကုန်တာ (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့က ဒဏ်ရာကလေး ကြည့်ရမှာ ပျင်းသလား.... (မပျင်းပါဘူးဘုရား) ဒါ-ဘယ်သူလုပ်ထားတဲ့ ဒဏ်ရာပါလိမ့်.... (အာသဝလုပ်ထားတဲ့ ဒဏ်ရာပါဘုရား)။

အာသဝေါတရား လုပ်ထားတဲ့ ဒဏ်ရာသည် ခင်ဗျားတို့မျက်စိမဲ့တယ်၊ ခါးကိုင်းတယ်၊ နားထိုင်းတယ်၊ သားဆိုး သမီးဆိုး နှိပ်စက်ခံရတယ်၊ ရေ-မီး-မင်း-ခိုးသူ- မချစ်မနှစ်သက်သော သူတို့က ခင်ဗျားတို့ကို နှိပ်စက်နေတယ်။

အဲဒီ နှိပ်စက်ခံရတာ ဘယ်သူ လုပ်ထားတာတုံး.... (အာသဝေါတရား လုပ်ထားတာပါဘုရား)။

အဲဒါကို ခင်ဗျားတို့က ပြုံးပြီးတော့များ ဩဩ....ကံမကောင်း အကြောင်းမသင့်လို့ ခံရလေခြင်းလို့ ဆိုမလား.... အာသဝေါတရားများ ထိအောင် ပြောကြစမ်းပါဦး (မှန်ပါဘုရား)။

ဒီကံကို မချပါနဲ့ ကံပေါ်မှာ ဘယ်သူအုပ်ချုပ်နေသတုံး.... (တဏှာ ဥပါဒါန် အုပ်ချုပ်နေပါတယ်ဘုရား) ဒါ-အာသဝကလုပ်ထား၊ (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဘယ်သူကလုပ်တာပါလိမ့်.... (အာသဝက လုပ်တာပါဘုရား)။

မယုံလို့ ရှိယင် ခင်ဗျားတို့သွားကြည့်၊ ခင်ဗျားတို့ "အနေကဇာတိ သံသာရံ" ဘုရား အနေကဇာတင်တဲ့အခါ သံဃာတော်ပင့်တင်ပြီး မရွတ်ကြဘူးလား.... (ရွတ်ပါတယ်ဘုရား)။

ရွက်တဲ့အခါကျတော့.... ဟော....တဏှာယောကျ်ားလက်သမား.... မင်း....ခန္ဓာအိမ်ဆောက်ရတော့မယ်လို့ မအောက်မေ့

နဲ့—ဆိုတော့ ကံပြောသလား.... တဏှာ ယောကျ်ား လက်သ
မ်ားကို ပြောနေသလား.... (တဏှာ ယောကျ်ား လက်သမားကို
ပြောပါတယ်ဘုရား)။

ဒါ— အာသဝေပြောနေတာ (မှန်ပါ့ဘုရား) ရိပ်မိပလား....
(ရိပ်မိပါပြီ) ကံ ပြောတာလား.... အာသဝ ပြောနေတာလား
(အာသဝေ ပြောနေတာပါဘုရား)။

အဲ— ဘဝများစွာ သံသရာပတ်လုံး ခန္ဓာအိမ်တွေ့ ဆောက်
ခဲ့တာ မင်းချည်းဘဲတဲ့၊ တဏှာ ယောက်ျား လက်သမားကို
(မှန်ပါ့)။

ဒီတခါ မင်း- ခန္ဓာအိမ် ဆောက်ရလိမ့်မယ်လို့ မအောက်
မေ့နဲ့တော့ဆိုတော့ ငါ—အာသဝေါ ကုန်ပြီလို့ ပြောတာ....
(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် တကာတကာမတို့....အာသဝေါကုန်ချင်ယင် မဂ် အ
လုပ် လုပ်ရလိမ့်မယ်ဆိုတာကော လေးလေးနက်နက် သဘောကျ
ပလား.... (ကျပါပြီဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် ဒီဥစ္စာရေ့ပိုင်းမှာ တကာတကာမတို့ ဒိဋ္ဌိကော ပြုတ်
ပါရဲ့လား.... (ပြုတ်ပါတယ်ဘုရား) အာသဝေါတရား လုပ်
ထားတာက ဘာသစ္စာ လုပ်ထားတာတုံး.... (ဒုက္ခသစ္စာ လုပ်
ထားတာပါဘုရား)။

အင်း.... ဖြစ်တာကလေးလဲ ဘာသစ္စာ.... (ဒုက္ခသစ္စာပါ
ဘုရား) ပျက်တာကလေးကော (ဒုက္ခသစ္စာပါဘုရား)။

အဲ.... ဒီဌီက ပြုတ်နေပြီ။ အာသဝေါတရားက လုပ်ထားတာလို့ သိနေသဖြင့် အင်း....ဖြစ်တာလဲ ဒုက္ခသစ္စာ၊ ပျက်တာလဲဒုက္ခသစ္စာ၊ ဒီထဲတန်းဖြစ်လာယင် အတူတူဘဲသွားမယ်ဆိုတာ မသေချာကြဘူးလား.... (သေချာပါတယ်ဘုရား)

အဲဒီလိုသိပြီးသဿတ ဥစ္ဆေဒတွေ့ တကာတကာမတို့ ဒီပဋိစ္စသမုပ္ပါဒ်ထဲ ဝင်နိုင်သေးရဲ့လား.... (မဝင်နိုင်ပါဘူး ဘုရား) မဝင်နိုင်တဲ့အချိန်ကျတော့မှဝိပဿနာရှုပါလို့ဆိုတာဟာ ဗလဝ ဝိပဿနာဖြစ်အောင်လို့.... (မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့်.... (ဗလဝ ဝိပဿနာဖြစ်အောင်လို့) ဗလဝ ဝိပဿနာ ဆိုတာ တခါတည်း မဂ် ဆိုက်တဲ့ ဝိပဿနာဖြစ်အောင်လို့.... (မှန်ပါ့ဘုရား)။

ဒုဗ္ဗလ ဝိပဿနာဆိုတာ အားနည်းတဲ့ ဝိပဿနာဟာ ဒီဌီမခွာနိုင်ဘူးတဲ့.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) အားနည်းတဲ့ ဝိပဿနာဟာ....(ဒီဌီ မခွာနိုင်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို ခင်ဗျားတို့နားမလည်ဘဲနဲ့ ရှုနေလို့ရှိယင်ဖြင့်....တဲ့ ဒီဌီ တန်းလန်းနဲ့ ရှုနေလို့ မဂ် မရနိုင်ဘူး.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်ရှိ ပဋိစ္စသမုပ္ပါဒ်ကို ခင်ဗျားတို့သဿတသဘောနဲ့ ခိုင်တယ် မြဲတယ်လို့ကော ယူသေးရဲ့လား (မယူပါဘုရား)။

ဥစ္ဆေဒသဘောနဲ့ ပြတ်တယ်လို့ကော (မယူပါဘုရား) မယူဘဲနဲ့ ရှုလို့ရှိယင် ဗလဝ ဝိပဿနာ ဖြစ်မယ်.... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဆန္ဒကို ခင်ဗျားတို့ တလုံးတိုးပေးဦးမယ်....တဲ့ ဆန္ဒသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ဦးခင်မောင်....မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား) လုပ်လျက်သားနဲ့ မောင်ကိုတို့ သူ မဂ် ရရဲ့လား....(မရပါဘူးဘုရား)။

မရဘူး၊ လုပ်လျက်သားနဲ့ မရဘူးတဲ့။ မရတဲ့ပြင် သူ့စိတ်ထဲမှာ တကာတကာမတို့ ကြောက်ခြင်း၊စွဲလမ်းခြင်းတွေတောင် ပိုပိုလာသေးတယ်။ နော်.... (မှန်ပါ့ဘုရား)။

အနတ္တလဲ ရှုလိုက်ရော.... သူ ဘယ့်နှယ် ဖြစ်လာသတုံး.... (ကြောက်ခြင်း၊ စွဲလမ်းခြင်း ဖြစ်လာပါတယ်ဘုရား) ကြောက်ခြင်း စွဲလမ်းခြင်းတွေတောင် ပိုပိုလာသေးတယ်....တဲ့။

အဒီတော့ သူ့စိတ်ထဲက အောက်မေ့တယ်တဲ့။ ဝိပဿနာ ရှုရတယ်ဆိုတဲ့ဥစ္စာ ကြောက်ခြင်း– စွဲလမ်းခြင်းပေါ်ဘို့မဟုတ်ဘူးတဲ့ သစ္စာလေးပါး ပေါ်ဘို့....တဲ့၊ သူ့ဟာသူတွေးလိုက်တယ် (မှန်လှပါဘုရား)။

ကြောက်ခြင်း လန့်ခြင်း ပေါ်ဘို့ မဟုတ်ဘူး....တဲ့ သစ္စာလေးပါး ပေါ်ဘို့တဲ့.... (မှန်ပါ့ဘုရား) အခု သူ့မှာ သစ္စာလေးပါး မပေါ်လာဘူးတဲ့.... (မပေါ်လာပါဘူးဘုရား)။

တကာ တကာမတို့.... အရှင်ဆန္ဒမှာလေ....(မှန်ပါ့) သူ့မှာ ဘာတွေ ပေါ်နေသတုံး.... (ကြောက်ခြင်း စွဲလမ်းခြင်းတွေ ပေါ်နေပါတယ်ဘုရား) ကြောက်ခြင်း၊ လန့်ခြင်း၊စွဲလမ်းခြင်း သာ ပေါ်နေတယ်တဲ့....(မှန်ပါ့) သစ္စာလေးပါးဆိုတဲ့ နိဗ္ဗာန်တွေ.... (မပေါ်ပါဘူးဘုရား) မပေါ်ဘဲ ဖြစ်နေတယ်တဲ့....။

အဲဒါ ဒီကတည်းက ဒီကိုယ်တော်တွေ ဟောတဲ့ တရားနဲ့ တော့ဖြင့် ဝိပဿနာရှုကြည့်လဲ ကြောက် လန့်တာရယ်၊ စဲလမ်း တာရယ် ဒါဘဲပေါ်တယ်။ သစ္စာလေးပါးဆိုတဲ့ နိဂြောဓသစ္စာ ကလဲ မောင်ထွန်းလှိုင်.... မပေါ်လာဘူး.... (မှန်လှုပါဘူးရှား) ဒါ အရှင်ဆန္ဒ ညည်းတာနော်.... (မှန်ပါ့ဘုရား)။

အရှင် ဆန္ဒဟာ ဘယ်လိုညည်းတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား) သူဟာ ဝိပဿနာ ရှုပါတယ်တဲ့.... တကာ တကာမတို့....။ ဝိပဿနာ ရှုပါတယ်တဲ့.... ဖြစ်ပျက် ဖြစ်ပျက် ဆိုပြီး ခင်ဗျားတို့ ရှုသလိုဘဲ ရှုပါတယ်တဲ့.... (မှန်ပါ့)။

ဖြစ်ပျက်တွေဟာ ဖြတ်ကနဲ- ဖြတ်ကနဲ ပျောက်သွားတဲ့အခါ ကျတော့ ဘာအားကိုးရပါမတုံးဆိုတဲ့ ဥစ္စာလဲ ကြောက်ခြင်း ဖြစ်သွားတယ်.... (မှန်ပါ့ဘုရား)။

ပြီးတော့ ဆွဲကိုင်ရာမရှိသလို ဖြစ်ဖြစ်သွားတော့ ဆွဲကိုင်ရာ ရှာချင်တဲ့ ဥပါဒါန်ကလဲ လာတာကိုး.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ဆွဲကိုင်ရာ မရှိလို့လဲ လန့်သွားတယ်၊ ဆွဲကိုင်ရာလဲ ရှာတယ်.... (မှန်ပါ့)။

အဲဒီတော့ ဒီကိုယ်တော်တွေ ဟောတဲ့ ခုနက ရဟန်းတွေ ဟောတဲ့ "သပ္ပေသခ်ါရာ အနိစ္စာ သပ္ပေမမ္မာ အနတ္တာ" ဆိုတဲ့ ဥစ္စာဟာ ဒီတရား အားထုတ်လို့တော့ မဖြစ်သေးပါဘူးတဲ့.... သူ စိတ်ကူးပေါ်လာတယ်၊ အရှင်ဆန္ဒ စိတ်ကူးပေါ်လာတယ်။

တကယ် အရေး ဒီကိုယ်တော်တွေ ပြောတဲ့အတိုင်း ရှုလို့ ရှိယင် သူတို့ဟောတဲ့တရား မှန်ခဲ့လို့ ရှိယင် ဒီ-ဖြစ်ပျက်တွေ ဆုံး သွားတယ် ဆိုလို့ ရှိယင်ဖြင့် ဒီဘက်က နိဗ္ဗာန် ပေါ်ဘိုဘဲ....

(မှန်ပါ့ဘုရား)သူတွေးတာလဲ လွဲရဲ့လား....(မလွဲပါဘူးဘုရား) ဖြစ်ပျက်ဆုံးသွားယင်.... (နိဗ္ဗာန်ပေါ်ဘို့ပါဘုရား)။

"ဒုက္ခဿ အန္တံ ကရိဿတိ"ကော တကာ တကာမတို့.... နော်.... (မှန်ပါ့)။

ဒုက္ခဿ= ဒုက္ခ၏။ အန္တံ= အဆုံးကို။ ကရိဿတိ=မျက်မှောက် ပြုနိုင်လတ္တံ့....သစ္ဆိကရိဿတိ = မျက်မှောက်ပြုနိုင်လတ္တံ့....ဆိုတော့ ဒုက္ခဆုံးယင် နိဗ္ဗာန် ပေါ်ရမှာကိုးဗျ.... (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)။ဒုက္ခဆုံးယင်.... (နိဗ္ဗာန်ပေါ်ရမှာပါဘုရား)။

ဖြစ်ပျက်ဒုက္ခသာ ခင်ဗျားတို့ဆုံးအောင်လိုက်၊ ဆုံးသွားယင် ဘာပေါ်ရမလဲ....(နိဗ္ဗာန် ပေါ်ရပါမယ်) အခုတော့ရှင်ဆန္ဒမှာ မပေါ်လိုက်လို့ ဖြစ်ပျက်လဲဆုံးရော အားကိုးရာမရှိဘူး၊ ဖိုကနဲ သွားတာဘဲ....တဲ့။

ခက်ပြီ၊ ဘာမှ အားကိုးစရာမရှိတော့ဘူး၊ နိဗ္ဗာန်က ပေါ်ကို မလာဘူး....(မှန်ပါ့ဘုရား) ဆွဲစရာ ကိုင်စရာ ပေါ်လာသေးရဲ့လား.... (မပေါ်လာပါဘူးဘုရား)။

ကဲ.... မောင်ထွန်းလှိုင်တို့.... မောင်ကိုတို့.... ရှုတော့ရှုတယ် ဖြစ်ပျက်လဲ ဆုံးသွားရော ဆုံးသွားငြားသော်လဲ သူ့စိတ်ထဲ ဘယ့်နှယ်ဖြစ်လာသတုံး.... (ဖိုကနဲဖြစ်လာပါတယ်)။

ဖိုကနဲ ဟိုက်ကနဲဘဲဖြစ်သွားပြီးတော့ အားကိုးရာမရှိတော့ ဘူးဆိုတာလဲ ပေါ်လာသေးတယ်တဲ့.... (မှန်လှပါဘုရား)။

အဲဒီတော့ဒီကိုယ်တော်တွေ ဟောတဲ့တရားဟာ....တဲ့ သစ္စာ မပေါ်ဘူးတဲ့.... သူ့စိတ်ထဲမှာ အကယ်၍ဆို သစ္စာလေးပါး

နိရောဓသစ္စာ ပေါ်ရမယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ပေါ်ရဲ့လား....(မပေါ်ပါဘူးဘုရား)။

အဲဒီတော့ မပေါ်တော့ သူ့စိတ်ထဲ အောက်မေ့တယ် ဦးခင်မောင်ရ.... (မှန်လှပါဘုရား)။

သြော်.... ဒီကိုယ်တော်တွေ့ ဟောတဲ့ တရားဟာဖြင့် သူ နိဗ္ဗာန်မြင်တဲ့တရား မဟုတ်ပါဘူးတဲ့.... ဒါလောက် သူ ရှုနေတာက ကြာလှပါပြီဆိုတော့ ငါ အခု သာဝတ္ထိပြည် ဇေတဝန်ကျောင်း အနားမှာဘဲ နေတယ်။ ငါ့၏မိတ်ဆွေဘယ်မျှးရှိပါလိမ့်မတုံး.... အို....ငါလို ဖွားဘက်တော် အရှင်အာနန္ဒာ ရှိသားဘဲ၊ ရှင်အာနန္ဒာ ဘယ်မှာနေပါလိမ့်မတုံးလို့ သူ စုံစမ်းတော့.... ကောသမ္ဗီပြည်မှာနေတယ်။

ဒါဖြင့် သူ့ အိပ်ရာလိပ်ကလေး ဘာကလေးပြင်ဆင်သိမ်းပြီး သကာလ ဦးခင်မောင်.... ကောသမ္ဗီပြည် ပြေးတာကိုးဗျ။ (မှန်လှပါဘုရား)ဘယ်သူ ပြေးသတုံး....(အရှင်ဆန္ဒပြေးပါတယ် ဘုရား) အရှင်ဆန္ဒ ကောသမ္ဗီပြည် ရောက်အောင် ပြေးပြီတကာ တကာမတို့.... (မှန်ပါ့)။

ရောက်အောင်ပြေးပြီးသကာလမှ အရှင်အာနန္ဒာနဲ့ သွားတွေ့တယ်၊ အရှင်ဘုရား....တပည့်တော် သာဝတ္ထိပြည်မှာ ကိုယ်တော်တွေ့ကို တရားတောင်းတယ်၊ တရားတောင်းတော့ သူတို့က.... ရုပ်တရား အနိစ္စ၊ နာမ်တရား အနိစ္စ၊ ခန္ဓာတွေ အနိစ္စ၊ ခန္ဓာတွေ အနတ္တ၊ ဒါတွေဟောလို့ တပည့်တော်ကလဲ ရှုထားတာလဲ ကြာပါပြီတဲ့၊ ဒီဟာတွေ ရှုတိုင်း ရှုတိုင်းလဲ တပည့်တော်မှာဖြင့် နိဗ္ဗာန်မရတဲ့အပြင် ကြောက်လန့်မှု စံလမ်းမှတွေသာ လာပါတယ်။

ရှုလိုက်လို့ ရှိယင်လဲ ဘာမှ နိဗ္ဗာန်လဲ တခါတည်း မပေါ်လာဘဲ ဖြစ်ပြီးသကာလနေတော့ တပည့်တော်မှာ ဒီကိုယ်တော်တွေ့ ဟောတဲ့တရားနဲ့ တော့ဖြင့် အလုပ်ခင် မဟန်သေးဘူးဆိုပြီး အရှင်ဘုရားဘဲ အားကိုးမှုနဲ့ လာခဲ့တယ်။ ဒါကြောင့် အရှင်ဘုရားက တပည့်တော်ကို သေသေချာချာ ဟောပါ။

ဟာ....ငါ့ရှင် စိတ်သာချ နေရာကျပြီတဲ့ ငါ့ရှင်ဟာ အဟုတ်ကို လိုချင်နေတာကိုး၊ ရှင်အာနန္ဒာက ဝမ်းမြောက်အောင်ပြော လိုက်တယ်(မှန်ပါ့) ဝမ်းမြောက်အောင် ပြောလိုက်တယ်၊ ငါ့ရှင် အဟုတ်လိုချင်နေတာဘဲတဲ့၊ ငါ့ရှင်ဟာ ရ-ထိုက်တဲ့ ပဋိဂ္ဂါလ်ကွ။

အင်မတန် နေရာကျနေတယ်၊ ရှင်အာနန္ဒာကလဲ အဲဒီအချိန်မှာ ရဟန္တာဖြစ်ပြီးသကာလ အင်မတန်မှ ကျေးဇူးများနေတဲ့ အချိန်မှာ သွားတွေ့တာနော်.... (မှန်ပါ့)။

အဲဒီအချိန်မှ အရှင်အာနန္ဒာက အကဲခတ်တယ်၊ တကာ တကာမတို့ အရှင်အာနန္ဒာက အရှင်ဆန္နကို အကဲခတ်လိုက်တယ် (မှန်ပါ့)။

ဒီ ပဋိဂ္ဂါလ်ဟာ ခန္ဓာပဋိစ္စသမုပ္ပါဒ်မသုံးသပ်ဘဲသာတဉ္စေဒ ခွါတဲ့အလုပ်ကို မလုပ်ဘဲနဲ့ ဝိပဿနာရှုနေလို့ ဒီဋ္ဌမပြုတ်လို့ မရတာ၊(မှန်လှုပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ)။

ကဲ.... တကာ တကာမတို့ ရှင်ဆန္နဟာ ပဋိစ္စသမုပ္ပါဒ် နားမလယ်ဘဲနဲ့ ဖြစ်ပျက်ရှုနေတာ၊သူဟာ ဖြစ်ပျက်တော့ မြင်ပါတယ်တဲ့၊ နို့ပေမဲ့ ဘာခံနေသတုံးလို့ မေးလိုက်ပါတယ် မောင်ကို.... (ဒီဋ္ဌခံနေပါတယ်ဘုရား) သဿတ ပြုတ်ရဲ့လား.... (မပြုတ်ပါဘုရား) ဥစ္ဆေဒကော.... (မပြုတ်ပါဘုရား)။

မပြုံတ်ဘဲနဲ့ ဖြစ်ပျက်အလုပ်– ဝိပဿနာအလုပ်- လုပ်နေတဲ့ အတွက်တဲ့ အားနည်းတဲ့ဝိပဿနာ ဖြစ်နေလို့ သူ ညည်းလုံး ထုတ်နေတာ၊ အပြီးသတ်တော့ သူလဲတာ (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

ဟို ကိုယ်တော်တွေ ဟောတာကတော့သဗ္ဗေသခ်ါရာဖာနိစ္စာ၊ သဗ္ဗေမွော အနတ္တာဆိုတော့ မမှန်ဘူးလားဗျာ (မှန်ပါတယ်)။

သို့သော် သူသည်ကား ဒိဋ္ဌိ ခွါပြီးသကာလ ဟိုကိုယ်တော် တွေကလဲ စောစောစီးစီးက ဒိဋ္ဌိခွါမပေးဘူးပေါ့ဗျာ၊ ခွါပေး နေလဲ သူက ဘောက်တိုက်ချင် တိုက်နေဦးမှာဗျ(မှန်ပါ့ဘုရား) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်)။

အဲဒီလို ဖြစ်ပြီးသကာလနေတဲ့ပုဂ္ဂိုလ် ဖြစ်နေတော့ ဟို ကိုယ် တော်တွေကလဲ ဒါဘဲက နိဗ္ဗာန်ရောက်ကြောင်းတရား ဒါဘဲလို့ ဒုါဘဲပြောတာဘဲ အနိစ္စနဲ့ အနတ္တာဘဲ ပြောတယ်၊ ဦးခင်မောင် အရှင်ဆန္ဒကို ဒုက္ခတောင် မဟောရဲဘူး (မှန်ပါ့ဘုရား) နဂိုရိုက ဘောက်ခံတဲ့ လူကိုးဗျ (မှန်ပါ့)။

ဒုက္ခံမျှား ဟောလိုက်မယ်ဆိုလို့ ရှိယင် သူကတောင် ပြန်ပြီး သကာလ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ အရှင်ဘုရားတို့.... အနစ္စ ဒုက္ခ အနတ္တ ရှုနေတယ်ဆုံလို့ ရှိယင် အရှင်ဘုရားတို့လ ကိုယ့် ဒုက္ခ ကိုယ်ကြည့်နေကြတာပေါ့တောင် သူက လာချင် လာဦးမှာဗျ။

အရှင်ဘုရားတို့ ဒုက္ခတွေ့ မြင်တယ်ဆိုတော့ အရှင်ဘုရားတို့ ဒုက္ခရောက်တာ သိနေတာပေါ့၊ ဒီအဓိပ္ပါယ်မျိုး သုံးချင်သုံးမယ်၊ အဲဒါကြောင့် အနိစ္စနဲ့ အနတ္တသာ ဟောကြတယ် (မှန်လှပါ)။

အဲဒီ အရှင်အာနန္ဒာ အကဲခတ်ပုံကလေးက လိုရင်းပါဘဲ (မှန်လှပါဘုရား) ဘာတုံး.... (အရှင်အာနန္ဒာ အကဲခတ်ပုံကလေးကလိုရင်းပါဘဲ)ဒီကိုယ်တော်ဟာတဲ့.... ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို မသုံးသပ်ဘဲနဲ့ သဿတ ဥစ္ဆေဒ မကွာဘဲ ဖြစ်နေတယ်၊ မသုံးသပ်တော့ကို....တဲ့ သဿတ ဥစ္ဆေဒ-က ကွာရဲ့လား(မကွာပါဘူးဘုရား)။

မကွာဘဲနဲ့ သူ အနိစ္စ အနတ္တ ရှုနေတယ် (မှန်ပါ့ဘုရား) သဘောကျရဲ့လား.... (ကျပါပြီ) မကွာဘဲနဲ့ ဘာ-ရှုနေတုံး.... (အနိစ္စ အနတ္တ ရှုနေပါတယ်)။

အဲဒီတော့ အားကြိုးတဲ့ ဝိပဿနာလား.... အားနည်းတဲ့ ဝိပဿနာလား (အားနည်းတဲ့ဝိပဿနာပါဘုရား) အားနည်းတဲ့ ဝိပဿနာက သဿတ ဥစ္ဆေဒမခွါနိုင်ပါဘူးတဲ့ (မှန်ပါ့ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီ) အားနည်းတဲ့ ဝိပဿနာက.... (သဿတ ဥစ္ဆေဒမခွါနိုင်ပါဘူးဘုရား)အဲဒါကြောင့် သူ မရတာ (မှန်ပါ့)။

အဲဒီတော့ ဒိဋ္ဌိတွေက မပြုတ်ဘဲနေတော့ ဒိဋ္ဌိဆိုတာက စွဲနေတာ၊ အခု ရှုလိုက်လို့ ပျောက်ထွက်သွားတယ်ဆို၊ ဘာ-အားကိုးရမတုံးဆိုတော့ ဒိဋ္ဌိက ဝင်ဝင်လာတာဘဲ၊ မလာဘူးလား.... (လာပါတယ်ဘုရား) ကဲ....ကိုမြရွှေတို့ ဦးဇံရင်တို့ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ရှေးဦးစွာ ဝိပဿနာ မရှုခင် ဦးခင်မောင်တို့ မောင်ထွန်းလှိုင်တို့ ဘာလုပ်ရဦးမှာတုံး (ဒိဋ္ဌိ အရင်ခွါရပါမယ်ဘုရား) ဒိဋ္ဌိ အရင်ခွါ၊ ဒိဋ္ဌိ အရင်ခွါချင်လို့ရှိယင် ခန္ဓာပဋိစ္စ

သမုပ္ပါဒ် အကြောင်းနဲ့ အကျိုး တန်းလိုက်ပါဦးတဲ့ (မှန်လှပါဘုရား) မျက်လုံးပေါက်လဲ တန်းလိုက်။

နားပေါက်ကရော ....(တန်းရပါမယ်)။

နှာခေါင်းပေါက်က....(တန်းရပါမယ်)။

လျှာပေါက်က ....(တန်းရပါမယ်)။

အကုန်တန်းပြီး ဒါတွေသည်ကားလို့ ဆိုယင် ဖြစ်လဲဖြစ်ဘယ်၊ ပျက်လဲပျက်တယ်၊ အကြောင်း အကျိုးလဲ ဆက်တယ်၊ ဒါတွေ အကုန်သိထားရမယ် (မှန်လှပါ) မသိရပေဘူးလား.... (သိရပါမယ်ဘုရား)။

အဲ.... ထိုကဲ့သို့ သိထားတဲ့အခါကျလို့ ရှိယင်ဖြင့် ခိုင်မြဲတဲ့ သဿတကော ရှိသေးရဲ့လား.... (မရှိပါဘူး) အကြောင်း အကျိုး မဆက်တဲ့ ဥစ္ဆေဒကော.... (မရှိပါဘူး) မရှိဘူး....တဲ့၊ ဖဿပစ္စယာ ဝေဒနာဆိုတော့ အကြောင်း အကျိုးက ဆက်မနေဘူးလား.... (ဆက်နေပါတယ်ဘုရား)ဖဿချုပ်တော့ ချုပ်သွားတာဘဲ၊ ဝေဒနာကို ကျေးဇူးမပြုဘူးလား.... (ပြုပါတယ်ဘုရား) သဘောပါကြရဲ့လား.... (ပါ·ပါတယ်)။

အဲဒီတော့ အကြောင်း အကျိုးဆက်တာ သိလိုက်တဲ့အခါကျတော့ဖြင့် ဥစ္ဆေဒ မလွတ်ဘူးလား.... (လွတ်ပါတယ်ဘုရား) ပျက်တာလဲ မြင်လိုက်တော့ သဿတ မလွတ်ဘူးလား.... (လွတ်ပါတယ်ဘုရား)။

ကဲ.... တကာ တကာမတို့ အကြောင်း အကျိုးဆက်တာ မြင်လိုက်ယင်....(ဥစ္ဆေဒ လွတ်ပါတယ်) ဥစ္ဆေဒ လွတ်သွားတယ် (မှန်ပါ့) ပျက်တာကလေးမြင်လိုက်ယင်....(သဿတ လွတ်သွားပါတယ်)။

သဿတ လုတ်သွားတယ်ဆိုတော့ သဿတ ဥစ္ဆေဒ လုတ်ပြီးတော့မှ— သြော်.... ဒါ ပျက်လဲပျက်တယ်၊ ဖြစ်လဲ ဖြစ်တယ်ဆိုတာ ခင်ဗျားတို့ မသိရပေဘူးလား.... (သိရပါတယ်ဘုရား)။

နို့မို့လို့ရှိယင်ဖြင့်....တဲ့ ဝိပဿနာ ရှုလိုက်လို့ရှိယင် ထိတ်သွားတာနဲ့ လန့်သွားတာနဲ့ ဘာမျှ အားကိုးရပါမတုံးဆိုတာနဲ့ သစ္စာကို မပေါ်လာဘူးတဲ့ (မှန်လှပါ)။

နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကို မပေါ်လာဘူးတဲ့.... တကာ တကာမတို့ သိပ်ကြောက်စရာကောင်းတယ် (မှန်လှပါဘုရား)။

ဒါနဲ့ အရှင်အာနန္ဒာက ကိုင်း....ဒီပုဂ္ဂိုလ်တော့ဖြင့် ပိဋကတ်သုံးပုံထဲ မေ့ရှာဦးမှပါဘဲ၊ သူ့ဟာဘို့တရား သူ သာဝတ္ထိပြည်ကပြေးလာခဲ့ပြီး ငါဆီ- ကောသမ္မီပြည် ရောက်လာပြီ၊ ဘာမျှးဟောရပါမတုံးဆိုတော့ သူ ပိဋကတ်သုံးပုံကို အကုန်ဆောင်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ ဦးခင်မောင်ရေ.... ပိဋကတ်သုံးပုံထဲ ရှာလိုက်တယ် (မှန်လှပါဘုရား)။

သဿတ ဥစ္ဆေဒ ခွါပြီးဟောတဲ့ ကစ္စာယနအန္တယ် ရဟန်းကို ဟောတဲ့တရားကို ဟောမှရမယ်လို့ ဆိုတာ ရှင်အာနန္ဒာ အကဲခတ်မိတယ် (မှန်လှပါဘုရား)။

ဒီဌိ အရင်ခွါပြီးဟောမှ ရမယ်ဆိုတာ အရှင်အာနန္ဒာက အကဲခတ်မိတယ် (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲဒီတော့တကာတကာမတို့ အရှင်အာနန္ဒာ အကဲခတ်မိတာက ဝိပဿနာရှုဘို့ကို အရင် အကဲခတ်မိသလား.... ဒိဋ္ဌိ ခွါပေးဘို့ကို အရင်အကဲခတ်မိသလား.... (ဒိဋ္ဌိခွါပေးဘို့ကို အရင် အကဲခတ်မိပါတယ်ဘုရား)။

အဲ.... ဒီဌိ ခွါပေးဘို့ကို အရင် အကဲခတ်ပြီးသကဒ်လ ဒီဌိ ခွါတဲ့သုတ် ဟောပြီးတော့မှ ဝိပဿနာ သူ ဟောလိမ့်မယ်၊ (မှန်ပါ့) ရှင်အာနန္ဒာဟောမှ သူ ရဟန္တာ ဖြစ်မယ်နော်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ကဲ.... ဒါဖြင့် ရှင်အာနန္ဒာလဲ နက်ဖြန်မှ ဟောမှာဘဲ၊ ဒီဌိလဲ့ နက်ဖြန်မှ ခွါမယ်....။

နာရီကလဲ ဈေးနေပြီ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု။

ကျေးဇူးတော်ရှင် အမရပူရမြို့ မဂ်လာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့
ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော

ကာယဝိညာဏ်ကို

ဝိပဿနာရှုနည်း တရားတော်

(၁၇-၂-၆၁)

တရားနာတယ် တရားနာတယ် ဆိုတာ တကာ တကာမတို့ အားထုတ်ဘို့ ရည်ရွယ်ချက် ထားပြီးတော့ - နာကြပါ ဆိုတာ ဘုန်းကြီးက မေတ္တာရှေ့ထားပြီး ပြောနေတယ်။

အားထုတ်မှ ရမည့်တရားကို အားထုတ်ပြီး ယူကြပါဆိုတဲ့ ဥစ္စာကို သတိပေးရပါတယ်....(မှန်ပါ့ဘုရား)။

အားမထုတ်ဘဲနဲ့တော့ဖြင့် ကိုယ့်ခန္ဓာ၏အကြောင်း ကိုယ် ကောင်းကောင်းသိမယ်မဟုတ်ပါဘူး....(မသိပါ့ဘူးဘုရား)။

အဲဒီတော့ အားထုတ်ပြီးသကာလ ကိုယ့်ခန္ဓာကို ကြည့်ကြ ပါဆိုတာ တနေ့ တခုတခု ပြောပေးတယ်....(မှန်ပါ့) ဘယ်လို ပြောပေးသလဲလို့ မေးတော့ မနေ့ကလျှာပေါက်ကို ပြောပေး လိုက်တယ်။

ယနေ့တော့ဖြင့် တ့ကာ တကာမတွေ့ ကိုယ်ပေါက်ကိုပြောရ လိမ့်မယ်။ ကိုယ်ပေါ်မှာ ပေါ်တတ်တဲ့ တရားတွေ့ကို ပြောရ လိမ့်မယ်....(မှန်ပါ့)။

တကာ တကာမတွေ့၏ ခန္ဓာကိုယ်သည် နူးနူးညံ့ညံ့ကလေး ကိုင်မိမယ်။ နူးနူးညံ့ညံ့ကလေး ခြုံမိမယ်—ရုံမိမှယ် ဆိုလို့ရှိယင် ဖြင့်တဲ့ ကိုယ်ပေါ်မှာ သုခစိတ်ကလေး ပေါ်တယ်လို့မှတ်လိုက်စမ်းပါ နော်....(မှန်ပါ့ဘုရား)။

နူးညံ့တာကလေး ခြုံမိမယ် နူးညံ့တာကလေး ကိုင်မိတယ်မိမယ်ဆိုယင် ကိုင်တဲ့-တွယ်တဲ့နေရာမှာ ခြုံ-ရုံ-ထိတဲ့နေရာမှာ သုခစိတ်ကလေး မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒါ "သုခ သဟဂတံ ကာယဝိညာဏံ"ဘဲ။ "ကာယဉ္စ ပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏ"ဆိုတဲ့ ပါဠိတော်ကတော့ ဒီအတိုင်းလာတာဘဲ....(မှန်ပါ့)။

အဲဒီလာတာ အသာထားပြီး သကာလ ဆြော်....ဒို့ နူးနူးညံ့ညံ့နဲ့ ကိုယ်ထိလိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ထိတဲ့နေရာမှာ ကောင်းစိတ် ကလေး ပေါ်တယ်။ မပေါ်ကြ ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲ....ထိတဲ့နေရာ ကောင်းစိတ်ကလေး ပေါ်တော့-ဆြော်....ဒါဟာ သုခစိတ်ပါကလားလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

တခါတလေ ကျလာပြန်တော့လဲ ဘုန်းကြီးတို့တကာတကာမတွေ့မှာ ခဲကလေး နှင်းမိတာနဲ့ အင်း... ကျောပေါ်မှာ ခဲကလေး ကျလာတာနဲ့ နေပူ လေပူကလေးက ဟတ်ပြီးသကာလ လာတာနဲ့ဆိုတော့ ကျောမှာလဲ စပ်ဖျင်းဖျင်းဆိုတော့၊ တခါတလေကျတော့ တကာ တကာမတွေ့ နေပူလေပူက ထိလိုက်တော့ ကိုယ်ပေါ်မှာ တကိုယ်လုံး ပြင်းထန်တဲ့နေရာမှာ ဒုက္ခစိတ်ကော မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတွေ့ ကိုယ်ပေါ်မှာ ဒုက္ခစိတ် သုခစိတ် တိုက်ဆိုင်သလို ပေါ်လိမ့်မယ်ဆိုတာ မှတ်ထားလိုက်တာပေါ့.... (မှန်ပါ့ဘုရား)။

အဲဒီ ဒုက္ခစိတ် သုခစိတ်က ဦးခင်မောင်ရေ....ဘယ့်နှယ် ကြောင့် ပေါ်လာပါလိမ့်မတုံးလို့ မေးတော့ တွေ့တဲ့အာရုံက ကြမ်းလို့ရှိယင် ဒုက္ခစိတ် ကိုယ်ပေါ်မှာ ပေါ်တယ်နော်....(မှန်လှပါ)တွေ့တဲ့ အာရုံကနူးညံ့ယင်(သုခစိတ်ပေါ်ပါတယ်ဘုရား) သုခစိတ်ပေါ်တယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေ့ လေးစားစ့ဲနဲ့ မှတ်ထားပါ။

အဲဒီတော့ အဲဒါကလေးသည်ကားဆိုယင်ဖြင့် စိတ်ကလေးဘဲ သုခ သဟဂုတ် ကာယဝိညာဏ်စိတ် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်လို့ ဘုရားကလဲဟောထားတယ်။ ဟောထားတာ အသာထား၊ ကိုယ့်ညာဏ်တွေ့ ဖြစ်ဘို့အရေးကြီးတယ်နော်(မှန်လှပါ)။

အဲဒီစိတ်ကလေး ပေါ်တိုင်းပေါ်တိုင်း တကာ တကာမတွေ့ ဒါ သုခစိတ်ပါကလား။ ဒါဒုက္ခစိတ်ပါကလား ဆိုတာကလေးကို ပေါ်တိုင်းပေါ်တိုင်း သတိထားပေးပါတဲ့။ စိတ္တာနုပဿနာဝိပဿနာရှုရအောင်လို့ ဤမျှလောက် သေသေချာချာပြောပြီးပေးနေရတယ်ဆိုတာ တကာသစ်တို့ ရိပ်မိပါရဲ့မယ်....(မှန်လှပါဘုရား)။

အဲဒီတော့ ဒီဟာကလေးဟာက သုခစိတ် ဒုက္ခစိတ်ဆိုတာ ဒီဘဝမှာလဲ အကြောင်းမကင်းဘူး၊ ရှေးဘဝကလဲ အကြောင်းမကင်းဘူးဆိုတာ ဦးခင်မောင်တို့ မှတ်လိုက်စမ်းပါ....(မှန်လှပါဘုရား)။

ရှေး ဘဝက အကြောင်းတော့ သူက ရှေး ဘဝက အကြောင်းတရားလဲ မကင်းဘဲနဲ့ ပေါ်ရတဲ့သုခစိတ်ကလေးနော် (မှန်ပါ) ရှေးဘဝက အကြောင်းတရား မကင်းဘဲနဲ့ ပေါ်ရတဲ့ ဒုက္ခစိတ်ကလေးဆိုတာကော သဘောကျ ကြပလား.....(ကျပါပြီ ဘုရား)။

ဒါဖြင့် ကိုယ်ပေါ်မှာ တကာ တကာမတွေက မှတ်ထားစမ်းပါ။ ယားတယ် ယံတယ်ဆိုယင်ဖြင့် ဘာစိတ်ခေါ်ကြမယ်.... (ဒုက္ခစိတ်ပါဘုရား)ဒုက္ခစိတ် ခေါ်တယ်နော်.....(မှန်ပါ့)။

ကောင်းတယ်လို့ ခံသာတဲ့ စိတ်ကလေး ပေါ်လာတော့ ဘာဆိုကြမယ်.....(သုခစိတ်ပါဘုရား)

အင်း....ကိုယ်ပေါ်မှာတော့ သုခစိတ်-ဒုက္ခစိတ်-အချိုးကျ အာရုံနဲ့ထိလို့ ထိသလိုဘဲ ပေါ်တတ် ပါတယ်ဆိုတာ တကာ တကာမတွေ မှတ်ထားလိုက်တာပေါ့....(မှန်ပါဘုရား)

အဲဒီ ပေါ်စိတ်ကလေး ပေါ်လို့ရှိယင်ဖြင့် "တိတ္ထာ သင်္ကတိ ဖသော ဆိုတဲ့အတိုင်း ဒီဟာကလေးနဲ့ ထိချင်တဲ့သဘော ခံစားချင်တဲ့ သဘော မလာဘူးလား.... (လာပါတယ်ဘုရား) ဖဿ ပစ္စယာ ဝေဒနာ.....(မှန်ပါ့)။

ခံစားချင်ပြီးသကာလ ဒီဥစ္စာကလေးကို ကြိမ်းတာဖြစ်လို့ ရှိယင် ကြိမ်းတဲ့စိတ်ကလေးပေါ်လာလို့ရှိယင် ဒီက-နေ ဒေါသ ဖြစ်ပါတယ်.....(မှန်ပါ့)ဒီက ဘာဖြစ်ပါလိမ့်-ကြိမ်းတဲ့စိတ်ကလေး မဟုတ်လား.....(မှန်ပါ့)။

ဒီမှာကြည့်-ကြိမ်းတဲ့စိတ်နဲ့ တွေ့လိုက်လို့ ဒုက္ခစိတ်ပေါ်ယင် ဦးခင်မောင်ရေ ဖဿပစ္စယာ ဓဝဒနာ။ ဝေဒနာပေါ်လာတယ်နော်.....(မှန်လှပါ)။

ကဲ....ဒါဖြင့် ဝေဒနာပစ္စယာ ဒေါသဆိုတဲ့ ဒုက္ခဝေဒနာကော မပေါ်တတ် ဘူးလား.... (ပေါ်တတ်ပါတယ်ဘုရား) ဒေါသလဲ ပေါ်တတ်တယ်....(မှန်ပါ့)။

နောက်တခါ ကောင်းတဲ့ စိတ်ကလေး ပေါ်လာမယ်။ ကိုယ်ပေါ်မှာ နူးနူးညံ့ညံ့နဲ့ တွေ့ရတဲ့ စိတ်ကလေး ပေါ်လာမယ်ဆိုလို့ ရှိယင်ဖြင့်တဲ့ လောဘ ပေါ်ပါတယ်....(မှန်ပါ့)ထိတာမှ ထိမှန်းမသိယင် ဒီနေရာမှာ မောဟ ပေါ်တယ်လို့ မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ဒီနေရာ ဘယ်နှစ်မျိုး ပေါ်နိုင်သတုံး....(သုံးမျိုး ပေါ်နိုင်ပါတယ်) လောဘလဲ ပေါ်နိုင်တယ်၊ ဒေါသကော....(ပေါ်နိုင်ပါတယ်) မောဟကော....(ပေါ်နိုင်ပါတယ်ဘုရား)။

ပေါ်နိုင်တော့ ဒီလိုယူလိုက်တာပေါ့-သြော်....ဒီနေရာ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ထွက်နိုင်တဲ့နေရာ ပါကလား ဆိုတာ တကာတကာမတွေ့ ယနေ့အထူးကလေး မှတ်ပါဦး။ နည်းနည်း-နည်းနည်း တိုးပေးသွားရတယ်နော်....(မှန်လှပါဘုရား)၊

ဒီဘက် တဘက်ခြုံထည် ရုံထည်ကလေးက နူးနူးညံ့ညံ့ ဖြစ်နေမယ်။ နွေးနွေးကလေး ဖြစ်နေမယ်ဆိုလို့ ရှိယင်ဖြင့် ထိတယ်- ခံစားတယ် သဘောကျတယ်ဆိုတဲ့ တဏှာ မလာပေဘူးလား....(လာပါတယ်ဘုရား)။

တကာသစ်-ဒီအာရုံက ထိရတာ ကိုယ်ပေါ်မှာ ကြမ်းတမ်းတဲ့ ဒုက္ခစိတ် ပေါ်မယ်ဆိုလို့ ရှိယင် ဒီက-နေ ဒေါသကော မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း....အခုနက လောဘလာပြီးပြီ၊ အခု ဒေါသလာတယ် ဒီ-ကြမ်းတမ်းတာနဲ့ ထိလိုက်တာတောင်မှ တကာ တကာမတွေ့က မသိလိုက်တဲ့အခါကော မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

မသိလိုက်တဲ့အခါကျတော့မှတ်လိုက်စမ်းပါတဲ့....မောဟတဲ့....(မှန်ပါဘုရား)မသိတာ ဘယ်လိုဆိုကြမယ်....(မောဟပါဘုရား) မောဟလို့ မှတ်ထားလိုက်စမ်းပါလို့ဆိုတာ မောင်ထွန်းလှိုင်တို့ ရုပ်မိပြီ....(ရိပ်မိပါပြီ) ဒါဖြင့် ဒီနေရာ လမ်းခဲ့ပေါ့....(မှန်ပါဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတို့ ဒီက ခြုံထည် ရုံထည်တွေနဲ့ ထိလိုက်တဲ့အခါကျတော့ ထိတဲ့အာရုံတွေက နွေးနွေးည .ည . ဖြစ်နေတော့ ဖဿ ဝေဒနာတဏှာ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒီကျတော့ ပဋိစ္စသမုပ္ပါဒ် အလယ်က စ,တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)ဘယ်က စ,သလဲ....(အလယ်က စ,ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် တဏှာ ဥပါဒါန် ကံဘက် သွားတယ်နော်....(မှန်ပါ)ဘယ်ကနေ-စ,ပါလိမ့်....(အလယ်က စ,ပါတယ်)။

ဒီ-ပဋိစ္စသမုပ္ပါဒ် ဆိုတဲ့ ဥစ္စာကလဲ တကာ တကာမတို့ သေသေချာချာပြောရမှာဖြင့် တကာ တကာမတို့သည် သံသရာဖြစ်ကြောင်း စ,တာဘဲဆိုတာ မှတ်ရလိမ့်မယ် နော်....(မှန်ပါဘုရား)။

သံသရာအစ အဝိဇ္ဇာ တဏှာက ဆိုတော့ ဒီနေရာမှာ တဏှာက စ,တာ....(မှန်ပါဘုရား)ဘာက စ,ပါလိမ့်....(တဏှာက စ,ပါတယ်ဘုရား) ကြည့်လေ-နွေးည .တဲ့ အာရုံကလေးနဲ့ ကြည့်လိုက်

တော့ ကောင်းစိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)အဲ့....“တိဏ္ဏံ သင်္ဂတိ ဖဿော”ဆိုတော့ ဖဿ မလာဘူးလား....(လာပါတယ်ဘုရား)။

ပြီးတော့ ဖဿပစ္စယာဝေဒနာဆိုတဲ့ ခံစားတတ်တဲ့ ဝေဒနာကဲ့လေး မလာဘူးလား....(လာပါတယ်ဘုရား)။ ဝေဒနာပစ္စယာ တဏှာ ဆိုတော့ တကာ တကာမတို့ ဒါ သံသရာအစ ပေါ်လာပြီ....(မှန်ပါ့ဘုရား)ဦးခင်မောင် ဘာပေါ်လာပါလိမ့်....(သံသရာအစ ပေါ်လာပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သံသရာအစ အဝိဇ္ဇာ တဏှာကကွ- ဆိုတော့ ဒီမှာ တကာ တကာမတို့ သူက ဟောထားတာတော့ သေချာပါတယ်တဲ့-သို့သော်တကာ တကာမတွေ ဉာဏ်ထဲ ထင်အောင်ကျတော့ ဘုန်းကြီးတို့ကသေသေချာချာ ပြရတဲ့အတွက် တဏှာကလေးဟာ သတ္တဝါအစဖြစ်လာတယ်။ နဲ့ဘက်ဘဝ၏ အစလို့ဆိုယင် လဲ့ပါ့မလား....(မလဲ့ပါဘူး)။

မယုံလို့ရှိယင် တဏှာက ဆက်ကြည့်၊ တဏှာပစ္စယာ....(ဥပါဒါန်ပါ) ဥပါဒါနပစ္စယာ....(ကမ္မဘဝ)။

ဟော....ကမ္မဘဝဆိုတော့ ဒီကံတွေဟာ တကာ တကာမတို့ နောက်ဘဝအစခန္ဓာပေါ်အောင် အလုပ် မလုပ်ပေးဘူးလား....လုပ်မလား....(လုပ်ပါတယ်ဘုရား) ခန္ဓာ ပေါ်အောင် လုပ်လိမ့်မယ်ဆိုတာသေချာကြပလား(သေချာပါတယ်ဘုရား)။

အဲဒီတော့ကို ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေစ,ပါ့လိမ့် ဒီက,နေ သုခဝိညာဏ်ကလေး ပေါ်လိုက်တာ ပဋိစ္စသမုပ္ပါဒ် ဦးခင်မောင်တို့ အားလုံးစဉ်းစားကြပါတကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် အလယ်

က ဖေါက်စ့တယ်....(မှန်ပါ့ဘုရား) ပဋ္ဌိစ္စသမုပ္ပါဒ် သုံးမျိုး ရှိတာကိုး နော်....(မှန်ပါ့)။

ဒါ-ဘယ်ကနေ စ့လိုက်ပါလိမ့်....(အလယ်ကနေ စ့လိုက်ပါတယ်ဘုရား)။

အလယ်က စ့တယ်ဆိုတာ တကာ တကာမတွေ မှတ်ပါ။ သြော်....ဒါဖြင့် ဒီအလယ်က စ့လိုက်တော့ တဏှာ ဥပါဒါန် ကံရယ်လို့ သူတို့က ခွဲလို့မရတော့ဘူး။သုံးမျိုး ပေါ်လာတယ်....(မှန်ပါ့)။

သုံးမျိုး ပေါ်လာတဲ့ အခါကျတော့ တကာတကာမတွေ ဟိုဘက်မှာ ဇာတိ ဇရာမရဏကို တပည့်တော်တို့ မတွေ့ချင်ပါဘူးဘုရား၊ ကြောက်လှချီရဲ့ ရွံ့လှချီရဲ့ မုန်းလှချီရဲ့ ဆိုစေကာမူ ဒါလုပ်ပြီးယင် တွေ့ရမယ်....(မှန်ပါ့ဘုရား)။

ဒါ-လာပြီးလို့ ရှိယင် မတွေ့ပါနဲ့ဆိုလို့....(မရပါဘူးဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါ-ပဋ္ဌိစ္စသမုပ္ပါဒ်မှာ ကိုယ်ပေါက်က နေပြီး သကာလ ဦးခင်မောင် ပဋ္ဌိစ္စသမုပ္ပါဒ် အလယ်ကျတော့ ကိုတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်မှာ အလယ်ကနေ ဖေါက် စ့တယ်ဆိုတာ သဘော ကျပလား....(မှန်ပါ့ဘုရား) တဏှာက ဖေါက် စ့လာတယ်နော်....(မှန်ပါ့)။

ကိုင်း-ဒါဖြင့် တမျိုးဘဲ စ့ကြပါဦးစို့၊ ကိုယ်ပေါ်မှာ ဖြစ်ရတာက ကြမ်းကြမ်းထော်ထော်ကလေး ကြမ်းကြမ်းထော်ထော်နဲ့ တွေ့ရတော့ ကြမ်းတမ်းကို ခံစားတဲ့ ဝေဒနာကော မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီဝေဒနာ ပေါ်လာယင် စိတ်ကလေးက ကျေနပ်သလား၊ မကျေနပ်ဘူးလား.... (မကျေနပ်ပါဘူးဘုရား)၊ မကျေနပ်တော့

ဒေါသက စ,ဖြစ်တယ်....(မှန်ပါ့) မစဘူးလား....(စ,ပါတယ်ဘုရား။

အဲ့ ဒေါသက စ,တော့ ဒေါသ သောက ပရိဒေဝ ဒုက္ခ ဥပါယာသ အစရှိသည်ဖြင့်လာတော့ ဒီထဲမှာ တကာ တကာမတို့ အဝိဇ္ဇာက ပါလာပြန်တော့ တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ် အဆုံးကနေ ပြန်မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

အဆုံးက ပြန်ဆက်တော့ကို သြော်....ကြမ်းကြမ်း တမ်းတမ်း အာရုံနဲ့ ပေါ်ပြန်တော့လို့ ရှိယင် ဒို့-သံသရာရှည်သွားပြန်ပြီ....(မှန်ပါ့ဘုရား)ကိုမြွေတို့ ဦးဇင်တို့ ဆိုနိုင်ကြရဲ့လား....(ဆိုနိုင်ပါတယ်ဘုရား) ကြမ်းတမ်းတဲ့ အာရုံနဲ့ တွေ့ပြန်တော့ ဒေါသက လာသကိုးဗျ....(မှန်ပါ့)။

အဲ့ဒီတော့ ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေပြီး သကာလ ပြန်ပတ် ပြန်ပါလိမ့်မလဲမေးယင် ဘယ်နှယ် ဖြေကြပါ့မယ်....(အဆုံးကနေ ပြန်ပတ်ပါတယ်ဘုရား)။

အဆုံးကနေ ပြန်ပတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ကျေနပ်ပါပလား....(ကျေနပ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် အစကနေ စ,တာ ပြပါဦးမယ်တဲ့၊ ဒီကာယဝိညာဏ် ကိုယ်စိတ်ကလေး ပေါ်တယ်၊ ဖဿပေါ်တယ်၊ ဝေဒနာပေါ်တယ်၊ ကိုယ်စိတ်ကလေး ပေါ်တာတောင်မှ တကာတကာမတွေက မသိလိုက်တော့ဘူးတဲ့၊ မသိတဲ့ အခါတွေဟာ များနေတယ်....(မှန်ပါ့) ဓများပေဘူးလား... (များပါတယ်) မသိတာက ဘယ်သူပါလိမ့်....(အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာက နေပြီး ပဋိစ္စသမုပ္ပါဒ် အစက,နေ မစဘူးလား....(စ,ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒါ-ဝိပဿနာ ဥာဏ်နဲ့မှ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ မဖြတ်ယင်တော့ဖြင့် ပဋိစ္စသမုပ္ပါဒ်ဟာ သုံးမျိုးစလုံး စ,ချင်ရာက စ,လိမ့်မယ်ဆိုတာကို ငြင်းဘို့လို့ သေးသလား....(မလိုပါဘူးဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ခင်ဗျားတို့က ကျုပ်တို့ ဘာကိစ္စရှိသတုံး၊ ကျုပ်တို့ ဘယ်ဟာမှလဲ မခိုး၊ ဘယ်ဟာမှလဲ မဝှက်ဘဲနဲ့ ကျုပ်တို့ဟာ ကျုပ်တို့ ကောင်းအောင် နေတာဘဲလို့ ဆိုယင် ဟောဒါ ကောင်းအောင်နေလျက်နဲ့ လာတဲ့ပဋိစ္စသမုပ္ပါဒ်.....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘယ်လို နေလို့ လာတာပါလိမ့်....(ကောင်းအောင် နေလို့ လာတာပါဘုရား)။

ခင်ဗျားတို့ ပြောတာက တမျိုးကိုး၊ ဘုန်းကြီးတို့ တကာ တကာမတွေက ကျုပ်ကောင်းအောင် နေတာဘဲ၊ မခိုးပါဘူး၊ မဝှက်ပါဘူး၊ သေရည်သေရက် မသောက်ပါဘူး။ သူ့ သား မယား မပြစ်မှားပါဘူး။ အို.... အဲဒါ သီလ ပြောနေတာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ရ (မှန်ပါဘုရား)။

ဒါက ဝိပဿနာကျတော့ ဗွက်ပေါက်နေတယ်တဲ့၊ ဒီမှာ သုံးခုံတောင် လာတယ်(မှန်ပါ) မလာဘူးလား....(လာပါတယ် ဘုရား)။

အဲဒီတော့ သီလလေးလောက်ပြောပြီးသကာလ မနေကြပါနဲ့ ဆိုတာကိုလဲ သတိပေးရတယ်နော် (မှန်ပါဘုရား) သီလကလေး လုံခြုံရုံနဲ့ ဒီ ပဋိစ္စသမုပ္ပါဒ်က မဆက်တော့ဘူးလားမေးယင် ဘယ်နှယ်ပြောကြမလဲ.... (ဆုက်ပါတယ်ဘုရား)။

ဆက်နေလို့ရှိယင် သံသရာမှာ ဟိုဘက် ဇာတိ ဇရာမရဏ လာဦးမယ်ဆိုတာ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘူး ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ သိလဆောက်တည်ပြီး ဝိပဿနာ ရှုပါဦး (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) သီလဆောက်တည်ပြီး ဒီအတိုင်း နေရမှာလား၊ ဝိပဿနာ လုပ်ရဦးမှာလား.... (ဝိပဿနာ လုပ်ရဦးမှာပါဘုရား)မလုပ်ယင် ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလာမယ်.... (မှန်ပါ့ သုံးမျိုးလာပါမယ်)။

သုံးမျိုး တခုခု လာရမယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) အဲဒါက လူမသိ-သူမသိနဲ့ ခင်ဗျားတို့ သံသရာထဲမှာ ဒုက္ခရောက်တာ (မှန်ပါဘုရား)။

ဝိပဿနာညာဏ် မပါတဲ့မုဂ္ဂိုလ်အတွက်မှာဖြင့် အားလုံးတရား နာလာကြတဲ့ တကာ တကာမတွေ သိပ်ကြောက်စရာ ကောင်းတယ်နော်.... (မှန်ပါ့) မသိသေးလို့ သိအောင် ဖေါ်ပြောနေတယ် ဆိုတာကော ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား) သိလဲ-သိပါပြီလား.... (သိပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာကို တကာတကာမတို့ ဝိပဿနာမဂ်-လောကုတ္တရာမဂ်နဲ့မှ တကာ တကာမတွေ ရဲရဲတင်းတင်း မဖြတ်တော့ပါဘူးဆိုတော့ ဒီ ပဋိစ္စသမုပ္ပါဒ်သုံးခု ခုနက ဒီနေရာမှ ပေါ်ပုံပြလိုက်တဲ့ဥစ္စာ ဘယ်နှယ်လုပ်ပြီး သူတို့ပြတ်မလဲ (မပြတ်ပါဘူး ဘုရား) ပြတ်ပါဦးမလား.... (မပြတ်ပါဘူး)။

မပြတ်လို့ရှိယင်ဖြင့် သံသရာ ဆက်-မဆက်....(ဆက်ပါတယ် ဘုရား) သံသရာဆက်မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်)။

အဲဒါကြောင့် ဒီနေရာမှာ လောဘက စ-တာ ပါတယ်၊ ဒေါသက စ-တာ ပါတယ်၊ မောဟက စ-တာပါတယ်ဆိုတာ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

အဲဒါက ဆဆက်ကသုတ်မှာ သေသေချာချာ လာ-ပါတယ်၊ ဥပရိပဏ္ဏာသပါဠိတော် ဆသက်ကသုတ်မှာ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မင်းတို့မရှလို့ ရှိယင် ဤအတိုင်း လာလိမ့်မယ်ဆိုတဲ့ဥစ္စာ မသေချာသေးဘူးလား တကာ တကာမတို့ (သေချာပါတယ်ဘုရား)။

အဲဒီတော့ ဒီလိုလုပ်ကြစို့ရဲ့.... ဟောဒီ ပဋိစ္စသမုပ္ပါဒ် လောဘ ဒေါသ မောဟ၊ လောဘဆိုယင် ပဋိစ္စသမုပ္ပါဒ် အလယ်က စ-ပြီ၊ ဒေါသဆိုယင် အဆုံးကနေ ပြန်ပတ်ပြီ၊ မောဟဆိုလို့ ရှိယင် ပဋိစ္စသမုပ္ပါဒ် အစ-က စ,ပြီလို့....ဆိုတာကော ရိပ်မိကြပလား.... (ရိပ်မိပါပြီ)။

ဩော်.... သူတို့သာ စ-လို့ရှိယင် ဒီဘက် ဇာတိ ဇရာမရဏ ရှောင်လို့ လွတ်ပါဦးမလား.... (မလွတ်ပါဘူးဘုရား) ဇာတိ ဇရာမရဏ အကုန်လုံးတော့မယ်ဆိုတာ ဦးခင်မောင်....မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

တဏှာ စ-ပေါ်လဲ ဇာတိ ဇရာမရဏက သွားရမှာဘဲ၊ (မှန်ပါ့) ဒေါသက စ-ပေါ်ကော.... (ဇာတိ ဇရာမရဏ သွားရမှာပါဘဲ) ဇာတိ ဇရာမရဏ တွေ့ရမှာဘဲ (မှန်ပါဘုရား) မောဟက စ-ပေါ်ယင်ကော.... (ဇာတိ ဇရာမရဏ တွေ့ရမှာပါဘဲ)။

ဩော်.... ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ဟာ ဒီလောဘ ဒေါသ မောဟ မသေသချိကာလပတ်လုံး ကျုပ်တို့ ခင်ဗျားတို့မှာ ပဋိစ္စသမုပ္ပါဒ် အစ-ပြတ်နိုင်ပါ့မလား.... (မပြတ်နိုင်ပါဘူးဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ တကာ တကာမတို့ ဟောတာက ပဋိစ္စသမုပ္ပါဒ် အစ-ထားပါတော့၊ ဒါက ဒုက္ခက္ခန္ဓသ-အဆုံးထားပါတော့ (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) တနေ့ကလဲ ပြပြီးပါပြီ၊ ဒါက ပဋိစ္စသမုပ္ပါဒ်....နော်....(မှန်လှပါ)။

ပဋိစ္စသမုပ္ပါဒ် အစ-က သုံးခုမရှိဘူးလား ဦးခင်မောင်.... (ရှိပါတယ်ဘုရား) ဒီသုံးခုသာ စ-လိုက်ယင်ဒီဘက်က-ဒုက္ခက္ခန္ဓသ ဆိုတဲ့ ဒုက္ခအစု လာမလား၊ မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဒီက စ-လဲ ဒုက္ခအဆုံးဘဲ၊ ဒီက စ-ယင်ကော.... (ဒုက္ခဘဲ ဆုံးပါတယ်) ဒီမောဟက စ-ယင်ကော.... (ဒုက္ခဘဲ ဆုံးပါတယ်) ကဲ.... မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ဒါဖြင့် သူမလာယင် သူမဖြစ်ဘူးပေါ့ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

တဏှာ မလာလို့ရှိယင်လဲ ဇာတိ ဇရာမရဏ.... (မလာပါဘူး) ဒေါသ မလာလို့ရှိယင်လဲ ဇာတိ ဇရာမရဏ....(မလာပါဘူး) မောဟ မလာလို့ရှိယင်လဲ.... (မလာပါဘူး)။

ဇာတိ ဇရာမရဏ မလာဘူးဆိုတော့ သြော်.... ဒါဖြင့် ဒီအကြောင်းကို ကျုပ်တို့ ဝိပဿနာနဲ့ ဖြတ်ရလိမ့်မယ်.... (မှန်ပါ့) မဖြတ်ရပေဘူးလား.... (ဖြတ်ရပါမယ်)။

အဲဒါ ကြပ်ကြပ် စဉ်းစားပြီး နားထောင်ပါ ဆိုတော့ ဘုန်းကြီးက ဒီက,နေပြီး ရှင်းပေးတယ် တကာ တကာမတို့၊ ဒီကြားထဲမှာ ဝိပဿနာမဂ်ကလေး သွင်းဖြစ်အောင် သွင်းပါဆိုတဲ့ဥစ္စာကို ဦးခင်မောင် တိုက်တွန်းရပြန်တယ် (မှန်လှပါဘုရား)။

တကာ တကာမတွေ ဘာလုပ်ရပြန်တယ် (တိုက်တွန်းရပြန်ပါတယ်ဘုရား) တိုက်တွန်းရတယ်၊ ဘာမက် သွင်းထားပါလိမ့်.... (ဝိပဿနာမက် သွင်းထားပါတယ်)ဝိပဿနာမက် သွင်းမှသာလျှင်ဟိုမက်က ခင်ဗျားတို့.... လောကုတ္တရာမက်က လာမှာမှ မဟုတ်သေးဘဲ (မှန်လှပါဘုရား) လောကုတ္တရာမက်က လာပါ့မလား.... (မလာပါဘူး) မလာဘူးတဲ့ ဝိပဿနာမက် ရှေ့သွားပြီးတော့မှ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ လာမယ်မဟုတ်လား.... (မှန်လှပါဘုရား)။

ဝိပဿနာမက် ရှေ့မသွားဘဲနဲ့ လောကုတ္တရာ မက်ကြီးက ဘွားကနဲ နောက်က ပေါ်နိုင်ပါ့မလား.... (မပေါ်နိုင်ပါဘူးဘူရား)။

အဲဒါ စဉ်းစားကြည့်တော့မှ ဘုန်းကြီးတို့ တကာ တကာမတွေ ဩော်....ဒို့အိမ်နေတာ ဘာလုပ်နေကြပါလိမ့်မတုံး၊ တရားနှလုံးမသွင်းတဲ့အခါများ ဘာဖြစ်နေကြသတုံး၊ အို.... ပဋိစ္စသမုပ္ပါဒ်သုံးမျိုး စ-နေတယ်(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) ဘာတွေ စ-နေသတုံး.... (ပဋိစ္စသမုပ္ပါဒ်သုံးမျိုး စ-နေပါတယ်)။

ခင်ဗျားတို့ကလဲ ဘယ့်နှယ်ကြောင့် ဒီလောက် စ-ချင်ရတာတုံး....၊ အို—ဒုက္ခဖြစ်ချင်လို့ပေါ့၊ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာဖြစ်ချင်လို့တုံး.... (ဒုက္ခဖြစ်ချင်လို့ပါဘုရား) ဘာဖြစ်လို့ ပဋိစ္စသမုပ္ပါဒ် စ-သတုံး.... (ဒုက္ခဖြစ်ချင်လို့ပါဘုရား)။

ဘယ့်နှယ်ကြောင့် ပဋိစ္စသမုပ္ပါဒ် မထွက်သတုံးမေးတော့.... မထွက်တတ်လို့ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

မထုတ်တတ်တော့ ခင်ဗျားတို့က စ-တော့ စ-တတ်တယ်၊ ဟုတ်လား.... ထုတ်တော့ မထုတ်တတ်ဘူးဆိုတော့ ခင်ဗျားတို့ သန္ဌာန်မှာတဲ့ တကာ တကာမတို့ အရေးကြီးတဲ့အချက် ကွယ်နေတာယ် ဆိုလို့ရှိယင်ဖြင့် မောင်ထွန်းလှိုင်တို့....မောင်ကိုတို့.... လှဲပါ့မလား.... (မလှဲပါဘူးဘုရား)။

ဘာကွယ်နေတုံး.... (အရေးကြီးတဲ့ အချက် ကွယ်နေပါတယ်)အရေးကြီးတဲ့အချက်ကို ကွယ်နေတာဘဲ တကာတကာမတို့။ အပါယ်သွားကြောင်းတော့ ခင်ဗျားတို့က တဏှာကလဲ စ,လိုက်တယ်၊ ဒေါသကကော....(စ-ပါတယ်ဘုရား) မောဟကကော (စ,ပါတယ်ဘုရား)။

ဩော်.... တကာတကာမတွေ စ,လိုက်တော့ ဒါတွေက ဒုက္ခဖြစ်ကြောင်း၊ ဒုက္ခ ဖြစ်ကြောင်းတော့ ခင်ဗျားတို့က စ-တတ်တယ်။ ဒုက္ခသိမ်းကြောင်းတော့ ခင်ဗျားတို့ မသွင်းတတ်ဘူး ဆိုလို့ရှိယင်ဖြင့် ဒါ- ဘုန်းကြီးတို့မှ မကယ်ယူလို့ ရှိယင်ဖြင့် ဦးခင်မောင်.... သွားပြီ.... (မှန်လှပါဘုရား) မသွားသေးဘူးလား.... (သွားရပါတယ်ဘုရား)။

ဒေါက်လျှောက်သွား.... ဒေါက်လျှောက်သွား တကာတကာမတို့ ဘယ်သူတားလို့မှ မရဘူး၊ ဒီဥစ္စာ ဘုရားတား.... မရဘူး၊ (မှန်ပါ့) မရနိုင်ဘူးဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဩော်....တရားနာတာ ဆရာဘုန်းကြီးအရေးလား.... ဒို့အရေးလားဆိုတာ ခဲကြစမ်းပါဦး.... (တပည့်တော်တို့ အရေးပါဘုရား)။

ဒီ တကာ တကာမတွေ့၏ အရေးနော်.... (မှန်ပါ့ဘုရား) တကာ တကာမတွေ့၏ အရေးဘဲ၊ ဆရာဘုန်းကြီး အရေးက ဆရာဘုန်းကြီးဟာ ဆရာဘုန်းကြီးဖြတ်ယူမှု ရမှာ (မှန်လှပါဘုရား)။

ဒီ.... တကာ တကာမတွေကတော့ ဖြတ်နည်းကို မသိလို့ အာတင်း နေ့တိုင်း ပြောနေရတာဘဲ.... (မှန်ပါ့) မပြောလဲ့ တော်ပါ့မလား.... (မတော်ပါဘူးဘုရား)။

ဒါ.... မနေ့ကထက် ထူးပြီးပြောတာ ဦးခင်မောင်.... ရိပ်မိပလား.... ပဋိစ္စသမုပ္ပါဒ် သုံးမျိုး ပေါ်တယ်ဆိုတာ (မှန်လှပါ) ရှင်းကြပလား.... (ရှင်းပါပြီ) ဘယ်နှစ်မျိုး ပေါ်ပါလိမ့်.... (သုံးမျိုးပေါ်ပါတယ်ဘုရား) သုံးမျိုးပေါ်တယ်တဲ့.... ဥာဏ်မသွင်းယင် သုံးမျိုးပေါ်တယ်.... (မှန်ပါ့)။

ကဲ.... ဒါဖြင့် ဝိပဿနာဥာဏ် သွင်းကြစို့ဆိုတော့ သံယုတ်ပါဠိတော်က....

"ကာယဝိညာဏဿ အနိစ္စတော ဇာနတော ပဿတော သမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇတိ...." ....တဲ့။

ဒါက မနေ့ကပါဠိနဲ့ တခုတည်း.... (မှန်လှပါဘုရား)။

ကာယဝိညာဏဿ (ပ) ဥပ္ပဇ္ဇတိ - ဆိုတာ တခါတည်း သမ္မာဒိဋ္ဌိ လာဖြစ်သတဲ့။ မဂ္ဂင် လာဖြစ်တယ်ပြောတာ (မှန်လှပါ) သူ့ကို ဖြစ်ပျက်ရှုနိုင်လို့ရှိယင် ဒါတွေဟာ သမ္မာဒိဋ္ဌိ လာဖြစ်တာဘဲ.... (မှန်ပါ့)။

ဒီထဲကြည့်ပါလား.... သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတော့ မဂ္ဂင်တွေ ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲ.... ဖြစ်ပျက်ကို မြင်လို့ရှိယင် တခါတည်း ဒီ-မဂ္ဂင်ငါးခုထဲက သမ္မာဒိဋ္ဌိ ခေါင်းဆောင်တဲ့မဂ္ဂင် ပေါ်ပါတယ်လို့ ဘုရားက ဟောလိုက်တယ်.... (မှန်ပါ့ဘုရား) ရှင်းကြရဲ့လား (ရှင်းပါတယ်ဘုရား)။

ဖြစ်ပျက်ကို မြင်လိုက်ယင် သမ္မာဒိဋ္ဌိ ခေါင်းဆောင်တဲ့.... (မဂ္ဂင်ငါးပါး ပေါ်ပါတယ်ဘုရား)။

မဂ္ဂင်ငါးခု ပေါ်တယ်ဆိုတော့ တကာတကာမတို့ သိတဲ့အတိုင်းတဲ့.... ဒီ-ဖဿတွေ ဝေဒနာတွေ လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘူးဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဒီ-တဏှာက စ-မှာကော.... (မလာနိုင်ပါဘူးဘုရား)။

ဒေါသက စ-မှာကော.... (မလာနိုင်ပါဘူး)။

မောဟက စ-မှာကော.... (မလာနိုင်ပါဘူး)။

မလာနိုင်တော့ဒုက္ခဖြစ်ကြောင်း ချုပ်သွားတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဒုက္ခဖြစ်ကြောင်းချုပ်တော့ ဒုက္ခဖြစ်ကျိုး သုံးခုကို ဒုက္ခကွန်ဆာကြီး လာပါဆိုလို့.... (မလာပါဘူးဘုရား) မလာတော့ဘူးဆိုတာ သေချာပလား.... (သေချာပါတယ်)။

ဩော်.... ဒါဖြင့် ဒို့အရေးဟာ ဘာပါလိမ့်မတုံး ဆိုတော့ ကိုယ်ပေါ်မှာ နာတဲ့စိတ်ပေါ်လဲ ဖြစ်ပျက်ရှုဘို့ဘဲ၊ ကောင်းတဲ့စိတ် ပေါ်လဲ....(ဖြစ်ပျက်ရှုဘို့ပါဘဲ)။

အဲဒါ မရှုဘဲ မနေလိုက်ပါနဲ့ နာယင် စိတ်ပျက်တယ်ဆိုယင် နာလို့ စိတ်ပျက်တယ်ဆိုယင် ပဋိစ္စသမုပ္ပါဒ် အဆုံးက ပြန်စမယ်.... (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

နာတာမသိလိုက်ဘူးဆိုယင် ပဋိစ္စသမုပ္ပါဒ်အစက-နေ ပြန်စ
မယ်.... (မှန်လှပါဘုရား)။

နာတာမသိလိုက်ယင်.... (အစက-နေ ပြန်စ-ပါမယ်)အစက
ပြန်စ-တယ်၊ တယ်နာပါကလား.... အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ
သွားဖြစ်တယ်.... (မှန်ပါဘုရား)။

နာတာကို စိတ်ပျက်နေလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေ
စ-သတုံး.... (အဆုံးကနေ စ-ပါတယ်ဘုရား)။

အို.... နာတာကလေးဘဲ သဘောကျနေတယ် ဆိုပြန်ယင်
ကော.... (အလယ်က စ-ပါတယ်ဘုရား) အလယ်ကနေ စ-ပြန်
တော့ ခင်ဗျားတို့က ဒီဘက်ဘာတွေ ရပါလိမ့်....(ဒုက္ခတွေ ရပါ
တယ်ဘုရား)

ဒုက္ခတွေ ရတယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး စ-လိုက်တဲ့
အတွက် ဇာတိ ဇရာမရဏ ဒုက္ခတွေ လွတ်ရေးကျတ်ရေး မြင်ကြ
သေးရဲ့လား.... (မမြင်ပါဘူးဘုရား)။

ဒါကြောင့် တကာတကာမတို့ ဒီ-ပဋိစ္စသမုပ္ပါဒ် အကြောင်း
တရား ပြတ်ပါမှ ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်အကျိုး
ဒုက္ခသစ္စာတွေ ပြတ်ကျ တော့မယ် ဆိုတာ မရှင်းကြသေးဘူး
လား.... (ရှင်းပါတယ်ဘုရား)။

အကြောင်း သမုဒယတွေချုပ်မှ အကျိုး ဒုက္ခတွေကုန်မည်
ဆိုတာကော တကာတကာမတွေ ကျေနပ်ပလား.... (ကျေနပ်ပါ
ပြီဘုရား)။

နားမလယ်- လယ်အောင်ထောင်ပါနော်....ဒါမှ နားမလယ်
သေးဘူး ဆိုလို့ရှိယင် ခင်ဗျားတို့ သံသရာမှာ မြုပ်သမားနဲ့
မျောသမားက မထွက်တော့ဘူး.... (မှန်လှပါဘုရား)။

အခုပြောတာတွေ နားမလယ်ဘူး၊ တပည့်တော်တို့ ရှုလဲမရှုတတ်ဘူး ဆိုလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ဘယ်လိုမှ မတတ်နိုင်ဘူး ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်က ခင်ဗျားတို့ ဆွဲဆောင်သွားမှာဘဲ (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဆွဲဆောင် သွားတော့ကို အမြုပ်သမားယင်လဲ ဖြစ်ရမယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အမျောသမားယင်လဲ.... (ဖြစ်ရပါမယ်ဘုရား)။

အဲဒီတော့ အမြုပ်သမား အမျောသမားမှ လွတ်ချင်လို့ရှိယင်ဖြင့် ဒီတရားကိုနားလယ်အောင်လဲ ထောင်ပါ။ ရှုလဲရှုပါ (မှန်လှပါ) နားလယ်အောင် ရှေးဦးစွာ ထောင်ဘို့က အရေးကြီးတယ်.... (မှန်လှပါဘုရား) ဦးဇင်ရင် အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား) ထောင်ပြီးမှသာလျှင်လဲ ရှုတတ်မှာကိုးဗျ (မှန်ပါဘုရား)။

ကိုင်းဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ ဒီတရား နားမလယ်လိုက်ဘူးဘုရား.... နားမလယ်လိုက်လို့ရှိယင် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး အကြောင်းတရား တွေဟာ ခင်ဗျားတို့ကိုယ်ပိုင်ပစ္စည်း၊ ဒုက္ခတွေဟူသမျှဟာခင်ဗျားတို့ ပြေးလို့မလွတ်အောင်ဘဲ ခံရတော့မယ်၊ သေချာကြပလား....(သေချာပါတယ်ဘုရား)။

အဲဒါကြောင့် အားလုံးတရားတပဲလုံးမှာ ဘုန်းကြီးတို့အင်မတန်ဘဲမေတ္တာရှေ့ထားပြီးသကာလ ပြောဟောနေပါတယ်တဲ့။

ဒီထဲက နေပြီး သကာလ ဘုန်းကြီးကလဲ ထပ်ပြန်တလဲလဲ ပြောတယ်.... တကာတကာမတွေလဲကိုယ့်ခန္ဓာပေါ်ပေါ်တာကို ကိုယ်ကြည့်နည်းကို သင်ပေးနေတဲ့အတွက် ကြည့်လဲ ကြည့်ကြပါ

နားလယ်အောင်လဲ ထောင်ပါ။ နားမလယ် လိုက်လို့ ရှိယင်ဖြင့် သာသနာတွင်းသားကို မဖြစ်သေးတဲ့အဓိပ္ပါယ် ရောက်ပါတယ် (မှန်ပါ့ဘုရား)။

ဘာရောက်သွားသလဲ.... (သာသနာတွင်းသားမဖြစ်သေးတဲ့ အဓိပ္ပါယ် ရောက်ပါတယ်)

သာသနာတွင်းမှလဲ ဝိပဿနာ ပေါ်တယ်နော်.... (မှန်ပါ့ဘုရား)။

သာသနာပမှာ ဝိပဿနာ ရှိရဲ့လား.... (မရှိပါဘူးဘုရား)။

မရှိဘူးတဲ့၊ သာသနာ၏ အခြေဟာ ဝိပဿနာဘဲဆိုတာ သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ကိုယ့်ကိုယ်–ကိုယ် သာသနာတွင်းသားကလေး ဖြစ်အောင်က တကာ တကာမတွေက ဆုတောင်းလာကြလို့ ယခု ဆရာဘုန်းကြီးနဲ့ ဒီတကာ တကာမတွေနဲ့ တွေ့ကြ ဆုံကြပြီဆိုတာလဲ ငြင်းဘို့လိုသေးသလား....(မလိုပါဘူးဘုရား)။

သို့သော် ဆုံတာတော့ ဟုတ်ပါရဲ့၊ ဆုံပြီးသကာလ ဒီဉာဏ်နဲ့ ကြုံဘို့ရာက အရေးကြီးသေးတယ်....(မှန်လှပါဘုရား)ရှုတတ်တဲ့ ဉာဏ်နဲ့ ကြုံဘို့အရေးကြီးတယ်နော်....(မှန်ပါ့)။

ဆုံတာကတော့ ဆုံတောင်း၊ဒဆရာနဲ့ ဒို့ ဒီတကာတကာမတွေနဲ့ တွေ့ရပါလို့၏ ကြုံရပါလို့၏ဆိုတော့ ဆုံလာတာတော့ ဖြင့် အခု အမြင်သားပါဘဲ(မှန်ပါ့)။

ဆုံသာဆုံတယ် မကြုံဘူးဆိုတော့ ဒီမဂ်ဉာဏ်နဲ့ မကြုံလို့ရှိယင်လဲ မကောင်းဘူးဗျ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဥပမာမယ် ဘုရား၏ယောကျ်ားမ သုပ္ပဗုဒ္ဓဆိုတာ တကာတကာ မတွေ့ သိပါလိမ့်မယ်နော်....(မှန်ပါ့ဘုရား) ယသော်ဓရာ၏အဖေ ပေါ့ဗျာ....(မှန်ပါ့) ဘုရားနဲ့ မဆုံဘူးလားမေးယင် ဘယ့်နှယ် ပြောမလဲ....(ဆုံပါတယ်)။

အို....ဘုရားနဲ့ ယောကျ်ားမတောင် တော်လိုက်သေးတယ်....(မှန်ပါ့ဘုရား)စောစောက....ဟင်....(မှန်ပါ့)မတော်ဘူးလား-(တော်ပါတယ်ဘုရား) နောက်-အဝိစိကျသွားတယ်၊ တကာ တကာမတို့ ...(မှန်ပါ့) ဆုံသာဆုံတယ်၊ မကြုံဘူး.... (မှန်လှပါဘုရား)ဆုံတော့မဆုံဘူးလား....(ဆုံပါတယ်ဘုရား)အဲ....မဂ်ဉာဏ်နဲ့ ကြုံရဲ့လား....(မကြုံပါဘူးဘုရား)။

အဲဒါကြောင့် အခု ဆရာဘုန်းကြီးနဲ့ တကာ တကာမတွေနဲ့ ရင်းရင်းနှီးနှီး ဆုံတာတော့ ဟုတ်ပါရဲ့၊ ဒီမဂ်ဉာဏ် ကြုံအောင် ခန္ဓာထဲရောက်အောင် လုပ်ကြစမ်းပါဦး....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒို့ကံကောင်းလိုက်တာ ဆရာဘုန်းကြီးနဲ့ တွေ့ရတာ၊အင်မတန်ကံကောင်းရုံနဲ့ မတင်းတိမ်ပါနဲ့ ဉာဏ်ကောင်းအောင် လုပ်လိုက်စမ်းပါ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ကံတော့ ဒီတကာ တကာမတွေ့ အကုန်ကောင်းတယ်လို့ အောက်မေ့ပါ....(မှန်ပါ့ဘုရား) ဘာ့ကြောင့်တုံးဆိုလို့ရှိယင် ဘုန်းကြီးကလဲ ကျန်းကျန်းမာမာနဲ့ ဒီတကာ တကာမတွေ့ကလဲ သွားနိုင် လာနိုင်နဲ့ ဆောင်တတ်တဲ့ နားကလေးနဲ့ ရှိနေတော့ ကံကတော့ဖြင့် ဒီဘဝ နောက်ဆုံးပိတ်ဘဲကွာ ဆရာကောင်းနဲ့လဲ တွေ့ပြီး မင်းတို့လဲ ကျန်းမာတုံးဘဲ-ဆိုတော့ ကံကတော့ ပြောဘို့ လိုသေးသလား....(မလိုပါဘူးဘုရား)။

အဲဒီတော့ ကံသာကောင်းရှိ ဉာဏ်မကောင်းမှာ စိုးရိမ်တယ် (မှန်လှပါဘုရား) ဘာစိုးရိမ်ပါလိမ့်....(ဉာဏ်မကောင်းမှာစိုးရိမ်ပါတယ်)။

ဉာဏ်မကောင်းမှာ စိုးရိမ်တယ်ဆိုတော့ တကာ တကာတွေ ဒီနေရာမှာ ကိုယ်ပေါ်မှာ ဒုက္ခ ပေါ်လဲ ဖြစ်ပျက်ရှုတတ်တဲ့ ဉာဏ်ကလေး သွင်းပေးရဲ့မယ်....(မှန်ပါဘုရား)။

သုခဆိုတဲ့ ချမ်းသာလုံးကလေး ပေါ်ယင်ကော....(ဖြစ်ပျက်ဘဲရှုပေးရပါ့မယ်) ဖြစ်ပျက်ရှုတဲ့ ဉာဏ်ကလေး သွင်းပေး....(မှန်ပါဘုရား)။

ဒါကတော့ ဘုန်းကြီးက သွင်းလို့ဖြစ်မှာလား....ခင်ဗျားတို့ သန္တာန်ပေါ်တာ ခင်ဗျားတို့သွင်းမှ ဖြစ်မှာဆိုတာ သေချာပလား....(မှန်ပါဘုရား) မဟုတ်ဘူးလား-(မှန်ပါ့)အဲ....မောင်ကိုတို့ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

အားလုံးတကာ တကာမတွေ ဒီဟာတော့ ဘုန်းကြီးက နည်းသာ ပေးတတ်တာကိုဗျ....(မှန်ပါဘုရား) အဲဒါ ဘုန်းကြီးသာ မဟုတ်ပါဘူးတဲ့၊တနေ့ကလဲ တကာ တကာမတွေ ဘုန်းကြီးရှင်း အောင် ပြောခဲ့ပါတယ်နော်....(မှန်ပါ့)။

ဟောမှု ပြောမှုကိစ္စ-ဘုရားကိစ္စ၊ ကျင့်မှု ကြံမှုကိစ္စ-သာဝကကိစ္စလို့ ဘုရားကဘဲ နှစ်မျိုးမထားခဲ့ဘူးလား....(ထားခဲ့ပါတယ် ဘုရား)။

ဒီမှာတော့ ဟောမှု ပြောမှု - နားမလယ် လယ်အောင် ပြောမှုက ဆရာသမား၏ကိစ္စ—(မှန်ပါ့)ခင်ဗျားတို့က ပေါ်တိုင်း ပေါ်တိုင်း ရှုမှုက....(တပည့်တော်တို့ကိစ္စပါဘုရား)။

အဲဒီ တကာ တကာမတွေ့၏ ကိစ္စဆိုတာ အဲဒီတော့ ကိုယ့် ကိစ္စ သူ့ကိစ္စ သွားကြပါဆိုတဲ့ ဥစ္စာကို လေးစားစွာနဲ့ဘဲ နောက်ထပ်ပြီးသကာလ တကာသစ်တို့ ကိုမြွေရှေတို့ တိုက်တွန်းရတယ်နော်....(မှန်လှပါ)။

သာမည်မဟုတ်ဘူးနော်....ဥစ္စာ အင်မတန်အာဘုံးတန်တယ်၊ ဒီသံသရာ အစတွေ့ ပြတ်တယ်ဆိုကတည်းက တကာ တကာမတွေ့ နောက်ဒုက္ခ ခင်ဗျားတို့ ဘာလာစရာလိုသေးတုံး....(မလိုပါဘူး)နောက် အိုဘေး နာဘေး သေဘေးတွေ့ လာစရာ လိုသေးသလား....(မလိုပါဘူး) အပါယ်ဘေးတွေ့ကော.... (မလိုပါဘူး)။

ဘယ်နှယ်ကြောင့်ပါတုံး ဆိုတော့ ကံကောင်းသလောက် ဉာဏ်ကောင်းသွားလို့ဘုရား.... (မှန်လှပါ) ရှင်းကြပလား.... (ရှင်းပါပြီ) ဘယ်လိုမှတ်ကြမယ်.... (ကံကောင်းသလောက် ဉာဏ်ကောင်းသွားလို့ပါ)။

ကံကောင်းတာကတော့ ဒီဆရာသမားနဲ့ ဒီတကာ တကာမတွေနဲ့ တွေ့ရတာ ဘယ်လိုဆုံးဖြတ်ချက်ချကြမှာတုံး.... (ကံကောင်းပါတယ်ဘုရား)။

ဒီကံကောင်းတာတော့ သေချာပြီတဲ့၊ ပြီးတော့ ခင်ဗျားတို့ကလဲ "မနုဿတ္တဘာဝေါ ဒုလ္လဘော" ဆိုတဲ့အတိုင်း မရစဘူး အရထူးလာတာ၊ သဒ္ဓမ္မဿဝနံ အတိဒုလ္လဘ" ဆိုတဲ့အတိုင်း သူတော်ကောင်း တရားကြီးနာရတာ၊နာရပြန်တော့လဲ သစ္စာဆိုက်တာနာရတော့ ပိုပြီးကျေးဇူးများတယ် (မှန်လှပါ)မများကြဘူးလား....(များပါတယ်ဘုရား)ကိုမြွေရှေ....မများဘူးလား....(များပါတယ်ဘုရား)။

ထိုကဲ့သို့ များတဲ့အထဲက နာရုံသာနာရတယ်၊ကိုယ်ပိုင်ဉာဏ်နဲ့ ဖြစ်ပျက်ကို မတွေ့ရသေးဘူးဆိုယင် ကံသာကောင်း၍ ဒီတကာ တကာမတွေ့ ဉာဏ်မကောင်းတဲ့ တကာ တကာမတွေ့....(မှန်လှပါဘုရား)။

ဘယ်နှယ်ဆိုကြပါ့မယ်....(ကံသာကောင်း၍ ဉာဏ်မကောင်းတဲ့တကာ တကာမတွေ့) ကံသာကောင်း၍ ဉာဏ်မကောင်းလို့ ရှိယင်ဖြင့် ဒီ ပဋိစ္စသမုပ္ပါဒ် အကြောင်းဟာ ပြတ်ပါ့မလား....(မပြတ်ပါဘူးဘုရား)မပြတ်ယင် ဒီအကျိုးတရားတွေ ခင်ဗျားတို့ ကိုယ်ပိုင်ပစ္စည်းဖြစ်မယ်....(မှန်ပါ့ဘုရား) ကဲ....ဒါလွတ်နိုင်စရာ မြင်သေးရဲ့လား၁....(မမြင်ပါဘူး)။

အဲ....ဒါကြောင့် ဒီနေ့ ထူးထူးခြားခြား တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ပြပြီးသကာလ သြော်....ကံကောင်းနဲ့ ဘဲတင်းတိမ်မနေပါနဲ့၊ ဉာဏ်ကောင်းအလုံပ်ကလေး လုပ်လိုက်စမ်းပါ ဆိုတာကိုလဲ တောင်းပန်ရတယ်....(မှန်ပါ့ဘုရား)။

ကံကောင်းရုံနဲ့ တင်းတိမ်မနေပါနဲ့၊ ဘာသွင်းရမယ် (ဉာဏ်ကောင်းအလုပ် သွင်းရမယ်)

ဉာဏ်ကောင်း အလုပ်ကလေး သွင်းလိုက်စမ်းပါဆိုတာကတော့ဖြင့် ကံကောင်းတာကတော့ဖြင့် တကာ တကာမ တို့ပြောဘို့လိုလေးသလား....(မလိုပါဘူးဘုရား) လူ့ဘဝ ရလာတာဘဲ ဒီထက်ကောင်းတဲ့ကံ ရှိသေးရဲ့လား....(မရှိပါဘူး)။

အေး-ထောင်တစ်တဲ့ နားလေး ရှိတာကကော(ကံကောင်းတယ်)ဒီထက် ကောင်းတဲ့ကံ မရှိပါဘူးဆိုတာ သေချာကြပလား....(သေချာပါတယ်)။

ဒါဖြင့် ဒို့ဘာကလေး လိုနေပါလိမ့်....(ညာဏ်ကောင်းဘို့ လို နေပါတယ်ဘုရား) ညာဏ်ကောင်းဘို့ လိုခဲနတယ်....(မှန်ပါ့) တကာတကာမတွေ့ ဘာလိုပါလိမ့်....(ညာဏ်ကောင်းဘို့ လိုနေ ပါတယ်ဘုရား)။

ညာဏ်ကောင်းဘို့ လိုနေတယ်ဆိုတော့ အဲဒီတော့ ဒီညာဏ်ကို ခင်ဗျားတို့က အညစ်အကြေး မဖုံးပါစေနဲ့လို့ ဆိုပြီးသကာလ ပြောရတယ်....နော်....(မှန်ပါ့ဘုရား)။

ကိစ္စတွေ့ များလွန်းလို့ ဒီကိုယ်ပေါ်မှာ ပေါ်တဲ့စိတ်က အဝတ်နဲ့ထိလဲ့ ပေါ်နေတာဘဲ့ နေပူထိကော....(ပေါ်ပါတယ် ဘုရား) လေပူထိကော(ပေါ်ပါတယ်ဘုရား)။

ကိုယ်ပေါ်မှာ နေပူတယ်ဆိုယင် ပူလိုက်တာကွာဆိုတာလဲ့ ဒီကိုယ်ပေါ်မှာ ပူတဲ့စိတ် ပေါ်လို့ ဒီကဒေါသဖြစ်ပြီး ပူ— ပူလွန်းလှဘယ်ကွာ။ ပဋိစ္စသမုပ္ပါဒ် စ,ပြီ၊ ဦးခင်မောင်ရဲ့ (မှန် လှပါ)မစ,ဘူးလား....(စပါတယ်ဘုရား)။

အေး-ဒါကြောင့် တရားတော့ မရှိတဲ့အခါလဲ့ မရှိပါဘူးတဲ့ တကာတကာမတို့ မရှုဖြစ်တဲ့အခါကတော့ ရှိတယ်....(မှန်ပါ့) တရားကမပေါ်တဲ့အခါ နည်းတယ်၊ ပေါ်တာဘဲ့ များတယ်.... (မှန်လှပါ) (ခင်ဗျားတို့က ဘယ်နှယ်ဖြစ်နေသလဲ့....(မရှုတဲ့ အခါက များနေပါတယ်)။

မရှုဖြစ်တာများတော့ မ ရှုဖြစ်ကာဟာ ကြော်....ကိုစ္စက များလွန်းလို့ မရှုဖြစ်ဘူး၊ မောင်ကိုတို့က သုံးချင်သုံးမပေါ့ ကွာ၊ မသုံးပေဘူးလား....(သုံးပါတယ်ဘုရား)။

ကိုစွတ္ကေ ဘုရား....ဟိုမလှည့်သာ ဒီမလှည့်သာ ဖြစ်နေတယ်၊ တပည့်တော်တို့အလုပ်တွေက လူနဲ့အလုပ်နဲ့ မမျှအောင် ဖြစ်နေတယ်။

အဲဒါကြောင့် တပည့်တော်တို့ ပေါ်ဘော့ပေါ်တယ် မရှု ဖြစ်ဘူး၊ မရှုဖြစ်လို့ ရှိယင်ဖြင့် မရှုဖြစ်တော့ ဘာမှအပြစ်မရှိဘူး ထင်လိုက်ယင် ပဋိစ္စသမုပ္ပါဒ်သုံးမျိုး လှည့်တယ်....(မှန်ပါ့ဘုရား) မလှည့်ဘူးလား....(လှည့်ပါတယ်)။

ကဲ-ဒါဖြင့် မရှုဖြစ်တဲ့အပြစ်ဟာ ဘယ်လောက်ဆိုးတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါ့ပြီဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဩဇော်-ခင်ဗျားတို့ကတော့ မြို့သုံးကလေးသုံးလို့ တယောက်-တယောက် ညှဉ်ခံကောင်းအောင် စကားကလေး လေပြေထိုးလို့—ကိုစွတ္ကေ များလွန်းလို့ ရှုတောင်မှ မရှုဖြစ်ဘူး၊ ပေါ်တော့ပေါ်သားဘဲ သတိထားရမှာ သူ့ကို သတိကိုမထားဖြစ်ဘူး၊ အို....သတိမထားဖြစ်တော့ တကာတကာမတို့ကိုယ်ကျိုးနည်းတာပါ ထည့်တွက်ပါ....(မှန်ပါ့ဘုရား)။

သတိမထားဖြစ်ယင်....(ကိုယ်ကျိုးနည်းပါတယ်ဘုရား) ကိုယ်ကျိုးနည်းတာ ထည့်တွက်ပါဆိုတော့ တဏှာကယင်လဲ စ,တော့မယ် ဦးခင်မောင်....(မှန်လှပါဘုရား)။

ဒေါသက ယင်ကော....(စ,ပါ့မယ်ဘုရား)။
မောဟက ယင်ကော ....(စ,ပါ့မယ်ဘုရား)။

ဒါဖြင့်-တဏှာက စ,လဲ တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာ မရဏ၊ ဒေါသက စ,လဲ....သောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရ

မသွားပေဘူးလား.... (သွားပါတယ်ဘုရား) မောဟက စ,တော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာနဲ့ မသွားပေဘူးလား.... (သွားပါတယ်ဘုရား)။

အဒီတော့ ခင်ဗျားတို့က ဘယ်လိုနေရာက ပုံးလို့ ဖလို့ ရတဲ့ ပဋိစ္စသမုပ္ပါဒ်လား.... မရှုဖြစ်ယင် တန်းသွားမှာလာ (မရှုဖြစ်ယင် တန်းသွားမှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သြော်.... ဒို့က လူတယောက်က လူတယောက်ကို စကားအားဖြင့် ဖုံးလိုက်ငြားသော်လဲ အလုပ်က ဖုံးမရပါကလား....(မှန်ပါ့) ဘယ်လိုဆိုကြမယ်.... (အလုပ်က ဖုံးမရပါဘုရား)။

အလုပ်က ဖုံးမရဘူး၊ တန်းသွားတာဘာ တကာတကာမ္မတို့ ပဋိစ္စသမုပ္ပါဒ် တန်းသွားတာဘဲဆိုတာ သေချာပလား.... (သေချာပါတယ်ဘုရား)။

အဲဒီတော့ကို တကာတကာမတို့ ကိုယ့် အရေးဆိုပြီး ကိုယ် ကိုယ်ကို သနားကြစမ်းပါ ဆိုတာကိုလဲ ပြောရပါတယ်(မှန်ပါ့ဘုရား)။

ကိုယ့် ကိုယ်ကို သနားကြစမ်းပါ ဆိုတာ တကာသစ်တို့.... မောင်မြရွှေတို့ ဒီ....ပဋိစ္စသမုပ္ပါဒ် စ-မိလို့ ရှိယင် ကိုယ် ဒုက္ခ ရောက်တော့မယ်.... (မှန်ပါ့) မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

သူများ ရောက်မှာလား.... ကိုယ် စ,တဲ့ အပြစ်ဟဲ့ ကိုယ်ခံရမှာလား.... (ကိုယ် စ,တဲ့အပြစ် ကိုယ်ခံရမှာပါဘုရား)။

ကိုယ် စ,တဲ့အပြစ် ကိုယ်ခံရမှာ ဖြစ်နေတော့ ကျုပ်ဖြင့် မရှုမိဘူး၊ ကိစ္စတွေကမျှားလွန်းလို့ ဆိုတော့ အို....ကိစ္စမျှားတာ ဒုက္ခကြီး.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲဒါ ခင်ဗျားတို့ အိမ်ကျလာတဲ့အခါကျတော့ လူသူတော် ကောင်းတယောက် ရောက်လာတယ်၊ တရားနာဘက်၊ကောင်းမှု ပြုဘက်တွေ့ ရောက်လာတဲ့အခါ ဟုတ်တယ် ကျုပ်ဖြင့် ဘုန်းကြီးကလဲ တိုက်တွန်းရှာတယ်၊ကျုပ်ကလဲ ကိစ္စတွေမျှားလွန်းလို့ မရှုဖြစ်ဘူး.... (မှန်ပါ့)။

အင်း.... မရှုဖြစ်တာတော့ ကိစ္စမရှိပါဘူး၊ အမျှဝေလို့ မရတော့ဘူး.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) အမျှဝေလို့ ရသေးရဲ့လား.... (မရပါဘူးဘုရား)။

အဲဒါ ခင်ဗျားတို့ကတော့ ဖုံးလိုက်ဖိလိုက်တာတော့အရေးမကြီးဘူးပေါ့ဗျာ၊ ဖုံးလို့ဖိလို့ လုံတာလား.... မလုံတာလား (မလုံပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သူမျှားလဲ ဘာနဲ့မှ ဧည့်ခံမနေနဲ့ ကိုယ့်အလုပ်သာ ကိုယ်ကြိုးစား.... (မှန်လှပါဘုရား) သိတဲ့ဘဝမို့ ဒါ....ပြောလို့ရတာနော်.... (မှန်ပါ့)။

မသိတဲ့ တိရစ္ဆာန်ကျတော့ ပြောလို့ကိုမရဘူး၊ မသိတဲ့နတ် မသိတဲ့ ရက္ခစိုး ပြောလို့ကိုမရဘူး.... (မှန်ပါ့ဘုရား) ရကို မရတော့ဘူး၊ သူတို့ကျတော့.... (မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့.... ကာယ ဝိညာဏ်ကို ဖြစ်ပျက်ရှုနိုင်လို့ ရှိယင် သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်ဆိုတော့ မဂ် သမ္မာဒိဋ္ဌိဖြစ်တယ်လို့ မောင်ထွန်းလှိုင်.... ပြောလိုက်တယ်.... (မှန်လှပါဘုရား)။

မောင်ကို.... ဘာပြောတာတုံး....(မင်္ဂ သမ္မာဒိဋ္ဌိဖြစ်တယ်လို့ ပြောတာပါဘုရား)။

မင်္ဂ သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်ဆိုတော့ သမ္မာဒိဋ္ဌိဆိုတဲ့ ဥစ္စာ အမှန်အကန် မြင်တာနော်.... (မှန်ပါ့ဘုရား) မိစ္ဆာဒိဋ္ဌိ ဆိုတာ အမှားမြင်တာ.... (မှန်ပါ့)။

ဒါဖြင့် ဒီ....ကာယဝိညာဏ် ဆိုတဲ့ စိတ်ကလေးဟာ ဖြစ်ပြီးနာတဲ့ စိတ်ကလေး၊ ကိုယ်ပေါ်မှာ ဖြစ်လဲဖြစ်တယ်....(မှန်ပါ့) ပျက်လဲ ဒီနေရာ.... (ပျက်ပါတယ်ဘုရား)။

အေး.... ဒါကြောင့် ဒီ နာတဲ့ စိတ်ကလေးဟာ ပေါ်တဲ့ နေရာမှာပေါ်၊ ဒီနေရာမှာပျောက်၊ ရိပ်မိကြပလား....(မှန်ပါ့)။

ပေါ်တော့လဲ.... (ဒီနေရာမှာပါ)။

ပျက်ပြန်ယင်လဲ....(ဒီနေရာမှာပါဘဲ)။

ဒီနေရာမှာဘဲ ပျက်ရမယ်ဆိုတာ သေချာကြပလား.... (သေချာပါတယ်ဘုရား) အဲဒီတော့ ဒီ နေရာကလေးကို ဉာဏ်ကနေပြီး စိုက်ကြည့်တာပေါ့ တကာတကာမတို့....နော်.... (မှန်ပါ့)

အဲဒါ ခင်ဗျားတို့ဟာက ခက်လိုက်တဲ့ဖြစ်ခြင်း အယားတော့ ဖျောက်တတ်တယ်၊ ဉာဏ်နဲ့တော့ မဖျောက်တတ်ဘူး (မှန်ပါ့) ဒါ.... ခက်နေတယ်.... (မှန်ပါ့ဘုရား) သဘောကျရဲ့လား.... (ကျပါတယ်) အယားတော့ (ဖျောက်တတ်ပါတယ်ဘုရား) ဉာဏ်နဲ့တော့ (မဖျောက်တတ်ပါဘူး)။

အဲ-ဒီနေ့ အယားဖျောက်ရမှာကို ဉာဏ်ကလေးနဲ့ ဖျောက်ရမယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

တကာတကာမတို့ ယားတယ်ဆိုတော့ ညမှောင်ထဲမှာတောင် မှ ကြမ်းပိုးရအောင် ဖမ်းနိုင်သေးတယ်.... (မှန်ပါ့ဘုရား) ခက် လိုက်တဲ့.ဖြစ်ခြင်း ဉာဏ်နဲ့.တော့ မလိုက်ဘူး.... (မှန်ပါ့)။

ဉာဏ်နဲ့ လိုက်လိုက်လို့.ရှိယင် ဒီ ကာယဝိဉာဏ်ကလေးဖြစ်ပြီး ပျက်တာကလေးကို မမြင်လိုက်ရ ပေဘူးလား.... (မြင်ပါတယ် ဘုရား)။

အဲဒီတော့ ဒီဘက်က ပဋိစ္စသမုပ္ပါဒ်သုံးမျိုးစလုံး ဘယ်.နှယ် နေသတုံး.... (ပြတ်ပါတယ်ဘုရား) ပြတ်သွားတော့ ကိုယ်.ဒုက္ခ တွေလွတ်မသွားပေဘူးလား.... (လွတ်သွားပါတယ်ဘုရား)။

ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန် ပါဘုရား) အဲ-နိဗ္ဗာန် ကျအောင် ပို့.မည့်တရားကို ခင်ဗျားတို့ လက်နဲ့.မလိုက်နဲ့....တဲ့ဉာဏ်နဲ့.လိုက်ပေးစမ်းပါ (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘာနဲ့.လိုက်ကြမယ်.... (ဉာဏ်နဲ့ လိုက်ရပါမယ်) ဉာဏ်နဲ့. လိုက်ပေးလိုက်စမ်းပါ ဆိုတာကိုဘဲ တိုက်တွန်းရပြန်တယ်၊ သုခ လာလဲ ဉာဏ်နဲ့.လိုက်၊ ကိုယ်ပေါ်မှာ သုခကလေး ပေါ်ယင် ကော.... (ဉာဏ်နဲ့လိုက်ရမယ်)။

အင်း.... ဒုက္ခကလေး ပေါ်ယင်ကော.... (ဉာဏ်နဲ့.လိုက်ရ မယ်) ဉာဏ်နဲ့.လိုက်ပါဆိုတာကို ဘုန်းကြီးက တိုက်တွန်းတယ် ဉာဏ်နဲ့ လိုက်· လိုက်တော့ အနိစ္စ....မဂ္ဂ၊ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဒီက ဘာတုံး.... (အနိစ္စပါဘုရား) အဲ.... သုခကလဲ အနိစ္စ။ လိုက်တာက.... (မဂ္ဂ ပါဘုရား) အေး.... ဒါဖြင့် သူက ဒုက္ခ

ကလေးဖြစ်နေတော့ သူကလဲ ဖြစ်ပျက်၊ သူကလဲ ဘာဆိုမလဲ.... (မဂ္ဂပါဘုရား)။

မင်္ဂ ဆိုတော့ တကာတကာမတို့ ဟော.... ပဋ္ဌိစ္စသမုပ္ပါဒ် အကြောင်းပြတ်ပြီ၊ ဟော.... အကျိုးကိုယ်ပိုင် ရသေးရဲ့လား.... (မရုပါဘူး)။

အဲဒီတော့ တကာတကာမတို့ အင်မတန် အဘိုးတန်သွားတဲ့ ဟောဒီက ဒုက္ခသစ္စာ၊ ဟောဒါက မဂ္ဂ သစ္စာ၊ ဟောဒါ သမုဒယ သေတာ ဟောဒါ နိရောဓဆိုတဲ့ နိဗ္ဗာန် ပေါ်လာတာ (မှန်ပါ့)။

ကဲ....သစ္စာလေးပါးကော မကိုက်ဘူးလား. (ကိုက်ပါတယ် ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါက ဘာသစ္စာ.... (ဒုက္ခသစ္စာပါ)။

ဒီဟာက.... (မဂ္ဂသစ္စာပါ)။

ဒါက မလာယင်.... (သမုဒယသေတာပါ့)။

သမုဒယသေတာ၊ သူမလာတဲ့အတွက် ဒီ....ဒုက္ခဘဲ့ ပေါ်သေးသလား.... (မပေါ်ပါဘုရား) အဲဒါ.... နိရောဓသစ္စာ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါ.... သေသေ ချာချာ မှတ်ပါတဲ့၊ သစ္စာ လေးပါးကို ဟောနေတယ် ဆိုတာလဲ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

ကဲ.... တကာတကာမတွေ့ မှတ်မိအောင်ဘဲ တခေါက်ပြန်ပြီး ပြောပါဦးမယ်....နော်....(မှန်ပါ့)ခင်ဗျားတို့ဟာ ကိုယ်ပေါ်မှာ ယားတယ်၊ နာတယ်၊ ကောင်းတယ်၊ ဘာလုပ်ကြမလဲ(ဖြစ်ပျက် ရှုရပါမယ်)။ သြော်....ဖြစ်ပြီးပျက်တဲ့ အနိစ္စတရားပါလားလို့

ရှုလိုက်တယ်ဗျာ။ ရှုလိုက်တော့ အနိစ္စမှန်း သိသွားကတည်းက မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဒိဋ္ဌရှိသေးရဲ့လား....(မရှိပါဘူး ဘုရား)။

ငါနာတယ် ငါယားတာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘူး ဘုရား) အနိစ္စကလေး ဖြစ် မသွားဘူးလား .... (ဖြစ်သွားပါတယ်)။

ဒါဖြင့် အနိစ္စကို အနိစ္စမှန်းသိတော့ ဒါ—သမ္မာဒိဋ္ဌိဆိုမလား၊ မိစ္ဆာဒိဋ္ဌိဆိုမလား....(သမ္မာဒိဋ္ဌိပါဘုရား)။

အဲ....သမ္မာဒိဋ္ဌိဖြစ်သွားတဲ့ အခါကျတော့ တကာ တကာမတို့ အပါယ်ရောက်စေတတ်တဲ့ ခုနက သက္ကာယဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိတွေ လာသေးရဲ့လား....(မလာပါဘူး ဘုရား) မလာတော့ တကာ တကာမတွေ အပါယ်ရောက်စရာ ရှိသေးရဲ့လား....(မရှိပါဘူး ဘုရား)။

အဲဒီလို ကျေးဇူးမျှားတဲ့ တရားဖြစ်ပြီးသကာလ ဒီတလုံးကလေးဟာ တကာ တကာမတို့ အသက်တရာ နေရတဲ့အခါမှာ ဟောဒီ လက်ညှိုးကလေးကို တကာ တကာမတွေက နံ့သာကလေး လူးထားနော်....(မှန်ပါ့)။

နံ့သာကလေး လူးပြီးတော့ ဒီလိုဆွဲလိုက် နှာခေါင်းနားတော့ကပ်ပြီးဆွဲလိုက်....(မှန်ပါ့) နည်းနည်းကလေး တဆိတ်စာလောက်တော့ အမွှေးနံ့ကလေး ဝင်မသွား ပေဘူးလား....(ဝင်ပါတယ်ဘုရား) အဲဒါ-ဖြစ်ပျက်လို့ မင်နဲ့ကြည့်လိုက်ယင်၊ ခင်ဗျားတို့ ဒီတချက်ဟာလေ အကြိမ်းဆုံး ကုသိုလ်လို့ မှတ်လိုက်စမ်းပါ....(မှန်လှပါဘူးဘုရား)။

ဒီတချက်မြင်တဲ့ ကုသိုလ်ဟာ အကြီးဆုံး ကုသိုလ်ဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) မေတ္တာ တနေ့လုံး ပို့နေတာ သူ့တချက်မမှီဘူးတဲ့ .... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

မေတ္တာတနေ့လုံးပို့နေတာ....(သူ့-တချက်မမှီပါဘူးဘုရား) မေတ္တာ တသက်လုံး အသက်ရှင်သ၍ ပို့နေယင်တော့....(မမှီပါဘူး ဘုရား)ဘာမှီမတုံး တတာ တကာမတို့ ဒီဟာကဒီအကြောင်းပြတ်တယ်.... (မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီဟာက အကြောင်း မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလုံး မပြတ်ဘူးလား .... (ပြတ်ပါတယ် ဘုရား) အဲဒါကြောင့် ဘုရားက=

ကောဟံ ဇီဝိတံ သေယျော။

ပဿတော ဥဒယဗ္ဗယံ။

ဆိုတဲ့ဥစ္စာ ဒါကလေး ဖြစ်ပျက် မြင်လိုက်တဲ့ အတွက်ကဲ့တဲ့ အသက်တရာနေတဲ့ ပဋိုလ် အသက်တရာ မေတ္တာပို့နေတဲ့ ပဋိုလ်ထက် သာပါသေးတယ်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပြတ်သလဲ....(သုံးမျိုးပြတ်ပါတယ်ဘုရား)။

သုံးမျိုးလုံးပြတ်တော့ တကာ တကာမတို့ သုံးမျိုးလုံးပြတ်တယ်ဆိုကတည်းက သံသရာ့ရေသောက်မြစ်သုံးခု-ဦးခင်မောင်ကုန်မသွားဘူးလား....(ကုန်သွားပါတယ်ဘုရား)။

အဲဒီတော့ သံသရာ့ ရေသောက်မြစ် သုံးခု ဒုက္ခရေသောက်မြစ် သုံးခု ကုန်သွားကတည်းက ဒုက္ခပင်ကြီး ဒုက္ခအပင့်တွေ့ ဒုက္ခအသီးတွေ့ နောက်ပြန်ပေါက်မည့် ဒုက္ခမျိုးစေ့တွေ့ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘူးဘုရား) အဲဒီတော့ ဒုက္ခသိမ်းနိုင်တာ သူဘဲဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဘယ်နှယ်ကြောင့် ဒုက္ခ ဒါလောက်သိမ်းနိုင်ပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့- အို....ဒုက္ခမြင်လို့ ဒုက္ခသိမ်းနိုင်တာ....(မှန်လှပါဘုရား) မှတ်မိကြရဲ့လား....(မှတ်မိပါတယ်ဘုရား) ဒုက္ခကို....(မြင်လို့ ဒုက္ခသိမ်းနိုင်ပါတယ်)။

အဲ....ဒုက္ခကိုမြင်လို့- ဟောဒီမယ် ဒုက္ခ ဖြစ်ကြောင်းသိမ်းတယ်....(မှန်ပါ့ဘုရား) ဒုက္ခဖြစ်ကြောင်း သိမ်းတော့ ဒီ-ဒုက္ခကျိုးတွေ့ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား)။

ဒါဖြင့် ဒုက္ခကိုမြင်လို့ ဒုက္ခဖြစ်ကြောင်း သိမ်းပါတယ်....(မှန်ပါ့) ဦးခင်မောင် ဘာတဲ့တုံး.... (ဒုက္ခကိုမြင်လို့ ဒုက္ခဖြစ်ကြောင်း သိမ်းပါတယ်ဘုရား)။

ဒုက္ခဖြစ်ကြောင်း သိမ်းနိုင် ခြင်းကြောင့် ဒုက္ခဖြစ်ကျိုးတွေ့ တကာ တကာမတွေ့ တသံသရာလုံး ကိစ္စပြီးသွားပါတယ်....(မှန်လှပါဘုရား)မပြီးဘူးလား....(ပြီးပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ မနေ့ကတော့ကို အာသဝနဲ့ပြောခဲ့ထယ် ဦးခင်မောင်....(မှန်လှပါဘုရား) မနေ့က အာသဝနဲ့ပြောတယ်၊ ဒီဇံနဲ့ သမ္မာဒိဋ္ဌိနဲ့ပြောတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်လှပါဘုရား)။

ကာယဝိညာဏဿ အနိစ္စတော ဇာနတော ပဿတော သမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

ကာယဝိညာဏံ=သုခသဟဂုတ်ကာယဝိညာဏ်၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကို၊ အနိစ္စတော=အနိစ္စအားဖြင့်၊ ဇာနတော= ရှုသော၊ ပဿတော=မြင်သောပုဂ္ဂိုလ်အား၊ သမ္မာဒိဋ္ဌိ=မဂ် သမ္မာဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ=ဖြစ်၏။

မင် သမ္မာဒိဋ္ဌိလဲဖြစ်ကရော ပဋိစ္စသမုပ္ပါဒ်သုံးခုစလုံး သွား တာဘဲ....(မှန်ပါ့ ဘုရား)အကြောင်း ပေါ်သေးရဲ့လား.... (မပေါ်ပါဘူးဘုရား)အကြောင်း မပေါ်ကတည်းက ဒီဘက်က အကျိုးတွေ တကာ တကာမတွေ စိတ်ချရပြီလား....(စိတ်ချရ ပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဩော်....ဒါဖြင့် သိပ်အဘိုး တန်ပါကလား.... ခင်ဗျား တို့ သန္တာန်မှာ ယားတဲ့ စိတ်ကလေး ပေါ်လဲ ဖြစ်ပျက်။ အင်း.... ကောင်းတဲ့စိတ်ကလေးပေါ်လဲ....(ဖြစ်ပျက်ပါဘုရား)။

အဲ-အကုန်သာ ရှုနေ ရှုနေ တကာ တတာမတွေ၊ မရှုလိုက် ယင် သူက ပဋိစ္စသမုပ္ပါဒ်ဆက်တော့မယ်(မှန်ပါ့ဘုရား)ရှုလိုက် လို့ ရှိယင်ဖြင့် တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးစလုံး မပြတ်ပေဘူးလား....(ပြတ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီအလုပ်ဟာ ဩော်....ကိုယ်ဒုက္ခရောက်မည့် အလုပ်ကို ကာကွယ်တဲ့အလုပ် ဖြစ်နေသောကြောင့် ခင်ဗျားတို့ အင်မတန် ခြင်ပေါ်တဲ့ နေရာကျတော့ တကာ တကာမတွေ အင်မတန်ပူအိုက်တဲ့နေရာကျတဲ့အခါကျလို့ ရှိယင်ဖြင့်ယာပ်တောင် ကလေး ဘာလေး မဆောင်ကြ ဘူးလား.... (ဆောင် ပါတယ် ဘုရား)

အင်း....ယပ်တောင်ကလေး ဘာလေး ဆောင်ရတယ် ခြင်ကာကွယ်ဘို့နော်....(မှန်ပါ့)ခြင်ကာကွယ်ဘို့ အပူ ကာကွယ် ဘို့ဆိုပြီး သကာလ တကာ တကာမတွေ့ ယပ်တောင် ကလေးတွေ့ ဘာကလေးတွေ့ မဆောင် ကြရဘူးလား....(ဆောင်ရ ပါ တယ် ဘုရား)။

ဒါကြောင့် အသုဘကိစ္စရှိတဲ့အခါ အလှူကိစ္စ မင်္ဂလာအခမ်း အနားရှိတဲ့အခါကျလို့ ရှိယင် ကာကွယ်ရေး ယပ်တောင်ကလေး တွေ့ မကမ်းကြဘူးလား....(ကမ်းကြပါတယ်ဘုရား)။

ဒါဟာသူတို့ကိုယ် သူတို့ကာကွယ်ချင်လို့ ကမ်းတာလား.... လာတဲ့ပုဂ္ဂိုလ်များ သူတို့ဟာသူတို့ ကာကွယ်နိုင်ပါစေလို့ ကမ်းတာလား....(လာတဲ့ပုဂ္ဂိုလ်များ ကာကွယ်နိုင်စေဘို့ကမ်းတာပါ ဘုရား)။

အဲ....ကိုယ် ကိုယ်ကို ကာကွယ်တဲ့ ချမ်းသာကို အလိုရှိလို့ ကာကွယ်တဲ့ ယပ်တောင်ဆိုယင် လဲပါ့မလား.... (မလဲ ပါဘူး ဘုရား)။

အဲဒီ ယပ်တောင်က တကာ တကာမတို့ ခတ်တုံးကဘဲ၊ အေး တာ ခတ်တုံးဘဲ ခြင်မလာတာဘဲ၊ မခတ်ယင် ဒီခြင်လာတာဘဲ ဒီအပူ ဝင်လာတာဘဲ ဆိုတော့ တကာ တကာမတို့ ရှင်းရှင်း လင်းလင်း လွှတ်ကဲ့လား....(မလွှတ်ပါဘူး)။

အဲ-ဟောဒီ မင်္ဂကတော့ ဒီလိုမဟုတ်ဘူး၊ဟောဒီအကြောင်း သုံးခု လွှတ်သွားလို့ ရှိယင် ဒီဘက် အကျိုးသုံးခု ဒုက္ခလာသေး ရဲ့လား....မောင်ထွန်းလှိုင်တို့ မောင်ကိုတို့-(မလာပါဘူးဘုရား)။

အဲဒီတော့ ယပ်တောင်ခတ်တာသည် ကိုယ့်ကိုယ်ကို သနားလို့လုပ်တာ၊ဒီမှာလဲ ကိုယ့်ကိုယ်ကို သနားလို့ရှိယင် ဖြစ်ပျက်ရှုပေးပါ....(မှန်လှပါဘုရား) ဘာလုပ်ကြရမယ်....(ဖြစ်ပျက် ရှုပေးရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုပေးလိုက်တော့ ဖြစ်ပျက်—သမ္မာဒိဋ္ဌိမဂ်၊ ဟော....ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားတွေ့ ချုပ်တယ်၊မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) ဟော....ပဋိစ္စသမုပ္ပါဒ် အကျိုးတရားတွေ့ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘူးဘုရား)။

မလာနိုင်တော့— ဒုက္ခဖြစ်ကြောင်း ချုပ်ကတည်းက ဒုက္ခဖြစ်ကျိုးဆိုတဲ့ "ဒုက္ခက္ခန္ဓာသ နိရောဓောဟောတိ"၊မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား) ဒုက္ခက္ခန္ဓာသ(နိရောဓောဟောတိ) ဒုက္ခအစုကြီး ချုပ်သွားပြီဆိုတော့ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဘဲတဲ့၊ နိဗ္ဗာန်ဆိုတာ တကာ တကာမတို့ ဒီအကြောင်း ဖြတ်လိုက်လို့ ရတာလို့ မှတ်ပါ....(မှန်လှပါဘုရား) နိဗ္ဗာန်ဆိုတာ.... (ဒီအကြောင်းဖြတ်လိုက်လို့ ရတာပါဘုရား) ပဋိစ္စသမုပ္ပါဒ် အကြောင်းသုံးခု ဖြတ်လိုက်လို့ရတာ၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ရချင်လို့ရှိယင်ဖြင့် တကာ တကာမတို့ နိဗ္ဗာန်ကို ရောက်ချင်တယ်—နိဗ္ဗာန်ကိုရချင်တယ်—တပည့်တော်တို့ ဒုက္ခကင်းချင်ပါတယ်လို့ စိတ်ထဲမှာ မြဲမြဲစဲ့စဲ့ ရှိကြလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် အကြောင်းသုံးခု ဖြတ်ပါ....(မှန်လှပါဘုရား)နိဗ္ဗာန်လိုချင်ယင်....(ပဋိစ္စသမုပ္ပါဒ်အကြောင်းသုံးခု ဖြတ်ရမယ်)။

အကြောင်းသုံးခုကို ဖြတ်ရလိမ့်မယ်၊ အကြောင်းသုံးခု ဖြတ်ချင်လို့ ရှိယင်ဖြင့် လက်နက်ရှာပါဆိုတော့ ဝိပဿနာလက်နက် ရှာပါ....(မှန်လှပါဘုရား)ဘာ ရှာရမယ်....(ဝိပဿနာလက်နက် ရှာရမယ်)ဝိပဿနာလက်နက် ရှာတတ်ဘို့ ဆရာဘုန်းကြီးက နေ့တိုင်းနေ့တိုင်းပေးနေတယ်၊မပေးဘူးလား(ပေးပါတယ်ဘုရား)။

အဲဒီတော့ ဝိပဿနာလက်နက် ရှာတဲ့အခါကျလို့ ရှိယင်ဖြင့် ဆရာဘုန်းကြီးက အေး....ကိုယ်ပေါ်မှာလာတဲ့ ယားတယ် ယံတယ် နာတယ် ကောင်းတယ်ဆိုတာတွေကို ဘာလုပ်ရမယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ....သူက ဖြစ်ပျက်ဆိုတော့ ခင်ဗျားတို့ ကာကွယ်မည့် ဝိပဿနာမင်္ဂ လာပြီ-(မှန်ပါ့)ဟောဒီ ပဋိစ္စသမုပ္ပါဒ်အကြောင်းသုံးခု ဘာဖြစ်ကုန်သလဲ....(ပြတ်ကုန်ပါတယ်)။

ပြတ်တယ်ဆိုကးတည်းက ဟောဒီမှာ"ဒုက္ခက္ခန္ဓသနိုရောဓော ဟောတီ"ဆိုတဲ့ နိဗ္ဗာန် ပေါ်ပြီ....(ပေါ်ပါပြီ)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် တကာတကာမတို့ ဝေးသလား....နီးသလား....လို့ မေးယင် ဘယ်နှယ်ဖြေကြမယ်.... (နီးပါတယ်ဘုရား)။

နီးလျက်နဲ့ ဘယ်နှယ်ကြောင့် မရောက်ပါလိမ့်မတုံးလို့ ဦးခင်မောင်တို့ တကာသစ်တို့ မောင်မြတို့ မေးရလို့ ရှိယင်ဖြင့် ငြော်....နည်းကောင်း လိုနေလို့....(မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ) ဘာလိုနေပါလိမ့်...(နည်းကောင်း လိုနေပါတယ်)။

နည်းကောင်း လိုပြီးသကာလနေတဲ့အတွက် အခုတော့ဖြင့် တကာ တကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နိဗ္ဗာန်ဟာ မင်းတို့တထစ်ချ မှတ်ထားကြဟေ့....တဲ့၊ နိဗ္ဗာန်ကို ငါဘယ်ခါမဆို အနိုးကလေးဟောတယ်....(မှန်ပါ့)။

နိဗ္ဗာန်ကို ဘုရား ဘယ်လိုဟောလေ့ရှိပါလိမ့်-(အနိုးကလေးဟောလေ့ရှိပါတယ်ဘုရား) တကာ တကာမတွေ သဘောကျပလား.... (ကျပါပြီ) နိဗ္ဗာန်ကို ဘယ်လိုဟောလေ့ရှိသတုံး.... (အနိုးကလေးဟောပါတယ်)။

ယဿာ တောဒိသံ ယာနံ။
ဣတ္ထိယာ ပုရိသဿဝါ။
သဗ္ဗေ ဇေတေန ယာနေန၊
နိဗ္ဗာနဿေဝ သန္တိကေ။

လို့သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မယ်၊ဟောဒီမဂ်သာရလို့ရှိယင် နိဗ္ဗာန်အနိုးကလေးက၊ဒီအလုပ်သာ လုပ်ယင် အနိုးကလေး....တဲ့၊ ရှင်းကြပလား....(ရှင်းပါပြီ)ဝိပဿနာအလုပ်-လုပ်ယင်—(နိဗ္ဗာန်အနိုးကလေးပါဘုရား)မလုပ်ယင်....(ဝေးပါတယ်ဘုရား)။

သြော်--ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ တသံသရာလုံး ဝေးခဲ့ရတဲ့-ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကြီးနဲ့ အဝေးကြီး ဝေးပြီး အကွာကြီး ကွာခဲ့ရတာဖြင့် ရိပ်မိလောက်ပါပြီ.... (ရိပ်မိပါပြီ)။

ဒီအလုပ်ကို နည်းနည်းမှ မျက်စောင်းထိုးမိပုံမရဘူး....(မရပါဘူးဘုရား)သဒ္ဓါဘာကျပလား....(မှန်ပါ့)။

အခု ဒီဘဝမှာလဲ ဒီအသက် ဒီအရွယ်သာ ရောက်ပြီးသကာလ လာကြတယ်၊ တချို့တကာ တကာမတွေ့ အခုမှစ·ပြီး သင်ရမှာ ရှိသေးသဗျ.... (မှန်ပါ့ဘုရား) မရှိဘူးလား.... (ရှိပါတယ် ဘုရား)။

အဲဒီတော့ နိဗ္ဗာန်နဲ့ ဝေးတာသည် ဘယ်နှယ်ကြောင့် ဝေး ရပါလိမ့်မတုံးဆိုတော့ ဟောဒီဖြတ်နည်းနဲ့ဝေးလို့ နိဗ္ဗာန်နဲ့ ဝေးတာ....(မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)ဘာနဲ့ ဝေးလို့လဲ....(ဖြတ်နည်းနဲ့ဝေးလို့ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့တရားကို ခင်ဗျားတို့ နည်းမရတဲ့အတွက် ခင်ဗျားတို့ နိဗ္ဗာန်နဲ့ဝေးရတာ.... (မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီ) ဟောဒီဖြတ်လိုက်တော့ ဒီအကြောင်းတွေ ဘယ်နှယ်နေသတုံး....(ပြတ်ပါတယ်ဘုရား) ဒီအကြောင်း ချုပ်သွားတော့ ဒီဘက် နိဗ္ဗာန် မပေါ်သေးဘူးလား.... (ပေါ်ပါတယ် ဘုရား)။

ကိုင်း....ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိယင် တကာ တကာမတို့ ရှင်းရှင်းပြောရမယ်ဆိုလို့ရှိယင် ခန္ဓာနဲ့စပ်နေတယ်၊ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ခန္ဓာငါးပါးနဲ့ နိဗ္ဗာန်နဲ့ စပ်နေတယ်....(မှန်ပါ့) "နိဗ္ဗာန်ဆိုတဲ့ ခန္ဓပဋိဗဒ္ဓမေဝ-" နိဗ္ဗာန်ဟာ ခန္ဓာနဲ့ စပ်နေတယ် ကွ....တဲ့။

အဲဒီတော့ ကိုယ့်ခန္ဓာမှကိုယ်မတွေ့တဲ့ပုဂ္ဂိုလ်မို့ နိဗ္ဗာန်ကိုမတွေ့ ဘူး....(မှန်ပါ့ဘုရား)ကိုယ့်ခန္ဓာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာ ပါဘုရား)။

အဲဒီ ဒုက္ခသစ္စာနဲ့ မတ္တဲတော့ ဒုက္ခသစ္စာချုပ်ယင် နိဗ္ဗာန်က ပေါ်ရမှာ၊ တ္တဲသေးရဲ့လား....(မတ္တဲပါဘူးဘုရား)။

ဒါဖြင့် တကာ တကာမတို့ ကိုယ့်ခန္ဓာနဲ့ကိုယ် အတူသာနေတယ်၊ ခန္ဓာငါးပါး တ္တဲကြရဲ့လား....(မတ္တဲပါဘူးဘုရား) ခန္ဓာငါးပါး ဒုက္ခသစ္စာတရား တ္တဲကြရဲ့လား.... (မတ္တဲပါဘုရား)။

ဘယ် တ္တဲမတုံး.... တကာ တကာမတို့၊ တ္တဲနေတာကာ ယောကျ်ားတ္တဲတယ်၊ မိန်းမ တ္တဲတယ်၊ ခလေး တ္တဲတယ် .... (မှန်ပါဘုရား) ဒီပြင် ဘာမှမတ္တဲဘူး....(ဘာမှမတ္တဲပါဘူး) ကိုမြရွှေတို့....ဘာတ္တဲများ တ္တဲနေသတုံး....(ဘာမှ မတ္တဲပါဘူးဘုရား)။

ဘာမှမတ္တဲဘူး ယောကျ်ားတ္တဲ မိန်းမတ္တဲဘဲတ္တဲနေတာဘဲ၊ ခန္ဓာ တ္တဲရဲ့လား(မတ္တဲပါဘူး)ဒုက္ခသစ္စာကော(မတ္တဲပါဘူး) အဲ-ဒုက္ခသစ္စာလဲမတ္တဲတော့-ဒုက္ခသစ္စာအဆုံးမှာနိဗ္ဗာန်က-မရှိဘူးလား(ရှိပါတယ်ဘုရား)ဒုက္ခဿ အန္တ ကရိဿတိ ကိုး၊ဒုက္ခဿ=ဒုက္ခ၏အန္တ=အဆုံးကို၊ ကရိဿတိ=ပြုလတ္တ၊ အဲဒါနိဗ္ဗာန်ဘဲ (မှန်လှပါ)ဒုက္ခအဆုံးဟာ....(နိဗ္ဗာန်ပါဘုရား)။

အဲဒီတော့ ဒုက္ခက-ခန္ဓာ၊ ဒီခန္ဓာဆုံးသွားယင်....ရှုလိုက်တိုင်း ဒီခန္ဓာကြီး မလိုချင်လို့ ဖြတ်ဆို ချုပ်သွားယင် ဘာတ္တဲမယ် ထင်ကြသလဲ....(နိဗ္ဗာန်တ္တဲပါမယ်)။

အဲဒီတော့ ဒါဖြင့် ခင်ဗျားတို့သည် ခန္ဓာကိုမတ္တဲဘူး .... (မှန်ပါ)သဘောကျပလား....(ကျပါပြီ) နေတော့ ဘယ်သူနဲ့ နေတုံး....(ခန္ဓာနဲ့နေပါတယ်ဘုရား)တ္တဲတော့-(မတ္တဲပါဘူး)

ဖြစ်မှဖြစ်ရလေ၊ ကြောင်တောင်ကန်း လုပ်နေကြတယ်၊ ရိပ်မိပ လား....(ရိပ်မိပါပြီ)။

ဒါ မနာကြပါနဲ့၊ကိုယ့်ဖြစ်စဉ် ဒီအတိုင်းပါဘဲ....(မှန်ပါ့) နာစရာကောရှိသလား ဦးခင်မောင်....(မရှိပါဘူးဘုရား)ခင်ဗျား ဘယ်သူနဲ့ အတူနေသတုံး....၊မြေးကလေးနဲ့ အတူနေတယ်၊ ဒီလိုပြောချင်ပြောပစ်လိုက်မယ်....(မှန်ပါ့)။

ဂုကျလိုက်တဲ့ဖြစ်ခြင်းမှာ၊ ခန္ဓာနဲ့ အတူနေတယ်လို့ ပြောကို မပြောဘူး....(မှန်ပါ့ဘုရား)ပြောသေးရဲ့လား....(မပြောပါဘူး ဘုရား) အဲဒီကတည်းက တကာ တကာမတွေ့ မြေးနဲ့ အတူတူ နေတယ်၊သမီးနဲ့ အတူတူနေတယ်၊ဒါဘဲပြောနေတာဘဲ၊ ခန္ဓာနဲ့ အတူတူနေတယ်လို့ ပြောဘူးကြရဲ့လား.... (မပြောဘူးပါဘူး ဘုရား)။

ဒါဖြင့် တွေ့ကိုမတွေ့ပါဘူး....(မှန်ပါ့ဘုရား)တကာတကာမ တွေ့ ရိပ်မိကြပလား....(ရိပ်မိပါပြီ) ခန္ဓာနဲ့ အတူတူ နေတယ်ဆို တာကော ယနေ့ကစ၍ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဟော....ယားတယ်ဆိုလို့ ရှိယင် တကာ တကာမတို့ ယားတဲ့ ဝိညာဏ်ကခန္ဓာနဲ့ နေတာဗျ....(မှန်ပါ့ဘုရား) ကောင်းတယ်ဆို လို့ ရှိယင်လဲ ကောင်းတဲ့ဝေဒနာကခန္ဓာနဲ့နေတာ....(မှန်ပါ့) မြင် တယ်ဆိုတာ မြင်စိတ်နဲ့နေတာ....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)ရှင်းပြီနော်....(ရှင်းပါပြီ)။

ကဲ.... တခါ ဒီဆံပင် ခေါင်းပေါ်ပေါက်နေလို့ ဆံပင်နဲ့ အတူတူနေပါတယ်ဆိုတော့လဲ သူ ပထဝီဓာတ် အာပေါဓာတ် စတဲ့ ဓာတ်လေးပါးနဲ့ အတူတူနေတာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ခန္ဓာနဲ့ အတူတူနေတာကို ခင်ဗျားတို့က မသိဘူးတဲ့၊ ဒိဋ္ဌလှည့်စားသလိုသာ တကာ တကာမတွေက ခံနေကြတယ်....(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒီကရှေ့ ဘယ်သူနဲ့ အတူတူနေမှ နေရာကျမှာတုံး (ခန္ဓာနဲ့နေမှ နေရာကျမှာပါ)ခန္ဓာဟဲ့ဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) အဲ....ပေါ်တိုင်း ပေါ်တိုင်း ဒုက္ခသစ္စာနဲ့ ခင်ဗျားတို့ ညာဏ်ထဲအတူတူ နေလိုက်စမ်းပါ.... (မှန်လှပါဘုရား)။

ဒုက္ခသစ္စာနဲ့ ညာဏ်နဲ့....(အတူတူနေရမယ်) အတူတူနေလို့ ရှိယင်ဖြင့် ဒုက္ခသစ္စာလဲ ချုပ်ကရော နိဗ္ဗာန်နဲ့ ခင်ဗျားတို့ အတူတူနေရမယ်....(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

မောင်ကို ခက်သလားဟေ့....(မခက်ပါဘူးဘုရား)အတူနေလဲနေလို့ ခက်နေတာ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

နဂိုရိုက်တော့ ခင်ဗျားတို့ သမီးနဲ့ အတူတူနေတယ်၊မြေးနဲ့ အတူတူနေတယ်— ဆိုတော့ ခန္ဓာ ဒုက္ခသစ္စာနဲ့ အတူတူနေတဲ့ ညာဏ်က မရောက်ဘူး.... (မှန်ပါဘုရား) ရောက်သေးရဲ့လား.... (မရောက်ပါဘူး)။

မရောက်တော့ ဒုက္ခသစ္စာအဆုံး တွေ့သေးရဲ့လား....(မတွေ့ပါဘူး) မတွေ့တော့ နိဗ္ဗာန်နဲ့ ဝေးသွားတာပေါ့.... (မှန်ပါ့ဘုရား)ဒုက္ခသစ္စာအဆုံးမှာ ဘာရှိတုံး....(နိဗ္ဗာန်ပါဘုရား)အဲ.... ဒုက္ခသစ္စာမှ မတွေ့တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်နဲ့တွေ့ဘို့ ဘယ်နှယ် နေသတုံး....(မတွေ့နိုင်ပါဘူးဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကို ယနေ့ ရှင်းရှင်းလင်းလင်း ပြော ချင်တာက ဟောတာကခန္ဓာနော်....အဲဒီခန္ဓာကို သားသမီးက ဖုံးပြန်တယ်....(မှန်ပါ့)ဖုံးဘူးလား....(ဖုံးပါတယ်) သားသမီး မြေးမြစ်က....(ဖုံးပါတယ်ဘုရား)။

ကိုယ်.ခန္ဓာကို သားသမီးမြေးမြစ်က ဖုံးထားပြန်တော့- သားသမီးနဲ့. အတူတူနေတယ်ဆိုတော့ ကိုယ်.ခန္ဓာ ပျောက် မသွားဘူးလား.... (ပျောက်သွားပါတယ် ဘုရား) အဲဒီတော့ ခန္ဓာကို တကာ တကာမတို့....တဲ့-ကိုယ်.ခန္ဓာကို သားသမီးမြေး မြစ် မဖြစ်-ဖြစ်အောင် ဒိဋ္ဌိက ဖုံးထားတယ်....(မှန်ပါ့ဘုရား)။

ဒီ သားသမီး လုပ်ထားတာကော ဘယ်သူက လုပ်ထားတာ တုံး....(ဒိဋ္ဌိက လုပ်ထားပါတဲ့ယ်ဘုရား)အဲ့....ဒါဖြင့် ဒီခန္ဓာကြီး ဟာ ပျောက်ပျောက်သွားတယ်.... (မှန်ပါ့ဘုရား) သားသမီး မြေးမြစ်ကကော....(ဖုံးပါတယ်ဘုရား)။

ဘယ်သူ. သားသမီးတုံး....ဘယ်သူ. မြေးတုံး.... အို....ကိုယ်. မြေးပေါ့-ဆိုတော့ တကာ တကာမတွေ့ ဒီဥစ္စာ ဒိဋ္ဌိက တခါ ဖုံးလိုက်ပြန်တယ်....(မှန်ပါ့ဘုရား)ဒိဋ္ဌိက ဖုံးတဲ့အထဲမှာ ဒိဋ္ဌိက ဖုံးချင်လို့. ဖုံးရတာလား....ဆိုလို့.ရှိယင် မသိလို့.ဖုံးတာ ဆို တော့ အဝိဇ္ဇာက ထပ်လိုက်ပြန်တယ်....(မှန်ပါ့ဘုရား) မထပ် ဘူးလား....(ထပ်ပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့ ခန္ဓာပေါ်မှာ သားသမီးမြေးမြစ်က တ ချက်ဖုံး....(မှန်ပါ့)ဒိဋ္ဌိက....(တချက်ဖုံးပါတယ်)အဝိဇ္ဇာက.... (တချက်ဖုံးပါတယ်)သုံးချက်တိတိဖုံးနေတော့ တကာတကာမ တို့ ဒီဟာ ဆရာကောင်း သမားကောင်းမှ ဖွင့်မပေးလို့.ရှိယင်

ဖြင့် ကြာလေနိုဗ္ဗာန်နဲ့ ဝေးလေ သွားတော့မယ်.... (မှန်ပါ့ဘုရား)။

ဒါနဲ့ အတူနေမှသာလျှင် ခန္ဓာဒုက္ခသစ္စာနဲ့ အတူနေမှသာလျှင် ဒုက္ခအဆုံးတွေ့မှာကိုး....(မှန်လှပါဘုရား) ဦးမဟုတ်ယင် တွေ့စရာမြင်ကြရဲ့လား.... (မမြင်ပါဘူး) ကိုင်း....ဒါဖြင့် နိဗ္ဗာန်လိုချင်ယင် အဖုံးသုံးချက် ဖွင့်ရလိမ့်မယ်(မှန်ပါ့ဘုရား) နိဗ္ဗာန်လိုချင်ယင်....(အဖုံးသုံးချက် ဖွင့်ရလိမ့်မယ်) အဖုံးသုံးချက် ဖွင့်ရမယ်ဆိုတဲ့ ဥစ္စာက သားမြေးမြစ်လဲ မရှိစေရဘူး.... (မှန်ပါ့ဘုရား) ကိုယ်ညာဏ်ထဲကပေါ့ဗျာ.... (မှန်လှပါ) သူ့ဟာသူ ပင်ကိုယ်ရှိတာတော့ ရှိပါစေ၊ ကိစ္စမရှိပါဘူး၊ ကိုယ်ညာဏ်ထဲတော့ မရှိစေနဲ့၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုယ်ညာဏ်ထဲတော့ ဖြုတ်ပစ်ကြပါ....(မှန်ပါ့) ပြီးတော့မှ ဒီဌိ တဲ့ချက်ဖွင့်၊ ပြီးတော့မှ အဝိဇ္ဇာတချက်ဖွင့်မှ ဝိဇ္ဇာကလေး ပေါ်တော့ ဝိဇ္ဇာနဲ့ ခန္ဓာနဲ့ သွားတော့မှ နိဗ္ဗာန်နဲ့ တွေ့မှာ (မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဝိဇ္ဇာနဲ့ ခန္ဓာနဲ့တွေ့မှ.... (နိဗ္ဗာန်နဲ့တွေ့မှာပါဘုရား)နိဗ္ဗာန်တွေ့မှာဆိုတာ သေချာပလား.... (သေချာပါပြီ) အဲဒါက ယနေ့ပြောတာသည် တကာ တကာမတို့....ကာယဝိညာဏ်ကို ဝိပဿနာရှုတာ.... (မှန်ပါ့) ကာယဝိညာဏဆိုတဲ့ သုခ-ဒုက္ခ ကာယဝိညာဏ်ကို ဖြစ်ပျက်ရှုပါဆိုတာ အဓိက ထားတာပါဘဲ (မှန်လှပါဘုရား) ပေါ်ကြပြီနော်.... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ တကာ တကာမတို့ ဆန္ဒကိုဘဲ ပြန်ကောက်ကြစို့....တဲ့ ဆန္ဒသည်ကားလို့ဆိုယင် မနေ့က သာဝတ္ထိပြည်က

နေပြီးသကာလ အရှင်အာနန္ဒာဆိုဒီ–ကိုယ်တော်တို့ ဟောလို့ မကျွတ်နိုင်လို့ ဦးခင်မောင်ရေ.... အရှင်အာနန္ဒာကလဲ ကောသမ္မီပြည်မှာ ရှိနေလို့ သူ ကဗျာကရာပရိက္ခရာတွေယူပြီး အဲဒီကိုမသွားလားဗျာ.... (သွားပါတယ်)။

သွားလိုက်တဲ့အခါကျတော့ အရှင်အာနန္ဒာနဲ့ဘဲ သွားပြီးတော့ပါတယ်။ ဖွားဘက်တော်ချင်း ဖြစ်ပြီးသကာလ နေတာနဲ့ သူကဘဲ ဆီးပြီးနှုတ်ဆက်တယ်၊ ညီတော် အာနန္ဒာ....တဲ့ တပည့်တော်ကို ကူညီဦးမှဘဲ တရားထူး တရားမြတ်တွေ သိပ်ရချင်နေပြီ.... (မှန်ပါ့)။

ရချင်တာနဲ့ ခုနကပုဂ္ဂိုလ်တွေ သာဝတ္ထိပြည်မှာရှိတဲ့ ပုဂ္ဂိုလ်တွေအဟောခိုင်းပြန်တော့လဲ သူတို့ဟောတဲ့တရားတပည့်တော်နဂိုရင်ကလဲရှုတာဘဲ၊ ရှုလက်စနဲ့လဲ ရှုပါတယ်၊ သူတို့ပြောပြီးမှလဲ ရှုကြည့်ပါတယ်၊ နိဗ္ဗာန်မတွေ့ပါဘူးတဲ့၊ မပြောဘူးလားဗျာ.... (ပြောပါတယ်)။

နိဗ္ဗာန်တွေ့ရဲ့လား.... (မတွေ့ပါဘူးဘုရား) ဘာတွေ့မတုံးတကာတကာမတွေ့ရဲ့.... ခုနကပြောခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ် တန်းနေတဲ့ သဘောကြီးကို ဦးခင်မောင်.... ဟောမှ မဟောဘဲ (မှန်လှပါဘုရား) သူကလဲ နှလုံးမသွင်းဘူး....(မှန်ပါ့)သဘောကျပလား.... (ကျပါတယ်)။

အဲဒီတော့ ဒီဋ္ဌိခံ–မခံ စဉ်းစားစမ်း၊ (ခံပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် တခုဖြစ်ပြီး တခုချုပ်တာ၊ တခုဖြစ်ပြီး တခုချုပ်တာမမြင်လို့ရှိယင် တကာတကာမတွေ့ ဒါ-ပဋိစ္စသမုပ္ပါဒ်ချုပ်

ပျက်ကို ချုပ်တာနဲ့ ပျက်တာကို မမြင်ကြလို့ ရှိယင် ဘာခံမယ် ထင်ကြသတုံး.... (ဒိဋ္ဌိ ခံပါတယ်ဘုရား) သဘောကျပလား.... (ကျပါတယ်)။

အဲဒီတော့ အရှင်ဆန္ဒ ရှုနေတာသည် ဖြစ်ပျက် မမြင်လို့ လား.... ဒိဋ္ဌိ မကွာလို့လားသာ အကဲခတ်ကြပေတော့.... (ဒိဋ္ဌိ မကွာလို့ပါ ဘုရား) မောင်ကိုတို့.... ကျေနပ်ပလားဟော့.... (ကျေနပ်ပါပြီ) အရှင် ဆန္ဒဟာ ဖြစ်ပျက် မမြင်လို့လား.... ဒိဋ္ဌိ မကွာလို့လား.... (ဒိဋ္ဌိ မကွာလို့ပါဘုရား) ကြည့်လေ ဒီ-ဖြစ်ပျက်တွေ သူမြင်ပါတယ်တဲ့၊ နိဗ္ဗာန်တော့ မတွေ့ပါဘူး တဲ့.... (မှန်ပါ့)။

မောင်ထွန်းလှိုင်.... ဖြစ်ပျက်တော့.... (မြင်ပါတယ်ဘုရား) နိဗ္ဗာန်တော့....(မတွေ့ပါဘူးဘုရား)ဘယ်ဘွေ့မတုံး....တဲ့ ဒီကိုယ် တော်က ပဋိစ္စသမုပ္ပါဒ် ဆိုတဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ် မပါဘဲနဲ့ ဝိပဿနာ ရှုနေတာ....(မှန်ပါ့) သဘောကျပလား.... (မှန်ပါ့ ကျပါပြီ) တခုဖြစ်ပြီးမှ တခုချုပ်၊ တခုချုပ်ပြီးမှတခုဖြစ်တယ် ဟာဒါ ချုပ်ပြီးယင် ဒုတိယဟာဖြစ်တယ်၊ ဒုတိယဟာ ချုပ်ပြီးယင် တတိယဟာဖြစ်တယ်၊ တတိယဟာ ချုပ်ပြီးယင် စတုတ္ထ ဟာဖြစ်တယ်ဆိုတော့ ခန္ဓာထဲမှာတန်းတန်း-တန်းတန်းပြီးမသွား ရဘူးလား.... (သွားရပါတယ်ဘုရား)။

အစဉ်တန်းသွားရတယ်၊ အဲဒီ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖြစ်ချုပ် ဖြစ်ချုပ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကို သူနားမလယ်ဘဲနဲ့ အခု ပေါ်လာတာ ကလေးတွေဟာ အနိစ္စဘဲ၊ အခု ပေါ်လာတာ ကလေးတွေဟာ အနိစ္စဘဲဆိုပြီးဒီလိုသာရှုနေတဲ့အတွက်ဘုန်းကြီး

သုံးခါရှိပြီပြောတာ ဦးခင်မောင်.... မှတ်မိပါလိမ့်မယ်....နော်.... (မှန်လှပါ) အားနည်းတဲ့ ဝိပဿနာ ဖြစ်နေတယ်.... (မှန်လှပါဘုရား)။

ဘာဝိပဿနာတဲ့လဲ.... (အားနည်းတဲ့ ဝိပဿနာပါဘုရား) အားနည်းတဲ့ ဝိပဿနာဆိုတာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့က စဉ်းစားစမ်း၊ ဘာမကွာလို့ အားနည်းတာပါလိမ့် (ဒီဋ္ဌိ မကွာလို့ပါဘုရား) ဒီဋ္ဌိ မကွာလို့....နော်....(မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ) ဒီဋ္ဌိဘယ် နှယ်ကြောင့် မကွာသတုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် နားမလယ်ဘဲနဲ့ ရှုနေလို့.... (မှန်လှပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒီဋ္ဌိဘယ် နှယ်ကြောင့် မကွာပါလိမ့်.... (ပဋိစ္စသမုပ္ပါဒ် နားမလယ်ဘဲနဲ့ ရှုနေလို့)ပဋိစ္စသမုပ္ပါဒ် နားမလယ်ဘဲနဲ့ရှုပြီးသကာလ နေတော့ တကာတကာမတို့ အားနည်းတဲ့ ဝိပဿနာဖြစ်ပြီးသကာလ....တဲ့ ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း တခါတည်း အနိစ္စရှုလိုက်, ပျောက်သွားလိုက်, အနတ္တရှုလိုက်, ပျောက်သွားလိုက် မနေ့ကပြောသလို တကာတကာမတွေ့ ပျောက်သွားလိုက်.... ကြောက်သလိုလို ဖြစ်လိုက်....(မှန်ပါ့)ဘာအားကိုးရပါ့ မတုံးဆိုတဲ့ နောက်စိတ်ပေါ်လိုက်၊ဒီလိုချည်းဘဲ မနေဘူးလား.... (နေပါတယ်ဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့်တုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် နားမလယ်ဘဲနဲ့ ဝိပဿနာရှုနေလို့ ကြောက်မှု အားကိုးရှာမှု ပေါ်ပေါ်နေတယ်.... (မှန်လှပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီ) အဲဒီတော့ ကြောက်မှု- အားကိုးရှာမှုတွေ့ ပေါ်-ပေါ်နေတယ်ဆိုတာ တကာတကာမတွေ့ လေးလေးစားစားမှတ်ပါ(မှန်ပါ့)။

အဲဒါကြောင့် အရှင် အာနန္ဒာဆီ သွားပြီးသကာလ သြော် အရှင်အာနန္ဒာ တွေးလိုက်တယ်.... အရှင်ဆန္ဒ သည်ကားလို့ ဆိုယင် ယူဇနာပေါင်းများစွာ ဝေးတဲ့ဆီက ငါ့ဆီလာခဲ့တဲ်ယ် တရားထူးလိုချင်လို့ သူလိုချင်တဲ့ တရားကလဲ— သူရှုနေတာလဲ ခုနက ဟိုကိုယ်တော်တွေ့ဟောတဲ့တရားလဲ မှန်တာဘဲ၊ သူရှုနေတာက ပစ္စယပရိဂ္ဂဟဉာဏ် မပါဘဲနဲ့ (၀၊) ပဋိစ္စသမုပ္ပါဒ် နားမလယ်ဘဲ အားနည်းတဲ့ ဝိပဿနာနဲ့ ရှုနေတဲ့အတွက် ဒုက္ခ အဆုံးမှာ နိဗ္ဗာန် ပေါ်ဘို့ဟာ မပေါ်လာဘူး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒုက္ခအဆုံးမှာ.... (နိဗ္ဗာန်ပေါ်မလာဘူး) ပေါ်လာကြရဲ့ လား.... (မပေါ်ပါဘူး) ကိုင်း.... တကာ တကာမတို့ အား လုံး ဂရုစိုက်ပြီးတော့မှတ်ပါ၊ ခင်ဗျားတို့ရှုနေတဲ့ ဟောဒီ ဖြစ် ပျက်ဟာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) အဲ့ဒါသာ ဆုံးအောင်လိုက်၊ ဒါကို မလိုချင်တော့ပါဘူးလို့ ဆုံးအောင် လိုက်လို့ရှိယင် ဟောဒီနေရာမှာ နိဗ္ဗာန်ပေါ်ရမယ်....(မှန်ပါ့)။

ဖြစ်ပျက်ဆုံးတဲ့နေရာမှာ ဘာဖေါ်ရမလဲ.... (နိဗ္ဗာန်ပေါ်ရ ပါမယ်ဘုရား) အဲဒ့ါ....နိဗ္ဗာန်သည် ခင်ဗျားတို့သေမှ တွေ့ရမှာ လား.... မသေခင်တွေ့ရမှာလား.... (မသေခင် တွေ့ရမှာပါ့ ဘုရား)။

အဲ-ဘာ့ဘာဆုံးအောင်လိုက်ရမလဲ(ဒုက္ခဆုံးအောင်လိုက်ရပါမယ်) ဒုက္ခဆိုတာ ဘာပါလိမ့်ဗျာ.... (ဖြစ်ပျက်ပါ) အဲ....ဒုက္ခ ဆိုတာ သည် ဖြစ်ပျက်ပေါ့ဗျာ....(မှန်ပါ့)။

အဲ....ဖြစ်ပျက်ဟာ ဘာသစ္စာတုံး....(ဒုက္ခ သစ္စာပါ ဘုရား) အဲဒီဒုက္ခသစ္စာကိုသာ တကာ တကာမတွေက မလိုချင်တဲ့ ဉာဏ်နဲ့သာ ရှုပေး၊ဖြတ်ဆိုကိုယ့်ရှေ့တွင် ချုပ်သွား လိမ့်မယ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ကိုယ့်ရှေ့တွင် .... (ချုပ်သွား ပါလိမ့်မည်)။

အဲ....ကိုယ့်ရှေ့တွင် ချုပ်သွားလို့ရှိယင်ဖြင့် ဒုက္ခချုပ်လို့ရှိယင်ဖြင့် ဒုက္ခချုပ်တဲ့နေရာ ဘယ်သူအစားထိုးမယ်ထင်သတုံး....(နိဗ္ဗာန်ပါဘုရား) အဲ....ဒုက္ခမရှိတဲ့နိဗ္ဗာန်အစားထိုးလာတယ်....(မှန်ပါ့) အဲဒီတော့ ကိုယ်က အဆုံး မလိုက်လို့မတွေ့တာနော်—(မှန်ပါ့) အဆုံး မလိုက်တာကလဲ တကာ တကာမတို့ ဒုက္ခရှိမှန်း မသိတော့လဲ မလိုက်ဘူးပေါ့ဗျာ....(မှန်လှပါဘုရား)။

ကဲ-ဒါလုပ်တတ်ကြပလား....(လုပ်တတ်ပါတယ်ဘုရား)ကဲ-ဒါဖြင့် ဘုန်းကြီးတို့ ခဏခဏ ပြောနေတာ၊ ဖြစ်ပျက်မြင်အောင်ရှုပါ၊ ဖြစ်ပျက်မုန်းအောင်ရှုပါ၊ ဖြစ်ပျက်ဆုံးအောင် ရှုပါဆိုတဲ့ဥစ္စာ တကာ တကာမတွေ သင်ထားတယ် မဟုတ်လား.... (သင်ထား ပါတယ်ဘုရား)အေး....ဒါ့ကြောင့် ဒီအတိုင်း လိုက်ပါ။ ဒါနဲ့အရှင်အာနန္ဒာက အကဲခတ်လိုက်တယ်။ ဩော်....ရှင်ဆန္ဒ-ဘယ့်နှယ်ကြောင့် ဒီပြေးလာပါလိမ့်မတုံး....၊ သူပြေးလာပုံသည်ကား ဆိုလို့ရှိယင် ထူးခြားတယ်။ တရားလဲ အင်မတန် လိုချင်တယ်-ဆိုပြီးသကာလ သူပြေးလာတယ်။

ပြေးလာတော့ ဒီပုဂ္ဂိုလ်ကလဲ လူ့ဂ္ဂ-ဆိုတာ အရှင်အာနန္ဒာက သိပြီးသားနော်-၊အင်မတန်မှ ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ် တဦး တယောက်ဖြစ်ပြီး သကာလ နေတော့ အခုမှစိတ်ကျပြီးသကာလ သူ တရားထူး တရားမြတ် ရှာမယ်လို့ ဆိုပြီး သူရှာပြန်တော့လဲ

သူရှာတဲ့တရားက ပဋိစ္စသမုပ္ပါဒ် မပါဘဲနဲ့ တွေ့ရာကို ဖြစ်ပျက်ရှုနေတာကိုးလို့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ အရှင်အာနန္ဒာက အကဲခတ်မိတယ်....(မှန်လှပါ)။

ပဋိစ္စသမုပ္ပါဒ်နားမလည်ဘဲနဲ့ တွေ့ရာကို ဖြစ်ပျက် ရှုတယ်။ တွေ့ရာကိုအနိစ္စရှုနေတာဘဲ....(မှန်ပါ့)ရှင်းကြပြီလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ လိုနေသေးတဲ့ အချက် ကလေးကော တကာတကာမတွေ့ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘာနားလယ်ဘို့ လိုသလဲ....(ပဋိစ္စသမုပ္ပါဒ် နားလယ်ဘို့လို့ပါတယ်ဘုရား)။

အဲ....ကိုယ်.သန္တာန်မှာ ဟာဒါက ရှေ့ဖြစ်တာ၊ဟာဒါက နောက်ဖြစ်တာ၊ အင်း....ဒါက ဒီ့ထက် နောက်ကျအောင် ဖြစ်တယ်ဆိုတာ ဒီစိတ်စဉ်ကလေးတွေ ရုပ်စဉ်ကလေးတွေ တန်းနေတာကို သိမှလျှင်လဲ တခုပြီးမှ တခုဖြစ်တာ သိမှသာလျှင်လဲ ပဋိပုဂ္ဂိုလ်သတ္တဝါပျောက်မှာကိုးဗျ....(မှန်လှပါဘုရား)။

စိတ်စဉ်သာရှိတယ်၊ ရုပ်စဉ်သာရှိတယ်၊ ယောကျ်ားမိန်းမ မရှိဘူးဆိုတာ မပေါ်လာသေးဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲဒီ အခါကျတော့ ဗလဝ ဝိပဿနာ ဖြစ်ပါပြီတဲ့၊ အဲဒီအချိန်ကျမှ ရှုလို့ရှိယင် နိဗ္ဗာန်ရပါဘယ်တဲ့....(မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒီမှာ ရှင်အာနန္ဒာက အကဲခတ်ပြီးသကာလ ကြည့်လိုက်တဲ့ အခါကျတော့ သြော်....ဒါဖြင့် ရှေးဦးစွာ ဒိဋ္ဌ ဖြတ်ဝဲ့တရားသူ့ကိုဟောမှတော်မယ်....(မှန်ပါ့)ပေါ်လာပြီ တကာ တကာမ

တို့.... (မှန်ပါ့ဘုရား) အရှင် အာနန္ဒာက ဘယ်လို အကဲခတ်ပါ လိမ့်....(ဒိဋ္ဌိ ဖြုတ်တဲ့တရားဟောမှ တော်မယ်)။

ဒိဋ္ဌိဖြုတ်တဲ့တရားကို သူ့ကိုအရင်ဟောမှ တော်မယ်ဆိုပြီး သကာလ စိတ်ကူးတယ်၊ ဟာ ဒါဖြင့် ငါ့ရှင်ဆန္ဒ သင်မပူနဲ့ တော့။ ဒီ ကိုယ်တော်အကြောင်း ကောင်းကောင်းသိပြီ၊ ဒိဋ္ဌိ မပြုတ်ဘဲနဲ့ သူရှုနေတာ ပဋိစ္စသမုပ္ပါဒ် မပါဘဲနဲ့ သူရှုနေတာ ဦးခင်မောင် သိပြီနော်....(မှန်လှပါဘုရား)။

အဲဒီတော့ ငါ့ရှင် မပူနဲ့ ငါ့ရှင် တရားရတော့မှာဘဲဆိုတော့ သင့်အကြောင်း ငါသိပါပြီကွာ။ အကဲလဲအကုန်ခတ်မိပါပြီကွာ သင် တရားလိုတယ်ဆိုတာ ငါယုံကြည်ပါပြီ။ သင်အခု လိုချင် လို့တောင်းတဲ့ တရားကို တောင်းတာနဲ့ ငါကဝမ်းသာလှပြီ။ သင်သေသေချာချာ တရားရမည့် ပုဂ္ဂိုလ်ဆိုတော့ သူ့စိတ်ထဲလဲ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ရှင်မသွား ပေဘူးလား....(ရှင်သွားပါတယ်ဘုရား)။

ရှင်သွားတဲ့ အချိန်ကျတော့မှ ဒိဋ္ဌိဖြုတ်ခဏ်းကို ဟောတာ။ ဝိပဿနာမဟောဘူး....(မှန်လှပါ)။

တကာ တကာမတို့ ဘာဟောမယ်ထင်သတုံး....!(ဒိဋ္ဌိ ဖြုတ် ခဏ်းကိုဟောပါတယ်ဘုရား)ဒိဋ္ဌိဖြုတ်ခဏ်းကိုဟောတော့မယ်ဆို တော့ သူကနဂိုရင်တုန်းက သမ္မာဒိဋ္ဌိကိုကောင်းကောင်းမဖြစ်ခဲ့ဘူး ဦးခင်မောင်ရ....(မှန်လှပါဘုရား) သမ္မာဒိဋ္ဌိ အစစ်ဖြစ်သွားယင် မဂ်ဖြစ်သွားမှာပေါ့....(မှန်ပါ့ဘုရား)။

အဲဒါကို ကောင်းကောင်းဖြစ်တဲ့အတွက် ဒါနဲ့ငါ့ရှင် ငါ ပိဋ္ဌကတ် သုံးပုံမှာ မင်းနဲ့ တော်တဲ့ တရားကြည့်ဦးမယ် ဆိုပြီး

သကာလ အရှင်အာနန္ဒာက ရှောက်ရှာလိုက်တယ်။ သူကပိဋ္ဌကတ် သုံးပုံကို ထုံးလိုမ္ဘ ရေလိုနှောက်နေတဲ့ ပုဂ္ဂိုလ်ကိုး (မှန်ပါဘုရား)။

အဲဒီတွင်မှ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ကစ္စာယန အနှယ်ရဟန်းကိုဟောတဲ့ ဒိဋ္ဌိဖြုတ်ခက်းကိုကောက်တယ် (မှန်ပါ) ဘယ်သူက ပေါမှာတုံး....(အရှင်အာနန္ဒာကဟောမှာပါ)ဘာဖြုတ်ခက်းဟောမှာတုံး....(ဒိဋ္ဌိဖြုတ်ခက်းဟောမှာပါ)ဝိပဿနာမဟောသေးဘူးနော်....(မှန်ပါ)။

ဘာဟောမယ်ထင်ကြသတုံး-(ဒိဋ္ဌိဖြုတ်ခက်းဟောပါတယ်)

အဲ ဒိဋ္ဌိဖြုတ်ခက်းကို ဟောပြီးတော့မှ ဝိပဿနာသူ့အရှုခိုင်းမှ သူ ရဟန္တာဖြစ်မယ်....(မှန်ပါဘုရား)ဒါဖြင့် ဘုန်းကြီးတို့ တရား တပုံလုံး တကာ တကာမတွေ သေချာ ကြပလား.... (သေချာပါတယ်) ဘယ်ဟာအရင်လုပ်ရမှာတုံး.... (ဒိဋ္ဌိဖြုတ်ခက်းအရင်လုပ်ရမှာပါ)။ ဒိဋ္ဌိဖြုတ်ပြီးတော့မှ ဘာလုပ်ရမယ်....(ပဝိပဿနာရှုရပါမယ်)။

အဲ ဒိဋ္ဌိဖြုတ်ပြီးမှ ဝိပဿနာရှုရမယ်ဆိုတာ အရှင်အာနန္ဒာ ပိဋ္ဌကတ်သုံးပုံမှာ ရှာလိုက်တဲ့အခါ ဦးခင်မောင်ရေ.... ဒီပုဂ္ဂိုလ် ဟာ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ဒိဋ္ဌိခွာနည်း နိဿုည်းကို မရဘဲနဲ့ ဝိပဿနာရှုလာတဲ့အတွက် သူ့မှာဖြင့်နိဗ္ဗာန်ဆိုတာမပေါ်လာဘဲနဲ့ဖြစ်ပြီးသကာလနေတာ၊ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ဟောတဲ့ဒိဋ္ဌိဖြုတ်ခက်းကို ကစ္စာယန အနှယ်ဖြစ်တဲ့ ရဟန်းကို ဟောတဲ့ တရားကို ဟောမှရမယ်။ ငါ့ရှင်မပူနဲ့ ဒီတရားဟာ ငါပိဋ္ဌကတ် သုံးပုံထဲမှာသင်နဲ့အတော်ဆုံးဘဲ ဒိဋ္ဌိဖြုတ်တဲ့တရား....(မှန်ပါဘုရား)။

သေချာကြပလား....(သေချာပါတယ်ဘုရား) ဒါဖြင့် ဘာဟောမယ်ထင်ကြသတုံး....(ဒိဋ္ဌိဖြုတ်တဲ့တရားကို ဟောပါတယ်) အဲ.... ဒိဋ္ဌိဖြုတ်တဲ့တရားဆိုတော့ တကာ တကာမတွေ ဘုန်းကြီးက ခင်းလာတာက ၄-၅-ရက်တောင် ရှိနေတော့ တကာတကာမတို့ ဖဿဟာလဲ ဖဿဘဲ၊ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

ဝေဒနာဟာကော ....(ဝေဒနာပါဘဲဘုရား)။

တဏှာဟာကော ....(တဏှာပါဘဲဘုရား)။

ဥပါဒါန်ဟာကော....(ဥပါဒါန်ပါဘဲဘုရား)။

ကံဟာကော ....(ကံပါဘဲဘုရား)။

တကာ တကာမတို့ သန္တာန်လဲ ဒါဘဲရှိတယ်....တဲ့၊ တွေ့တယ်ဆိုတော့ ဖဿက တွေ့တာဘဲ(မှန်ပါ့) ကောင်းလိုက်တာဆိုတော့ ဝေဒနာက ကောင်းနေတာဘဲ (မှန်ပါ့ဘုရား) လိုချင်လိုက်တာဆိုတော့ (တဏှာက လိုချင်တာပါ) ပုဂ္ဂိုလ်သတ္တဝါ ပါသေးသလား.... (မပါ-ပါဘူးဘုရား) မရမနေနိုင်ဘူးဆိုတော့....(ဥပါဒါန်ပါဘုရား)။

အင်း.... ဥပါဒါန်ဖြစ်တာဘဲ၊ ကာယကံ ဝစီကံတွေနဲ့-ကာယကံနဲ့သွား ဝစီကံနဲ့ ပြောပြန်တော့ကော....(ကံပါဘုရား) ကံဘဲ ဖြစ်နေတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ပါသေးလား....(မပါ-ပါဘူးဘုရား) ဒါကို ဟောလိမ့်မယ်၊ ဟေ....ဒီထဲ ပုဂ္ဂိုလ်သတ္တဝါ ပါသလားကွ-မပါဘူးလားကွ၊ ရှင်ဆန္ဒ-ကြည့်စမ်းကွ၊ ဒါတွေကို အရင် ခင်းလိမ့်မယ်.... နော် (မှန်ပါ့ဘုရား)။

ခင်းပြီးတော့မှ ဖြစ်ပျက်အရှုခိုင်းလိမ့်မယ်၊ အဲဒီ ရှုခိုင်းလိုက်တော့ ချက်ခြင်း ရဟန္တာဖြစ်မယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာရှု့နားမှာ ဘာအရင်လုပ်ဘို့ အရေးကြီးသတုံး.... (ဒိဋ္ဌိဖြုတ်ဘို့ အရေးကြီးပါတယ် ဘုရား)။

ဒိဋ္ဌိခွါချင်ယင် ဒီ ပဋိစ္စသမုပ္ပါဒ် အတန်းကို နားလယ်ရမယ် (မှန်ပါ့) အတန်း နားလယ်ယင် ဒိဋ္ဌိကွာတာဘဲ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ကဲ.... ဒါ နက်ဖြန်မှ ဟောကြဦးစို့....။

သာဓု....သာဓု....သာဓုံ။

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့
ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော

မနောပေါက်

ဝိပဿနာရှုနည်း တရားတော်

(၁၈-၂-၆၁)

ဒွါရ ခြောက်ပေါက်ရှိတယ်လို့ တကာတကာမတွေ မှတ်ထား ရမယ်နော်.... (မှန်ပါ့ဘုရား)။

မျက်စိပေါက်က ပဋိစ္စသမုပ္ပါဒ်လဲ့ တမျိုး၊ နားပေါက်က ပဋိစ္စသမုပ္ပါဒ်ကော.... (တမျိုးပါဘုရား) နှာခေါင်းပေါက်က ပဋိစ္စသမုပ္ပါဒ်....(တမျိုးပါဘုရား) လျှာပေါက်က ပဋိစ္စသမုပ္ပါဒ် (တမျိုးပါဘုရား) ကိုယ်ပေါက်က ပဋိစ္စသမုပ္ပါဒ်....(တမျိုးပါဘုရား)။

အဲ....ငါးမျိုးတော့ဖြင့် တကာ တကာမတွေ ရှုတတ်ပါပြီတဲ့ (မှန်ပါ့)။

မျက်လုံးပေါက်က ပေါ်လာ မျက်လုံးစိတ်ကို ဖြစ်ပျက်ရှုလိုက်ယင် ပဋိစ္စသမုပ္ပါဒ် ပြတ်တာဘဲ (မှန်ပါ့)။

နားပေါက်က ကြားစိတ်ကလေး ပေါ်လာယင် ကြားစိတ်ကလေး ဖြစ်ပျက်ရှုလိုက်ယင်ကော (ပြတ်ပါတယ်ဘုရား)။

နှာခေါင်းပေါက်က နံတဲ့စိတ်ကလေး ပေါ်လာလို့ရှိယင် သူ့ကို ဖြစ်ပျက်ရှုလိုက်ယင်ကော.... (ပြတ်တာပါဘဲဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပြတ်တာဘဲဆိုတော့ ဩော်.... ပဋိစ္စသမုပ္ပါဒ်သည် ဖြတ်တတ်လို့ ရှိယင်လဲ အလွယ်သားပါဘဲဆိုတာ ပေါ်လာတယ်....နော် (မှန်လှုပါ) လျှာစိတ်ကလေး ပေါ်လာယင်ကော (ဖြစ်ပျက်ရှုယင် ပြတ်တာပါဘဲ)။

ဖြစ်ပျက်ရှုလိုက်တော့ ပဋိစ္စသမုပ္ပါဒ် ဘယ်နှယ်နေကြသလဲ (ပြတ်ပါတယ်ဘုရား)ပြတ်ထက်သွားတာဘဲ....တဲ့၊တခါစဉ်းစားပါဦးတဲ့ တကာ တကာမတို့.... ကိုယ်ပေါ်မှာ ယားတဲ့စိတ်, ယံတဲ့စိတ်, ကောင်းတဲ့စိတ်တွေကလဲ ရှိသေးတယ်။

အဲဒါတွေ ပေါ်လာတော့ ဘယ်နှယ်လုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက် ရှုလိုက်တော့ ဘာဖြစ်သွားသလဲ.... (ပဋိစ္စသမုပ္ပါဒ် ပြတ်သွားပါတယ်ဘုရား)ပဋိစ္စသမုပ္ပါဒ် ပြတ်ယင် နိဗ္ဗာန်ရောက်တာဘဲ (မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြမယ်.... (ပဋိစ္စသမုပ္ပါဒ်ပြတ်ယင် နိဗ္ဗာန်ရောက်ပါတယ်)။

ပဋိစ္စသမုပ္ပါဒ်ပြတ်ယင် နိဗ္ဗာန်ရောက်တာဘဲလို့ တကာတတာမတွေက မှတ်တော့ နိဗ္ဗာန်သာ ရောက်ချင်နေတယ်၊ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့အလုပ်ကို မလုပ်ဘူး ဆိုလို့ရှိယင်ဖြင့် ဦးခင်မောင်တို့.... ကိုယ်ကျိုးနည်းပေါ့ (မှန်လှုပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင် ဘာလုပ်ရမယ်.... (ပဋိစ္စသမုပ္ပါဒ် ပြတ်အောင်လုပ်ရပါမယ်)။

ပဋိစ္စသမုပ္ပါဒ်ကလဲ တကာ တကာမတို့ ဘယ်နှစ်ခု ရှိပါလိမ့်မတုံး မေးတော့ ဘယ်နှယ်ဖြေကြမလဲ....(ခြောက်ခုပါဘုရား) ခြောက်ခု၊ ဒီနေ့နေ့ခက်ဆုံးပိတ် ပြမှာဘဲ (မှန်လှုပါဘုရား)။

ဒီ ခြောက်ခုကို ပေါ်ရာကနေပြီး ပေါ်တဲ့ စိတ်ကိုသာ အနိစ္စ ဒုက္ခ အနတ္တ ကြိုက်ရာရှုပြီး ဖြတ်နေကြမယ်ဆိုယင်ဖြင့် နောက် ခန္ဓာဖြစ်ကြောင်း လာသေးရဲ့လား.... (မလာပါဘူး) နောက် ခန္ဓာဖြစ်ကျိုး.... (မလာပါဘူး) နောက်ခန္ဓာဖြစ်ကျိုးမလာတာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား)။

သြော်.... နိဗ္ဗာန်ဆိုတော့ မောင်ထွန်းလှိုင်တို့.... မောင်ကိုတို့ ရှင်းနေပါပြီ (မှန်ပါဘုရား) ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန် လိုချင်ယင် ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ကြ.... (မှန်ပါတဲ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

နိဗ္ဗာန်လိုချင်ယင် ဘာလုပ်ရမလဲ.... (ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ရမယ်) ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ် ဆိုတော့ ကိုယ့်ဒုက္ခ ကိုယ်ရှုပြီး ကိုယ့်ဒုက္ခ ကိုယ်ရှောင်တာဘဲလို့ မှတ်လိုက်စမ်းပါ (မှန်ပါဘုရား) ကိုယ့်ဒုက္ခ ကိုယ်ရှုပြီး.... (ကိုယ့်ဒုက္ခ ကိုယ်ရှောင်တာပါဘုရား)။

အဲ.... ကိုယ့်ဒုက္ခကို ကိုယ်မြင်ပြီဆိုမှဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ နောက်ဒုက္ခတွေ အတွဲလိုက် အပြုံလိုက် ပြတ်တော့ တယ်ဆိုတာ ဦးခင်မောင် မှတ်လိုက်စမ်းပါ (မှန်လှပါဘုရား)။

ကိုင်း....အားလုံး တကာတကာမတွေ ဒီနေ့ မနောပေါက်ကို ပြတော့မယ်တဲ့၊ မနောပေါက်ကိုပြပြီး အရှင်ဆန္ဒ ဇာတ်သိမ်း လိမ့်မယ် (မှန်ပါဘုရား) အရှင်ဆန္ဒ ဇာတ်သိမ်းမည့်နေ့ မနော ပေါက်က-နေ ပြဦးမယ်၊ ပဋိစ္စသမုပ္ပါဒ်နော်.... (မှန်လှပါဘုရား)။

တကာ တကာမတို့ ပါဠိတော်ရှုနေလို့ ရှိယင် အားလုံးဘဲ နားလယ်ကြမှာမဟုတ်တော့ ပါဠိကို မျက်စောင်းထိုးပြီး ဆရာဘုန်းကြီးက တကာ တကာမ့တွေ ဖြစ်စဉ်ကိုသာ ပြတော့တယ် မှတ်ပါ နော်.... (မှန်ပါ့ဘုရား)။

ဝမ်းထဲမှာ တကာ တကာမတို့ မနော အကြည်မှန်ဆိုတာ ရှိတယ် (မှန်ပါ့) ဝမ်းထဲမှာ ဟဒယဝတ္ထု အကြည်မှန်ဆိုတာ ရှိတယ် နော်.... (မှန်ပါ့ဘုရား)။

အဲဒီ.... အကြည်မှန်သည် တကာ တကာမတို့ ရန်ကုန်မှာ သားကလေးရှိ၊သားကလေးဘက်ကိုတည့်ပေးလိုက်၊သားကလေး ခင်တဲ့စိတ် ပေါ်လာတာဘဲ (မှန်ပါ့)။

ဒါဖြင့် ဝမ်းထဲမှာ အကြည်မှန်ဟာ သမီးဆီ လှည့်လိုက်ယင် သမီးကိုခင်တဲ့စိတ်၊ သမီးစိုးရိမ်တဲ့စိတ် ပေါ်လာတာဘဲ(မှန်ပါ့ဘုရား)။

ပစ္စည်းဘက် လှည့်လိုက်ယင် ပစ္စည်းကြောင့်ကြတဲ့စိတ် ပစ္စည်းခင်တဲ့စိတ် မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ဒါ.... ဒီမနောအကြည်မှန်ဟာ တကာ တကာမတို့ သန္ဓာန်မှာဖြင့် အလုပ်အမျှားဆုံးလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား) မနောအကြည်မှန်ဟာ ဘာပါလိမ့်.... (အလုပ်အမျှားဆုံးပါဘုရား)။

အလုပ်အမျှားဆုံးလို့ ဘုန်းကြီးတို့ တကာ တကာမတွေ မှတ်စမ်းပါ (မှန်ပါ့) မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ မနော အလုပ်ဟာ အမျှားဆုံးနော်.... (မှန်လှပါဘုရား)။

မနောအလုပ်က တကာတကဲ့ာမတို့ မအိပ်မခြင်းဘဲ နဖူးပေါ်လွဲက်တင်ပြီးသကာလ သားဘက် လှည့်လိုက် သမီးဘက် လှည့်လိုက် အရောင်းဘက် လှည့်လိုက် အဝယ်ဘက် လှည့်လိုက်ပြီး ကိုယ့်သန္တာန်မှာ အရောင်းဘက် လှည့်လိုက်လို့ အမြတ်အစွန်းပေါ်လို့ ချမ်းသာတဲ့စိတ်ကလေးလဲ အကြည်မှန်ပေါ်-ပေါ်လာတာဘဲ (မှန်ပါ့ဘုရား)။

အဝယ်ဘက် လှည့်လိုက်လို့ ရှိယင်လဲ အဝယ် တဲ့သွားလို့ ရှိယင်ဖြင့် အမြတ်အစွန်းရမှာမို့ ဝမ်းသာတဲ့စိတ်ကလေး အကြည်မှန်ပေါ်-မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒါ တွေးလုံးနဲ့ လှည့်တာဟူသ၍ကိုဖြင့် မနောစိတ်လို့ မှတ်လိုက်စမ်းပါ (မှန်လှပါဘုရား)။

ဒါဖြင့်- မနဥ္စ= ခင်ဗျားတို့သန္တာန်၌ ဘဝင်အကြည်မှန်ကိုလည်းကောင်း၊ ဓမ္မေစ=ခင်ဗျားတို့ တွေးနေရတဲ့ ဓမ္မာရုံကိုလည်းကောင်း၊ ပဋိစ္စ= စဲ့၍၊ မနောဝိညာဏ = မနောဝိညာဏ်စိတ်သည်၊ (ဝါ) ခင်စိတ်, မင်စိတ်, ကြင်နာစိတ်, စိုးရိမ်စိတ်, ကြောင့်ကြစိတ်သည်၊ ဥပ္ပဇ္ဇတိ=တပြုံကြီး ပေါ်ကြ၏။

သူက သာ၍မဆိုးဘူးလား.... (သူက ဆိုးပါတယ်ဘုရား) ခင်တဲ့စိတ် ပေါ်ချင်လဲ ပေါ်တယ်နော်.... (မှန်ပါ့) ကြောင့်ကြတဲ့စိတ် ပေါ်ချင်ယင်ကော.... (ပေါ်ပါတယ် ဘုရား) စိုးရိမ်တဲ့စိတ် ပေါ်ချင်ယင်ကော.... (ပေါ်ပါတယ်ဘုရား)။

ဩော်.... ဒီနေရာက အလုပ် ပေါ်နိုင်တဲ့ နေရာပါကလား ဆိုတာကော သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် တကာ တကာမတို့ သန္တာန်မှာ မျက်လုံး, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, မနောတို့တွင် ဘယ်သူအဆိုး ဆုံးပါလိမ့်....(မနော အဆိုးဆုံးပါဘုရား)။

မနော အဆိုးဆိုးဆုတာ ရှင်းရှင်းလင်းလင်း မှတလုံကစမ်း ပါ တကာတကာမတို့ (မှန်ပါဘုရား) ဘာအဆိုးဆုံးပါလိမ့်.... (မနော အဆိုးဆုံးပါဘုရား)။

အိပ်ပျော်နေတုံ့ဝမျှား အိပ်မပျော်အောင်လုပ်တာ ဘယ်သူ ပါလိမ့်.... (မနောပါဘုရား)။

မနောက နေပြီးသကာလ အဝေးမှာ ရှိတဲ့ သားသမီးတွေ ဘက်လှည့်လိုက်ပြီဆိုမှဖြင့် စိတ်မချ လက်မချ စိတ်ကလေးက ဒီကြားထဲ ပေါ်–ပေါ်လာတယ်၊ ဒါက အဝေးမှာရှိတဲ့ သား သမီး၊ မြင်ရတာ မဟုတ်ဘူးနော်.... (မှန်ပါဘုရား)။

ဒီတော့ မှန်အကြည်နဲ့ သူ့ဘက်ကို လှည့်လိုက်ပြီ ဆိုမှဖြင့် သူ့အတွက် စိုးရိမ်လိုက်တာ ကြောင့်ကြ လိုက်တာဆိုတဲ့ စိတ် ကလေးက ဒီမှန်ပေါ်မှာ အရိပ်သဖွယ်ပေါ်လာတယ်လို့ မှတ် လိုက်စမ်းပါ.... (မှန်လှပါဘုရား)။

ဒါကြောင့် ဘုရားက ဦးခင်မောင်ရေ.... "မနုဿ ပဋိစ္စ ဓမ္မစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ...." ဆိုတာ မြင်ကြပလား.... (မှန်ပါ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဟောဒီ မနောမှန်အကြည်ဟာ.... ခင်ဗျားတို့မှာ ဘယ်နှယ် ဖြစ်နေသတုံးလို့ မေးပါရစေတော့ နော်.... (မှန်ပါ)။

မနောအကြည်မှန်ကလေးဟာခင်ဗျားတို့ မလှည့်တတ်တော့ သားဘက်လှည့်လိုက်ယင် စိုးရိမ် ကြောင့်ကြတဲ့ စိတ်ကလေးက မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား) ဒုက—သား ဒုက- ခင်ဗျားတို့မှန်၊ ဝမ်းထဲမှာရှိတဲ့မှန်.... (မှန်ပါ့)။

သားဘက်ကိုလှည့်လဲ အိပ်ရာထဲကနေ လှည့်တာပါ.... (မှန်ပါ့) ထိုင်ရင်းလှည့်လိုက်၊ ကုလားထိုင်ပေါ်ကနေ လှည့်လိုက် လှည့်ချင်တဲ့နေရာလှည့် သူကဖြင့် ဒီအကြည်က ထက်လွန်းလို့ ဒီအပေါ်မှာ သားတည်းဟူသော အရိပ်ကြောင့် ခင်လာတဲ့ ခင်တဲ့စိတ်ကလေးက ပေါ်လာတာဘဲ.... (မှန်ပါ့ဘုရား)။

ဒုဖြင့် သူ ဘယ်အချိန်မဆို ပေါ်နိုင်တဲ့စိတ် မှောင်ထဲမှာလဲ ပေါ်နိုင်တယ်၊ အလင်းထဲလဲ ပေါ်နိုင်တယ်....(မှန်ပါ့ဘုရား)။

မောင်ကို.... ဒီစိတ် ဘယ် နှယ် နေသလဲ.... (အလင်းထဲလဲ ပေါ်နိုင်ပါတယ်ဘုရား) ပေါ်နိုင်တဲ့စိတ် ဆိုတော့ အဆိုးဆုံးသည် စိတ်ဆိုတာကော သဘောကျပလား.... (ကျပါပြီ)။

ကောင်းပြီ ဒုဖြင့် တကာတကာမတို့ ယနေ့ပြောချင်တာက တကာတကာမတွေကို အင်မတန်မှ သိစေချင်တဲ့ဘုန်းကြီး စေတနာက ဒီမှန် အလှည့်မလဲစေနဲ့(မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီမှန်ဟာ ခင်ဗျားတို့အလှည့်က အင်မတန်လဲတယ်.... (မှန်ပါ့) သားဘက် လှည့်လိုက်ယင်လဲ သားခင်တဲ့စိတ် မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) သားဘက် လှည့်လိုက်လို့ရှိယင် သားက ဖြုန်းတီးထားလို့ရှိယင် သူ့ကို မကျေသေးဘူးဆိုတဲ့ စိတ်ကော.... (ပေါ်ပါတယ်ဘုရား)။

သမီးဘက် လှည့်လိုက်ပြန်လို့ ရှိယင် သမီးကလေးကတော့ လိမ်မာရေးခြား ရှိပါရဲ့ ဆိုပြီး ပိုခင်တဲ့ စိတ်ကလေးကော မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာက ခင်တဲ့စိတ် ပေါ်လာတော့တဏှာ ဥပါဒါန် ကံ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

သားဘက် လှည့်လိုက်ယင် စိတ်မချ လက်မချ ဖြစ်တော့ ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ဒီမှာ မှန်ကြည့်လဲတာနဲ့ မှန်အထောင်လဲတာနဲ့ ဦးခင်မောင်ရေ.... ပဋိစ္စသမုပ္ပါဒ်တွေ ထွက်ထွက်လာတယ်.... (မှန်ပါဘုရား) ဘာဖြစ်လို့ ထွက်လာပါလိမ့်.... (မှန်အကြည့်လဲလို့ ပါဘုရား)။

မနော-အကြည်မှန်ကအထောင်လဲနေတယ်....(မှန်ပါ)ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဘာမျှား အထောင်လဲနေသတုံး.... (မနော-အကြည်မှန် အထောင်လဲနေပါတယ်)။

အဲဒီတော့ ခင်ဗျားတို့ဟာက တယ်ခက်တာဘဲ မှန်ကို မလှည့်သင့်တဲ့ဘက် လှည့်လိုက်ပြီဆိုမှဖြင့် ခုနက သားတည်းဟူသော အာရုံကို စိတ်မချပြီဆိုမှဖြင့် စိတ်မချတဲ့ ဒေါသကလေးဟာ.... တခါတည်း ဟဒယဝတ္ထုအကြည်မှန်ပေါ် မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား) ပေါ်လာတော့စိတ်မချတာ ဆိုတာ ဒေါသ သောက မနေဘူးလား.... (နေပါတယ်)။

အဲဒီတော့ ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ၊ သူနဲ့တဲ့တဲ့ အဝိဇ္ဇာ သင်္ခါရတွေ ဦးခင်မောင်နောက်က မဆက်ပေဘူးလား.... ဆက်မလား....(ဆက်ပါတယ်ဘုရား)။

ဒါဖြင့် မောင်ထွန်းလှိုင်တို့ မောင်ကြည်တို့ ဘယ့်နှယ်ကြောင့် ဒီ-ပဋိစ္စသမုပ္ပါဒ်ပေါ်လာပါလိမ့်မတုံးလို့ လက်သည်ရာကြပါစို့ တကာတကာမတို့.... နော်.... (မှန်လှုပါဘုရား) မှန်အထောင်လဲလို့.... (မှန်လှုပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (မှန်အထောင် လဲလို့ပါဘုရား) မှန်အထောင်လဲလို့ဆိုတာ ကျေနပ်ပါပြီလား.... (ကျေနပ်ပါပြီဘုရား)။

သြော်....ဒါဖြင့် ခင်ဗျားတို့မှာ မှန်က ခင်ဗျားတို့ကို ချမ်းသာပေးတဲ့ဘက်ကို လှည့်ပြီးမထောင်ဘဲနဲ့ ဆင်းရဲပေးမည့်ဘက်ကို လှည့်ပြီးထောင်မိသည့်အတွက် ခင်ဗျားတို့ဖြင့် သံသရာခရီးသည်ဖြစ်အောင် ပဋိစ္စသမုပ္ပါဒ်ကြီး တန်းလာတော့တယ်ဆိုတာ ဦးခင်မောင်.... ရိပ်မိပလား.... (မှန်လှုပါဘုရား)။

ဘာလွဲလို့ဘာလိမ့်.... (မှန်အထောင် လွဲလို့ပါ ဘုရား) သြော်.... ဒါဖြင့် တကာတကာမတွေ့ ထောင်သင့်တဲ့ဘက်ကို ဒီမှန် ထောင်တာပေါ့ဗျာ....(မှန်ပါ့) မထောင်သင့်တဲ့ဘက်ကို မထောင်ပါနဲ့ဆိုတာ ဘုန်းကြီးက မေတ္တာရှေ့ထားပြီး ပြောကြားပါတယ်.... (မှန်ပါ့ဘုရား)။

ဒီမှန်ထောင်ချင်လို့ ရှိယင်ဖြင့်တကာတကာမတို့အခု မထောင်သင့်တဲ့ဘက်ကို ထောင်တာတွေ့က သားဘက်ထောင်လိုက်၊သမီးဘက် ထောင်လိုက်၊ ပစ္စည်းဘက် ကော.... (ထောင်ပါတယ်ဘုရား)။

တခါ ကိုယ့်ဘက်များ ကိုယ်ထောင်ပြီး ငါများအိုယင် ဒီသားသမီးတွေနဲ့ ခက်သေးရဲ့လို့.... အံမာ....ကိုယ့်ဘက်များ ကိုယ်လှည့် ထောင်နေလိုက် သေးတယ်.... (မှန်လှုပါဘုရား)

မထောင်ဘူးလား.... တကာ တကာမတို့.... (ထောင်ပါ့တယ် ဘုရား)။

ဩော်.... ဒီ-သားသမီးတွေကလဲ တယောက်မှ လိမ်မာရေး ခြားကလဲ မပါ၊ လိမ်မာတဲ့ကောင်ကလဲ အသုံးမကျ၊မလိမ်မာတဲ့ ကောင်တွေက အဖြုန်းသမား၊ အံ့မာလေး....တွေ့ပြီးတော့မှား မှန်ထဲထောင်ပြီးသကာလ တကာတကာမတွေက ခုနစ်စဉ် တန်း မှား နေလိုက်သေးတယ်ဆိုတာ ဒါတွေဟာ ခုနစ်စဉ်တန်းတာ (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခုနစ်စဉ်တန်းလို့ ဆိုတဲ့ဥစ္စာ ဒီ-ပဋိစ္စသမုပ္ပါဒ် တန်းတာကို ဆိုတာ.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ခုနစ်စဉ် တန်းဆိုတာ ဘာပါလို့ .... (ပဋိစ္စသမုပ္ပါဒ် တန်းတာကို ဆိုတာပါ)။

ပဋိစ္စသမုပ္ပါဒ်တန်းတာကိုဆိုတော့ ခင်ဗျားတို့ဟာက အိပ် မပျော်အောင် တန်းတာ (မှန်ပါ့ဘုရား)မောင်ထွန်းလို့ ဘယ် လို တန်းသလဲ....(အိပ်မပျော်အောင် တန်းတာပါဘုရား)အိပ် မ ပျော် စားမဝင် ရောဂါရ သည်းခြေပျက်အောင် တန်းနေတာကိုး ဗျ....(မှန်ပါ့)ဘယ်လောက်များ ဆိုးသွားသတုံး.... (ဆိုးသွား ပါတယ်ဘုရား)။

ဟို....သားသေ လင်ဆုံး တကာ တကာမတွေ ကျလာပြီ ဆိုမှဖြင့် အို....သေတဲ့သူဘက်ကိုချည်း မှန်ကထောင်နေတာကိုး- (မှန်လှပါဘုရား)။

သေတဲ့လူဘက်ကိုချည်း မှန်ကထောင်နေတော့ သူ့ ခြေရာ လက်ရာကလေးတွေ မြင်တိုင်း မြင်တိုင်း တခါတည်း မျက်ရေ

ကလေးတွေ သုတ်ကာ သုတ်ကာနဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့် လာတာတုံး....(မှန် အထောင်လဲလို့ပါဘုရား)ဦးခင်မောင်ရေ....မှန်အထောင်လဲယင် အိပ်မပျော်ဘူးနော်....(မှန်လှပါ) စားလို့ကော....(မရပါဘူးဘုရား)။

စားလို့လဲ မရပါဘူး၊ အိပ်လို့လဲ မ့ပျော်ပါဘူး၊ သွားယင်လဲ ခလုတ်တိုက်တယ်.... (မှန်ပါ့ဘုရား) သွားယင် ဘယ်နှယ်ကြောင့် ခလုတ်တိုက်သလဲ မှန်က တခြား ထောင်ထားတော့ သွားတာကကော သွားမိသွာရာ သွားတော့ ခလုတ်တိုက်ကုန်တာပေါ့....(မှန်ပါ့ဘုရား)။

ဒါ ဘယ်နှယ်ကြောင့် မောင်ကို-ခလုတ်တိုက်ရသတုံးဟေ့-(မှန် အထောင်လဲလို့ပါဘုရား) မှန် အထောင်လဲလို့ဆိုတာ တကာ တကာမတွေ ရိပ်မိပလား....(ရိပ်မိပါပြီ) ဦးခင်မောင်....မှန် အထောင်လဲလို့ အိပ်မပျော်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ မှန်ထောင်လဲတော့ ပဋိစ္စသမုပ္ပါဒ် မောင်ထွန်းလှိုင်ရေ.... သုံးမျိုးပေါ်တယ်.... (မှန်ပါ့ဘုရား)။

ဒီက သားကလေးငယ်ငယ်.... ဩော်....သူငယ်တော့ သူ့အတွက်ဟာက စိတ်အေးရတဲ့နေရာ တချက်မှမပါဘူးလို့ နဖူးပေါ်လက်တင်ပြီးသကာလ အိပ်တာ၊ မှန်ကတော့ သားဘက်လှည့်နေတယ်....(မှန်ပါ့ဘုရား)။

အိပ်နေတာတော့ အိပ်နေတာဘဲလို့ တကာ တကာမတွေက ဆိုတာဘဲ၊ နဖူးပေါ် လက်တင်ထားတာသာ ရှိတယ်၊ မှန်က ဘယ်ဘက်လှည့်နေသတုံး....(သားဘက်လှည့်နေပါတယ်)။

သားဘက် လှည့်နေတော့ ဒီခလေးတွေကလဲ ငယ်ငယ်ရွယ် ရွယ်ဖြစ်နေတော့ အပေါင်းအသင်းလွဲမှာ စိုးရိမ်လိုက်တာဆိုတဲ့ သောက မလာဘူးလား....(လာပါတယ်ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) သောက လာယင် ပရိဒေဝကတော့ကော....(လာ ပါတယ်ဘုရား)။

မျက်ရည်ကလေးက တခါတည်း ဘယ်သူမှ မရိုက်ဘဲနဲ့ ထွက် လာတယ်....(မှန်ပါ့) မထွက်ဘူးလား.... (ထွက်ပါတယ်ဘုရား) ဒုက္ခကလဲ အင်း....တကာ တကာမတွေ ကိုယ်၏ဒုက္ခကလဲ ရောက် လာတာဘဲ၊ စိတ်၏ဒုက္ခကကော....(ရောက်လာတာပါဘဲ) စိတ် ပူပန်တာတွေကကော....(ရောက်လာပါတယ်ဘုရား)။

စိတ်ပူပန်တဲ့ ဥပါယာသတွေကလဲ လိုက်လာတယ်၊ လိုက် လာတော့ ဒီဥစ္စာ မသိလို့ဖြစ်သောကြောင့် အဝိဇ္ဇာ မပါဘူး လား....(ပါ-ပါတယ်ဘုရား)

ဒါဖြင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဘက်ကို ခင်ဗျားတို့ မှန်ထောင်လိုက်တာနဲ့ဘဲ ဦးခင်မောင်ရေ....တဘဝထက် နှစ် ဘဝ ဆက်ပြီး ဒုက္ခရောက်တယ်....(မှန်လှပါဘုရား)။

ဒီ ဘဝမှာ မှန်ထောင်လွဲလို့ ဒုက္ခရောက်တာက တမျိုး၊ နောက်ဘဝ ပဋိစ္စသမုပ္ပါဒ် ဆက်လိုက်လို့ ဒုက္ခရောက်တာက.... (တမျိုးပါဘုရား) ဘယ်နှစ်မျိုးပါလိမ့်.... (နှစ်မျိုးပါဘုရား)။

ဩော်....ခင်ဗျားတို့ဘဲ ထောင်တတ်ပါပေ့ဗျာ-ကိုယ့်ဟာ ကိုယ် ဒုက္ခရောက်အောင်....(မှန်ပါ့ဘုရား)မှန်ငှါးရသေးသလား

ကိုယ် မှန်နဲ့ ကိုယ် ထောင်လိုက်တာဘဲလား....(ကိုယ် မှန်နဲ့ကိုယ် ထောင်လိုက်တာပါဘုရား) ဦးခင်မောင်....လွန်လှချည့်လား.... (မှန်လှပါဘုရား) မနောဒွါရနော်....တကာ တကာမတို့၊ မနော ဒွါရ-မနောဒွါရဟာ သိပ်ဆိုးတယ်။

ဒါဖြင့် ခင်ဗျားတို့ မှန်ကတော့ အထောင်လဲလို့ ဖြစ်တာ ရှိပါစေတော့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး မှန်ထောင်ပုံ ကတော့ သိပ်ကောင်းတယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ နံနက်မိုးလင်းလို့ ရှိယင် ဉာဏ်တော်ကွန်ရက်ထဲ လာထင်လာတယ်ဆိုတာ သူ့ မှန် ထောင်လိုက်တာဘဲ....(မှန်ပါ့) ထောင်လိုက်တော့ ကျတ်ထိုက် တဲ့ပုဂ္ဂိုလ် ဒီထဲမှာ အရိပ် လာပေါ်တယ်....(မှန်ပါ့ဘုရား)။

မြောက်ကျန်း ကျတ်ထိုက်တယ်ဆိုယင် မြောက်ကျန်းကလူကို ဒီထဲမှာ ဟောဘို့ရာတရားဟာ ဒီထဲ ပေါ်လာတာဘဲ။

မြောက်ကျန်းကလူက အရိပ်လာထင်ပြီး သူ့ကို ဘာဟာမှ ဆိုတဲ့ မနောဝိညာဏ်စိတ် ဟာ ဦးခင်မောင် .... မပေါ်ဘူး လား....(ပေါ်ပါတယ်ဘုရား)။

ဘယ်လောက်အကြည်-ကြည်တယ်ဆိုတဲ့ဥစ္စာ တကာတကာ မတွေ့ အခုလေယာဉ်ပျံ ပေါ်ကနေ ငါးမိုင်ကနေ ရိုက်တဲ့မှန်ဆို တဲ့ဥစ္စာ အဖျင်းစားပါ.... (မှန်လှပါဘုရား) အဖျင်းစား ရှိပါ သေးတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီ မြင့်မိုရ် တောင်ကြီး ခြားနေတဲ့ ဟိုဘက်ကအာရုံတွေတောင်မှ ဒီဘက် လာထင်နိုင်တယ်တဲ့-ထင်ပြီးသကာလ ဟောလိုသော တရား၊ စိတ်ပေါ်အောင် ကြည်တဲ့မှန်ဆိုလို့ ရှိယင် တကာ တကာမတို့

အင်မတန်အဘိုးတန်တယ်ဆိုတာ မပေါ်ဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အေး....ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟို.... ဗကဗြဟ္မာကြီးများ မိုးလင်းတဲ့အခါ မှန်ထောင်ကြည့်လိုက်တဲ့ အခါ ဗကဗြဟ္မာကြီးက ဒီဌိဖြစ်နေတာနဲ့ မောင်ထွန်းလှိုင်ရေ-သူ့ ဟောဘိုရာ အင်း....သူ့ ဒီဌိဖြစ်နေပါပေါ့လား....ငါ တက် ဟောဦးမှတဲ့ဆိုတဲ့ စိတ်ဟာ ချက်ခြင်း ပေါ်တယ်.... (မှန်ပါ့ဘုရား)ကဲ... ဗြဟ္မာပြည်နဲ့ ဘယ်လောက်ဝေးသလဲ.... (ဝေးပါတယ်ဘုရား)။

အဲဒါတောင် ဘုရားရှင်ရဲ့အကြည်မှန်ကြီးဟာ ဘယ်လောက်ထိ အောင် ဒီအထဲမှာ အရိပ်ထင်နိုင်တယ်-ဗကဗြဟ္မာရိပ် ထင်နိုင် တယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘုရားကလဲ ဘုရားစွမ်းသလောက် ထောင်တာ ပေါ့ဗျ၊ ခင်ဗျားတို့ကလဲ ခင်ဗျားတို့ စွမ်းသလောက် ထောင်ကြ တာပေါ့....(မှန်ပါ့)။

စွမ်းသလောက်ထောင်တော့ တကာ တကာမတွေ့ ခင်ဗျား တို့ ထောင်တာကတော့ ဘယ်လိုပါလိမ့်....ဟိုမှာတော့ ကယ် တင်ဘိုရန် ညာဏ်ပေါ်ပေါ်လာတယ်....(မှန်ပါ့)။

ဒီမှာက မျက်ရည်ကျစရာ ပေါ်ပေါ်လာတယ်.... (မှန်ပါ့ဘုရား)မကွာခြားဘူးလား....(ကွာခြားပါတယ်ဘုရား)။

ဘုရားကတော့ ဘာ၇ပါလာသတုံး....(ကယ်တင်ဘိုညာဏ် ပေါ်ပါတယ်) ကယ်တင်ဘိုရန် ညာဏ် ပေါ်ပေါ်လာတယ်.... (မှန်ပါ့ဘုရား)။

တကာ တကာမတွေ့ကတော့ မျက်ရည်ကျစရာ ပေါ်ပေါ်လာတယ်၊ မှန် ထောင်ပုံချင်းက သိပ်ကွာနေတယ်.... (မှန်လှပါဘုရား)။

ဒီကရှေ့ ခင်ဗျားတို့က အရှုးမှန်ရသလို ဖြစ်နေတယ်(မှန်ပါ့) တကာ တကာမတို့က ဘာဖြစ်နေကြသလဲ(အရှုးမှန်ရသလို ဖြစ်နေပါတယ်)။

ဦးခင်မောင်....အရှုးဟာ ပြဒါးသုတ်တဲ့ မှန်ကလေးတချပ် ရပြီဆိုမှဖြင့် လမ်းကသွားတဲ့ လူတွေ့ ထောင်ထောင်ကြည့်ပြီး ဒီတွင်ပြုံးတာကိုးဗျ၊ မှန်ထဲကြည့်ပြီး ပြုံးတယ်.... (မှန်ပါ့) သူနဲ့တော့ ဘာဆိုင်သတုံး.... (မဆိုင်ပါဘူးဘုရား)။

သို့သော်လဲ သူက မှန်ကလေးကို ဟိုပြထောင် ဒီပြထောင် ဒီထဲကြည့်ပြီး သူကပြုံးလိုက် မဲ့လိုက် ဒီလို ဖြစ်မနေဘူးလား (မှန်ပါ့ဘုရား)ဘာဖြစ်လို့တုံး ဆိုတော့ အရှုး မှန်ရနေလို့.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဘာဖြစ်နေလို့လဲ.... (အရှုး မှန်ရနေလို့ပါဘုရား) နို့.... ခင်ဗျားတို့ကလဲ ဟိုဘက်လှည့်ထောင် ဒီဘက်လှည့်ထောင်-မျက်ရည်ကျတဲ့ဘက် လှည့်ထောင်လိုက် သေတ္တာထဲမှာရှိတဲ့ ရှေကလေး စိန်ကလေးကြည့်ပြီး ပြုံးလိုက် (မှန်ပါ့) မှန်ထောင်ကြည့်တာကိုးဗျ (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲဒါ ခင်ဗျားတို့ဟာက ဘာ-ရထားတာတုံး.... (အရှုး မှန်ရထားတာပါဘုရား)ဒါကြောင့် ပုထုဇဉ်နော ဥမ္မတ္တကော=ပုထုဇဉ်ဟာ အရှုးချည်းဘဲဆိုတာ မပေါ်သေးဘူးလား(ပေါ်ပါတယ်ဘုရား)ထောင်မိထောင်ရာ ထောင်တာဗျ (မှန်ပါ့ဘုရား)။

မှန်အဘည့်ထောင်တာလား၊ ဟိုစောင်းထောင်လိုက် ဒီစောင်းထောင်လိုက်လား.... (ဟိုစောင်းထောင်လိုက် ဒီစောင်းထောင်တာပါ ဘုရား) ဟိုစောင်းထောင် ဒီစောင်းထောင်လို့ ပေါ့ တကာ တကာမတ့ဲ ဟုလူကို မကျေသေးဘူး၊ အရင်တုန်းက လုပ်ထားတာတွေ ဆိုပြီး.... အံမာ- စောင်းများထောင်လိုက် သေးတယ်-သူက မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီလောက်ကျအောင်ခင်ဗျားတို့မှန်တွေ အရူးမှန်ရသလို ဖြစ်နေသောကြောင့် အဲဒီ မှန်တချပ်ကနေပြီး စိတ်ပေါ်လိုက်တယ်၊ မနဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ ဆိုတဲ့ မှန်ထဲမှာ အရိပ်စိတ်တွေ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒီ အရိပ်စိတ်တွေက ပဋိစ္စသမုပ္ပါဒ်-မောင်ထွန်းလှိုင်တို့.... ဘယ်နှစ်မျိုး ထွက်နိုင်သတုံး.... (သုံးမျိုးထွက်ပါတယ် ဘုရား) သုံးမျိုးထွက်နိုင်တယ်၊ ဒေါသစိတ်လာယင်လဲ ပဋိစ္စသမုပ္ပါဒ်တမျိုး မလာဘူးလား....(လာပါတယ်ဘုရား)။

သေတ္တာထဲ ရှိတာကလေးတွေ အမှောင်ထဲ ထောင်ကြည့်လိုက်တဲ့ အခါကျတော့ ဩော်.... ဒါကလေးတွေ အားကိုးရာကလေးတွေဘဲ၊ အရေးရှိ ဒါ သားတို့ သမီးတို့ဆိုပြီး သကာလများ သေကာနီး ဒါ ကလေးတွေ သူတို့ကို အရင်း တည်ပေးခဲ့ရမယ်ဆိုပြီး ပြုံးများ နေတဲ့အခါ မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

တခါတလေကျတော့ သူတို့ ကိစ္စရှိလို့ အမိနို့ဘိုး ကျေပြီများ.... ဟိုကလဲ စို့သွားသေးတယ်၊ ကိုယ်က ကျေပြီပြောနေရသေးတာ ရှိသေးတယ် (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲဒီလောက်ကျအောင် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင် မှန်ထောင်လဲ့နေတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ဒီနေရာမှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး လာနိုင်သလဲ.... (သုံးမျိုး လာနိုင်ပါတယ်ဘုရား) လောဘလာလို့ရှိယင်.... တဏှာ ဥပါဒါန် ကံ (မှန်ပါ့)။

ဒေါသ လာလို့ရှိယင် ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ(မှန်ပါ့ဘုရား)ကိုယ့်သန္တာန်မှာ ပေါ်နေတဲ့ စိတ်မှာ ဘာစိတ်ပေါ်မှန်း မသိဘူး ဆိုပြီး ကျုပ်ဖြင့် ဘယ်စိတ်ကယ်လို့ကို မပြောတတ်ပါဘူး၊ ဝဓနေတာဘဲဆိုတဲ့ အခါကော မရှိဘူးလား.... (ရှိပါတယ်)။

အဲ.... ဝဓနေတဲ့ အခါကျတော့ အဝိဇ္ဇာ ပေါ်တယ် (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဝဓနေတဲ့ အခါကျတော့.... (အဝိဇ္ဇာ ပေါ်ပါဘယ်) အဝိဇ္ဇာပေါ်တော့ အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါဘုရား) ဟော တခါတည်း ပဋိစ္စသမုပ္ပါဒ် အစက-ကော မစဘူးလား.... (စ-ပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဒီနေရာက ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးဖြစ်၍ ဘယ်နှစ်မျိုး ဆက်နိုင်သတုံး.... (သုံးမျိုးဖြစ်၍ သုံးမျိုးဆက်နိုင်ပါသည်ဘုရား)။

ဘယ့်နှယ်ကြောင့် သုံးမျိုးဖြစ်၍ သုံးမျိုးဆက်ပါလိမ့်မတုံး၊ ဒီဥစ္စာ လူခြေတိတ်မှ လာတဲ့ မှန်ကြီးပါကလား.... (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဘယ်အချိန် လာပါလိမ့်.... (လူခြေတိတ်မှ လာပါတယ်ဘုရား) လူခြေတိတ်မှ လာတယ် (မှန်ပါ့ဘုရား) ဟုတ်ကြရဲ့လား.... ဘုန်းကြီးက ရမ်းပြောနေတာလား၊

မပြောတတ်ပါဘူး ခင်ဗျားတို့ လူခြေတိတ်မှ လာတာဗျ၊ ဒီမှန်က (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

လူခြေတိတ် နဖူးပေါ်လက်တင် အိပ်ရာပေါ် စဉ်းစား၊ သားနဲ့ ခင်ပွန်းကလဲ အဝေးသွားနေတဲ့ အချိန်ကျမှ အို.... တယောက် ထည်း ထောင်နေလိုက်တဲ့ မှန်က မပြောပါနဲ့တော့.... ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဟိုဘက် လှည့်ထောင်လိုက်- ဟိုဘက် လှည့်ထောင်လဲ စိတ်မအေးပါဘူး၊ ဒီဘက် လှည့်ထောင်ပြန်တော့လဲ စိတ်မချပါဘူး၊ မလာဘူးလား.... (လာပါတယ်ဘုရား)။

အင်း....တခါတလေကျတော့ သားသမီးတွေ အစုံနဲ့ဆိုတော့ သူတို့အိပ်နေတာကလေးတွေ ကြည့်ပြီးသကာလဲ အင်း-ကြီးတော့ အားကိုးရဦးမှာဘဲ ဆိုပြီးသကာလ တွေးလုံးနဲ့ မှောင်ထဲမှာမျှား ဝမ်းမြောက်နေလိုက်တာ ပါသေးတယ်၊ မပါ-ပါဘူးလား.... (ပါ-ပါတယ်) အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် မတန်းဘူးလား.... (တန်းပါတယ်)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒီမှန် အထောင်လဲလို့ ခင်ဗျားတို့ တသံသရာလုံး ပဋိစ္စသမုပ္ပါဒ် နှစ်ဘဝစပ်ခဲ့တယ်၊ (မှန်ပါ့ဘုရား)ဘယ်နှယ်ဆိုကြမလဲ.... (နှစ်ဘဝစပ်ခဲ့ပါတယ်)။

နှစ်ဘဝစပ်ခဲ့ပါတယ်၊ ဘယ်နှယ်ကြောင့် စပ်ကြပါလိမ့်.... (မှန်အထောင်လဲလို့ပါဘုရား) တယ်.... ခင်ဗျားတို့ကလဲ ဒီမှန် ထောင်က ရဲကြတာကိုး.... (မှန်ပါ့ဘုရား) တပည့်တော်တို့က မတွေးဘဲ မနေတတ်ဘူးဘုရာ့။

ဟ.... ဘယ့်နှယ်ကြောင့် မတွေးဘဲ မနေတတ်တာတုံး ပြောစမ်းပါဦး၊ရူးပြီးရင်း ရူးချင်လို့-ရိပ်မိပလား....(ရိပ်မိပါပြီ) မတွေးဘဲ မနေတတ်တာက ဘယ့်နှယ်ကြောင့်ပါလိမ့် (ရူးချင်လို့ပါဘုရား)ဟို....အိပ်နေတဲ့လူတွေက ရှူရှဲ-ရှူရှဲနဲ့ ထွက်သက်ဝင်သက်တွေနဲ့ အိပ်များနေလို့ သူတို့ဘဲ အိပ်နိုင်တယ်၊ ဘာမှ မတွေးတတ်ဘူး (မှန်ပါ့)။

ဟို.... ကောင်းကောင်းမွန်မွန် နေတဲ့ လူကို အရူးကနေပြီး ကဲ့ရဲ့ပြန်ပြီ၊ ဘယ့်နှယ်ဖြစ်နေတာတုံး....၊ ဟို.... ကောင်းကောင်း မွန်မွန်နေတဲ့ လူကို ဒီက မှန်ထောင်အရူးက ဘယ့်နှယ်ဖြစ်နေသတုံး.... (ကဲ့ရဲ့နေပါတယ်ဘုရား)။

အင်း.... ခင်ပွန်းသည်က အိပ်နေတယ်ဖြစ်စေ၊ ခင်ပွန်းမက အိပ်နေတယ်ဖြစ်စေ၊ တယောက်တည်း ကြံလုံးထုတ်ပြီး ကိုယ့်ဟာကိုယ် မပိုင်ဘဲဖြစ်နေတဲ့လူနဲ့ အိပ်တဲ့လူနဲ့ သူနဲ့များ ရန်ဖြစ်နေသေး၊ (မှန်ပါ့) မဖြစ်ကြဘူးလား.... (ဖြစ်ပါတယ်ဘုရား) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

အံမာလေး ဖြစ်မှ ဖြစ်ရလေ တကာ တကာမတို့ ဒါ ဘာဖြစ်တာတုံးမေးယင် ဘယ့်နှယ် ဖြေကြပါ့မယ် (မှန်ထောင်လွှဲတာပါ)။

မှန်ထောင်လွှဲတာ၊ မနောအကြည် မှန်ထောင်လွှဲတာ (မှန်ပါ့ဘုရား) ထောင်ပြန်လို့ရှိယင် ခင်ဗျားတို့သည်ကား ကိုယ့်ခန္ဓာ ကိုယ်ကြီးဟာ ဘာသစ္စာပါလိမ့်မတုံးလို့ ထောင်လိုက် စမ်းပါလား....(မှန်ပါ့)ဟော....ဒုက္ခသစ္စာသိတဲ့ စိတ်ကလေးအလယ်မှာ ပေါ်စေ့မယ်။ မနောဝိညာဏ် စိတ်ကလေး ဉာဏ်စိတ်ကလေး ပေါ်လိမ့်မယ်နော်(မှန်ပါ့ဘုရား)။

ဒီလိုတော့ လှည့်ဘူးရဲ့လား....(မလှည့် ဘူးပါဘူး ဘုရား) ဘယ်နှယ်ဖြစ်လို့လဲ ကုသိုလ်ရမှာစိုးလို့လား....(မဟုတ် ပါဘူး ဘုရား)။

ဒီလိုကျတော့လဲ မလှည့်ဘူးဘူးဆိုတော့ အင်မတန်ကြောက် စရာ ကောင်းနေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဩော်....တကာ တကာမတို့ ခင်ဗျားတို့ ဝါသနာဆိုးတွေ ရှိတယ်နော်....(ရှိပါတယ်ဘုရား)ကဲ့ရဲ့တာ မဟုတ်ပါဘူး တကာ တကာမတို့ အပြစ်တင်ဒါ သက်သက်ပါလို့ မှတ်ပါ။ ဝါသနာ ဆိုးက ရှိနေတာကိုး ဝါသနာဆိုးက ထောင်ရမည့် ဘက်ကို မထောင်ဘူး....(မှန်ပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မှာတော်မူရှာတယ် တဲ့- မင်းတို့ မှန်ထောင်ချင်လို့ ရှိယင်ထောင်ပါကွဆိုပြီး သစ္စသံယုတ် မှာ အကြမ်းဖျင်း စီးဖြန်းလို့ ရှိယင်ဖြင့် ဒီ-ခန္ဓာ ကိုယ်ကြီး ဘက် လှည့်ထောင်ပါတဲ့ မနောအကြည်ကို ဘာသစ္စာတုံးလို့ တွေးလုံးနဲ့ ထောင်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ထောင်လိုက်တော့ ဘာသစ္စာလို့ ပြောလိမ့်မယ်ထင်သတုံး- (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာလို့ ပြောတော့ ကျုပ်တို့က ဒုက္ခသစ္စာလို့ သိလိုက်သည်နဲ့ တပြိုင်နက်တည်း လာမည့် ပဋိစ္စ သမုပ္ပါဒ် သုံးခုစလုံး အကုန်ပြတ်....(မှန်ပါ) မပြတ် ဘူးလား.... (ပြတ်ပါတယ်ဘုရား)။

ဒုက္ခသစ္စာသိတဲ့စိတ်ကလေးဟာ တခါတည်း ဖြတ်ဆို မဂ္ဂင်တွေ ပေါ်လာတာဘဲ (မှန်လှပါဘုရား)ခန္ဓာဘက် လှည့်ထောင်

လိုက်တဲ့ အခါကျတော့ မဂ္ဂင်ငါးပါး မပေါ် လာဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ခန္ဓာဘက် လှည့်ထောင်တော့ ဘာ ပေါ်သတုံး.... (မဂ္ဂင်ငါးပါးပေါ်ပါတယ်)။

အဲ....ကြုံချင်ယင် ဒါကို ကြုံကြပါတဲ့ ကာမဝိတက် ဗျာပါဒ ဝိတက် ဝိဟိ ံသ ဝိတက်တွေတော့ဖြင့် အဲဒီ ဝိတက် ဖြစ်လောက်တဲ့ ဘက်ကိုတော့ လှည့် မထောင်လိုက်ပါနဲ့....(မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)

ဘုန်းကြီးက တကာ တကာမတွေ့ နားလည်မှု ရှိအောင်လို့ ပြောတာပါတဲ့ ဘုရားက ကြုံစည်ချင်လို့ ရှိယင် ဤခန္ဓာကြီး ဘာ သစ္စာတုံးလို့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ကြုံကြပါတဲ့.... (မှန်ပါ့)။

ကြုံလိုက်တော့ ခင်ဗျားတို့က တရားကလဲ နာပြီးသား ဖြစ်နေတယ် ဖြစ်ပျက်တွေကလဲ တွေ့ပြီးသား ဖြစ်နေတော့ ဘာ သစ္စာလို့ ပေါ်လာမယ် ထင်သတုံး.... (ဒုက္ခသစ္စာလို့ ပေါ်လာပါမှုယ်)။

ဟော....မဂ္ဂင် ပေါ်လာပြီ....(မှန်ပါ) အကြုံ ကောင်းတော့ မဂ္ဂင်ပေါ်တယ်....(မှန်လှပါဘုရား)အကြုံကောင်းတော့- (မဂ္ဂင် ပေါ်ပါတယ်ဘုရား) အကြုံဆိုးတော့ ပဋိစ္စသမုပ္ပါဒ်ပေါ်တယ် (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ပဋိစ္စသမုပ္ပါဒ် အစ ပေါ်မလာဘူးလား.... (ပေါ်လာ ပါတယ်ဘုရား) ဒါဖြင့်အကြုံကောင်းတော့ ဘာပေါ် သတုံး.... (ပဋိစ္စသမုပ္ပါဒ် ပေါ်ပါတယ်) ဒါဖြင့် အကြုံကောင်း တချက်

ဆိုတာ ဒါ မှတ်ပေတော့ မဂ္ဂင်သာ မှတ်ပေတော့။ နိဗ္ဗာန် ရောက်မှာဘဲ(မှန်ပါ့ဘုရား)။

အကြံဆိုးလို့ ရှိယင်ဖြင့် ခင်ဗျားတို့သည် ကားလို့ ဆိုလို့ရှိ ယင်ဖြင့် တသံသရာလုံး ဒုက္ခစက်ကြီး လယ်ကြပေတော့....(မှန်ပါ့ ဘုရား)။

ဒါဖြင့် တကာ တကာမတွေ ကျုပ်တို့ ဘာမှမဖြစ်ဘူးလို့ မထင်ပါနဲ့တဲ့။ ဒီ မှန်တချပ် ရ-ထားလို့ မှန်ထောင်လိုက်လို့ မဟုတ်တဲ့ဘက်သာ ထောင်လိုက်လို့ ရှိယင် မျက်ရည်ကျမယ် စိတ်ကူး။ တယောက်တည်း အရှုးထပြီး ပြုံးမယ်လို့ စိတ်ကူး။ ဘာမှ မှိုင်တွေချပြီး၊ အဝိဇ္ဇာ ဖြစ်မယ်လို့ဆိုတာ ပေါ်တော့ မှာဘဲဆိုတာ သေသေချာချာ မှတ်ပေတော့....(မှန်လှပါဘုရား)

ဒါ-ဘာလဲလို့ပါလိမ့်၊ တကာ တကာမတွေ(မှန်ထောင်လဲ လို့ပါဘုရား) အဲဒါကြောင့် ဘုန်းကြီးသည်တဲ့ ဦးခင်မောင် အလွန်ရှင်းအောင် ပြောနေတယ် ဆိုတာမှတ်ပါနော်....(မှန်ပါ့ ဘုရား)။

"မနုဇ္ဇ ပဋိစ္စ ဓမ္မေစ ဥပဇ္ဇတိ မနောဝိညာဏ" ဆိုတာ မနောဝိညာဏ်ဆိုတာ အင်မတန် ကျယ်တယ်။ မနောဝိညာဏ ခါတ် ဆိုတာက အင်မတန်မှ များတဲ့ တရားတွေ....(မှန်ပါ့)။

ကဲ....တကာ တကာမတို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီး က မှန်ထောင်ချင် ဘယ်ဘက် လှည့်ထောင်ရမတုံး....(မိမိခန္ဓာ ဘက် လှည့်ရပါမယ်)မိမိခန္ဓာဘက်လှည့်ထောင်တော့ ဘာသစ္စာ ပါလိမ့်မတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲ-ဒုက္ခသစ္စာ ဆိုတော့ ဒုက္ခ သစ္စာဆိုတာက ခန္ဓာက ဒုက္ခသစ္စာ၊ သိလုံးကလေးက မဂ္ဂသစ္စာ.... (မှန်ပါ့ဘုရား)ခန္ဓာက (ဒုက္ခသစ္စာပါဘုရား)။

အဲ-ခန္ဓာက နေပြီး မနောအကြည်ကလေး ဒီ-ခန္ဓာဘက်လှည့်လိုက်တယ်။ ဒါဘာပါလိမ့်မတုံးလို့ မနောဒွါရာဝဇ္ဇန်းနဲ့ ဘဝင် အကြည် ပေါ်မှာ နေပြီး မနော ဒွါရာ ဝဇ္ဇန်းနဲ့ ဆင်ခြင်လိုက်တဲ့ အခါကျတော့ သြော်....ဒုက္ခ သစ္စာ ပါကလား လို့ သိလုံးကလေး မဂ္ဂင်ပေါ်လာတယ်.... (မှန်ပါ့) မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)ဘာပေါ်ကြသတုံး.... (မဂ္ဂင်ပေါ်ပါတယ်)။

ကိုင်း....တကာ တကာမတို့ ကြံယင် ဒီတခါဖြင့် ဒီကရှေ့မှန်ထောင် မလွဲဘဲနဲ့ ခန္ဓာပေါ် ထောင်ကြည့် ပါ.... (မှန်ပါ့) သဘောကျပလား....(မှန်ပါ့ဘုရား)။

စိတ်ကလေး တခု ပေါ်လာလို့ ရှိယင် ခုနက ပေါ်လာတဲ့ စိတ်ကလေးဟာ ဘာကလေးပါလိမ့်မတုံးလို့ ဆောင်ကြည့်လိုက်....(မှန်ပါ့ဘုရား)။

ခုနက ပေါ်လာတဲ့ စိတ်ကလေးဟာ ဘာကလေးပါလိမ့်မတုံးလို့ ဆောင်ကြည့်လိုက်တဲ့ အခါကျတော့ ဟာ-အနိစ္စ ကလေးပါကလား ဆိတဲ့ စိတ်ကလေး မပေါ်လာဘူးလား။ မဂ်င် မပေါ်လာဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒုက္ခကလေးပါကလားလို့ ဆိုတဲ့သိတဲ့မဂ္ဂင်ကော....(ပေါ်ပါတယ်ဘုရား) ဒုက္ခသစ္စာသိတဲ့ မဂ္ဂင် ကလေးကော.... (ပေါ်ပါတယ်ဘုရား)အဲဒါ ဒီလို ပေါ်အောင် ထောင်နိုင်ပြန်လို့ ရှိယင် တော့လဲ မဂ္ဂင်ချည်းပေါ်နေတယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့်နိဗ္ဗာန်ရသွားတဲ့ပုဂ္ဂိုလ်မျှားမှာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဦးခင်မောင်တို့ ရိပ်မိရောပေါ့ဗျာ။ မှန်ထောင် တည့်သွားတာ....(မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာ တည့်သွားတာတုံး.... (မှန်ထောင် တည့်သွားတာပါ ပါဘုရား)သြော်.... ခင်ဗျားတို့ကတော့ အရှုးမှန်ရ ဖြစ်နေလို့ ပြုံးတလှည့် မဲ့တဖုံ ဖြစ်နေတာကိုး.... (မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ခင်ဗျားတို့ကတော့ ဘာ ရ-ထားတာတုံး....(အရှုး မှန်ရ ထားပါတယ်ဘုရား)။ ပြုံးတာ တလှည့် မဲ့တာတဖုံ ဟုတ်လား.... (မှန်ပါ့) လှည့်နေတာကတခြားဆို တခါတလေများ အို.... ဘာဖြစ်နေမှန်း မသိဘူး၊ မျက်နှာလဲ ကြည့်လို့ကို ဖြစ်စရာမပါ တဲ့အခါ ရှိသေးတယ် (မှန်ပါ့) မရှိဘူးလား.... (ရှိပါတယ် ဘုရား)။

မိုင်တွေများချပြီးသကာလ မကြံတတ် မစည်တတ် ဖြစ်နေတော့ မှန်ထောင်က လွဲနေတော့ အဝိဇ္ဇာချည်း ဖြစ်နေတာကိုး.... (မှန်လှပါ) အဝိဇ္ဇာစိတ်ပေါ်နေတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ တကာတကာမတွေ အိပ်ရာထဲကနေပြီး ဒယ်အိုးန္နတ်ဆက်တာတော့ မကောင်းပါဘူး.... (မှန်ပါ့) သဘောကျရဲ့လား.... (သဘောကျပါတယ်)။

အိပ်ရာထဲကနေပြီး.... (ဒယ်အိုးန္နတ်ဆက်တာတော့မကောင်းပါဘူး) ဒယ်အိုး န္နတ်ဆက်တာတော့ မကောင်းပါဘူး တကာတကာမတို့ ကိုယ်တိုင်သွားလိုက်ရတာက တော်သေးတယ် ထင်

ပါရဲ့ ကျုပ်သေယင် လာခဲ့ပါ့မယ်ဆိုတဲ့ အသွားက အတော်ဆိုးတယ်.... (မှန်ပါ့ဘုရား)။

ဦးခင်မောင်.... အိပ်ရာထဲကနေ ဒယ်အိုး နှုတ်ဆက်တာမလုပ်နဲ့နော်.... (မှန်လှပါဘုရား) မှန်ထောင်လဲယင် ဖြစ်တာဘဲ.... (မှန်ပါ့) ဘယ်နှယ်ဆိုကြမယ်.... (မှန်ထောင်လဲယင် ဖြစ်ပါတယ်ဘုရား)။

မှန်ထောင်လဲယင် အိပ်ရာထဲကနေ ဘာနှုတ်ဆက်မိသတုံး.... (ဒယ်အိုး နှုတ်ဆက်မိပါတယ်ဘုရား) ဒယ်အိုးဆိုတာ နှုတ်ဆက်ကောင်းတာ မဟုတ်ဘူး.... ဝေးအောင်ပြေးရတာ.... (မှန်ပါ့ဘုရား)။

ဒယ်အိုးနဲ့ ဝေးအောင် ပြေးရတာ.... အပါယ်လေးပါးနဲ့ ဝေးအောင်ပြေးရတာ တကာတကာမတွေ့ မဟုတ်ဘူးလား.... (မှန်လှပါဘုရား)။

အဲဒီတော့ ဒီနေ့ မနောအကြည်ကို ပဋိစ္စသမုပ္ပါဒ် ဆက်ပြရသဖြင့် အကျယ်ဆုံး ပဋိစ္စသမုပ္ပါဒ်ဘဲဆိုတာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့.... ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

သူက ဘယ်နှစ်မျိုးလာနိုင်သတုံး....(သုံးမျိုးလာနိုင်ပါတယ်ဘုရား) သုံးမျိုးလာနိုင်တယ်၊ ဘယ်နှယ်ကြောင့် သုံးမျိုးလာပါလိမ့်မတုံးလို့ တကာသစ်တို့မေးမယ်၊ ကိုမြရွှေတို့မေးမယ်၊ ဦးဇင်္ဂရင်တို့မေးမယ်၊ မောင်မြတို့ မေးမယ်ဆိုယင် ဘယ်နှယ်ဖြကြမလဲ.... (မှန်အထောင်လဲလို့ပါဘုရား)။

မင်းတို့ဟာကလဲ ဒီ- မှန်ကလေးတချပ်နဲ့ ခု ဘုရားဟောတော်မူတဲ့အတိုင်း ဘုရားပြောတော့မယ် ခန္ဓာဘက် လှည့်ထောင်

ပါကွ.... (မှန်ပါ့ဘုရား) ဘယ်.နှယ်မှာပါလိမ့်.... (ခန္ဓာဘက် လှည့်ထောင်ပါ....တဲ့)။

ကိုယ်. ခန္ဓာဘက်လှည့်ထောင်ပါ.... (မှန်ပါ့) ကိုယ်. ခန္ဓာဘက် လှည့်ထောင်လိုက်တဲ့အခါကျတော့ တကာ တကာမတို့ အသုဘ အရိပ်ကြီးယင်လဲ အသုဘသိတဲ့ ဉာဏ်ယင်လဲ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဘယ်ဘက် လှည့်ထောင်လိုက်လို.လဲ(ခန္ဓာဘက်လှည့်ထောင်လိုက်လို.ပါ)တခါ ကိုယ်.ခန္ဓာထဲမှာ စိတ်ဆိုတဲ့ ဝိညာဏကခန္ဓာဘက် လှည့်ထောင်လိုက်ပြန်တော့လဲ အရင်ချုပ်သွားတဲ့ စိတ်ကလေးဟာ အရင်စိတ်ကလေးဟာ ဘာပါလိမ့်မတုံးလို. တွေးကြည့်လိုက်စမ်းပါလား.... (မှန်လှပါဘုရား)။

ဩော် .... အရင်စိတ်ကလေးဟာ အနိစ္စလို.သိတဲ့ ဉာဏ်ကလေး မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒါ မှန်ထောင်လှည့်ပြန်တော့ ခန္ဓာဘက်တည့်တည့်ထောင်ခုနက ယားတာကလေးဟာ ရှိ · မရှိ လှည့်ထောင်ကြည့်စမ်း၊ ရှိသေးရဲ.လား.... (မရှိပါဘူးဘုရား)။

မရှိတဲ့အခါကျတော့ မှန်ထောင်က တည့်ပြီးသကာလ သွားတော့ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ မဂ်ချည်း ပေါ်နေတယ်....(မှန်ပါ့) မပေါ်ကြဘူးလား.... (ပေါ်ပါတယ်ဘုရား) ဘာတွေ့ ပေါ်သတုံး.... (မဂ်ချည်း ပေါ်ပါတယ်ဘုရား)။

မဂ် ဉာဏ်တွေ့ချည်း ပေါ်နေတယ်ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီ) ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စသံယုတ်မှာဟောတဲ့အတိုင်း ဟ....ကြံစည် တွေးတောချင်လို.ရှိယင် ခန္ဓာပေါ်မှာ ကြံစည်တွေးတောပါ၊ အခုပေါ်လာ

တာက်လေးတော့ဟာ ဘာပါလိမ့်မတုံး.... ဒုက္ခသစ္စာဘဲလား.... သမုဒယသစ္စာဘဲလား.... သမုဒယသစ္စာကို သမုဒယ သစ္စာမှန်း သိပြန်လို့ ရှိယင်လဲ မဂ္ဂသစ္စာ ပေါ်တာဘဲ (မှန်လှပါဘုရား)။

နိရောဓသစ္စာကို နိရောဓသစ္စာလို့ သိပြန်ယင်ကော.... (မဂ္ဂသစ္စာပေါ်ပါတယ်) ရှင်းကြပလား.... (ရှင်းပါပြီ) ဒုက္ခသစ္စာကလေးကိုဒုက္ခသစ္စာကလေးပါကလားလို့ သိပြန်ယင်ကော (မဂ္ဂသစ္စာပေါ်ပါတယ်)။

အဲဒီတော့ မှန်တည့်ချင်လို့ ရှိယင် ဘယ်ဘက်လှည့်ကြမယ်.... (ခန္ဓာဘက်လှည့်ရပါမယ်)ခန္ဓာငါးပါးဘက်ကို လှည့်လိုက်ပါ.... (မှန်ပါ့) ရှင်းကြပလား(ရှင်းပါပြီ) ဘယ်ဘက် လှည့်ကြမယ်.... (ခန္ဓာငါးပါးဘက် လှည့်ရပါမယ်)။

အဲ....နောက် ခင်ဗျားတို့ ဒီနေ့ပြန်တဲ့အခါ ကျတော့ အိမ် ကျတော့ အိပ်ကြမယ်နော်.... (မှန်ပါ့)။

အိမ်မှာအိပ်ကြတဲ့အခါ ကျတော့ နဖူးပေါ်လက်တင်၍ ခေါင်းအုံးပေါ် ခေါင်းကျသည်နှင့် တပြိုင်နက်တည်း ဆရာဘုန်းကြီးက မှာတယ်၊ ဘုရားက မှာတယ်၊ ဘယ်ဘက်မှ မလှည့်ရဘဲ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

လှည့်ချင်လို့ ရှိယင် ခန္ဓာငါးပါးဘက်ကို လှည့်ပါ....တဲ့ (မှန်ပါ့ဘုရား)ဒီ့ပြင်ဘက် လှည့်လို့ ရှိယင် ပဋိစ္စသမုပ္ပါဒ် ထုတ်လာပြီ.... (မှန်ပါ့ဘုရား)။

ဒီ-ဘက် လှည့်လာလို့ ရှိယင် မဂ် ထုတ်လာတာဘဲ (မှန်ပါ့) ခန္ဓာဘက်လှည့်ယင်.... (မဂ် ထုတ်လာပါတယ်ဘုရား) ဒီ့ပြင် အခြားဘက်လှည့်လိုက်ယင်.... (ပဋိစ္စသမုပ္ပါဒ်ထုတ်ပါတယ်)။

ပဋိစ္စသမုပ္ပါဒ် ထုက်လာလိမ့်မယ်.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ဆိုလို့ရှိယင် တကာတကာမတွေက ခင်ဗျားတို့ ရပြီးသားဘဲ ဒုက္ခကွန္ဓာသာ သမုဒယော ဟောတီ.... (မှန်ပါဘုရား) ရှင်းပါလား.... (ရှင်းပါပြီ)။

ခန္ဓာဘက်လှည့်လိုက်လို့ရှိယင်ဖြင့် ဒုက္ခကွန္ဓာသာ နိရောဓော ဟောတီ.... (မှန်ပါဘုရား) သေသေချာချာမှတ်ပါ ဒီနှစ်လုံးဟာ အင်မတန် အရေးကြီးတယ်၊ မှန်အလှည့်တတ်ဘို့ အပေါ်မှာ မှီနေတယ်.... (မှန်လှပါဘုရား)။

ယခုနေ သေသေချာချာထူးထူးခြားခြားမှတ်ပါ၊ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့....နော်.... (မှန်ပါ့) နိဗ္ဗာန် ရောက်ကြောင်းဟာ မှန်အလှည့်တတ်ဘို့ အပေါ်မှာအရေးကြီးတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

နိဗ္ဗာန်ရောက်ကြောင်းဟာ.... (မှန်အလှည့်တတ်ဘို့ အပေါ်မှာ အရေးကြီးပါတယ်) မှန်အလှည့်တတ်ဘို့ အရေးကြီးတယ်သားနဲ့ သမီးနဲ့ ပစ္စည်းနဲ့ ဆွေနဲ့ မျိုးနဲ့ဘက်ကို လှည့်လိမ့်မယ် တကာတကာမတို့.... ပါဠိရှတ်စမ်း....(ဒုက္ခကွန္ဓာသာ သမုဒယော ဟောတိပါဘုရား)။

ဟော.... လှည့်သာလှည့်ကြည့်၊ မယုံလို့ရှိယင် လှည့်ကြည့် ခင်ဗျားတို့(မှန်ပါဘုရား)ဒုက္ခကွန္ဓာသာ=ဒုက္ခအစုဇာ၊သမုဒယော= ဖြစ်ခြင်းသည်၊ ဟောတိ=ဖြစ်၏။ ဒုက္ခအစုဖြစ်ခြင်းဘဲ....(မှန်ပါ့ ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ကိုယ်ခန္ဓာဘက်ကို တခါတည်း ဝေဒနာကွန္ဓာဘက်ကို လှည့်လိုက်လှည့်လိုက် ဝိညာဏခန္ဓာဆိုတဲ့ စိတ်ဘက် လှည့်

လိုက် လှည့်လိုက် ရုပ်ဘက် လှည့်လိုက် လှည့်လိုက် ကိုမြင်ရှေတို့.... ဘာပေါ်မယ်ထင်သတုံး....(မဂိ ပေါ်ပါတယ်ဘုရား)။

ဟော....ခန္ဓာဘက် လှည့်လိုက်ယင် မဂ် ပေါ်တယ် သဘော ကျပလား....(မှန်ပါဘုရား)သားရေး သမီးရေး စီးပွားရေးဘက် လှည့်လိုက်ယင်.... (ပဋိစ္စသမုပ္ပါဒ် ပေါ်ပါတယ် ဘုရား) ပဋိစ္စ သမုပ္ပါဒ် ပေါ်သောကြောင့် ဒုက္ခကွန္ဓသာ သမုဒယော ဟောတိ။ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တခါတလေမျှား ခင်ဗျားတို့ အိပ်မပျော်တာ၊ အိပ်မပျော်တာက ဒုက္ခအစကိုးဗျ၊ အပါယ်သွားမှာက ဒုက္ခအဆုံးဘဲ .... (မှန်ပါဘုရား) အိပ်မပျော်တာက ပဋိစ္စသမုပ္ပါဒ်ပေါ်တာဘဲ-(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)ဒုက္ခ ဒေါမနဿ တွေ့ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။ အဲဒါက ဒုက္ခကွန္ဓသာ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါလဲ ဒုက္ခကွန္ဓသာ သမုဒယော ဟောတိဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဘာဖြစ်သွားတာတုံး....ဘာလဲသွားတာတုံး အကဲခတ်ကြစမ်း.... (မှန်ထောင်လဲတာပါဘုရား) မနောအကြည် မှန်ထောင်လဲလိုက်တာ....(မှန်ပါဘုရား)။

ဦးခင်မောင်....မနောအကြည် မှန်ထောင်လဲလိုက်လို့ ကြည့်လို့ရှိယင်ဖြင့် မျက်ရည်ကျတဲ့ ပဋိစ္စသမုပ္ပါဒ်သော်ငင်း ဟုတ်လား.... (မှန်ပါ) မတရားသဖြင့် အရူးပြုံး ပြုံးတဲ့ ပဋိစ္စသမုပ္ပါဒ် အစသော်ငင်း မှိုင်တွေချတဲ့ အဝိဇ္ဇာ ပဋိစ္စသမုပ္ပါဒ် အစသော်ငင်း ပေါ်ရမယ်....(မှန်ပါ ပေါ်ရပါမယ်)။

ဒီ ပဋိစ္စသမုပ္ပါဒ်သုံးခု တခုခု ပေါ်ရမယ်....(မှန်ပါ့ဘုရား) ပေါ်လိုက်လို့ရှိယင် တကာ တကာမတို့ ဩဇာ....မှန် အထောင်လဲ့လိုက်တဲ့အတွက် "ဒုက္ခ ကွန္ဓသ သမုဒယော ဟောတိ" ဒုက္ခကွန္ဓသ=ဒုက္ခအစုတို့၏၊ သမုဒယော=ကိုယ်ပိုင် ဖြစ်ခြင်းသည်၊ ဟောတိ=ဖြစ်၏....(မှန်ပါ့)သမုဒယောဆိုတာ ကိုယ်ပိုင်ဖြစ်တာဘဲ....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဒုက္ခအစုကြီး ကိုယ်ပိုင်ဖြစ်တာ သဘောကျပလား.... (ကျပါပြီ) တကာ တကာမတို့ ဒုက္ခအစုကြီး ကိုယ်ပိုင်ဖြစ်တဲ့ လက်သည် အရင်းကျကျ ရှာလိုက်စမ်း ဘယ်သူ့ကြောင့်တုံး....(မှန်ဆောင်လဲ့လို့ပါဘုရား) ခင်ဗျားတို့ဟာ ကိုယ့်ကိုယ်ကို ရှင်ထူတာတော့ သူများနာတာတော့ ဟုတ်မထင်ပါဘူး၊ကိုယ့်ကိုယ်ကို ရှင်ထူတာ သူများနာတာလား....(မနာပါဘူး)ဘယ်သူနာတာတုံး....(ကိုယ်နာပါဘယ်ဘုရား)။

ဒီမှာလဲ မှန်ဆောင်လဲ့ယင် ဘယ်သူနာမယ် ထင်ကြသလဲ.... (ကိုယ်နာမှာပါဘဲဘုရား) အဲဒါ ကိုယ့်ကိုယ်ကိုယ် ရှင်ဆုံဘဲ့ ပုဂ္ဂိုလ် ဘယ်သူကမျှား ခင်ဗျားတို့ကို သနားသေးသတုံး (မသနားပါဘူးဘုရား) မိုက်လို့ ထုတာကိုးဗျ....(မှန်ပါ့)မိုက်လို့ထုတော့ ဘယ်သူက သနားသေးသတုံး(ဘယ်သူကမှ မသနားပါဘူး)။

ဒီမှာ သူ့ဟာသူ အိပ်ရာထဲမျှား မျက်ရည်ကျပြီး သကာလနေလို့ သားသမီးတွေကလဲ ရှုံးရှဲနဲ့ အိပ်နေကြ၊ခင်ပွန်းသည်တွေကလဲ အိပ်နေကြ၊ အမေလုပ်တဲ့ ပုဂ္ဂိုလ်က ဆွေးနိုင်သ၍ ဆွေးနေတဲ့ အချိန်မှာ ဘယ်သူမျှား လာသနားသေးတုံး....(မသနားပါဘူးဘုရား)။

သူ့ ဟာသူ အရူးထနေတာ ဘယ်သူက သနားစရာရှိသတုံးဗျ၊ (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) သူ့ ဟာသူ ဘာဖြစ်နေတာတုံး.... (အရူးထနေတာပါဘုရား)။

အေး.... ဒါကြောင့် ပုထုဇန် အရူးဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ) ဘယ်နယ်ကြောင့် ပုထုဇန်ရူးပါလိမ့် မတုံးလို့ မေးတဲ့ အခါကျတော့ အရူးက မှန် ရ-ထားလို့....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဘာ ရ-ထားလို့တုံး.... (အရူး မှန်ရ-ထားလို့ပါဘုရား)။

အရူး မှန် ရ-ထားလို့ ထောင်ချင်တဲ့ဘက် လှည့်ထောင်လိုက်တဲ့အတွက် သူက မျက်ရည်ကျချင်လို့ရှိယင် စိုးရိမ်စရာဘက် ထောင်လိုက်တာဘဲ(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ပြုံးချင်လို့ရှိယင်ဖြင့် ခုနက အားကိုးစရာဘက်လဲ ထောင်လိုက်တာဘဲ (မှန်ပါ့) ပြုံးချင်ယင်.... (အားကိုးစရာဘက် ထောင်လိုက်ပါတယ်) အို.... သားသမီးတွေ အတုံးအရုံးနဲ့ ပူစရာမရှိဘူး၊ တခါတလေ ကိုယ့် ဟာကိုယ်များ ပြုံးနေလိုက်သေးတယ် တယောက်ထဲများ၊ ဟိုဟာတွေက ဂြိုဟ်တွေလို့လဲ မသိဘူး၊ အနီစွတွေလို့ကော သိရဲ့လား.... (မသိပါဘူး)။

ဒုက္ခသစ္စာတွေရယ်လို့ကော.... (မသိပါဘူး) အို.... စင်စစ်တော့ ဒုက္ခသစ္စာတွေကော မောင်ကို ဟုတ်မှ ဟုတ်ကဲ့လား.... (ဟုတ်ပါတယ်ဘုရား) အဲဒါတွေ ဒုက္ခသစ္စာတွေများ ကြည့်ပြီး သကာလ သူက ပြုံးတဲ့ စိတ်များ ပေါ်နေတယ် (မှန်ပါ့) အိပ်ရာထဲမှာ—အိပ်ရာထဲမှာ.... (မှန်ပါ့)။

ဘာ ကြည့်ပြီး ပေါ်နေတာပါလိမ့်.... (ဒုက္ခသစ္စာတွေ့ ကြည့်ပြီး ပေါ်နေတာပါဘုရား) ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ သိပြီး ပြုံးတာလား၊ အားကိုးရမယ်လို့ ထင်မှတ်ပြီး ပြုံးတာလား.... (အားကိုးရမယ်လို့ ထင်မှတ်ပြီး ပြုံးတာပါ)။

ဒါဖြင့် ရှုး- မရှုး အကဲခတ်ကြစမ်းပါ (ရှုးပါတယ်ဘုရား) ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ ထင်လို့ ရှိယင်ဖြင့် မဂ္ဂင် ပေါ်ရမှာ၊ သူ့မှာ တဏှာပေါ်နေတယ် (မှန်လှပါဘုရား) တဏှာ မာန မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒါ ဘာဖြစ်လို့ တုံးဆိုတော့အရှုး မှန် ရ-ထားလို့ တကာ တကာမတို့ ပေါ်ချင်ရာ ပေါ်နေတာ (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီး မှာတဲ့ဥစ္စာကို သေးသေး သိမ်သိမ်လို့ မမှတ်ဘဲနဲ့ ဩဿ.... အိပ်ရာဝင်လို့ ရှိယင် မှန်ထောင်မလဲစေနဲ့ (မှန်ပါဘုရား) တယောက်ကဲနေယင်.... (မှန်ထောင်လဲပါတယ်ဘုရား)မှန်က တယောက်ထဲနေမှ ဟိုထောင် ဒီထောင်ဗျ(မှန်လှပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

တယောက်ထဲနေမှ ဘယ်နှယ် နေသတုံး.... (ဟိုထောင် ဒီထောင်ပါဘုရား) ဟိုထောင် ဒီထောင်ဆိုတော့ တွေးလုံးမျှားတဲ့လူ ကြံလုံးမျှားတဲ့လူ စိုးရိမ်လုံးမျှားတဲ့လူဟာ ဥိးခင်မောင် အဲဒါ အရှုးဘဲဆိုတာ မှတ်ပေတော့ (မှန်လှပါဘုရား)။

သားတွေကလဲ ငယ်ငယ် သမီးတွေကလဲ ငယ်ငယ် အိမ်က ခင်ပွန်းမတွေကလဲ အသုံးမကျ၊ ခက်လိုက်တဲ့ ဖြစ်ခြင်း ဆိုယင် တော့ သွားရောပေါ့ဗျာ၊ မသွားသေးဘူးလား ....(သွားပါပြီ ဘုရား)။

သွားပြီ-သွားပြီ တကာတကာမတို့ အင်း....မိန်းမရယ်လို့လဲ တည်ထောင်ထားတော့.... ဦးထမ်း ပဲ့ထမ်းဆိုတာ သူကလဲ ထမ်းဖော်မရ၊ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဘာဖြစ်ဟာလဲ ဒါ....(မိန်းမဘက် လှည့်တာပါ) မိန်းမဘက် လှည့်ပြီး မှန်ထောင်လိုက်တာ၊ (မှန်ပါ့ဘုရား)။

မှန်ထောင်တော့ သူက အားကိုးချင်တယ်၊ အားကိုးရာမရတော့ သူ့စိတ်ထဲ ဘာဖြစ်သတုံး.... (စိတ်ပျက်ပါတယ်) ဒေါမနဿ ဖြစ်တယ် (မှန်ပါ့) ဒေါမနဿ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

အဲဒါ သူ အားကိုးရမည့် နဂိုရိုက ခန္ဓာငါးပါးဟာ တကာတကာမတို့ ကန္ဒာသစ်ပင်လို့ ဘုရားက ဟော်တယ် (မှန်ပါ့ဘုရား) ခန္ဓာငါးပါးဟာ ကန္ဒာသစ်ပင်ကြီး မှတ်ထားစမ်းပါ၊ (မှန်ပါ့)ကန္ဒာသစ်ပင်ဆိုတာ ရေတိုက် စားသွားလို့ အမြစ်တွေ ဘာမှ မရှိတော့ဘူး တွယ်ထားတာ၊ သစ်ပင်ကိုက ဦးခင်မောင်ရေ.... ရေထဲ ကိုင်းနေပြီ (မှန်လှပါ) မဆွဲခင်က ပြုတ်ချင်ချင်....(မှန်လှပါဘုရား)။

အဲဒီတော့ ခန္ဓာငါးပါးဟာ ဘာနဲ့ တူသတုံး.... ကန္ဒာသင်းပင်နဲ့ တူတယ် (မှန်ပါ့ဘုရား) အဲဒီ သစ်ပင်ကို တကယ် အားကိုးရမယ်၊ သား အားကိုးရမယ်၊ သမီး အားကိုးရမယ် ဆိုတော့ ခန္ဓာတွေ အားကိုးလိုက်တဲ့ အတွက် ဒါတွေက အနှစ်တွေမို့ ထောင်လောင်းကန့်လန့်တွေက မလာဘူးလား.... (လာပါတယ်ဘုရား)လာတဲ့ အခါကျတော့ ဒီလိုဖြစ်လိမ့်မယ် မထင်ဘူး၊ (မှန်ပါ့) တကာ တကာမတွေက တွေးလုံးကြီးနဲ့ပေါ့ဗျာ၊ ဘယ်လိုမျှား တွေးကြပါလိမ့်.... (ဒီလို ဖြစ်လိမ့်မယ် မထင်ဘူး)။

အို.... ဒီလိုဖြစ်လိမ့်မယ် မထင်ပေမဲ့.... ဒီလိုဖြစ်မှာ နဂိုရိုက ခင်ဗျားတို့က မတွေးတတ်လို့ (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အခု အတူနေတာသည် တကာ တကာမတို့....ခဲ့မလို့ အတူတူ နေကြတာ (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

တယောက်ထဲနေယင် ခဲ့စရာ မရှိဘူး (မှန်ပါ့ဘုရား) နှစ်ယောက်နေမိတော့.... (ခဲ့ရပါမယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် တယောက်ထဲ နေယင် ဘယ်လို ဖြစ်မှာစိုးလို့ နှစ်ယောက်နေမိတာတုံးလို့ မေးလို့ရှိယင်အဖြေ ဘယ်နှယ်ထွက်ကြမယ်....။ တယောက်ထဲနေယင်....ခဲ့စရာမရှိမှာ စိုးလို့.... (မှန်လှပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) တယောက်ထဲနေယင်.... (ခဲ့စရာ မရှိမှာစိုးလို့ပါ)။

ဒါ့ကြောင့် ခဲ့စရာ ရှာရတယ်ဆိုတဲ့ စကားဟာ အဖြေမှန်မှ ဟုတ်ကဲ့လား.... (မှန်ပါတယ်ဘုရား) မောင်ကို ရိပ်မိရဲလား ဟေ့.....(မှန်ပါ့ဘုရား)တယောက်ထဲနေယင် ဘယ်သူနဲ့ ခဲ့မတုံး (ခဲ့စရာမရှိပါဘုရား) ခဲ့စရာမရှိတော့ မျက်ရည်ကျစရာကော.... (မရှိပါဘုရား)။

သို့သော်လဲ တကာ တကာမတွေက တယောက်ထဲနေလို့ ရှိယင် မဖြစ်သေးပါဘူး၊ မျက်ရည်ကျစရာ ရှားနေရော့မယ်.... သဘောကျပလား.... (ကျပါပြီ)။

တယောက်နဲ့တယောက် အလိုမကျယင် မျက်ရည်ကျရမယ် မဟုတ်လား.... (မှန်ပါ့ဘုရား) သေကဲ့သို့လဲ မျက်ရည်ကျရမှာ ဘဲ၊ ရှင်တော့ အလိုမကျယင်ကော.... (မျက်ရည် ကျရမှာပါဘဲ....)။

အဲဒီတော့ တည်ထောင်မှု တော်မယ်၊ မျက်ရည်တွေ အလကား ဖြစ်ကုန်ရော့မယ်.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဦးခင်မောင်.... အခု ကိုယ်တွေ ဟုတ်ကဲ့လား.... (မှန်လှပါဘုရား) တကာတကာမတွေ သဘောပါကြရဲ့လား.... (ပါ-ပါတယ်ဘုရား)။

အဲဒါ နဂိုရိုက်ကိုက မှန်တချက် အထောင် လဲလိုက်တဲ့ ဥစ္စာသည် ယောကျ်ားဆိုလို့ ရှိယင် ခင်ပွန်းသည်မ ရှိမှဘဲ စီးတဲ့ရေဆယ်တဲ့ကန်ဇင်းဆိုပြီး မှန်ထောင်ချလိုက်ဘာ ပြီးပါရောလားဗျာ ဒုက္ခတွေ.... (မှန်ပါ့)။

တခါတည်း ငိုပဲကြီးရလာတာဘဲ.... (မှန်ပါ့)မရဘူးလား.... ရသလား.... (ရပါတယ်ဘုရား) နဂိုရိုက ငိုစရာ ရှိရဲ့လား.... (မရှိပါဘူး)။

နဂိုရိုက သူတယောက်တည်းနေလို့ ရှိယင် မင်းဘာမျှားကြည့် ငိုနေတာတုံးမေးယင် မောင်ကို ဘယ်.နှယ်ဖြေမတုံး.... (မရှိပါဘူး) ဘာမှ သူ ဖြစ်ရာမရှိဘူး မဟုတ်လား....(မှန်ပါ့ဘုရား)။

နောက်ကျတော့ ဖြစ်ရာ မရှိမှာစိုးတာနဲ့. ဖြစ်ရာမရှိမှာ စိုးတာ ဖြစ်ရာရှာရတယ်.... (မှန်ပါ့ဘုရား) ဦးခင်မောင်.... ဒီ-အဓိပ္ပါယ် မရောက်ဘူးလား.... ရောက်သလား.... (ရောက်ပါတယ် ဘုရား)အဲဒီလောက်ကျအောင် အဲဒါဘယ်က စ,ခဲ့တာတုံးဆိုတာ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

မှန်ထောင်လဲတာက စ,တာပါဘဲ....(မှန်ပါ့ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ) တကာတကာမတို့ဘယ်က စ.ပါလိမ့်....

(မှန်အထောင်လွဲတာက စ-ပါတယ်) အဲဒီ မှန်အထောင်လွဲတာတော့ စ-တော့ ငိုဘို့ ပဋိစ္စသမုပ္ပါဒ်တန်းလာတယ်....(မှန်ပါဘုရား.... သဘောကျပလား.... (ကျပါပြီ)။

ပဌမတော့ ပြုံးတဲ့ ပဋိစ္စသမုပ္ပါဒ် တန်းတယ်.... (မှန်ပါဘုရား)ပဌမတော့ ဘာတန်းသလဲ....(ပြုံးတဲ့ပဋိစ္စသမုပ္ပါဒ် တန်းပါတယ်)။

နောက်ကျတော့.... (ငိုတဲ့ ပဋိစ္စသမုပ္ပါဒ် တန်းပါတယ် ဘုရား) နောက်ကျတော့ မိုင်တွေချတဲ့ ပဋိစ္စသမုပ္ပါဒ် တန်းသေးတယ်....(မှန်ပါဘုရား)။

ဘကိုယ်ရေ တကာယ စရပ်ကြီးလိုဖြစ်နေပါပေါ့လား....အစရှိသည်ဖြင့် မောင်ကို.... မလာတတ်ဘူးလား.... (လာပါတယ် ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးတန်းသလဲ....(သုံးမျိုး တန်းပါတယ်) အဲဒါ ဘာဖြစ်လို့ပါလိမ့်....(မှန်ထောင်လွဲလို့ ပါဘုရား)။

ကဲ.... ဒီက ရှေ့ဆက်လွဲဦးမယ်ဆိုယင် ဒီသုံးမျိုး ကိုယ်ပိုင်ရဦးမှာဘဲ.... (မှန်ပါဘုရား) ဒီကရှေ့ ဆက် လွဲဦးမယ်ဆိုယင် (ကိုယ်ပိုင်ရဦးမှာပါဘဲ) ကိုင်း.... ဒါဖြင့် တကာတကာမတို့.... ခင်ဗျားတို့ ပုထုဇန်ဟာ ရူးမှ ရူးရဲ့လားလို့ ဆိုတာကော ရိပ်မိရဲ့လား.... (ရိပ်မိပါတယ်ဘုရား)။

ရူးတာကို တကာတကာမတို့ ဘုန်းကြီးက ပြောတာလား.... ခင်ဗျားတို့ မှန်ထောင်တာက ငိုမဲ့မဲ့ ထောင်လိုက်တာ ရူးလို့လား.... မရူးလို့လား.... (ရူးလို့ပါဘုရား)။

ပြီးတော့ ခင်ဗျားတို့က ဘုရားရှေ့များသွားပြီး ဘယ်အခါမဆို.... အဟံ အဝေရော ဟောမိ= အန္တရာယ် ကင်းရပါလို၏ ဘုရား၊ မှန်ဖြင့် ထောင်လိုက်တာ ငိုတဲ့ဘက်ချည်း ထောင်နေတယ်။

အန္တရာယ်တော့ ကင်းရပါလို၏လို့ဆိုတယ်၊ မှန်ထောင်တော့ ဘယ်ဘက် ထောင်သတုံး.... (ငိုတဲ့ဘက် လှည့်ထောင်ပါတယ် ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဟာက အင်မတန် ခက်နေပြီဆိုတာ မောင်ထွန်းလှိုင်တို့ ပေါ်ပလား ဟေ့.... (ပေါ်ပါပြီဘုရား) နေ့တိုင်း ကိုယ့်ကိုယ်ကို မေတ္တာပို့ကြရဲ့လား.... (ပို့ပါတယ် ဘုရား)။

အဲ.... မေတ္တာပို့တော့ကို ကိုယ့်ကိုယ် ကျန်းမာစေ၊ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းကို တကာတကာမတို့ ကြောက်လွန်းလို့ "အဟံ အဝေရော ဟောမိ"မလုပ်ကြဘူးလား....(လုပ်ပါတယ်ဘုရား)။

ကိုယ့်ကိုယ်မှာ ဘာဖြစ်ချင်ကြသလဲ....(ချမ်းသာချင်ပါတယ် ဘုရား) ချမ်းသာချင်တယ်၊ ချမ်းသာချင်လို့ရှိယင် အဲဒါက ဒီလောက်မစူးရှဘူးတဲ့ မှန်ထောင်မလွှဲလို့ရှိယင် ချမ်းသာမယ် (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) မှန်ထောင်မလွှဲယင်.... (ချမ်းသာပါတယ်)။

ရှင်းကြပလား တကာတကာမတို့.... (မှန်ပါ့ဘုရား) ဒါဖြင့် မေတ္တာပို့တာနဲ့ မှန်ထောင်တည့်တာနဲ့ ဘယ်ဟာက သာကောင်းသလဲ.... (မှန်ထောင်တည့်တာက သာကောင်းပါတယ်ဘုရား)

မေတ္တာပို့ပြီးယင် မှန်ထောင်လွဲနေယင်.... (မကောင်းပါဘူး) မကောင်းဘူးဆိုတာသေချာပလား.... (သေချာပါတယ်ဘုရား) ကိုင်း....တကာ တကာမတို့ မှန်ထောင်တခါလွဲလို့ရှိယင်တသက်လုံး မျက်ရည်နဲ့ မျက်ခွက်ဖြစ်ရမယ်.... (မှန်ပါဘုရား)ပေါ်ကြပလား.... (ပေါ်ပါပြီ)။

မှန်ထောင်တခါလွဲယင်.... (တသက်လုံးမျက်ရည်နဲ့ မျက်ခွက်ဖြစ်ရပါမယ်) မဖြစ်ရဘူးလား.... (တော်တော်ကြာ သားသမီး ပေါက်ပွားလာမယ်၊ ဟုတ်လား.... ခင်ပွန်းသည် ဖေါက်ပြန်လာမယ်၊ ခင်ပွန်းမ ဖေါက်ပြန်လာမယ် ဆိုလို့ရှိယင် ဘယ့်နှယ်တုံး တကာတကာမတို့.... (မျက်ရည်ကျရပါတယ်) ပဌမမှန်ထောင် လွဲလိုက်တာလေ.... အဲဒီတော့.... မျက်မည်ကျဘို့ရာတွေဟာ ဦးခင်မောင်.... သိမ်းလို့ ဆည်းလို့ကို ပြီးနိုင်သေးရဲ့လား.... (မပြီးနိုင်ပါဘူးဘုရား)။

မပြီးနိုင်လို့ပေါ့ဗျ၊ တွေးလေ- ဆွေးလေဆိုတာ လာ-လာနေတာ.... (မှန်လှပါဘုရား) မပြီးနိုင်လို့ဘယ်လိုပြောကြသတုံး (တွေးလေ ဆွေးလေပါဘုရား)။

တွေးလေ ဆွေးလေဆိုတော့ မှန်က အဲဒီဘက်ချည်း ဆက်ထောင်တာဘဲ.... (မှန်ပါဘုရား) ဘယ်ဘက်များ ထောင်သေးတုံး.... (မထောင်ပါဘူးဘုရား)။

ဒီ- တခါတည်း သားဆိုတဲ့ဘက်၊ သမီးဆိုတဲ့ဘက်၊ ခင်ပွန်းဆိုတဲ့ဘက်ချည်း လှည့်ထောင်နေတာ ကျုပ်တော့ သေတောင်မကျေဘူး၊ မဟုတ်ပါဘူး၊ မသေခင်က ကျေနေတာပါ၊ တကာတကာမတို့ မသေခင်ကိုက ဒီလူ သူ့ရုပ်မှ ပီသေးရဲ့လား....(မပီပါဘူးဘုရား)။

မဗီတာကော သေတောင် မကျေနပ်ဘူးသာ ပြောတယ်၊ မသေခင်က ကျေတာတော့ ပြန်မကြည့်မိဘူး၊ ရှင်းကြပလား (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဒီလိုလုပ်ကြပေတော့၊ ဘုရားဆိုတာ ဘယ်နှယ်ကြောင့် အစုမရှိတဲ့ ဘုရားပါလိမ့်မဘုး....ဆိုလို့ရှိယင် တကာတကာမတို့ နှစ်ခွန်းသောစကားကို....မပြောဘတ်သောကြောင့်- ဘုရား (မှန်ပါ့ဘုရား)ရိပ်မိပလား(ရိုပ်မိပါပြီ)။

ဘုရားဆိုတာ ဘာပါလိမ့်.... (နှစ်ခွန်းသောစကားကို မပြောတတ်သောကြောင့် ဘုရား) ရှင်းပြီနော်.... (မှန်ပါ့) နှစ်ခွန်းဘယ်တော့မှ မပြောဘူးတဲ့.... (မှန်ပါ့ဘုရား) မောင်ကို ဘာတဲ့တုံးဟေ.... (နှစ်ခွန်းဘယ်တော့မှ မပြောပါဘုရား)။

ဒါဖြင့် နှစ်ခွန်းသောစကား မပြောတတ်သောကြောင့် ဘာတုံး....(ဘုရားပါဘုရား) ကဲ....တခါသွားလိုက်ဦး၊ တခွန်းနဲ့အမှန်ကို ပြောတတ်သောကြောင့်လဲ-ဘုရား....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)။

တခွန်းနဲ့.... (အမှန်ကိုပြောတတ်သောကြောင့် ဘုရားပါဘုရား) နှစ်ခွန်းသောစကားကို.... (မပြောတတ်သောကြောင့် ဘုရားပါဘုရား) တခွန်းနဲ့ အမှန်ကိုပြောတတ်သောကြောင့် (ဘုရားပါဘုရား)။

ဒါဖြင့် အဲဒီ စကားကလေးတလုံး မမေ့ပါစေနဲ့နော်.... (မှန်ပါ့)မင်းတို့ မှန် ထောင်ချင်ထောင်ပါ၊ ကြံချင် ကြံပါကွာ- ခန္ဓာဘက်ကို လှည့်ထောင်ပါ....(မှန်ပါ့ဘုရား)။

တခွန်းတည်းနဲ့ အမှန်ပြောလိုက်တယ်.... (မှန်လှပါဘုရား) ခန္ဓာဘက် တခုတည်းသာ လှည့်ထောင်....(မှန်ပါ)တကာတကာမတို့ ဘယ်ဘက်လှည့်ထောင်ရမလဲ.... (ခန္ဓာဘက် လှည့်ထောင်ရပါမယ်)။

ခန္ဓာဘက် လှည့်ထောင်တော့ကိုတဲ့ ခုလို တံရားရေဝထားတဲ့ ပုဂ္ဂိုလ်တွေကျတော့ ခန္ဓာထဲက ရ-လာပြန်လဲ သြော်....ဒုက္ခသစ္စာပါကလား၊ အရင်စိတ်ကလေး ပျက်သွားပြန်ပါပကော—ဘာ-သစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာပါလားဆိုတော့ ဒီ ခန္ဓာကြီးဟာ ဘာဖြစ်နေပါလိမ့်မတုံးလို့သာ လှည့်ထောင်....(မှန်ပါ့)။

လှည့်ထောင်လို့ရှိယင် ခန္ဓာကြီးက ပင်ကိုယ်က "သံခိတ္တောန ပဥ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ"လို့ ဟောထားတော့ သူက ဒုက္ခသစ္စာဘဲ ဖြောသောကြောင့် ဒုက္ခသစ္စာသာသိတဲ့ မဂ္ဂင်ဘဲ ပေါ်ရမယ်.... (မှန်ပါဘုရား)။

မှန်ထောင်တည့်ယင် ဘာသစ္စာပေါ်မယ်....(မဂ္ဂသစ္စာ ပေါ်ပါမယ်) မှန်ထောင်တည့်သည်နဲ့တပြိုင်နက်တည်း မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ သေသေချာချာမှာ မဂ္ဂသစ္စာ ပေါ်တယ် (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မှန်ထောင်တည့်ယင်....(မဂ္ဂသစ္စာ ပေါ်ပါတယ်ဘုရား) မဂ္ဂသစ္စာ ပေါ်တယ်ဆိုတာ တကာ တကာမတို့ ကောင်းကောင်း ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဦးခင်မောင်ရေ.... မှန်ထောင်တည့်ယင်-ဘာတဲ့....(မဂ္ဂသစ္စာ ပေါ်ပါတယ်ဘုရား)။

အဲ.... နှစ်ခွန်းသော စကား မပြောတတ်သောကြောင့်လဲဘုရား၊တခွန်းနဲ့ အမှန်ပြောတတ်သောကြောင့်လဲဘုရား၊ဘုရားက

ခန္ဓာဘက် လှည့်ပါကွာ....ဘာသစ္စာတုံးဆိုပြီး လှည့်ထောင်ပါ-(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်ဘက် လှည့်ထောင်ရမလဲ....(ခန္ဓာဘက် လှည့်ထောင်ရပါမယ်) ခန္ဓာဘက် လှည့်ထောင်တော့ ခန္ဓာက နာပြလိုက်လဲ ဒုက္ခသစ္စာ၊ ယားပြလိုက်ကော....(ဒုက္ခသစ္စာပါဘုရား) အို ပြလိုက်ကော....(ဒုက္ခသစ္စာပါဘုရား)။

အင်း....ဒုက္ခသစ္စာ အရင်စိတ်ကလေးတွေက ပျက်ပျက် ပြလိုက်ယင်ကော-(ဒုက္ခသစ္စာပါဘုရား)အဲ....ဒုက္ခသစ္စာဘဲ ပြတော့ ဒုက္ခသစ္စာဘက်လှည့်လို့ ဒုက္ခသစ္စာသိတဲ့ – မဂ္ဂသစ္စာတည်းဟူသောစိတ် ဘွားကနဲ ဘွားကနဲပေါ်တယ်.... (မှန်ပါ့ဘုရား) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါ ဘယ်နှယ်ကြောင့် ဒီအရိပ်ပေါ်လာပါလိမ့်မတုံးလို့ တကာ တကာမတွေက အကဲခတ်ကြည့်တော့မှ မှန်ထောင်တည့်လို့....(မှန်ပါ့ဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

တကာ တကာမတွေ ဒါဖြင့် မှန် ဘယ်ဘက်လှည့်ထောင်မယ်....(ခန္ဓာဘက်လှည့်ထောင်ပါမယ်ဘုရား) အဲ....မှန်ဆိုတော့ ခင်ဗျားတို့က မသိဘဲနေမှာစိုးတယ်၊ ခင်ဗျားတို့ ကြံလုံးဟာ ခန္ဓာဘက် လှည့်ကြံ(မှန်ပါ့ဘုရား)ရှင်းပလား-(ရှင်းပါပြီဘုရား) ခင်ဗျားတို့ ကြံလုံးဟာ....(ခန္ဓာဘက်လှည့်ကြံရမယ်)။

အဲ....ခန္ဓာဘက် လှည့်ကြံစည်၊ ဟဒယဝတ္ထု အကြည်မှန်ဟာ ခန္ဓာဘက်လှည့်၊ခန္ဓာဘက် လှည့်လိုက်လို့ရှိယင် မဂ္ဂင်စိတ် ပေါ်မယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတို့ မဂ္ဂင် ပေါ်ဘို့ရာဟာ မဂ္ဂင်ဆိုတဲ့ "ကိလေသေ မာရေ်နွှော ဂစ္ဆတီတိ မဂ္ဂေါ"ဆိုတဲ့အတိုင်း မဂ္ဂင်

ပေါ်ဘို့အလုပ်သည်ကားလို့ ဆိုယင်ဖြင့် မှန်ထောင်တည့်-မတည့် ဒီအပေါ်မှာ မှီတယ်လို့ ယနေ့တရားပွဲ ဆုံးဖြတ်ချက်ချစမ်း.... (မှန်လှပါ ဘုရား) အင်မတန် အဘိုးတန်တယ်နော်.... (မှန်ပါ့ ဘုရား)တကာ တကာမတွေ့ ဒီတလုံးနဲ့ ကိစ္စပြီးနိုင်တယ်၊ ဦးခင်မောင်....မပြီးဘူးလား....(ပြီးပါတယ်ဘုရား)။

ကဲ....ဦးဇံရင်တို့-မှန်ထောင်တည့်ယင် ဘာ-ပေါ်မတုံးဗျာ-(မဂ္ဂသစ္စာပေါ်ပါတယ်ဘုရား)ကဲ....ခန္ဓာဘက်သာ လှည့်ထောင်လိုက်စမ်းပါတဲ့၊ ဘာသစ္စာတုံးသာ တွေးလုံးနဲ့ ထောင်ကြည့်စမ်းပါ၊ ဘာသစ္စာလို့ ပေါ်လာမယ်ထင်သတုံး....(ဒုက္ခသစ္စာ ပေါ်လာပါမယ်ဘုရား)။

အဲ....ဒုက္ခသစ္စာလို့ ပေါ်လာတော့ ဒုက္ခသစ္စာကိုသိတဲ့ မဂ္ဂသစ္စာ မောင်ကို....ပေါ်ရမယ်.... (ပေါ်ရပါမယ်ဘုရား)မောင်ထွန်းလှိုင်....မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒုက္ခသစ္စာဘက် လှည့်လိုက်တော့ ဒုက္ခသစ္စာက ဒုက္ခသစ္စာ၊ မှန်တည်းဟူသောတရား-"မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ၊" ဟော-မနောဝိညာဏံဆိုတဲ့ မဂ္ဂသစ္စာ ပေါ်လာတယ်- (မှန်ပါ့ဘုရား) မပေါ်ပါနဲ့ဆိုလို့ ရသေးရဲ့လား.... (မရပါဘုရား)။

ဩော်....ဒီတရားမျိုး တကာ တကာမတွေ့ နှလုံးသွင်းများ ခင်ဗျားတို့ ဒီအတိုင်းသာ နှလုံးသွင်းနေမယ် ဆိုလို့ရှိယင်ဖြင့် ဒါ ယောနိသော မနသိကာရ ဖြစ်တာကတမျိုး၊ ဦးခင်မောင်ရေ....(မှန်လှပါဘုရား)။

မှန်ထောင်တည့်သွားလို့ မဂ် ပေါ်တယ်ဆိုတာလဲ ယောနိသော မနသိကာရပါဘဲ (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ) မှန်ထောင်တည့်သွားတော့ သစ္စာအားဖြင့် ဘာသစ္စာ ပေါ်သ

တုံး-(မဂ္ဂသစ္စာပေါ်ပါတယ်)နှလုံးသွင်းအားဖြင့် ဓယာနိသော မနသိကာရ....(မှန်ပါ့ဘုရား) ပေါ်တော့ ဘာသစ္စာ ပေါ်သ တုံး....(မဂ္ဂသစ္စာပါဘုရား)။

အဒ မဂ္ဂသစ္စာကို ယောနသော မနသိကာရ စေတသက တွေကော မပါဘူးလား....(ပါ-ပါတယ်ဘုရား)ကဲ....မောင်ကိုတို့ မောင်ထွန်းလှိုင်တို့ ကျေနပ်ပလား....(ကျေနပ်ပါပြီ)ဒါ ဘယ်နှယ်ကြောင့် ဒီ မဂ်တို့ ယောနိသော မနသိကာရတို့ ပေါ်ရ ပါလိမ့်မတုံး.... (မှန်ထောင်တည့်လို့ပါဘုရား)မှန်က ဘယ်ဘက် လှည့်လိုက်လို့လဲ....(ခန္ဓာဘက် လှည့်လိုက်လို့ပါ)။

ဩော်.... ခန္ဓာဘက် လှည့်လိုက်တော့ ခန္ဓာကတော့ဖြင့် တကာ တကာမတို့ ခင်ဗျားတို့က ဖိုးလမ်းထားလ သူက အသုဘဘဲ ပြောတယ်....(မှန်ပါ့ဘုရား)ခင်ဗျားတို့ ဖိုးလိမ်းထား ပေမဲ့ ခန္ဓာက ဘယ်လိုပြောသလဲ.... (အသုဘလို့ ပြောပါ တယ်)။

အို-ဖိုးရင်း လိမ်းရင်း နဲ့ဘဲ ချွေးတွေ ထွက်လာတယ်ဆို တော့ သုံးဆယ့်နှစ်ကောဋ္ဌာသထဲက သေဒေါ-ချွေး။ မလာ ဘူးလား(လာပါတယ်ဘုရား)။အဲ့ဒါ သုဘလား အသုဘလား (အသုဘပါဘုရား)။

အင်း....ဟင်-ဖိုးရင်း လိမ်းရင်းနဲ့ဘဲ နောက်ဖေး သွားချင် လာသတဲ့-တကာ တကာမတို့၊ ဘာဖြစ်လာပြန်သတုံး(အသုဘ ပါ ဘုရား)အသုဘဘဲ သူပြတယ်မဟုတ်လား....(မှန်ပါ့ဘုရား)။ အဲ-သူကတော့ အသုဘ သဘော သူ စွန့်ရဲ့လား....(မစွန့်ပါ ဘုရား)

အဲဒီတော့ ခန္ဓာဘက် လှည့်လိုက်တော့ အသုဘသိတဲ့ မဂ္ဂ သစ္စာကော....(ပေါ်ပါတယ်ဘုရား)တနည်း၊ ဩဿ်....ခန္ဓာကြီး ကလဲ သိရင်း သိရင်းနဲ့ ဒုက္ခ ရောက်နေပါကလားလို့ ဆိုတဲ့ ဒုက္ခသိတဲ့ မဂ္ဂ သစ္စာကော.... (ပေါ်ပါတယ်)။ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီဟာ ဘာဖြစ်လို့ ပါလိမ့်....(မှန်ထောင် တည့်လို့ ပါဘုရား)ဒါဖြင့်ဩဿ်-ခင်ဗျားတို့ချင်းလဲ တယောက်နဲ့ တယောက် ဓမ္မမိတ်ဆွေခြင်းဘဲ။ ဘုန်းကြီး တပည့်တော့ ချည်းဘဲ ဆိုတာ သိတော့ မှန်ထောင်မလဲစေနဲ့ မှန်ထောင်မလဲစေနဲ့ လက်တို့ကြစမ်းပါ....(မှန်ပါဘုရား)။

တို့ကြစမ်းပါ တယောက်နဲ့ တယောက်(မှန်ပါဘုရား)ဒါတို့မှ နေရာကျမှာနော်... (မှန်ပါဘုရား) ဦးခင်မောင်တို့ မတို့ရဲဘူးလား....(တို့ရဲပါတယ်ဘုရား)။

တို့ရဲပါတယ် အကုန် ဓမ္မမိတ်ဆွေတွေဘဲ ယောကျ်ား-ယောကျ်ားချင်း တို့ပေါ့။ မိန်းမ-မိန်းမချင်းတို့ပေါ့။မှန်ထောင်မလဲစေနဲ့နော်....ရှင့်မျက်နှာ ကြည့်ရတာ မှန်ထောင် လဲပုံရပြီ ထင်တယ်လို့ ပြောပေးပါ။ မျက်နှာ ကြည့်လိုက်ရင် သိနေပြီကော။ မသိသေးဘူးလား....(သိပါတယ်ဘုရား)။

ပြုံးနေတဲ့ ပုဂ္ဂိုလ်ကလဲ သူ အရှုံးပြုံး-ပြုံးနေတာ(မှန်ပါ) ဟ-မှန်ထောင်လဲနေပြီ။ ဒီလောက်မပြုံးပါနဲ့ သူ့လဲ သတိပေးပါ....(မှန်ပါ)။

မဲ့နေတဲ့ ပုဂ္ဂိုလ်ကျတော့လဲ မှန်ထောင်မလဲစေနဲ့။ ဆရာဘုန်းကြီးဟာတယ် မှန်ထောင်လဲယင် ပဋိစ္စသမုပ္ပါဒ် တဲ့။

ပစ္စုပ္ပန်ဆင်းရဲပြီး သံသရာမှာ ဒုက္ခရောက်သတဲ့....(မှန်ပါ့ဘုရား) မှတ်မိကြရဲ့လား....(မှတ်မိပါတယ်ဘုရား)။

မှန်ထောင်လွဲတော့ ပစ္စုပ္ပန်မှာ....(ဆင်းရဲ ပါတယ် ဘုရား) သံသရာမှာ....(ဒုက္ခရောက်စေတတ်ပါတယ်) အဲဒီတော့ ဘုန်းကြီးကလဲ ဟောထားတယ်၊ ဘုရားကလဲ ဟောထားတယ် ဆိုပြီး မိန်းမ-မိန်းမချင်း လက်တို့ကြပါ....(မှန်ပါ့)။

ယောကျ်ား-ယောကျ်ားချင်းကော-(လက်တို့ရမှာပါဘုရား) ဘာပြုလို့ ဘယ်အခါ တို့ရမှာတုံး ဆိုတော့ သူ့မျက်နှာကြည့်ယင် ခင်ဗျားတို့က အကုန်သိမယ်။ မသိ ပေဘူးလား....(သိပါတယ် ဘုရား)။

အင်း....ပြုံးနေလို့ ရှိယင်လဲ....(မှန်ထောင် လွဲပါတယ်)။မှန်ထောင်လွဲပြီ....(မှန်ပါ့) သူ-ငေကလေးရလို့ ပြုံးသလား.... သားကလေး ပြန်လာလို့ ပြုံးသလား.... သမီးကလေးကို အကြောင်းပြုပြီး ပြုံးလေရဲ့လား....ဆိုလို့ရှိယင် မှန်ထောင်လွဲလို့ သူပြုံးတာ....(မှန်ပါ့ဘုရား)။

အဲဒါတွေ ဘာလုပ်ကြရမယ်....(လက်တို့ ရပါမယ် ဘုရား) လက်တို့ရမယ် ဟ- ဒီဥစ္စာလဲ အရှုးပြုံးလို့ ခေါ်တယ်(မှန်ပါ့) ရိပ်မိပလား....(မှန်ပါ့)။

အရှုးပြုံးလို့ ခေါ်တယ် ဆိုတော့ ရှုးလို့ ပြုံးတာကိုး....(မှန်ပါ့ဘုရား)။ဒီသားကလေး သမီးကလေးဆိုတာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာလို့ သိလို့ရှိယင်ဖြင့် ဒုက္ခသစ္စာလို့ နှလုံးသွင်းမှန်လို့ ရှိယင် မဂ္ဂသစ္စာပေါ်ရမယ်.... (မှန်ပါ့ ဘုရား) မဂ္ဂ သစ္စာထဲမှာ ပြုံးတဲ့စိတ် ပါကို မပါဘူး(မှန်ပါ့ဘုရား) ပါရဲ့လား သမ္မာဒိဋ္ဌိ

သမ္မာသက်ပွ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ပြုံးတဲ့ စိတ် ပါရဲ့လား....(မပါ-ပါဘူး)။

အဲဒီ ကတည်းက ပြုံးနေလဲ ခင်ဗျားတို့က ဘယ်လိုလက်တို့ ကြရမယ်.... (မှန်ထောင် မလွဲခစန့်) မှန်ထောင် မလွဲစေပါနဲ့ ကျမတို့ ဆရာတူတော့ မှန်ထောင်မလွဲစေပါနဲ့။ သိပ်မပြုံးပါနဲ့။ တို့ကြစမ်းပါ။ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါ မဲ့နေတဲ့ပုဂ္ဂိုလ် မျက်နှာကြီးစူပြီး နှုတ်ခမ်းတွေ ထော်နေတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်နှယ် ပြောကြမတုံး ခင်ဗျားတို့ (မှန်ထောင်မလွဲစေပါနဲ့)။

မှန်ထောင်မလွဲစေပါနဲ့ — မှန်ထောင် မလွဲစေပါနဲ့ ဆရာ ဘုန်းကြီး မျက်နှာလဲ ထောက်ပါဦး ဘုရားမျက်နှာလဲ ထောက်ကိုယ်လဲ မှန်ထောင်လွဲတဲ့အချိန်ကစပြီး နှုတ်ခမ်း သူမျှားနဲ့ မတူဘူး ထော်လာပြီ....

ဒီလိုဆိုတော့ ဒုက္ခသစ္စာကော မသေချာဘူးလား.... (ဒသ ချာပါဘယ် ဘုရား) အဲ—ဒုက္ခသစ္စာ ပစ္စုပ္ပန်မှာ ဒုက္ခ။ သံသရာ မှာလဲ တကာ တကာမတို့ ဒုက္ခ အကြီး အကျယ် ရမယ်ဆိုတာ မှားသေးသလား....(မမှားပါဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာ မောင်ကိုတို့ မောင်ထွန်းလှိုင်တို့ နှစ် လုံးတည်းရှိတယ်နော်....(မှန်ပါ) မှန်ထောင်လွဲယင်ပဋိစ္စသမုပ္ပါဒ် သုံးမျိုးထွက်မယ်....(မှန်ပါဘုရား)။

တကာ တကာမတို့ ဘယ်လိုတဲ့တုံး.... (မှန်ထောင် လွဲယင် ပဋိစ္စသမုပ္ပါဒ် သုံးမျိုးထွက်ပါတယ်) မှန်ထောင် တဲ့လို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်....(မှန်ပါ! ဘုရား) မှန်ထောင်တဲ့ယင်.... (ပဋိစ္စသမုပ္ပါဒ်ပြတ်ပါတယ်)။

ဒါဖြင့် ပြတ်တာသည် ဒုက္ခ နိရောဓော ဟောတိ....(မှန်ပါ့ဘုရား)ဆက်တာသည် ဒုက္ခသမုဒယော ဟောတိ။(မှန်ပါ့ဘုရား) ဆက်တာသည်....(ဒုက္ခသမုဒယော ဟောတိပါဘုရား)။

ပြတ်တာသည်....(ဒုက္ခနိရောဓော ဟောတိပါဘုရား) အဲဒါ ဘယ်ဟာ ကြိုက်သတုံး ခင်ဗျားတို့....(နိရောဓော ဟောတိ ကြိုက်ပါတယ်)။နိရောဓော ဟောတိ ကြိုက်တယ်ဆိုတာ ဒီတရား ပဲထဲတွင်းမို့ဗျ ခင်ဗျားတို့ဥစ္စာက အိမ်ကျ ဖေါက်ပြန်ကုန်တာ သိပ်ခက်သွားတာ....(မှန်ပါ့ဘုရား)။

ကဲ-တကာ တကာမတို့ ဒုက္ခများ ကျုပ် ကြောက်တာတော့ ဖြင့် မပြောနဲ့တော့ ဒုက္ခ ကြောက်လွန်းလို့ဆို ကျုပ်ဖြင့် အေးအေး နေလိုက်တော့တာဘဲတဲ့-(မှန်ပါ့)။ဘယ် အေးအေး နေမလဲ မှန်ကထောင်တာ အလဲချည်း ထောင်နေတာ (မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း-တကာ တကာမတို့ ခန္ဓာဘက်ထောင်ယင် သစ္စာဏ် ပေါ်မယ်.... (မှန်ပါ့ဘုရား) တက်လာပြီ တလုံး တက်လာပြီ တကာတကာမတို့၊ ခန္ဓာဘက် ထောင်လိုက်ယင်.... (သစ္စာဏ် ပေါ်ပါတယ်)။

ဟော....သစ္စာဏ်ဆိုတဲ့ မဂ္ဂင်တွေ ပေါ်ပြီ...(မှန်ပါ့) ခန္ဓာဘက် ထောင်လိုက်လို့ရှိယင်.... (သစ္စာဏ်ပေါ်ပါတယ်ဘုရား) သစ္စာဏ်ဆိုတဲ့ မဂ္ဂင်ပေါ်လာတယ်.... (မှန်ပါ့) သဘောကျပလား.... (မှန်ပါ့ဘုရား)။

ခန္ဓာဘက်မထောင်ဘူး၊ သားဘက် သမီးဘက် ပစ္စည်းဘက် လှည့်မယ်ဆိုလို့ရှိယင်ဖြင့်....တဲ့ တကာတကာမတို့ သစ္စာဏ် မပေါ်ဘူးတဲ့ သဘောကျပလား.... (မှန်ပါ့ဘုရား)။

သစ္စညာဏ် မပေါ်ဟဲ့အခါကျလို့ ရှိယင် သစ္စာမသိတဲ့ မိစ္ဆာညာဏ် ပေါ်တယ်.... (မှန်လှုပါဘုရား) သဘောကျပလား (ကျပါပြီ) သစ္စာမသိတဲ့.... (မိစ္ဆာညာဏ် ပေါ်ပါတယ်) ဒါဖြင့် ခန္ဓာဘက် လှည့်လိုက်ယင်.... (သစ္စညာဏ်ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ဓမ္မစကြာတော်ရှတ်ပြီး သစ္စညာဏ် ရချင်လို့က်တာလှန်လို့၊ ဓမ္မစကြာထဲမှာ သစ္စညာဏ် ကိစ္စညာဏ် ကတညာဏ်လို့ မလာဘူးလား.... (လာပါတယ်ဘုရား) လာတော့ ခင်ဗျားတို့ မှန်ထောင်တဲ့ယင် သစ္စညာဏ်ပေါ်ပါတယ်....(မှန်ပါဘုရား)။

တကာတကာမတို့.... (မှန်ထောင်တဲ့ယင် သစ္စညာဏ် ပေါ်ပါတယ်ဘုရား) မှန်ထောင်တဲ့ယင်.... သစ္စညာဏ် (ပေါ်ပါတယ်ဘုရား)ဘယ်ဘက်လှည့်ရမှာတုံး.... (ခန္ဓာဘက် လှည့်ရမှာပါဘုရား)။

ခန္ဓာဘက်လှည့်လိုက်တော့ ခန္ဓာက ဘာတွေမျှား ပြောလို့ဆိုလေ့ရှိပါလိမ့်.... (ဒုက္ခသစ္စာလို့ ပြောပါတယ်ဘုရား) ဒုက္ခသစ္စာလို့ ပြောလေ့ရှိယင် အသုဘလို့ကော.... (ပြောပါတယ်) အနိစ္စလို့ကော.... (ပြောပါတယ်) ဟင်....အင်း....ဒုက္ခလို့ကော.... (ပြောပါတဲ့ယ်) အနတ္တလို့ကော.... (ပြောပါတယ်)။

အဲ- ပြောတဲ့အတိုင်း....တဲ့ ခန္ဓာက ပြောတဲ့အတိုင်း ဒီမှာညာဏ်ပေါ်လာတာဘဲ၊ ကဲ....ပါဠိဘော်ရှတ်လိုက်မယ်.... "မနုဉ္ဉပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ" (မှန်ပါ) မကိုက်ဘူးလား.... (ကိုက်ပါတယ်)။

ဒါက မနောအကြည် ဘဝင်မှန်၊ မှန်ကို ဒီဘက် လှည့်လိုက်လို့ - ခန္ဓာဘက်လှည့်လိုက်လို့.... ခန္ဓာငါးပါးဘက် လှည့်လိုက်တဲ့အတွက် ခန္ဓာငါးပါးသိတဲ့ တကာတကာမတို့ မဂ်ဉာဏ် ပေါ်လာတယ်၊ သစ္စဉာဏ်ပေါ်လာတယ်၊ ရှင်းပြီလား....(ရှင်းပါပြီ) ဘာဉာဏ် ပေါ်လာသတုံး.... (သစ္စဉာဏ် ပေါ်လာပါတယ်)။

သစ္စဉာဏ် ပေါ်လာတယ်ဆိုတော့.... ဆုတောင်းအလုပ်လား တကာတကာမကို မှန်ထောင် တဲ့ဘို့ အလုပ်လား.... (မှန်ထောင်တဲ့ဘို့ အလုပ်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘယ်သူ နိဗ္ဗာန်ရောက်သွားတယ်၊ မှန်ထောင် တဲ့လို့သာ မှတ်ပေတော့.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဘယ်သူဖြင့် သောတာပန် တည်သွားသတဲ့ (မှန်ထောင်တဲ့လို့ပါဘုရား) ခန္ဓာဘက်လှည့်လို့.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ခန္ဓာမှာ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ရသွားလို့ တကာတကာမတို့ သောတာပန်တည်တာ မဟုတ်လား.... (မှန်ပါဘုရား)။

အဲဒီတော့ သူ ဘယ်ဘက်လှည့်သတုံး သူ့မှန်က (ခန္ဓာဘက် လှည့်ပါတယ်ဘုရား) ကဲ....ဘယ်သူ သကဒါဂါမ် တည်သွားတယ်.... (ခန္ဓာဘက်လှည့်ပါတယ်) ဘယ်ဘက် လှည့်သတုံး.... (ခန္ဓာဘက် လှည့်ပါတယ်)။

ဘယ်သူ အနာဂါမ် တည်သွားတယ်.... (ခန္ဓာဘက် လှည့်ပါတယ်ဘုရား) အင်း.... ဘယ်ဘက်လှည့်သတုံး.... (ခန္ဓာဘက် လှည့်ပါတယ်ဘုရား)။

ခန္ဓာဘက် လှည့်တော့ သူ ဘာဥာဏ်တွေ ရသွားသလဲ.... (သစ္စဥာဏ်ရပါတယ်ဘုရား) သစ္စဥာဏ် ကိစ္စဥာဏ် ကတဥာဏ် ကျအောင် ရသွားတယ်.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူ ဘုရားဖြစ်သွားသတဲ့.... ပစ္စေကဗုဒ္ဓါ ဖြစ်သွားသတဲ့ တကာတကာမတို့ ဘယ့်နှယ်ကြောင့် ပါလိမ့်.... (ခန္ဓာဘက် လှည့်လို့ပါဘုရား)။

အဲ.... မနောအကြည်မှန် တဲ့လို့.... (မှန်ပါ့ဘုရား) မနောအကြည်မှန် ဘာတဲ့.... ခန္ဓာဘက် လှည့်လိုက်တယ်.... (မှန်ပါ့) လှည့်လိုက်တဲ့အခါကျတော့ သစ္စာသိတဲ့ဥာဏ် မလာဘူးလား.... (လာပါတယ်ဘုရား) သစ္စာတို့၏ကိစ္စ သိတဲ့ဥာဏ်.... (လာပါတယ်ဘုရား)။

ဒုက္ခဿ ပိဋ္ဌနတ္ထော= အို....ဒီ ခန္ဓာကြီးဟာ နှိပ်စက်နေတာ ပါကလားဆိုတဲ့ ကိစ္စဥာဏ်တွေကော မလာဘူးလား....(လာပါတယ်ဘုရား)။

ကတဥာဏ်ဆိုတဲ့ ဩော်.... သစ္စာဖြင့် သိပြီးပေပြီဆိုတဲ့ဥာဏ်တွေကော မလာပေဘူးလား.... (လာပါတယ်ဘုရား) ဒါဖြင့် တကာ တကာမတို့ မှန်ထောင်တဲ့လို့ရှိယင် သောတာပန် သက ဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်တယ်.... (မှန်ပါ့ဘုရား)။

မှန်ထောင်လွှဲလို့ရှိယင်ဖြင့် သံသရာမှာ အိုကွဲ နာကွဲထဲ နွဲကြပါတော့.... (မှန်ပါ့ဘုရား)။

အိုပွဲ နာပွဲ သေပွဲတွေဟာ ခင်ဗျားတို့ချည်းဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) မှန်ထောင်တဲ့ဘို့ရာ ဒီနေ့ တရားမှာ အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား)။

ကိုင်း....တကာတကာမတို့....မှန်ထောင်တဲ့ဘို့ အရေးလောက် လောကကြီးထဲမှာ ကြီးတဲ့တရားမျိုး ရှိသေးသလား....(မရှိပါဘူးဘုရား)။

ဩော်....ဒီနေ့ တကာ တကာမတို့.... အလှန်အရေးကြီးပြီး သကာလ ဒို့ကိုဖြင့်.... အင်မတန် သတိပေးတဲ့ နေ့ဘဲ ဒီဥစ္စာ၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို ဆက်အောင်လဲ မှန်ထောင်လဲယင် ဆက်တယ်.... (မှန်ပါ့) မှန်ထောင်လဲယင်.... (ဆက်ပါတယ်ဘုရား) သေချာရဲ့လား.... (သေချာပါတယ်ဘုရား)။

မှန်ထောင်တဲ့ယင် ပြတ်တယ်.... (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) မှန်ထောင်လဲယင် (ဆက်ပါတယ်) ပဋိစ္စသမုပ္ပါဒ် စ·ဆက်လာတာဘဲ.... (မှန်ပါ့ဘုရား) မှန်ထောင်တဲ့သဉ်းယင်ဖြင့်.... (ပြတ်ပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့် ကိုယ်-ကိုယ် ဆုံးမကြပါ....တဲ့၊ မနော အကြည်မှန်ဟာ လူတိုင်းမှာရှိတယ်နော် တကာတကာမတို့ သောတာပန်မှာလဲ ရှိတာဘဲ၊ သကဒါဂါမ် အနာဂါမ် ရဟန္တာတွေမှာလဲ ရှိတာဘဲ၊ ပုထုဇန်တွေမှာကော.... (ရှိပါတယ်ဘုရား)။

ဩော်.... မင်းဟာ ဘယ်နှယ်ကြောင့် ပုထုဇန် ဖြစ်နေပါလိမ့်မတုံးဆိုတော့ မှန်ထောင်လဲလို့ (မှန်ပါဘုရား) ဘယ်နှယ်ကြောင့် သောတာပန် ဖြစ်သဉ်းပါလိမ့်မတုံး.... (မှန်ထောင်တဲ့လို့ပါဘုရား)။

ဟော.... လက်သည် သူဒီမှာဗျ.... (မှန်ပါ့ဘုရား)။ တကာ တကာမတို့လဲ ကြံလုံးတရားလို့ ကြံလုံးတရားကို ဘုန်းကြီးက ဟောနေတယ်၊ ဒီလို မယူနဲ့နော်....(မှန်ပါ့ဘုရား)။

သစ္စသံယုတ်မှာ အသေအချာ လာတယ်၊ ကြံချင်ယင် ဒီခန္ဓာကြီး ဘာသစ္စာတုံးလို့ လှည့်ပြီးကြံတဲ့၊ မင် ပေါ်ပါစေကွာတဲ့ ကာမဝိတက်ဆိုတဲ့ ငါးပါးအာဒီးရုံ ကာမဂုဏ်တွေ ဘက်ကို မလှည့်လိုက်ပါနဲ့တဲ့.... (မှန်ပါ့ဘုရား) သေသေချာချာ ဟောတယ်.... (မှန်ပါ့ဘုရား) သဘောကျ ကြပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ အင်မတန် အရေးကြီးတဲ့ တရားဆိုတာကော ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒီမှာတော့ဖြင့် ဘုန်းကြီးက အရေးကြီးတာ ဟောလိုက်လို့ အရေးကြီးသလိုဘဲ ခင်ဗျားတို့ သွေ့....မှန်ထောင်လဲယင် ပဋိစ္စသမုပ္ပါဒ်ဆက်ပြီ ရှင်းပလား.... (ရှင်းပါပြီ) မှန်ထောင်လဲယင် အပါယ်လေးပါး သွားပြီဆိုကြပါစို့ဗျာ.... (မှန်ပါ့ဘုရား)။

သုံးဆယ့်တဘုံထဲ အိုဘေး နာဘေးတွေက ကိုယ်ပိုင်ပစ္စည်းဖြစ်ကုန်ပြီ ဆိုကြပါစို့.... (မှန်လှပါဘုရား) မှန်ထောင် တဲ့လို့ ရှိယင်တော့ သုံးဆယ့်တဘုံ ဒုက္ခတွေ သိမ်းတယ်(မှန်ပါ့ဘုရား)။

မှန်ထောင်တဲ့ယင်....(သုံးဆယ့်တဘုံ ဒုက္ခတွေသိမ်းပါတယ် ဘုရား)။သုံးဆယ့်တဘုံ ဒုက္ခတွေ မသိမ်း ဘူးလား....(သိမ်းပါတယ် ဘုရား)။

အေး....ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကြံချင်းကြံယင် သစ္စာကို ကြံကြပါကွာ။ သစ္စာဘက် ခန္ဓာကြီးဘက် လှည့်ပြီး ဘာသစ္စာပါလိမ့် မတုံးဆိုတဲ့ ကြံလုံးမဂ္ဂသစ္စာ ပေါ်ကြပါစေဆိုတာ မှန်ထောင် တဲ့ပါစေပြောတာ

မှန်ထောင်တဲ့ဘ တဲ့ပါစေ ပြောတာ.... (မှန်လှုပါဘုရား) ရိပ်မိ ကြပလား....(ရိပ်မိပါပြီ)။

အဲဒီတော့ တကာ တကာမတွေမှာ တနေ့မှာ မှန်ထောင် တဲ့တာ ဘယ်နှစ်ခါ၊ မှန်ထောင်လဲတာ ဘယ်နှစ်ခါတုံး ဆိုတာ ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုယ် သိပါလိမ့်မယ်(မှန်ပါဘုရား)။ မသိ ပေဘူးလား....(သိပါတယ်ဘုရား)။

မှန်ထောင်လဲတာကတော့ဖြင့် သားဘက်လှည့်လိုက် သမီး ဘက်လှည့်လိုက် ပစ္စည်းဘက်လှည့်လိုက် ဟုတ်လား.... (မှန်ပါ ဘုရား)။

စားစရာ သောက်စရာ မရှိတဲ့ဘက် လှည့်လိုက်၊ ရှိလို့ ဝမ်း သာနေတဲ့ဘက် လှည့်လိုက်ဆိုလို့ရှိယင်ဖြင့် အဲဒါ မှန်ထောင် လဲပြီ မှတ်ပေတော့....(မှန်ပါဘုရား)။

ဘာတွေ့ စ,လာမယ်ဆိုတာ ဦးခင်မောင် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဘာတွေ့ စ,လာမလဲ(ပဋိစ္စသမုပ္ပါဒ် စ,လာ ပါမယ်) ပဋိစ္စသမုပ္ပါဒ် စ,လာလိမ့်မယ်ဆိုတာ သေချာပလား- (သေချာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ တနေ့လုံးမှာ ပဋိစ္စသမုပ္ပါဒ် စ,တယ် ဆိုကတည်းက ခင်ဗျားတို့ ဖြတ်တာ ပါသေးရဲ့ လား(မပါ-ပါဘူး)။

သြော်....ဒါဖြင့် ကိုယ့်ရင် ကိုယ် ထုကြတာပေါ့.... (မှန်ပါ ဘုရား)ဘယ့်နှယ်ဆိုကြမယ် (ကိုယ့်ရင် ကိုယ်ထုနေကြပါတယ်) ကိုယ့်ဒုက္ခ ကိုယ်ရှာကြတယ်....(မှန်လှုပါဘုရား) သဘောပါကြ ပလား....(ပါ-ပါပြီ)။

ကိုယ့်ဒုက္ခ ကိုယ်ရှာတာသည် ကိုယ့်မှန် မထောင်တတ်လို့- (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ကိုယ့် မှန် မထောင်တတ်တော့ ပဋ္ဌာစာရီ ရူးရတာ တကာ တကာမတို့....ပဋ္ဌာစာရီဟာ ရူးဘို့ ကံဇာတာပါလို့ ရူးတာလား မှန်ထောင်လဲလို့ ရူးတာလား.... (မှန်ထောင်လဲလို့ ရူးတာပါဘုရား)။

သားသေတဲ့ဘက် လှည့်ထောင်လိုက်တယ်....(မှန်ပါ့)ရူးလိုက်တယ်။ ခင်ပွန်း သေတဲ့ဘက် လှည့်ထောင် လိုက်တယ်....(ရူးပါတယ်)။

ဩော်....ပဋ္ဌာစာရီဟာ ကံမကောင်း အကြောင်း မသင့်ရာလို့ အရူးဖြစ်ရတာလား....။ မှန် ထောင် လွဲတာလား.... (မှန်ထောင် လွဲတာပါဘုရား)။

ခင်ဗျားတို့က ပဋ္ဌာစာရီဟာ ဩော်....ကြည့်ပါဦး ကျတ်တမ်းဝင်မည့်ဘဝတောင် ကံဆိုးလိုက်တာ ကံကိုချည်း ချနေတာ (မှန်ပါဘုရား)ကံ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)ဘာပါလိမ့် (မှန်ထောင် လွဲတာပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒီတလုံးကိုလဲ သေသေချာချာ မှတ်ရလိမ့်ဦးမယ် မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ရ နော်....(မှန်ပါဘုရား)။

ဒီအတိုင်း ဆေးလိပ်သောက်ပြီးသကာလ ဆေးလိပ်ကလေးနဲ့သာ နေပြီး ကြံလုံးသာ မထုတ်နဲ့။ဆွေးစရာ တွေးစရာဘက်ကို ကြံလုံးသာ မထုတ်နဲ့ မျက်နှာကို မပျက်ဘူး.... (မှန်ပါဘုရား) ပျက်ပါ့မလား....(မပျက်ပါဘုရား)။

တခါတည်း ဒီဆေးလိပ် သောက်ပြီး သကာလ မှန်ကနေပြီး သကာလ ဆွေးစရာရှိတဲ့ ဘက်သာ ထောင်ကြည့်လိုက်စမ်း တကာ

တကာမတို့ ဆေးလိပ်အရသာ အကုန်ပျက်၊ မပျက်ဘူးလား....
(ပျက်ပါတယ်ဘုရား)။ မီးပွါးကျတာမျှား သိသေးရဲ့လား....
(မသိပါဘုရား)။

ပုဆိုး ထ-တောက်တာဘဲ တခါတည်း။ သိကို မသိတော့ဘူး ဒီလောက်ထိအောင် မှန်ထောင်လဲတာလဲ ရှိသေးတယ် တကာ တကာမတို့....(မှန်ပါ့) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဘုရား သခင်ကိုယ်တော်မြတ်ကြီးသည် ဘုရား ဘာ့ကြောင့် ဖြစ်ပါလိမ့် မတုံးလို့ ဆိုတော့ သစ္စာဏ် ကိစ္စာဏ် ကတညာဏ် ရလို့ဘုရား ဖြစ်ရတယ် (မှန်ပါ့ဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

သောတာပန် ဘာ့ကြောင့် သောတာပန် ဖြစ်ရသလဲ....(သစ္စာဏ် ကိစ္စာဏ် ကတညာဏ် ရလို့ပါဘုရား)။

ဘယ်နယ်ကြောင့် ဒီဉာဏ်တွေ ပေါ်လာ ပါလိမ့်မတုံး ဆိုတော့ မှန်ထောင်က ခန္ဓာဘက် လှည့်ထောင်လို့ (မှန်ပါ့ဘုရား) ပေါ်ကြပလား—(ပေါ်ပါပြီ) ဘယ်ဘက် လှည့်ထောင်သလဲ.... (ခန္ဓာဘက် လှည့်ထောင်ပါတယ်ဘုရား)။

ခန္ဓာဘက် လှည့်ထောင်တော့ ခန္ဓာကိုလဲ ဘုန်းကြီးက ချေ ချေ မှန်မှန် ရှိအောင် ဘယ်ခန္ဓာ ပေါ်လာလာ တကာတကာမ တို့ ဒုက္ခသစ္စာသာ မှတ်ရမယ် (မှန်ပါ့) ဖြစ်ပျက်ချုပ်ငြိမ်းဘဲ မဟုတ် လား....(မှန်ပါ့ဘုရား)။

အဲဒီတော့ ခန္ဓာဘက်သာ မနော အကြည်က နေ့တိုင်း လှည့် ပေး၊ ခင်ဗျားတို့မှာ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့ မဂ္ဂင်မှတပါး တခြား ပေါ်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခုနက ပဋ္ဌာစာရီ မှန်ထောင် လွဲတုံးသာ အရှုး(မှန်ပါ့)၊ သဘောကျပလား....(ကျပါပြီ)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မှန်သောင် တဲ့ပေး လိုက်တဲ့ အခါကျတော့ သောတာပန် (မှန်ပါ့) သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် အရှုးပျောက်ချင် ဘာလုပ် ကြရမယ်....(မှန်ထောင် တဲ့ရမယ်) မှန်ထောင်တဲ့ရမယ်၊ ရှုးချင် ဘာလုပ်ရမယ်.... (မှန် ထောင်လွဲရမယ်)။

ကဲ....ကြိုက်ရာယူလေ ခင်ဗျားတို့(မှန်ပါ့) သဘောပါကြ ပလား....(ပါ-ပါပြီ)။

တရားဆက်ဟောဘို့ဘဲ၊ နာရီကစော့ပြီ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....။

ကျေးဇူးတော်ရှင် အမရပူရမြို့ မဂ်လာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့
ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော

မဂ္ဂဗြဟ္မစရိယာကျင့်ပုံတရားတော်

(၁၉-၂-၆၁)

တကာ တကာမတို့.... ရခဲတဲ့ ဘဝကြီးကို အလဲသုံးစား အချိန်တွေနဲ့ ဖြုံးပြီးသကာလ မပစ်လိုက်ကြပါနဲ့ ဆိုတာ ဘုန်းကြီးများက မေတ္တာရှေ့ထားပြီး ပြောကြားပါတယ်၊ (မှန်ပါ့)။

အင်မတန် မရစဘူး အရထူးတဲ့ လူ့ဘဝကြီးကို အလဲသုံးစား အချိန်တွေနဲ့ တဏှာခိုင်းတဲ့ အချိန်တွေနဲ့ ဖြုံးပြီးသကာလ မပစ်လိုက်ပါနဲ့ဆိုတာ မေတ္တာရှေ့ထားပြီး ပြောကြားနေတယ်နော်.... (မှန်ပါ့)။

လူ့ဘဝ အင်မတန် ရခဲတယ်ဆိုတာ တကာ တကာမတွေ သိပြီးသား ဖြစ်ပါလိမ့်မယ်၊ လူ့ပြည်က အပ်တစင်း ဗြဟ္မာ့ပြည် က အပတစင်း အသွားချင်း ထပ်ယူရသာ ရှတယ်၊ လူ့ဘဝ ရဘို့က ဒါ့ထက် ခဲယဉ်းသေးတယ်ဆိုတော့ အတော်.ကိုဘဲ အား ထုတ်ပြီးသကာလ လူ့ဘဝ ရ-ရပါလို့၏ ဆိုတဲ့ ဒါန သီလ တွေနဲ့ တက်ပြီးသကာလ လာခဲ့ကြရတယ်ဆိုတဲ့ဥစ္စာ နည်းနည်း နောနော တက်ခဲ့ရတယ်လို့ ဦးခင်မောင် မမှတ်ပါနဲ့.နော်.... (မှန်ပါဘုရား)။

အဲဒီတော့ အင်မတန် မရစဘူး အရထူးတဲ့ လူ့ဘဝကြီးကို တက်လာတာသည် ဆရာကောင်း သမားကောင်းနဲ့ တွေ့ဘို့ ဘုရား သာသနာနဲ့ ကြုံဘို့ ဟောတတ်တဲ့ ဆရာတွေ့ဘို့ သစ္စာတရားတွေ ထောင်တတ်တဲ့ နားရှိဘို့ အင်္ဂါတွေက စုံလာပြန်တော့ ဩဿ်.... လူ့ဘဝ ရရုံတွင်သာ မကသေးဘူး သာသနာတွင်းကြုံ ဆရာ သမားတွေနဲ့လဲ အမျိုးမျိုးကြုံ၊ ဤကဲ့သို့ အကြုံကြီးကြုံတဲ့ အထဲ မှာဖြင့် ငါတို့ ကျတ်တမ်းဝင်တဲ့ ဘဝဟာ ဒီဘဝပါကလားဆိုတာ ကို ဆုံးဖြတ်ချက် ချပြီးသကာလ သံသရာ မလည်ချင်ပါနဲ့တော့ ဆိုတဲ့ ဥစ္စာကို သတိပေးလိုက်ပါတယ် (မှန်ပါ့ဘုရား)။

ခန္ဓာရှိလို့ ရှိယင်ဖြင့် တကာ တကာမတို့ ဖြစ်ချင်သလို ဖြစ် လိမ့်ဦးမနော်.... (မှန်ပါ့) ခန္ဓာရှိလို့ အာသဝေါ မကုန်သေးလို့ ရှိယင်ဖြင့် ဖြစ်ချင်သလို ဖြစ်လိမ့်ဦးမယ်ဆိုတာ သဘောကျကြ လား.... (ကျပါတယ်ဘုရား)။

ဥပရိမိဖုရားကြီးသည် ခန္ဓာရှိပါလျက်နဲ့ နောက်ချေးပိုးထိုး သွားပြီး မိဖုရားဘဝက စုံတေပြီးသကာလ နောက်ချေးပိုးဘဝ ဖြစ်ရတယ်ဆိုတော့ တကာ တကာမတို့ ဒီအတိုင်းတော့ ယုံနိုင် စရာမရှိဘူး၊ ဖြစ်တာကတော့ဖြင့် အထင်အရှားဘဲဆိုတာ ပေါ် လာကြပလား.... (ပေါ်လာပါပြီ) ဘယ်လောက် ကြောက်စရာ ကောင်းသတုံး.... (မှန်ပါ့ဘုရား)။

အင်မတန် ကြောက်စရာကောင်းတယ်ဆိုတာ မောင်ကိုတို့ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) အဲဒီတော့ ကျုပ်တို့ သန္ဓာန်မှာလဲ တိရစ္ဆာန်ဖြစ်ဘို့ မျိုးစေ့ဟာလဲ ဘယ်က လုပ်ပါ လိမ့်မတုံးလို့ မေးလို့ ရှိယင်ဖြင့် ကျုပ်တို့ ဝမ်းထဲမှာရှိတဲ့ စိတ် တွေက လုပ်တာဘဲ....နော် (မှန်ပါ့)။

ဩော်.... ငရဲအိုးတွေဟာ ဘယ်သူမျှား သွားတည်ပါလိမ့်မတုံး.... ငရဲမှာ ငရဲမီးတွေ တဟုန်းဟုန်းတောက်ပြီး ငရဲအိုးတွေက တပုတ်ပုတ်ဆူပြီးသကာလ နေတာ ဘယ်ကမျှား ဘယ်သူလာဆောက်လို့ ဘယ်လက်သမားနဲ့ ဘယ်ပန်းရံကမျှား လုပ်ထားပါလိမ့်မလဲဆိုတော့ ဝမ်းထဲမှာရှိတဲ့ ကိလေသာက လုပ်တယ်လို့သာ အောက်မေ့ပါ (မှန်ပါဘုရား)။

ဘယ်က လုပ်သတုံး.... (ဝမ်းထဲကရှိတဲ့ ကိလေသာက လုပ်ပါတယ်ဘုရား) ဝမ်းထဲရှိတဲ့ ကိလေသာက လုပ်တာဘဲနော်.... (မှန်ပါ) ကောင်းပြီ ဒါဖြင့် တိရစ္ဆာန်ဘုံကြီးမှာ တိရစ္ဆာန်တွေဟာ အမျိုးစုံဘဲ မျှားပြားလှတယ်၊ အဲဒီ တိရစ္ဆာန်မျိုးစုံကို ဘယ်သူက ဖန်ဆင်းပြီး ဘယ်သူက လုပ်ပါလိမ့်မလဲလို့ လက်သည်ရှာပြန်လဲ ဘာတွေကြသလဲ.... (ဝမ်းထဲက ကိလေသာပါဘဲဘုရား)။

ဝမ်းထဲက ကိလေသာဘဲ လုပ်တယ်ဆိုလို့ရှိယင်ဖြင့် မှားနိုင်ပါ့မလား.... (မလားနိုင်ပါဘူးဘုရား)။

ဩော်.... ဒါဖြင့် ဒီ ကိလေသာ ဒဏ်ချက်သည် အတော်ဖြင်းထန်ပါကလားဆိုတာ မပေါ်လာသေးဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် ကိလေသာ ဒဏ်ချက် အင်မတန် ပြင်းထန်သောကြောင့် တကာ တကာမတို့ ကိုယ်လုပ်ထားတာကို ကိုယ် ဖျက်ယင်လဲ ဖြစ်ပါတယ်ဆိုတာကို ဘုန်းကြီးက လေးစားစွာနဲ့ သတိပေးလိုက်ပါတယ် (မှန်လှပါဘုရား)။

ဝမ်းထဲက ဟဒယဝတ္ထု မနော အကြည်ပေါ်က- ပေါ်တဲ့ အကုသိုလ်စေတသိကတွေက ငရဲဘုံကြီးလဲ သူတည်ထောင်လိုက်တယ်၊

တိရစ္ဆာန် ဘုံကြီးကော.... (သူတည်ထောင်ပါတယ်ဘုရား)
ပြိတ္တာဘုံကြီးကော.... (တည်ထောင်ပါတယ်ဘုရား)။

ဩော်.... ဘယ်သူကမျှား ဟာည်ထောင်ပါလိမ့်မလဲ....(ဝမ်းထဲက ကိလေသာကပါဘုရား) ဝမ်းထဲက ကိလေသာတွေက ဟဒယဝတ္ထုပေါ်မှာ ပေါ်တဲ့ ကိလေသာတွေက တည်ထောင်တယ်ဆိုတာ တကာ တကာမတို့ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် လက်သည်ဖြင့် ပေါ်ပါပေါ့၊ ကိုယ်လုပ်ထားတဲ့ ငရဲအိုး ငရဲမီးတွေ ကိုယ်-ကိုယ်တိုင် ငြိမ်းရမယ်၊ မသေခင် ငြိမ်းလို့မျှား ရမလား-မရဘူးလားဆိုတာလဲ အကဲခတ်ကြည့်ကြစမ်း.... (ရပါတယ်ဘုရား)။

ဩော်.... ရတယ် တကာ တကာမတွေ မသိမလိမ်မာတုန်းက မိုက်ပြီးသကာလ ထားတဲ့ ငရဲသွားကြောင်း ပြိတ္တာဖြစ်ကြောင်း သုံးဆယ့်တဘုံ လည်ကြောင်းတွေ လုပ်ထားငြားသော်လဲ ဒီကနေပြီးသကာလဝမ်းထဲကနေပြီးလုပ်တော့ဘုရားကရော ဘုန်းကြီးမျှားကရော အားလုံးသော ပုဂ္ဂိုလ်တို့က သူတော်ကောင်းတွေက ဟ.... ဒီကနေ ဖျက်ရတယ်ဆိုတာကော ယုံကြည်ကြပြီ (ယုံကြည်ပါပြီဘုရား)။

ကိုင်း.... တကာ တကာမတို့ ဘုန်းကြီးတို့မှာ မီးပေးထားတာက ဥပမာ ဒိုင်နမိုကြီးကဲ့သည်တယ်၊ မီးတွေရနေတာ ဒိုင်နမိုကြောင့် မီးငြိမ်းချင်တော့လဲ ဒိုင်နမိုရပ်လိုက်ယင် မပြီးဘူးလား (ပြီးပါတယ်ဘုရား)။

ဒီလိုပါဘဲ တကာ တကာမတို့ ဝမ်းထဲက ကိလေသာဒိုင်နမိုကို ရပ်စဲလိုက်လို့ရှိယင်လဲ ခင်ဗျားတို့ရှေ့က ခင်ဗျားတို့

လာယင် အဆင်သင့်ဖြစ်ဘို့ငရဲအိုးတို့ငရဲမီးလျှံတို့ တဟုန်းဟုန်း တောက်နေတာတွေ့ ဒါတွေ့ ဒီက နေပြီးသကာလ ကိုင်း....ငြိမ်း ပါတော့မယ် ဆိုလို့ရှိယင်လဲ ရနိုင်ပါသေးတယ်....နော် (မှန်ပါ့ဘုရား)။

မသေသေးတဲ့ အချိန်ကိုးဗျ (မှန်ပါ့) အချိန်ကလေးကျန်ပြီး သကာလ နေသေးတဲ့အတွက် ဘုန်းကြီးတို့ တကာ တကာမတွေ့ အမျိုးမျိုး သူတော် ကောင်းတရားတွေနဲ့ တွေ့ကြရတော့ ဘုန်းကြီးများက သြော်.... တော်သေးတယ်၊ မဒေသနှင့်ကြသေးဘူး၊ လုပ်ထားတဲ့ အကုသိုလ်ကတော့ဖြင့် သားရေး သမီးရေး စီးပွားရေးနဲ့ လုပ်ထားတာတွေကတော့ နည်းကဲ့ အကုသိုလ်တွေ့ ဆိုကြမလား.... (မဆိုနိုင်ပါဘုရား) အင်မတန် များတယ်လို့ ဆိုတာ တကာသစ်တို့ ကိုမြရွှေတို့ သဘောကျပဲလား.... (ကျပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်မှ အင်မတန် များကြောင်း ထင်ရှားတယ်ဆိုတာမပေါ်လာဘူးလား(ပေါ်လာပါတယ်ဘုရား)အို.... ဒါတွေ့ကို ဘယ်ကနေ ငြိမ်းရမတုံးဆိုတော့ အို....ဘယ်ကလာသတုံး.... လာတဲ့နေရာကငြိမ်း ပြီးတာဘဲ.... (မှန်ပါ့ဘုရား)။

ဝမ်းထဲက ဟဒယဝတ္ထုပေါ်က အကုသိုလ်ဇောတွေ့ကလာတယ် ဒီ-အကုသိုလ်ဇောတွေ့ကိုဘုန်းကြီးတို့ကစျာန်ဇောမဂ်ဇောတွေ့နဲ့ ဖြတ်လိုက်ပြန်လို့ရှိယင်လဲ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့-မပြတ်ဘူးလား.... ပြတ်မလား (ပြတ်ပါမယ်ဘုရား)။

ဒါဖြင့် ကိုယ့်အမြင်ကို ကိုယ်ရလိုက်လို့ရှိယင်လဲ ခုနင်ကမီးတွေ့ ငြိမ်းသလိုပေါ့ဗျာ.... (မှန်ပါ့) အဲဒါကြောင့် ငရဲကို ကိုယ်တိုင်သွားရမှာ သိပြီးသား၊ ငရဲကို ကိုယ်တိုင် မြင်ပြီးသား

တောင်မှ မဂ်ဥာဏ် ဖိုလ်ဥာဏ်က တားနိုင်တယ်ဆိုတာ သေသေ ချာချာမှတ်ပါ.... (မှန်လှပါ)။

ကိုယ်တိုင် မြင်ပြီးသားနော်....(မှန်ပါ့)ငရဲကိုတခါတည်းပြ၊ ပြလိုက်လို့ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်ကို ကိုယ့်ဆွေမျိုးတွေနဲ့ တကွအမျိုးမျိုးသော ငရဲသားတွေမြင်ရ အဲဒါတောင်မှ မဂ်တရား ဖိုလ်တရား ရအောင်ကြိုးစားလိုက်တဲ့အခါကျတော့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ရပ်စဲသွားတယ်ဆိုတာ ဘုန်းကြီး ခဏ ခဏ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အေး.... ဒါကြောင့် မိလက္ခလမ်းတို့ကို နည်းနည်းကလေး တကာတကာမတွေ ထောက်ကြည့်ပါ....နော်....(မှန်ပါ့) မိလက္ခ ရဟန်းဆိုတာ ရဟန်းမဖြစ်ခင်က တကာ တကာမတွေ တောထဲ မုဆိုးကြီး လုပ်စားနေတယ်ဆိုတာ မှတ်လိုက် စမ်းပါဦး....နော် (မှန်ပါ့)။

အဲဒီ မုဆိုးကြီးလုပ်စားပြီးသကာလ နေတော့ မုဆိုးသက်က ရှည်တော့ လူစင်စစ်ကဘဲ တကာတကာမတွေ ပြိတ္တာဖြစ်တဲ့ဘုံ ရောက်သွားတယ်.... (မှန်ပါ့)။

လူစင်စစ်က စုတေစိတ် မကျခင်က ပြိတ္တာ ဖြစ်တဲ့ဘုံ ရောက်သွားတော့ သူသည် တောထဲမှာ သားကောင်တွေ ပစ်စားပြီး ရေဆာတာနဲ့ ရဟန္တာတပါးရှိတဲ့ ကျောင်းကို သွားလိုက်ပါတယ်....(မှန်ပါ့) ရဟန္တာမထေရ်က မနက်စောစောကြီး ရေတွေ ခပ်ထားတာပေါ့။

သူကလဲ ရေဆာတာနဲ့ သားကောင် ကင်စားပြီး ရေဆာတာနဲ့ ရဟန္တာကျောင်းသွားပြီး ရေသောက်မလို့ ရေအိုးနားက

ရှိတဲ့ ရေခဲက်နဲ့ နှိုက်လိုက်တဲ့အခါ ရေအိုးကရေမရှိဘဲနဲ့ ချောက်ချောက် ချောက်ချောက်မြည်နေတယ်ဆိုတော့ ဦးခင်မောင်တဲ့ ရဟန္တာက မနက်အစောကြီး ခပ်ထားတယ်.... (မှန်ပါ့) ရေက သူသွားတဲ့အခါ ပျောက်နေပြီ.... (မှန်လှပါဘုရား)။

တကာတကာမတို့ သူသွားတဲ့ အချိန်တော့ ဘယ်နှယ် ဖြစ်နေသတုံး.... (ရေပျောက်နေပါတယ်ဘုရား)။

ဟ.... ရဟန္တာက မနက်အစောကြီးက ခပ်ထားတာပါကလား.... တကာတကာမတွေက ဘယ်နှယ်ကြောင့် ပျောက်ပါလိမ့်မတုံးဆိုတော့ ဝမ်းထဲက ကိလေသာတွေက ဖျောက်ထားတာလို့ ဆိုကြစို့ရဲ့.... (မှန်ပါ့)ဘယ်နှယ်ဆိုကြမလဲ....(ဝမ်းထဲက ကိလေသာတွေက ဖျောက်ထားပါတယ်ဘုရား)။ကိလေသာတွေကြောင့် ပျောက်ကုန်ပြီ တကာတကာမတို့ လူစင်စစ်ကဲ့ရေအိုးကြီးတွေရာ သူ သွားခပ်တဲ့အခါ ချောက်ချောက် ချောက် ချောက်နဲ့ အိုးသံသာ ထွက်တယ်။ ရေက မပါလာတော့ဘူး (မှန်ပါ့)တကာ တကာမတို့ လူစင်စစ်က ဘာ ဖြစ်နေသတုံး....(ပြီတ္တာ ဖြစ်နေပါတယ်ဘုရား)။ သေသေချာချာမှတ်ပါ လူ စင်စစ်က ပြီတ္တာဖြစ်နေတယ်ဆိုတဲ့ဥစ္စာ ရှင်းကြပါလား....(ရှင်းပါပြီ)။

ဟာ....ဒါဘယ်သူက ရေအိုး ရေကုန်အောင် လုပ်ပါလိမ့်မတုံးဆိုတော့ ဝမ်းထဲရှိတဲ့ ကိလေသာက လုပ်လိုက်တာ.. (မှန်ပါ့) မိုက်တဲ့ကိလေသာတွေက လုပ်လိုက်တယ်ဆိုတာ မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ဒါနဲ့ ရေခပ်လို့ မရတာနဲ့ သူက ညည်းလုံးထုတ်တယ်တဲ့- ဦးခင်မောင်ရေ နော်(မှန်လှပါ)သြော်....ရဟန်းများမှာ ရွာထဲဆွမ်းခံစားမြို့ထဲဆွမ်းခံစားပြီး ကိုယ့်ကျောင်း သေနာသနဝတ် ဆိုတဲ့ ရေကလေးမှ ပြည့်အောင် ခပ်မထားဘူးလို့ဆိုပြီး သူက ညည်းလုံး ထုတလုတတော့ ရဟန္တာက ဘေးနားမှာ သကန်းချုပ်နေတာနဲ့- ဒီလူ ဘယ်နှယ် လူပါလိမ့်မတုံး ငါသည်ကားလို့ဆိုယင် မနက်ကဘဲ ရေအိုးတွေ အပြည့်ခပ်ထားတယ်။ အခုရေမရှိဘူးလို့ ပြောတယ် ဆိုပြီး ငါသွား ကြည့်ဦးမယ်၊ ငါ့ရေအိုးက အပေါက်လေလား.... အစိမ့်သန်လို့ လေလား.... ဆိုပြီး သွားကြည့်တဲ့အခါ တကာသစ်တို့ ကိုမြရွှေတို့ ဦးဇင်္ဂရင်တို့ရေအိုး အပြည့်ဘဲ....(မှန်လှပါဘုရား)။

ဘယ်နှယ် ဖြစ်သွားသလဲ....(ရေတွေခမ်းခြောက်နေပါတယ်) တကာ တကာမတွေ ဥစ္စာရှင် သွားကြည့်ခဲတဲ့ ဘယ်နှယ် ဖြစ်နေသတုံး....(ရေတွေအပြည့်ပါဘုရား)။

ခုနင်က သူ မုဆိုးလုပ်ထားတဲ့ အကုသိုလ်တွေကြောင့် ရောက်ပျော်နေတယ်(မှန်ပါဘုရား)ကိုလေသာသတ္တိ ပေါ်ကြပလား(ပေါ်ပါပြီဘုရား)။

ကိုလေသာသတ္တိဆိုဘာ တကာတကာမတို့ မသေခင် ပေးသေးတယ်ဆိုတော့ သေလို့ရှိယင် သူ့မှာ ဆိုဘွယ်ရာရှိခဲ့လား(မရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာလဲ ငယ်ရွယ်စဉ်အခါတုန်းက မသိခဲ့ကြတော့ လုံပ်ချင်သလို လုပ်ခဲ့သေဘာ ဒေါသ မောဟ အလုပ်ခဘွက မရှိကြဘူးလား...(ရှိပါတယ်ဘုရား)။

အဲဒီ ကံ တွေ့ကိုလဲ တကာ တကာမတို့ အခု အသိဉာဏ်နဲ့ ဖျောက်ကြလို့ရှိယင် ရပါသေးတယ်၊ အချိန်ရှိပါသေးတယ် ဆိုတာ ဘုန်းကြီးက ဒါပြောလိုလို့ ဒီ ဝတ္ထု ထုတ်လာ ပါတယ်.... (မှန်ပါ့ဘုရား) သဘောပါကြရဲ့လား....(ပါ-ပါတယ်)။

ဒါနဲ့ ရဟန္တာက ဟေ့— တကာ လာလာဆိုပြီး၊ ခုနင်က ရေရှာမတွေ့တဲ့ မုဆိုးခေါ်လိုက်တယ် ၊ ဒါနဲ့ ရဟန္တာက ရေခွက်နဲ့ ရေကော်ခပ်ပြီးသကာလ ပေးလိုက်တော့ တကာသစ်ရေ သောက်ရရှာတယ်နော်....(မှန်ပါ့ဘုရား)။

အဲဒီတွင်မှ သူ့ အကုသိုလ်ကံဟာ ဩော်.... မသေခင်ဘဲ အကျိုးပေးနေပါပေါ့လား....ငါသည်ကားလို့ဆိုယင် မသေခင်က လူပြိတ္တာဖြစ်နေပါပေါ့လားလို့ သူ့ဟာသူ သံဝေဂရတယ်— (မှန်ပါ့ဘုရား)။

သူ့ဟာသူ သံဝေဂရပြီး သကာလ အရှင်ဘုရား-တပည့်တော်အဖြစ် တယ်ဆိုးပါကလားဘုရာ့ အရှင်ဘုရား ခပ်ပေးတော့ ရေသောက်ရတယ် တပည့်တော်ကိုယ်တိုင်ခပ်တဲ့အခါ ရေအိုးက ဂျမ်းဂျမ်း ဂျမ်းဂျမ်း မြည်ပြီးသကာလ ရေမရှိတဲ့အသံ ထွက်နေတယ်၊ ရေ့ကို မရှိပါဘူး၊ တပည့်တော်အပြစ်ဟာ အင်မတန်လေး နေ ပါပေါ့ က လား.... ဆိုတဲ့ ဥစ္စာ မောင်ကို....သူ့ဟာသူ ရိပ်မိတယ်....(ရိပ်မိပါတယ်ဘုရား)။

သူ့ဟာသူ ရိပ်မိတော့ အရှင်ဘုရား....ဒါ ပိတ်ပင် ဆီးတားနိုင်တဲ့ တရားထူး တရားမြတ်များ ရှိပါရဲ့လားတဲ့—ဟ....တကာ ရှိတာပေါ့၊ တကာ တကာမတွေ့ရှိတယ် တာဝန်ခံသလား.... မရှိဘူး တာဝန်ခံသလား....(ရှိတယ်တာဝန်ခံပါတယ်ဘုရား)။

အဲ....ဒီမှာလဲ တကာ တကာမတို့ ကိုယ့် သားရေး သမီးရေး စီးပွားရေးနဲ့ လုပ်လာတဲ့ အကုသိုလ်တွေက ပဋိစ္စသမုပ္ပါဒ်နဲ့ ပြလိုက်တဲ့အခါကျတော့ ဦးခင်မောင်....မျက်လုံး တခဖွင့်လိုက်ယင် တဏှာ ဥပါဒါန် ကံ၊ နားတခါ နားထောင်လိုက်လို့ ရှိယင် တဏှာ ဥပါဒါန် ကံ စုထားလိုက်တာတွေ နည်းသလား ဗျ....(မနည်းပါဘူးဘုရား)။

အဲဒါတွေ ရှိပြီးသား ဖြစ်နေတော့ ကျုပ်တို့လဲ ခုနင်ကလို ရေသာ မပျောက်သေးတာဘဲ၊ အကုသိုလ်ကံကတော့ ရှိတယ်ဆိုတာ အားလုံး တရားတပဲ့လုံး ယုံကြည်ကြပလား....(ယုံကြည်ပါတယ်ဘုရား)။

အေး....ယုံကြည်ကြပါတော့ ယုံကြည်ကြပါတော့ ဒါနဲ့ သူရဟန္တာကို သွားလျောက်တယ်၊ အရှင်ဘုရား တပည့်တော် အကုသိုလ်တွေ သိပ်အပြစ်ကြီးတယ် ဘုရား....၊လူစင်စစ်က ရေအိုး ရေအပြည့် ရေတွေ ပျောက်ရပါတယ်ဆိုတော့ အင်မတန် ဆိုးဝါးပါတယ်ဘုရား တပည့်တော် ကယ်မည့်ယူမည့် တရားကလေး ရှိယင်ဖြင့် တပည့်တော် အားထုတ်ချင်ပါတယ်—ဆိုပြီး သကာလ ပြောတယ်။

ဒါဖြင့် မင်း....သက်န်းဝတ်မလားလို့ ရဟန္တာက မေးလိုက်တယ်၊ ဝတ်ပါ့မယ်ဘုရားဆိုတော့ ဝတ်ပြီးသကာလ တရားအားထုတ်ခိုင်းလိုက်တယ်၊မောင်ထွန်းလှိုင်တို့ မောင်ကိုတို့နော်....(မှန်ပါ့)။

တရား အားထုတ်ခိုင်းလိုက်တဲ့ အခါမှာ သူက တကာ တကာမတို့ တရားတွေ မပေါ်လာဘဲနဲ့ ခန္ဓာကိုယ်က အနိစ္စ အ

ချက်တွေ့ မပေါ်လာ၊ဒုက္ခသစ္စာတွေ့ မပေါ်လာဘဲနဲ့. ကုက္ကုစ္စ တွေ့ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

ကုက္ကုစ္စဆိုတာ ပြုအပ်ပြီးသော ဒုစရိုက် မကောင်းတဲ့တရား တွေ့ တွေးမိတယ်နော်.... (မှန်ပါ့)မပြုလိုက်ရသေးတဲ့ သုစရိုက် တရားတွေ့—ငါ့မှာ အကုသိုလ်တွေ့တော့ လုပ်ပြီ....၊ကုသိုလ်က တော့ ငါ့မှာ မရှိသေးပါကလား....ဟာ၊ ဒီ နှစ်ချက်ချည်းဘဲ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ လာနေတယ်....(မှန်ပါ့ဘုရား)။

တရားဖြစ်ပျက်တွေ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက် ဒုက္ခသစ္စာ အချက်အလက်တွေ့ မြင်ပါရဲ့လား.... (မမြင်ပါဘူး ဘုရား) အဲ....သူ့စိတ်က သူ့ကို နှိပ်စက်နေပြီ....(မှန်ပါ့)။

တကာ တကာမတို့ ဘယ်သူက နှိပ်စက်ပါလိမ့်....(သူ့စိတ် က သူ့ နှိပ်စက်ပါတယ်) အဲဒါ ကုက္ကုစ္စလို့ ခေါ်တယ်နော်-(မှန်ပါ့)တကာတကာမတို့ ဘာခေါ်ပါလိမ့်....(ကုက္ကုစ္စ ခေါ်ပါတယ်ဘုရား)။

ကုက္ကုစ္စဆိုတာ ပြုပြီးသား မကောင်းမှုတွေ့ တွေးတယ်၊မပြု ရသေးတဲ့ ကုသိုလ်တွေ့ကိုလဲ မပြုရသေးလို့ ခက်သေးဆိုတဲ့ အသွားတွေ့ လာနေတယ်....(မှန်ပါ့)မောင်ကို.... ဘယ်နှစ်ချက် ပါလိမ့်....(နှစ်ချက်ပါဘုရား)။

ပြုအပ်ပြီးသော ဒုစရိုက်တွေ့ကိုလဲ ပြုအပ်ပြီးလို့ မှားလေ ခြင်း....(မှန်ပါ့)မပြုရသေးတဲ့ ကုသိုလ်ဓမ္မတွေ့ကိုလဲ မပြုရသေး လို့ ခက်လေခြင်း.... (မှန်ပါ့)ကုက္ကုစ္စဖြစ်တယ်နော်....(မှန်ပါ့)။

ကုက္ကုစ္စ ဘယ်နှစ်ချက်ပါလိမ့်....တကာ တကာမတို့.... (နှစ် ချက်ပါဘုရား)နှစ်ချက်နော်....၊ပြုပြီးသား ဒုစရိုက်တွေ့ အတွက် လဲ သူ့မှာ ကြော်....ငါမသိလို့ လုပ်ခဲ့တာတွေ့ဟာ တယ် ဆိုး

ပါကလား....ဆိုပြီး ကုက္ကုစ္စတချက် ဖြစ်လိုက်တယ်.... (မှန်ပါ့) ကုသိုလ် တရားတွေတော့လဲ ငါ့မှာဖြင့် အားမထုတ်ရသေးလို့ ခက်သေးတယ်ဆိုတဲ့ ကုက္ကုစ္စကလဲ မဖြစ်လားဗျာ.... (ဖြစ်ပါတယ်ဘုရား)။

အဲဒီ ကုက္ကုစ္စတွေ ဖြစ်ပြီးသကာလ နေတော့ နှစ်ရက် သုံးရက်တိုင်တိုင် တရားအားထုတ်လိုက်တာ ဦးခင်မောင်တို့....ဖြစ်ပျက်ဆိုတဲ့ ခန္ဓာ၏ ဝေဒနာဖြစ်ပျက် စိတ်ဖြစ်ပျက် ရုပ်ဖြစ်ပျက်ဆိုတဲ့ အနိစ္စဝတသင်္ခါရ အချက်အလက်တွေ ပေါ်ကိုမပေါ်လာဘူး....(မှန်လှပါဘုရား)။

ဘာ-နှိပ်စက်နေသလဲ....(ကုက္ကုစ္စ နှိပ်စက်နေပါတယ်) သေသေချာချာ မှတ်ပါ တကာ့တကာမတို့ ဘာ-နှိပ်စက်နေသလဲ-(ကုက္ကုစ္စ နှိပ်စက်နေပါတယ်)။

ကုက္ကုစ္စဆိုတာ သုံးခါစေ့အောင် ပြောပါမယ် တကာ့တကာမတို့ ပြုပြီးသား အကုသိုလ်တွေ ပြန်အောက်မေ့နေတယ်၊ ငါမှားလို့ ပြုခဲ့ဘာတွေ ဒါလဲ ကုက္ကုစ္စဘဲ.... (မှန်ပါ့ဘုရား)မပြုရသေးတဲ့ ကုသိုလ်ဓမ္မတွေလဲ ငါ့မှာ မပြုလိုက်ရလေခြင်း....ဆိုတာကော....(ကုက္ကုစ္စပါဘုရား)။

ဒါဖြင့် ပြုအပ်ပြီးသော ဒုစရိုက် – မပြုလိုက်ရသေးသော သုစရိုက်တွေကို အဖန်ဖန်လဲလဲ ပူပန်နေတာ ကုက္ကုစ္စလို့ မှတ်လိုက်စမ်းပါနော်....(မှန်ပါ့ဘုရား)ရှင်းကြပလား.....(ရှင်းပါပြီ) အဲဒီ ကုက္ကုစ္စက နှိပ်စက်ပြီးသကာလနေတော့ သြော်....ဒီရဟန်းကိုယ်တော်ကြီးကလဲ ငါ့ကို သနားလို့ သက်နှံးပေးပြီး သက်နှံးဝတ်ရတယ်၊ တရားလဲပေးပြီ၊ ငါကလဲ တရားလဲ မထင်လာ၊

ငါလုပ်တဲ့ အလုပ်တွေဘဲ ငါကပြန်တွေး ပုံတီးစိပ်နေတာကိုး၊ ငါတော့ဖြင့် ကျတ်လမ်း လုတ်လမ်းတော့ မရှိပါဘူးဆိုပြီး သူ့ဟာသူ အင်မတန် ဝမ်းနည်းတာနဲ့ အရှင်ဘုရား .... ဖြစ်ချင်သလို ဖြစ်ပါစေတော့ တပည့်တော် လူထွက်ချင်ပြီ (မှန်ပါ့)။

တကာ တကာမတို့ ဘာဖြစ်သွားသတုံး.... (လူထွက်ချင်သွားပါတယ်) လူထွက်ချင်တဲ့စိတ် ဖြစ်တယ်၊ တရားမှ အားထုတ်လို့ မရတော့ဘဲကိုးနော်.... (မှန်ပါ့) တရားမှ အားထုတ်လို့ မရတော့ လူထွက်ချင်တဲ့စိတ် ဖြစ်လာတယ်ဆိုတာကော ရှင်းကြပလား....(ရှင်းပါပြီ)။

ကောင်းပြီ....ဒါနဲ့ ရဟန္တာကတော့ ရိပ်မိတယ်၊ မင်း....လူထွက်ချင်လို့ ရှိယင် မထွက်နဲ့ က....ဆိုပြီးသကာလ လှည်းနှစ်စီးတိုက် သုံးစီးတိုက်လောက်ရှိတဲ့ သဖန်းသားဆိုတာ တကာတကာမတွေ အစေးထွက်တဲ့ အသားဆိုတာ မြင်ဘူးကြပါလိမ့်မယ်နော်....(မှန်ပါ့)။

အဲဒီ သဖန်သား လှည်းနှစ်စီးတိုက် သုံးစီးတိုက် ပုံပြီးသကာလ သူ့ကို မီးစကလေး ပေးပြီးသကာလ ကိုင်း.... မထွက်ခင် ဒါကလေး မီးလောင်အောင် ရှို့စမ်းကွာ။

အစေးထွက်နေတဲ့ သဖန်းသားအစိုတွေ ဘယ်နှယ်တုံး.... မောင်ကိုတို့ ဘာနဲ့ရှို့ရှို့ မီးတောက်ဘို့ အတော်ခဲယဉ်းတယ် (ခဲယဉ်းပါတယ်ဘုရား) တောက်ပါ့မလား(မတောက်ပါဘုရား) မတောက်နိုင်ဘူးဆိုတာ ရဟန္တာကလဲ သိတယ် (မှန်ပါ့ဘုရား)။

ဒါနဲ့ဘဲ တကာ တကာမတို့ ဒီဥစ္စာ အလုပ်တရား ဖြောင့်နိုင်တယ်ဆိုတာကို သတိထားပြီး နားထောင်ပါနော်(မှန်လှပါ) အလုပ်တရားက ဒါလောက် ပဂ္ဂိုလ်ကယ်နိုင်တယ် ဆိုတဲ့ဥစ္စာ

ခင်ဗျားတို့ ထင်ရှားအောင်လို့ **အင်္ဂုတ္တိုရ် အဌကထာမှာ** လာတာကို ပြောနေတယ်လို့ မှတ်လိုက်စမ်းပါနော်....(မှန်လှပါ ဘုရား)။

အဲဒါနဲ့ သဖန်းသား လှည်းသုံးစီးတိုက် အစေးတွေထွက် အစိုတွေ ဖြစ်နေတာကို မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ မီးကပ် မီးချစ်တွေနဲ့ ရှို့လို့ လောင်နိုင်စရာမြင်ရဲ့လား....(မမြင်ပါဘူး ဘုရား)။

ဒါနဲ့ သူ ရဟန္တာ သွားလျှောက်တယ်၊ အရှင်ဘုရား.... မီးရှို့လို့ မလောင်ဘူးဘုရား၊ ဒီအစိုတွေက သိပ်ခက်တယ်။

အေး-အေး.... မလောင်ဘူးဆိုလို့ရှိယင် ခဏနေဦးကွာ.... ငါလာခဲ့မယ်ဆိုပြီး လာပြီး ဒီရဟန္တာက မြေနှစ်ခြမ်းခွဲပြီး သကာ လ အောက်မှာ ငရဲအိုးတွေ ငရဲထိန်းတွေ ငရဲခံပုံတွေကို သူပါ မြင်အောင် အဘိညာဏ်နဲ့ ပြလိုက်ပါတယ် နော်.... (မှန်ပါ့ ဘုရား)။

ပြလိုက်တော့ အင်မတန်ကြောက်စရာကောင်းတယ်(မှန်ပါ့) ငရဲဆိုတာ တယ်- ကြောက်စရာကောင်းတဲ့ အလုပ်ကြီးတခုပါ ကလား....။

ဒါနဲ့ သူ့ရှေ့တွင်ဘဲ မောင်ကိုတို့ မောင်ထွန်းလှိုင်တို့ ငရဲမီး ကလေး ပိုးစုန်းကြူးကောင်ကလေးလောက် ရဟန္တာက သူ့ ရှေ့တွင် သွားယူလိုက်တယ်၊ လက်ညှိုးနဲ့ လက်မနဲ့ ညှပ်ပြီး သွားယူလိုက်တယ် (မှန်ပါ့)။

ယူပြီး တခါ ကြည့်ကြည့်ဆိုပြီးသကာလ ပြလိုက်တယ်၊ ဒီ အခုနင်က လှည်းသုံးစီးတိုက်လောက်ရှိတဲ့ အစေးထွက် အစိုတွေ

ဖြစ်နေတဲ့ သဖန်းသားပုံကြီးထဲ ထည့်လိုက်တာ– ကျသည်နဲ့ တပြိုင်နက် အကုန်ပြာဖြစ်သွားတယ် (မှန်ပါ့) ငရဲမီးကလေး ပိုးစုန်းကြူးလောက် ကျလိုက်တာ အကုန် ပြာဖြစ်သွားတယ်၊ (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ငရဲ ခါးစည်းခံလို့ ဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား) အင်မတန် ပြင်းထန်တယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ကတော့ ခပ်ပေါ့ပေါ့ကလေးသုံးပြီး အို.... ကျုပ်တို့တော့ မတတ်နိုင်ဘူး၊ သားရေး သမီးရေး ဦးပဉ္ဇာရေး တော့ မကျွေးလဲ မနေနိုင်ဘူး၊ မလုပ်လဲ မနေနိုင်ပါဘူး၊ ရရာ-ရကြောင်းတော့ဖြင့် မရှောင်နိုင်ဘူး၊ ထိုက်တန်သလောက်တော့ ကြိုးစားရမှာဘဲ ငရဲရောက်လဲ ခါးစည်းခံရုံဘဲလို့ ဒီလိုတော့ မကြွားလိုက်ပါနဲ့ (မှန်ပါ့ဘုရား)။

ခါးစည်းကြိုးလဲ ပေးမည့်လူ ရှိမယ်မဟုတ်ပါဘူး (မှန်ပါ့) ငရဲမှာ ခင်ဗျားတို့ခါးစည်းကြိုးပေးမည့်သူ ဘယ်သူက ပေးမတုံး (မရှိပါဘူး) မိတ်ဆွေတွေများ ရှိသေးသလား.... (မရှိပါဘူး) မရှိပါဘူး၊ သူ့မှာလဲ ဒုက္ခနဲ့၊ ကိုယ့်မှာလဲ ဒုက္ခနဲ့ပါ (မှန်ပါ့)။

အဲဒါကြောင့် တကာ တကာမတွေ အပြောလွယ်သလောက် နေရာမကျတာတွေကလဲ ရှိပြီးသကာလ နေတော့တယ်ဆိုတာလဲ မှတ်လိုက်တာပေါ့ဗျာ.... (မှန်လှပါ)။

ကဲ.... ဒါနဲ့ မောင်မြရွှေတို့ ဦးဇင်ရင်တို့ ရဟန္တာက ကိုင်း.... မင်းသိပလား....၊ ဒီလောက် ပြင်းထန်တဲ့ ငရဲမီးထဲမှာ နေရတာ မင်းမြင်ပလား၊ မြင်ပြီဆိုတော့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ကြောက်လာတယ် (မှန်ပါ့) ကြောက်တယ်။

တကာ တကာမတွေ့ ဘာဖြစ်လာသတုံး....(ကြောက်ပါတယ် ဘုရား) ကြောက်လာတယ်နော်....၊ ထိုကဲ့သို့ ကြောက်လာတဲ့ အချိန်ကျတော့ အရှင်ဘုရား.... ဒါဖြင့် တပည့်တော် အင်မတန် အမြင်အားဖြင့် အင်မတန် ကြောက်ပါပြီ။

ဒါ့ကြောင့် တပည့်တော် မထုတ်တော့ဘူးဘုရား၊ တရားဘဲ ကြိုးစားတော့မယ် ဆိုပြီးသကာလ ကယ်နိုင်တဲ့ တရားရှိယင် ကြိုးစားပါ့မယ်ဆိုတော့ ဟ.... ဝိပဿနာဉာဏ် ရှု့သွားပြီး မဂ်တရား ဖိုလ်တရား ကြိုးစားယင် သေသေချာချာ ပျောက်တယ်ကွ၊မင်းမသွားရဘူးဆိုတော့ သူသွားမည့်လမ်းကို ပြပြီးသား (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) သွားရမည့်လမ်း ဦးခင်မောင် သေချာပြီးသား လူလား၊ မသေချာသေးတဲ့ပုဂ္ဂိုလ်လား.... (သေချာပြီးသားလူပါဘုရား)။

အဲဒီ သေချာတာ ဖျက်လို့ရဘူးယ်၊ စိတ်ချပါ (မှန်ပါ့) သေချာတာ ဖျက်လို့ရပါတယ်ဆိုတော့ တကာ တကာမတွေ့ ဘာ-အားငယ်စရာရှိသလဲ.... (မရှိပါဘူးဘုရား)။

ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့အတိုင်း ဘုန်းကြီးပြောတဲ့တွေသာ လိုက်နာကျင့်ကြံပြီး လုပ်ရုံဘဲ၊ ကျုပ်တို့မှာ ဘာမှ ပူစရာမလိုပါဘူး (မှန်ပါ့)။

ဒါ့ကြောင့် ဒီ တကာ တကာမတွေနဲ့ ဒီ ဆရာဘုန်းကြီးနဲ့ အချိန်မှီသေးတယ်ဆိုတာ မောင်ထွန်းလိုင်တို့ မောင်ကိုတို့ ဒို့မှာ ကံကောင်းတာ (မှန်ပါ့ဘုရား)ဆိုထိုက်—မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

အင်မတန် ဆိုထိုက်တယ်ဆိုတာ တကာ တကာမတွေ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ခင်ဗျားတို့ကလဲမသေနှင့်၊ ဘုန်းကြီးကလဲ ကျန်းကျန်းမာမာတွေနဲ့ ရှိပြီးသကာလ အသေက မစောသေး၊ ဒီမှာ လာတွေ့ကြတာကိုး.... (မှန်ပါ့)။

ဒီမှာ လာတွေ့လို့ရှိယင်ဖြင့် တကာ တကာမတို့ လုပ်ယင် ရတယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါနဲ့ ဒီရဟန်းက တခါတည်း မင်းခန္ဓာကိုယ် မင်း-ဖြစ်ပျက်အလုပ်တွေ ရှုကာ၊ ဝိပဿနာ အလုပ်-လုပ်ကာဆိုပြီး ပေးလိုက်တဲ့ အခါကျတော့ ကိုင်း.... ခုနင်က ငရဲ ငါကိုယ်တိုင် သွားရမှာလဲ သေချာပြီ၊ ငရဲမီး ပြင်းထန်ပုံလဲ ပိုးစုန်းကြူးလောက်က လှည်းသုံးစီးတိုက်လောက်ရှိတဲ့ သဖန်းသားတွေ ပြောင်သွားတာ ငါ့ရှေ့တွင် ဒီဟာဘဲ ကယ်မည့် ယူမည့်လူ ရှိတယ်ဆိုပြီးသကာလ ရဟန္တာက ပြောတဲ့အတိုင်း ခန္ဓာကိုယ် ဖြစ်ပျက်ရှုပြီးသကာလ အိပ်ငိုက်မှာစိုးလို့ ကောက်ရိုးမြက်ခြောကြီးများ ရေဆွတ်ပြီး သကာလ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ခေါင်းပေါ်တင်လိုက်သေးတယ် (မှန်ပါ့ဘုရား)။

တချက်တချက်ကျယင် ငိုက်မျည်းတဲ့ ထိနမိဒ္ဓ မလာပါစေနဲ့လို့.... (မှန်ပါ့ဘုရား) ခြေထောက်မှာ ဂုံအိပ်ကြီးစည်းပြီး သကာလ ရေဆွတ်ထားတယ်၊ ရေဆွတ်ပြီး အေးနေတော့ ငိုက်တဲ့စိတ် လာနိုင်ပါ့မလား.... (မလာပါဘုရား)။

အဲဒီလို လုပ်ပြီးသကာလ တခါတည်း အားထုတ်လိုက်တာ တကာတကာမတို့ ဖြစ်ပျက်မြင်တယ်၊ ဖြစ်ပျက်မှုန်းတယ်၊ ဖြစ်ပျက်ဆုံးတယ် ဆိုတဲ့ ၁- နံပါတ် သောတာပန် တည်တယ်.... (မှန်ပါ့)။

နောက် ၂-နံပါတ်တခါ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှုန်း၊ ဖြစ်ပျက်ဆုံးဆိုတဲ့ သကဒါဂါမ် တည်ပြန်တယ်.... (မှန်ပါဘုရား)။ နောက်ကျတော့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှုန်း၊ ဖြစ်ပျက်ဆုံးတယ်ဆိုတဲ့ အနာဂါမ်တည်တယ်.... (မှန်ပါ့)။

တကာတကာမတို့ လုပ်လိုက်ပြန်တော့ သူ့လောက် အပြစ်ကြီးတဲ့ပုဂ္ဂိုလ် ဒီအထဲမှာ တယောက်မှ မပါ-ပါဘူး.... (မပါပါဘူး) ဘုန်းကြီးတို့ တကာတကာမတွေ့မှာ တသက်လုံး မှဆိုးလုပ်စားတဲ့လူ မပါ-ပါဘူး.... (မပါ—ပါဘုရား)။

အဲဒါ အနာဂါမ်ကည်တော့ တခါတည်း သူသည်ကားလို့ ဆိုယင် အင်မတန် ဝမ်းမြောက်ဝမ်းသာ ရှိပြီးသကာလ သူ့အတွက် ငရဲမီးနဲ့ ငရဲအိုးတွေ အကုန်ပျောက်ရတယ်.... (မှန်ပါ့ဘုရား) တကာတကာမတို့ အဲဒါသူရှုတ်တဲ့ ဂါထာဘဲ။

အလ္လ ပလာလပဋ္ဌာဟံ၊
သီသေ နာဒါယ စင်္ကမိ။
ပတ္တောသ္မိ တတိယ ဌာနံ၊
တ္ထေမေ နတ္ထိ သံသယော။ ။

ဆိုတဲ့အတိုင်းဘဲတဲ့ ငါဟာ ကောက်ရိုးတွေ ရေဆုတ်ပြီးသကာလ တရားအားထုတ်လိုက်တာနဲ့ကွာ အခု အနာဂါမ်တည်ပါတယ်။

ဒါ့ကြောင့် တရား၏ တန်ခိုးဟာ ငရဲအိုးတွေ သေချာပြီးသား ငရဲမီး တဟုန်းဟုန်း တောက်ပြီးသားတွေ့ ဒီကနေ ငြိမ်းလိုက်တာ ရတယ်ဆိုတာ သူ့ဝတ္ထုကဘဲ.... (မှန်ပါ့ဘုရား)။

လုပ်တုန်းကလဲ ငရဲအိုး ဘယ်ကနေ တယ်သလဲ.... (ဟဒယဝတ္ထုပေါ်က) ဝမ်းထဲအကုသိုလ်က တယ်လိုက်တာဘဲ (မှန်ပါ့)။

ဦးခင်မောင် ငရဲအိုး ဟိုမှာ ခင်ဗျားတို့ အစေခံတွေက တယ်တာလား- ဝမ်းထဲက တယ်ပေးနေတာလား- (ဝမ်းထဲက တယ်ပေးနေတာပါဘုရား) ငြိမ်းချင်တော့ ဘယ်ကနေ ငြိမ်းရသလဲ.... (ဝမ်းထဲက ငြိမ်းရပါတယ်ဘုရား)။

ဩော်.... ဒါကြောင့် ဘုန်းကြီးက မနောကံ ဖြစ်တဲ့ ဝိပဿနာဉာဏ်ကို ပေးလိုက်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ကလဲ အထမမြောက်မြောက်အောင် လုပ်မယ်ဆိုယင်ဖြင့် ကြေးဟောင်းတွေ ကျေပါလိမ့်မယ် ဆိုဘဲ့ဥစ္စာ သေချာပါလိမ့်မယ်.... (သေချာပါတယ်ဘုရား)။

ကြေးဟောင်းတွေ ဘယ်နှယ်တုံး.... (ကျေပါတယ်ဘုရား) ကြေးဟောင်းတွေ တကာတကာမတွေ အစပျောက်ပါလိမ့်မယ် ဆိုတာ ဦးခင်မောင်.... အားငယ်စရာ ရှိသေးသလား.... (မရှိပါဘူး)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ကြိုးကြိုးစားစားလုပ်ပါလို့ ဘုန်းကြီးတိုက်တွန်းဘို့မလိုဘူးလား၊ ကိုယ့် အကုသိုလ်တွေက မေ့းကတည်းက ဘာမှမသိဘဲနဲ့ လာခဲ့တဲ့- ပြောဟယ်.... ဆိုဟယ်.... မျက်စောင်းထိုးဟယ်.... အမျိုးမျိုးအတင်းတွေ ပြောကြဟယ်၊ ဒါတွေဟာ ဘာဆိုကြမတုံး....မေးလို့ ရှိယင် အကုသိုလ်မှတပါး ဘာဆိုစရာ ရှိသေးသတုံး.... (မရှိပါဘူးဘုရား)။

အဲဒါတွေကလဲ တဏှာ ဥပါဒါန် ကံ အဖြစ်နဲ့ မလာဘူးလား....(လာပါတယ်ဘုရား) ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရ အဖြစ်နဲ့ကော.... (လာပါတယ်ဘုရား)။

ကိုင်း.... ပဋိစ္စသမုပ္ပါဒ် တွေဟာဖြင့် ကံတွေ စုထားလိုက်တာ တဏှာ ဥပါဒါန်တွေက ကံတွေစုထားလိုက်တာ မောင် ထွန်းလှိုင်တို့ မောင်ကိုတို့.... နည်းသလားကွာ....(မနည်းပါဘူးဘုရား)။

အဲဒီတော့.... ဒီ- တဏှာ သတ်လိုက်လို့ရှိယင် တဏှာက ကံတွေ စုထားတာ မကောင်းတဲ့ ကံလဲစု၊ ဝဋ်ကိုလယ်စေတတ်တဲ့ ကံတွေလဲ စုထားတာ ဒီတဏှာ သေအောင်လုပ်လို့ရှိယင် ကံတွေပါ အဟောသိကံ မဖြစ်ရဘူးလား(ဖြစ်ရပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ယနေ့ဟောမည့် တရားသည် လူမိုက်နဲ့ လူလိမ်မာ ထူးခြားတာ ဟောပြီး သကာလ ခင်ဗျားတို့ကို အပြစ်တွေ အကုန်ပျောက်ပြီးသကာလ ကယ်မည့် ယူမည့်တရားမို့ ကယ်ယူစရာကို ကိုယ်က ကိုယ်ပိုင်ဖြစ်အောင် လုပ်ထားပါ....(မှန်လှပါဘုရား)

ကယ်ယူမည့် တရားကို....(ကိုယ်ပိုင်ဖြစ်အောင် လုပ်ထားပါ) ကိုယ်ပိုင်ဖြစ်အောင် လုပ်ထားပါ၊ ပေါ့ပေါ့ မနာပါနဲ့လို့ သတိပေးလိုက်တယ်နော်....(မှန်ပါ့)။

ဒီအထဲမှ တကာ တကာမတွေ အားလုံးအရင်းအချာတွေဘဲလို့ ဘုန်းကြီးစိတ်ထဲမှာလဲ ထားတယ်၊ အားလုံး သိစေချင်တာဘဲ၊ အားလုံးဘဲ ဒီကံတွေကို ပျောက်စေချင်တာဘဲ ဆိုတော့ ကံပျောက်တဲ့ဆေး ရှိသေးတယ်ဆိုတာကို သိရပါတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ကံပျောက်တဲ့ဆေး ရှိတယ်ဆိုတာသိရတော့ ဒီကံ့ဘာနဲ့ ဖျောက်မလဲလို့ ဆိုတော့ မင်္ဂနဲ့ဖျောက်မယ်....(မှန်ပါ့) ဒီကံ ဘာနဲ့ဖျောက်ကြမယ်....(မင်္ဂနဲ့ဖျောက်ကြပါမယ်) မင်္ဂနဲ့ဖျောက်မယ်ဆိုတော့ ဝိပဿနဲဉာဏ်ဆိုယင်ဖြင့် သူလဲ ဖျောက်နိုင်တာဘဲ....(မှန်ပါ့)။

လောကုတ္တရာမင်္ဂဆိုယင် အမြစ်ပါ ဖျောက်နိုင်တယ်ဆိုတော့ ဩော်....အားငယ်စရာ မရှိပါကလား....ဝိပဿနာ ရှုရင်း သေသွားလဲ ကိစ္စမရှိဘူး....(မှန်လှပါဘုရား) သဘော ကျပလား....(ကျပါပြီ)။

ဟာ....တခါတည်း သောတာပတ္တိမင်္ဂ ဆိုက်သွားတယ်ဆိုလို့ ရှိယင်လဲ ပြီးတာဘဲ၊ ကြွေးဟောင်းတွေ ဘယ် နှယ် နေကြသလဲ (ပျောက်ပါတယ်)အကုန်ပျောက်ပါတယ်(မှန်ပါ့)နောက် မိုက်လတ္တံ့ ကြွေးသစ်တွေကော လာသေးသလား.... (မလာပါဘုရား)။

ဩော်....ဒါဖြင့် တကာ တကာမတို့ ဒီတရားသည် ကြွေးဟောင်း ကြွေးသစ် ပျောက်တဲ့ တရား ဖြစ်လေသောကြောင့် ငါတို့ ကြွေးဟောင်းက သေချာတယ်။ သံသရာရှည်တဲ့ ကြွေးသစ်က တင်ဦးမှာဆိုတာကော မသေချာကြဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီလောက် သေချာနေပြီဖြစ်လေသောကြောင့် ဩော်....ကြွေးဟောင်းလဲ ပျောက်၊ ကြွေးသစ်လဲ တကာ တကာမတွေ့မပေါ်လာလို့ ရှိယင်ဖြင့် လုပ်ထိုက်တဲ့ တရားဘဲဟေ့ (မှန်လှပါဘုရား)ဘယ် နှယ်ဆိုကြမှယ်....(လုပ်ထိုက်တဲ့တရားပါ ဘုရား)။

လုံပ်ထိုက်တဲ့တရား ခင်ဗျားတို့ သားရေး သမီးရေး စီးပွါး ရေးကြောင့် ကိုယ့်ကြွေးကို ခန္ဓာနဲ့ဆပ်ရမှာကို ဥာဏ်နဲ့ဆပ်ပါ (မှန်လှုပါဘုရား) ဘယ်လိုမှာသတုံး....(ခန္ဓာနဲ့ဆပ်ရမှာကို ဉာဏ်နဲ့ဆပ်ပါ) ခန္ဓာနဲ့ဆပ်ယင် ငရဲသွားတော့ ခန္ဓာကြီးနဲ့ သွားရမှာကို....(မှန်ပါဘုရား)။

အဲဒီတော့ ခန္ဓာနဲ့ဆပ်ရမှာကို အခု ဘာနဲ့ဆပ်ရ မလဲ.... (ဉာဏ်နဲ့ဆပ်ရပါမယ်)ဉာဏ်နဲ့ဆပ်လိုက်တော့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ပြီးသွားတယ်၊ ထွက်နိုင်တဲ့ ပုဂ္ဂိုလ်ကနော် (မှန်ပါ)။

ကိုင်း....တခါ သူ့ ထင်ရှားတော့ မနေ့က ပြောခဲ့တဲ့အတိုင်း အင်္ဂလိမာလတို့ လူပေါင်းများစွာ သတ်တဲ့ ကံကြီးတော့ဟာ နည်းသလား.... (မနည်းပါဘုရား) တိရစ္ဆာန်သက်တဲ့ ကံဟာ လူသတ်တဲ့ကံလောက် ကြီးတာ မဟုတ်ပါဘူး....(မှန်ပါ)။

အဲဒါဘောင်မှ မဂ်နဲ့ဖျောက်လိုက်တော့ ဘယ်နှယ်နေကြသလဲ (ပျောက်ပါတယ်ဘုရား) ပျောက်သွားတယ် ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဟိုး- မူဆိုး သားသမီး ခုနစ်ယောက်တွေ ချွေးမ ခုနစ် ယောက်ရော-သား ခုနစ်ယောက်ရော တသက်လုံး မူဆိုးလုပ်စား တာဘဲ့ မဂ်နဲ့ဖျောက်လိုက်တော့ ဘယ်နှယ် နေကြသလဲ.... (ပျောက်သွားပါတယ်ဘုရား)။

ဩော်....ပျောက်တာချည်းဘဲ ဆိုသဖြင့် တယ်ခက်ပါကလား ဒီတရား ဒို့အားကိုးရာအစစ် မဖြစ်ဖြစ်အောင် လုပ်တော့မယ်၊ မီးခဲသိမ်းနေပြီဟာ- ဆိုပြီးသကာလ ဦးခင်မောင် ဘာမှ အားမငယ်နဲ့လုပ်မယ်သာ စိတ်ကူး (မှန်လှုပါဘုရား)တကာ တကာမတွေ ဘယ်လိုစိတ်ကူးရမယ်....(လုပ်မယ်သာ စိတ်ကူးရပါမယ်)။

အဲဒီတော့ လုပ်မယ် စိတ်ကူးတော့ ဘုန်းကြီးက တကာ တကာမတို့ ခင်ဗျားတို့ကိုလဲ တိုက်တွန်းပါတယ်နော်....တိုက် တွန်းတာလဲ သွယ်ဝိုက် တိုက်တွန်းတယ်လို့ မယူပါနဲ့၊ အမှန် ပြောတယ်လို့ဘဲ ယူပါတော့နော်....(မှန်ပါ့)။

ခင်ဗျားတို့ ခန္ဓာကိုယ်ကလေးက မွေးလာတယ်၊ ပဋမ မွေး လာတယ်။ သစ်ပင်ကလေးလို့ဘဲ သစ်ပင်ကလေးဟာ ပေါက်စ ကတည်းကို့က ကိုင်းလာတယ် ဆိုရင် ဒီသစ်ပင်တော့ တကာ တကာမတို့ မြေပေါ်ပြန်ရောက်ရတော့မယ်၊ ဒီက အညွှန့်တွေ မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ပေါက်ကတည်းက ဘယ်လိုပေါက်သတုံး.... (ကိုင်းပေါက် ပါတယ်)ကိုင်း ပေါက်တော့ ဒီနေရာမှာ လဲပဲ့တော့ တွေ့ရတော့ မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား) ဒီမှာ ခန္ဓာကိုယ် မွေးလာကတည်းက သေရာကိုပြေးနေတယ်(မှန်ပါ့)။

ခန္ဓာကိုယ်က ဘယ်ပြေးနေသလဲ....(သေရာ ပြေးနေပါတယ် ဘုရား)အခုတရား လာနာယင်း ပြေးနေတယ်....(မှန်ပါ့)တရား သာ နာတယ် မောင်ကို ဘယ်ပြေး နေသတုံး ဟေ့.... (ဇသရာ ပြေးနေပါတယ်ဘုရား)။

ဩော်....မရောက်သေးခင် မင်းတို့ တရားနာနေတာဟေ့.... (မှန်ပါ့)ဆိုနိုင်ကြရဲ့လား....(ဆိုနိုင်ပါတယ်) ဘယ်လိုဆိုနိုင်ကြ သလဲ....(မရောက်သေးခင် တရားနာနေကြတာပါ)။

မရောက်သေးခင် တရားနာတာ ဖြစ်တော့ ဩော်...မင်းတို့ ကတော့ဖြင့် အမျိုးမျိုးအဖုံဖုံ ဘယ်နေ့ကျတော့ ဘာလုပ် ဦး မလဲ၊ ဘယ်ဟာကျတော့ ဘာလုပ်ဦးမလဲဆိုတာ မင်းတို့ကလဲ

ခန္ဓာကိုယ်ကြီး မေးတာမဟုတ်ဘူး....(မှန်ပါ့) ဟဏာခိုင်းရာသာ တခါတည်း ကျွန်သပေါက် ပီပီ လုပ်နေတာဘဲ။

ခန္ဓာကိုယ် ခင်ဗျား ဘယ်လောက် နေမှာတုံး....။ ဟာ.... ငါ ဘယ်လောက်နေမယ်လို့ သူ ဘယ်တော့မျှား ပြောဘူးသတုံး (မပြောဘူးပါဘုရား)။

မပြောဘူးတဲ့ အထဲမှာ မင်းတို့က တဏှာ ခိုင်းတာနဲ့ ဘဲ ရှောက်ပြီး သကာလ လုပ်ချင်တာတွေလုပ် ရောင်းချင်တာတွေ ရောင်း ဝယ်ချင်တာတွေဝယ် ဆိုပြီးသကာလ နေကြတော့ ဘုန်းကြီးပြောလို့တာက ခန္ဓာကိုယ်က သူမွေးကတည်းက စ,ပြေးလာတာ သုသာန်မရောက်သေးလို့ ရှိယင် သူ့အပြေး ရပ်ပါ့မလား— (မရပ်ပါဘူးဘုရား)။

သူ့အလုပ်ကလဲ အခု ထိုင်ရင်းလဲ ဘာလုပ်နေသလဲ(သုသာန်ပြေးပါတယ်ဘုရား)ထိုင်ရင်းလဲသုသာန်ပြေးတာဘဲ....(မှန်ပါ့)။

တဲ့ကာ တဲ့ကာမတို့ ဘယ်မျှားပြေးနေသလဲ....(သုသာန်ပြေးနေပါတဲ့ယ်ဘုရား)သြော်....ထ,ရင်းတော့ကော....(သုသာန်ပြေးပါတယ်)ထမင်း စားရင်းကော....(သုသာန်ပြေးပါတယ်)ထမင်း မစားခင်ထက် သုသာန်နဲ့နီးတဲ့ယ်.... (မှန်ပါ့) မနီးဘူးလား.... (နီးပါတယ်ဘုရား)။

ထမင်းစားပြီးတဲ့အချိန်နဲ့ ရေသောက်တဲ့ အချိန်နဲ့ကော ဘယ်သူက သုသာန်နဲ့နီးသလဲ....(ရေသောက်တဲ့အချိန်က နီးပါတယ် ဘုရား) ရေသောက်ပြီးသကာလ ည့်ခန်းဝင် ဆေးလိပ်ခန်း ဝင်တဲ့ပြီး ဆေးလိပ်သောက်တဲ့ အချိန်နဲ့ကော ဘယ်သူက နီးသလဲ....(ဆေးလိပ်သောက်တဲ့အချိန်က နီးပါတယ်ဘုရား)။

သြော်....တကာတကာမတို့ ခန္ဓာကိုယ် ရပ်လို့ ဆီးလို့ ရကြပါရဲ့ လားလို့ မေးယင် ဘယ်နှယ်ဖြေမလဲ....(မရပါဘူးဘုရား)။

သြော်....မရတဲ့ ခန္ဓာကိုယ်ကြီးဘဲ အဲဒီတော့ သူက မရတော့ကို ကဲ....မောင်မင်းကြီး ခန္ဓာကိုယ် သုသာန် မရောက်ခင်ကလေး ကျုပ်သည် အတင်းကြိုးစားမှ ဆိုတဲ့စိတ်ကလေး မွေးစမ်းပါ....(မှန်လှပါဘုရား)သုသာန်မရောက်ခင်(အတင်းကြိုးစားမှ တော်ပါမယ်)။

သူကတော့ အပြေးရပ်မယ် မဟုတ်ပါဘူး.... (မရပ်ပါဘူး) ဒီအထဲက မရ-အရဆွဲရတာဘဲ (မှန်ပါ့)ဦးခင်မောင်ရေ သူပြေးတာတော့ ရပ်ပါ့မလား.... (မရပ်ပါဘူး) အင်း.... တချို့မှာ မွေးပြီး သေသွားတာတွေလဲ ကိုင်းပေါက်လို့ ကိုင်းသလိုဘဲ မြေပေါ် ရောက်သွားတာဘဲနော်.... (ရောက်ပါတယ်ဘုရား)။

အဲ-ဒီမှာတော့ အချိန်ကလေး နည်းနည်း ကျန်နေသေးတဲ့ အဓိပ္ပါယ် ခင်ဗျားတို့မှာ ရှိနေသေးတယ်ဆိုတာ သဘောပါကြလား....(ပါ-ပါတဲ့ယ်ဘုရား)။

အဲဒီ အချိန်ကလေးထဲမှာ အကြွေးတွေ အကုန်ဆပ်ရမယ်ဆိုတော့ နှေးနှေးဆပ်လို့ တော်ပါ့မလား၊ ခန္ဓာက အပြေးသွားတယ် ကျုပ်တို့က နှေးနှေးလုပ်မယ်ဆိုလို့ တော်ပါ့မလား.... (မတော်ပါဘူးဘုရား) ခန္ဓာက ဘယ်လိုတဲ့....(အပြေး သွားပါတယ်ဘုရား)။

ခန္ဓာက သုသာန်သွားကာ အပြေးသွားတယ်(မှန်ပါ့)ကျုပ်တို့က တနေ့နေ့လုပ်မယ်ဆိုတာက အနှေး (မှန်ပါ့)၊ သဘောကျပလား....(ကျပါပြီ)။

ခန္ဓာကတော့ သုသာန်(အပြေးသွားပါတယ်ဘုရား)ခင်ဗျား တို့အလုပ်က နှုးနေလို့ရှိယင် အသေဦးပဟေ့-တကာ တကာ မတို့ လိုရင်းနောက်ကျ သွားပါလိမ့်မယ်....(မှန်ပါ့) ဘယ်လိုပါ လိမ့်....(အသေဦးပြီး လိုရင်းနောက်ကျသွားပါလိမ့်မယ်)။

အဲဒါ လူတိုင်းကို သတိပေးပါတယ် တကာ တကာမတို့ မိဘ မောင်နှမ ညီအကို မောင်နှမ အစရှိသည် မတော်ဘူးသူ မည်သည် မရှိလို့ ဒါ ရိုးသားစွာနဲ့ဘဲ တိုက်တွန်းလိုက်ပါတယ် (မှန်ပါ့ဘုရား)။

ခန္ဓာက အပြေးရပ်ကြပါရဲ့လား....(မရပ်ပါဘုရား) ခင်ဗျား တို့ အလုပ်ကတော့ နှုးနှုးနေတယ်။(မှန်ပါ့ဘုရား) ခုနင်က ကယ်မည့် ယူမည့် တရားကျတော့ မောင်ထွန်းလိုင်တို့မောင်ကိုတို့ ဘယ်နှယ် နေကြတုံးဟေ့.... (နှုးပါတယ်ဘုရား)။

ဩော်.... အပြေးသွားတဲ့ဥစ္စာ မင်းတို့က အနှုးနဲ့ဆိုယင် ကိုယ်ကျိုးနည်းပါလိမ့်မယ်.... (မှန်ပါ့) ဆိုထိုက်-မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

ခန္ဓာက အပြေးသွားနေတဲ့ဥစ္စာ သူက အသေဆီ အပြေး သွားနေတာ၊ ကိုယ်က အပါယ်လွတ်မည့်တရား လုပ်နေတာ ခပ်နှေးနှေးဆိုယင် အပြေးနဲ့ အနှေး ဆိုလို့ရှိယင် အနှေးက ကိုယ်ကျိုးနည်းလိမ့်မယ်၊ မနည်းကြပေဘူးလား.... (နည်းပါ တယ်ဘုရား)။

ဟာ....ဒါ ဘုန်းကြီးက တိုက်တွန်းတာလား.... ခန္ဓာဖြစ်စဉ်ကိုက် ပြောတာလား.... (ခန္ဓာဖြစ်စဉ်ကိုက်ပြောတာပါဘုရား) ခန္ဓာဖြစ်စဉ်ကိုက် ပြောတဲ့ သဘောကိုလဲ တကာတကာမတွေ

ယနေ့သိရပါပြီ၊ ထိုကဲ့သို့ သိရတဲ့အတွက်....တဲ့ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ခန္ဓာအပြေးသွားတာကိုသူတော်ကောင်း အလုပ်က နှေးနေကြမယ်ဆိုယင်ဖြင့် တကာတကာမတို့ အသေက ဦးချို ဉာဏ်က နောက်ကျ သွားပါလိမ့်မယ်.... (မှန်ပါ့ဘုရား) အသေက.... (ဦးပါလိမ့်မယ်) ဉာဏ်က.... (နောက်ကျသွားပါမယ်)။

ဒါဖြင့် ကယ်မည့်သူက နောက်ကျ၊ ဟုတ်လား....(မှန်ပါ့) အသေက စောနှင့် နေတယ် ဆိုတော့ ဆရာဝန်က နောက်ကျပြီးသကာလ လူမမာက အသေစောနေယင်ဖြင့် ကိုယ်ကျိုးနည်းပေါ့.... (မှန်လှပါဘုရား) မဆိုထိုက်ဘူးလား.... ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီလို ဖြစ်မည့်ပုဂ္ဂိုလ်တွေ့ ခင်ဗျားတို့ သားရေးကြောင့်လဲ ဖင့်နှေးတတ်တယ်၊ သမီးရေးကြောင့်လဲ.... (ဖင့်နှေးတတ်တယ်) ပစ္စည်းရေးကြောင့်လဲ.... (ဖင့်နှေးတတ်ပါတယ်) အဲ....ဖင့်နှေးယင် သူ ဦးပါလိမ့်မယ်.... (မှန်ပါ့) ဖင့်နှေးယင် ဘယ်နှယ်ဆိုကြမယ်.... (အသေဦးမှာပါဘုရား)။

ကိုင်း.... တကာတကာမတို့ အသေဦးပါလိမ့်မယ် ဆိုတော့ ခန္ဓာကိုယ်က ရပ်လို့ရရဲ့လား.... (မရပါဘူး) အေး....ဘယ်ဗေဒင်ကဟောဟော မယုံကြနဲ့၊ ခန္ဓာကိုယ်က သူ့လမ်းသူပြေးတာနော်.... (မှန်ပါ့) သူ့လမ်း သူပြေးတာ၊ မပြေးဘူးလား.... (ပြေးပါတယ်ဘုရား)။

သူ့လမ်း ပြေးတော့ ပြေးနေတာဘဲ၊ ကိုယ်က နားမလယ် ပါးမလယ်နဲ့ ဆရာကောင်းသမားကောင်းတွေဆီက နည်းနာ

မယ္ဒူဘဲနဲ့ အလကား ကူးနေပြန်လို့ ရှိယင်လဲ အသုံးမကျပြန်ဘူး (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အလကား ကူးနေပြန်ယင်.... (အသုံးမကျပါဘူး) ခန္ဓာ မြေဆွေးဖြစ်နေတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အဲ....ဒါကြောင့် ယနေ့သည်ကားလို့ဆိုယင် တကာတကာမတွေ့ ရှေ့ပိုင်းမှာ တိုက်တွန်းလုံးကို ပြောနေတော့ ဒီ-တိုက်တွန်းတဲ့သဘောကိုလဲ ခင်ဗျားတို့ ခန္ဓာကိုယ်ဖြစ်စဉ်က တားလို့ရတယ်ဆိုတာလဲ ခုနင်က ဝတ္ထုကသက်သေခံသွားပြီ....(မှန်ပါ့)။

ဒီထဲ တားလို့ရတာ လုပ်ပါမယ် ဆိုရင်းမတ်တန့် ဖင့်နှေးနေလို့ ရှိယင်လဲ အသေဦးပါလိမ့်မယ်ဆိုတဲ့စကားဟာ မကုန်သေးဘူးလား.... (ကုန်ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ အသေဦးမှာနဲ့ ကိုယ်ပိုင်အလုပ်လုပ်မှာ ဘယ်ဟာ ရှေ့ထားကြရမတုံး.... (ကိုယ်ပိုင်အလုပ်-လုပ်မှာကို ရှေ့ထားရပါမယ်ဘုရား)။

အပြောနဲ့ ပြီးကြပါ့မလား.... (မပြီးပါဘူး) မပြီးပါဘူးဆိုတာ သေချာကြပလား.... (သေချာပါပြီ) ဒါဖြင့် ဝမ်းထဲက ဆောက်တဲ့ ငရဲအိုး ငရဲထိန်းတွေကို ဝမ်းထဲကနေ ငြိမ်းကြပါစို့ ဆိုတာကော သဘောကျပလား.... (ကျပါပြီ)။

ငရဲတွေ ဘယ်ကတည်ဆောက်.... (ဝမ်းထဲက တည်ဆောက်ပါတယ်ဘုရား) ဝမ်းထဲကကိုလေသာတွေက တည်ဆောက်တယ် (မှန်ပါ့)။

နတ်ဘုံတွေ သွားပြီးသကာလ ဘယ်လက်သမားက ဆောက်ပေးသတုံး မေးလို့ ရှိယင် ဝမ်းထဲမှာရှိတဲ့ ကုသိုလ်ကနေ သွား

တည်ဆောက်တာဘဲ.... (မှန်ပါ့)ဘယ်သူက တည်ဆောက်သတုံး (ဝမ်းထဲက ကုသိုလ်ကပါဘုရား) သဘောပါပလဲး.... (ပါ-ပါတယ်ဘုရား)ဒါဖြင့် ငရဲလဲ ဒီက တည်ဆောက်တယ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် ဒီက-နေပြီး သကာလ ငရဲတွေ ငရဲအိုး သိမ်းယင် ငရဲမီးငြိမ်းယင် ရ- မရ.... (ရပါတယ်ဘုရား) ဆြေ.... မဂ်သာရအောင်လုပ်၊ တကာ တကာမတွေ သေချာတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ကို အလုပ်တရား အရေးကြီးပါတယ်ဆိုတာ ယနေ့ ကွက်ကွက်ကွင်းကွင်းပေါ်အောင် ဖေါ်ပြောနေပါတယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီ)။

ကိုင်း.... တကာတကာမတို့ အရင်စိတ်တွေ အကုန်ဖျောက်နော်.... (မှန်ပါ့) အရင်စိတ်တွေက ဘာတုံး.... ကျုပ်တို့တော့ဖြင့် နေနိုင်ပါသေးရဲ့ ဆိုတာတွေ ဖျောက်ပစ်ပါ.... (မှန်ပါ့)။

နေနိုင်တာ မနေနိုင်တာအပထား၊ ခန္ဓာကိုယ်က အသေသွားတာ ရပ်စဲပါရဲ့လား.... (မရပ်စဲပါဘူးဘုရား) မရပ်စဲတော့ကို ကိုယ် သူတော်ကောင်း အလုပ် ကတော့ဖြင့် အချိန်ရှေးရှေး နေကြတယ်.... (မှန်ပါ့) အသေသွားတဲ့ ခြေထောက်လောက် မှန်ရဲ့လား.... (မမှန်ပါဘူး)။

အဲဒီတော့ သူက အပြေးသန်သလောက် ကျုပ်တို့က-ကိုင်း ဒါဖြင့် မင်း-အဦးတော့ဖြင့် ငါ-မခံနိုင်ဘူး၊ ငါ့မှာ ကြွေးတွေက ရှိနေတယ်။ ကြွေးဆပ်တာသာ အရင်ဦးရမက္၊ သေပြီးမှဆိုယင် သွားရုံဘဲ ရှိတော့တယ်၊ ကြွေးဆပ်တဲ့အလုပ်ကို တခါတည်း

ဇာတ်သိမ်းမည့် အလုပ်ကို- အပါယ်ဇာတ်သိမ်းမည့် အလုပ်ကို ငါ- အရင်မိအောင် လုပ်ပါတော့မယ်ဆိုပြီး တကာတကာမတွေ ယနေ့ လုပ်ဖြစ်အောင်လုပ်ပါ.... (မှန်ပါ့) ဒါကို လေးနက်စွာ တိုက်တွန်းတယ်နော်.... (မှန်ပါ့ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီ)

ကိုင်း.... ဒါဖြင့် မနေ့ကတရားကို တကာတကာမတို့ ဆက်ကြပါစို့၊ ကြပ်ကြပ် ဂရုစိုက်ပြီးနားထောင်ပါ။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော့ ရဟန်းတွေကိုမေးလိုက်တယ်၊ ရဟန်းတွေ.... လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးကွ.... မေးလိုက်တယ် နော်.... (မှန်ပါ့)။

လူမိုက်နဲ့ လူလိမ်မာ ဘာထူးသလဲကွ....လို့ မေးလိုက်တဲ့ အခါ အရှင်ဘုရား.... တပည့်တော်တို့က အရှင်ဘုရား ပွင့်မှ အရှင်ဘုရား- ဘုရားဖြစ်မှ တပည့်တော် တို့က အရှင်ဘုရား၏ ဇဟိဘိက္ခု ရဟန်းတွေ အရှင်ဘုရားထံမှာ သရဏဂုံရတဲ့ ရဟန်းတွေ ခုမှ အရှင်ဘုရား ပေါ်မှ တပည့်တော်တို့က ပေါ်ရတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေပါတယ်။

ဒါ့ကြောင့် လူမိုက်နဲ့ လူလိမ်မာ ဘာထူးသလဲဆိုတဲ့ တရားကိုဘဲ တပည့်တော်တို့ ကဿပဘုရားလက်ထက်က ကွယ်လာလိုက်တာ ခုထက်ထိ ဒီစကားတွေဟာ ဘယ်သူမှ မသိကြပါဘူး၊အရှင်ဘုရား ပေါ်မှဘဲ- ဘုရားရယ်လို့ ပေါ်လာမှ တရားကလဲ အသစ်ပေါ်တော့ ကွယ်လာတာတွေက ကြာခြင်းကြောင့်ရင်း၊ တပည့်တော်တို့ရဲ့ အဝိဇ္ဇာထူထပ်သောကြောင့်ရင်း၊ လူမိုက်နဲ့ လူလိမ်

မာ ဘာထူးတယ်ဆိုတာ မသိပါဘူးဘုရား၊ အရှင်ဘုရားပြောမှ ဟောမှ သိရမည့်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ ရဟန်းတွေက.... ရဟန်းတွေက....နော်.... (မှန်လှပါ)။

အေး.... ဒါဖြင့် မင်းတို့ သေသေချာချာ နားထောင်ကြကွ၊ သေသေချာချာ နားထောင်ကြကွ၊ လူမိုက်နဲ့ လူလိမ်မာ ထူးပုံ ငါ သေသေချာချာ ရှင်းပြမယ်ဆိုပြီးသကာလ လာပုံမှာ တူငြားသော်လဲ သွားပုံ မတူဘူးကွ (မှန်ပါ့) လာပုံမှာ.... (တူပါတယ်ဘုရား) သွားပုံကျတော့.... (မတူပါဘူးဘုရား)။

ဩော်.... လူမိုက်နဲ့ လူလိမ်မာ ဘယ်လိုမျိုး ထူးခြားပါလိမ့် (လာပုံမှာ တူငြားသော်လဲ သွားပုံမှာ မတူပါဘူးဘုရား)။

ဩော်.... တကာ တကာမတို့ သိပ်အဘိုးတန်တာဘဲ၊ လာပုံမှာ တူငြားသော်လဲ သွားပုံမှာ မတူဘူးတဲ့ (မှန်ပါ့)ဘယ်နှယ်တဲ့—တကာ တကာမတွေ.... (လာပုံမှာ တူငြားသော်လဲ သွားပုံမှာ မတူပါဘူးဘုရား)။

လူမိုက်နဲ့ လူလိမ်မာ ထူးခြားတယ်လေ၊ လူမိုက်နဲ့ လူလိမ်မာ ဘယ်လို ထူးခြားတယ်ဆိုတာ လာပုံမှာ တူငြားသော်လဲ သွားပုံမှာ မတူဘူးကွ—ဆိုတော့ မရှင်းသေးဘူးလား.... (ရှင်းပါပြီ)။

သို့သော် ပုံစံချပြီး တကာ တကာမတွေ ပြပါဦးမယ် (မှန်ပါ့) သတ္တဝါအစ အဝိဇ္ဇာ တဏှာက (မှန်ပါ့ဘုရား)တကာ တကာမတို့ သတ္တဝါအစ.... (အဝိဇ္ဇာ တဏှာကပါ ဘုရား)။

အဝိဇ္ဇာ တဏှာဆိုတာကြောင့် တကာတကာမတွေ ဩော်.... အဝိဇ္ဇာပစ္စယာ သင်္ခါရာကြောင့် ခန္ဓာငါးပါးဆိုတဲ့ ဝိညာဏ်ကြီး ဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

မသိတဲ့ အဝိဇ္ဇာကြောင့် ပုဗ္ဗေသင်္ခါရကြောင့် သင်္ခါရပစ္စယာ ဝိညာဏံဆိုတော့ ပစ္စုပ္ပန် ခန္ဓာငါးပါးကြီး ပေါ်လာတယ်၊ (မှန်ပါ့ ပေါ်ပါတယ်ဘုရား)။

ဒါက အတိတ်အကြောင်း ထားပါတော့- အဝိဇ္ဇာ သင်္ခါရဟာ အတိတ်အကြောင်း ထားလိုက်ပါတော့ နော်....(မှန်ပါ့)။

ဒါဟာ လူလိမ်မာလဲ အဝိဇ္ဇာသင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါ်တာဘဲ (မှန်လှပါဘုရား) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတော့ ခန္ဓာငါးပါး မပြည့်သေးဘူးလား.... (ပြည့်ပါတယ်ဘုရား) ပြည့်ပြီနော်....။

ဒါဖြင့် လူလိမ်မာမှာလဲ တကာ တကာမတို့ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ဖြစ်တယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ကဲ....လူမိုက်မှာလဲ ကြည့်လိုက်တော့ အဝိဇ္ဇာ သင်္ခါရကြောင့် ဘဲ....တဲ့၊ တကာ တကာမတို့ ခန္ဓာငါးပါးဘဲဖြစ်တယ်(မှန်ပါ့) လာပုံမှာ အတူတူပါဘဲ၊ ထူးကြသေးရဲ့လား.... (မထူးပါဘူး) အဝိဇ္ဇာ သင်္ခါရ ခေါင်းဆောင်တာဘဲ(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

သြော်.... လူမိုက်မှာလဲ အဝိဇ္ဇာ သင်္ခါရကြောင့် ဘာဖြစ်ပါလိမ့်.... (ခန္ဓာငါးပါး ဖြစ်ပါတယ်ဘုရား) အင်း....ခန္ဓာငါးပါး ဖြစ်တယ်ဆိုတော့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ အမြင်အားဖြင့် ရှင်းပါပြီကွာ....(ရှင်းပါပြီ)။

လူလိမ်မာလဲ ခန္ဓာငါးပါး ဖြစ်တာဘဲတဲ့၊ လူမိုက်မှာလဲ ခန္ဓာငါးပါး ဖြစ်တာဘဲ၊ ခန္ဓာငါးပါး ဖြစ်ပုံ-လာပုံမှာ အတူတူ ပါဘဲကွ....တဲ့၊ ရှင်းကြပလား.... (ရှင်းပါပြီ)။

အဲဒီတော့ လာပုံမှာ တူငြားသော်လဲ သွားပုံကျတော့ ထူးခြားတယ် (မှန်ပါ့- ထူးခြားပါတယ်) သွားပုံက လူမိုက်မှာ တကာ တကာမတို့ ခန္ဓာငါးပါးက လာပြီးသကာလ အဝိဇ္ဇာ သင်္ခါရ-က လာပြီးသကာလ အဝိဇ္ဇာ တဏှာက လာပြီးတော့ အဝိဇ္ဇာ တဏှာဘက် လှည့်သွားတယ် (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

လူလိမ်မာကျတော့ အားလုံး တကာ တကာမတွေ မှတ်လိုက် စမ်းပါတဲ့....အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါးဖြစ်ပြီးတော့ ခန္ဓာငါးပါးနောက်က နေပြီးသကာလ အဝိဇ္ဇာ တဏှာချုပ်တဲ့ယ် (မှန်ပါ့)။

ဒါဖြင့် လူမိုက်ကတော့ အဝိဇ္ဇာ တဏှာလာတဲ့ယ် (မှန်ပါ့) တဲကာ တကာမတွေ ဘာတဲ့တုံး.... (လူမိုက်ကတော့ အဝိဇ္ဇာ တဏှာ လာပါတယ်)။

ကောင်းပြီ၊ လူလိမ်မာကတော့ဖြင့် ဝိဇ္ဇာနဲ့ အလောဘ လာတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား) လူလိမ်မာက.... (ဝိဇ္ဇာနဲ့ အလောဘ လာပါတယ်ဘုရား) လူမိုက်ကတော့.... (အဝိဇ္ဇာနဲ့ တဏှာ လာပါတယ်ဘုရား)။

အင်း.... ဟင်.... အဝိဇ္ဇာ တဏှာက လာပြီး အဝိဇ္ဇာ တဏှာ ပြန်လှည့်တာက ဘယ်သူပါလိမ့်.... (လူမိုက်ပါဘုရား) အဝိဇ္ဇာ တဏှာက လာပြီး ဝိဇ္ဇာ အလောဘ ဖြစ်တာက....(လူလိမ်မာပါဘုရား)။

ဩော်.... ဒါဖြင့် ဒီနောက်မှာ လာထူးကြတာကိုး....(မှန်ပါ့) သဘောကျပလား.... (မှန်ပါ့ဘုရား)။

ဒီ ပုဂ္ဂိုလ်ကတော့ ဘယ်လိုဖြစ်မလဲလို့ စဉ်းစားလိုက်တဲ့ အခါကျတော့ တကာ တကာမတို့.... အဝိဇ္ဇာ တဏှာက လာပြီး အဝိဇ္ဇာ တဏှာ ပြန်ပြီး ပေါက်ပွားပြန်တော့ အဝိဇ္ဇာ တဏှာ ဆိုတော့ တဏှာပြီး ဥပါဒါန်၊ ဥပါဒါန်ပြီး ကံ၊ မလာပေဘူး လား....(လာပါတယ်ဘုရား)။

ဒီဘက် ဇာတိ ဇရာမရဏ လွတ်ပါ့မလား....(မလွတ်ပါဘူး ဘုရား) အင်း.... နောက် အနာဂတ်ဘဝကြီး မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် တကာ တကာမတို့.... လူမိုက်ကတော့ဖြင့် အဝိဇ္ဇာ တဏှာက လာပြီး အဝိဇ္ဇာ တဏှာ ပြန့်ပွားတဲ့အတွက် တတိယခန္ဓာ ပြန်ရတယ် (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ဒါက ပဌမကိုး.... အတိတ်ဘဝ၊ ဒါက ပစ္စုပ္ပန်ဘဝ၊ ဒါက အနာဂတ်ဘဝ (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် အဝိဇ္ဇာ သင်္ခါရ-က လာပြီးသကာလ အဝိဇ္ဇာ သင်္ခါရ ပြန်ဖြစ်တဲ့ အတွက် ဟိုမှာ အနာဂတ်ခန္ဓာကြီးကို ပြန်မရဘူးလား (ရပါတယ်ဘုရား) အင်း.... ဒါ ဘယ်သူပါလိမ့်.... (လူမိုက်ပါ ဘုရား)။

လူမိုက်တဲ့၊လူမိုက်ကတော့ ဒုက္ခထဲကလာပြီး ဒုက္ခဘဲပြန်ရတယ် (မှန်လှပါ)ရှင်းကြပလား....(ရှင်းပါပြီဘုရား)ဒုက္ခထဲက လာပြီး (ဒုက္ခဘဲပြန်ရပါတယ်)။

ဒုက္ခဘဲ ပြန်ရတယ်ဆိုတော့ သူ့မှာတော့ အလာတုန်းကတော့ ဒုက္ခထဲက ခန္ဓာဒုက္ခကြီးနဲ့၊ နောက်တခါ စုတေမနေသေလွန်ပြန်တော့ ဘာရပြန်သတုံး.... (ခန္ဓာဒုက္ခဘဲ ရပါတယ် ဘုရား)။

ဒီ ခန္ဓာဒုက္ခက အပါယ်လေးပါး ခန္ဓာလဲ ဖြစ်နိုင်တယ်၊ နတ်ရွာသုဂတိ ခန္ဓာလဲ ဖြစ်နိုင်တယ်၊ ဘယ်ခန္ဓာဖြစ်ဖြစ် ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)ဒုက္ခသစ္စာကြီးဆိုတာ မသေချာလား....(သေချာပါတယ်ဘုရား)။

အေး.... ဒါကြောင့် လူလိမ်မာကတော့ ဖြင့်တဲ့.... တကာတကာမတို့ ဝိဇ္ဇာနဲ့ အလောဘ ဖြစ်ပြီးသကာလ လာပါတယ်ဆိုတာ အဲဒါ ပညာရှိ သူတော်ကောင်းနဲ့ ပေါင်းတဲ့အတွက် ဝိဇ္ဇာနဲ့ အလောဘ ဖြစ်ပါတယ်....(မှန်လှပါဘုရား) ရိပ်မိကြပါလား....(ရိပ်မိပါပြီ)။

ဘာဖြစ်ပါလိမ့်.... (ဝိဇ္ဇာနဲ့ အလောဘဖြစ်ပါတယ် ဘုရား) ဝိဇ္ဇာနဲ့ အလောဘ ဖြစ်တယ်ဆိုတာ ကျေနပ်ပါပလား....(ကျေနပ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဝိဇ္ဇာနဲ့ အလောဘ ဖြစ်တဲ့အခါကျတော့ တကာတကာမတို့ အလောဘဆိုတာ မလိုချင်မှု၊ လိုချင်မှုချုပ်ကတည်းက နောက်ခန္ဓာတွေ ပေါ်ပါဦးမလား.... (မပေါ်ပါဘူးဘုရား)။

ခန္ဓာဆိုတာ လိုချင်လို့ ရတာမဟုတ်လား.... (မှန်ပါ့) ဒီတဏှာ ဥပါဒါန်တွေနဲ့ စဲလမ်းလို့ အနာဂတ်ခန္ဓာ ရ-တာ-လူမိုက်မှာ....(မှန်ပါ့ဘုရား)။

လူလိမ်မာမှာတော့ ဝိဇ္ဇာက အမှန်သိပြီ ဒါဒုက္ခသစ္စာလို့၊ အလောဘကလဲ ဒါ ဒုက္ခသစ္စာလို့ မလိုချင်တော့ ဒီဘက်ခန္ဓာပေါ်ပါဦးမလား....(မပေါ်ပါဘူး)။

ဒါဖြင့် တကာ တကာမတို့ လာပုံမှာ တူငြားသော်လဲတဲ့-သွားပုံမှာ ဘယ်နှယ်နေကြသလဲ....(မတူပါဘူးဘုရား)။

လူမိုက်က ဒုက္ခထဲက လာပြီး ဒုက္ခ ပြန်ရတယ်.... (မှန်ပါ့) လူလိမ်မာကတော့ဖြင့် တကာ တကာမတို့ ဒုက္ခထဲက လာပြီး ဒုက္ခသိမ်းတယ်(မှန်ပါ့)ရှင်းကြပလား(ရှင်းပါပြီ) လူလိမ်မာကတော့ ဘာတဲ့....(ဒုက္ခထဲက လာပြီး ဒုက္ခ သိမ်းပါတယ်)။

ဩော်....ဒုက္ခထဲကလာပြီး ဒုက္ခသိမ်းတယ်ဆိုတော့သူ့အတွက်ကဖြင့် အင်း.... ဝဋ်ကျွတ်သွားတယ်ဆိုယင်လဲ ဦးခင်မောင်....(မလဲပါဘူးဘုရား)။

ကဲ....ဦးဇံရင်တို့ ဘာဖြစ်သွားသလဲ-(ဝဋ်ကျွတ်သွားပါတယ်ဘုရား) ဝဋ်ကျွတ်တယ်၊ ဝဋ်ကျွတ်သွားတယ်ဆိုတော့ တကာတကာမတို့ ခန္ဓာကြီးက ဝိပါကဝဋ်ကိုးဗျ....(မှန်ပါ့)။

ခန္ဓာကြီးက ဝိပါကဝဋ်ဆိုတော့ သူ့ကို တကာတကာမတွေသိတဲ့အတိုင်း မအိုပါနဲ့ဆိုလို့လဲ....(မရပါဘူး)မနာပါနဲ့ဆိုလို့လဲ....(မရပါဘူး)သေချာမသွားပါနဲ့ ဆိုလို့လဲ....(မရပါဘူး)။

မရတော့ ဒါ ဝဋ်ခေါင်းကြီး ကျွတ်ပြီးသကာလနေတော့ ဘယ်လိုမှ ဖြေလို့ ထုတ်လို့ မရဘဲ ဖြစ်နေတယ်.... (မှန်ပါ့) ခန္ဓာရှိတဲ့ပုဂ္ဂိုလ်ဟာ ဝိပါကဝဋ်ချည်း မှတ်လိုက် စမ်းပါ....(မှန်ပါ့) ခန္ဓာရှိတဲ့ပုဂ္ဂိုလ်ဟာ....(ဝိပါကဝဋ်ပါဘုရား) ဝိပါကဝဋ်လို့ ဃဃချာချာ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

သူသာ နောက်ခံလာတဲ့ ဝိပါကဝဋ် မလာဘူးလား ဗျာ-(လာပါတဲ့ယ်ဘုရား)လာပေမှာဘဲတဲ့ ဒီမှာ တဏှာ ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်က ရှိနေတယ်၊ မရှိဘူးလား....(ရှိပါတဲ့ယ်)။

တဏှာ ဥပါဒါန်ဆိုတော့ ဟောဒီကြားထဲက ကမ္မဝဋ်က လေးက ရှိနေတဲ့ယ်၊ သဘောကျပလား....(ကျပါပြီ)။

အင်း....ဟင်.... သူကတော့ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်း ကမ္မဝဋ်ကြောင့်....(ဝိပါကဝဋ် ဖြစ်ပါတယ်)ဝိပါကဝဋ် သွားဖြစ်ပါတယ်။

ဒီပဋိုလ်ကတော့ကိုတဲ့.... ဝိဇ္ဇာနဲ့ အလောဘ ရှိတဲ့အခါကျတော့ ဝိဇ္ဇာနဲ့ အလောဘ ပေါ်နေတဲ့ လူလိမ်မာမှာတော့ တကာတကာမတို့ ကိလေသဝဋ်က လာသေးရဲ့လား.... (မလာပါဘူး) မလာသောကြောင့် ကမ္မဝဋ် သူကသေတယ် (မှန်ပါ့)ဝိပါကဝဋ် ဆိုတဲ့ ရုပ်နာမ်ကော....(မလာပါဘူးဘုရား)။

သြော်....သူက ဝဋ်ကျွတ်တယ်၊ သဘောကျပလား....(ကျပါပြီ)လူလိမ်မာက....(ဝဋ်ကျွတ်ပါတယ်ဘုရား)။

အဲ....လာပုံနည်းတူငြားသော်လဲ ဝဋ်ကျွတ်တာနဲ့ ဝဋ်မကျွတ်တာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ကွာတယ်....(ကွာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီနှစ်လမ်း ဘယ်လမ်းလိုက်ရမလဲ ဆိုတဲ့ဥစ္စာဖြင့် ယနေ့ ကွက်ကွက်ကွင်းကွင်း ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား) ဘယ်လမ်းလိုက်ကြမယ်....(ဝဋ်ကျွတ်တဲ့လမ်း လိုက်ပါမယ်ဘုရား)ဝဋ်ကျွတ်တဲ့ လူလိမ်မာလမ်းကိုဘဲ ကျွုပ်တို့ ကြိုးစားပြီးသကာလ လိုက်ကြစို့....(လိုက်ပါမယ်ဘုရား)။

ဒါ ပြောမည့်သူရှိလို့ လိုက်ကြစို့ဆိုတာ ခင်ဗျားတို့က တညီတညွတ်တဲ့ဦး လိုက်ပါမယ်ဘုရားဆိုတာ တက်လာတာနော်.... (မှန်ပါ့) ကိုယ့်မျက်လုံးနဲ့ ကိုယ့်ဉာဏ်နဲ့ဆိုယင်ဖြင့် ဒီဥစ္စာဘယ်လိုဖြတ်လို့ ဘယ်လိုဝဋ်ကျတ်ပါ့မလဲဆိုတဲ့ဥစ္စာ မောင်ထွန်းလှိုင် မောင်ကို-ပေါ်ဘို့ အတော် ခဲယဉ်းတယ်....(မှန်ပါ့) မခဲယဉ်းဘူးလား....(ခဲယဉ်းပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီအကြောင်းကို မနေ့ကလဲ နားရှင်းပြီးသကဲ့သလ ရ-ပြီးသား ပုဂ္ဂိုလ်တွေ့ ဖြစ်နေတဲ့အတွက် ဒီနေ့တော့ဖြင့်တဲ့....တကာ တကာမတို့ ဝဋ်ဖြတ်ပုံဘဲ ပြပါတော့မယ်....(မှန်ပါ့ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်လို ဟောလိုက်သတုံး ဆိုတဲ့အခါကျတော့ လူမိုက်မှာတော့ကွာတဲ့.... ဗြဟ္မစရိယာအကျင့်ဆိုတဲ့ မဂ်ဉာဏ် ဖိုလ်ညဏ် ရောက်ရာရောက်ကြောင်းအကျင့်ကို မကျင့်ဘူးကွတဲ့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

လူမိုက်ကတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်ရာ ရောက်ကြောင်း သူကျင့်ပါရဲ့လား.... (မကျင့်ပါဘူးဘုရား) မကျင့်တဲ့အတွက် သူ့မှာ နောက်ခန္ဓာ ပြန်ရတယ်ကွတဲ့.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်ရာရောက်ကြောင်းအကျင့် မကျင့်တဲ့အတွက်....(နောက်ခန္ဓာ ပြန်ရပါတယ်ဘုရား)။

နောက်ခန္ဓာ ပြန်ရတယ်ဆိုတော့ အခုပဋိစ္စသမုပ္ပါဒ်နဲ့ တန်းပြလိုက်တော့ တကာ တကာမတွေ့ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ခန္ဓာခင်တာက တဏှာ၊ ကိုယ့် ခန္ဓာ ခင်တာက တဏှာ ဆိုတော့ ဥပါဒါန် မလာဘူးလား.... (လာပါတယ်ဘုရား) ဥပါဒါန်လာယင် ကံ လာမယ်.... (မှန်ပါ့)။

အဲဒါ တဏှာ ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဒီ ဝိပါကဝဋ်ကြီး လှုလှုကြီး မပေါ်သေးဘူးလား.... (ပေါ်ပါတယ် ဘုရား) ဝိပါကဝဋ်ဆိုတာ အနာဂတ် ခန္ဓာကြီးပြန်ရတယ်၊ မရဘူးလား.... (ရပါတယ်ဘုရား) သေချာကြပလား.... (သေချာပါပြီ)။

အဲဒါကြောင့် အားလုံး ဘုန်းကြီးတို့ တကာတကာမတွေ့မှာ-တဲ့၊ ဝဋ်တန်းသွားလို့ ရှိယင်ဖြင့် ကိုယ်ကျိုးနည်းပေါ့ ဆိုတာ အောက်မေ့ပါ.... (မှန်ပါ့) လူ့ဘဝ မရတော့ဘူး ဆိုတာလဲ ဆုံးဖြတ်ချက် ချလိုက်ပါ.... (မှန်ပါ့) ဒီလိုသာ တန်းသွားယင် လူ့ဘဝ ရပါ့မလား.... (မရပါဘူး)။

လူ့ဘဝ ရဘို့ရာအကြောင်း ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟို-သံယုတ်ပါဠိတော်ကြီးမှာ ဟောထားတဲ့ဥစ္စာ သူကိုယ်တိုင် မြင်ပြီးဟောတာနော်.... ပြောသံကြားနဲ့ ပြောတယ် လို့တော့ ဒီလိုမမှတ်လိုက်ပါနဲ့.... (မှန်ပါ့ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာသည် တကာတကာမတို့ ရှေးဘုရားတွေ ပြောသံကြားနဲ့ သူပြောတာလား သူ့ဉာဏ်အမြင်နဲ့ သူပြောတာလား.... (သူ့အမြင်နဲ့ သူ ပြောတာပါဘုရား)။

အေး.... သူကိုယ်တိုင် မြင်ပြီးပြောတဲ့အဘွဲ့က ထမ်းပိုးတုံးကြီး တပေါက်တည်းဖေါက်၊ ထွန်တံကလေးနဲ့ ခဲ့ပြီးသကာလ

ရေထဲမျောလိုက်၊ တကာတကာမတို့ အနှစ် တရာ တရာမှ တခါ ပေါ်တဲ့ လိပ်ကန်းကြီးနဲ့ ဒီထမ်းပိုးတုံးကြီးအပေါက်နဲ့ လျှို့မိဘို့ရာ ဘယ် နှယ်နေကြသတုံး.... (ခဲယဉ်းပါတယ်ဘုရား)။

အဲဒါ လျှို့မိဘို့ရာ ရှိသေးသကွာ၊ လိပ်ကန်းကြီးနဲ့ ထမ်းပိုး ပေါက်နဲ့ လျှို့မိဘို့ရာက ရှိသေးတယ်တဲ့၊ မင်းတို့ လူ့ဘဝဒီ ထက် ရခဲ့ပါသေးတယ်ဆိုတာလဲ သေချာကြပလား.... (သေချာပါ တယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ နောက်ကို ဘာမှ မျှော်မနေနဲ့၊ လူ့ဘဝရဘို့ အင်မတန် ခဲယဉ်းတဲ့အတွက် မဂ္ဂ ဗြဟ္မစရိယာ အကျင့်- ကျင့်ကြပါစို့နော်....(မှန်ပါ့) ဘယ်လို ဆုံးဖြတ်ချက် ချမလဲ.... (မဂ္ဂ ဗြဟ္မစရိယာ အကျင့်- ကျင့်ကြပါစို့ရဲ့)။

မဂ္ဂ ဗြဟ္မစရိယာအကျင့်- ကျင့်ကြပါစို့ ဆိုတော့ သြော်.... ဒါတွေ သူဘဲ ကယ်မည့် ယူမည့်သူ ရှိပါတော့ကလား ဆိုတာ ကော ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား) ဘယ် အကျင့်ပါလိမ့်မယ်.... (မဂ္ဂ ဗြဟ္မစရိယာ အကျင့်ပါဘုရား)။

မဂ္ဂ ဗြဟ္မစရိယာ အကျင့်သည်သာလျှင် ကျုပ်တို့၏ကိုးစာ ရာ၊ အားထားရာအစစ် ဖြစ်တော့တယ်ဆိုတာဖြင့် ဘာမှသံသယ မရှိပါနဲ့တော့နော်.... (မှန်လှပါ)။

ဒါ့ကြောင့် ခင်ဗျားတို့ သားကလေးနဲ့ ပျော်တာကို ဘုန်း ကြီးတို့ကခင်ဗျားတို့အတွက် ဝမ်းသာပါတယ်၊ သမီးကလေးနဲ့ ပျော်နေတာ၊ လခစားတွေမို့ လခနဲ့ပျော်နေတာလဲ ဝမ်းသာ ပါတယ်၊ ချမ်းသာနေတဲ့ ပုဂ္ဂိုလ်တွေ ကြည့်လိုက်ပြန်လဲ မုဒိတာ လဲ ဖြစ်ပါတယ်၊မုဒိတာဆိုတာဝမ်းသာတာပေါ့ဗျာ....(မှန်ပါ့)။

ဩော်.... သို့သော်လဲ သူတို့လိုချင်တဲ့ နိဗ္ဗာန် လိုပါသေးကလား.... (မှန်ပါ့) ဘယ်လိုတွေးရမယ်.... (လိုချင်တဲ့နိဗ္ဗာန် လိုပါသေးကလား)။

ဩော်.... သူတို့သည်ကားလို့ ဆိုယင် မသိပျော်- ပျော်နေသေးတာကိုး.... (မှန်ပါ့) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်)။

ဝမ်းထဲမှာရှိတဲ့ ဟဒယဝတ္ထုပေါ် လုပ်နေတဲ့ အကုသိုလ်စိတ်တွေကတော့ဖြင့် ငရဲအိုးတယ်လို့ ငရဲမီး တဟုန်းဟုန်း လုပ်နေတာ၊ အဲဒါပြန်ကြည့် မသိရှာဘူး.... (မှန်ပါ့)။

သားရေး သမီးရေးနဲ့ ပျော်လိုက်၊ ပစ္စည်းကလေးရလိုက်-ပျော်လိုက်၊ ဒီလိုနေမယ် ဆိုလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ အရှုးလိုဖြစ်နေတယ်.... (မှန်ပါ့) မဟုတ်ဘူးလား (မှန်ပါဘုရား) ဘယ်လိုဆိုကြမယ်.... (အရှုးလို ဖြစ်နေပါတယ် ဘုရား)။

အကျိုးပေးကတော့ဖြင့် ဝမ်းထဲမှာ ရှိတာတွေက မကောင်းတာ အကျိုးပေးမယ်လို့ အဆင်သင့် စောင့်နေလျက်သားနဲ့ ကိုယ့်မှာ မသိပျော်- ပျော်နေတဲ့ အဓိပ္ပါယ် မရဘူးလား.... (ရပါတယ်ဘုရား)။

အင်း.... ဟင်.... နက်ဖြန် ၁၂-နာရီ ၅-မိနစ်မှာ အကျိုးပေးမယ်ဆိုတဲ့ဥစ္စာ ဒီလူက ၁၂-နာရီ ၅-မိနစ်မရောက်ခင် ပျော်နေလို့ရှိယင် ရှုးလို့ပျော်တာ ဖြစ်ပါလိမ့်မယ်.... (မှန်ပါ့ဘုရား) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

၁၂-နာရီအတွင်းမှာ ပျော်နေနိုင်သေးတယ်ဆိုယင် ဦးခင်မောင်ရေ.... ဘာကြောင့်ပျော်ပါသလဲ.... (ရူးလို့ပျော်တာပါ) ဒီလူက သေချာပြီးသား မဟုတ်လား.... (မှန်ပါ့)။

ဒီမှာလဲ ဝမ်းထဲမှာ ငယ်ငယ်တုန်းက မိုက်ထားတဲ့အကုသိုလ်ကိုလေသာတွေက အင်း.... ဟင်....ထမင်းစားတယ်ဆိုယင် တဏှာဥပါဒါန် ကံ မျက်လုံးက ကြည့်လိုက်လို့ ဓာတ်ရှင် သွားကြည့်လိုက်တယ် ဆိုလို့ ရှိယင်ဖြင့် မျက်လုံးကမြင်မယ် မဟုတ်လားဗျာ (မှန်ပါ့)မြင်တယ်ဆိုယင်မနှစ်သက်ဘူးလား (နှစ်သက်ပါတယ်) နှစ်သက်တယ်ဆိုယင် ဒီဇာတ်ထုပ် စဲ့လမ်းမနေဘူးလား....(စဲ့လမ်းပါတယ်ဘုရား)စဲ့လမ်းလို့ ရှိယင်ဖြင့် ဒီကုလားထိုင် တက်ကြည့်၊ ဟိုကုလားထိုင်တက်ကြည့်၊ ဒီအတန်းတက်ကြည့်ဟိုအတန်းတက်ကြည့်လိုက်ဆိုတဲ့ ကာယကံ ဝစီကံတွေကကော....(လာပါတယ်ဘုရား)။

ဒါတွေက နည်းသလားဗျာ....(မနည်းပါဘူးဘုရား) အဲဒါတွေက တကာတကာမတို့ ဒီအထဲမှာ လွတ်တဲ့ပုဂ္ဂိုလ်က ရှာမှရှားနေလိမ့်မယ်.... (ရှားပါတယ်ဘုရား)။

အဲဒါတွေက ဒီ ကံ တွေက ဘယ်အကျိုး ပေးမှာတုံးလို့ တခါ မေးပြန်တော့ အပါယ်လေးပါးဘဲ.... (မှန်ပါ့ဘုရား) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) ဒီက-နေပြီး တည်ဆောက်တဲ့ အပါယ်လေးပါးဆိုတာ ယုံပလား....(ယုံပါပြီ)။

ဒါဖြင့် ဒီကနေ ငြိမ်းကျပါစို့၊ တကာတကာမတို့၊ ကြွေးမရှိတဲ့ပုဂ္ဂိုလ်တွေလား.... ကြွေးရှိတဲ့ ပုဂ္ဂိုလ်တွေလား.... (ကြွေးရှိတဲ့ ပုဂ္ဂိုလ်တွေပါဘုရား)။

ဟာ.... ကြွေးရှိတဲ့ ပုဂ္ဂိုလ်တွေ ဒီက-နေ မင်္ဂနဲ့မှ မဖြတ်ဘူး ဆိုလို့ ရှိယင် ခင်ဗျားတို့ ကြွေးရှိသလောက်ခံရမယ်ဆိုလို့ ရှိယင်လဲ လွှတ်ရေး – ကျွတ်ရေး မြင်သေးရဲ့လား.... (မမြင်ပါဘူး ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ သေသေချာချာဘဲ ခင်ဗျားတို့ ပျော်တာ မကြည်ညိုလို့ မဟုတ်ပါဘူး၊ ချမ်းသာတာတွေကို မစွဲဆရ ရှိလို့ မဟုတ်ပါဘူး၊ မသိပျော်- ပျော်နေမှာစိုးလို့ ဒီစကားပြောရပါတယ်.... (မှန်လှပါဘုရား) ဘယ်နှယ်ကြောင့် ဒီတရား ဟောပါလိမ့်.... (မသိပျော်- ပျော်နေမှာစိုးလို့ပါ)။

မသိပျော် ပျော်နေမှာစိုးလို့ ခင်ဗျားတို့ကတော့ ပြောလိုက်တဲ့စကားကတော့ ဟုန်နေတာဘဲ၊ မကင်းဘာကလေးကရှိသေးတယ်ဘုရား မကောင်းတာ ကလေးက ရှိသေးတယ်ဘုရား။ ဒါဘဲ ဆင်ခြေလဲနေတာဘဲ၊ တကာတကာမတွေ့ လဲတဲ့ဆင်ခြေဒါဘဲ မဟုတ်လား....(မှန်ပါဘုရား)။

မကင်း တရားကလေးက ရှိသေးတယ်။ မြေးကလေးဖြစ်စေသားကလေးဖြစ်စေ၊ မကင်းတရားကလေးက ရှိနေတော့ တပည့်တော် သူတော်ကောင်း အလုပ်-လုပ်မယ်လို့ ရည်ရွယ် ချက်ကရှိပြီးသား မကင်းတရားကလေး ဟာ.... လူလား မမြောက်တာကလေး ဟဲ့ရှုပ်လို့ သူတို့ဟာ....(မှန်ပါဘုရား)။

သူကသာ လူလား မမြောက်တာ အပါယ်အိုးတွေ့ ငရဲအိုးတွေက ဆူလှပြီ (မှန်ပါ့)သူက လူလားမမြောက်ဘူး ပြောတုန်းရှိသေးတယ်....(မှန်ပါ့)။

ဦးခင်မောင် ဘယ်နှယ် ဖြစ်နေတာတုံး၊ အို.... ထုတ်မိထုတ်ရာ ထုတ်နေတဲ့ ပါးစပ်ပါဘဲဆိုရင်ကော လွဲပါ့မလား....(မလွဲပါ့

ဘူးဘုရား) ကဲ....သဧဘောပါကြပလား....(ပါ-ပါပြီ)။ ကိုင်း.... ဒါဖြင့် တကာ တကာမတို့ မဂ္ဂဗြဟ္မစရိယာ အကျင့်မှ တပါး ဘုရားဟော ပါဠိတော်ကဖြင့် ကယ်မည့်သူ ယူမည့်သူများ ရှိသေးသလား.....(မရှိပါဘူးဘုရား)။

ဒါဖြင့် ဘာလုပ်ကြရမယ်....(မဂ္ဂဗြဟ္မစရိယာ အကျင့်-ကျင့်ရပါမယ်ဘုရား)မဂ္ဂဗြဟ္မစရိယာ အကျင့်-ကျင့်ရတော့မယ် တကာ တကာမတို့ မင်္ဂလာဖြစ်ရမယ်၊ ဗြဟ္မစရိယ မြတ်တဲ့ အကျင့်လဲ ဖြစ်ရမယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါဖြင့် မဂ္ဂဗြဟ္မစရိယာ အကျင့်ဆိုတာ တကာ တကာမတို့ တခြားကို စိတ်ကူးမနေပါနဲ့၊ တခြားကို ဘာမှစိတ်ကူးမနေနဲ့၊ဒီ အဝိဇ္ဇာ သင်္ခါရကြောင့်ဖြစ်တဲ့ ခန္ဓာငါးပါး မရှိဘူးလား....(ရှိပါတယ်ဘုရား)။ ဒီခန္ဓာငါးပါးဟာ တကာ တကာမတို့ မဂ္ဂဗြဟ္မစရိယာ အကျင့်-ကျင့်ဘို့ရာ နေရာဌာန တခုဘဲလို့ မှတ်ပါ (မှန်ပါ့) မဂ္ဂဗြဟ္မစရိယာ အကျင့်-ကျင့်ဘို့ရာ (နေရာဌာနတခုပါဘုရား)။

ကိုင်း-ဒါဖြင့် မဂ္ဂဗြဟ္မစရိယာအကျင့် ကျင့်ဘို့ရာ နေရာဌာန ဆိုတော့ ဒီခန္ဓာငါးပါးကို တကာ တကာမတွေက မဂ္ဂဗြဟ္မစရိယာဖြစ်တဲ့ မဂ်င်နဲ့ ခင်ဗျားတို့ ကြည့်ရလိမ့်မယ်။ မဂ်င်ငါးပါးနဲ့ ဒီခန္ဓာ ကြည့်ရလိမ့်မယ်နော်....(မှန်ပါ့) မဂ်င်ငါးပါးနဲ့ ရ,ထားတဲ့ ခန္ဓာကြီး ကြည့်ရလိမ့်မယ်နော်....(မှန်ပါ့ဘုရား)။

မဂ်င်ငါးပါးနဲ့ ဘာကြည့်ရမယ်.... (ရ,ထားတဲ့ ခန္ဓာကြီး ကြည့်ရပါမယ်)အဲ....ရ,ထားတဲ့ ခန္ဓာကြီးကို ဘုရားပေးတဲ့မျက်လုံးနဲ့ ဆရာပေးတဲ့မျက်လုံးနဲ့ ခင်ဗျားတို့ ထိုးထိုး ထွင်းထွင်း ကြည့်ပေးပါ....(မှန်ပါ့ဘုရား)။

ထိုးထိုးထွင်းထွင်း ကြည့်ပေးယင်လဲ အကြည့်မှန်ယင် မဂ္ဂ ဖြဟ္မစရိယာ ဖြစ်ပါတယ်.... (မှန်ပါ့ဘုရား) အကြည့်မှန်ယင်.... (မဂ္ဂဖြဟ္မစရိယာ ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ အရေးကြီးတာကလဲ ဘုရားသခင် တဆူ ပေါ်မှ ဒီမျက်မှန် တခါတခါ ရကြတာ ဖြစ်နေတော့ ခင်ဗျားတို့ သေသေချာချာ ကြည့်ပါဆိုတဲ့ ဥစ္စာကိုလဲ တိုက်တွန်း ရပြန်တယ် (မှန်ပါ့ဘုရား) မလွယ်ဘူးနော်....(မလွယ်ပါဘူး)။

ခင်ဗျားတို့ အခုဖြစ်နေတဲ့ အခြေအနေက ခန္ဓာကိုယ်ကြီးက အနိစ္စခန္ဓာကိုယ်ဆိုတာ ပါးစပ်ပြော ဟုတ်ပါရဲ့၊ အမြင်တော့ မမြင်ဘူး....(မှန်လှပါဘုရား) သဘောကျပြီလား....(ကျပါပြီ)။

ခန္ဓာကိုယ်ကြီးက အနိစ္စ ခန္ဓာကိုယ်ကြီးတွေက္ခ....။ လူတိုင်း ပြောကြပါတယ် (မှန်ပါ့) ဒုက္ခခန္ဓာ ကိုယ်ကြီးက္ခကော.... (ပြောပါတယ်ဘုရား) အနတ္တ ခန္ဓာကိုယ်ကြီးက္ခ လို့ကော.... (ပြောပါတယ်)ဘုရား။

လူတိုင်းတော့ ပြောပါကလား....။အင်း.... ပြောသံကြားနဲ့ ပြောတာလား....၊ ကိုယ့်အမြင်နဲ့ပြောတာလား....(ပြောသံကြားနဲ့ ပြောတာပါဘုရား)။

သြော်....ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲတဲ့၊ ပြောသံကြားနဲ့ ပြောတာသည် တဆင့်ကြားနဲ့ ပြောတာသည် နိဗ္ဗာန်မရောက်ဘူးက္ခတဲ့....(မှန်ပါ့ဘုရား)ဘယ်နှယ်တဲ့....(တဆင့်ကြားနဲ့ ပြောတာ နိဗ္ဗာန်မရောက်ပါဘူး)။

နို့-ဘာမှ ရောက်မှာတုံး ဆိုခဲတာ့ ကိုယ်တိုင်မြင်မှ ရောက်မယ်.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)

တဆင့်ကြားနဲ့ သိနေတာက (နိဗ္ဗာန်မရောက်ပါဘူး) ကိုယ်တိုင်မြင်ယင်....(နိဗ္ဗာန်ရောက်ပါတယ်)။

အဲ....ဒါဖြင့် ကိုယ်တိုင်မြင်အောင် ကြိုးစားလိုက်လို့ ရှိယင်ဖြင့် ကိစ္စပြီးပါတယ် ဆိုတာကော ရှင်းလင်း မသွားသေးဘူးလား....(သွားပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် မိဘပေးတဲ့ မျက်လုံး အသာထားပြီးသကာလ ဘုရားပေးတဲ့မျက်လုံး ဆရာပေးတဲ့ မျက်လုံးကို တပ်ကြည့် ရမယ် (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

မိဘပေးတဲ့ မျက်လုံး ပြောသံကြား မျက်လုံးတွေ ဘာလုပ်ရမယ်....(ဖယ်ထားရပါမယ်ဘုရား) သေသေချာချာ ဖယ်ထားဆိုတာကော သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဘုရားပေးတဲ့မျက်လုံး ဆရာပေးတဲ့မျက်လုံး (တပ်ရပါမယ်) အဲ....တပ်ကြည့်ရလိမ့်မယ် ဆိုတော့ အဲဒီကျမှ စက္ခုံ ဥဒပါဒိ ဖြစ်မှာကိုး....(မှန်ပါ့)။

စက္ခုံ=ပညာမျက်လုံးသည်၊ ဥဒပါဒိ=ဖြစ်လာ၏။ အရှင်ကောဏ္ဍည ချီးမွမ်းတာဟာ နဂိုရ်တုန်းက မိဘမျက်လုံး ချီးမွမ်းတာလား—အခုမှ မျက်လုံး ရတယ်လို့ ပြောတာ လား....(အခုမှမျက်လုံးရတယ်လို့ ပြောတာပါ)။

ဩော်....အခုမှ မျက်လုံးရတယ်လို့ ပြောတော့ မောင်ကိုရေ ဒီမျက်လုံးမှ မျက်လုံးစစ်ပါကလား.... (မှန်ပါ့ဘုရား) ဘယ်လို ဆိုကြပါ့မယ်....(ဒီမျက်လုံးမှ မျက်လုံးအစစ်ပါဘုရား)။

စက္ခုံ ဥဒပါဒိဆိုတော့မှ စက္ခုံဆိုတာလဲ ဘာတုံးလို့ မေးတဲ့အခါကျတော့မှ မသိမှာစိုးလို့ ဉာဏ်ဥဒပါဒိ ဉာဏ်မျက်စိ ကွတဲ့....(မှန်ပါ့) တကာ တကာမတွေ ဘာလဲ....(ဉာဏ်မျက်စိ ပါဘုရား)။

ကိုင်း....ဒါဖြင့် ယနေ့ တကာတကာမတွေ ဉာဏ်မျက်စိ တပ်ပြီး ဒီခန္ဓာတော့ ကြည့်ရတော့မယ်....(မှန်ပါ့ဘုရား)ဘာကြည့်ရမယ်.... (ဉာဏ်မျက်စိ တပ်ပြီး ဒီခန္ဓာ ကြည့်ရပါမယ်ဘုရား)။

အဲဒီကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အညာသိ ကောဏ္ဍညော= ကောဏ္ဍညော=ကောဏ္ဍညသည်၊ အညာသိ= သစ္စာတရား သိသွားပြီကွ၊ ပကတိ မျက်လုံး မဟုတ်တော့ဘူး၊ ပညာမျက်လုံးနဲ့ ခန္ဓာသိသွားပြီကွ၊ ခန္ဓာအဆုံး နိဗ္ဗာန်ကိုလဲ သိသွားပြီကွ၊ မပြောဘူးလား.... (ပြောပါတယ်)။

အဲဒီတော့ တကာ တကာမတို့ ဒီခန္ဓာကြီး ဘာမျက်လုံးနဲ့ ကြည့်ရမယ်.... (ဉာဏ်မျက်လုံးနဲ့ ပါဘုရား) ဉာဏ်မျက်လုံးနဲ့ ကြည့်ရမယ်ဆိုတာ သဘောပါပလား.... (ပါ-ပါပြီ)။

ဩော်.... ဒါဖြင့် ဉာဏ်မျက်လုံးနဲ့ မကြည့်တာကတော့ အင်း.... ချောလိုက်တာ လှလိုက်တာ ဝ-လိုက်တာ၊ အင်း....အခု ဘဲ တမျိုး တဖုံဘဲ ကြည့်ကောင်းပြန်တယ်၊ အခု နည်းနည်း ကျသွားတယ်၊ ဒါက တကာ တကာမတို့ ဉာဏ်မျက်လုံးမဟုတ် ဘူး နော်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဉာဏ်မျက်လုံးကတော့ ဘာပါလိမ့်မတုံးဆိုတဲ့ အခါကျလို့ ရှိယင်— ဒီအထဲမှာ ဘာမှမရှိဘူး၊ အနိစ္စနဲ့ ဒုက္ခသစ္ဘာဘဲ ရှိတယ် လို့ မြင်တာမှ ဉာဏ်မျက်လုံး.... (မှန်ပါ့ဘုရား) အနိစ္စနဲ့ ဒုက္ခ

သစ္စာဘဲ ရှိတယ်လို့ သိပါမှ ဘာမျက်လုံးပါလိမ့်.... (ဉာဏ်မျက်လုံးပါဘုရား)။

အဲဒီတော့ အနိစ္စနဲ့ ဒုက္ခသစ္စာကို သိပါမှ သစ္စာမြင်မှ ဒီကာ ဉာဏ်မျက်လုံး ဖြစ်မယ် (မှန်ပါဘုရား) နောက်ကျတော့ တကာတကာမတို့ သစ္စာမြင်မှဟာ အင်မတန် အရေးကြီးတော့တယ် ဆိုတာလဲ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)။

ဒါ မြင်လို့ ရှိယင် တခါတည်း မြင်လိုက်ပါ၊ တခါတည်း မဂ္ဂင်ရှစ်ပါး ဖြစ်ပြီးသကာလ ခင်ဗျားတို့ လုပ်ထားတဲ့ အကုသိုလ်တွေ အကုန် အကြွေးဆပ်တယ် (မှန်ပါ့) အကုသိုလ်တွေ အကုန်ပြောင်ရော....(မှန်ပါ့)။

အပါယ်လေးပါးသွားမည့် အကုသိုလ်တွေ ဘယ်နှယ်ဆိုကြမလဲ.... (ပြောင်သွားပါတယ်ဘုရား) အနှုဖြစ်ဘို့ ဝဋ်ဖြစ်ဘို့ ကံတွေကော.... (ပြောင်ပါတယ်ဘုရား)။

အကုန် ပြောင်ရပါတယ်ဆိုတော့ သြော်....ဉာဏ်မျက်လုံးဟာ ကယ်မည့် မျက်လုံးပါကလား.... (မှန်ပါဘုရား) ဘယ်နှယ်ဆိုကြမယ်.... (ဉာဏ်မျက်လုံးဟာ ကယ်မည့်မျက်လုံးပါဘုရား)။

ဒါဖြင့် ဒီ ဉာဏ်မျက်လုံးကို ဘုရားက မပေး ဘုန်းကြီးတို့က မပေးလို့ ရှိယင် ခင်ဗျားတို့ဖြင့် ကယ်မည့် ယုမည့်သူ ကင်းမဲ့နေတော့တယ်ဆိုယင် လဲပါ့မလား.... (မလဲပါဘူးဘုရား)။

ဒါဖြင့် ဒီ ဉာဏ်မျက်လုံးကို အရေးတကြီးဟောဘို့ မလိုဘူးလား.... (လိုပါတယ်ဘုရား)ခင်ဗျားတို့က အရေးတကြီး လုပ်ဘို့ကော.... (လိုပါတယ်ဘုရား)။

လိုလို့ရှိယင်ဖြင့် တကာ တကာမတို့ ဘုန်းကြီးကလဲ အရေးတကြီး ပြောပါ့မယ်၊ တကာ တကာမတွေကလဲ ကြွေးပလပ္ပနဲ့ နေတဲ့ တကာ တကာမတွေ ခန္ဓာနဲ့ အပါယ်ငရဲချရမှာ ဖြစ်နေတော့ မချလိုလို့ရှိယင်ဖြင့် ဒီ ဉာဏ်မျက်လုံးကိုဖြင့် ကိုယ်တိုင်ဘဲ လုပ်ယူပါတော့မယ်ဆိုတာ ခင်ဗျားတို့က သတိထား....(မှန်ပါ့) ထားနိုင်ပါ့မလား.... (ထားနိုင်ပါတယ်ဘုရား)။

ဘုန်းကြီးကလဲ မရ-ရအောင် ပေးလိမ့်မယ်ဆိုတဲ့ စေတနာရှိပြီးသား ဆိုတာလဲ ခင်ဗျားတို့ အထူးပြောဘို့ မလိုပါဘူး.... (မလိုပါဘူးဘုရား) သဘောကျပလား.... (ကျပါပြီ)။

အဲဒါ နက်ဖြန်ကျမှ ပေးမယ်၊ ဒီနေ့တော့ နာရီစေ့ပြီတော်ကြဦးစို့။

သာဓု....သာဓု....သာဓုံ။

ကျေးဇူးတော်ရှင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့
ဦးချစ်ဆွေ စမ္မာရုံ၌ ဟောကြားတော်မူသော

လူမိုက်နဲ့ ပညာရှိနဲ့ပုံတရားတော်

(၂၀-၂-၆၁)

တကာ တကာမတို့.... မိမိတို့ ခန္ဓာကိုယ်ကြီး မနေ့က ပြောထားတယ်၊ မိမိတို့ ခန္ဓာကိုယ်ကြီး အမြဲတမ်း သုံးလာနေတဲ့ အလုပ်က သေရွာသုံးတယ် ဆိုတဲ့ဥစ္စာ ငြင်းစရာ ရှိကြသေးသလား.... (မရှိပါဘူးဘုရား)။

မိမိတို့၏ ခန္ဓာကိုယ်ကြီးသည် ဘယ်ကို အမြဲတမ်း သုံးပါလိမ့်မလဲ.... (သေရွာကို သုံးပါတယ်ဘုရား)။

တားလို့ - ဆီးလို့ - ကန့်လို့ - ကွက်လို့ ရကြပါရဲ့လား.... (မရပါဘူးဘုရား) မရဘူးဆိုတာ အထူးသဖြင့် သေချာပြီးသကာလ နေတော့တယ် (မှန်ပါ့)။

ဒါ့ကြောင့် ဒီ ခန္ဓာကြီးဟာ ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟာ ဒီအလုပ်လမ်းဆုံးတယ်ဆိုတဲ့ ဥစ္စာက ဘာမှ အထူးတလည် စဉ်းစားစရာမလိုပါဘူး (မလိုပါဘူး)မလိုပါဘူး၊ခန္ဓာရတဲ့ ပုဂ္ဂိုလ်၏ အလုပ်ဟာ အသေသုံးတဲ့ အလုပ်ဘဲ (မှန်ပါ့)။

ဒါဖြင့် ဘယ်ခန္ဓာ ဆုတောင်း-ဆုတောင်း တကာ တကာမတွေ သိတဲ့အတိုင်း သြော်....အသေဆုတောင်းတာပါကလား....

(မှန်ပါ့) ဘယ်ခန္ဓာ ဆုတောင်း—ဆုတောင်း ဘယ်နှယ်ဆိုကြပါ့မယ်.... (အသေ ဆုတောင်းပါတယ်ဘုရား)။

ဩော်.... ဘုန်းကြီးတို့ တကာ တကာမတွေ့ အဖြစ်ကလေးသာ မြင်ပြီးသကာလ အပျက်ကို မမြင်တဲ့အတွက် ဆုတောင်းမှားကြီးတွေနဲ့ နေကြတာသည် ဘယ်နှယ်ကြောင့် ပါလိမ့်မလဲလို့ မေးတော့ အစ-ဇာတိ ဒုက္ခသစ္စာလဲ မသိခဲ့ဘူး၊ အဆုံးမရဏ ဒုက္ခသစ္စာကိုလဲ မသိခဲ့ဘူး။

ဩော်.... သစ္စာမသိတာကြောင့် တကာ တကာမတွေ့ အိုရာကို ပြေးလိုက်၊ ပြေးရာမှ- သေလိုက်၊ သေပြီးတခါ ထပ်ပြေးလိုက်ဆိုတော့ ကျုပ်တို့ အလုပ်ဟာ ဒါ အမြဲတမ်းအလုပ်ဖြစ်နေပါကလား.... (မှန်ပါ့ဘုရား) သဘောပါကြရဲ့လား.... (ပါ-ပါတယ်ဘုရား)။

တကာ တကာမတွေ့ အလုပ်သည် ဘာများ လုပ်သတုံး.... (သရော်သွားတဲ့ အလုပ်ပါ)သရော်သွားတဲ့အလုပ်၊ နို့ သေပြီးပြန်တော့လဲ သရော်တခါထပ်ပြီး ပြေးမှ ပြေးရသေးရဲ့လား.... (ပြေးရပါမယ်ဘုရား)။

ထပ်ပြေးရတယ်ဆိုတော့ ဘုန်းကြီးတို့ တကာ တကာမတွေ့ ဘယ်နှယ်ကြောင့် ဒီအလုပ်ကြီး ထပ်ပြန်တလဲလဲ လုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ပြေးတတ်တဲ့ ဇာတိ ဒုက္ခသစ္စာကိုလဲမသိ၊ သေရင်ဘာနရောက်ရတဲ့ မရဏမှု ဒုက္ခသစ္စာကိုလဲ မသိသောကြောင့် ဩော်....ဒီသစ္စာနှစ်ခုကို အမှန်အကန် အာဒီနဝဖြင့် မသိကြတဲ့အတွက် ဘုန်းကြီးတို့ တကာ တကာမတွေ့ သရော်ပြေးတဲ့ အလုပ်ကိုဘဲ ထပ်ပြန်တလဲလဲ လုပ်တယ်ဆိုတော့ ရှုးကို ရှုးလွန်းလှတယ်လို့ စဲချက် တင်ချင်တယ်....

(မှန် ပါ့) မ တင် ထိုက် ကြ ဘူး လား.... (တင် ထိုက် ပါ တယ် ဘုရား)။

အားလုံး တကာ တကာမတွေ စဉ်းစားပါ၊ ဒီနေ့ သေရွာ သွားတဲ့အလုပ်ဟာ အားကျစ်ရာ အလုပ်လား-နောက်ဆုတ်စရာ အလုပ်လားဆိုတာ စဉ်းစားဘို့ ကောင်းတယ်.... (နောက်ဆုတ် စရာအလုပ်ပါဘုရား)။

သို့သော်လဲ မဆုတ်တတ်ကြဘူး၊သေရွာသွားတဲ့ အလုပ်သည် ကားလို့ ဆိုလို့ရှိယင်ဖြင့် လမ်းခွဲမှ ရှိသေးတယ်လို့ တွေ့ဘူး ကြရဲ့လားလို့ မေးတဲ့အခါကျလို့ရှိယင် လမ်းခွဲလဲ မရှာတတ် တဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ အသေသွားလိုက်၊ သေပြီး ထပြေး လိုက်-သေလိုက်၊ ဒီဘဲ လမ်းဆုံးနေတယ်....(မှန်လှပါဘုရား)။

ဒါဖြင့် တကာတကာမတွေ သံသရာထဲ တပည့်တော်တို့ဘုရား အမှန်ဖြစ်ပျက်တာ ပြောစမ်းပါဦးလို့ ဘုရားကိုဘဲ ခင်ဗျားတို့ လျှောက်လျှောက်၊ ဆရာဘုန်းကြီးကိုဘဲ မေးမေး၊ သြော်....မင်း တို့သည်ကား သေရာဌာန အရောက်ပြေးတာ မင်းတို့ အလုပ်၊ သေတဲ့အလုပ်ဟာလဲ မင်းတို့အလုပ်၊ ထပြေးတဲ့အလုပ်ဟာကော- (တပည့်တော်တို့အလုပ်ပါ) မင်းတို့အလုပ်၊ အဖန်ဖန် သေရတဲ့ အလုပ်ကော....(တပည့်တော်တို့အလုပ်)။

အဲဒါ ဘာမသိလို့ ဒီလောက်တောင် ဒီအလုပ်ကို တွင်တွင် ကျယ်ကျယ်ကြီး လုပ်နိုင်ပါလိမ့်မလဲလို့ မေးတော့မှ သစ္စာမသိ လို့....(မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ဘာမသိလို့ပါလိမ့်....(သစ္စာ မသိလို့ပါဘုရား) ဇာတိပိ ဘာတဲ့ (ဒုက္ခသစ္စာပါဘုရား)မရဏမ္ပိ.... (ဒုက္ခသစ္စံပါဘုရား)။

သြော်....တကာ တကာမတွေ ဒီ သစ္စာနှစ်ခု မသိလိုက်တဲ့ ဖြစ်ထွေလောက် အရုပ်ဆိုး အကျည်းတန်တဲ့ အလုပ်ကြီးကို စခန်းသွားနေရတာဖြင့် ပြောစရာ ဆိုစရာ မရှိလောက်အောင်ဘဲ မိုက်လွန်းလှတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးလဲ ရောက်ပါတယ်-(ရောက်ပါတယ်ဘုရား)။

လမ်းခွဲမရှာတဲ့ အဖြစ်ကလဲ လမ်းပြတာလဲ ခင်ဗျားတို့က လမ်းပြပေးမဲ့သူ လာပြန်တော့လဲ ဘယ်ချောင်ကပ်နေလို့ ဘယ်လိုနေကြတယ်မသိဘူး၊ လမ်းပြ တွေ့ပြန်တော့လဲ မလိုက်ချင်တဲ့ စိတ်ကလေးတွေကလဲ များနေပြန်တော့ ဦးခင်မောင်ရေ....အခက်ကြီးကြုံတော့တာဘဲ....(မှန်လှပါဘုရား)။

ဒါကြောင့် ယခုလို သာသနာတွင်း ဆရာသမားတွေ အမျိုးမျိုးအဖုံဖုံ နည်းလမ်းပြပြီးသကာလ နေတဲ့အချိန်မှာ သွေ့ခြာသွားတဲ့အလုပ်ဖြင့် ပျင်းလောက်စရာကောင်းပါပြီ၊ မုန်းလောက်စရာကောင်းပါပြီ၊ ရွံလောက်စရာကောင်းပါပြီ သေပြီး-ပြီးကြရဲလားဆိုတော့ ဒီနေရာဘဲ မရောက်-ရောက်အောင် ပဋိသန္ဓေနေပြီး ထပ်ပြေးရတယ်....(မှန်ပါဘုရား)။

တကာ တကာမတို့ ပဋိသန္ဓေနေပြီးပြန်လဲ ဘာလုပ်ပြန်လဲ-(ထပြေးရပါတယ်) ထပြေးပြီး ဘာ လုပ်ပြန်လဲ.... (သေရပါတယ်)သေရကနေပြီးသကာလ ဘာလုပ်ပြန်လဲ....(ထပြေးရပါတယ်)ထပြေးပြီး ဘာ လုပ်ရပြန်လဲ....(သေရပါတယ်)။

သြော်....ဒါကို ကျုပ်တို့ ရိုးရာများ မှတ်နေယင် ခက်သေး(မှန်ပါဘုရား) ရိုးရာ မဟုတ်ဘူးလို့ သေသေချာချာ မောင်ကိုတို့.... မှတ်ရလိမ့်မယ်.... (မှန်လှပါဘုရား) ဘယ်လို မှတ်ကြမယ်....(ရိုးရာမဟုတ်ပါဘုရား)။

ရိုးရာ မဟုတ်တဲ့အကြောင်းကိုလဲ ဂင်္ဂါဝါဋ္ဌသဲစုံမက ပဋ္ဌင်တော်မူကြတဲ့ မြတ်စွာဘုရားတွေဟာ သြော်....သူတို့ဖြင့် လမ်းခဲတွေသွားပြီဆိုတာ ခင်ဗျားတို့ သိကြပါလိမ့်မယ်.... (မှန်ပါ ဘုရား) သိုယင် မသွားကြသေးဘူးလား.... (သွားကြပါပြီ ဘုရား)။

အဲ.... အဲဒီ.အဖြစ်ကို ကျုပ်တို့သည်ကားလို့.ဆိုယင် ယခု သာသနာတွင်းတရားနဲ့. သာသနာတွင်းနားနဲ့ ထောင်လိုက်ပြီး သကာလ ကိုင်း....ဆရာပြောတဲ့.အလုပ်ကို စိုက်သွင်းပြီးသကာလ မသေရာ မဖေသတဲ့အလုပ်ကိုသာလျှင် ကြိုးစားပါတော့မယ်ဆိုတဲ့စိတ်ဟာ ယနေ့က စ-ပြီး ပြောင်းစေချင်တယ်ဆိုတာကိုဖြင့် ဘုန်းကြီးတို့က မေတ္တာရှေ.ထားပြီး အကြီးအကျယ်ပြောပါတယ်ဆိုတာ ဦးခင်မောင် သဘောပါပလား....(ပါ-ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒီသေရာသွားတဲ့ အလုပ်သည်ကားလို့. ဆိုလို့.ရှိယင်ဖြင့် အလွန်အရုပ်ဆိုး အလွန်အကျည်းတန်တဲ့ အလုပ်မျိုးဆိုတာလဲ ဦးခင်မောင်....ဘာပြောဘို့ လိုသေးသတုံး....(မလိုပါဘူးဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ယခု တကာ တကာမတွေ ဘာများ စိုးရိမ်နေကြသေးသတုံး.... ဆန်ကလေးလဲ အရံသင့် စားကြ၊ ဆီကလေးလဲ အရံသင့်စားကြ၊ သေသွားမှာစိုးလို့....(မှန်ပါ) ဘယ်နှယ်ကြောင့် ကျန်းမာရေး လိုက်စားသတုံး....သေသွားမှာစိုးလို့....(မှန်ပါ)။

နို့.... မသေတော့ဘူးလားဆိုတော့ သူ့ခန္ဓာထဲ ကျန်းမာရေး လိုက်စားရင်းဘဲ သေတဲ့ဆီ ပြေးနေတာဘဲ.... (မှန်ပါ့) ကျန်းမာရေး လိုက်စားရင်းဘဲ.... (သေတဲ့ဆီ ပြေးနေပါတယ်ဘုရား)။

သေတဲ့ဆီ ပြေးတဲ့အလုပ်ဟာ သူ့ဝတ္တရားဗျ.....(မှန်ပါ့ဘုရား) ကျုပ်တို့ လမ်းခဲရှာဘို့ရာက ဉာဏ်၏ဝတ္တရားဗျ .... (မှန်ပါ့)။

ဒါဖြင့် ခန္ဓာ၏ဝတ္တရားနဲ့ ဉာဏ်၏ဝတ္တရားကို ခဲခြားပြီးသကာလ ယနေ့ ယူကြဦးစို့နော်....(မှန်လှပါဘုရား)။

ခန္ဓာ၏ဝတ္တရားက သေရွာသွားတဲ့အလုပ်၊ ဉာဏ်၏ဝတ္တရားက အသေရှောင်တဲ့အလုပ်....(မှန်ပါ့ဘုရား) ခန္ဓာ၏ဝတ္တရားက-(သေရွာသွားတဲ့အလုပ်ပါဘုရား) ဉာဏ်၏ဝတ္တရားက....(အသေရှောင်တဲ့အလုပ်ပါဘုရား)။

သေရာရှောင်တဲ့ အလုပ်ဆိုတာ တကာ တကာမတွေ သိပြီးသား ဖြစ်နေတဲ့အတွက် ဘုန်းကြီးများက သေရာရှောင်တဲ့အလုပ်ဘဲ နည်းပေးဘို့ အချိန်ရောက်လာပြီဆိုတာ ဦးခင်မောင်တို့.... မှတ်ရလိမ့်မယ်....(မှန်လှပါဘုရား)။

အဲဒီတော့ ရှေ့ပိုင်းမှာ ဇာဏုသောဏိ ပဏ္ဏားဆိုတာက စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ- တကာ တကာမတွေ ရှေ့ပိုင်းမှာ မဂ္ဂဗြဟ္မစရိယအကျင့် မဟောခင် ဇာဏုသောဏိ ပဏ္ဏားက ဘုရားမေးလို့ ဘုရားက ဖြေတဲ့အဖြေကလေး ဦးခင်မောင်တို့ တကာသစ်တို့....ရှေ့ပိုင်းက မှတ်ကြစမ်းပါဦး.....(မှန်ပါ့ဘုရား)။

ဇာဏုသောဏိပုဏ္ဏားက ဘုရားသခင် ကိုယ်တော်မြတ်ကြီး မေးလိုက်တယ်၊ တပည့်တော် ဒီလို အယူရှိတယ်ဘုရာ့၊ လူတွေဟာ သေရမည့် လမ်းခရီး ဆိုလို့ရှိယင်ဖြင့် မကြောက်တဲ့ပုဂ္ဂိုလ် မရှိဘူးလို့ တပည့်တော် စိတ်ထဲမှာ ဟွေးမိတာလဲ အမှန်ဘဲ။

တပည့်တော် အယူကတော့ သေမည့်လမ်းခရီးကို မကြောက်တဲ့ ပုဂ္ဂိုလ် မရှိဘူးလို့ တပည့်တော် ယူလေ့ရှိပါတယ်၊ ဒါအရှင်ဘုရားက ဘယ်လိုအမိန့်ရှိမယ်ဆိုတာ တပည့်တော်ကို သနားသောအားဖြင့် ချီးမြှောက်ပါ။

သူ့အလိုကဖြင့် ရိပ်မိကြပလား.... (မှန်ပါ့) သေရွာသွားတဲ့ ပုဂ္ဂိုလ် သေရတော့မယ်ဆို မကြောက်တဲ့သူ မရှိဘူး....တဲ့၊ သူ ဒီလို အယူရှိထားတယ် (မှန်ပါ့ဘုရား)။

သေတဲ့ကိစ္စနဲ့ကြုံယင် ဘယ်လိုတဲ့.... (မကြောက်တဲ့သူ မရှိပါဘူး)မကြောက်တဲ့ပုဂ္ဂိုလ် မရှိဘူးလို့ သူ့အယူ ရှိပါတယ်လို့ သူ ဒီလိုဘဲပြောတယ် (မှန်ပါ့)။

ဟ.... ပုဏ္ဏား ဒီလိုမယူနဲ့ကွ၊ သေရာသွားလို့ကြောက်တဲ့ ပုဂ္ဂိုလ်က တမျိုးကွ၊ မကြောက်တဲ့ ပုဂ္ဂိုလ်က တမျိုးကွာ....လို့ ဘုရားက နှစ်မျိုး ဟောလိုက်တယ်.... နော် (မှန်လှပါဘုရား) ဘယ်နှစ်မျိုးရှိပါလိမ့်....(နှစ်မျိုးရှိပါတယ်ဘုရား) နှစ်မျိုးရှိတယ် ဆိုတာ သေချာကြပလား.... (သေချာပါပြီ)။

သေခါနီး ကြောက်တဲ့ ပုဂ္ဂိုလ်ကော.... (ရှိပါတယ်ဘုရား) ဩော်.... သေခါနီး မကြောက်တဲ့ပုဂ္ဂိုလ်.... (ရှိပါတယ်ဘုရား)။

အင်း.... ဒါဖြင့် ဘုန်းကြီးတို့ဆီမှာ တရားနာလာကြတဲ့ ဘုန်းကြီးများ၏ တပည့်သားမြေးတွေဟာ ဩော်.... ဒို့သည် ကားလို့ဆိုယင် မကြောက်မရှုံ့ သေဘို့အလုပ်ဟာ ဒို့တာဝန်ပါ

ကလား.... (မှန်ပါ့ဘုရား) ကြောက်ရွံပြီး သေရလို့ ရှိယင်ဖြင့် ဒေါသဇောနဲ့ သေသောကြောင့် တိရစ္ဆာန်ဘုံတို့ ငရဲဘုံတို့ဘဲ ဦးခင်မောင် ရောက်ရလိမ့်မယ် (မှန်လှပါဘုရား)။

ဒါဖြင့် ကျုပ်တို့ သေရာတော့ ကြုံကြရတော့မယ် (မှန်ပါ့) ခန္ဓာကြီး သွားနေလို့.... မောင်ကိုတို့ ရပ်လို့ ဆဲလို့ ရရဲ့လား ဟေ့.... (မရပါဘူးဘုရား)။

အဲဒါ မရတဲ့အထဲမှာဘဲ ဘုန်းကြီးက ဒီနေရာ သင်ပေးဘို့ ရာက....ကွာ ဒီခန္ဓာတော့ဖြင့် မင်းတို့က ဝိပါကဝဋ်ဖြစ်နေလို့ မချုတ်တော့ သေရမှာဘဲ (မှန်ပါ့) ဝိပါကဝဋ်တော့ မတားနိုင်ဘဲကိုး.... (မှန်ပါ့) ဘုရားကော တားနိုင်ပါ့မလား....(မတားနိုင်ပါဘုရား)။

သို့သော် ဘုရားရှင်ဟောတော်မူခဲ့တဲ့အတိုင်း ဘုန်းကြီးတို့က ကူညီရမည့် ဝတ္တရားက ဘာရှိသလဲလို့ မေးတော့.... ကိုမြရွှေတို့ ဦးဇင်္ဂံရင်တို့ မကြောက်ဘို့နည်းကို ပေးဘို့ အရေးကြီးတယ် (မှန်လှပါဘုရား)။

တော့ရမှာတော့ဖြင့်.... (သချာပါတယ်ဘုရား) ဘာအလို ရှိပါလိမ့်.... (မကြောက်တဲ့နည်းပါဘုရား)။

မကြောက်တဲ့နည်း အရေးကြီးတယ်ဆိုတော့ ဘုရားကလဲ ဇာတ်သောက်ပုဏ္ဏားက မေးလို့ သခါနိုး ကြောက်တဲ့ပုဂ္ဂိုလ် မကြောက်တဲ့ပုဂ္ဂိုလ် နှစ်မျိုးရှိတယ်က္ခ....လို့ ဘုရားက ဟောခဲ့တယ်၊ ပုဏ္ဏားကတော့ ကြောက်တဲ့ပုဂ္ဂိုလ် တံယောက်တည်းဘဲ ဒီလို ယူလိုက်တယ်....နော်.... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ကျုပ်တို့တော့ ဒီလမ်းနဲ့ ဒီစခန်း မလဲသာ လှမ်းရတော့မယ်ဆိုတဲ့ ဥစ္စာကိုလဲ ကိုမြွေရှေတို့ ငြင်းဘို့ လိုလေးသလား....(မလိုပါဘူးဘုရား) အားလုံး တကာ တကာမတွေ ငြင်းဘို့ လိုသေးသလား.... (မလိုပါဘူးဘုရား)။

ဒီလမ်းဘဲ သွားနေကြတယ်ဆိုတော့ ကျုပ်တို့မှာ အခု ဆရာဘုန်းကြီး အကူအညီ ယူပြီးသကာလ ကိုယ့်.ကိုယ်တိုင် အလုပ်-လုပ်ရမှာကဖြင့် မကြောက်တဲ့ အလုပ်ဟာ အရေးအကြီးဆုံးဘဲ (မှန်လှပါဘုရား) ဘာ အရေးကြီးပါလိမ့်.... (မကြောက်တဲ့ အလုပ် အရေးကြီးပါတယ်)။

အဲ.... သေရာသွားရမှာတော့ဖြင့် အားလုံးဘဲ သွားနေကြ တာဘဲ၊ ရပ်လို့.ကို ဆီးလို့.ကို တန့်လို့.ကို မရဘူးဆိုတာ ကောန်သိ တကယ်သိ ဖြစ်ပြီးသကာလနေတော့ မကြောက်တဲ့ နည်းသည်ကားလို့ ဆိုလို့.ရှိယင်ဖြင့် ဦးခင်မောင် အကောင်းဆုံးနည်းဘဲ (မှန်လှပါ) ဘာပါလိမ့်.... (အကောင်းဆုံးနည်းပါဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့၊ ပဏ္ဏားမင်း-သေသေချာချာ မှတ်ကွ၊ သေရာသွားပြီး ကြောက်တတ်တဲ့ ပုဂ္ဂိုလ်ဟာ လေးမျိုးရှိတယ်ကွ.... ဆိုတော့ လေးပုံ-ပုံပြလိုက်တယ်၊ တကာ တကာမတို့ ဘယ်နှစ်မျိုးတဲ့တုံး.... (လေးမျိုးပါဘုရား)။

လေးမျိုးရှိတယ်....တဲ့၊ သေခါနီး ကြောက်တဲ့ ပုဂ္ဂိုလ်က လေးမျိုးရှိတယ်ကွ-ဆိုသဖြင့် မကြောက်တဲ့ပုဂ္ဂိုလ်ကလဲ ထို့အတူ ပေါ့ဗျာ၊ လေးမျိုးဘဲ ရှိရတော့မယ်ဆိုတာ တကာတကာမတွေ ရှင်းလို့ လင်းလို့ပေါ့လေ.... (မှန်ပါဘုရား)။

ကိုင်း.... ဒါဖြင့် သေခါနီး ကြောက်တဲ့ပုဂ္ဂိုလ်ဟာ ဘာတုံးလို့ မေးတဲ့အခါကျတော့မှ– ငါဘုရား သေသေချာချာ ဟာ မယ်၊ ဇာတုသောကိပုဏ္ဏား သေသေချာချာ နားထောင်ကွ.... ဆိုပြီးသကာလ ကြောက်တဲ့ပုဂ္ဂိုလ်က တကာတကာမတို့ သားနဲ့ သမီးနဲ့ ပစ္စည်းနဲ့ နေတဲ့ပုဂ္ဂိုလ်မျှားသည် သား သမီး ပစ္စည်း အပေါ်၌ အပ-ပစ္စည်းတွေပေါ့ဗျာ (မှန်ပါ့)အဲဒီလို ခင်မင်ပြီး နေတဲ့ ပုဂ္ဂိုလ်မျှားကျတော့ တရားကလဲ ဝိပဿနာအလုပ်က လုပ်မထားတော့ မောင်ကိုရေ ခက်လာတယ်နော်.... (မှန်ပါ့)။

တရားက ဝိပဿနာ အလုပ်-လုပ်မထားတော့ ဒီဟာတွေ အနိစ္စပါကလား၊ ဒုက္ခပါကလား၊ အနတ္တပါကလား၊ ဒုက္ခသစ္စာတွေပါကလား၊ ဝိပရိဏာမ လက္ခဏာတွေပါကလား....အစရှိသည်နဲ့ မလာတော့ သြော်.... ငါရှာထားတဲ့ပစ္စည်း ငါမွေးထားတဲ့ သားသမီးနဲ့ ငါဖြင့် ခွါရတော့မှာဘဲ ဆိုပြီးသကာလ သေခါနီးကျတော့ သားသမီးနဲ့ပစ္စည်း ခင်တွယ်တဲ့ပုဂ္ဂိုလ်မျှားလဲ ကြောက်ပြီး သေတာဘဲ (မှန်ပါ့ဘုရား)။

ဦးခင်မောင် ဘာတဲ့.... သားသမီးနဲ့ ပစ္စည်း ခင်တွယ်တဲ့ပုဂ္ဂိုလ်မျှား (ကြောက်ပြီး သေပါတယ်) ကြောက်သေတဲ့ပုဂ္ဂိုလ် တယောက်နော်....(မှန်ပါ့ဘုရား)ဒါ-တမျိုးလို့ တကာ တကာမတေ မတ်ထားပါ။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကဲ့ဝမတွေဟာ ခန္ဓာ နာမ်ရုပ် အလုပ်-လုပ်မထားလို့ ရှိယင် ကိုယ်ကျိုး နည်းရချည်ရဲ့ ဆိုတာ ပေါ်ကြပြီ (ပေါ်ပါပြီ) ဒီဟာတွေလဲ ခန္ဓာတွေဘဲ မဟုတ်လား (မှန်ပါ့)သားသမီးနဲ့ ပစ္စည်းဆိုတာတွေလဲ ခန္ဓာငါးပါးတွေဘဲ (မှန်ပါ့)။

ဒါတွေ ဝိပဿနာဉာဏ်နဲ့ ထိုးထိုးထွင်းထွင်းနဲ့ — ချော်.... ဒါတွေသည်ကားလို့ ဆိုလို့ရှိယင် အနိစ္စ၊ ကိုယ့်ခန္ဓာကိုယ်လဲ အနိစ္စ၊ အနိစ္စ-အနိစ္စချင်း မည်သည့်နည်းနှင့်မှ မကယ်နိုင် မယူနိုင်တဲ့သဘော အနိစ္စသဘောမို့ အနိစ္စပြောတာဘဲလို့ ဆိုလို့ ရှိယင်လဲ အရှင်းသား အလင်းသားပေါ့ဗျာ.... (မှန်လှုပါ)။

ခုတော့ ဒီလို မရှင်းမလင်းနိုင်ဘဲနဲ့ တရားထူး တရားမြတ်တွေ့ မနာဘူး၊ ကိုယ်ရှာထားတဲ့ သားသမီးနဲ့ ပစ္စည်းကို နောက်ဆုံး ပိတ် အခဲ့ကြီး ခဲ့ရတော့မယ်ဆိုတဲ့ အခါကျတော့ ဒီလမ်းကလဲ မလဲသာတဲ့လမ်းဖြစ်တော့ သူ့စိတ်ထဲမှာတဲ့ ဒါတွေ ခင်ဗျယ်မှ ကြောင့် ဦးခင်မောင်- ကြောက်လာတယ် (မှန်လှုပါဘုရား)။

ဒါဖြင့် သားသမီးနဲ့ ပစ္စည်း ခင်ဗျယ်တဲ့ ပုဂ္ဂိုလ်များဟာလဲ တကာတကာမတွေ့ သေခါနီး ဘာဖြစ်ပါလိမ့်.... (ကြောက်ပါတယ်ဘုရား)ဟော....၁-နံပါတ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် အလုပ်တရားဟာ အားလုံး တကာ တကာမတွေ အင်မတန် အရေးကြီးပေါ့ဆိုတာ မှတ်ရလိမ့်မယ်.... (မှန်ပါ့ဘုရား)။

အလုပ်တရားမှတပါး ကယ်မည့်ယူမည့်လူဖြင့် ရှာမှ-ရှားထဲက ဖြစ်နေပြီဆိုတာဖြင့် ဘာမှသံသယရှိဘို့ မလိုတော့ပါဘူး-(မလိုပါဘူးဘုရား) လိုသေးရဲ့လား....(မလိုပါဘူး)။

ကြပ်ကြပ်စည်းစားကြပါ၊ ဒါ ဘုရားက သေသေချာချာ ဟောလို့ဘုန်းကြီးက အင်မတန် ပြောနေရတယ် ဆိုတာကိုလဲ တကာ တကာမတွေ ဂရုစိုက်နားထောင်ပါ၊ တွေ့ရမည့်လမ်းကို ရှောက်ပြီးသကာလ တွေ့လိုက်လို့ရှိယင် တိရစ္ဆာန်နဲ့ငရဲ သွားကြရလိမ့်မယ်....(မှန်ပါ့)မသွားရပေဘူးလား....(သွားရမှာပါ)။

အဲဒီတော့ ကြောက်နေရင်းမတွန့် ဦးခင်မောင်ရေ.... ကမ္မ နိမိတ်တွေက ထင်လာတယ်(မှန်လှပါ)ငရဲမီးတွေ ငရဲမီးလျှံတွေ တောင်ကြီးတွေ ချောက်ကြီးတွေ ကြားကြီးတွေလဲ မောင်ကို ထင်လာတဲ့ယ်....(မှန်ပါ့ဘုရား)။

ထင်လာတဲ့အခါကျလို့ ရှိယင် ဒီ ကြောက်စိတ်ကြောင့်ဘဲ ပိုပြီးထင်လာတော့ ဖြတ်ဆို့စုတီပြီး ပဋိသန္ဓေပါ တခါတည်း ငရဲအိုးထဲမယ် ပဋိသန္ဓေရောက်သွားတယ်....(မှန်ပါ့) တောင် ချောက်ကြားထဲမှာ ပြိုတ္တာကြီးယင်လဲ ဥပပတ်ပဋိသန္ဓေကြီး သွားဖြစ်လိုက်တယ်၊ ဒါ ကြောက်သေတဲ့ ပုဂ္ဂိုလ်၏ လမ်းစဉ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သေခါနီးကြောက်တာလဲ ကြောက်ချင်လို့ ကြောက်တာ လား....သားသမီးနဲ့ ပစ္စည်းမစ္ဆန့်နိုင်လို့ ကြောက်လာတာလား (သားသမီးနဲ့ပစ္စည်း မစ္ဆန့်နိုင်လို့ ကြောက်တာပါဘုရား)။

မှတ်ထားလိုက်-မှတ်ထားလိုက်၊ သြော်....ဒါတွေ ရန်သူတွေ ပါကလား....(မှန်ပါ့)ရန်သူတွေပါကလား....ထင်းတုံးတွေပါက လှားဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါတွေ ဘာတရားတွေပါလိမ့်.... (ရန်သူတွေ ထင်းတုံးတွေ ပါဘုရား)ထင်းတုံးတွေဆိုတာ သေချာကြပလား.... (သေချာ ပါပြီ)။

ဒီဘဝက လူ့ဘဝက နေပြီးသကာလ ငရဲ တိရစ္ဆာန်ဘဝ ဆင်းရတယ်ဆိုတော့ မောင်ကိုရေ....ထင်းတုံးကျတယ်-(မှန်ပါ့) တကာ တံကာမတွေ ဘာ ကျသွားပါလိမ့်.... (ထင်းတုံးကျပါ တယ်ဘုရား)။

ထင်းတုံး အင်မတန် ကျသောကြောင့် သြော်....ဒါ စော စောစီးစီး ဘုရားဟောတဲ့အတိုင်း ဆရာဘုန်းကြီးပေးတဲ့နည်းနဲ့ ဒါတွေ့ အစောကြီး ကာကွယ်ထားရမည့် အလုပ်တွေ့ပါက လား....ဆိုတာကိုလဲ အလုပ်တရားကို မဟောမီ ဒီဥစ္စာ သိနှင့် ထားဘို့လဲ အရေးမကြီးကြဘူးလား....(ကြီးပါတယ်ဘုရား)။

ကိုင်း....တခါ ဒုတိယအချက်က သားသမီးနဲ့ ပစ္စည်း ခင်မိ လို့ ကြောက်ပြီး ဒုတိယအချက်က ကိုယ့်ခန္ဓာကြီး ကိုယ်ခင် နေတဲ့ ပုဂ္ဂိုလ်များဆိုတော့လဲ ဒါ ကြောက်ပြီး သေရလိမ့်မက္ခ ပုဏ္ဏား-ရလို့....ဘုရား**က** ဟောပြန်တယ်....(မှန်ပါဘုရား) ခန္ဓာ ခင်နေပြန်တော့လဲ....(ကြောက်ပြီးသေရလိမ့်မယ်)။

ဒီခန္ဓာကြီးနဲ့ ခဲရတော့မယ်၊ ဒီခန္ဓာကြီး ခလုတ်မထိ ဆူးမငြိ ပါစေနဲ့ဆိုပြီး အထွဋ်အမြတ်ထားတဲ့ ခန္ဓာကိုယ်ကြီးနဲ့ ဒီတခါ ဖြင့် နောက်ဆုံးပိတ် ခဲရတော့မယ်ဆိုပြီးသကာလ ခန္ဓာ ခင်တွယ် တဲ့ တဏှာနဲ့ နေတော့ သေခါနီးမှာ မခဲချင်တော့ ကြောက် လန့်ပြီးသကာလ လာတာပေါ့ဗျာ....(မှန်ပါဘုရား) မလာပေ ဘူးလား....(လာပါတယ်ဘုရား)။

အဲဒီ ကြောက်လန့်နေတုံးဘဲ တခါတည်း ခုနင်က ငရဲထိန်း တို့ ငရဲမီးလျှံတို့ ထင်လာပြန်ရော၊ ထင်လာယင် အဲဒီ သွားပြီ ဦးခင်မောင်ရေ့....(မှန်ပါ) ဂတိနိမိတ်ထင်ရာကို သွားရမှာကိုး-(မှန်ပါဘုရား)ဂတိနိမိတ်ထင်ရာကို....(သွားရမှာပါဘုရား)။

သြော်....ဒါဖြင့် ခန္ဓာ ခင်တဲ့သဘောဟာလဲ အတော် ဆိုး ဝါးပါကလားဆိုတာလဲ ပေါ်လာကြပြီ.... (ပေါ်လာပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် ၂-နံပါတ် ပြီးသွားပြီ.... (မှန်ပါဘုရား) ၃-နံပါတ်ကလေး တကာ တကာမတွေ စဉ်းစားစမ်းပါတဲ့။

၃-နံပါတ်က ဘယ်လိုတုံးလို့ မေးတဲ့အခါကျတော့ ငါသည် ကုသိုလ်ဓမ္မတွေတော့ မလုပ်သေးဘူး၊ အကုသိုလ်ဓမ္မတွေတော့ သားရေး သမီးရေး စီးပွားရေးကျတော့ ငါ့မှာ မို့ပေါက်လို့ လုပ်ထားတာတွေ၊ ကုသိုလ်ကတော့ မလုပ်ရသေး၊ အကုသိုလ်တွေကတော့ မို့ပေါက်နေပါပေါ့လားဆိုတဲ့ ကုက္ကုစ္စတွေ့ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီ ကုက္ကုစ္စတွေ ဖြစ်လာတဲ့ပုဂ္ဂိုလ်လဲ သေခါနီး ကြောက်လာတာဘဲ....(မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ) ကုသိုလ်ကတော့ ဘာတဲ့....(မလုပ်ရသေးပါဘူး) အကုသိုလ်တွေကတော့ မို့ပေါက်လို့.....(မှန်ပါ့)။

အင်း....ဟင်....ဒီလိုဖြစ်ပြီးသကာလ လာပြန်တော့လဲ တကာ တကာမတို့ ကြောက်လုံးသန်ပြီးသကာလ ခုနင်က ငရဲတံခါးစွန်အပါယ်လေးပါးထဲ မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဩော်....ဒီပုဂ္ဂိုလ်ဟာ ကြောက်သေတယ်ကွ ပုဏ္ဏား-ရ.... သေသေချာချာ မှတ်ထားလို့ ဘုရားက ဟောလိုက်တယ်-(မှန်ပါဘုရား)ဘယ်နှစ်ချက် ရှိသွားပါလိမ့်....(သုံးချက်ရှိသွားပါပြီဘုရား) သုံးချက်ရှိသွားပြီ တကာ တကာမတို့ ရှင်းပြီနော်.... (မှန်ပါ့ရှင်းပါပြီ)။

စတုတ္ထပုဂ္ဂိုလ်ကတော့ကိုတဲ့....တကာ တကာမတို့ ခန္ဓာကိုယ်ကြီးကိုဘုရားရှင်ဟောတော်မူသည့်အတိုင်းအခုဘုန်းကြီးကဟောနေတယ်၊ဆရာသမားတွေလဲ အမျိုးမျိုးဟောနေတယ်၊ခန္ဓာကိုယ်

ကြီး ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးဟာက ခန္ဓာဖြစ်စဉ်ဆိုတဲ့ ဥစ္စာက အားလုံးသိပြီးသားဘဲနော်....(မှန်ပါ့)။

အဲဒီ. ခန္ဓာဖြစ်စဉ်ကြီးကို မသိတော့ ခန္ဓာဖြစ်စဉ်ဆိုတာ တခုချုပ်ပြီး တခုဖြစ်တာဘဲမဟုတ်လား....(မှန်ပါ့)။

အဲဒီ. တခုချုပ်ပြီး တခုဖြစ်တဲ့ဖြစ်စဉ်ကြီး မသိတော့ သူ. မှာ ယုံမှားသံသယ ဝိစိကိစ္ဆာရှိတယ်၊ ဩဿ်....ငါတော့ သေတော့သေရမှာဘဲ၊ သေပြီး ငါ-ဘာဖြစ်ဦးမှာပါလိမ့်မတုံးဆိုတဲ့ ယုံမှားမှုဝိစိကိစ္ဆာကလဲ မရှိဘူးလား....(ရှိပါတယ်ဘုရား) ခန္ဓာဖြစ်စဉ် သူ နားလယ်သလား....(မလယ်ပါဘူးဘုရား)။

ဖြစ်စဉ် နားမလယ်တဲ့အတွက် တကာ တကာမတို့ ယုံမှားသံသယ ဝိစိကိစ္ဆာကြီး ရှိပြီးသကာလနေတော့ သေခါနီးမှာ ဦးခင်မောင်....ကြောက်တယ်....(မှန်လှပါ) ဝိစိကိစ္ဆာရှိယင်လဲ.... ဘာတုံး....(ကြောက်ပါတယ်)။

အဲဒီ ကြောက်သေပြန်တော့လဲ အပါယ်လေးပါးမှတပါး တခြား သွားစရာ ရှိသေးရဲ့လား.... (မရှိပါဘူးဘုရား)။ အဲ.... ဒီလေးချက်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်များ စတုက္ကနိပါတ် အင်္ဂုတ္တိရ်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဇာဏုဿောဏိပုဏ္ဏားက မေးလို့ ဖြေလုံး လေးခု ထွက်လာတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သားသမီးနဲ့ ပစ္စည်းခင်တဲ့ ပုဂ္ဂိုလ်လဲ သေခါနီး ဘာဖြစ်တတ်သလဲ....(ကြောက်ပါတယ်ဘုရား)။

ခန္ဓာ ခင်တဲ့ပုဂ္ဂိုလ်....(ကြောက်ပါတယ်ဘုရား)။

ပြုအပ်ပြီးသော ကုသိုလ်က မရှိ အကုသိုလ်တွေက ရှိနေပြန်ယင်လဲ....(ကြောက်ပါတယ်ဘုရား)။

ပဋ္ဌိစ္စ သမုပ္ပါဒ်ကြီးကို နားမလယ်ဘဲနဲ့ ဝိစိကိစ္ဆာ ရှိနေယင်လဲ (ကြောက်ပါတယ်ဘုရား)။

သေခါနီး ကြောက်တယ်ဆိုတာ ဒီလေးယောက် အားလုံး တကာ တကာမတွေ့ ဘယ်သွားမယ် ဆိုတာ သိကြပလား.... (သိပါတယ်ဘုရား) အပါယ်လေးပါးချည်း သွားရမယ် ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အေး....ဒါဖြင့် မကြောက်တဲ့ ပုဂ္ဂိုလ်ကို တကာ တကာမတွေ့ ရှင်းကြလင်းကြပါစို့ ဆိုတော့ ကိုယ့်အရေးဟာ နောက်တရား လို့ မှတ်ကြပေတော့....(မှန်ပါ့)ဘာပါလိမ့် (ကိုယ့်အရေးဟာ နောက်တရားပါဘုရား)။

ကိုယ့်အရေးဟာ အခုနောက်ပြောမည့် တရားဟာ တကာ တကာမတွေ့၏ ကိုယ်ပိုင်လုပ်ရမည့်အရေးဆိုတာ သေချာပလား (သေချာပါပြီ)။

အေး....ဒါ့ကြောင့် ဆရာဘုန်းကြီးကလဲ အကြီးအကျယ် တိုက်တွန်း တကာ တကာမတွေ့လဲ ဒီလမ်း သွားရမှာဖြစ်နေတော့ ကြောက်သေကြီးနဲ့ သေရတော့မယ်ဆိုလို့ ရှိယင်ဖြင့် ကိုယ်ကျိုး နည်းရချည်ရဲ့၊ ဒီကိုယ်ကျိုးနည်းတာကို ဒီဘဝ ဇာတ်သိမ်းကြရ အောင်ဆိုပြီး သကာလ ဘုန်းကြီးများကလဲ ပြောလို့ တကာ တကာမတွေ့ကလဲ လေးလေးစားစား ကျင့်ကြ ကုံကြ မှတ်ကြ ဒီလိုဆိုလို့ ရှိယင်ဖြင့် ဒီအချိန် အကောင်းဆုံး အချိန်ဘဲလို့ ဆိုယင် မောင်ကို-လဲပါ့မလား....(မလဲပါဘူးဘုရား)။

အေး....ဒါ့ကြောင့် ဦးဝတို့ အရေးတကြီးကြီးပါတယ်ဆိုတာ မပေါ်လာသေးဘူးလား....(ပေါ်လာပါတယ်ဘုရား)။

မတွေ့ရမည့်လမ်း၊ မကြုံရမည့်လမ်း၊ မဆုံရမည့်လမ်းလို့ ကော ဆိုစရာ ရှိကြရဲ့လား....(မရှိပါဘုရား) ပျက်ကြုံ ဆုံရမည့်လမ်း ဆိုတာမသေချာလား....(သေချာပဲါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးက ပြောပါတယ် တကာ တကာမတို့ သားသမီးနဲ့ပစ္စည်းကိုလဲ ဝိပဿနာ ဉာဏ်တင်နိုင်မှဘဲ ရမယ်....(မှန်လှပါဘုရား) မရပေဘူးလား.... (ရပါတယ်ဘုရား)။

ကောင်းပြီ ခန္ဓာကော—(ဝိပဿနာတင်လို့ ရပါတယ်ဘုရား) ဝိပဿနာဉာဏ် တင်ထားတော့ ဒီ-သံသယ ကုက္ကုစ္စက အထူး လာစရာ မြင်သေးသလား....(မမြင်ပါဘူး)။

မမြင်တော့ဘူးတဲ့ ဒီလို သံသယ ကုက္ကုစ္စပြုထားတဲ့ ဝိပဿနာ ဉာဏ်ကိုက ဒီထက် ကြီးတဲ့ ကုသိုလ် ရှိသေးရဲ့လား.... (မရှိပါဘူးဘုရား) သူထက်ကြီးတာ မဂ် ကုသိုလ်ဘဲ ရှိတော့တယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဝိပဿနာ လုပ်ထားတဲ့ ပုဂ္ဂိုလ်ကျတော့ ဆရာဘုန်းကြီးကလဲ နေ့တိုင်းလိုလိုဘဲ ပဋိစ္စသမုပ္ပါဒ် ခန္ဓာအစဉ်ကြီး ပြပြီးသကာလ နေတော့ သြော်....တခုချုပ်-တခုဖြစ်၊ တခုဖြစ်-တခုပျက်ဘဲဆိုပြီး သကာလ သိနေတော့ သေတာသည် အထူးလားမှတ်တယ် သြော်....ရှေ့စိတ်ချုပ်ပြီး နောက်စိတ်မပေါ်လာလာတာ ဆိုတာကိုး....(မှန်ပါ့) သေတာ ဘာပါလိမ့်....(ရှေ့စိတ်ချုပ်ပြီး နောက်စိတ် မပေါ်တာပါ ဘုရား)။

အဲဒါ ခင်ဗျားတို့က အသေဆိုတာ ထူးထူးခြားခြားလား အောက်မေ့နေတော့ ရှေ့စိတ်ချုပ်ပြီး နောက်စိတ်မလာတာ ဘာခေါ်ကြမယ်....(သေတာပါဘုရား)။

ဒါဖြင့် စဲ့စဲ့မြဲမြဲမြင်ထားလို့ ရှိယင် ဒီလေးချက် လွှတ်မယ် (မှန်ပါ့ဘုရား) ကြောက်သေ လွှတ်ပါလိမ့်မယ် တကာ တကာ မတို့....(မှန်ပါ့) သဘောပါကြလား....(ပါ-ပါပြီ)။

ဒါဖြင့် ရှေ့စိတ်သေတာကို နောက်စိတ်နဲ့ မြင်လို့ရှိယင်ဖြင့် ၁-နံပါတ်ကလဲ မလွှတ်ပေဘူးလား....(လွှတ်ပါတယ်) ၂-နံပါတ် (လွှတ်ပါတယ်)၃-နံပါတ် (လွှတ်ပါတယ်)၄-နံပါတ် (လွှတ်ပါတယ်)။

သြော်....ဒါကြောင့် တကာ တကာမတို့ ကိုယ့် အသေ အစောကြီးက မြင်ထားတဲ့ ပုဂ္ဂိုလ်ဟာ ရိုးရာပါကလား ဆိုတာ သေခါနီးလဲ မလာပေဘူးလား....(လာပါတယ်ဘုရား) ကိုယ့် အသေ အစောကြီးကမြင်ထားတဲ့ ပုဂ္ဂိုလ်အဘွက်မှာဖြင့် ဒီလေး ခုနဲ့ အကုန်ကြောက်မှာဘဲ(ကြောက်ပါတယ် ဘုရား)မကြောက် ပေဘူးလား....(ကြောက်ပါတယ်ဘုရား)။

ဒါ့ကြောင့် ဝိပဿနာဆိုတာ ဘာပါလိမ့်မလဲလို့ မေးတော့ မှ တကာ တကာမတို့ ကိုယ့် အသေ ကိုယ်ကြည့်တာ.... (မှန်လှပါဘုရား) ဝိပဿနာဆိုတာ....(ကိုယ့် အသေ ကိုယ်ကြည့်တာပါဘုရား) သေသေချာချာမှတ်ပါ တကာ တကာမတို့ ဝိပဿနာဆိုတာ ဘာပါလိမ့်မတုံး.... (ကိုယ့် အသေ ကိုယ်ကြည့်တာပါဘုရား)။

သြော်....အစောကြီးက ကိုယ့် အသေ ကိုယ်မြင်ပြီး ကိုယ့် အသေ ကိုယ်မုန်းလို့ ကိုယ့် အသေ ကိုယ်မရချင်တဲ့ ပုဂ္ဂိုလ်မျိုး ကျလာတော့ တကာ တကာမတို့ အခုသေတာသည် ကားလို့ ဆိုယင် အထူး အဆန်းလို့ ယူသေး သလား.... (မယူပါဘူး ဘုရား)။

အထူး အဆန်း မယူတဲ့ အပြင်မှာ ဦးခင်မောင် ရှေ့ နည်း နည်းကလေးတိုးမှတ်လိုက်စမ်းပါ၊ မိလိန္ဒပဉ္ဌာမှာ လာတာက တမျိုးကောင်းတယ်၊ ဒါကအဂုံတ္တုိရ်မှာ လာတာ ပြောလိုက် တယ်....(မှန်ပါဘုရား)။

မကြောက်တဲ့ပုဂ္ဂိုလ်ရှိသဟ ပုဏ္ဏား-ရ၊ဘယ်လို မကြောက်တဲ့ ပုဂ္ဂိုလ်တုံး လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ ယခုလို သား သမီးနဲ့ ပစ္စည်းလည်း မခင်၊ ခန္ဓာလဲ ဝိပဿနာဉာဏ် ရောက်နေ တဲ့ပုဂ္ဂိုလ်၊ သံသယ ကုက္ကုစ္စကလဲ သိမ်း၊ ဝိစိကိစ္ဆာကလဲဖြစ်ပျက် မြင်နေကတည်းက ပဋိစ္စ သမုပ္ပါဒ်ဒေသနာကြီး အကြောင်းဖြစ် လို့ အကျိုးဖြစ်တယ် အကြောင်းချုပ်လို့ အကျိုး ချုပ်တာ တွေကို မှန်မှန်ကန်ကန်သိထားတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ တခါ တည်း တကာတကာမတို့ဖြစ်ပျက်တွေမြင်လို့ ဖြစ်ပျက်တွေမြင် ပြီးမုန်းလို့ ဖြစ်ပျက် တွေတခါတည်း ဒုက္ခလို့- ပိုင်းခြားပြီး သကာလ ဆုံးသွားပြီးနိဏ္ဍေ မြင်ထားတဲ့ ပုဂ္ဂိုလ်များကျတော့ တကာတကာမတွေဒီခန္ဓာဝန်ကြီး စောစောစီးစီး ချချင်တယ်.... (မှန်လှပါဘုရား) သူက တမျိုးပါကလား.... (မှန်ပါ့) သူက ဘယ်လိုတဲ့....(စောစောစီးစီးချချင်ပါတယ်)။

စောစောစီးစီး ချချင် သေချင်တော့ တကာတကာမတွေ ဒီပုဂ္ဂိုလ်ဟာ ဘယ့်နှယ်ကြောင့် အသေမကြောက်ပါလိမ့်မတုံး လို့ မေးတဲ့အခါကျတော့ ဒုက္ခသစ္စာကြီးဆက်ဖြစ်နေတာမထမ်း ချင်တော့ဘူး၊ မပိုးချင်တော့ဘူးလို့ သူ့စိတ်ထဲပေါ်လာတယ် (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဒုက္ခသစ္စာကြီး ဆက်ဖြစ်မှာကို သူကဘယ့်နှယ်တုံး(ကြောက် ပါတယ်) အင်း.... ဒုက္ခသစ္စာမထမ်းချင် မပိုးချင်လို့ (ကြောက်

လန့်နေတယ်၊ ဒုက္ခသစ္စာကြီး ချရဘော့မယ်ဆိုတော့ သူ့မှာ ဝမ်းများ သာလိုက်သေးတယ်.... (မှန်ပါ့)။

တကာတကဲ့ာမတို့ သူ့မှာ သေရတော့မယ်၊ ခန္ဓာကြီး ချရတော့မယ်ဆိုယင် သူ့စိတ်ထဲ ဘယ်နှယ်ဖြစ်သွားသလဲ.... (ဝမ်းသာပါတယ်ဘုရား)။

ဝမ်းသာတာမှ ဒီလိုဟော....တဲ့ သူဝမ်းသာပုံက တယောက်သောပုဂ္ဂိုလ်အား ရှင်ဘုရင်ကနေပြီး အမတ်ကြီးတယောက်ကို မင်း.... တော့ထဲ သွားပြီး သကာလ ဂျမ်းသူပုန် နှိမ်နင်းရမယ်ကွ.... ဆိုပြီးသကာလ သူ အမိန့်ထုတ်လိုက်တဲ့အခါ နှိမ်နင်းပြီး သကာလ အောင်မြင်ပြန်လာတဲ့အခါမှာ နက်ဖြန်မှ နန်းတော်ဝင်မယ်ဆိုပြီး သူ့အိမ်မှာ နေတဲ့အခါမှာ ရှင်ဘုရင်ကလဲ အောင်မြင်ခြင်းတော့ ကြားပြီးပြီ၊ အောင်မြင်တဲ့ ပုဂ္ဂိုလ်နဲ့ အထူးတလည် တွေ့ချင်လို့ ရှင်ဘုရင်က နက်ဖြန် နန်းတော်ဝင်ရမယ်ဆိုလို့ ရှိယင်ဖြင့် ခုနင်က ဂျမ်းသူပုန်ကို အနိုင်ရတဲ့ ပုဂ္ဂိုလ်ဟာ ဦးခင်မောင်ရေ.... ငါ့တော့ ဆုကြီး လာဘ်ကြီး ချတော့မှာဘဲဆိုပြီး ဝမ်းမသာပေဘူးလား.... (ဝမ်းသာပါတယ်ဘုရား) ဘာဖြစ်လို့ သာတာလဲ.... အောင်ပွဲယူပြီးလို့.... (မှန်ပါ့)။

တကာတကာမတို့ ဘယ်နှယ်ကြောင့် ဝမ်းသာပါလိမ့်.... (အောင်ပွဲယူပြီးလို့ပါဘုရား) အောင်ပွဲ ယူပြီးလို့ ဝမ်းသာခဲ့တယ်....နော်။

အဲဒီလိုဘဲဟော....တဲ့ မိလိန္ဒပဉ္ဉာမှာ လာတာကလဲ တကာတကာမတို့....သူ့ခန္ဓာဝန်ကြီး ချရတော့မယ်ဆိုသဖြင့် ခန္ဓာ့မာရ်အောင်လေပေါ့ ဆိုပြီးသကာလ ဝမ်းများ သာလိုက်သေးတယ် (မှန်ပါ့ဘုရား)။

တသံသရာလုံး ထမ်းလာခဲ့ရတာ ဘယ်အခါမှ မချခဲ့ရတာ ကြီး ဒီတခါတော့ ဝန်ထုပ်ကျပေါ့ဆိုပြီး ဝမ်းများတောင် သာလိုက်သေးသတဲ့ (မှန်လှုပါဘုရား) ကြောက်သလား....ဝမ်းသာသလား.... (ဝမ်းသာပါတယ်ဘုရား) အဲဒါကြောင့်ဘုန်းကြီးတို့ တကာတကာမတွေ့ ဝမ်းသာတဲ့အလုပ်ကြီးနဲ့ဘဲ သေကြရအောင် ဝမ်းသာတဲ့အလုပ် လုပ်ကြစို့ရဲ့ဆိုတာကို အတူးတလည် တိုက်တွန်းပါတယ်.... (မှန်လှုပါဘုရား)။

ဒီ-စခမ်းနဲ့ ဒီ-စခမ်းက ဟောဒီထဲပါတဲ့ တကာမတွေနဲ့သာ ဆက်ဆံတယ်၊ ဘုန်းကြီးတွေနဲ့သာ ဆက်ဆံတယ်၊ တကာတွေနဲ့သာ ဆက်ဆံတယ်၊ ခလေးတွေနဲ့သာ ဆက်ဆံတယ်လို့ မဟုတ်ဘူး၊ အကုန်နဲ့ ဆက်ဆံတဲ့တရား.... (မှန်လှုပါ) ဆိုနိုင်ကြမလား.... (ဆိုနိုင်ပါတယ်) ဘယ်သူနဲ့ ဆက်ဆံပါလိမ့်ဗျာ.... (အားလုံးနဲ့ ဆက်ဆံပါတယ်)။

အေး.... ဒါဖြင့် နက်ဖြန် နှန်းတော် ဝင်ရတော့မယ်ဆို ဆုလာဘ်ချတော့မှာဘဲဆိုတာ သိလို့- ဝမ်းသာတဲ့ အမတ်ကြီးလို ကျုပ်တို့လဲ နက်ဖြန်သေရသေရ ယနေ့ဘဲ သေရသေရ အင်းခန္ဓာဝန်ကြီး ချရသဖြင့် ဝမ်းသာရပေပြီ-ဆိုပြီး ပြုံးသေနဲ့ သေရအောင် တကာ တကာမတို့ ခုနင်က လေးခုက မဲ့သေကိုး (မှန်လှုပါ) ဒါဖြင့် ဝိပဿနာအလုပ်ကို ထ မြောက်အောင် လုပ်ပြီးထားတဲ့ပုဂ္ဂိုလ်များ ပြုံးသေ မလာပေဘူးလား....(လာပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမှတို့ မဲ့သေကြိုက်သလား.... ပြုံးသေကြိုက်သလား.... (ပြုံးသေ ကြိုက်ပါတယ်ဘုရား) မဲ့သေဟာ

အပါယ်လေးပါး လမ်းချည်းဘဲဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် တကာတကာမတို့ ပြုံးသောက်ကိုဘဲ ကျုပ်တို့သည် အားထားပြီးသကာလ ဒီဥစ္စာ အထမြောက်အောင် လုပ်ကြစို့လို့....ဆိုတော့ ကိုယ်.ပြုံးသေဆိုတဲ့ အရေးဟာလဲ ကိုယ့်အရေးမှာ အကြီးဆုံးဘဲ မကျဘူးလား.... (ကျပါတယ်ဘုရား)။

အဲ.... အကြီးဆုံးဘဲ ဖြစ်ပြီးသကာလ နေတော့ မောင်ကို ရေ.... တကာဝတို့.... ပေါ့ပေါ့နေလို့ တော်ပါ့မလား(မတော်ပါဘူးဘုရား)။

တခါတည်း ဆုကြီး လာဘ်ကြီး ရမည့်ပုဂ္ဂိုလ်များ ဝမ်းသာရသလို ပြုံးပြီးသကာလ ဒီ-ခန္ဓာကြီးချပြီး ဟိုခန္ဓာ မယူရလို့ ရှိယင် အေးပေါ့ဟ.... (မှန်ပါ့) အခုလို သေရအောင် အလုပ်လုပ်မှ ရမယ် ဆိုတာကော ရှင်းကြပလား.... (ရှင်းပါတယ်ဘုရား)။

တကာတကာမတို့ မဲ့သေကြိုက်သလား.... ပြုံးသေ ကြိုက်သလား.... (ပြုံးသေကြိုက်ပါတယ်ဘုရား) ပါးစပ် ကြိုက်ရုံနဲ့ မဖြစ်ပါဘူး၊ အလုပ်နဲ့မြင်ပြီး တခါတည်းကို ကြိုက်မှသာလျှင် အဘိုးတန်တော့တယ်ဆိုတာလဲ သေသေချာချာ မှတ်ကြဘို့ပါဘဲ နော်.... (မှန်ပါ့)။

ဒါ.... တကာရင်း ဆရာရင်းအနေနဲ့ နေ့စဉ် ပြောနေတာတွေနော်.... (မှန်ပါ့) နေ့စဉ်ပြော နေ့စဉ်ဟောပြီး သကာလ တကယ် သယ်ယူပို့ဆောင်နေတယ်ဆိုတာ သိလျက်သားနဲ့ ပေတေတေ လုပ်မနေပါနဲ့လို့ သတိပေးလိုက်တယ်.... (မှန်ပါ့) ဘယ်လိုသတိပေးပါလိမ့်.... (ပေတေတေ လုပ်မနေပါနဲ့)။

အေး.... ပေတေတေနဲ့ ယောင်ချာချာနဲ့ ဘုန်းကြီးတို့ တကာတကာမတွေက သားရေး သမီးရေး စီးပွားရေးကိုအရေး တကြီး ထားပြီးသကာလ ကိုယ့်အတွက် ပြုံးပြီးသေရေး မလုပ် တော့ဘူးဆိုလို့ ရှိယင်ဖြင့် သယ်ပိုးပေမဲ့ သခါနီးကျမှ မဲ့ပြီးသေရတော့ ဓါတ်ပုံရိုက်လို့ တောင် မကောင်းပါဘူး-(မကောင်းပါဘူးဘုရား)။ ကောင်းနိုင်သေးရဲ့လား(မကောင်း ပါဘူး)။

မဲ့သေအလုပ်ဟာ ဓါတ်ပုံရိုက်ယူတာတောင် ဦးခင်မောင် ရေ....(မကောင်းပါဘူးဘုရား)။

ခုလို တရားနာပြီးသား ပုဂ္ဂိုလ်တွေကလဲ ဟာ....သူ့ အကောင်ကြီး ကြည့်ရတာဖြင့် ခပ် ရှဲ့ရှဲ့နဲ့ ခပ်မဲ့မဲ့ဘဲ ဆို ကတည်းကိုက ခုနင်က ဒီလေးခုအနက် တခုခုတော့ ဖေါက်ပြန် သွားပေါ့ဆိုတာ မသေချာဘူးလား....(သေချာပါတယ်)။

အဲဒါကြောင့် သခါနီး အရှက်ကွဲတဲ့အလုပ်မျိုးကိုလဲ ဦး ခင်မောင်ရေ-ဘာလုပ်ရမလဲ....(မလုပ်ရပါဘူး)ရှောင်ရမယ်.... (မှန်ပါ့) နောက်က တကာတကာမတွေ ဘာလုပ်ကြရမယ်.... (ရှောင်ရပါမယ်)။

တသက်လုံး ဖုံးလေသမျှ သခါနီးမှ ပေါ်တယ်ဆိုဘော့ ဦးဝတို့ မောင်ကိုတို့ ကောင်းကြသေးရဲ့လား....(မကောင်းပါ ဘူးဘုရား)။

အဲဒါကြောင့် ကကာတကာမတို့ ဘယ်သူကဘဲ မသာ လောင်း လာကြည့်ကြည့်-သြော်....ပြုံးနေသလိုဘဲဆိုလို့ ရှိယင် ဒါ ခင်ဗျားတို့ ဘာမှအကဲမခတ်နဲ့ သူ ဒီလေးခု အကုန်

လွတ်သွားတယ်....(မှန်ပါ့)အကုန်လွတ်သွားတဲ့အတွက် ပြုံးသေ ဘာက် လှည့်နေတယ်....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီ)။

သူ့မှာ ဆုကြိမ် လာဘ်ကြိမ်ရလို့ ဝမ်းသာတဲ့အတွက် သေခါနီး ပြုံးရတာ....(မှန်ပါ့ဘုရား)။

ခုနင်က သားစဲ့ သမီးစဲ့ ခန္ဓာစဲ့ ကုသိုလ်တွေ့မလုပ်ခဲ့ ဝိပဿနာကုသိုလ်တွေ့ ကမ္မဝထကုသိုလ်တွေ့ လှူဒါန်းပေးကမ်းတဲ့ ကုသိုလ်တွေ့ မလုပ်ခဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလယ်ခဲ့ ငါဘာဖြစ်ဦးမှာတုံး ရှေ့မျှား ဘယ်လို သွားရမှာပါလိမ့်မလဲ ဆိုတဲ့ ဝိစိကိစ္ဆာတွေ့နဲ့ သေခဲ့ကြလို့ ရှိယင် ကိုယ်ကျိုးနည်းကြလိမ့်မယ်.....(နည်းပါတယ်ဘုရား)၊ သဘောပါကြလား.....(ပါပါတဲ့ယ်)။

ဒါဖြင့် တကာတကာမတို့ ဒီနေ့ဆရာဘုန်းကြီးသည် အားလုံးနဲ့-ဆက်ဆံတဲ့ မဲ့သေတွေ့ အကုန်ဖြုတ်ပြီးသကာလ ပြုံးသေအလုပ်ကို လုပ်မှ တော်တော့မယ်ဆိုတာဖြင့် တကာတကာမတို့ အထူး တိုက် တွန်း စ ရာ လိုသေးသလား-အလုပ်သွားကပြနေသလား....(အလုပ်သွားက ပြနေပါတယ်ဘုရား)။

အလုပ်သွားက ပြနေပြီဆိုတဲ့အတွက် ဦးဇ ရင်ရေ ဒီအတိုင်းနေလို့ မဒတော်တော့ဘူးနော်....(မှန်ပါ့ဘုရား) တော်ကြပါ့မလား....(မတော်ပါဘူးဘုရား)။

သူမျှားရောင်းသလိုရောင်း-သူမျှားဝယ်သလိုဝယ်ပြီးသကာလ သူမျှား သားသမီး မွေးဖွါးသလို ကိုယ်မွေးဖွါးပြီး သူမျှားယုယသလို ကိုယ်ယုယနေလို့ ရှိယင် သူမျှားသွားတဲ့ မဲ့သေလမ်းကျတော့ တကာတကာမတို့ သွားနိုင်ပါ့မလား....(မသွားနိုင်ပါဘူးဘုရား)။

မသွားနိုင်လို့ရှိယင် အခုခါကတည်းကလမ်းခဲ့ရှာရလိမ့်မယ်.... (မှန်ပါ့ဘုရား)၊ မဲ့သေကနေပြီး-ပြုံးသေလမ်းခဲ့ကို အခုက ရှာမှသာလျှင် ရတော့မယ်၊ အချိန်လဲ တယ်ဝေးကြတော့တာ မဟုတ်တော့ပါဘူး.....(မှန်ပါ့ဘုရား)၊ ဝေးသေးရဲ့လား.... (မဝေးတော့ပါဘူး)၊ ယနေ့လား— နက် ဖြန် လား ဆိုတာ မောင်ကို ကျေနပ်ပလားဟေ့.....(ကျေနပ်ပါပြီဘုရား)၊ ခန္ဓာ လမ်းစဉ်ကလေ....(မှန်လှပါဘုရား)။

အေး-ဒါကြောင့် တကာတကာမတွေ ဘုန်းကြီးချောက်လှန့် ဟောနေတာလား—ခင်ဗျားတို့ ကျုပ်တို့၏ ဖြစ်စဉ်အမှန် ပြော နေတာလား....(ဖြစ်စဉ်အမှန် ပြောနေတာပါဘုရား)၊ ဖြစ်စဉ် အမှန် ပြောနေတဲ့ ချောက်လုံး တ လုံးမှ မပါဘူးဆိုတာ ဦးခင်မောင် သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ပေါ့ပေါ့တန်တန်နဲ့ နေလို့ ထိုင်လို့ မတော် တော့ဘူးဆိုတဲ့ အဓိပ္ပါယ်မျိုးကိုဖြင့် အားကျိုးမာန်တဲက် လုပ်ရန် အချိန်ရောက်ပါပြီ ဆိုတာကိုလဲ တိုက်တွန်းရပြန်တယ်ဦးဝတ်ရဲ့- နော်....(မှန်လှပါဘုရား)။

အရှင်သာရိပုတ္တရာ ကျူးရင့်ပုံကလေး ကြည့်ပါလား....။

ဥယျမာနော တိဟဂ္ဂိဟိ၊
ဘဝေသု သံသရိ အဟံ။
ဘာရိတော ဘဝဘာရေန၊
ဂိရိ ဥဒ္ဓရိတော ယထာ။ ။

(ထေရဂါထာ ဒုတိယအုပ် ၃၉၂)

အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက ဘဝမျှားစွာ သံသရာ ကြီးမှာ ဒီခန္ဓာကြီး ထမ်းပြီးသကာလ လာခဲ့ရတာချည်းဘဲ

ခန္ဓာနဲ့ မထမ်းရတဲ့ ဘဝရယ်လို့ကို ဦးဝတို့ မောင်ကိုတို့ မရှိဘူးတဲ့ဟော့.....(မရှိပါဘူးဘုရား)။

လူခန္ဓာစုနှစ်ပြီး ခွေးဖြစ်မည့်ပုဂ္ဂိုလ်ဟာ ခွေးခန္ဓာ ဆက်ထမ်းရတယ်....(မှန်ပါ့) အပါယ်ဘုံဖြစ်မည့် ပုဂ္ဂိုလ်ဖြစ်ယင်....(အပါယ်ခန္ဓာ ဆက်ထမ်းရပါတယ်) အပါယ်ခန္ဓာ ဆက်ထမ်းရတယ်ဆိုတော့ ခန္ဓာနဲ့အထမ်းသမားနဲ့ ဟာက တကာတကာမတို့ သိတဲ့အတိုင်း ပြတ်သေးရဲ့လား....(မပြတ်ပါဘူးဘုရား)။

အဲဒါကြောင့် အရှင်သာရိပုတ္တရာက ဘဝမျှားစွာ သံသရာကြီးမှာ ဒီခန္ဓာဝန်ထုပ်ကြီး ထမ်းခဲ့ရတယ်တဲ့ လေးလိုက်တဲ့ဖြစ်ခြင်းလဲ မပြောပါနဲ့ မြင်းမိုရ်တောင်ထက်ပင် လေးသေးတယ်လို့ ညည်းတော်မူရှာတဲ့ယ်နော်....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် မြင်းမိုရ်တောင်ထက် လေးသေးသတုံးလို့ ညည်းရပါသလဲဆိုတော့ မြင်းမိုရ်တောင်က ကမ္ဘာပျက်တဲ့အခါ ပြောင်ထွက်သွားတယ်....(မှန်ပါ့ဘုရား)၊ ကျုပ်တို့က ခန္ဓာပြောင်းထမ်းနေရတော့ကို ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား)။

ဒါဖြင့် မြင်းမိုရ်တောင်က အခြားရှိသေးတယ်၊ ခန္ဓာထမ်းရတာက....(မပြတ်ပါ)အခြားမရှိဘူးဆိုတာ ပေါ်လာကြပလားဗျ—(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီက သိမ်းမှ တော်မလား ပြန်ဆင်းကြဦးမလား.....(သိမ်းမှ တော်ပါမယ်ဘုရား) သိမ်းမှတော်မယ်ဆိုတာဖြင့် ဆုံးဖြတ်ချက် အကြီးအကျယ် ချပါလို့ တပဲ့လုံးဘဲ သတိပေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

ဘာမှ တကာသစ်တို့ မောင်မြတို့ စဲလမ်းမနေပါနဲ့ ကွာ။ ထမ်းရတဲ့ ခန္ဓာကလဲ စဉ်းစားကြည့်စမ်းပါလား တခါတလေ များ လူဖြစ်တဲ့အခါကျတော့ အဝတ်ကလေးများ ဖုံးပြီးသကာလ ခန္ဓာငါးပါး ထမ်းရရှာတယ်....(မှန်ပါ့)ခန္ဓာငါးပါး အဝတ် ဖုံး ထမ်းတယ်....(မှန်ပါ့ဘုရား) တိရစ္ဆာန်ဖြစ်တော့ ဘယ်သူက အဝတ်ဖုံးသေးတုံး....(မဖုံးပါဘူးဘုရား)။

သြော်-အဝတ်မဖုံးဘဲနဲ့လဲ တိရစ္ဆာန်ခန္ဓာကြီးကိုဘဲ ထမ်းတဲ့ ပုဂ္ဂိုလ်က ဦးခင်မောင်ဖြင့် ဦး ခင် မောင်က ထမ်း နေ ရတယ်....(မှန်ပါ့) မောင်ကိုဖြင့် မောင်ကိုက.....(ထမ်းနေရပါတယ် ဘုရား) ထမ်း နေ ရတာ ဘဲဆို တာ ပေါ်လာကြပလား....(ပေါ်လာပါပြီ)။

အဲဒါတွေ စဉ်းစားကြည့်တော့ သြော်....ကျုပ်တို့ သံသရာထဲမှာ ဒီခန္ဓာကြီး ထမ်းနေရတာ အရှက်တကဲ့ အကျိုးနည်း ကိစ္စကြီးပါကလား.... (မှန်ပါ့ဘုရား) ဘယ်လို ဆိုကြပါ့မယ်....(အရှက်တကဲ့ အကျိုးနည်း ကိစ္စကြီးပါဘုရား)။

ထမ်းတုန်းမှာဘဲ အရှက်တကဲ့ အကျိုးနည်း (မှန်ပါ့) ခွေးဖြစ်လာမယ် နွားဖြစ်လာမယ်ဆိုတော့ တကာ တကာမတွေ သူတို့ ခန္ဓာတော့ သူတို့ မထမ်းဘူးလား.... (ထမ်းပါတယ်ဘုရား) အဝတ်များ ပါသေးသလား.... (မပါ-ပါဘူးဘုရား) သြော်.... ဒီလိုလဲ ထမ်းပြီးခဲ့ကြပြီ (ထမ်းပြီးခဲ့ပါပြီဘုရား)။

တခါတလေကျတော့ ရှက်စရိုးနိုးရှိတာနဲ့ လူ့ဘဝကလေး ရတဲ့အခါ နတ်ဘဝကလေးရတဲ့အခါ အဝတ်ကလေးများ ဖုံး ထမ်းရတယ် (မှန်ပါ့ဘုရား) ထမ်းသာ ထမ်းတယ် အသုဘဘဲ

(မှန်ပါ့ဘုရား) ထမ်းသာထမ်းတယ်.... (အသုဘပါဘုရား) အသုဘ ဒုက္ခသစ္စာ (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဘာပါလိမ့်.... (အသုဘ ဒုက္ခသစ္စာပါဘုရား) အသုဘ ဒုက္ခသစ္စာမှတပါး တခြား ပါသေးရဲ့လား.... (မပါ-ပါဘူးဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့က ရှင်တုန်း ဖုံးငြားသော်လဲ မသာဘိတ်စာကျတော့ ပါလာတယ်၊ အသုဘ ကွတော်မူပါ....တဲ့ (မှန်ပါ့ဘုရား) အင်း.... မလာဘူးလား—လာသလား....(လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဖုံးသ၍ဟာကဖြင့် တကာ တကာမတို့ နဂိုရိုကလဲ ဖုံးထားသေးလို့ဟာကိုး၊ စင်စစ်ဖြင့် အသုဘချည်း ဘိတ်ရတာဘဲဆိုတာ ဦးခင်မောင်တို့ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် အသုဘဘိတ်စာ လွှတ်တဲ့လမ်းဟာဖြင့် နိဗ္ဗာန်ဘဲရှိတယ် (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) အသုဘလွှတ်တဲ့ လမ်းကဖြင့်.... (နိဗ္ဗာန်ဘဲ ရှိပါတယ်ဘုရား)။

အဲဒါကြောင့် သုဘနိဗ္ဗာန် သုခနိဗ္ဗာန် ဆိုတာကြီးဟာ ရှေ့သွားပြုလျက်သားနဲ့ တကာ တကာမတွေက အသုဘတွေ ဆက်ပြီးသကာလ ဒီဘဝ စုတိမနေ သေလွန်ရလို့ရှိယင် နတ်ဖြစ်ရပါလို၏၊ ဗြဟ္မာဖြစ်ရပါလို၏—ဆိုတော့ ဟယ်.... နတ်ခန္ဓာလဲဘာခန္ဓာတုံးဆိုတော့ အသုဘဘဲ (မှန်ပါ့ဘုရား) ဗြဟ္မာခန္ဓာလဲ (အသုဘပါဘဲ)။

အို.... အသုဘ့များး ဆုတောင်းယူရသေးတယ် ဆိုတော့.... တကာ တကာမတွေ ရူးရာကော မကျဘူးလား.... (ကျပါတယ် ဘုရား)။

အဲဒါကြောင့် ခန္ဓာဇာတ်သိမ်း ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို သာလျှင်—သုဘနိဗ္ဗာန် သုခနိဗ္ဗာန်ကိုသာလျှင် တကာ တကာမတို့ အရောက်သွားကြလို့ ရှိယင်ဖြင့် အကောင်းဆုံးနည်းဘဲဆိုတာကို သိပါစေတော့ ဆိုပြီးသကာလ သွားရာလမ်းခရီး ပြတော့မယ် ဆိုတာလဲ မှတ်ကြပေတော့ (မှန်ပါ့ဘုရား) ဘာပြမယ် ထင်ကြသလဲ.... (သွားရာလမ်းခရီး ပြပါတယ်ဘုရား)။

သွားရာလမ်းခရီး ပြမယ်ကြံတော့လဲ တကာ တကာမတွေ ဒီလေးခုကို ပြောင်းလိုက်ပြန်တယ် (မှန်ပါ့) ဒီကနေပြီး ဇာတိ ပဋိသန္ဓေ-နေ၊ ဒီကျတော့ ဇရာ၊ ဒီကျတော့ ဗျာဓိ၊ ဒါကျတော့ မရဏ•၊ ဇာတိ ဇရာ ဗျာဓိ မရဏ၊ ကျုပ်တို့ခန္ဓာမှာ ဒီဘဝမှာ ဒီလေးမျိုး ရှိပါတယ်၊ မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ပဋိသန္ဓေနေယင် အိုတယ်၊ အိုပြီးသကာလ.... (နာပါတယ်) နာပြီးသကာလ.... (သေပါတယ်ဘုရား) သေတယ်ဆိုတော့ ဒါ ခန္ဓာလမ်းစဉ်က မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ခန္ဓာက တော့ဖြင့် ဒီက ၁-ပြီး ၂-သွားမယ်၊ ၂-ပြီး ၃-သွားမယ်၊ ၃-ပြီး ၄-သွားမယ်ဆိုတာ ငြင်းဆန်ဘို့ လိုသေးသလား....(မလိုပါဘူး ဘုရား)။

အဲဒီတော့ ခန္ဓာကတော့ ဒီလိုသွားမှာဘဲ....တဲ့၊ ကျုပ်တို့ ဥာဏ်ကနေပြီးသကာလ ကိုင်း.... တကာ တကာမတို့ ဘုန်းကြီး ကရုဏာကြီးကြီးနဲ့ဘဲ တကာ တကာမတွေ သယ်ယူပို့ဆောင်

နေတော့ ခင်ဗျားတို့ ခန္ဓာကြီးက ဒီနည်းနဲ့ သွားတာ အမှန်ဘဲ၊ မသွားခင် ဒီနေရာကလေးမှာ ဝိပဿနာအလုပ်-လုပ်စမ်းပါ၊ ဒီနေရာကလေးမှာ ဒီကြားတွင်ဘဲ ဆက်ရှု (မှန်ပါ့) သဘော ကျပလား.... (ကျပါပြီ) အဲအိုနဲ့ အနာကြားမှာ (မှန်ပါ့) ဒီကြားတွင် လုပ်နိုင်တယ်(မှန်ပါ့)ဒီ့ပြင် လုပ်ချင်တဲ့စိတ်ရှိကော လုပ်နိုင်ပါသေးရဲ့လဲဗျား.... (မလုပ်နိုင်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဘယ်ကနေ လမ်းခဲ့ရမယ်.... (အဲအိုနဲ့ အနာကြားမှာပါ)အဲအိုနဲ့ အနာကြားမှာ မဂ္ဂင်လမ်း မရ-ရအောင်ရှာပါ (မှန်ပါ့) မဂ္ဂင်အလုပ် မဖြစ်-ဖြစ်အောင် လုပ်ပါ (မှန်ပါ့)။

အဲအိုက အနာရောက်ပြီ ဆိုလို့ရှိယင် မောင်ကို ဘယ်သူ တတ်နိုင်သေးသတုံး....(မတတ်နိုင်ပါဘူးဘုရား)အနာရောက်လို့ ရှိယင် အသေကျတော့ဖြင့် တကာ တကာမတို့ လမ်းဆုံး မသွားလား.... (ဆုံးပါတယ်ဘုရား)။

ဒါဖြင့် ဒို့ဘယ်နေရာက ယခု လမ်းလွဲခိုင်းပါလိမ့်မလဲ.... ဒို့ ဆရာဘုန်းကြီးကဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အင်း.... ဟင်.... ဘယ်က ဘယ်မရောက်ခင်တုံး.... (အဲအိုက အနာမရောက်ခင်ပါဘုရား) အဲအိုက အနာကို မရောက်ခင်ကလေး၊ ဒီနေရာတွေ့မှာ ဝိပဿနာအလုပ်-လုပ်ပါ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အဲအိုက အနာမရောက်ခင်နော်.... (မှန်ပါ့) ဝိပဿနာလုပ်ရမယ်၊ ရောက်မှာကတော့ မလွဲဘူးသေချာတယ် (မှန်ပါ့)။

အဲ.... ဘယ်အချိန် လုံပ်ရမှာပါလိမ့်.... (အအိုက အနာမရောက်ခင်ပါဘုရား)မရောက်ခင်ကလေးကို မဂ္ဂင်လမ်းခဲ့ကလေး ဒီနား ရှာကြစမ်းပါဆိုတာကို လေးစားစွာနဲ့ တိုက်တွန်းပါတယ် (မှန်လှပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

နို့.... ခန္ဓာသွားလမ်းကတော့ လျှော့မှာလား ဆိုတော့.... သူသွားတာကလေး- သွားတာကတော့ ကောန် သွားတာဘဲ၊ မရောက်ခင်ကလေး ကျုပ်တို့က ဦးအောင်လုံပ်ရမယ် (မှန်ပါဘုရား)ရှင်းပလား.... (ရှင်းပါပြီ)ဘာလုပ်ရမှာတုံး.... (မရောက်ခင်ကလေး ဦးအောင်လုံပ်ရမှာပါ)။

အအိုက အနာသွားတဲ့ကြားထဲမှာ(မှန်ပါ!) ဒီအချိန်ကလေးမှာ ဝိပဿနာအလုပ်-လုပ်ရမယ် (မှန်ပါ!) ဒီအလုပ်-လုပ်တော့မှ မကြောက်သေ ဖြစ်ပြီးသကာလ နိဗ္ဗာန် ရောက်ကြမှာကိုး.... ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ခန္ဓာကြီးကလဲ အမြဲတမ်းသွားတာက အအိုက ဘယ်သွားလေ.ရှိသလဲ.... (အနာသွားပါတယ်) ဒါဖြင့် မရောက်ခင်ကလေး ကျုပ်တို့ ဘာလုပ်ရမလဲ.... (ဝိပဿနာလုံပ်ရပါမယ်)ဒါ လမ်းခဲ့ဘဲဆိုတာ သေချာကြပလား.... (သေချာပါပြီ)။

အဲဒီ အအိုက အနာမရောက်ခင်ကလေး သားရေး သမီးရေး စီးပွားရေးနဲ့.များ တကာ တကာမတွေက အချိန်ကုန်လို့ အနာရောက်ပြီးမှ ဆိုလို့.ရှိယင်ဖြင့် အင်း.... ဘယ်သူမှ တတ်နိုင်တော့မှာမဟုတ်ပါဘူး (မတတ်နိုင်ပါဘူးဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

အဲဒီတော့ သိပ်ပြီးသကာလ ခင်ဗျားတို့ ဘုန်းကြီးပြောတာကို လေးလေးစားစားနဲ့ နားထောင်မှ ကိုယ့်အထင်ကဖြင့်အလွဲချည်းဘဲ.... (မှန်ပါဘုရား) ကိုယ့်အထင်ကဖြင့် (အလွဲချည်းပါဘုရား)။

အဲဒီတော့ အလွဲကြီးကိုဘဲ မူတည်ပြီးသကာလ အကောင်းကြီးရယ်လို့ သိမ်းဆည်းပြီးသကာလ မထားပါနဲ့ဆိုတာကိုလဲ အကြီးအကျယ်တားမြစ်ရတယ်.... (မှန်ပါ့) မတားမြစ်လို့ရှိယင် တော်ပါ့မလား.... (မတော်ပါဘုရား)။

အေး.... ဒါဖြင့် တကာတကာမတို့ လမ်းခဲ့ကလေးတော့ဖြင့် တွေ့ပြီနော်.... (မှန်ပါ့) ဦးခင်မောင်.... ဘယ်ကဘယ်မရောက် ခင်ကလေး ကျုပ်တို့ လမ်းရှာရမှာပါလိမ့်.... (အဲအိုက အနာမရောက်ခင်ပါဘုရား)။

အဲအိုက အနာမရောက်ခင်ကလေး မဂ္ဂင်လမ်း ကျုပ်တို့ မရရအောင် ရှာကြစို့.... (မှန်လှပါ) ဒါ....လုံးဝလက်လွှတ်သွားလို့ရှိယင် ကိုယ်ကျိုး အကြီးအကျယ် နည်းပေါ့.... (နည်းပါတယ်ဘုရား) သဘောကျပလား.... (မှန်ပါ့)။

ကိုယ်ကျိုး အကြီးအကျယ်နည်းလို့ရှိယင် ဦးခင်မောင်ရေ ပြန်လမ်းရှိသေးရဲ့လား.... (မရှိပါဘုရား) အင်မတန်ကြောက်စရာ မကောင်းဘူးလား.... (ကြောက်စရာ ကောင်းပါတယ်ဘုရား)။

အေး.... ဒါကြောင့် ကောင်းအောင်ဟောတဲ့ တရားမဟုတ်ဘူး တကာတကာမတို့.... ခင်ဗျားတို့ အလုပ်ခွင်ပေးတဲ့လမ်း ဘယ်နေရာမှာ လမ်းခဲ့ပြီး ဒီနေရာကနေပြီး သွားပါတော့ ဆို

တာ တိုက်တွန်းတဲ့လမ်းပါဘဲ.... (မှန်ပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ကိုင်း.... ဒါဖြင့် အလုပ်-လုပ်နည်းတော့ သင်ပါတော့မယ် ဆိုတာ တကာတကာမတွေ့ သေချာပလား.... (သေချာပါပြီ) ဒါဖြင့် အလုပ်- လုပ်ရတော့မယ်ဆိုတော့ တကာတကာမတို့သိတဲ့ အတိုင်းတဲ့ တကာ တဲကာမတို့၏ ခန္ဓာငါးပါးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒါ....အားလုံး တရားနာတဲ့ ခန္ဓာငါးပါး.... (မှန်ပါ)။

ဩော်.... ဒီ-ခန္ဓာငါးပါး ဘယ်ကမျှား လာပါလိမ့်မလဲ ဆိုတဲ့ဥစ္စာကလေးကို ဦးခင်မောင် စဉ်းစားရလိမ့်မယ်....(မှန်ပါ) သိကြား ဗြဟ္မာ ဘုရားလာပြီးသကာလ ဖန်ဆင်းလို့ ဖြစ်လေ ရော့သလားဆိုတဲ့ ဥစ္စာကို အမျိုးမျိုး အဖုံဖုံ စဉ်းစားတဲ့အခါ ကျတော့မှ ဩော်.... ဟုတ်ပါကလား.... အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ကြောင့် ဖြစ်တာပါကလား.... မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)ဘယ်သူ့ကြောင့်ဖြစ်တာပါလိမ့်.... (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာကြောင့် ဖြစ်တာပါဘုရား)။

အဝိဇ္ဇာ သင်္ခါရ တို့ကြောင့် ခန္ဓာငါးပါး ဖြစ်ရတယ်.... (မှန်ပါ) ခန္ဓာငါးပါးဆိုတော့ တဲကာတကာမတွေ့ စာရတဲ့ ပုဂ္ဂိုလ်က ဒီလိုမှတ်လိုက်၊ သင်္ခါရပစ္စယာ ဝိညာဏ် ဆိုတာလဲ စိတ်ခန္ဓာဘဲ သဘောကျပလား.... (မှန်ပါ) ဝိညာဏပစ္စယာ နာမရူပ် ဆိုတာလဲ ခန္ဓာဘဲ၊ သဘောကျပလား.... (မှန်ပါ) စေတသိက် ခန္ဓာနဲ့ ရုပ် ခန္ဓာဘဲ၊ ထူးသေးရဲ့လား.... (မထူးပါဘူး)။

အဲ့.... နာမရူပပစ္စယာ သဠာယတန ဆိုတာ စိတ်နဲ့ရုပ်တွေ ဆိုတာ၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန-စိတ်နဲ့ ရုပ်ကို ဘဲ့ ဆိုပြန်တာဘဲ့.... (မှန်ပါ့ဘုရား)ရှင်းပြီ နော့.... (ရှင်းပါပြီ)

သဠာယတနပစ္စယာ ဖဿော ဆိုတာလဲ ဒ-နာမကွန္ဓာထက ဖဿ ဆိုတာဘဲ့.... (မှန်ပါ့) ဖဿ ပစ္စယာ ဝေဒနာဆိုတာလဲ အတူတူဘဲ့၊ ပေါင်းလိုက်တော့ခန္ဓာငါးပါးဘဲပြန်ဖြစ်တယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါင်းလိုက်လို့ ရှိယင် ခန္ဓာဘယ်နှစ်ပါးဖြစ်သလဲ....(ငါးပါးဖြစ်ပါတယ်ဘုရား) ဒါ....သေသေချာချာ မှတ်ပါတဲ့ ပဋိစ္စသမုပ္ပါဒ် ရှည်မနေပါနဲ့တော့ (မှန်ပါ့)။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေဟာ စာဆိုတဲ့ တန်းငြားသော်လဲ ခန္ဓာဖြစ်စဉ်မှာ တပိုင်းတည်း.... (မှန်ပါ့) စာဆိုတော့.... (တန်းပါတယ်ဘုရား) တန်းပြီး ဆိုပါတယ်....တဲ့။

စာက တန်းသာမရေးလို့ ရှိယင် ထပ်ပြီးရေးယင်လဲ အောက် စာလုံးလဲကြည့်ရ၊ အပေါ်စာလုံးလဲ ပီမှာ မဟုတ်တော့ဘူး.... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ)အဲ့ဒါကြောင့် ဟိုမှာ စာတန်းရေးသလို ခင်ဗျားတို့ ခန္ဓာဖြစ်စဉ်ကဒီလိုဟုတ်ပါရဲ့လား.... (မဟုတ်ပါဘူးဘုရား)။

ခန္ဓာဖြစ်စဉ်က ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာသည် တကာတကာမတို့ ခန္ဓာငါးပါး တပေါင်းတည်း ဖြစ်လာတယ်.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဘယ်လိုပါလိမ့်ဗျာ....(ခန္ဓာငါးပါး တပေါင်းတည်း ဖြစ်လာပါတယ်)။

ဩဩ.... ဒီခန္ဓာငါးပါး၊ ဒီ-ခန္ဓာငါးပါးသိတယ်၊ ဩဩ.... ဒီ-ခန္ဓာငါးပါးသည်ကားလို့ ဆိုလို့ရှိယင် တကာတကာမတို့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ တွေက လုပ်လိုက်တာ ယောကျ်ားကလေးတွေလား.... မိန်းမကလေးတွေလားလို့ မေးလို့ရှိယင် ဖြင့် ဘယ်နှယ်ဖြေကြပါ့မယ်.... (ခန္ဓာငါးပါးပါဘုရား) ခန္ဓာငါးပါးဘဲ လုပ်လိုက်တာ.... (မှန်ပါ့)။

တကာတကာမတို့ ဘာလုပ်ပါလိမ့်.... (ခန္ဓာငါးပါး လုပ်ပါတယ်ဘုရား) ယောကျ်ား မိန်းမ နဂိုက ပါ-ပါရဲ့လား.... (မပါပါဘူးဘုရား)ဩဩ....မပါဘူး မပါဘူးနော်....(မှန်ပါ့)။

သို့သော်လဲ ပြင်ဘက် ကျလာတဲ့အခါ အမေ - အဖေက ဟာဒါ ယောကျ်ား ဟဲ့ဒါ မိန်းမဆိုတဲ့ အမှတ် ကလေးကြောင့် ကျုပ်တို့မှာ ယောကျ်ား မိန်းမ တကယ်ထင်ပြီးသကာလ နေတယ်၊ ဟိုလုပ်ပေးလိုက်တဲ့ အစဉ်ကတော့ မပါဘူး.... (မပါ-ပါဘူးဘုရား) လုပ်ပေးလိုက်တဲ့ အစဉ်ကတော့ (ခန္ဓာငါးပါးပါ) ပါကြရဲ့လား.... (မပါ-ပါဘူး)။

ဩဩ.... ဒါဖြင့် လုပ်ပေးလိုက်တဲ့ အစဉ်နဲ့ ဒီ- လူမျှားပြောသံကြားနဲ့ ဘယ်ဟာ အမှန်ယူကြမယ်.... (လုပ်ပေးလိုက်တဲ့ အစဉ်ကို အမှန်ယူပါ့မယ်)။

ဒါဖြင့် ကျုပ်တို့ ဒီဘက်က ထိုင်ကြပါနော်.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဘက်က ထိုင်ကြပါ၊ လုပ်ပေးတဲ့အစဉ်ကို အမှန်ယူကြပါတော့.... (မှန်ပါ့ဘုရား)။

ရှာထဲရပ်ထဲက ပြောပြီး သကာလ သမုတိသစ္စာနဲ့ ပြောတာကို တပိုင်းသာ မှန်၍ အကုန်မမှန်ဘူးဆိုတာ အသာထားလိုက်တာပေါ့.... (မှန်ပါ့ဘုရား)။

တပိုင်းတစတော့ မှန်တာပေါ့ဗျာ.... သမုတိနယ်က မှန်တာပေါ့.... (မှန်ပါ့) ပရမတ္ထနယ်က မှန်ပါရဲ့လား.... (မမှန်ပါဘူး)။

အေး....ဒါကြောင့် သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ ခွဲလိုက်တဲ့ အခါကျတော့ သမုတိသစ္စာက မုသားမတွေ့ရုံတွင် မှန်ပါတယ်၊ ပရမတ္ထသစ္စာကသာ နိဗ္ဗာန် ရောက်သည် တိုင်အောင် မှန်ပါတယ်.... (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါပါပြီ)။

သမုတိသစ္စာကတော့.... (မုသားမတွေ့ရုံလောက် မှန်ပါတယ်) မုသားမတွေ့ရုံလောက် မှန်တယ်ဆိုတော့ သီလလောက် မှန်တာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲ....ပရမတ္ထ သစ္စာကတော့ဖြင့် နိဗ္ဗာန်ရောက်သည် တိုင် အောင် အမှန်မြင်လို့ရှိယင် အမှန်ရောက်နိုင်တဲ့အတွက် ပရမတ္ထ သစ္စာ ကျုပ်တို့ လိုက်ကြစို့.... (မှန်ပါ့ ဘုရား) ဝိပဿနာ အလုပ်-လုပ်တော့မယ်ဆိုတော့ ပရမတ္ထသစ္စာ လိုက်ရပါတယ်- (မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ခန္ဓာ ငါးပါး (မှန်ပါ့) ပေါ်ကြပလား(ပေါ်ပါပြီ) အဝိဇ္ဇာ ပစ္စယာ (သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ....(ခန္ဓာငါးပါးပါဘုရား) ဟော....သင်္ခါရတွေက ခန္ဓာငါးပါး လုပ်လိုက်တာဘဲ ဆိုတာ ကော သဘော်ကျကြပလား....(ကျပါပြီ)။

ကိုင်း.... ဒီခန္ဓာ ငါးပါးကို အခု ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ လို့ စာတွေ့ ရှုတ်နေလို့ ရှိယင်ဖြင့် သိပြီးသားဘဲ ထားလိုက်ပါတော့....(မှန်ပါ့) ဒီအထဲမှာဝေဒနာ

ပစ္စယာ ခန္ဓာထဲက ပါနေတယ်....(မှန်ပါ့) ဝေဒနာ ပစ္စယာ.... (တဏှာပါဘုရား)။

ဩော်....ဒီခန္ဓာ ငါးပါးက ပေါက်ပွားလာတဲ့ တဏှာပါ ကလား....(မှန်ပါ့) ဘယ်က လာတဲ့ဟာတုံး.... (ခန္ဓာ ငါးပါးက ပေါက်ပွား လာတာပါ ဘုရား) ကိုယ့်ခန္ဓာ ခင်တဲ့ တဏှာ.... (မှန်ပါ့)။

ဒါက ဘာပါလိမ့်မတုံး မေးတဲ့ အခါကျတော့မှ ဘဝ တဏှာ....(မှန်ပါ့) ရောက်ရာမှာ ခင်တဲ့ ဘဝတဏှာ.... (မှန်ပါ့ ဘုရား) ဘယ်သူ့ခင်ပါလိမ့်ဗျာ.... (ဘဝ ခင်ပါတယ် ဘုရား) သူမျှား ခန္ဓာငါးပါးလား....၊ မိမိရလာတာလား.... (မိမိရလာ တာပါ)။

ဩော်....ဒါဖြင့် တကာ တကာမတို့ ကိုယ့်ခန္ဓာကလေးမျှား ကိုယ်ခင်ကြရဲ့လားမေးယင် ဘယ်နှယ် ပြောပါ့မလဲ....(ခင်ပါ တယ်ဘုရား)ခင်ကြတယ်နော်....(မှန်ပါ့)ခင်ကြတာပေါ့ တကာ တကာမတို့။

ခွေးဝဲစားကလေး သေချင်သလားလို့ မေးလို့ရှိယင် ခွေးဝဲ စားကလေးက ကျုပ်မသေချင်ပါဘူး.... အိုင်-အိုင်-အိုင်-အိုင်— နဲ့ အော်သေးတယ် သူက....(မှန်ပါ့)မသေချင်လို့ သူမျှား က ရိုက်တော့ သူ သေချင်သလား-မသေချင်ဘူးလား-ဆိုတော့ သေချင်ယင် သူမျှား အရိုက်ခံမှာပေါ့....(မှန်ပါ့)ဒီ-ဒုတ် ချောင် ပြီး သကာလ အော်ပြီး ပြေးရှာတယ်.... (မှန်ပါ) သေချင်လို့ လား.... မသေချင်လို့လား....(မသေချင်လို့ပါဘုရား)။

ဘယ်နှယ်ကြောင့် ဒီ ခွေးဝဲစားကလေး မသေချင်ပါလိမ့် ဆိုတော့ သူ့ဘဝကလေး သူနှစ်သက်နေလို့.... (မှန်ပါ့ဘုရား) ခွေးဝဲစားကလေးကလေ....(မှန်ပါ့)။

ဦးခင်မောင် ခွေးဝဲစားကလေးက သူ့ကိုယ်သူ မနှမြောဘူးလား.... (နှမြောပါတယ် ဘုရား) ဒါဖြင့် ဝေဒနာ ပစ္စယာ တဏှာမှ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဝေဒနာ ပစ္စယာ တဏှာတွင် မဟုတ်ပါဘူး၊ ဒီထဲ ခန္ဓာငါးပါး သညာပစ္စယာ တဏှာ၊ ရူပ ပစ္စယာ-(တဏှာပါ) အေး....သင်္ခါရ ပစ္စယာ....(တဏှာပါဘုရား)။

ဩော်....ခန္ဓာငါးပါး နောက်ကနေပြီး တဏှာ လိုက်ပြီး သကာလ နေပြန်တော့ ဒီမှာလဲ အဝိဇ္ဇာသင်္ခါရ နောက်က နေပြီး အဝိဇ္ဇာသင်္ခါရ ဆိုတာလဲ ဒီတဏှာ ပါသေးတယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) သင်္ခါရဆိုတော့ အကုသိုလ် သင်္ခါရဆိုတော့ တဏှာ မနေဘူးလား.... (နေပါတယ် ဘုရား)။

အင်း....ဟင်....ဒါဖြင့် တကာ တကာမတို့ လူမိုက်မှာ အဝိဇ္ဇာ သင်္ခါရက လာပြီးသကာလ ဒီခန္ဓာကြီးခန္ဓာငါးပါးလဲဒုက္ခသစ္စာ ရယ်လို့ မသိတော့ ခင်မြဲ မခင်ဘူးလား....(ခင်ပါတယ်ဘုရား) ခင်မြဲခင်ပြန်တော့ အဝိဇ္ဇာကော ပါရဲ့လား.... (ပါ-ပါတယ် ဘုရား)။

ဒါဖြင့် မသိ-ခင် (မှန်ပါ့) ဒီခန္ဓာ ငါးပါးကို ဘယ်လိုဖြစ် လာပါလိမ့်....(မသိ-ခင်ပါဘုရား)။

ဩော်....နဂိုရိုးတုန်းကတော့ မသိ-ခင်ကြောင့် ခန္ဓာငါးပါး ဖြစ်တယ် (မှန်ပါ့)ယခု ဒီဘဝမှာလဲ မသိ-ခင် ပြန်ရပြန်တယ် (မှန်ပါ့)ဘယ်လို ဆိုကြပါ့မလဲ....(မသိ-ခင် ပြန်ရပါတယ်)ကိုယ် ကျိုးဖြင့် နည်းပြီ မောင်ကို ကိုယ်ကျိုးနည်းပြီဟော့-(မှန်ပါ့) မသိ-ခင်ကြောင့် ဘာရ,ထားသတုံး....(ခန္ဓာငါးပါး ရ,ထားပါ တယ်ဘုရား)။

ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားကြီး.... (ရပါတယ်ဘုရား) အသေ သွားတဲ့ တရားကြီး ရ,ထားတယ်....(မှန်ပါ့)ယခုအသေ သွားမည့် တရားကြီး ကျုပ်တို့ ဘာလုပ်နေပြန်ပါလိမ့်....(ခင်နေ ပါတယ်ဘုရား)။

အင်း....ခန္ဓာရယ်လို့ ဒုက္ခသစ္စာရယ်လို့ မသိတော့ မသိတာ က အဝိဇ္ဇာ ခင်တာက....(တော်ပါဘုရား) သဘောကျပလား (ကျပါပြီ)။

ဩော်....မသိ-ခင်,က လာပြီး- မသိ-ခင်,နဲ့ဘဲ အခု ကျုပ် တို့ နေပြန်တော့ ဩော်....ဒီ မသိ-ခင် ကလဲ ဒီ ခန္ဓာငါးပါး ပြန်လုပ်ဦးမှာဘဲ....(မှန်ပါ့ဘုရား) လုပ်မလား—မလုပ် ဘူးလား- (လုပ်ပါတယ်ဘုရား) အကြောင်းအကျိုး ဆက်ကြည့်တော့ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဩော်....နဂိုရိုက ဘယ်ကလာခဲ့ပါလိမ့်....(မသိ-ခင်,က လာခဲ့ ပါတယ်ဘုရား) မသိ-ခင်,ကလာလို့ ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားကြီး ကိုယ်ပိုင် ပေ့ါပိုက်နေရတယ်....(မှန်ပါ့ဘုရား) မပိုက် ရဘူးလား....(ပိုက်ရပါတယ်)။

ကိုယ်ပိုင် ပွေ့ပိုက်ပြီး သကာလ နေတဲ့အထဲမှာ မဟုတ်တာကို အဟုတ်ထင်ပြီးသကာလ တကာတကာမတို့ ခန္ဓာရယ်လို့လဲ မသိ၊ သစ္စာရယ်လို့လဲ မသိတဲ့အခါကျတော့ မသိတာကဘာခေါ်ကြမလဲ....(အဝိဇ္ဇာပါဘုရား) ခင်တာက....(တဏှာပါဘုရား)။

အင်း....မသိ-ခင့်က လုပ်လိုက်တဲ့ ခန္ဓာငါးပါးကို ဒီခန္ဓာငါးပါးကိုဘဲ တခါ မသိ-ခင် ထပ်ပေါ်လာပြန်တယ်ဆိုတော့ ကျုပ်တို့မှာဖြင့် နောက်ခန္ဓာနဲ့ အဆက်ပြတ်ဘို့ နောက်ခန္ဓာဒုက္ခသစ္စာကြီးနဲ့အဆက်ပြတ်ဘို့ဖြင့် ဝေးပါသေးတယ်.... (ဝေးပါသေးတယ်ဘုရား)။

ဦးခင်မောင်ရေ— ဘယ်နှယ်နေကြသတုံး....(ဝေးပါ သေးတယ်ဘုရား) ဦးဇင်္ဂရင်တို့ သဘောပါကြရဲ့လား.... (ပါ-ပါတယ်ဘုရား)။

လာတာက ဘယ်ကလာသတုံး....(မသိ-ခင့်က လာပါတယ်ဘုရား) အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဆိုတဲ့ မသိ-ခင့်က လာတယ် (မှန်ပါ့) မသိ-ခင့်က လုပ်လိုက်ခြင်းကြောင့် ခန္ဓာငါးပါးဒုက္ခသစ္စာတရား ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) မပေါ်ကြဘူးလား....(ပေါ်ပါတယ်ဘုရား)။

အခု ဒီခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီးကိုဘဲ တကာတကာမတွေက ခန္ဓာရယ်လို့ မသိ၊ ဒုက္ခသစ္စာရယ်လို့ မသိတာက ဘာ-ခေါ်ကြမယ်....(အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာ၊ မသိတော့ ခင်ပေဦးမှာဘဲ....(မှန်ပါ့) ရရာခန္ဓာကြီး မခင်ပေဘူးလား.... (ခင်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဒီဆေး ထပ်သောက်လို့ ရှိယင်ဖြင့် ဒီအသေကောင် ပေါ်ဦးတော့မှာဘဲ့....(မှန်ပါ့ဘုရား) ဘယ်နှယ်ဆိုကြမလဲ.... (ဒီဆေးသောက်ယင် ဒီ အသေကောင် ပေါ်ဦးမှာပါဘဲ့)။

အခုဟာက ဒီဆေးသောက်လို့ ဒီအသေကောင်ကြီး ပေါ်လာတာ....(မှန်ပါ့)ဒီ ဒုက္ခသစ္စာတရားကြီး-သေရမည့် ခန္ဓာကြီး ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)ယခု ပေါ်လာတဲ့အချိန်မှာလဲ ဆေးပြောင်းသောက်သလား....ဒီဆေးဘဲ ထပ်သောက်သလား....(ဒီဆေးဘဲ ထပ်သောက်ပါတယ်ဘုရား)။

ကိုယ်ကျိုးနည်းပြီ၊ ကိုယ်ကျိုးနည်းပြီ တကာ တကာမတို့၊ အဲဒါ သံသရာမှာ ဒီအတိုင်း လာခဲ့တယ် မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)သဘောပါကြလား....(ပါ-ပါပြီ)။

အင်း....ဟင်....ဒီ ဆေးမှားကြောင့် ဒီ ခန္ဓာ ဘာ-သစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား) အင်း....သေရာသွားတဲ့ ခန္ဓာကြီး ရ-တယ်၊ မရကြဘူးလား....(ရ-ပါတယ်ဘုရား)။

သေရာသွားတဲ့ ခန္ဓာထုပ်ကြီး ရ-ပြန်တော့ သြော်....ဒီဟာကြီးကို သစ္စာဉာဏ်နဲ့ လဲ မသိ၊ ဝိပဿနာဉာဏ်နဲ့ လဲ မသိတဲ့အခါကျတော့ ဒီ ခန္ဓာကြီးကို ဒုက္ခသစ္စာရယ်လို့ လဲ မသိ၊ အနိစ္စတရားရယ်လို့ လဲ မသိပြန်တော့ မသိတာက ဘာပါလိမ့်....(အဝိဇ္ဇာပါဘုရား)မသိယင် ဘာ ဖြစ်တော့မယ် ထင်သတုံး(ခင်ပါတယ်ဘုရား) ခင်-ဦးတော့မှာဘဲဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ချေဉ်....ဒါကြောင့် မသိ-ခင်ကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာ ပေါ်တယ်....(မှန်ပါ့)ဒါကို ယခု သာသနာတော်း ဆရာကောင်း သမားကောင်းနဲ့ မကြုံယင် မသိပြန်ဘူးဆိုလို့ ရှိယင် သူတို့ မသိတဲ့ အဝိဇ္ဇာ သူတို့ ခင်တဲ့ တဏှာကြောင့် အဝိဇ္ဇာ ပစ္စယာသင်္ခါရာ ပြန်ပေါက်လာတယ်....(မှန်ပါ့) မပေါက်ဘူးလား....(ပေါက်ပါတယ်ဘုရား)။

အဲဒီတော့ နောက်ခန္ဓာငါးပါး လာမှာဘဲ သေလို့ ရှိယင်၊ မလာဘူးလား....လာမလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဦးခင်မောင်တို့ မောင်ကိုတို့ တကာဝတို့ အားလုံးဘဲ စဉ်းစားကြပါတော့ ချေဉ်....ကျုပ်တို့သည် မသိ-ခင်ကြောင့် ဒုက္ခသစ္စာ ပေါက်ပွားတယ်၊ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ မသိ ခင်-တခါလာပြန်တော့ နောက်ဒုက္ခသစ္စာ ပေါ်ရမလား-မပေါ်ရဘူးလား....(ပေါ်ရပါတယ်ဘုရား)။

ဒါ သံသရာအတိုနဲ့ လည်ပြတာပါဘဲ့....ပဋိစ္စသမုပ္ပါဒ်နည်းနဲ့၊ သဘောပါကြလား....(ပါ-ပါတယ်) အားလုံးတကာ တကာမတွေ ကျုပ်တို့ ရှေးဘဝက ဘယ်ကမျှား လာခဲ့ကြသတုံး....(မသိ–ခင်–က လာပါတယ်ဘုရား)။

မသိ–ခင်–က် လာလို့ အခု ကျုပ်တို့မှာ မသိ-ခင်–လုပ် လိုက်တဲ့ ဒဏ်ရာကြီးဟာ အခု ခန္ဓာငါးပါး အသုဘတရား ဒုက္ခသစ္စာကြီးနဲ့ နေကြရပါတယ်....(မှန်ပါ့ဘုရား)ဘာနဲ့ နေကြရသလဲ....(ဒုက္ခသစ္စာကြီးနဲ့ နေကြရပါတယ်)။

ခန္ဓာငါးပါး ဒုက္ခဲသစ္စာတရားကြီးကို ပွဲ့ပိုက်ပြီးသကာလ ယုယနေကြရတယ်....(မှန်လှပါဘုရား)ဘယ်တော့မှလဲ သုဘဖြစ်

မှာတုံး....(မဖြစ်ပါဘူးဘုရား) ဘယ်တော့မှလဲ သုခသစ္စာကော (မဖြစ်ပါဘူးဘုရား)။

အင်း....ဟင်....ကျုပ်တို့ အရုပ်ဆိုး အကျည်းတန်ကြီးကို ရ-ထားတယ်ဆိုတာလဲ ပေါ်လာကြပလား....(ပေါ်လာပါပြီ)။

ဒီ အရုပ်ဆိုး အကျည်းတန်ကို အရုပ်ဆိုး အကျည်းတန်လို့ မသိပြန်တာက ဘာပါလိမ့်....(အဝိဇ္ဇာပါဘုရား) ဒုိ့ခန္ဓာထဲက ပေါ်လာတဲ့ အဝိဇ္ဇာက ပြန်ပေါ်တယ်....(ပြန်ပေါ်ပါတယ်) ပြန်ပေါ်လာတော့ ပြန်ပြီးသကာလ ခင်မှုကကော....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် သူတို့နှစ်ခုကလဲ နောက်- အခု ဒီ နှစ်ခုကလဲ ဘာ-လုပ်ဦးမှာပါလိမ့်မတုံးလို့ မေးကြည့်ယင် ဘယ်နှယ်ဖြေကြမလဲ (ဒုက္ခသစ္စာဘဲ လုပ်ဦးမှာပါဘုရား)ခန္ဓာငါးပါး ဒုက္ခသစ္စာတရားဘဲ လုပ်ဦးမယ်....(မှန်ပါ့)။

တကာ တကာမတို့ ကျုပ်တို့ဖြင့် ထုက်ပေါက်မြင်ကြသေးရဲ့လား....(မမြင်ပါဘူးဘုရား) ဒီဒုက္ခပြီး ဟို-ဒုက္ခ ထမ်းရုံဘဲ....(မှန်ပါ့) ဘာ့ကြောင့်တုံး ဆိုလို့ရှိယင် ဒီနေရာမှာ မဂ္ဂင်ဟင်္ဂမစရိယာအကျင့်က ဒီနေရာမှာ သင်းရမှာ မသင်းနိုင်ဘူး-(မှန်ပါ့)။

မသင်းနိုင်ဘဲနဲ့ ဆရာကောင်း သမားကောင်းလဲ မတွေ့၊ တကာတကာမတွေ့မှာ ကိုယ့်ရိုးရာအတိုင်းသာ နေကြတော့မယ် ဆိုလို့ရှိယင်ဖြင့်တဲ့....တကာ တကာမတို့ ဒါ ဒီတုန်းက မိုက်ပြစ်သင့်တယ်- မသင့်ဘူးလား....(သင့်ပါတယ်ဘုရား)။

အဝိဇ္ဇာသန်းရကို တည်ထောင်ခဲ့တဲ့ အတွက် ခန္ဓာငါးပါး မိုက်ပြစ်သင့်တဲ့ တရားကြီး အမိုက်တရားကြီးကို ကျုပ်တို့ ရ-မထားဘူးလား....(ရ-ထားပါတယ်ဘုရား)။

ရတဲ့အထဲ ပြန်မိုက်ပြန်တယ် ....(မှန်လှုပါ)မိုက်ခြင်းကြောင့် နောက်—ဘာ ဖြစ်ဦးမယ် ထင်သလဲ....(အမိုက်ခန္ဓာဘဲ ပြန်ရပါမယ်) ခန္ဓာငါးပါး ဒုက္ခသစ္စာတရားဘဲ ဦးဝတို့ မောင်ကိုတို့ ရ-မယ်(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒို့မိုက်လက်စ သတ်သေးရဲ့လား ....(မသတ်ပါဘူးဘုရား) ဒီဥစ္စာ မိုက်ပြစ်ကြောင့် ဒီ ဒုက္ခသစ္စာ ရ-တယ်.... (မှန်ပါ့) နောက်တခါ ထပ်မိုက်ပြန်တော့.... (ဒုက္ခသစ္စာဘဲ ရ-ပါတယ်)နောက်ထပ် ဒုက္ခသစ္စာ ရ-တယ်....(မှန်ပါ့)။

တဲကာ တကာမတွေ ဒီနေ့ တရားသား ပေါ်လာပါပြီ(မှန်ပါ့)တရားသား ပေါ်လာပါပြီ၊ အလုပ်မသွင်းရသေးဘူး၊မိုက်ပုံကို ဆက်ပြတာ....(မှန်ပါ့ဘုရား) အလုပ်မသွင်းရသေးပါဘူး၊ တကာ တဲကာမတွေ ဘာ-ဆက်ပြတာတုံး....(မိုက်ပုံကို ဆက်ပြတာပါဘုရား)။

အဲ....တပည့်တော်တို့ ရှေးတုန်းက ဘာ-ဖြစ်ခဲ့သတုံးဘုရား၊ သံသရာကြီးက ရှည်လိုက်တော့.... မိုက်ခဲ့သည် မိုက်ခဲ့တော့-မိုက်ခဲ့တဲ့ဘဝက....(၁-နှံပါတ်)မိုက်ပြစ်သင့်တာက (၂-နှံပါတ်ပါ)တခါ ထပ်မိုက်တာက(၃-နှံပါတ်ပါ)၃-နှံပါတ်ပြီးသကာလ တခါ မိုက်ပြစ်သင့်တာ....(၄-နှံပါတ်ပါဘုရား)။

ဒီလိုချည်း လာခဲ့တယ်ဆိုတာဖြင့် မှတ်လိုက်တာပေါ့ .... (မှန်ပါ့ဘုရား) ပေါ်ကြပ လား (ပေါ်ပါပြီ)တယ်ဆိုးဝါး ပါကလား....(ဆိုးဝါးပါတယ်ဘုရား) အင်မတန်ဆိုးဝါးတယ် ဆိုတာ ပေါ်ကြပလား တကာတကာမတို့....(ပေါ်ပါပြီ)။

အခုတခါမှ ဒီနေရာမှာ မပြောင်းလို့ရှိယင် ကျုပ်တို့ဖြင့် ဒီ့ထက်ကိုယ်ကျိုးနည်းတာရှာမတွေ့ပါဘူး-(မှန်ပါ့ဘုရား)ဒီနေရာ ပြောင်းရမည့်နေရာ....(မှန်ပါ့)။

ဦးခင်မောင်....(ပြောင်းရမည့် နေရာပါဘုရား). ၃-မှာ ပြောင်းရမယ်....(မှန်လှပါ) ၁-ကတော့ ကျုပ်တော့ မိုက်ပြီးခဲ့ပြီ....(မှန်လှပါ) ၂-ကဘဲ့ မိုက်ပြစ် သင့်ပြီးပြီ။ (မှန်ပါ့) မောင်ကို ၂-ကတော့....(မိုက်ပြစ်သင့်ပြီးပါပြီ) ၃-ပြန်မိုက်မယ် ဆိုယင် သွားပြီ (မှန်ပါ့) မသွားသေးဘူးလား....(သွားပါပြီ) ၃-ပြန်မိုက်လို့ရှိယင် ၄-မိုက်ပြစ်သင့်တော့မယ်....(မှန်ပါ့)မသင့်ပေဘူးလား....(သင့်ပါတယ်ဘုရား)။

တကာတကာမတို့ ဒီကောင်ကလေးက တယ်ဆိုးပါကလား တနေ့က တခါရိုက်ရသေး အခုလဲ အရိုက်ခံချင်ပြန်ပလားလို့ မေးရုံဘဲ ရှိမှာဘဲ....(မှန်ပါ့) ဒီ့ပြင် မေးစရာမျှား ရှိသေးရဲ့လား....(မရှိပါဘူး)။

အဲဒါကြောင့် တကာတကာမတို့ လူမိုက်နဲ့လူလိမ်မာ ဘာထူးသတုံးကွ-ဆိုတော့ ၃-နံပါတ်မှာ ထူးတယ်လို့ တကာတကာမတွေက မှတ်ပါ....(မှန်ပါ့)။

ဒီဘက်ကလဲ တကာတကာမတွေ့ သိတဲ့အတိုင်းပေါ့ဗျာ။ ၃-နံပါတ်မှာ ထူးတယ်။ ၃-နံပါတ်ကတော့ လူလိမ်မာမှာ တကာတကာမတို့ ဒီနေရာမှာ မဂ္ဂဗြဟ္မစရိယာအကျင့် သွင်းလိုက်ပါတယ်။ ဝိပဿနာရှုတဲ့မင်္ဂကို သွင်းလိုက်ပါတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

လူလိမ်မာမှာတော့ မဂ္ဂဇြဟ္မစရိယာ သွင်းရမယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) လူလိမ်မာမှာ....(မဂ္ဂဇြဟ္မစရိယာ သွင်းရပါမယ်)။

ဒါဖြင့် ဒီခန္ဓာငါးပါး-ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာ တခုခုကို ရှုလို့ရှိယင် မဂ္ဂဇြဟ္မစရိယာ ဒီနေရာ ဖြစ်ပါတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) လူလိမ်မာက ဘာသွင်းသတုံး ဒီနေရာမှာ....(မဂ္ဂဇြဟ္မစရိယာ သွင်းပါတယ်)။

ကောင်းပြီ လူလိမ်မာက မဂ္ဂဗြဟ္မစရိယာအကျင့်ကို သွင်းတော့ လူမိုက်က ဒီဆေး ထပ်သောက်တယ်....(မှန်ပါ့) ဒီဆေး ထပ်သောက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)

ကိုယ့်ရှေးဘဝက နှစ်ခုလုပ်ခဲ့တဲ့ အဝိဇ္ဇာသင်္ခါရကိုဘဲ အဝိဇ္ဇာနဲ့ တဏှာကိုဘဲ ဒီဘဝမှာ အဝိဇ္ဇာနဲ့တဏှာ ပြန်ပြီးသောက်ပြန်တယ် (မှန်ပါ့) ဒီဆေးသောက်လို့ ဒီခန္ဓာကြီး အချပ်ဆိုးကြီး ရထားတယ် ဒီဆေး ပြန်သောက်ပြန်တယ်....(မှန်ပါ့ဘုရား)။

ဒီဆေး ပြန်သောက်တော့ နောက်စုတိမနေ သေလွန်တော့ ဒီခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီးဘဲ ပြန်ရလေဦးမှာဘဲ..... (မှန်ပါ့)။

ဒါဖြင့် ဒီဆေးပြန်သောက်လို့ တော်ပါမလား....(မတော်ပါဘူးဘုရား) ဒါဖြင့် မတော်လို့ရှိယင် ဒီနေရာ ဘာသွင်းရမယ်....(မဂ္ဂဇြဟ္မစရိယာ သွင်းရပါမယ်ဘုရား)။

ဒါဖြင့် လူမိုက်နဲ့လူလိမ်မာ ဘာထူးသတုံးကွလို့ မေးတဲ့အခါ မနေ့က ဗာလပဏ္ဍိတသုတ် သံယုတ်ပါဠိတော်ကြီးကို ပြန်ကောက်ပြီးသကာလ တကာတကာမတွေ ရှင်းပေးနေတဲ့အတွက်

သြော်....မဂ္ဂဗြဟ္မစရိယာ သွင်းတဲ့နဲ့ အဝိဇ္ဇာတဏှာ ပြန်ပြီး သကာလ သွင်းတာနဲ့ ကွာခြားတယ်.....(မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ)။

လူလိမ်မာတော့ ဘာ သွင်းလိုက်တယ်....(မဂ္ဂဗြဟ္မစရိယာ သွင်းလိုက်ပါတယ်) မဂ္ဂဗြဟ္မစရိယာ အလုပ် သွင်းလိုက်တယ်။ လူမိုက်မှာတော့ အဝိဇ္ဇာ တဏှာ ပြန်လာတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ လူလိမ်မာနဲ့ လူမိုက် ဘာထူးသတုံးကွ-လို့ ဘုရားက မေးလိုက်တဲ့ အခါကျလို့ ရှိယင် ရဟန်းတွေက မဖြေနိုင်ဘူးဆိုလို့၊ ကွာ....တဲ့ ငါ သေသေချာချာ ရှင်းပြပါ့မယ် လူမိုက်ကတော့ ၃-နံပါတ်မှာ မဂ္ဂဗြဟ္မစရိယာ မသွင်းဘဲနဲ့ အဝိဇ္ဇာ တဏှာ ပြန်သွင်းတယ်....(မှန်ပါ့)။

ဒီခန္ဓာကြီး ခန္ဓာဒုက္ခသစ္စာရယ်လို့ ရောက်ပြီးမှ မသိတာ ဘာဆိုကြမယ်....(အဝိဇ္ဇာပါဘုရား) ဒါဖြင့် မသိ·ရောက်ရာ ခင်ကြတာက ဘာဆိုကြမယ်....(တဏှာပါဘုရား)။

ဒါဖြင့် လူမိုက်မှာ အဝိဇ္ဇာတဏှာကြောင့် ခန္ဓာဖြစ်တယ် အဝိဇ္ဇာတဏှာဘဲ ပြန်ပြီးသကာလ လာပြန်တော့ ဒီဆေး ပြန် သောက်တဲ့ အဓိပ္ပါယ် မရောက်ဘူးလား.....(ရောက်ပါတယ် ဘုရား) နဂိုရှိသောက်တဲ့ ဆေးမှားကြီးဘဲ အခု ဒုတိယ ပြန် သောက်တဲ့ အဓိပ္ပါယ် မ ရောက် ဘူး လား.....(ရောက်ပါတယ် ဘုရား)။

ဒါဖြင့် လူလိမ်မာကတော့ ဘာထူးသတုံးကွဆိုတော့ ဒီဆေး ပြန်မသောက်ဘူးကွာ-တဲ့ မဂ္ဂဗြဟ္မစရိယာ အကျင့်ကို

သွင်းလိုက်တယ်....(မှန်ပါ့)သွင်းလိုက်တော့ မောင်ကို ဒီဘက်က ခန္ဓာတွေ့ လာဦးမလား....(မလာပါဘူး)။

ဒါဖြင့် ကျုပ်တို့မှာဖြင့် သြော်....ဖြတ်လမ်း တွေ့ပြီ....(မှန်ပါ့) တကာတကာမတို့ ဘာတွေ့ပါလိမ့်....(ဖြတ်လမ်းတွေ့ပါတယ်ဘုရား)။

ဖြတ်လမ်းတွေ့ပြီ နော်....ဖြတ်လမ်းတွေ့တာ ဘာတုံးဆိုတော့ ဒီဘက်မှာ အသေတွေ့ မပေါ်တော့ဘူး....(မှန်ပါ့) ပေါ်ပါ့မလား....(မပေါ်ပါဘူးဘုရား) ဒီအသေ-သေပြီးယင် နောက် အသေခန္ဓာ လာသေးရဲ့လား....(မလာပါဘူးဘုရား)။

ဒါဖြင့် အသေ-သေပြီး သကာလ ဒီနေ့တရား စ, လိုက်ကတည်းက သေရာကို ပြေးသေလိုက်၊ သေပြီး ခန္ဓာပြောင်းပြီး ထမ်းပြီး ပြေးလိုက် သေလိုက်၊ အဲဒီဇာတ်တွေ့ အကုန် သိမ်းပါတယ်....(မှန်ပါ့ဘုရား) မောင်သစ်တို့ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဘာသွင်းရပါ့မယ်....(မဂ္ဂင်္ဂဟ္မစရိယာ သွင်းရပါမယ်) လူမိုက်က ဘာသွင်းပါလိမ့်....(အဝိဇ္ဇာတဏှာ သွင်းပါတယ်ဘုရား) သြော်-အဝိဇ္ဇာနဲ့ တဏှာ ဒီဆေးပြန်သောက်တယ်....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာတဏှာကြောင့် ဒီဆေးဆိုတာကြောင့် ပဌမဆေးကိုက ဆေးမှားကြီး....(မှန်ပါ့) နောက် ဒီဆေး ပြန်သောက်တယ် အဝိဇ္ဇာတဏှာဘဲ ပြန်လုပ်တယ်ဆိုတော့ ဆေးမှားကြီး ပြန်သောက်ရာ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဆေးပြောင်းကြစို့ရဲ့....နော်....(မှန်ပါ့) ဘယ်လိုမျှား ဆရာဘုန်းကြီး အမိန့်ရှိပါလိမ့်....(ဆေး

ပြောင်းကြစို့ရဲ့) ဆေးပြောင်းကြစို့ရဲ့ဆိုတော့ တကာတကာ မတို့ မပြောင်းယင် မဖြစ်တော့ဘူး....(မှန်ပါ့) မပြောင်းယင်ဖြင့် အရင်သေသွားတဲ့ ဒီသေပဲပြီး ဟိုသေပဲ တော့မှာဘဲ....(မှန်ပါ့) မတွေ့ပေဘူးလား....(တွေ့ပါတယ်ဘုရား)။

အဲဒီတော့ အသေဆိုတာကလဲ ကောင်းပါရဲ့လား....(မကောင်းဘူးတဲ့) အသေဆိုတာလဲ မကောင်းဘူးတဲ့၊ သေဆိုတာကလဲ နေပြီးမှ သေရမှာဖြစ်တော့ နေတာကလဲ အပါယ်လေးပါးမှာ နေရမှာ....(မှန်ပါ့) သေတော့ကော....(အပါယ်လေးပါးမှာပါဘဲ) အပါယ်လေးပါးဖြစ်တဲ့ ခန္ဓာကလဲ အပါယ်လေးပါး သေရမယ်....(မှန်ပါ့)။

ဒါကြောင့် တကာတကာမတို့ အင်း-ဟင်....လူမိုက်နဲ့ လူလိမ်မာ ဘာထူးသလဲကွလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ ဘာထူးသတုံးကဆိုတော့ ယနေ့ထူးပုံကလေး မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

လူလိမ်မာက....(မဂ္ဂင်ဟင်္ဂစရိယာသင်္ဘင်းပါတယ်) ၃-နံပါတ်မှာ (မဂ္ဂင်ဟင်္ဂစရိယာသင်္ဘင်းပါတယ်) နံပါတ်ကလေးလဲ မှတ်ထား....(မှန်ပါ့) တစ်-နှစ်-သုံး-သဘောကျရဲ့လား....(မှန်ပါ့)။

၃-နံပါတ်မှာ မဂ္ဂင်ဟင်္ဂစရိယာ သင်္ဘင်းလိုက်တယ် လူမိုက်ကဘာ သင်္ဘင်း လိုက် ပါလိမ့်.....(အဝိဇ္ဇာတဏှာသင်္ဘင်းလိုက်ပါတယ်) အဝိဇ္ဇာနဲ့တဏှာ ပြန်သင်္ဘင်းတယ် လူမိုက်က နော်....(မှန်ပါ့)။

ဩော်....ဒါ ခြားနားပါကလား ဆိုတော့ ဒါဖြင့် လက်ရှိ ခန္ဓာနောက်က အဝိဇ္ဇာနဲ့တဏှာ မလာစေနဲ့....(မှန်ပါ့)ဝိဇ္ဇာနဲ့အလောဘ လာပါစေဆိုတဲ့ အဓိပ္ပါယ် ဟောတယ် (ဟောပါတယ်ဘုရား) ဝိဇ္ဇာနဲ့....(အလောဘ လာပါစေ)။

ဝိဇ္ဇာနဲ့ အလောဘ လာတယ်ဆိုတော့ ဝိဇ္ဇာနဲ့ အလောဘ ဆိုတာ တကာတကာမတို့ လောကီမဂ္ဂင်ငါးပါးကိုဆိုတာ..... (မှန်ပါ့) ရိပ်မိကြပလား (ရိပ်မိပါပြီ) ဝိဇ္ဇာမဂ္ဂင် လာကြပါစေ ဆိုတဲ့ဥစ္စာ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ယနေ့နည်းနည်း ခြားနားသွားပါပြီတဲ့ တကာ တကာမတွေ့ လူမိုက်နဲ့ လူလိမ်မာ ဘာထူးပါလိမ့်....(မဂ္ဂင်ဟူ စရိယာ သွင်းပါတယ်)၃-နံပါတ်မှာ မဂ္ဂင်ဟူစရိယာသွင်းတယ်၊ ရှင်းပလား....(ရှင်းပါပြီ)။

မောင်ကို ဘယ်နှယ်တုံးက္ခ....(၃-နံပါတ်မှာ မဂ္ဂင်ဟူစရိယာ သွင်းပါတယ်)နောက်က တကာ တကာမတွေ့....(၃-နံပါတ်မှာ မဂ္ဂင်ဟူစရိယာသွင်းပါတယ်)။

ဒါက အဝိဇ္ဇာတဏှာကြောင့် အခု လက်ရှိခန္ဓာကြီးက ခင် ဗျားတို့ ဒါခန္ဓာ.... (မှန်ပါ့) အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရ ကြောင့် ခန္ဓာငါးပါးကြီး ပေါ်မနေဘူးလား.... (ပေါ်နေပါ တယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာသင်္ခါရက အလုပ်သမား လက်သည်မို့-၁၊ (မှန်ပါ့) ခန္ဓာငါးပါးက လုပ်တဲ့ အကျိုးမို့-၂.... (မှန်ပါ့) ပြန်မိုက်တဲ့ဥစ္စာက ခန္ဓာငါးပါးရပြီး ကိုယ့်ခန္ဓာ-ကိုယ့်ခန္ဓာရယ် လို့ ဒုက္ခသစ္စာရယ်လို့ မသိ၊ ဖြစ်ပျက်ရယ်လို့ မသိတာက အဝိဇ္ဇာ....(မှန်ပါ့) မသိတော့ ကိုယ့်ခန္ဓာကြီး ကိုယ်မခင်ကြ ဘူးလား....(ခင်ပါတယ်ဘုရား) ခင်တာက....(တဏှာပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာတဏှာကြောင့် နောက် ဘာဖြစ်ဦးမယ်ထင် သေးသတုံး.... (ခန္ဓာငါးပါးဖြစ်ပါတယ်ဘုရား) နောက် ခန္ဓာ ငါးပါး ရမယ်ဆိုတာက မသေချာဘူးလား-(သေချာပါတယ်)။

အို....ဒ-နဲ့ ၂-က လုံလောက်ပေါ့၊ နောက် ဒ-နဲ့ ၂-ကလဲ ဒီအတိုင်း လာမှာပေါ့....(မှန်ပါဘုရား)ဒီ.ပြင် ဘာမျှးပြောင်း လဲစရာ ရှိသေးသတုံး....(မရှိပါဘူး)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒီဆေးဘဲ ပြန်သောက် တယ်လို့ အဋ္ဌကထာဆရာဖွင့်လိုက်တာ သိပ်ဂုဏ်တယ်....(ကိုက် ပါတယ်ဘုရား)။

ပဌမဒီဆေးမှားပြီးသောက်လို့ ဒီခန္ဓာဒုက္ခသစ္စာကြီး ရ-တယ် (ရ-ပါတယ်ဘုရား) ဒီဆေး မှားသောက်ပြန်တော့ ဘယ်.နှယ် ဆိုကြမလဲ....(နောက်ခန္ဓာ ရ-ပါတယ်) နောက်ခန္ဓာ ဒုက္ခသစ္စာ ကြီး မရချင်ပါဘူးဆိုလို့ နေနိုင်ကြပါ့မလား.... (မနေနိုင်ပါ ဘူးဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ တသံသရာလုံး ဟာ ဒီဆေးချည်း ထပ်ထပ်ပြီးသောက်တယ်....(မှန်ပါ့)ဘယ်လို ဆိုကြပါ့မလဲ....(ဒီဆေးချည်း ထပ်သောက်ပါတယ်) ဒီအဝိဇ္ဇာနဲ့ တဏှာကြောင့် ဒီခန္ဓာဖြစ်တယ်....(မှန်ပါ့)။

ဟာ..... ဒီ ဆေး ကောင်းတယ်ထင်လို့ ဒီ ဘဝကျတော့လဲ လက်ရှိခန္ဓာကြီးကို အနိစ္စလက္ခဏာ ဝိပဿနာလက္ခဏာတွေလဲ မရှုဘဲနဲ့ ခန္ဓာရယ်လို့လဲ မသိ သစ္စာရယ်လို့လဲ မသိတော့ အဝိဇ္ဇာက လာပြန်တယ် .... (မှန်ပါ့) အဝိဇ္ဇာ လာပြန်တော့ တဏှာက ဒီခန္ဓာ ဘယ်.နှယ်နေပြန်သလဲ....မခင်ဗျူးလား....(ခင် ပါဘယ်ဘုရား)ခင်တော့ ဒီဆေး ထပ်သောက်ရာ မရောက်ဘူး လား....(ရောက်ပါတယ်)။

ဒီဆေး ထပ်သောက်လို့ ရှိယင်ဖြင့် ဒီ အသေကြီး ရဦးမှာလား....(ရ-မှာပါ) ဒီ အသေထဲ ဆင်းရဦးမှာလား.... (ဆင်းရမှာဖါ) ဒီ အသေပြီးယင် ဒီ အသေ ရ-မှာဘဲ....(မှန်ပါ့)။

ဒါဖြင့် မောင်ကိုတို့ တကာဝတို့ ကျုပ်တို့မှာ တယ်-နစ်နာပါကလား....(နစ်နာပါတယ်)ဒါဖြင့် ဒီခန္ဓာငါးပါးကို ကျုပ်တို့သည် ဝိပဿနာ မရှုလို့ ရှိယင်ဖြင့် မဂ္ဂဇြဟ္မစရိယာအကျင့် ဖြစ်ပါတော့မလား....(မဖြစ်ပါဘူးဘုရား)သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ဒီခန္ဓာငါးပါး ဘာလုပ်ရမလဲ.... (ဝိပဿနာရှုရပါမယ်)ရှုရလိမ့်မယ်နော်၊ဝိပဿနာ ရှုလိုက်တဲ့အခါကျတော့ သူက ဝိပဿနာ အရှုခံတရား၊ သူက ရှုညာဏ်တရား သွားဖြစ်မယ်.... (မှန်ပါ့ဘုရား)။

အရှုခံတရား၊ ရှုညာဏ်တရား....(မှန်ပါ့) အရှုခံနဲ့ ရှုညာဏ်နဲ့ ကိုက်မှသာလျှင် တကာ တကာမတို့ ဒီဉာဏ်လာတော့ ခုနင်က ဒီဥစ္စာကို အနိစ္စ ဒုက္ခ အနတ္တလို့ ခင်ဗျားတို့ဉာဏ်နဲ့ ဘုန်းကြီးက ထင်မြင်အောင်လဲ ပြောပါ့မယ်.... (မှန်ပါ့) ရှုနည်းကိုလဲ သေသေချာချာ ပြမှာဘဲ၊ နဂိုရိုက်လဲ ပြနေတာဘဲ၊ သို့သော် ဒီနှစ် ပိုပြီးသကာလ ပြပါမယ်....(မှန်ပါ့)။

သူတို့နဲ့ မရှုလို့ ရှိယင်ဖြင့် မသိတဲ့ အဝိဇ္ဇာနဲ့ တဏှာ လာမြဲလာမှာဘဲ....(မှန်ပါ့)မလာပေဘူးလား....(လာပါတယ်) ဒါဖြင့် သူတို့လာလို့ ရှိယင် ကျုပ်တို့ အသေထဲမှ ပြန်ရပါ့မလား....(ရပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ အသေလက်စ သတ်နိုင်ပါ့မလား....(မသတ်နိုင်ပါဘူး) အသေလက်စ မသတ်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် အသေလက်စကို သတ်နိုင်တဲ့နည်းသည် မဂ္ဂင်ဟ္မ စရိယာဘဲ ရှိတော့တယ်.... (မှန်ပါ့ဘုရား) ဘယ်လိုပါလိမ့်.... (အသေသတ်နိုင်တဲ့ မဂ္ဂင်ဟ္မစရိယာဘဲ ရှိပါတယ်)။

မဂ္ဂင်ဟ္မစရိယာ အကျင့်ဘဲ ကျုပ်တို့ဖြင့် ကိုးစားရာ အားထားရာအစစ် ဦးဝတို့ မောင်ကိုတို့ ဒါဘဲရှိတော့တယ်....(မှန်ပါ့ဘုရား)ဒါမှ မကျင့်တော့ဘူးဆိုယင်ဖြင့်အဝိဇ္ဇာပြန်လာပါမယ်။

ဒါမှ မကျင့်ယင် ဒီအဝိဇ္ဇာတဏှာ ပြန်လာမှာဘဲ-(မှန်ပါ့) လာယင် ဘာ-ရမလဲ(ခန္ဓာငါးပါး ဒုက္ခသစ္စာတရား ပြန်ရမှာ မဟုတ်လား....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဘာအရေးကြီးသတုံးဆိုတော့ ၃-နံပါတ်မှာ ဘာပြောင်းကြရမလဲ.... (မဂ္ဂင်ဟ္မစရိယာပြောင်းရပါမယ်) ၃-နံပါတ်မှာ မဂ္ဂင်ဟ္မစရိယာ အကျင့်ကို မပြောင်းယင် တော်ပါ့မလား....(မတော်ပါဘူးဘုရား)။

အဲဒီတော့ ဘုန်းကြီး သတိပဋ္ဌာန် ဟောရတော့မယ်၊မဟော လို့ရှိယင် ဖြစ်ပါ့မလား....(မဖြစ်ပါဘူး)။

ကဲ....ခန္ဓာငါးပါး ခဲ့ကြစို့ဆိုတော့ ရုပ်တရားက ကာယာနုပဿနာနော်....(မှန်ပါ့)ရုပ်တရားက ကာယာနုပဿနာ၊ ဝေဒနာက ဝေဒနာနုပဿနာ၊ စိတ်က....(စိတ္တာနုပဿနာပါဘုရား) ကျန်တဲ့ စေတသိက်ကလေးတွေက....(ဓမ္မာနုပဿနာပါဘုရား)။

ဓမ္မာနုပဿနာဆိုတော့ သတိပဋ္ဌာန်မှာ တကာ တကာမတို့ သတိပဋ္ဌာန် လေးမျိုးထဲက တပါးပါးဖြင့် ကျွုပ်တို့ အားကိုး ရတော့မယ်....(မှန်ပါ့ဘုရား)ခန္ဓာငါးပါးကို ဝေဘန်လိုက်တော့ သတိပဋ္ဌာန်လေးပါး လာဖြစ်လာတယ်....(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါး ဝေဘန်လိုက်တော့.... (သတိပဋ္ဌာန်လေးပါး ဖြစ်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် ပေါင်းလိုက်ပြန်တော့လဲ.... (ခန္ဓာငါးပါးဖြစ်ပါတယ်)ခန္ဓာငါးပါးကို တခါ သတိပဋ္ဌာန်နဲ့ ဝေဘန်လိုက်တော့ ဘယ်လောက် ရ-သလဲ.... (လေးပါး ရ-ပါတယ်)။

အဲဒီ. သတိပဋ္ဌာန်လေးပါးဖြစ်သွားတော့မှ ဒီက မဂ္ဂင်ဟ္စ စရိယာနဲ့. နောက်က ကျွုပ်တို့က လိုက်ရမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အခုတော့ နာရီစေ့ပြီး နက်ဖြန်မှ ဆက်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် အမရပူရမြို့ မဂ်လာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့
ဦးချစ်ဆွေ မမွာရုံ၌ ဟောကြားတော်မူသော

ဒီဋ္ဌိမကွာယင်

နိဗ္ဗာန်မမြင်နိုင်တရားတော်

(၂၁-၂-၆၁)

ဝိပဿနာ ဖြစ်ပျက်ကို မြင်ပါလျက်သားနဲ့ အားလဲထုတ်ပါလျက်သားနဲ့ ဘယ်နှယ်ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ဆိုတဲ့ တရားကြီး အာရုံမပြုနိုင်ပါလိမ့်မလဲလို့ မေးလို့ ရှိယင်ဖြင့် ရက်ပေါင်း များစွာ ဟောလာတဲ့အတွက် ဘုန်းကြီးတို့ တကာတကာမတွေ သိပြီးသား ဖြစ်ပါလိမ့်မယ်။

အရှင်ဆန္ဒသည် နှစ်ပေါင်းလေးဆယ်ကျော်တိုင်တိုင် အနိစ္စဒုက္ခ အနတ္တတွေကိုကြုံးစားပါလျက်သားနဲ့ ဘယ်နှယ်ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရပါလိမ့်မလဲလို့ မေးယင် ဘယ်နှယ် ဖြေကြမလဲ.... (ဒီဋ္ဌိမကွာလို့ ပါဘုရား)။

ဒီဋ္ဌိမကွာဘဲနဲ့ ဝိပဿနာ ရှုနေတဲ့အတွက် ဒိဋ္ဌိ ကပ်နေသောကြောင့် တကာတကာမတို့ သိတဲ့အတိုင်းတဲ့ ဝိပဿနာဉာဏ်က အားနည်းတဲ့ ဝိပဿနာ ဉာဏ်ဖြစ်နေတယ်ဆိုတာ သဘောကျကြပြီလား.... (ကျေးဇူးပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ဒီ- ဒိဋ္ဌိမကွာဘဲနဲ့ ဝိပဿနာ ရှုနေသလဲလို့- မေးတဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ်ကို မစဉ်းစားဘဲနဲ့

ရှုနေတဲ့အတွက် ဒိဋ္ဌကမကွာ၊ ဒိဋ္ဌကမကွာဘဲနဲ့ ဉာဏ်နဲ့ဖြစ် လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်ဆိုတဲ့ အနိစ္စထုပ်ကြီး ရှုပြီးသကာလ နေပါတယ်။

ထိုသို့ပင် ရှုပြီးနေငြားသော်လဲ ခရီးပေါက်ပါရဲ့လား၊ မေးလို့ရှိယင်ဖြင့် ဦးခင်မောင်တို့.... ဘယ်နှယ်ဖြကြမလဲ.... (မပေါက်ပါဘူးဘုရား)။

ဒါဖြင့် ဒါဟာ တကာ တကာမတွေ့ ပဋိစ္စသမုပ္ပါဒ် နားမလယ်မှု ရှိသောကြောင့် ဒိဋ္ဌက ကပ်၊ ဒိဋ္ဌကပ်ပြီးသကာလ နေသောကြောင့် ဝိပဿနာရှုပင် ရှုငြားသော်လဲ မဂ် ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို အာရုံပြုနိုင်ပါရဲ့လား.... (မပြုနိုင်ပါဘူးဘုရား) သဘောပါကြလား.... (ပါ-ပါပြီ)။

အဲဒါကြောင့် ရှင်ဆန္ဒသည်ကား ငါတော့ ခက်တဲ့ဒါဘဲ ဆိုပြီး မိမိကျောင်းသခင်မ်းကို ပိတ်ပြီးသကာလ ပရိက္ခရာများ သိမ်းဆည်းပြီးတော့ ရှင်အာနန္ဒာရှိရာ ကောသမ္ဗီပြည်သို့ သွားတာဘဲ။

ထိုကဲ့သို့ သွားပြီးသကာလ သူလျှောက်တယ်၊ အရှင်ဘုရား တပည့်တော်သည်ကား လို့ဆိုယင် အနိစ္စ ဒုက္ခ အနတ္တတွေ့ သာဝတ္ထိပြည်က ကိုယ်တော်တွေ့ကလဲ ဟောပါတယ်၊ တပည့်တော် ကိုယ်တိုင်လဲ ကြုံးစားပါတယ်။ ထိုကဲ့သို့ ကြုံးစားငြားသော်လဲ လိုရာခရီး အပြီးတိုင် မရောက်ဘဲနဲ့ ဘယ်တော့မှ သခ်ါရချုပ်တဲ့ နိဗ္ဗာန်ကို မမြင်ဘူးလို့ သူကလျှောက်တယ်နော်....(မှန်ပါ့)

တကာတကာမတို့ ဘာတဲ့တုံး.... (သခ်ါရချုပ်တဲ့ နိဗ္ဗာန် မမြင်ပါဘူးတဲ့ဘုရား) သခ်ါရချုပ်တဲ့ နိဗ္ဗာန်ကို သူမမြင်ဘူးဘူးတဲ့၊ ခန္ဓာချုပ်တဲ့နိဗ္ဗာန်ကိုလဲ မမြင်ဘူး-ဘူး.... (မှန်ပါ့)။

ဘယ်နှစ်ချက်ပါလိမ့်.... (နှစ်ချက်ပါဘုရား)သင်္ခါရချုပ်တဲ့ နိဗ္ဗာန်လဲ....(မမြင်ဘူးပါဘူးဘုရား) ခန္ဓာချုပ်တဲ့ နိဗ္ဗာန်ကိုလဲ (မမြင်ဘူးပါဘူး)။

ဦးခင်မောင် ဒီနှစ်ချက် သူမမြင်ဘူး-ဘူးဆိုတော့ ရာဂ ဒေါသ မောဟ ချုပ်တဲ့ နိဗ္ဗာန်လဲ သူမြင်နိုင်စရာ ရှိသေးရဲ့လား.... (မရှိပါဘူး)။

အဲဒါကြောင့် တကာတကာမတို့ နိဗ္ဗာန်ဆိုတာ ဘာတုံးလို့ မေးလို့ရှိယင်ဖြင့် ရှင်ဆန္ဒပြောတာ ထောက်ကြည့်လို့ရှိယင်ဖြင့် မောင်ထွန်းလှိုင်တို့ မောင်ကိုတို့.... ရိပ်မိပါလိမ့်မယ်၊ ဖြစ်ပျက် သင်္ခါရချုပ်ရမယ်....(မှန်လှပါဘုရား) နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် (ဖြစ်ပျက် သင်္ခါရချုပ်ရပါမယ်ဘုရား)။

ဖြစ်ပျက်သင်္ခါရ ချုပ်ရမယ်၊ ကိုယ့်စိတ်မှာ တကာတ်ကာမတွေက ရှုလိုက်တဲ့အခါကျလို့ရှိယင် ကိုယ့်စိတ်ကိုရှုရှု၊ဝေဒနာတွေရှုရှု၊ ရုပ်တွေရှုရှု၊ ရှုချင်တာရှုပါတဲ့၊ ဘုန်းကြီးတို့တကာတကာမတွေ၊ ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်ကလေးတွေကို နောက်ကနေ ဥာဏ်နဲ့ရှုပေးပါ.... (မှန်ပါ့)။

နောက်ကနေ ဝိပဿနာဥာဏ်နဲ့ ရှုပေးနေတဲ့အခါကျတော့ ရှေ့ပိုင်းမှာ ကိုယ့်ခန္ဓာထဲမှာ ဝေဒနာကလေးတွေ ဖြစ်ပျက်စိတ်ကလေးတွေ ဖြစ်ပျက်မတွေ့ကြပေဘူးလား.... (တွေ့ကြပါတယ်ဘုရား) အဲဒါ- သင်္ခါရဖြစ်ပျက်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (သင်္ခါရဖြစ်ပျက်ပါဘုရား) သင်္ခါရဖြစ်ပျက်ဆိုတော့ ဒီ- သင်္ခါရချုပ်မှ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား)။

သြော်....ဒါဖြင့်တကာတကာမတို့ သခ်ါရ ဖြစ်ပျက်ကိုမြင်မှ သာလျှင် သခ်ါရအဆုံး မြင်တော့မယ်....(မှန်ပါ့ဘုရား)သတော ပါပလား.... (ပါ-ပါပြီ) သခ်ါရဖြစ်ပျက်မြင်မှ....(သခ်ါရ အဆုံးမြင်ပါမယ်) အဲ....သခ်ါရဖြစ်ပျက်ကိုမြင်ပါမှ သခ်ါရ ဖြစ်ပျက်၏ အဆုံးဟာ နိဗ္ဗာန်လို့ဆိုတာ ယနေ့မှတ်ထား၊လိုက်တာပေါ့.... (မှန်ပါ့)။

သခ်ါရက ဖြစ်ပြီးပျက်နေသောကြောင့် ဒုက္ခသစ္စာ(မှန်ပါ့) သခ်ါရက.... (ဖြစ်ပြီးပျက်နေသောကြောင့် ဒုက္ခသစ္စာပါ)ဖြစ်ပြီးပျက်နေသောကြောင့် ဘာသစ္စာ ဆိုကြမလဲ.... (ဒုက္ခသစ္စာပါဘုရား)။

အဲ.... ရှေ့ကဝေဒနာကလေး ကြည့်လိုက်ပြန်လဲ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်ဆိုတာ အဲ့ဒါ- သခ်ါရဒုက္ခဆိုတာ မောင်ကိုတို့ မောင်ထွန်းလှိုင်တို့ ဒါမှတ်လိုက်တာပေါ့....(မှန်ပါ့ဘုရား)။

ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် ဘာဒုက္ခတဲ့လဲ (သခ်ါရဒုက္ခပါဘုရား) အဲဒီ-သခ်ါရဒုက္ခကို တကာတကာမတွေ ခန္ဓာကိုယ်ထဲမှာကြည့်လိုက်လို့ တွေ့ပြီဆိုလို့ရှိယင် သြော် ငါတော့ဖြင့် သစ္စာဏ် ရပဟ-ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါနော်.... (မှန်ပါ့)။

သစ္စာဏ် ရပဟာလို့ ကိုမြရှေတို့ ဦးဇံရင်တို့သေသေချာချာမှတ်ပါနော်.... (မှန်ပါ့ဘုရား) ဒီ-ဖြစ်ပျက်မှ မတွေ့သေးလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ လူဖြစ်ရှုံးသေးတယ်ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)ဖြစ်ပျက်မှမမြင်သေးယင်.... (လူဖြစ်ရှုံးပါတယ်ဘုရား)။

လူဖြစ်ရှုံးတယ်ဆိုတော့ ဘယ်လို ရှုံးပါလိမ့်မတုံးလို့ ဘုန်းကြီးတို့ တကာတကာမတွေက မေးလို့ရှိယင်ဖြင့် ဘုန်းကြီးကပြောရမှာ တကာတကာမတွေ သာသနာတွင်းသား မဖြစ်သေးဘူး.... (မှန်လှပါဘုရား) ဘယ်လိုမျှားပါလိမ့်.... (သာသနာတွင်းသား မဖြစ်သေးပါဘူးဘုရား)။

သြော်....သာသနာ တွင်းသား မဖြစ်သေးဘူး ဆိုတော့ သာသနာပ လူဖြစ်ခဲ့တာနဲ့ တတန်းတည်း ဖြစ်နေ သေးတယ်ဆိုတာလဲ ရိပ်မိရဲ့လား....(ရိပ်မိပါတယ်ဘုရား)။

ဒါကြောင့် ဝိပဿနာဆိုတာ သာသနာတွင်းမှ ပေါ်တယ်ဆိုတော့ ဟောဒီ ဝိပဿနာဉာဏ်က ရှေ့က ဖြစ်ပျက်တွေကို တကာ တကာမတွေက ရှုလိုက်တဲ့အခါကျတော့ ဖြစ်မှု ပျက်မှုကလေး မြင်လို့ရှိယင် သြော်....အနိစ္စမြင်တယ်ဆိုလဲ ဟုတ်တာဘဲ၊ ဒုက္ခမြင်တယ် ဆိုယင်ကော....(ဟုတ်ပါတယ်ဘုရား) အနတ္တာမြင်တယ်ဆိုယင်ကော-(ဟုတ်ပါတယ်ဘုရား)ဒုက္ခသစ္စာမြင်တယ်ဆိုယင်ကော....(ဟုတ်ပါတယ်ဘုရား)။

အဲဒါ သာသနာတွင်း ဉာဏ်ရတာဘဲလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ရှင်ဆန္ဒသည် တကာတကာမတို့ အနိစ္စတွေ ဒုက္ခတွေ အနတ္တတွေ အားထုတ် ငြားသော်လဲတဲ့ သူ သစ်္ခါရတွေ"အထစ ပန မေ" ဆိုတဲ့ အတိုင်း သစ်္ခါရဒုက္ခချုပ်ရာကို သူ မမြင်ပါဘူး၊ ခန္ဓာငါးပါး ချုပ်ရာသူ မမြင်ပါဘူးဆိုတော့ တကာ တကာမတို့ ဘယ့်နယ်ကြောင့် မမြင်ပါလိမ့်မတုံးလို့ အမေးထုတ်တဲ့ အခါကျလို့ ရှိယင်ဖြင့်ဘဲ့ ခုနင်က သစ်္ခါရတရားဖြစ်တာ၊သစ်္ခါရတရားဖြစ်တဲ့ အခါကျလို့ ရှိယင်ဖြင့် ဖြစ်တာမြဲနေတယ်ထင်တဲ့ သဿတဒိဋ္ဌိကလဲ ခံနေတယ်။

သခ်ၤါရတရား ချုပ်သွားယင် ပြတ်တယ်လို့ ထင်တဲ့ ဥစ္ဆေဒဒိဋ္ဌိ ကလဲ ဦးခင်မောင်ရေ ကပ်နေတယ်....(မှန်လှပါဘုရား)။

ဒါ့ကြောင့် သဿတ ဥစ္ဆေဒ ကပ်နေတဲ့အတွက် ဘုန်းကြီးတို့ တကာ တကာမတွေ့ အရှင်ဆန္ဒသည် နှစ်ပေါင်းလေးဆယ် ကျော်တိုင်တိုင် ဝိပဿနာအလုပ် အားထုတ်ငြားသော်လဲ ဒိဋ္ဌိခံနေလို့ ရှင်းကြပလား.... (ရှင်းပါပြီ) ဘာခံနေပါလိမ့်....(ဒိဋ္ဌိခံနေပါတယ်ဘုရား) ဒိဋ္ဌိခံနေတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ....(မှန်ပါ့)။

အဲဒါကြောင့် ဘုန်းကြီးသည် ဒီရောက်တဲ့ အချိန်ကစပြီး သကာလ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဒိဋ္ဌိဘဲ ခွါနေတာ (မှန်ပါ့)ဒိဋ္ဌိခွါနေတဲ့ ဥစ္စာကို ဒိဋ္ဌိခွါဆိုတာလဲ တကာ တကာမတွေ့ တခြားမဟုတ်ပါဘူးနော်....

"ဒုယနိသိတော ခေါ ကစ္စာန လောကော
ယေဘုယ္ယေန အတ္ထိတ္တဉ္စ နတ္ထိတ္တဉ္စ"။

ကစ္စာယနတဲ့- ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒိဋ္ဌိသည်ကား နှစ်မျိုးရှိတယ်ကွာ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးရှိတယ်ကွ....(မှန်ပါ့ဘုရား)။

တကာ တကာမတွေ့ ဒိဋ္ဌိဘယ်နှစ်မျိုး ရှိသလဲ.... (နှစ်မျိုး ရှိပါတယ်ဘုရား) ဒီ-ဒိဋ္ဌိနှစ်မျိုးက ပဌားလာတာလို့ မှတ်လိုက်စမ်းပါ၊ ကျန်တဲ့ ဒိဋ္ဌိခြောက်ဆယ်ဟာ သူတို့က ပဌားတာဘဲဆိုတာ မှတ်လိုက်တာပေါ့နော်....(မှန်ပါ့)။

ဒါဖြင့် ဒီ ဒိဋ္ဌိနှစ်ခုပြုတ်လို့ ရှိယင်ဖြင့် ကျန်တဲ့ ခြောက်ဆယ်သော ဒိဋ္ဌိတွေ့ ဘာဖြစ်မယ် ထင်ကြသလဲ....(ပြုတ်ကုန်ပါတယ်ဘုရား)။

ပြုတ်မှာဘဲဆိုတာ သိသဖြင့် ဒီ ဒိဋ္ဌကို ဘုန်းကြီးက အရေးတကြီး ဖြုတ်ပေးနေတယ်၊ ဘုရားကလဲ ဖြုတ်ပေးနေတယ်၊ ရှင်အာနန္ဒာကလဲ ရှင်ဆန္ဒ ဖြုတ်ပေးနေတယ် ဆိုတဲ့ဥစ္စာ ဓမ္မကလေးတခု ဖြစ်လာလို့ ရှိယင်ဖြင့် ကိုယ့်ခန္ဓာကြီး ကိုယ်ကြည့်လိုက်လို့ ရှိယင် ခိုင်တယ်ဆိုတာ မြင်နေယင် ဘာ ဒိဋ္ဌပါလိမ့် (သဿတ ဒိဋ္ဌပါဘုရား)။

ကိုယ့်ခန္ဓာကြီး ကိုယ်ကြည့်လို့ ရှိယင်ဖြင့် မသေနိုင်သေးပါဘူး ခိုင်ပါတယ်ဆိုလို့ ရှိယင် ဘာဒိဋ္ဌ ပါလိမ့်.... (သဿတဒိဋ္ဌပါ ဘုရား)။

ဒီ ခန္ဓာကြီး သေပြီးယင် နောက် ဘာမှမဖြစ်တော့ဘူးလို့ ယူလိုက်ပြန်ယင်လဲ (ဥစ္ဆေဒဒိဋ္ဌပါဘုရား) ဥစ္ဆေဒဒိဋ္ဌဘဲ ဆိုတော့ သြော်....ဒါဖြင့် ဦးခင်မောင်ရေ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားမလယ်မှာဘဲ....(မှန်ပါဘုရား) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလယ်မှုပါဘုရား)။

ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားမလယ်မှာဘဲဆိုတော့ အခုဘုန်းကြီးပြလာတာ တကာ တကာမတို့ မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ်လဲ ပြပြီးပြီ မပြဘူးလား....(ပြပြီးပါပြီ)။

မြင်တယ် တွေ့တယ် ခံစားတယ် မလာဘူးလား.... (လာပါတယ်ဘုရား) လိုချင်တယ် စွဲလမ်းတယ် မလာဘူးလား....(လာပါတယ်) အားထုတ်မယ်ကော....(လာပါတယ်) အဲဒါကြောင့်—

> "စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ"။

ဒါမျက်လုံးပေါက်က(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။
ခန္ဓာကိုယ်ထဲမှာ ဒီလို တန်းဖြစ်နေပါသလား ဘုရားလို့မေး
ဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား)။
ဒီနေ့ သေသေချာချာ ရှင်းတော့မယ် တကာ တကာမတို့
ရှင်အာနန္ဒာက ပိဋကတ်သုံးပုံ ရှာလိုက်တော့ ဒိဋ္ဌိခွါတဲ့တရားကို
သူ ရှာတွေ့ပါတယ်၊ဘုရားဆီက သေသေချာချာရလိုက်ပါတယ်။
ရှင်ဆန္ဒ မပူနဲ့ ငါဟောတာကို သေသေချာချာ ရှင်းပြမယ်။
သင် ဒါရှင်းပြီးမှ ရှယင် မင်္ဂြိဟ် ဖိုလ် ဥဿ် ရထိုက်တဲ့ ပဋိုလ်
လို့ကိုဘဲ ဆုံးဖြတ်ချက် ချပေးပါတယ်(မှန်ပါ့ဘုရား)။
ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် နားလယ်ပြီးလို့ရှိယင်ဖြင့် မင်္ဂြိဟ်
ဖိုလ်ဥဿ် ရမည့်ပဋိုလ်ထဲမှာ ဒီ-တကာ တကာမတွေ့လဲ ပါရ
တော့မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ.... (မှန်လှပါဘုရား) ဒါ့
ကြောင့် ကြိုးစား ဖြစ်အောင်ကြိုးစားပါဆိုတာကိုလဲ သတိပေး
လိုက်တယ်....(မှန်ပါ့)။

အခုပြထားတာ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်၊မရှိ
ဘူးလား တကာ တကာမတို့.... (ရှိပါတယ်ဘုရား) ခြောက်ခု
တပြိုင်နက်ဖြစ်တယ်လို့ ဘယ်တော့မှ မယူနဲ့.... (မှန်ပါ့ဘုရား)
ခြောက်ခု....(တပြိုင်နက် မဖြစ်ပါဘူးဘုရား)။

မြင်တာချုပ်ပြီးမှ တွေ့တာဖြစ်မယ် (မှန်ပါ့ဘုရား) ရှင်းပ
လား.... (ရှင်းပါပြီ) တွေ့တာချုပ်ပြီးမှ ခံစားတာ ဖြစ်မယ်၊
ရှင်းကြပလား....(ရှင်းပါပြီ) ခံစားတာချုပ်ပြီးတော့မှ (လိုချင်
တာဖြစ်ပါမယ်ဘုရား) လိုချင်တာ ချုပ်ပြီးတော့မှ.... (စဲလမ်း
တာ ဖြစ်ပါမယ်ဘုရား)စဲလမ်းတာချုပ်ပြီးတော့မှ (အားထုတ်
တာ ဖြစ်ပါမယ်) အားထုတ်တဲ့ကံဖြစ်မယ်....(မှန်ပါ့)။

တခုစီပါကလား ဦးခင်မောင်ရဲ့.... (မှန်လှပါဘုရား)နောက်က တကာ တကာမတွေ ခန္ဓာကိုယ်ထဲ ပေါ်တာက ဖြစ်စဉ် အတိုင်းတော့ တန်းပြီးသကာလ ပြခြင်းကြောင့် ဩော်....အတန်း ပေါ်တယ်ဆိုတာ မအောက်မေ့ဘဲနဲ့ တခုချုပ်ပြီးမှ တခုဖြစ်တယ်လို့ အောက်မေ့ပါ (မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြမယ် (တခုချုပ်ပြီးမှ တခုဖြစ်ပါတယ်ဘုရား)။

တခုချုပ်ပြီးမှ တခုဖြစ်တယ်ဆိုတာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ သေသေချာချာ ဘုန်းကြီးတို့ တကာ တကာမတွေ မှတ်ထားလို့ရှိယင် တခုချုပ်ပြီးမှ တခုဖြစ်တာကို သေသေချာချာ သိလို့ရှိယင် ဒီကနေ မဂ်နဲ့ ရှုလိုက်ပြီဆိုမှဖြင့် မဂ္ဂင်ငါးပါးနဲ့ ရှုလိုက်တဲ့အခါမှာ နှစ်ခုပြူး တွေ့မလား- တခုဘဲ တွေ့မလား.... (တခုဘဲ တွေ့ပါမယ်ဘုရား)။

ဒါဖြင့် "ဧကော ဓမ္မော" လုပ်ကြစမ်းပါ ဆိုတာကော ပေါ်လာသလား.... (ပေါ်လာပါပြီ)ဘာလုပ်ရမယ်.... (ဧကော ဓမ္မော လုပ်ရပါမယ်) တခုတည်း ရှုရမှာက္ခ တခုတည်း ရှုရမှာ ဆိုတဲ့ဥစ္စာ သတ္တဝါသန္တာန်မှာ နှစ်စိတ်ဖြစ်သလား....တစိတ်နဲ့ နေရသလား.... (တစိတ်နဲ့ နေရပါတယ်ဘုရား)။

ဩော်....ဒါကြောင့် မြင်စိတ်ကလေးနဲ့ နေတုန်း သူ မြင်တဲ့စိတ်နဲ့ အသက်ရှင်နေတယ်ဆိုတာကော ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

"တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ" ဖဿကတော့ သူနဲ့ တွဲဖြစ်လို့ ဘုန်းကြီးက မခွဲတော့ပါဘူး....နော် (မှန်ပါ့)။

ကဲ....ဒါဖြင့် တကာ တကာမတို့ မြင်ပြီးသကာလ ခံစားတယ် ဆိုတော့ မြင်တာချုပ်ပြီးမှ ဘာဖြစ်သတုံး.... (ခံစားမှုပါတယ် ဘုရား)။

ဟာ.... ဒါဖြင့် ဒီ ခံစားတာကလေး ကျုပ်တို့ ဝိပဿနာ ရှုရလိမ့်မယ်(မှန်ပါ့) ခုနင်က မြင်တာကိုလဲ ရှုရလိမ့်မယ်၊ မြင်တာ မရှုတော့ပါဘူးဆိုယင် ဘာရှုရမယ်.... (ခံစားတာ ရှုရပါမယ်) ခံစားတဲ့ဝေဒနာ ရှုရုံဘဲဆိုတာ သဘောကျပလား....(ကျပါပြီ)။

ခံစားတဲ့ဝေဒနာ ချုပ်သွားတဲ့အခါ ဒီနေရာ ဘာပေါ်မယ် ထင်ကြသလဲ.... (တဏှာပါ) တဏှာပေါ်မယ်၊ သဘောကျ ပလား.... (ကျပါပြီ) ခံစားတဲ့ဝေဒနာ ချုပ်သွားယင် ဝေဒနာ ချုပ်တဲ့နေရာ ဘာပေါ်မယ်.... (တဏှာပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဘာရှုမလဲ ဦးခင်မောင်ရေ.... (တဏှာရှုရပါမယ်) တဏှာကို ဝိပဿနာရှု (မှန်ပါ့ဘုရား) မောင်ထွန်းလှိုင် ဘာရှုမလဲ....(တဏှာရှုရပါမယ်)ကျေနပ်ကြပလား....(ကျေနပ်ပါပြီ)။

ကဲ.... တဏှာက ချုပ်သွားပြီ တကာ တကာမတို့ ဒီနေရာ ဘယ်သူ ပေါ်မလဲ.... (ဥပါဒါန် ပေါ်ပါမယ်ဘုရား) ဥပါဒါန် မပေါ်ယင်လဲ ကျုပ်တို့ သေတော့မယ်၊ စိတ်မရှိတော့ဘူး.... (မှန်လှပါ) သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ တဏှာကြောင့် ဥပါဒါန်ဆိုတဲ့ အကျိုးတရား မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) ပေါ်တော့ ကျုပ်တို့ ဘာဝိပဿနာ ရှုမယ်....(ဥပါဒါန် ရှုရပါမယ်) တဏှာချုပ်ပြီး သည်၏ အခြားမဲ့၌ ရှုစရာ မရှိပါဘူးလို့ ဒီလိုမယူလိုက်ပါနဲ့ သူ့နေရာ ဘာပေါ်လာမလဲ.... (ဥပါဒါန် ပေါ်လာမယ်)။

ဒါဖြင့် ဥပါဒါန် ဘာလုပ်ကြရမယ်.... (ရှုရပါမယ်) ဒါဖြင့် တခု တခု ရှုရမယ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ကဲ.... တခါ— ဒါဖြင့် ဥပါဒါန် ချုပ်သွားပြီ မောင်ကိုတို့ မောင်ထွန်းလှိုင်တို့၊ ဒီနေရာ ဘာပေါ်မလဲ....(ကမ္မဘဝ ပေါ်ပါ့မယ်) ကံ-စေတနာ ပေါ်မယ် (မှန်ပါ့) မပေါ်ပါနဲ့.ဆိုလို့ ရမလား.... (မရပါဘူး)။

မရတော့ ဦးခင်မောင်— ဘာရှုမလဲ.... (ကံကို ဖြစ်ပျက်ရှုရမယ်) ကံ·စေတနာကို ဖြစ်ပျက်ရှု၊ "ရှုပသဠ္ဌေတနာ လောကေ သဒ္ဒသဠ္ဌေတနာ လောကေ"လို့ သတိပဋ္ဌာန်ပါဠိတော်မှာ မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီတော့ ဒီစေတနာကိုဘဲ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက် ရှုရမယ်ဆိုတာ တကာ တကာမတို့ ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

ဒါဖြင့် ကျုပ်တို့ ဝိပဿနာရှုရမှာ ပင်ပန်းသေးသလား တကာ တကာမတို့ ပေါ်ရာတခုကို ရှုရမှာလား.... (ပေါ်ရာတခုကို ရှုရမှာပါဘုရား)ပေါ်ရာတခုကို ရှုရမှာဆိုတော့ ပေါ်ရာတခုက ဖြစ်ပျက်၊ ရှုတာက မဂ် ဖြစ်-ဖြစ်သွားတယ် (မှန်ပါ့) ပေါ်ရာတခုက.... (ဖြစ်ပျက်ပါဘုရား) ရှုတာက.... (မဂ်ပါဘုရား)။

မဂ်ဖြစ်ပြီးသကာလသွားတော့ သြော်....ဒါသည် ကိုယ့်ခန္ဓာ၏အသေ၊ ဒါ-ကိုယ့်ခန္ဓာမဟုတ်လားဗျာ.... (မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာ၏အသေကို ကိုယ့်ညာဏ်နဲ့မြင်တာ.... (မှန်ပါ့)။

ကိုယ်.အသေကို.... (ကိုယ်.ဉာဏ်နဲ့.မြင်တာပါ) ကိုယ်.အသေကို.... (ကိုယ်.ဉာဏ်နဲ့.မြင်တာပါ) အဲဒါ- ဘာခေါ်ကြမလဲ.... (ဝိပဿနာပါဘုရား) တကာတကာမတို့ ဝိပဿနာဆိုတာဘာပါလိမ့်.... (ကိုယ်.အသေကို ကိုယ်.ဉာဏ်နဲ့.မြင်တာပါဘုရား) သေသေချာချာမှတ်ပါ၊ ဝိပဿနာရှုတယ်- ဝိပဿနာရှုတယ်ဆိုတာ ဦးခင်မောင် တလုံးတည်းနဲ့ မိအောင်ပြောတော့ ဘယ်လိုပြောရမယ်.... (ကိုယ်.အသေ ကိုယ်မြင်အောင်ရှုတာပါဘုရား)။

၁-နံပါတ် အသေကို ၂-နံပါတ် အရှင်ကရှုတယ်၊ သဘောပါပလား.... (ပါ-ပါတယ်) ၁-နံပါတ် အသေကို ၂-နံပါတ် အရှင်က ရှုပါတယ်) ဒါဖြင့် အသေကိုအရှင်က အကြည့်ခိုင်းတာ (မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဘာကိုဘာက အကြည့်ခိုင်းတာတုံး.... (အသေကို အရှင်က အကြည့်ခိုင်းတာပါ) အသေကိုအရှင်က အကြည့်ခိုင်းတော့ကို ဒီ-အရှင်သည် ဒါက တကာတကာမတို့သန္တာန် နောက်မှ ပေါ်တဲ့စိတ်၊ ဟောဒီစိတ်က ဖြစ်ပျက်၊ ရှုတာက ဘာဆိုကြမယ်.... (မဂ်ပါဘုရား)။

ဒါဖြင့် ဒီ-စိတ်ကလေးနဲ့ ပဌမအသက်ရှင်နေတယ်၊ တပဲ့လုံး တကာတကာမတွေ့ မြင်စိတ်ကလေးနဲ့ အသက်ရှင်နေတယ် ဥပမာ ကြားစိတ်ကလေးနဲ့ အသက်ရှင်နေတဲ့ယ်။ ရှိပါစေတော့ နော်.... ဒါကလေးကလဲ တစ်- ခဏ ဆိုတော့.... မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)။

တစ်- ခဏ-ဆိုတော့ ချုပ်သွားတဲ့အခါကျတော့ ဒီ-စိတ်ကလေးနဲ့ အသက်ရှင်နေတာ နောက်စိတ်မလာလို့ ရှိယင် မောင်

ထွန်းလို်င်တို့ မောင်ကိုတို့ သေပြီဆိုရမယ်.... (မှန်ပါ့) မဆိုရ ပေဘူးလား.... (ဆိုရပါမယ်)။

အခုတော့ ဘယ်သူ့ကြောင့် မသေပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ တကာတကာမတွေ ရှုတဲ့စိတ်ပေါ်လာလို့ (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်.... (ရှုတဲ့စိတ် ပေါ်လာလို့ပါဘုရား) ဦးခင်မောင် ရှင်းရဲ့လား.... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ရှုတဲ့စိတ်ပေါ်လာလို့ဆိုတာ တကာတကာမတွေက သိတော့ သြော်.... ရှုတဲ့စိတ်ကလေးနဲ့ အသက်ရှင်နေတယ် ဆို တာကော.... ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ရှုတဲ့စိတ်ကလဲ တစ်-နှစ်ဆိုပြီး သကာလ ချုပ်သွားတဲ့အခါ ကျတော့ မြင်တဲ့စိတ် ချုပ်သွားပြီး ဒီနေရာမှာ သူ့ထုံးစံ အ ဘိုင်း တကာတကာမတို့....ဝေဒနာပေါ်တယ်၊ ပေါ်ချင်တဲ့စိတ် ပေါ်မှာပေါ့ဗျာ.... မပေါ်ပေဘူးလား.... (ပေါ်ပါတယ်)။

ပေါ်ပြန်တော့လဲ ဒါကလေးဟာ အသက်ရှည်မှာလား.... အသက်တိုမှာလား.... အကဲခတ်ပါဦး.... (အသက်တို မှာပါ) အသက်တိုမယ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဒါဖြင့် သူက ဖြစ်ပျက်၊ နောက်ရှုတဲ့စိတ်က နောက်ကလိုက် ပေးတော့ မဂ်ဘဲမဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) ဒါဖြင့် တကာတကာမတို့ အသေကိုအရှင်ကကြည့်ပါ.... (မှန်ပါ့)ဘယ် လိုမှတ်ကြမယ်.... (အသေကိုအရှင်ကကြည့်ပါ)ဝိပဿနာဆိုတာ ဘာပါလိမ့်.... (အသေကိုအရှင်က ကြည့်တဲ့ဘာပါဘုရား)။

ကောင်းပြီ အသေကို အရှင်က ကြည့်တာမှတပါး တခြား သောအလုပ် ဘာမှမရှိဘူးဆိုတဲ့ဥစ္စာ မောင်ကိုတို့.... ကောင်း ကောင်းကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

သူများအသေလား.... မိမိအသေလား(မိမိအသေပါဘုရား) ဒါဖြင့် မိမိအသေကို မိမိအနေက ရှုပါ.... ရှင်းပလား.... (ရှင်းပါပြီ) မိမိအသေကို.... (မိမိအနေကရှုရပါမယ်) မိမိအနေက ရှုပါဆိုတဲ့ အရှင်ကရှုပါဆိုတဲ့ သဘောပါဘဲ.... (မှန်ပါ့)။

ကိုင်းဒါဖြင့် ဒီခန္ဓာထဲမှာဘဲ ကိုယ့်ခန္ဓာကို ကိုယ့်ဉာဏ်နဲ့ ကြည့်ဆိုယင်ကော.... (မလဲ့ပါဘူးဘုရား) အဓိပ္ပါယ် မကိုက်ဘူးလား.... (ကိုက်ပါတယ်ဘုရား)။

ကိုယ့်ခန္ဓာကို.... (ကိုယ့်ဉာဏ်နဲ့ရှုပါ) အဲ....ကိုယ့်ခန္ဓာ ကိုယ့်ဉာဏ်နဲ့ရှုတော့ကို ကိုယ့်ခန္ဓာက အနိစ္စ၊ ကိုယ့်ဉာဏ်က (မဂ္ဂပါဘုရား)။

ကိုယ့်ခန္ဓာက.... (အနိစ္စပါဘုရား) ကိုယ့်ဉာဏ်က.... (မဂ္ဂပါဘုရား) အဲဒီလို သွားလိုက်တော့ပဋိစ္စသမုပ္ပါဒ်ကြီးဟာ ပေါ်ချင်သလိုပေါ်၊ တကာတကာမတို့ ဉာဏ်နဲ့နောက်ကလိုက် (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးကတော့ သူဘယ်အခါမဆို အိပ်နေလဲ တစိတ်ပြီးတစိတ် ဖြစ်နေမှာဘဲ၊ တရုပ်ပြီး တရုပ်ဖြစ်နေမှာဘဲဆိုတာ သေချာပလား.... (သေချာပါပြီ)။

အဲဒါ ဉာဏ်မလိုက်မိလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ဆက်တယ် (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်....(ဉာဏ်မလိုက်မိလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ဆက်ပါတယ်) ဉာဏ်လိုက်ယင်(ပဋိစ္စသမုပ္ပါဒ် ပြတ်ပါတယ်) ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်ဆိုတာ သေချာပလား....(သေချာပါပြီ)။

ကောင်းပြီ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ပြတ်တော့ကို ဒီဘက်က ပြတ်သွားတာလဲ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) ဒါဖြင့်ဒုက္ခ

ပြတ်တာဆိုတာပေါ့ (မှန်ပါ့)တကာ တကာမတို့ ဘာဆိုကြမယ် (ဒုက္ခပြတ်တာပါဘုရား)ဒါဖြင့် တကာတဲကာမတို့ ဝိပဿနာရှု ဆိုတာ ကိုယ့်ဒုက္ခ ကိုယ်ဖြတ်နေတာ (မှန်ပါဘုရား) ရှင်းကြ ပလား.... (ရှင်းပါပြီ)။

အမျိုးမျိုး ပြောနေတယ်နော်....တကာ တကာမတို့(မှန်ပါ့) အမျိုးမျိုး ပြောနေတယ်....တဲ့၊ဒါသဘောတော့တသဘောထဲဘဲ (မှန်ပါ့) ထင်လွယ် မြင်လွယ်အောင်လို့ အမျိုးမျိုး ပြောနေ တယ်တဲ့။

တကာ တကာမတို့ ဝိပဿနာရှုတာ ဘာလုပ်တာတုံးမေးယင် ဘယ့်နှယ် ပြောကြမလဲ.... (ကိုယ့်ဒုက္ခ ကိုယ်ဖြတ်နေတာပါ ဘုရား)။

စဉ်းစားကြည့်ပါ၊ ဒါကလေး ရှုလိုက်တယ်နော်....၊ ဝေဒနာ ကလေး ရှုလိုက်တော့ ဝေဒနာကလေးက ဖြစ်ပျက်၊ ရှုတာက မဂ်ဘဲလို့ နောက်က မလိုက်ရပေဘူးလား.... (လိုက်ရပါတယ် ဘုရား)။

အဲဒီတော့ ဦးခင်မောင်တို့ ကြည့်လိုက်၊ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့က ကြည့်လိုက်တာပေါ့၊ ဝေဒနာပစ္စယာ တဏှာ ဆိုတော့ကို ဒုက္ခဖြစ်ကြောင်းတခု လာသေးရဲ့လား.... (မလာ ပါဘူး) ဥပါဒါန်ကော.... (မလာပါဘူး) ကံတွေကော.... (မလာပါဘူး)။

ဘယ့်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျလို့ ရှိယင် ဒုက္ခ ဖြစ်ကြောင်းလဲ ဖြတ်တယ်၊ ဒုက္ခဖြစ်ကျိုးလဲ ဖြတ်တယ် (မှန်ပါ့ ဘုရား)။

ဝိပဿနာမဂ်သည် ဘာကိုဖြတ်ပါလိမ့်.... (ဒုက္ခဖြစ်ကြောင်းလဲ ဖြတ်ပါတယ်၊ ဒုက္ခဖြစ်ကျိုးလဲ ဖြတ်ပါတယ်)။

ဒါ ဒုက္ခဖြစ်ကြောင်း ဖြတ်တယ်လို့ ဆိုကတည်းက ဘုန်းကြီးတို့ တကာ တကာမတွေက ဒုက္ခဖြစ်ကျိုး အထူး ဖြတ်စရာလိုသေးသလား.... (မလိုပါဘူးဘုရား)။

အဲဒါကြောင့် ဝိပဿနာ အလုပ်သည် ဒုက္ခကို ကုန်ဆုံးအောင် လုပ်တဲ့အလုပ် (မှန်လှပါဘုရား)။

ဝိပဿနာ လုပ်ကြပါလို့ ဘုရားက တိုက်တွန်း၊ ဘုန်းကြီးများက တိုက်တွန်း ဘယ်နှယ်ကြောင့် တိုက်တွန်းပါလိမ့်မလဲ ဆိုယင် ကိုယ့်ဒုက္ခ ကိုယ်သိမ်းကြပါလို့ ပြောတာ (မှန်ပါဘုရား) သဘောပါကြလား.... (ပါ-ပါတယ်ဘုရား) ဘယ်လို ပါကြပါလိမ့်.... (ကိုယ့်ဒုက္ခ ကိုယ်သိမ်းပါလို့ ပြောတာပါဘုရား)။

ကိုယ့်ဒုက္ခ ကိုယ်သိမ်းတဲ့ဆိုတော့ တကာ တကာမတို့ ဖြေးဖြေးသိမ်းတာ ကောင်းသလား၊ မြန်မြန်သိမ်းတဲ့ ကောင်းသလား.... (မြန်မြန်သိမ်းတာ ကောင်းပါတယ်ဘုရား)။

မြန်မြန်သိမ်းတာ ကောင်းလို့ ရှိယင်ဖြင့် တကာ တကာမတို့ သိတဲ့ဘဝမှာ သိမ်းလိုက်ကြ (မှန်ပါဘုရား)။

ဘယ်လို သတိပေးပါလိမ့်.... (သိတဲ့ဘဝမှာ သိမ်းလိုက်ကြ) သိတဲ့ဘဝမှာဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ သိမ်းဖြစ်အောင် သိမ်းလိုက်ကြပါ ဆိုတာကိုဖြင့် လေးစားစွဲနဲ့ဘဲ ဒီတရားပလ္လင်ပေါ်ကနေပြီး တိုက်တွန်းပါတယ် (မှန်ပါဘုရား)။

ခင်ဗျားတို့က နည်းနည်းကလေးမှ ဒီမဂ် မဝင်လိုက်လို့ ရှိယင်ဖြင့် ဝေဒနာပစ္စယာ တဏှာဆိုတာဟာ ဘယ်နည်းနှင့်မှ ဖြတ်လို့မရပါဘူး (မှန်ပါ) ရပါမလား.... (မရပါဘူး)။

တဏှာပစ္စယာ ဥပါဒါန်ကော.... (ဖြတ်လို့မရပါဘူး)ဥပါဒါနပစ္စယာ ကမ္မဘဝေါ.... (မရပါဘူး) ကမ္မဘဝပစ္စယာ-ဇာတိကော....(မရပါဘူး)ဘယ်နှယ်တုံး-ဖြတ်လို့ (မရပါဘူးဘုရား)။

ဒါဖြင့် ကျုပ်တို့ကို ဒုက္ခဖြတ်ပေးမည့်တရားက ဘယ်တရားတုံး ဆိုတော့ ဝိပဿနာမဂ်.... (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကျုပ်တို့ကို ဒုက္ခဖြတ်ပေးမည့်တရား ဘယ်တရားပါလိမ့်.... (ဝိပဿနာမဂ်ပါဘုရား) ဝိပဿနာမဂ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

အဲ.... ဝိပဿနာမဂ် မပါဘဲနဲ့ မောင်ထွန်းလှိုင် လောကုတ္တရာမဂ် ရပါ့မလား.... (မရပါဘူး) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒီတရားကလေးဟာ တကာ တကာမတို့ မဂ်မဝင်လို့ ရှိယင်ဖြင့် ဖြစ်လဲ ဖြစ်တယ်၊ ပျက်လဲ ပျက်တယ် (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်)သူက ဖြစ်ကော.... (ဖြစ်ပါတယ်ဘုရား)။

ဖြစ်တာ သူ့ရှေးကြောင်း ရှိလိမ့်မယ်ဗျာ့ (မှန်ပါ့) မရှိပေဘူးလား.... (ရှိပါတယ်ဘုရား) ရှေးကြောင်းတခုကြောင့် သူဘာလုပ်ရသလဲ.... (ဖြစ်ရပါတယ်) ရှေးကြောင်း ချုပ်သွားယင်ကော.... (ချုပ်ရမှာပါဘုရား)။

ချုပ်သွားမယ်၊ ဒါဖြင့် ဒီတရားကလေးဟာ ဖြစ်လဲ ဖြစ်တဲ့တရား၊ ပျက်လဲ ပျက်တဲ့တရား ဆိုတော့ ဖြစ်လဲ ဖြစ်တဲ့တရား

ပျက်လဲ ပျက်တဲ့ တရားလို့ ဘုန်းကြီးတို့ တကာ တကာမတွေက သိနေတယ် (မှန်ပါ့)။

ဖြစ်လဲ ဖြစ်တာ ဩော်....ရှေးကြောင်းက သူ့ လုပ်လိုက်တော့ ဖြစ်မှာဘဲ၊ ဥပမာ ဝေဒနာဆိုတာ ဖဿကလုပ်လိုက်တော့ မဖြစ် ဘူးလားဗျာ.... (ဖြစ်ပါတယ်ဘုရား)။

ဒါကလေးက ဖဿ၊ ဖဿပစ္စယာ ဝေဒနာထားပါတော့....၊ အင်း....ဒီဝေဒနာကလေးက တကာ တကာမတို့ ဖြစ်လဲ ဖြစ်သင့် ရဲ့လား.... (ဖြစ်သင့်ပါတယ်ဘုရား)။

အင်း.... သူ့ကို ဘယ်သူက ဖြစ်စေပါလိမ့်ဗျာ.... (ဖဿက ဖြစ်စေပါတယ်ဘုရား) ဖဿက ဖြစ်စေတာဆိုတော့ ဩော်.... သူဖြစ်ပေမှာဘဲ၊ အကယ်၍သာ ဖဿများ ချုပ်သွားလို့ ရှိယင် ဦးခင်မောင်ရေ.... ဒီ ဝေဒနာကလေးဟာ.... (ချုပ်ပါတယ် ဘုရား)။

ချုပ်မှာဘဲဆိုတာ သေချာကြပလား.... (သေချာပါတယ် ဘုရား) အဲဒီတော့ ဒါကလေးဟာ ဖြစ်တာကိုလဲ ခင်ဗျားတို့ သိပြီ၊ သူဖြစ်လို့ သူဖြစ်တယ် (မှန်ပါ့) မသိကြဘူးလား.... (သိပါတယ်ဘုရား)။

သူချုပ်လို့.... (သူချုပ်ပါတယ်ဘုရား) သူချုပ်တယ်၊ ဖဿ ချုပ်လို့ ဝေဒနာချုပ်တယ်လို့ တကာ တကာမတွေ မသိလား (သိပါတယ်ဘုရား) သိတော့ တကာ တကာမတွေ သန္တာန်၌ ဖြစ်တာကိုလဲ ဒီတရားကလေး ဖြစ်ထိုက်လို့ ဖြစ်တယ်၊ ဝေဒနာ ကလေးဟာလေ.... (မှန်ပါ့)။

ဘယ်လို ဆိုကြပါ့မယ်.... (ဖြစ်ထိုက်လို့ ဖြစ်ပါတယ် ဘုရား) အင်း....ပျက်ပြန်တော့ကော(ပျက်ထိုက်လို့ ပျက်ပါတယ်ဘုရား) ဒါဖြင့် ဖြစ်ထိုက်လို့ ဖြစ်တယ်၊ ပျက်ထိုက်လို့ ပျက်တယ် ဆိုတာ တကာ တကာမတွေ့ ခန္ဓာကိုယ်ထဲမှာ ယားတဲ့ဝေဒနာကလေး၊ နာတဲ့ဝေဒနာကလေး ဖြစ်ထိုက်လို့ ဖြစ်တယ် ပျက်ထိုက်လို့ ပျက်တယ်ဆိုကတည်းကိုက သြော်-တကာ တကာမတို့ ဒီတရားကလေးဟာ ဘယ်အခါမဆို ဖြစ်ထိုက်တဲ့ အကြောင်း ပေါ်လာယင် ဖြစ်မှာဘဲ(မှန်ပါ့)သဘောကျပလား(ကျပါပြီ)။

ပျက်ထိုက်တဲ့ အကြောင်း ပေါ်လာယင်....(ပျက်မှာပါဘဲ) ဖြစ်ထိုက်တဲ့ အကြောင်း ပေါ်လာယင် (ဖြစ်ပါတယ်)။ ပျက်ထိုက်တဲ့ အကြောင်း ပေါ်လာယင်....(ပျက်ပါတယ်)။

ပျက်မှာဘဲ ဆိုတာ သိသဖြင့် လောကကြီးထဲမှာ ခိုင်တဲ့တရားလဲ မရှိဘူး၊ မြဲတဲ့တရားကော.... (မရှိပါဘူး) ခိုင်တဲ့တရား(မရှိဘူး) မြဲတဲ့တရား....(မရှိပါဘူး)။

အဲ- ခိုင်တဲ့တရား မရှိဘူး ဆိုကတည်းကိုက တကာတကာမတွေ့ သဿတဒိဋ္ဌိ လွတ်သွားပြီ (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)အင်း....ဟင်....မြဲတဲ့တရား မရှိဘူး ဆိုကတည်းကလဲ သဿတဒိဋ္ဌိ မလွတ်ဘူးလား....(လွတ်ပါတယ်ဘုရား)။

ဒီအကြောင်းရှိသ၍ ကာလပတ်လုံး ဒီဥစ္စာ ဖြစ်နေမှာဘဲ ဟုတ်လား.... ဒီအကြောင်း ချုပ်သွားလို့ ရှိယင်လဲ ဒီအကျိုးတရားက ဘယ်နှယ်နေသလဲ....(ချုပ်သွားပါတယ်ဘုရား)ချုပ်သွားမှာဘဲဆိုတာ သိသဖြင့်လဲ တကာတကာမတို့ ခိုင်တယ် မြဲတယ်ဆိုတာ ယူလို့ရသေးရဲ့လား....(မရပါဘူးဘုရား)။

အဲဒီကတည်းကိုက သဿတဒိဋ္ဌိ လွတ်ပါပြီဆိုသဖြင့် သော်.... အကြောင်းဖြစ်၍ အကျိုးဖြစ်တယ်ဆိုတော့ ဒီအကြောင်းဖြစ်၍ ဒီအကျိုးဖြစ်တယ် ဆိုတော့ ဒီကြားမှာ ပြတ်သွားသေးသလား (မပြတ်ပါဘူးဘုရား)။

ပြတ်မသွားတာကို သိလိုက်သဖြင့်တဲ့ ဥစ္ဆေဒဒိဋ္ဌိ လွတ်သွားတယ်.... (လွတ်သွားပါတယ်ဘုရား) သေသေချာချာ မှတ်ပါ တကာ တကာမတို့ ဒါ အရှင်အာနန္ဒာက အရှင်ဆန္နကို ဟာနေတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

ဘယ်သူက ဘယ်သူ့ကို ဟောနေတာ ပါလိမ့်.... (အရှင်အာနန္ဒာက အရှင်ဆန္နကို ဟောနေတာပါဘုရား)အရှင်အာနန္ဒာက အရှင်ဆန္နဟောနေတာ၊ ဒါပြီးလို့ ရှိယင် သူ ရှုလိမ့်မယ်၊ ရှုလို့ ရှိယင် တခါတည်း ရဟန္တာဖြစ်လိမ့်မယ်....(မှန်ပါ့)။

ကဲ-တကာ တကာမတို့ ဒီအကြောင်းဖြစ်ယင် ဒီအကျိုးဟာ (ဖြစ်ပါတယ်ဘုရား) ဖဿဖြစ်ယင် (ဝေဒနာဖြစ်ပါတယ်ဘုရား) ဝေဒနာဖြစ်တယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီ)။

ဒီလိုသိလို့ ရှိယင်ဘဲ တကာ တကာမတို့ သြော်....အကြောင်းဖြစ်လို့ အကျိုးဖြစ်တာဘဲလို့ သိလိုက်လို့ ရှိယင်ဘဲ ဘာဒိဋ္ဌိ စင်သတုံး....(ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား)။

ဥစ္ဆေဒ ဒိဋ္ဌိ စင်တယ် ဒီကြားမှာ တကာ ကကာမတို့ နောက်ဟာ မပေါ်ဘူး ပြတ်သွားတယ်လို့ ယူလို့ ရသေးရဲ့ လား.... (မရပါဘူး) မရကတည်းကိုက ဘာဒိဋ္ဌိ စင်သွားသတုံး (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်)။

သြော်.... ဥစ္စာဒဒိဋ္ဌိ စင်သွားတယ် ဆိုကတည်းက တကာ တကာမတို့ အပါယ် ရသောက်မြစ် ပြုတ်တာနော်.... (မှန်ပါ့ဘုရား) ဘာပြုတ်တာပါလိမ့် (အပါယ် ရသောက်မြစ် ပြုတ်တာပါဘုရား) အပါယ် ရသောက်မြစ် ပြုတ်တယ်ဆိုတာ ကောင်း ကောင်း ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဒါဖြင့် ဒီအကြောင်းသာ ဖဿသာ ချုပ်မယ်ဆိုယင် ဖြစ်ဖေါ် ဖြစ်ဘက် ဝေဒနာက ဘယ် နှယ်နေသလဲ....(ချုပ်ပါတယ် ဘုရား) သြော်....အကြောင်း ချုပ်တော့လဲ ဒီဝေဒနာကလေးက ချုပ်သွားတာဘဲလို့ ဘုန်းကြီးတို့ တကာ တကာမတွေ ညာဏ်ထဲမှာ ဒါ သိမှုနဲ့ ရှင်းထားရမနော်....(မှန်ပါ့)။

အဲဒီကဲ့သို့ ရှင်းထား လိုက်တဲ့ အခါ ကျတော့ စဉ်းစားလိုက် တာပေါ့တဲ့၊ သြော်....အကြောင်းချုပ်လို့ အကျိုး ချုပ်သွားရှာ တာဘဲ ဆိုသဖြင့် ခိုင်မြဲတာ ရှိသေးရဲ့လား (မရှိပါဘူးဘုရား)။ အကြောင်းချုပ်ယင်.... (အကျိုး ချုပ်သွားတာဘဲ) အဲဒီတော့ ခိုင်မြဲတာ ရှိသေးရဲ့လား....(မရှိပါဘူးဘုရား)။

ဒါဖြင့် ခိုင်မြဲတာ မရှိဘူးလို့ သိလိုက်တော့ ဘယ်ဒိဋ္ဌိ စင် သွားသလဲ....(သဿတဒိဋ္ဌိ စင်ပါတယ်)အဲ....အကြောင်းအကျိုး ဆက်တာ မြင်လိုက်လို့ ရှိယင် ဥစ္စာဒဒိဋ္ဌိ ပြတ်ပါတယ်(မှန်ပါ့) သေသေချာချာ မှတ်ပါ ဦးခင်မောင်-နှစ်လုံးတည်း ပြောနေ တယ်....(မှန်ပါ့ဘုရား)။

အကြောင်းကြောင့် အကျိုးဖြစ်တာ မြင်လိုက်လို့ ရှိယင် ဘယ်ဒိဋ္ဌိ စင်သတုံး....(ဥစ္စာဒဒိဋ္ဌိ စင်ပါတယ်) အကြောင်းချုပ် လို့ အကျိုးတရားကလဲ မချုပ်ဘဲမနေနိုင်ဘူး ဆိုတော့ ပျက်စီး သွားရတဲ့ယ်လို့ သိယင်ကော (သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)။

တကာ တကာမတွေ ခင်ဗျားတို့ ဒီနှစ်လုံးဟာ တသံသရာ လုံးက ပါလာတဲ့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကို အကြီးအကျယ် ဖြတ်တဲ့နေ့ဘဲလို့ ဆုံးဖြတ်ချက်ချပါတယ်....(မှန်ပါ့)။

ဒါ-ဖြတ်ပြီးမှ ဝိပဿနာ ရှုလို့ရှိယင် မဂ်မဆိုက်တဲ့ ပုဂ္ဂိုလ်ကို မရှိဘူး....(မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ-ပါပြီ) ဒါဖြတ်ပြီးမှ ဝိပဿနာရှုလို့ရှိယင်....(မဂ်မဆိုက်တဲ့ ပုဂ္ဂိုလ် မရှိပါဘူး)။

အေး....သေသေချာချာမှတ်ပါ။ မဂ်ဥာဏ် ဖိုလ်ဥာဏ် ကေန်ပိုင်ပိုင် ရ-ရမယ်ဆိုတဲ့ ဥစ္စာ တကာ တကာမတို့ ဘာမှ သံသယ မရှိနဲ့နော်....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဖဿနဲ့ဝေဒနာ ပြောသဖြင့် ဦးခင်မောင်ရေ ဝေဒနာပစ္စယာ တဏှာ မလာ ဘူးလားဗျာ.... (လာ ပါ တယ် ဘုရား)ဝေဒနာပစ္စယာ တဏှာ ဝေဒနာဖြစ်လို့ရှိယင် နောက်က တဏှာက....(ဖြစ်ရမှာပါဘုရား)ဖြစ်ရမှာဘဲဆိုတော့ အကြောင်းဖြစ်လို့....(အကျိုးဖြစ်ပါတယ်ဘုရား)။

ဘာဒိဋ္ဌိစင်သတုံး....(ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား) သဘောကျရဲ့လား(ကျပါတယ်) မောင်ကို ပြတ်သွားရဲ့လားဟေ့.... (မပြတ်ပါဘုရား) အကြောင်းဖြစ်လို့.... (အကျိုးဖြစ်ပါတယ်ဘုရား) အကျိုးဖြစ်တယ်ဆိုတော့ အကြောင်းအကျိုး ဆက်မနေဘူးလား....(ဆက်နေပါတယ်)။

အဲ့ဒီလို အကြောင်းအကျိုး ဆက်နေတာမြင်သဖြင့် မဆက်ဘူးလို့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိဟာ မစင်သေးဘူးလား—(စင်ပါတယ်ဘုရား)သေသေချာချာမှတ်ပါနော်....တကာတကာမတွေ သေသေချာချာမှတ်ပါ။

ဝေဒနာပစ္စယာ တဏှာ ဆိုတော့ ဝေဒနာကြောင့် တဏှာ ဖြစ်တယ်လို့ သိလိုက်ရယင်ဘဲ ဘယ်ဒိဋ္ဌိ စင်သတုံး....(ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား)။

ဝေဒနာ ချုပ်သွားလို့ ရှိယင်လဲ ဒီတဏှာလဲ သူ့သခင်က ချုပ်ပေါ့၊ သူ့ကျွန်ဟာလဲ ချုပ်ရတော့မှာဘဲဆိုတာ မသေချာ ဘူးလား....(သေချာပါတယ်ဘုရား) ဒါ-ကျတော့ ဘယ်ဒိဋ္ဌိ စင်သွားသတုံး.... (သဿတဒိဋ္ဌိ စင်သွားပါတယ်)။

တော်ပြီ ဒီလောက်ဆိုယင် တကာတကာမတို့ ဒီလောက်ဆိုယင် ခင်ဗျားတို့ သဿတ ဥစ္ဆေဒ စင်ပြီ၊ ခင်ဗျားတို့ စိတ်ကြီးဟာ တနေ့လုံးပတ်နေဦး—တနေ့လုံးပတ်ပြီးသကာလ လှည့်နေဦး ဩော်.... အကြောင်းဖြစ်လို့ အကျိုးဖြစ်နေတာဘဲ အကြောင်းချုပ်လို့ အကျိုး ချုပ်နေတာဘဲမှတပါး ဘာရှိသေးသတုံး.... (ဘာမှမရှိပါဘူး)။

တနေ့လုံးပတ်နေ၊ တနေ့လုံးပတ်နေတကာတကာမတွေစိတ်တွေကတော့ မရပ်မနားပါဘဲ ဦးခင်မောင်.... စိတ်တွေက ဘယ်လိုပါလိမ့်.... (မရပ်မနားပါဘုရား)။

မရပ်မနားဖြစ်ပြီးသကာလ နေငြားသော်လဲ ဩော်.... အကြောင်းဖြစ်တော့ဘာတုံး.... (အကျိုးဖြစ်ပါတယ်ဘုရား) အကြောင်းဖြစ်လို့ အကျိုးဖြစ်နေတာဘဲလို့ ခင်ဗျားတို့ဥာဏ်ထဲ ရှင်းပလား.... (ရှင်းပါပြီ)။

နောက်— ပျက်စီးသွားပြန်တော့လဲ ဘယ်လိုဆိုကြပါမယ်.... (အကြောင်းချုပ်လို့ အကျိုးချုပ်တာပါဘုရား) အကြောင်းချုပ်လို့ အကျိုး ချုပ်တာဘဲလို့ သိ-သွားပြန်တော့လဲ တကာတကာမတို့ သဿတဒိဋ္ဌိဟာ ခိုင်မြဲတယ်လို့ ယူစရာအကြောင်း

မြင်သေးရဲ့လား.... (မမြင်ပါဘူးဘုရား) ခိုင်မြဲတယ်လို့ ယူစရာ အကြောင်းကို မမြင်ပါဘူးဆိုတာ ကျေနပ်ကြပလား.... (ကျေနပ်ပါပြီ)။

ဒါဖြင့် တကာတကာမတို့ သဿတ ဥစ္ဆေဒ ယနေ့စင်ပလား (စင်ပါပြီဘုရား) ကဲ.... တခေါက်ပြန်မေးမယ်၊ တခေါက်ပြန်မေးမယ်၊ ပြီးမှ ဝိပဿနာရှုနည်းပြမယ်.... (မှန်ပါ့)။

လေးလေးစားစားမှတ်ပါ တကာတကာမတို့ ယနေ့ဥစ္စာက အလုပ်မလုပ်ခင် ရှင်းတဲ့နည်းကို ဦးခင်မောင် ပြနေပါတယ်.... (မှန်လှပါဘုရား) ကိုမြရွှေတို့ ဦးဇင်္ဂရင်တို့ ဘာပြနေသလဲ.... (ရှင်းတဲ့နည်း ပြနေပါတယ်) အလုပ်-မလုပ်ခင် ရှင်းဘို့နည်းကို ပြနေတယ်....(မှန်ပါ့ဘုရား)။

လုပ်ပုံကတော့ အလွယ်ကလေးရယ်၊ လုပ်ပုံကတော့ရှုံ့ဘဲ— (မှန်ပါ့) မလုပ်ခင်ကရှင်းရတာ၊ အိမ်ပေါ် တက်နေရတာနဲ့ အိမ်ဆောက်ရတာ ဦးခင်မောင် - ဘယ်သူက ကြာသတုံး.... (အိမ်ဆောက်ရတာက ကြာပါတယ်ဘုရား)။

ဒီမှာလဲ အိမ်ဆောက်နေရတာက ကြာနေတာ တကာတကာမတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် အိမ်ပေါ်တက်ဘို့ရာက အလွယ်ကလေးပါ နော်.... (မှန်ပါ့ဘုရား) သဘောပါကြလား.... (ပါ-ပါတယ်ဘုရား) ကဲ....ဒါဖြင့် အခု ရှေ့ပိုင်းက ရှင်းပြနေတာ ဒိဋ္ဌိဘယ်နှစ်ပါး ရှင်းနေသတုံး.... (နှစ်ပါး—ပါဘုရား)။

ကိုင်း....ဒါဖြင့် တတာတကာမတို့ တဏှာနဲ့ ဥပါဒါန်၊ ဥပါဒါန်နဲ့ကံ လုပ်ပါတော့-ဒါက ဥပါဒ်ါန်၊ ဥပါဒါန်ရှိနေယင် ကံ လာတော့မယ်.... (မှန်ပါ့) မလာ ပေဘူးလား.... (လာပါမယ်)။

ဒါဖြင့် ဥပါဒါန်ဖြစ်ခြင်းကြောင့် ဥပါဒါန်က ကျေးဇူးပြုခြင်းကြောင့် ကံ-ဖြစ်ရတယ် (မှန်ပါ့ဘုရား) သိကြပလား.... (သိပါပြီဘုရား) ဥပါဒါန်က ကျေးဇူးပြုသောကြောင့်.... (ကံဖြစ်ပါတယ်ဘုရား)။

ကိုင်း.... ဘယ်ဒီဋ္ဌိ စင်သတုံး.... (ဥစ္ဆေဒဒီဋ္ဌိ စင်ပါတယ်) သြော်....အကြောင်း အကျိုးက ဆက်သကိုး၊ ပြတ်သွားတာမဟုတ်ဘူး.... (မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဆက်သွားသလား....ပြတ်သွားသလား (ဆက်သွားပါတယ်ဘုရား)။

သေသေချာချာစဉ်းစားကြပါ တကာတကာမတို့ ဥပါဒါန်ရှိနေလို့ရှိယင် ဥပါဒါနပစ္စယာ ကမ္မဘဝေါဆိုသဖြင့် ဥပါဒါန်ဖြစ်လို့ရှိယင် ကံဟာ.... (ဖြစ်ပါတယ်ဘုရား)။

ဒါကြောင့် တကာတကာမတို့ ဟိုဘုံမှာ ပဋိသန္ဓေနေရ ဒီဘုံမှာ ပဋိသန္ဓေနေရဆိုတာ ဒီ—ဥပါဒါန် မပြုတ်တဲ့အတွက် ဒီကံပေါ်ပေါ်နေတာ.... (မှန်လှပါဘုရား) အဲဒီတော့ ကံ-ကနေပြီး ပဋိသန္ဓေပစ်ချလိုက်တာဘဲ၊ မချပေဘူးလား (ချပါတယ်ဘုရား)

အဲဒီတော့ လိုရင်းကဘယ်သူပါလိမ့်မတုံးဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ) ဥပါဒါန်မပြုတ်လို့ ကံ- မပြုတ်တာ.... (မှန်ပါ့) ကံ- မပြုတ်လို့ ကျုပ်တို့မှာ ပစ်ချသလိုခံရတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဥပါဒါန် မပြုတ်တော့.... (ကံ-မပြုတ်ပါဘူး) ကံ—မပြုတ်တော့.... (ပစ်ချသလိုခံရပါတယ်) ပစ်ချသလိုခံကြရတယ်၊ ပဋိသန္ဓေနေကြရတယ်ဆိုတာ တကာတကာမတွေ သေချာပလား (သေချာပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဥပါဒါန်ချုပ်မှု ကံ-ချုပ်မယ် (မှန်ပါ့) ဦးခင်မောင် ဘာတဲ့တုံး.... (ဥပါဒါန်ချုပ်မှု ကံ-ချုပ်ပါမယ်ဘုရား) ဥပါဒါန်ရှိနေယင်.... (ကံ မချုပ်ပါဘူး)။

ဒါဖြင့် ဥပါဒါနပစ္စယာ ကမ္မဘဝေါလို့ သိလိုက်တော့ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့် ကံ-ဖြစ်ရတယ်ဆိုတာ သိသဖြင့် ဘယ်ဒီဋ္ဌစင်သတုံး.... (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား)။

အို့....အတော်ပိုင်ပြီ ဒီတရားပဲမှာ တကာတဲ့ကံမတို့ တော်တော်ကို ပိုင်သွားပြီ၊ ဥပါဒါန်ဖြစ်လို့ ကံဖြစ်ရတာဘဲ၊ ဒီလို သိလိုက်တော့ဘာဒိဋ္ဌိစင်သွားသတုံး....(ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား) ပြတ်သေးရဲ့လား.... (မပြတ်ပါဘူး) မပြတ်တာသေချာ မသွားဘူးလား.... (သေချာပါတယ်)။

ကိုင်း....ဒါဖြင့် နိဗ္ဗာန်ဝင်တဲ့ ပုဂ္ဂိုလ်များကျတော့ တကာတကာမတို့ ဥပါဒါန်က ချုပ်သွားတော့ ဘယ့်နယ်လဲ (ကံ-က ချုပ်သွားပါတယ်) ကံ-က ချုပ်သွားတဲ့အခါကျတော့ ဒီဘက်အထည်ပေါ်သေးရဲ့လား.... (မပေါ်ပါဘူးဘုရား)။

မပေါ်တာ ထောက်လိုက်လို့ရှိယင်ဖြင့် သြော်....ဥပါဒါန် ချုပ်ယင် ကံ-ချုပ်တာဘဲလို့ သိသဖြင့် ဘာဒိဋ္ဌိ စင်သွားသတုံး....(သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)။

အဲ....အဲဒီတော့ ဒိဋ္ဌိနှစ်ခုလဲ စင်ပါရော တကာတကာမတို့ ဒီဘက်က နိဗ္ဗာန် သဘောကျတယ်.... (မှန်ပါ့ဘုရား) သဘောမကျဘူးလား(ကျပါတယ်ဘုရား) ဒီဘက်က နိဗ္ဗာန် သေသေချာချာ သဘောကျတယ်....(မှန်ပါ့)။

သြော်....ဒီအကြောင်းတွေ ချုပ်တဲ့အတွက် အကျိုးတရားဆိုတာ မပေါ်တော့ဘူး၊ ဒုက္ခအကျိုးတရားတွေ မပေါ်တော့ဘူး၊ ဒုက္ခချုပ်ငြိမ်းတာသာ ပေါ်တော့တယ်လို့ မလာဘူးလား....(လာပါတယ်ဘုရား) ကျေနပ်ကြပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ ဒီဥပါဒါန်တွေ ချုပ်သွားတဲ့အတွက် ကံချုပ်တယ်၊ကံချုပ်ခြင်းကြောင့် နိဗ္ဗာန် ပေါ်တယ်ဆိုတာကော မသိဘူးလား....(သိပါတယ်ဘုရား)။

အဲဒီတော့ ကံချုပ်ခြင်းကြောင့် နိဗ္ဗာန်ပေါ်တယ်လို့ သိထားပြန်တော့ တကာ တကာမတို့ သြော်.... သတ္တဝါတွေ ကံမကုန်သ၍ ကာလပတ်လုံးဟာဖြင့် ကံကလှည့်ပြီး အကျိုးပေးနေမယ်ဆိုယင်ဖြင့် နိဗ္ဗာန်ဟာ မရတော့ဘူးပေါ့.... (မှန်ပါ့) ကျေနပ်ကြရဲ့လား....(ကြေနပ်ပါတယ်)။

ဒါဖြင့် ဥပါဒါန် ချုပ်မှလဲ.... (ကံချုပ်ပါတယ် ဘုရား) ဥပါဒါန်ချုပ်မှ ကံချုပ်မယ် သိသဖြင့် တကာ တကာမတွေ ဘယ်ဒိဋ္ဌိစင်ပါလိမ့်....(သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား) ဥပါဒါန်ဖြစ်လို့ ကံဖြစ်တယ်လို့ သိယင်....(ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်)။

နေရာကျပါပြီ တကာ တကာမတို့၊ ဒါဖြင့် ဝိပဿနာရှုတော့၊ ခင်ဗျားတို့ ပေါ်ရာရှုတော့ ကိုက်ပြီ၊ တကာတကာမတို့ ဝိပဿနာရှုနည်း သင်တော့မယ် သဿတ ဥစ္ဆေဒ ဖြုတ်ပြီးပြီ-(မှန်ပါ့)။

သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ကတည်းက သက္ကာယဒိဋ္ဌိက အလိုလိုပါသွားပြီ၊ သက္ကာယဒိဋ္ဌိ မရှိတော့ပါဘူးဆိုတာ မှတ်လိုက်တာပေါ့....(မှန်ပါ့)အခု သညာနဲ့ ဉာတပရိညာနဲ့ ဖြုတ်

ပြီးပါပြီ....တဲ့၊ ပဋ္ဌမနဲ့ ဖြုတ်ပါဦးမယ်၊ ပဋ္ဌမနဲ့ အလုပ်ဟာလဲ ဖြုတ်တဲ့အလုပ်ဘဲဆိုတာ မှတ်ထားလိုက်တာပေါ့-(မှန်ပါ့) ပဋ္ဌမအလုပ်ဟာ....(ဖြုတ်တဲ့အလုပ်ပါဘုရား)။

ဖြုတ်တဲ့အလုပ်ဘဲဆိုတာ မှတ်ထားတာ၊ဒါ ဘုန်းကြီး ဟောနေတယ်လို့ မအောက်မေ့ပါနဲ့ အရှင်အာနန္ဒာက အရှင်ဆန္နကို ဟောနေတယ်လို့သာ မှတ်ပါနော်....(မှန်ပါ့) ဒါ သူ့ဝတ္ထုကို ထုတ်ပြနေတာ....(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့သန္တံဝန်မှာ မျက်စိထဲ မြင်တဲ့စိတ်ကလေးလဲ ပေါ်ပါလိမ့်မယ်နော်....(မှန်ပါ့) နားထဲကြားတဲ့ စိတ်ကလေးကကော....(ပေါ်ပါတယ်ဘုရား) နှာခေါင်းထဲ နံတဲ့စိတ်ကော.... (ပေါ်ပါတယ်ဘုရား) လျှာက စားတဲ့ စိတ်ကလေး....(ပေါ်ပါတယ်ဘုရား)ကိုယ်ပေါ်မှာ ယားယံတဲ့စိတ်ကလေး.... (ပေါ်ပါတယ်) ကိုယ်ပေါ်မှာ ကောင်းတဲ့စိတ်ကလေး....(ပေါ်ပါတယ်ဘုရား)။

ဟော....ဒါ တနေ့ကလဲ ပြပြီးခဲ့ပြီ၊ ဒါတွေ့ ပြင်ဘက်မှာ ပေါ်တဲ့အတွက် အပြင်ည့်သည် ခြောက်ယောက်.... (မှန်ပါ့) ဘယ် နှယ်ဆိုကြပါ့မယ်....(အပြင်ည့်သည် ခြောက်ယောက်ပါဘုရား)အပြင်ည့်သည် ခြောက်ယောက်၊ဒါ ရှုရလိမ့်မယ်နော်-(မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေတော့ မေတ္တာကလဲရှေ့ထား၊ကြားဘူးနားဝကလဲ ဒီဥစ္စာက ပြောနိုင်ဆိုနိုင်မှလဲ အာဘိုးတန်တာ ဖြစ်နေတော့ ဒီခြောက်ခုဟာ တကာ တကာမတို့ တပြိုင်နက် ဖြစ်သလား....တခုတည်းဘဲ ဖြစ်လေ့ရှိသလား-(တခုတည်းဘဲ ဖြစ်လေ့ရှိပါတယ်ဘုရား)။

ဩော်....တခုတည်းကို လိုက်ရှုပါ....(မှန်ပါ့) ဖြစ်ကောင်းတာက ဘယ်နှစ်ခုတုံး....(ခြောက်ခုပါဘုရား) ဖြစ်ပေါ်နိုင်တာကတော့....(တခုတည်းပါဘုရား)ဖြစ်ပေါ်နိုင်တာက တခုတည်း၊ ဖြစ်ကောင်းတာကဖြင့်.... (ခြောက်ခုပါဘုရား) အင်း....ဟင်....တကာ တကာမှတို့ ဖြစ်ပေါ်နိုင်တာကတော့ဖြင့်.... (တခုတည်းပါဘုရား)။

အေး.... ဒါက ဖြစ်ကောင်းတာက သူ့နေရာနဲ့သူ ဖြစ်ကောင်းတာက ခန္ဓာကိုယ်ရှိနေယင် ဒီခြောက်ခု မပေါ်ယင် မဖြစ်ဘူး၊ သဘောကျပလား....(မှန်ပါ့) သို့သော် ခြောက်ခုတပြိုင်နက်တည်း ပေါ်သလား....တစိတ်တည်း ပေါ်ရသလား-(တစိတ်တည်း ပေါ်ရပါတယ်)။

အဲဒီ့စိတ်ကို ကျုပ်တို့က ဒီကနေ မဂန့် လိုက်ရမယ် ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)ဘယ်သူ့ လိုက်ရမှာပါလိမ့်....(ပေါ်တဲ့စိတ် လိုက်ရမှာပါ)နှစ်စိတ် လိုက်ရမှာလား.... တစိတ်လိုက်ရမှာလား....(တစိတ်လိုက်ရမှာပါဘုရား)။

အဲဒါ စိတ္တာနုပဿနာ၊ ဒီက-စိတ္တ၊ ဒီက-အနုပဿနာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား) ချုပ်သွားတာကလေးက ဘာပါလိမ့်(စိတ္တပါ)စိတ္တ၊ဒီကရှုတာက-(အနုပဿနာပါ)။

အဲ....စိတ္တနဲ့ အနုပဿနာနဲ့ ပေါင်းလိုက်တော့ စိတ္တာနုပဿနာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) စိတ္တာနုပဿနာဖြစ်ပုံကို ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

အဲဒီတော့ ဒီ စိတ်ဖြစ်ပျက်တာကို ဒီက မသိဘဲနေလို့ရှိယင် စိတ္တာနုပဿနာ မဟုတ်တော့ဘူး.... (မှန်လှပါ) ပဋိစ္စသမုပ္ပါဒ် ဆက်သွားပြီ....(မှန်ပါ့) ဆက်သွားတော့ မြင်တယ် လိုချင်တယ်

စဲ့လမ်းတယ် ဒီဘက် ဆက်သွားပြန်တာဘဲ၊ မသွားပေဘူးလား-(သွားပါတယ်ဘုရား)။

အဲဒါ အင်မတန် ကြောက်စရာ မကောင်းဘူးလား .... (ကောင်းပါတယ်ဘုရား) အေး....ဒါကြောင့် စိတ္တာနုပဿနာဖြစ်အောင်လုပ်ပါ.... (မှန်ပါ့) ဘယ်လိုမှာပါလိမ့်.... (စိတ္တာနုပဿနာဖြစ်အောင် လုပ်ရပါမယ်)။

ချုပ်ပျက်သွားတာကလေးက....(စိတ္တပါဘုရား) ရှုတာက.... (မဂ္ဂပါဘုရား) ချုပ်ပျက်သွားတဲ့ စိတ်ကလေးကဲ.... (စိတ္တပါ) အင်း....ဟင်....ရှုတဲ့ဉာဏ်ကလေးက....(မဂ္ဂပါဘုရား)။

ဉာဏ်ဆိုတာက တကာ တကာမတို့ ခင်ဗျားတို့ ဘယ်အချိန် ရှုရှု၊ ဒီငါးပါးပါ ပါတယ်နော်....(မှန်ပါ့) ဒါကလေးတွေကို ဖြစ်ပျက်သာ မြင်လို့ရှိယင် ဒီငါးပါးက မြင်တာချည်းဘဲမှတ်၊ ပဋိုလ် သတ္တဝါက မြင်တာ ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘူး)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့သန္တာန်၌ အပြင်ည်သည် ဘယ်နှစ်ယောက်ပါလိမ့်.... (ခြောက်ယောက်ပါ့ဘုရား)။

ဒါ တခါတည်း နည်းယူထားကြပါ တကာ တကာမတို့ သြော်.... စိတ္တာနုပဿနာဆိုတာ ဒီဖြစ်ကောင်းတာ ခြောက်ခု၊ ဖြစ်ပေါ်တာတခုဘဲ၊ တခုကို ဒို့ လိုက်နေရမှာဘဲဆိုတာ သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီ တခါသွားလိုက်ပါဦး၊ ဒါက အပြင်ည်သည် ဆိုတော့ အတွင်းည်သည်ကို တခါ ထပ်ပြောပြန်တယ် ရက်ကြာသွားလို့။

တခါတလေ လောဘကလေး ဝမ်းထဲ မပေါ်ဘူးလား....
(ပေါ်ပါတယ်ဘုရား) သူက ဝမ်းထဲမှာ ပေါ်တယ်။
တခါတလေ ဒေါသကလေးကော.... (ပေါ်ပါတယ်)။
တခါတလေ သံသယရှိတဲ့ ဝိစိကိစ္ဆာတို့ ဥဒ္ဓစ္စတို့ကော....
မပေါ်ဘူးလား.... (ပေါ်ပါတယ်) အဲဒါ မောဟခေါ်တာဘဲ၊
(မှန်ပါ့) ဒါ မောဟ ခေါ်တာဘဲ၊ ဝိစိကိစ္ဆာနဲ့ဥဒ္ဓစ္စ မောဟ
ခေါ်တာဘဲ (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ကောင်းပြီ၊ တခါတလေကျတော့ လှုချင် တန်းချင်တဲ့
အလောဘကော.... (ပေါ်ပါတယ်ဘုရား) တခါတလေ မေတ္တာ
ပို့တဲ့ အဒေါသကော.... (ပေါ်ပါတယ်ဘုရား)။

အဲဒီလို ပေါ်တာကလေးကိုလဲ တကာ တကာမတို့ ဒီဥစ္စာက
အတွင်းမှာ ဝမ်းထဲမှာ ပေါ်တဲ့တရား၊ အပြင်ဘက်မှာ ပေါ်တဲ့
တရားမဟုတ်တဲ့အတွက် အတွင်းညွှဲသည် ဘယ်နှစ်ယောက်....
(ငါးယောက်ပါဘုရား) ဒါ မှတ်ထားလိုက်တာပေါ့၊ ရှင်းကြ
ပလား.... (ရှင်းပါပြီ)။

ကောင်းပြီဒါဖြင့် ဒီငါးယောက်က တပြိုင်နက် ပေါ်သလား
တခုဘဲ ပေါ်သလား.... (တခုဘဲ ပေါ်ပါတယ်)။

ကဲ.... ပေါင်းလိုက်တော့ တကာတကာမတွေဘဲ စဉ်းစားပါ၊
အပြင်ညွှဲသည်က ခြောက်၊ အတွင်းညွှဲသည်က ငါး-ဆိုတော့
တဆယ့်တစ် မနေဘူးလား.... (မှန်ပါ့)။

ဘယ်နှစ်ခု ပေါ်မတုံးလို့....၊ တဆယ့်တစ် တပြိုင်နက်
ပေါ်မလား- တခုဘဲလား.... (တခုပါဘုရား) အဲ.... တခုသာ
ရတယ်၊ ရှင်းပလား.... (ရှင်းပါပြီ)။

အတွင်းသွေ့သည် ပေါ်ယင် အတွင်းသွေ့သည်သာ လိုက်ပါ။ အပြင်သွေ့သည်ပေါ်ယင်.... (အပြင်သွေ့သည်သာ လိုက်ပါ) ပေါ်တဲ့ကာ ဘယ်နှစ်ခု ပေါ်မယ်ထင်ကြသလဲ....(တခုဘဲ ပေါ်ပါတယ်ဘုရား)။

တခဘဲ ပေါ်မယ်ဆိုတော့ တခကိုဘဲ သဲသဲမဲမဲ စစေးစိုက်စိုက် နှုပေးပါဆိုလို့ ရှိယင် ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့ချည်းဘဲ မှတ်ပါ။ (ပြတ်ပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် အိမ်သည် နှစ်....လို့ ဘုန်းကြီးက အရင် အပတ်က မသင်ခဲ့ဘူးလား.... (သင်ခဲ့ပါတယ်ဘုရား) အိမ်သည် နှစ်-ဆိုတာ ခင်ဗျားတို့ သက်စောင့်စိတ်ကလေးပေါ့ဗျာ(မှန်ပါ့) လေဝင်အောင် အားထုတ်တဲ့စိတ်၊ လေထွက်အောင် အားထုတ်တဲ့စိတ်- မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အဲဒါကတော့ ဟောဒီ ဘယ်သူမှ မရှိဘူး ဆိုလို့ရှိယင်လဲ အိပ်နေတောင် သူတို့နှစ်ခုက စောင့်ရှောက်နေတာ၊ ခင်ဗျားတို့ မပုပ်အောင် မသိုးအောင် စောင့်ရှောက်နေတာ သူတို့နှစ်ခုဘဲ၊ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

မပုပ်အောင် မသိုးအောင် စောင့်ရှောက်နေတာက ထုက်အောင် အားထုတ်တဲ့စိတ်၊ ဝင်အောင်.... (အားထုတ်တဲ့စိတ်) အဲ.... လေတွေ့ ထုက်အောင် အားထုတ်တဲ့စိတ်၊ လေတွေထုတ်တဲ့စိတ်၊ (မှန်ပါ့) လေတွေထုတ်တဲ့စိတ်၊ လေတွေရှိုက်တဲ့စိတ်၊ သဘောကျပလား....(မှန်ပါ့)ဒါကတော့ ဘာစိတ်လို့ ခေါ်ကြမလဲ.... (အိမ်သည်စိတ်ပါ) အိမ်သည်စိတ်နှစ်ခု။

ဘာကြောင့် အိမ်သည်စိတ်လို့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဆိုရသတုံးဆိုတော့ သူတို့က- ဒီပြင် ခင်ဗျားတို့ စားမှလဲ

မရှိဘူး၊ သောက်မှုလဲ မရှိဘူးဆိုတော့ အားတဲ့အချိန်ဘိုင်းမှာ သူတို့နှစ်ခုနဲ့ နေတာဘဲ (မှန်ပါ့)။

ထွက်အောင် အားထုတ်တဲ့စိတ်၊ ဝင်အောင် အားထုတ်တဲ့စိတ်၊ ဒါနဲ့ မနေကြဘူးလား.... (နေ့ပါတယ်ဘုရား) အဲဒီတော့ တကာ တကာမတို့ ဩော်....ဒါဖြင့် အိမ်သည်က နှစ်ခုပါကလား ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) အဲဒီတော့ အိမ်သည်နှစ်ခုကလဲ တပြိုင်နက်တည်း ပေါ်သလား— တခုစီဘဲလား.... (တခုစီပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ရှုစရာစိတ်သည် အရှုခံတဲ့တရား တွေကို အခု ရှင်းပြလိုက်တဲ့အခါ အပြင်ည့်သည်က ဘယ် လောက်.... (ခြောက်ယောက်ပါ) အတွင်းည့်သည်က ဘယ် လောက်.... (ငါးယောက်ပါ) အိမ်သည်က ဘယ်လောက်.... (နှစ်ယောက်ပါ) ပေါင်းလိုက်တဲ့အခါ ဘယ်လောက်ရှိသလဲ.... (တဆယ့်သုံးယောက်ပါဘုရား)။

ဒီ တဆယ့်သုံးကိုသာ ခင်ဗျားတို့က မဂ္ဂင်ငါးပါးနဲ့ ပေါ်ရာသာ လိုက်ရှုပါဘော့လို့ ဆရာဘုန်းကြီးက နည်းပေးလိုက်ပါတယ်(မှန်ပါ့ဘုရား) မဂ္ဂင်ငါးပါးနဲ့ ခင်ဗျားတို့ ရှုသာပေးပါတဲ့၊ ပေါ်ရာသာ လိုက်ရှု၊ ပေါ်ရာလိုက်ဆိုတော့ ဘယ်နှစ်ခု ပေါ်မှာ ပါလိမ့်.... (တခုပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ တခုတည်းကို မဂ်နဲ့လိုက်နေလို့ ရှိယင်ဖြင့် တခုက ဖြစ်ပျက်- ရှုတာက မဂ် (မှန်ပါ့) တခုက ဖြစ်ပျက်.... (ရှုတာက မဂ်ပါဘုရား)။

အဲဒီ မင်္ဂပေါ်တိုင်း မင်္ဂပေါ်တိုင်း သံသရာစခမ်း သတ်နေတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား) မင်္ဂပေါ်တိုင်း မင်္ဂပေါ်တိုင်း.... (သံသရာစခမ်း သတ်နေပါမယ်ဘုရား)။

သံသရာစခမ်း သတ်နေတာဆိုတော့ သံသရာဆိုတာလဲ ဒုက္ခစက် လည်တာ သံသရာခေါ်တယ် (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဒုက္ခစက်လည်တာကို....(သံသရာခေါ်ပါတယ်)။

အဲဒီ သံသရာကို ခင်ဗျားတို့ရှိတဲ့ မင်္ဂကမ္မ ဖြတ်မပေးယင် ဘယ်သူက ဖြတ်ပေးမတုံး.... (ဘယ်သူကမှ ဖြတ်မပေးပါဘူးဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ကိုမြရွှေ ဘယ်သူက ဖြတ်ပေးမတုံး.... (ရှတဲ့မင်္ဂက ဖြတ်ပေးပါမယ်) ရှတဲ့မင်္ဂက ဖြတ်ပေးရတာဘဲဆိုတာ ကျေနပ်ကြပလား.... (ကျေနပ်ပါပြီ ဘုရား)။

ကိုင်း.... ဘုန်းကြီးတို့ တကာ တကာမတွေ ရှုကြစမ်းပါဆိုတဲ့ ဥစ္စာ ဘုန်းကြီးက တိုက်တွန်းရမှာလား- ကိုယ့် ဒုက္ခ ကိုယ်သိမ်းတဲ့ အလုပ်မို့ ကိုယ်အရေး ကြီးရမှာလားဆိုတာ ဝေဘန်စမ်း.... (ကိုယ့် ဒုက္ခ ကိုယ်သိမ်းတဲ့အလုပ်မို့ ကိုယ်အရေး ကြီးရမှာပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကိုယ့် ဒုက္ခ ကိုယ်သိမ်းတာမို့ ဘယ်သူက အရေးကြီးရမှာတုံး (ကိုယ်က အရေးကြီးရမှာပါ)။

ဘုန်းကြီးက ဘာမှအရေးကြီးစရာမရှိဘူး၊ တဲကာ တကာမတို့က အရေးကြီးရမှာ (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဘုန်းကြီးက ဘုန်းကြီးအရေးမို့ ကြီးလို့ရှိယင် ဘုန်းကြီးဟာ ဘုန်းကြီးလုပ်၊ ခင်ဗျားတို့သိမ်းချင်ယင်ကော.... (တပည့်တော်တို့ လုပ်ရပါမယ်) အဲ.... ခင်ဗျားတို့ဟာ ခင်ဗျားတို့လုပ်ရမယ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

အေး.... ဒါကြောင့် ဘုရားက "အတ္တာ ဟိ အတ္တနော နာထော" အတ္တာ ဟိ အတ္တာဝေ= မိမိလုပ်ထားတဲ့ မဂ္ဂင်သည် ပင်လျှင်၊အတ္တနော=မိမိ၏၊နာထော=ကိုးကွယ်ရာတည်း၊ပရော= တပါးသောသူသည်၊ နာထော= မိမိ၏ကိုးကွယ်ရာသည်၊ ကော သိယာ= အဘယ်မှာသော ဖြစ်နိုင်ရာအံ့နည်း။

အဲဒါတွေ ထောက်ကြည့်တဲ့အခါကျတော့မှ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ သြော်....ကိုယ်.ကိုယ်ဘဲ အားကိုးရမယ် ဆိုတာ ဒီအထည်ကြီးချည်း ပြောပြောနေကြတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ဘာပြောနေကြသလဲ.... (အထည်ကြီးချည်း ပြောနေပါတယ်ဘုရား)။

သူ့ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သူ့ဘဲ အားကိုးနေရတယ်-ဆိုယင် လဲလိုက်တာ၊ ဘာ့ကြောင့် လဲသတုံးလို့ မေးခွန်းထုတ်တော့မှ အနိစ္စကြီး အားကိုးနေလို့....(မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမလဲ.... (အနိစ္စကြီး အားကိုးနေလို့ပါ ဘုရား) သစ်ပင်ပေါ်တက်တဲ့လူဟာ အကိုင်းခြောက်ကြီးအားကိုးနေပါတယ်ဆိုယင်တော့ဖြင့် ဒီအကိုင်းခြောက် ပြုတ်ကျတာနဲ့ သူပါသေရရှာတော့မယ်.... (မှန်ပါ့) မသေပေဘူးလား....(သေပါတယ်ဘုရား)။

အဲဒီတော့ တကာ တကာမတွေ့လဲ ခန္ဓာကိုယ်ကြီးကိုသာ အားကိုးနေကြတော့မယ်ဆိုယင် ခန္ဓာကိုယ်ဟာ ခုနင်က ပြောခဲ့တဲ့ အကိုင်းခြောက်ကြီးပါဘဲ နော်(မှန်ပါ့)။

အကိုင်းခြောက်လို့ ဘယ်နှယ်ကြောင့် ဆရာဘုန်းကြီးကဆိုရသတုံးဆိုတော့ ခန္ဓာကိုယ်က အနိစ္စကြီးပါ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) အဲဒီ အနိစ္စကြီးအားကိုးနေတော့ဒီလို ဖြစ်လိမ့်မယ် ကျုပ်မထင်ဘူးဆိုတ့ာ မလာဘူးလား.... (လာပါတယ်ဘုရား)။

ဟ....တာဖြင့် အကိုင်းခြောက်ပြုတ်ကျဘာဘဲ(မှန်ပါ့) ရိပ်မိပလား....(မှန်ပါ့ဘုရား) ဘာပြုတ်ကျသလဲ (အကိုင်းခြောက်ပြုတ်ကျပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာကိုယ်ထဲမှာဖြင့် အားကိုးစရာ တခုမှမရှိဘူးသာသနာတွင်းဖြစ်တဲ့ မဂ်ဘဲအားကိုးကြပါတော့(မှန်ပါ့ဘုရား) သဘောပါကြလား....(ပါ-ပါပြီ) ခန္ဓာကိုယ်ထဲမှာဖြင့်....(အားကိုးစရာ မရှိပါဘူး)မဂ်ဘဲ အားကိုးပါတော့.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဥပမာမယ် စဉ်းစားကြည့်ပါခင်ဗျားတို့ရှာထားတဲ့ ပစ္စည်းတွေ့ မရမက ဟိုကသယ်လာ ဒီကသယ်လာရှာထားကြတယ် နော်.... (မှန်ပါ့)။

နောက်ဆုံးပိတ် မနေ့-တနေ့က ပြောသလို တံတားဦး မိုးလောင်သလိုကျတော့ မောင်ကိုတို့ မောင်ထွန်းလှိုင်တို့.... ကိုယ်ရှာထားတာကလေးတွေ့က ကဲ- ခိုင်ရဲ့လား၊ မြဲရဲ့လား....(မမြဲပါဘူးဘုရား)။

အဲဒါတွေကလဲ ရူပက္ခန္ဓာတွေကိုး တကာတကာမတွေရ.... (မှန်ပါ့) ဘာခန္ဓာတွေပါလိမ့်....(ရူပက္ခန္ဓာတွေပါဘုရား)။

ကဲ....ရူပက္ခန္ဓာဆိုတော့ ပြုတ်ကျတာပေါ့....(မှန်ပါ့) ပြုတ်ကျတော့ မီးလောင်ခံရတဲ့ပုဂ္ဂိုလ်တွေက ဒီလိုဖြစ်လိမ့်မယ်မထင် ဘူးဆိုပြီး မျက်ရေကြီးငယ် ကျကြ၊ ပြေးကြ-လွှားကြ မလှာ ဘူးလား.... (လှာပါတယ်ဘုရား)။

အဲဒါ အားကိုးလွဲလို့လား- အားကိုးမှန်လို့လား.... (အားကိုးလွဲလို့ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ အားကိုးမှန်ဘို့ရာ ဘယ်ဟာ အားကိုးရမလဲ.... (မဂ်ကို အားကိုးရပါမယ်ဘုရား) မဂ်ကို ဆရာ ဘုန်းကြီးက ဘယ့်နှယ်ကြောင့် အားကိုးအစစ် ပြုလုပ်ကြပါလို့ တိုက်တွန်းရပါလိမ့်မလဲ—လို့ ဦးခင်မောင် မေးတဲ့အခါ ကိုယ့်ဒုက္ခ ဖြတ်ပေးလို့.... (မှန်လှပါဘုရား)။

အားမကိုးရမည့် တရားတော့ မကိုးရမှန်းသိတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဒီတရားတွေက အနိစ္စလား.... နိစ္စလား.... (အနိစ္စပါဘုရား)အနိစ္စမို့ သူသည် မဂ္ဂနဲ့ မြင်လိုက်တဲ့အခါကျတော့ ဩော်.... ဒါ- အနိစ္စပါကလားလို့ သိတော့ အားကိုးချင်တဲ့ ဒိဋ္ဌိ လာသေးရဲ့လား....(မလာပါဘူး)။

အင်း....အခုပုဂ္ဂိုလ်တွေက စိန်-အားကိုးလိုက် ရွှေအားကိုးလိုက်၊ ရွှေနဲ့အုတ်ကြီးအားကိုးလိုက် အမျိုးမျိုးအားကိုးနေတာဘဲ၊ ဒါတွေက မီးလောင် ပြာကျသွားတဲ့အခါကျတော့ ဦးခင်မောင် အားကိုးဖြစ်သေးရဲ့လား.... (မဖြစ်ပါဘူး) ရုပ်တရား

တော့ အနိစ္စတော့ကိုးဗျ....(မှန်ပါ့) ရုပ်တရားတော့ အနိစ္စတော့ ဆိုတော့ အားကိုးလို့ဖြစ်ကြရဲ့လား.... (မဖြစ်ပါဘူး)။

ကိုင်းဒါဖြင့် တကာတကာမတို့ အားကိုးရာ အစစ် ယနေ့ဘာကိုဖြစ်ပါလိမ့်မလဲဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါပြီ) ဘာပါလိမ့်.... (မဂ္ဂပါဘုရား)။

ဝိပဿနာမင်နော်.... (မှန်ပါ့) သူကကြီးရင့်လာယင် လောကုတ္တရာမင် ဖြစ်ရမယ်.... (မှန်ပါ့ဘုရား) ဖြစ်ပုံကလေး ယနေ့တော့ဖြင့် ရှင်းအောင်ပြောပါ့မယ်.... (မှန်ပါ့) ကိုင်း.... ဒါဖြင့် တကာတကာမတို့ ခန္ဓာငါးပါးကိုဖြင့် အားမကိုးကြနဲ့.... (မှန်ပါ့) ခန္ဓာငါးပါးကိုဖြင့်.... (အားမကိုးကြနဲ့)။

ခန္ဓာငါးပါးဆိုတော့ တကာတကာမတွေ ရှုပ်နေမှာစိုးရိမ်လို့ ခင်ဗျားတို့ အခုထိုင်နေတဲ့ ဇာပြုံလုံး- မိမိလူဆိုတဲ့ ခန္ဓာငါးပါးတကိုယ်လုံးပေါ့ဗျာ.... (မှန်ပါ့) ရုပ်ရော နာမ်ရော သဘောကျကြပလား.... (ကျပါပြီ) အဲဒါ တခုမှ အားမကိုးပါနဲ့ ရှင်းပလား....(ရှင်းပါပြီ)။

ဘာဖြစ်လို့ အားမကိုး ပါနဲ့လို့ တိုက်တွန်းရပါသတုံး ဆိုတော့ အို....သဗ္ဗေသခ်ါရာ အနိစ္စာမို့ မင်းပြုတ်ကျလိမ့်မယ်ဗျာ၊ အားကိုးယင် သွားလိမ့်မယ်၊ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီတော့ အနိစ္စတရား အားကိုးလို့ရှိယင်ဖြင့် ကိုင်း-လောကကြီးထဲမှာမျက်ရေကျကြတယ်၊ရင်ထုရတယ်၊ မြေလူးကြတယ် ကြမ်းခုန်ကြတယ်ဆိုတာ တကာတကာမတို့ နဂိုရှိက အားကိုးထားလို့၊ ဟိုက—အနိစ္စဖြစ်လို့ အနိစ္စမကြိုက်လို့ဖြစ်ရတာ.... (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် (အနိစ္စ အားကိုးထားလို့ပါ) အနိစ္စ မကြီးက်လို့ဖြစ်ရတာ၊ သား-လင်ခင်ပွန်းဆုံးသွားတယ်၊ ဦးခင် မောင်ရေ တကာမတွေ့ မငိုကြဘူးလား.... (ငိုပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး-ဆိုတော့ အနိစ္စပြလို့ မျက်ရေကျတာ.... (မှန်ပါ့)ဘယ်လိုမှတ်ကြမယ် (အနိစ္စပြလို့ မျက်ရေကျတာပါ)

ဒါဖြင့်နဂိုရိုက အနိစ္စသိထားတာက မဂ်နဲ့ သိထားတာလား တဏှာဒိဋ္ဌိနဲ့ သိထားတာလား.... (တဏှာဒိဋ္ဌိနဲ့ သိထားတာပါ) အဲ- တဏှာဒိဋ္ဌိနဲ့သိတော့ တောင်ကြီးပမာ-အားကိုးရာ လုပ်ထားလိုက်တာကိုး.... (မှန်ပါ့) မလုပ်ပေဘူးလား.... (လုပ်ပါတယ်) လုပ်ထားတော့ ဒီတောင်ကြီးက ပြိုသွားတယ်(မှန်လှပါဘုရား)။

ပြိုသွားတဲ့အခါကျတော့ ကိုယ်ကျိုးနည်းပေါ့ဆိုပြီးသကာလ မဂ် ပေါ်သလား၊ ဒုက္ခ ဒေါမနဿ ပေါ်သလား....(ဒုက္ခ ဒေါမနဿ ပေါ်ပါတယ်)။

အဲဒီတော့ သူ ဒုက္ခ ဒေါမနဿပေါ်တော့ မောင်ထွန်းလှိုင် သူ့သနားရမှာလား၊ နဂိုရိုက အားမကိုးကောင်းတာ အားကိုးလို့ဖြစ်နေတာလား....(အားမကိုးကောင်းတာ အားကိုးလို့ဖြစ်နေတာပါ)။

ဒါဖြင့် သူ့ အလဲတော်ပုံကြီးပေါ့ (မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီ) မျက်ရေကျတဲ့ ပဂ္ဂိုလ်၏အားကိုးရာ လဲမှုကြီးဆိုတာကော....သဘောကျပလား.... (ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် တကာ တကာမတို့ ဒီလို ဝိပဿနာကို မဂ် ဆိုက်အောင် သွားကြဦးစို့၊ ဒါ ဝိပဿနာမဂ်ဘဲ ရှိသေးတယ်နော်....(မှန်ပါ့)ကိုင်း....တကာ တကာမတို့ အရှုခံတဲ့တရား

တဆယ် သုံး၊ ရှုညာဏ်က ငါး.... (မှန်ပါ့) အရှုခံတဲ့ တရားက (တဆယ် သုံးပါ ဘုရား) ရှုညာဏ်က....(ငါးပါးပါဘုရား)။

ငါးပါးသည် လောကီမဂ်သာ ဖြစ်ပါသေးတယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ငါးပါးသည် (လောကီမဂ်သာ ဖြစ်ပါသေးတယ်) ငါးပါးသည် လောကီမဂ်သာ ဖြစ်ပါသေးတယ်၊ လောကုတ္တရာ မဂ် ဖြစ်ပလား (မဖြစ်သေးပါဘူးဘုရား)။

ဒီဟာကလေး ဖြစ်ပျက် မဂ်၊ ဖြစ်ပျက် မဂ်၊ ဖြစ်ပျက် မဂ်နဲ့ တကာ တကာမတွေ့ရှုပါ-ရှုပါနော်....(မှန်ပါ့) လောကီမဂ်သာ ဆိုတယ် သူမပါဘဲနဲ့လဲ လောကုတ္တရာမဂ် ဖြစ်ပါ့မလား.... (မဖြစ်ပါဘူးဘုရား)။

အားလုံး တရားတပဲ့လုံး တကာ တကာမတို့ လောကီမဂ် ငါးပါး မပါဘဲနဲ့ လောကုတ္တရာမဂ် ဖြစ်သွားတာ ဘယ်သူမှ မရှိဘူး....(မှန်ပါ့ဘုရား) နိဗ္ဗာန်ဝင်တဲ့ ပုဂ္ဂိုလ်တိုင်း မခြဲဘူးလို့ ဆုံးဖြတ်ချက် ချစမ်းပါ.... (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် လောကီမဂ်ဟာ ဘယ်လိုမျိုး ရှစ်ပါး ဖြစ်လာပါ လိမ့်မလဲ- လောကီမဂ် ငါးပါးက လောကုတ္တရာ မဂ်ငှင်ရှစ်ပါး ဘယ်လိုမျိုး ဖြစ်လာပါလိမ့်မလဲဆိုတဲ့ မေးခွန်းဟာ မထုတ်ဘူးလား ဗျာ.... (ထုတ်ပါတယ်ဘုရား) လောကီမဂ်က မဂ်ငှင် ဘယ်နှစ်ပါးပါလိမ့်....(ငါးပါးပါဘုရား)။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မဝါယာမ သမ္မာသတိ သမ္မာသမာဓိ၊ ဒါ ဘာမဂ်ပါလိမ့် (လောကီမဂ်ပါ) လောကုတ္တရာ မဂ်ကျတော့ ဒီအထဲ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ထည့်လိုက်တော့ ရှစ်ပါးမနေဘူးလား....(မှန်ပါ့)။

အဲဒီတော့ တကာ တကာမတို့ ငါးက ရှစ်ဖြစ်အောင် ကြိုးစားပါ....(မှန်ပါ့ဘုရား) ပဌမ ဘာဖြစ်အောင် လုပ်ရမယ်.... (ငါးပါးဖြစ်အောင် လုပ်ရပါမယ်)ဒုတိယ ဘာဖြစ်အောင် လုပ်ရမလဲ....(ရှစ်ပါးဖြစ်အောင် လုပ်ရပါမယ်)။

ဩော်....ဒါဖြင့် တကာ တကာမတို့ ငါးပါးက ရှစ်ပါးဖြစ်ယင် သောတာပန်နော်-(မှန်ပါ့)ငါးပါးက ရှစ်ပါးဖြစ်ယင်.... (သောတာပန်ပါဘုရား)သောတာပန် ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ကိုင်း....ဒါဖြင့် အရှင်ဆန္ဒရေ....တဲ့ သင် သဿတ ဥစ္ဆေဒလဲ ကွာပြီတဲ့ ဒါတွေ ဒီအတိုင်းရှုစမ်းပါလို့ အရှင်အာနန္ဒာက နည်းပေးတာကိုး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါ ဘယ်သူက နည်းပေး တာပါလိမ့်.... (အရှင်အာနန္ဒာက နည်းပေး တာပါဘုရား) ဘယ်နှယ်ကြောင့် ဒီကျတော့ နည်းပေးပါလိမ့်....ဒါတွေ ဖြစ်ပျက်ချည်းရှုပါ၊ ဒါတွေ အနိစ္စချည်းရှုပါ၊ ဒုက္ခချည်းရှုပါ၊ အနတ္တချည်း ရှုပါ၊ ဒုက္ခသစ္စာလို့လဲရှုပါ ဘယ်နှယ်ကြောင့် တိုက်တွန်းပါလိမ့်မလဲဆိုတော့ ခုနင်က ပဋိစ္စသမုပ္ပါဒ် ရှင်းအောင် ပြောခဲ့ပြီးပြီ....(မှန်ပါ့ဘုရား)။

အရှင်ဆန္ဒကို အရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ် သဿတ ဥစ္ဆေဒ ခွါပေးခဲ့ပြီးပြီ ဆိုတာကော.... သဘောပါပလား.... (ပါပါပြီ)အဲဒီကျတော့မှ ဝိပဿနာ ငါးခုကို အရှုခိုင်းတယ်လို့ တကာ တကာမတွေ မှတ်လိုက်စမ်းပါနော်.... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဝိပဿနာရှုတော့ ရှုရင်းရှုရင်း တကာ တကာမတွေ သိပါပြီ၊ ရှုစရာတွေလဲ သိတဲ့အခါကျတော့ တခုဘဲ ရှုရမယ်ဆိုတာလဲ မသေချာသေးဘူးလား(သေချာပါတယ်ဘုရား)။

တခုရှုရတော့မယ် ဆိုတော့ တကာ တကာမတို့ စိတ်ကြိုက် စိတ်ရှု၊ ဝေဒနာ ကြိုက်ယင်.... (ဝေဒနာရှုရပါမယ်) ရုပ်ကြိုက်ယင် (ရုပ်ရှုရပါမယ်) သစ္စာကြိုက်ယင်....(သစ္စာရှုရပါမယ်)။

သစ္စာကြိုက်ယင်လဲ သစ္စာရှုတယ်ဆိုတော့ သတိပဋ္ဌာန်လေး ပါးထဲက တပါး ပါးကြိုက်ရာရှုပါ.... (မှန်ပါ့) ရှင်းကြပြီနော်.... (မှန်ပါ့ရှင်းပါပြီ)။

ကိုင်း- ဒါဖြင့် ဘုန်းကြီးက စိတ်ကိုဘဲ သာမန်ပြောနေတဲ့ အတွက် စိတ်ကိုဘဲ တကာတကာမတွေက ရှုပါ့မယ်ဆိုပြီး ရှုလိုက်တဲ့အခါကျတော့ ဘယ်စိတ် ပေါ်ပေါ် တကာတကာမတွေက ရှုပေး၊ မဂ္ဂင် ဘယ်နှစ်ပါးနဲ့ ရှုရမယ်.... (ငါးပါးနဲ့ ရှုရမယ်) ဘယ်စိတ် ပေါ်ပေါ် မဂ္ဂင် ငါးပါးနဲ့ရှုပေးလိုက်။

ရှုပေးလိုက်တဲ့အခါကျတော့ တကာ တကာမတွေ စိတ်တွေ သည်ကား လို့ဆိုယင် ပေါ်လိုက် ပျက်လိုက် တကာ တကာမတွေက နောက်က မဂ်နဲ့ ရှုပေးလိုက် ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်-ပြတ်မသွားဘူးလား....(ပြတ်ပါတယ်ဘုရား)။

ပဋိစ္စ သမုပ္ပါဒ် ပြတ်တယ်ဆိုတာ သူပြတ်တာလား- ငါပြတ်တာလား- ဒုက္ခပြတ်တာလား....(ဒုက္ခပြတ်တာပါဘုရား)အဲ- သူပြတ်၊ ငါပြတ်လို့မထည့်နဲ့နော် (မှန်ပါ့) ဘာပြတ်တာ ပါလိမ့် (ဒုက္ခပြတ်တာပါ့ဘုရား)ဒုက္ခပြတ်တယ်။

ဘယ်နှယ်ကြောင့် ဒုက္ခပြတ်ပါလိမ့်မတုံးလို့ တကာ တကာမတွေက မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား) အို....ဒုက္ခမြင်လို့ ဒီဒုက္ခကိုမြင်လို့ တကာတကာမတွေ နောက်ဒုက္ခပြတ်တယ်၊ ဒုက္ခမြင်တဲ့ပုဂ္ဂိုလ်မှ ဒုက္ခပြတ်တယ် (မှန်ပါ့ဘုရား)

ရှင်းပလား (ရှင်းပါပြီ)ဒုက္ခမြင်တဲ့ ပုဂ္ဂိုလ်မှ....(ဒုက္ခပြတ်ပါတယ်ဘုရား)။

အေး- ဒါကြောင့် အင်မတန် အရေးကြီးပါတယ်၊ ဒုက္ခမြင်မှ ဆိုတော့ ဒုက္ခသစ္စာ ပိုင်ပိုင် နိုင်နိုင်သိမှ သမုဒယသစ္စာ နောက်က ပြတ်တာကိုးဗျ(မှန်ပါ့) ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိမှ....(သမုဒယသစ္စာ နောက်ကပြတ်ပါတယ်ဘုရား) သမုဒယသစ္စာ နောက်က ပြတ်တယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ကိုင်း ဒါဖြင့် ကျုပ်တို့က သမုဒယကို အားထုတ် ဖြတ်ရမှာလား.... ဒုက္ခမြင်မှတခု ကျုပ်တို့ အလုပ်လား.... (ဒုက္ခမြင်မှသာ အလုပ်ပါဘုရား) ဒုက္ခမြင်မှ အလုပ်သာလျှင် ကျုပ်တို့ အလုပ်ဆိုတာ ကျေနပ်ပါပြီနော်....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်ဟာလာလာ ဒုက္ခသစ္စာချည်းမှတ်၊ (မှန်ပါ့) ဒါဖြင့် ဖြစ်ပျက်-မင်၊ ဖြစ်ပျက်-မင်နဲ့ ခင်ဗျားတို့ ပွားနိုင်သလောက် ပွားစမ်းပါ....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)။

ဘယ်စိတ်လာလာ — လာတဲ့စိတ်ကို ဘယ်လိုဆိုကြမယ် .... (ဖြစ်ပျက်အနိစ္စပါဘုရား) နောက်က မြင်တဲ့စိတ်ကို.... (မဂ္ဂပါဘုရား)ရှေ့က ပျက်တဲ့စိတ်က.... (ဖြစ်ပျက်အနိစ္စပါ) အနိစ္စ၊ နောက်က မြင်တာက ဘာတုံး.... (မဂ္ဂပါဘုရား) ရှေ့က ပျက်တာက....(အနိစ္စပါ) နောက်က မြင်တာက.... (မဂ္ဂပါဘုရား) ဒီလိုချည်း ပွားနေ-ပွားနေ-ပွားနေ၊ သဘောကျပလား.... (ကျပါပြီ)။

ပ္ဒားတတ်ကြပလား.... (ပ္ဒားတတ်ပါပြီ) ကိုယ့်စိတ်ကိုယ်ရှုနော်.... (မှန်ပါ့) ကိုယ့်စိတ် ကိုယ်ရှုပါ တကာ တကာမတို့၊ ကိုယ့်စိတ်ကိုယ်ရှုယင် သူများစိတ်လဲ ဒီလိုဘဲဆိုတာ ပေါ်လာပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

အဲဒီလို ရှုဖန်များပြီးသကာလနေတဲ့ အခါကျတော့ တကာ တကာမတွေ ဒီက ပဋိစ္စသမုပ္ပါဒ်က မောင်ကိုတို့ မောင်ထွန်းလှိုင်တို့ နောက်က ပြတ်ပြတ်နေတယ်ဆိုတာ မသေချာလား.... (သေချာပါတယ်ဘုရား) သေချာသနော်....(မှန်ပါ့)ဒါ ရှုလို့ ပြတ်တာနော်....(မှန်ပါ့)မရှုယင်.... (မပြတ်ပါဘူး) မပြတ်ဘူးဆိုတာ သဘောကျကြပလား....(ကျပါပြီ)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒီလို ရှုဖန်များလာတော့ ဒီ စိတ်ကလေးတွေက ဖြစ်ပျက်–ဖြစ်ပျက်-ဖြစ်ပျက်နဲ့ ရှေ့က ဘယ်စိတ်ကယ်လို့ မဟုတ်တော့ဘူး တကာ တကာမတို့၊ ကိုယ့်သန္တာန် ပေါ်တဲ့စိတ်တွေက စိတ်ရယ်လို့ မပြောတော့ဘူး၊ ဖြစ်ပျက်ဒုက္ခသစ္စာချည်း ပြောတော့တယ်....(မှန်ပါ့ဘုရား)ဘယ်လိုပြောမယ် ထင်သလဲ....(ဖြစ်ပျက်ဒုက္ခသစ္စာချည်း ပြောပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးက ခင်ဗျားတို့ မမေ့အောင်လို့ ခင်ဗျားတို့ ရ·ထားတဲ့ ပါဋိကလေးနဲ့ ခဏခဏ ပြောတာနော်....(မှန်ပါ့ဘုရား) သူက–ဇဟိပဿိကော=လာပါ ရှုပါလို့ ခေါ်တယ်လို့ မပြောဘူးလား....(ပြောပါတယ်ဘုရား) သူက ဘာတဲ့.... (ဇဟိပဿိကောပါဘုရား) ဇဟိပဿိကော၊ ဇဟိ=လာခဲ့၊ ပဿ=ငါ့ကိုရှုပါ။

ပေါ်တဲ့စိတ်က ဟော်=လာခဲ့၊ ပဿ=ရှုပါလို့ ခေါ်တယ်၊ ဘယ်သူပါလိမ့်ဗျာ....(ပေါ်တဲ့စိတ်ကပါဘုရား) ပေါ်တဲ့စိတ်က ဘယ်လိုမျှား ခေါ်လေ.ရှိပါဘိမ့်....(ဟိပဿိကောလို့ ခေါ်ပါတယ်) လာ-ရှုပါ....(မှန်ပါ့) မြန်မာလိုပြန်တော့ (လာ-ရှုပါ) လာ-ရှုပါလို့ သူက မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား)။

အဲဒါကို ခင်ဗျားတို့က သူက လာ-ရှုပါလို့ဆိုယင် ခင်ဗျားတို့က သွားဖြစ်အောင် သွားပါသဘောကျပလား....(မှန်ပါ့) ခင်ဗျားတို့က ဘာလုပ်ရမယ်.... (သွားဖြစ်အောင် သွားရပါ့မယ်)။

သွားဖြစ်အောင် သွားပါဆိုတော့ သွားဖြစ်အောင် သွားဆိုတဲ့ဥစ္စာက တကာ တကာမတို့ အရမ်းမသွားနဲ့၊ သြော်.... ဘာပါလိမ့်မတုံး ဘယ်လို ဖြစ်နေတာပါလိမ့်မတုံးလို့ ကိုယ်တိုင်မြင်အောင် သွားပါ....(မှန်ပါ့)ဒါ့ကြောင့် သန္ဒိဋ္ဌိကောနဲ့ လိုက်ပါ၊ ဘာနဲ့ လိုက်ရမယ်....(သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါ့မယ်)။

သန္ဒိဋ္ဌိကော=သာမံ ပဿိတဗ္ဗော ဆိုတဲ့အတိုင်း ကိုယ်တိုင်မြင်အောင် လိုက်ပါ....(မှန်ပါ့) ကိုယ်တိုင်မြင်အောင် လိုက်တဲ့အခါကျတော့ မရှိဒုက္ခသစ္စာ တွေ့လိမ့်မယ်....(မှန်ပါ့) ဘာတွေ့မယ်ထင်သတုံး....(မရှိဒုက္ခသစ္စာပါ)။

ကဲ....ဒါဖြင့် အခေါ်သမားက ဘယ်သူတဲ့(ဟိပဿိကောပါ) အလိုက်သမားက....(သန္ဒိဋ္ဌိကောပါ) အဖခေါ်သမားက....(ဟိပဿိကောပါ) အလိုက်သမားက.... (သန္ဒိဋ္ဌိကောပါ) လိုက်သာနေ- လိုက်သာနေ လိုက်ပြီးသကာလနေတော့ ဟော်=လာခဲ့၊ ပဿ=ရှုပါလို့ သူက ခေါ်တော့ ခေါ်ရာကို လိုက်

လိုက်တဲ့အခါကျတော့မှ မောင်ထွန်းလှိုင် မောင်ကို သူက ခေါ်သာခေါ်တယ် ခေါ်ရင်း ဆုတ်သွားတယ်....(မှန်ပါ့)မဆုတ်ဘူးလား....(ဆုတ်ပါတယ်ဘုရား)။

ဒါဖြင့် အနိစ္စက ခေါ်တာ၊ ဒုက္ခက ခေါ်တာ၊ အနတ္တက ခေါ်တာဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား) သေချာတော့ ဒီက လိုက်-လိုက်တဲ့အခါကျတော့ အနိစ္စတွေ့တယ် ဒုက္ခတွေ့တယ် အနတ္တတွေ့တယ် ဒုက္ခသစ္စာတွေ့တယ်ဆိုတာ ဖြစ်ရတော့မယ်.... (မှန်ပါ့ဘုရား) မဖြစ်ပါနဲ့ဆိုလို့ ရသေးရဲ့လား....(မရပါဘူးဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ကို အင်မတန်ဘဲ့ စေတနာကြီးကြီးနဲ့ ဆရာဘုန်းကြီးက ဟောနေတယ်ဆိုတာလဲ့ ခင်ဗျားတို့ သိလောက်ပါပြီ....(မှန်ပါ့ဘုရား)။

ဩော်....ဘယ်မျှား ရှုရ-မှတ်ရပါလိမ့်မတုံးဆိုတော့ ပေါ်တဲ့စိတ်က ခေါ်လိမ့်မယ်၊ လိုက်တဲ့ဉာဏ်က လိုက်ဖြစ်အောင် လိုက်ပါ....(မှန်ပါ့ဘုရား) ပေါ်တဲ့စိတ်က....(ခေါ်လိမ့်မယ်)လိုက်တဲ့ဉာဏ်က....(လိုက်ဖြစ်အောင်လိုက်ပါ)။

အဲ....လိုက်ဖြစ်အောင် လိုက်ပါဆိုတော့ မခေါ်တဲ့ အချိန်ကော ရှိပါသလား.... (မရှိပါဘူး) မလိုက်မိတဲ့ အချိန်က မျှား လိမ့်မယ်....(မှန်ပါ့ဘုရား) အဲဒါ ဘုန်းကြီးက စိုးရိမ်ပါတယ်....(မှန်ပါ့)။

ခေါ်တဲ့အချိန်ကတော့.... (အမြဲရှိပါတယ်) အချိန်တိုင်း ခေါ်မှာဘဲ၊ တစိတ်ပြီးတစိတ် ခေါ်မှာဘဲ....(မှန်ပါ့) ခင်ဗျားတို့က ဘာ ဖြစ်နေကြသလဲ....(မလိုက်မိပါဘူး)။

မလိုက်မိမှာ အင်မတန် စိုးရိမ်တယ်၊ မလိုက်မိတော့ကို ဉာဏ်က မလိုက်မိတော့ တဏှာက ချောင်းနေတာ၊ တဏှာက အရင်လိုက်သွားလိမ့်မယ်....(မှန်ပါ့) မလိုက်မိတော့ ဘယ်သူက လိုက်သွားသတုံး....(တဏှာက အရင်လိုက်သွားပါတယ်)။

တဏှာက လိုက်သွားတော့ ဦးခင်မောင်....မနာဘူးလား....(နာပါတယ်) တဏှာလိုက်တော့ တဏှာ့အဖေ၀ါ ဥပါဒါန်ကကျုပ်လဲ လိုက်ခဲ့ဦးမယ်.... (မှန်ပါ့) ကံကကော.... (လိုက်ပါတယ်)။

ကျုပ် လိုက်ဦးမယ်ဆိုပြီး သူတို့လိုက်လို့ရှိယင် ခင်ဗျားတို့သေမည့်သာ ပြင်ပေတော့ ဇာတိ ဇရာ မရဏာလမ်း သွားလိမ့်မယ်....(မှန်ပါ့)မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့သည် ခေါ်တဲ့တရားက ဟိပဿိကော၊ သဘောကျပလား.... (မှန်ပါ့) လိုက်တဲ့ တရားက....(သန္ဒိဋ္ဌိကောပါဘုရား)။

ဒါဖြင့် ဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောသာ လိုက်ပါ....(မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီ) ဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်ရပါမယ် တကာတကာမတို့ မေ့ဦးမှာလား....(မမေ့ပါဘူးဘုရား)။

အခု ဒီတွင်မမေ့မှာလား....အိမ်ကျအောင် မမေ့မှာလား-ဒါလဲ အတော်ချုပ်ရဦးမှာ အတော်ချုပ်ရဦးမှာ....။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဟိပဿိကော ဟိပဿိကောဆိုတာတော့ ခင်ဗျားတို့ ဘုရားရှိခိုးနေတာ၊ မေ့လောက်စရာတော့ မရှိပါဘူး-ဟင်....(မရှိပါဘူးဘုရား)။

ဩော်....ဧဟိပဿိကောဆိုတာ ငါတို့သန္တာန် ၁-ပေါ်တာကို ဆိုတာကိုး သဘောကျပလား....(မှန်ပါ့) ၁-နံပါတ် ပေါ်လာတာကိုဘာဆိုကြမယ်(ဧဟိပဿိကောပါဘုရား) ၂-နံပါတ်နဲ့ လိုက်ရမှာကို ဘာဆိုကြမယ်.... (သန္ဒိဋ္ဌိကောပါဘုရား) အဲ.... ၁-ကို ၂-နဲ့လိုက်....(မှန်ပါ့ဘုရား) ဘယ်လို မှာပါလိမ့်....(၁-ကို ၂-နဲ့လိုက်) ၁-ကို....(၂-နဲ့ လိုက်ရပါမယ်)။

အဲ....၂-နဲ့လိုက်လိုက်တဲ့အခါကျတော့ သတ္တဝါသန္တာန်မှာ နှစ်စိတ်နဲ့ အသက်ရှင်သလား....တစိတ်နဲ့ အသက်ရှင်သလား—(တစိတ်နဲ့ အသက်ရှင်ပါတယ်)။

ဒါဖြင့် ၁-ချုပ်ပြီးသကာလ သွားပြီဆိုတော့ ၂-နဲ့ အသက်ရှင်နေတော့ လိုက်တဲ့ဥစ္စာက အသက်ရှင်နေတော့ ဟိုမှာ ဘာသွားတွေသတုံး ဆိုတော့ အနိစ္စတွေတယ်၊ ဒုက္ခတွေတယ်၊ အနတ္တတွေတယ်၊ဒုက္ခသစ္စာတွေတယ်—မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) လိုက်တဲ့ပုဂ္ဂိုလ်မှာလေ (မှန်ပါ့) လိုက်တဲ့ပုဂ္ဂိုလ်မှာ ဒါမှတပါး ဘာတွေသေးသလဲ....(ဘာမှမတွေပါဘူး)။

အဲဒီတော့မှ တကာ တကာမတွေက ဩော်....ဒီ ဧဟိပဿိကော ခေါ်ရာကို ဘာကလိုက်မယ်.... (သန္ဒိဋ္ဌိကောပါဘုရား)။

သန္ဒိဋ္ဌိကော လိုက်တဲ့အခါကျတော့ ဩော်....ငါတို့ ဘယ်လိုများ အကျိုးပေးပါလိမ့်မလဲဆိုတာ မေးဘို့မလိုဘူးလား .... (လိုပါတယ်ဘုရား)။

ဝိပဿနာအလုပ်—လုပ်တယ်၊ ဆရာဘုန်းကြီးကတော့ သင်လိုက်တယ်၊ဧဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကော လိုက်ပါလို့ ဆိုတော့ သန္ဒိဋ္ဌိကောပြီ တော့ ခင်ဗျားတို့ ရွတ်ကြည့်ပါဋ္ဌိ-ဘာတွေမယ်.... (အကာလ်ကောပါဘုရား)။

အကာလိကော အခါမလင့် အကျိုးပေးတယ် ဆိုသဖြင့် တဏှာ ဥပါဒါန် ကံတွေ ချုပ်တယ်-(မှန်ပါ့) တဏှာ ဥပါဒါန် ကံတွေ ဘယ်နယ်တုံး....(ချုပ်သွားပါတယ်ဘုရား)။

ဘာဖြစ်လို့ ချုပ်သတုံး ဆိုလို့ရှိယင်တော့ သြော်....အကာလိကော=အခါမလင့် အကျိုးပေးချလိုက်လို့၊ ခင်ဗျားတို့ သံသရာ ဒုက္ခပေးမည့်တရားတွေ ဦးခင်မောင်.... ဘယ်နယ်ဖြစ်ကုန်သလဲ....(အခါမလင့်အကျိုးပေးပါတယ်)။

သံသရာ ဒုက္ခပေးမည့်တရားတွေ ဦးခင်မောင်....မချုပ်သေးဘူးလား....ချုပ်သလား....(ချုပ်ပါတယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီချုပ်တာ သူမျှား ခံစားရတာလား....(ရှဉ့်ပုဂ္ဂိုလ်ခံစားရတာပါ)ဒီအကာလိကောကလေ....(မှန်ပါ့) မရှဉ့်ပုဂ္ဂိုလ်မှာ အကာလိကောကို လာရဲ့လား....(မလာပါဘူးဘုရား)။

ဒါဖြင့် သြော်....ယနေ့ အရှင်ဆန္ဒ ဒီအတိုင်း ရှုတာနဲ့ ဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်တာနဲ့ အကာလိကောဆိုပြီးသကာလ တဏှာ ဥပါဒါန် ကံတွေ ချုပ်ပြီး ရဟန္တာဖြစ်တယ်.... (မှန်ပါ့ဘုရား) တဏှာ ဥပါဒါန် ကံဘွဲ့ ချုပ်ပြီးသကာလ....(ရဟန္တာဖြစ်ပါတယ်ဘုရား)။

ဖြစ်မှာဘဲ တကာ တကာမတို့....တဲ့၊ နောက်ကျတော့ ရှုဖန်မျှားလာတော့ ဒါကခေါ်ရာကို ရှိသေးရဲ့လား....(မရှိပါဘူးဘုရား) ဟော....သင်္ခါရဒုက္ခတွေ ချုပ်သွားတဲ့ယ်၊ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဟိုက သခ်ၤါရဒုက္ခလဲ ချုပ်ပါရော ဒီက မဂ္ဂင်ရှစ်ပါး တကာ တကာမတွေ ဖြစ်ပါတယ်၊ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ သခ်ၤါရဒုက္ခ ချုပ်ရာ သခ်ၤါရတို့၏ ကုန်ရာကို ဒီမဂ္ဂင်က သွားမြင်တယ်....(မှန်ပါ့) ဒီ သခ်ၤါရဖြစ်ပျက် မြင်သေးရဲ့လား....(မမြင်ပါဘူး)။

အဲ....သူ အရင်တုန်းက ရှုနေတုန်းကတဲ့ သခ်ၤါရတို့၏ ကုန်ရာကို ဘယ်တော့မှ မမြင်ဘူးဘူး....သူ....(မှန်ပါ့) သတော်ပါပါလား....(ပါ-ပါပြီ)။

အခုတော့ ဘယ့်နှယ်ကြောင့် သခ်ၤါရကုန်ရာနိဗ္ဗာန်ကို မြင်ပါလိမ့်မလဲ မေးလို့ရှိယင် တကာတကာမတွေ ရိပ်မိပလား....(ရိပ်မိပါပြီ) ဒီဥဒ္ဓါပြီးမှ ရှုတဲ့အတွက် နိဗ္ဗာန် ပေါ်လာတယ်....(မှန်ပါ့)သတော်ကျပလား....(ကျပါပြီ)။

ဒီဥဒ္ဓါပြီးမှ ရှုတဲ့အတွက်....(နိဗ္ဗာန်ပေါ်လာပါတယ်ဘုရား) နိဗ္ဗာန်ပေါ်လာတယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သုံးလုံးထဲပါဘဲ ဟိပဿ်ကော ခေါ်ရာကို ဘာလုပ်ရမယ်....(သန္ဒိဋ္ဌိကောနဲ့ လိုက်ရမယ်)သန္ဒိဋ္ဌိကောနဲ့ လိုက်လိုက်လို့ရှိယင်ဖြင့် လိုက်တဲ့ပုဂ္ဂိုလ်ကို ဘာအကျိုးပေးသတုံး.... (အကာလိကောပါဘုရား) အကာလိကော လာတယ်၊ အကာလိကော ဆိုသဖြင့် တဏှာ ဥပါဒါန် ကံ လာသေးရဲ့လား.... (မလာပါဘူးဘုရား) မလာလို့ရှိယင် ဇာတိ ဇရာ မရဏတွေကော....(မလာပါဘူးဘုရား)။

ဒါဖြင့် ဇာတိ ဇရာ မရဏ ချုပ်ရာ ဘာခေါ်ကြမယ် .... (နိဗ္ဗာန်ပါဘုရား) ဩော်....ဒါဖြင့် ဇာတိ ဇရာ မရဏ ချုပ်ရာ နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ဒီ နိဗ္ဗာန်ဟာ တခါတည်း အသက်ရှင်တုန်း ဒီဘက် လာပေါ်တယ်....(မှန်ပါ့) သဘောကျပလား....(မှန်ပါ့ဘုရား)။

အသက်ရှင်တုန်း သန်ခါရဒုက္ခတို့ ချုပ်ရာ အသစ်တနိဗ္ဗာန်က ဒီမှာ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် "နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏာ ပစ္စယေန ပစ္စယော" နိဗ္ဗာနံ=နိဗ္ဗာန်သည်၊မဂ္ဂဿ=မဂ်စိတ်အား၊ အာရမ္မဏာပစ္စယေန= မှီ လျော်ဘွယ် အာရမ္မဏာပစ္စယသတ္တိဖြင့်၊ ပစ္စယော=ကျေးဇူး ပြု၏....ဆိုတာကို ကောင်းကောင်း ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါနဲ့ အရှင်ဆာရိပုတ္တရာ ရဟန္တာဖြစ်တယ်၊ဒိဋ္ဌဓမ္မပြီးမှ ရှုတဲ့အတွက် (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြစို့။

သာဓု....သာဓု....သာဓု။

ကျေးဇူးတော်ရှင် အမရပူရမြို့ မဂိလာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့
ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော

လူမိုက်နဲ့လူလိမ္မာထူးပုံတရားတော်

(၂၂-၂-၆၁)

တကာ တကာမတွေ့ သံသရာစခမ်း သတ်ချင်လဲ အလွယ်ကလေး၊ သံသရာစခမ်း သတ်ချင်လဲ အလွယ်ကလေး၊ ဟာ.... မသတ်ချင်ပါဘူးဆိုယင်လဲ မတတ်နိုင်ဘူးပေါ့လေ။

အဲဒီတော့ ဒီနေ့ဟောရမှာက လူမိုက်နဲ့ လူလိမ်မာ ဘယ်လို ထူးသလဲလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မေးတော့ ရဟန်းတွေက မဖြေနိုင်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လူမိုက်နဲ့ လူလိမ်မာ ဒီလိုထူးတယ်ကွာ....ဆိုတဲ့ အကြောင်းကို ရှင်းလင်းပြီးသကာလ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟဲ့ဝပါတယ်။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ကို ဘုန်းကြီးတရားဟောနေတာ ဘာကျေးဇူးမှ မျှော်လို့ မဟုတ်ပါဘူး၊ လူလိမ်မာဖြစ်ပြီး သံသရာစခမ်းသတ်ပါစေတော့ဆိုတဲ့ စိတ်ထားနဲ့ ဟောနေတယ် (မှန်ပါ့ဘုရား)။

အားလုံး တကာတကာမတွေ့ လူလိမ်မာတွေ့ဖြစ်ပြီးသကာလ အိုဘေး နာဘေး အပါယ်ဘေးတွေ့ကို သိမ်းကျုံးပါစေတော့

ဆိုတဲ့ စေတနာနဲ့ ပောနေတယ် (မှန်ပါ့) ဟောတော့ တကာ တကာမတွေကလဲ နားလယ်အောင် နားထောင်ကြပါ....နော်.... (မှန်ပါ့)။

နားလယ်အောင် နားထောင်ပြီးသကာလ ကဲ.... လူလိမ်မာ ဘယ်အလုပ်-လုပ်ရမှာတုံးလို့ သိလာလို့ ရှိယင် လူလိမ်မာ အလုပ်ကို တခါတည်း လုပ်ပစ်လိုက်ပါ (မှန်ပါ့) ဘာလုပ်ရမှာတုံး.... (လူလိမ်မာအလုပ်ကို တခါတည်း လုပ်ရပါမယ်)။

လူလိမ်မာအလုပ်ကို တခါတည်း လုပ်ရမယ်ဆိုလို့ ရှိယင် ကိုင်း.... ဒါဖြင့် တကာ တကာမတို့ ရဟန်းတွေကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ မေး တယ်၊ မေးတဲ့အခါကျတော့ လူလိမ်မာနဲ့ လူမိုက် ဘာထူး သတုံး ကွ....တဲ့၊ ဒီတော့ တပည့်တော်များတော့ မပြောတတ်ပါဘူးဘုရားလို့ ဘဲ ဖြေရတယ်၊ အဲဒါ ရဟန်းတွေဘဲ ဆိုတာ မှတ်လိုက်စမ်းပါဦး (မှန်ပါဘုရား)။

ရဟန်းတော်တွေကိုက တပည့်တော်တို့ဖြင့် ဘယ်လိုမှ မပြော တတ်အောင် ဖြစ်ပါတယ်ဘုရားလို့ လျှောက်ကြတယ် (မှန်ပါ့) တကာ တကာမတို့ ရဟန်းတွေတောင် မလျှောက်တတ်တဲ့ခေတ် ဖြစ်သွားတယ်နော်.... (မှန်ပါ့)။

အဲဒါ ဘယ်နှယ်ကြောင့် ဖြစ်ရသတုံးလို့ မေးတဲ့အခါကျ တော့ ဘုရားကလဲ ပုဉ္စဝ၊ ရဟန်းတွေကလဲ ဖြစ်စ— ဆိုတော့ တကာသစ်တို့မောင်မြတို့ နားလယ်ဘို့ ဒါဖြတတ်ဘို့အကြောင်း လှယ်ကူပါ့မလား.... (မလှယ်ကူပါဘူးဘုရား)။

ဘုရားဖြစ်မှသာလျှင်လဲ ဝိပဿနာက ပေါ်လာသည်။ ဘုရား ဖြစ်မှလဲ ဒီပုဂ္ဂိုလ်တွေက ရဟန်းတွေ ဘာတွေက ဖြစ်ကြတော့

အကုန် အသစ်တွေခဲ့ညည်း ဆိုလို့ ရှိယင် လဲ့ပါ့မလား.... (မလဲ့ပါဘူးဘုရား) ဘုရားကလဲ့ အသစ်၊ တပည့် သားမြေးတွေကလဲ့.... (အသစ်ပါဘုရား)။

အသစ်တွေဆိုတာက အရှင်ဘုရား ဘယ့်နှယ်ကြောင့် အသစ်တွေလို့ ဆိုရပါ့လိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ ကဿပဘုရားလက်ထက်က စ-ပြီး ကွယ်လာလိုက်တဲ့-တကာ တကာမတို့ ဝိပဿနာဉာဏ်တွေ လူလိမ်မာနဲ့ လူမိုက် ထူးတာတွေ ဘယ်လို ထူးအောင် လုပ်ရမယ်ဆိုတဲ့ စခမ်းတွေ နည်းလမ်းတွေ ကွယ်လာလိုက်တာ- ဂေါတမဘုရား ပေါ်လာမှဘဲ သူပြောမှဘဲ သိရမယ်ဆိုတဲ့ အဓိပ္ပါယ်ရောက်ပါတယ်လို့ မောင်ထွန်းလှိုင်လို့ မောင်ကိုတို့ မှတ်ရလိမ့်မယ် (မှန်လှပါဘုရား)။

ကိုင်း....တကာ တကာမတို့ ကဿပဘုရားလက်ထက်ကနေပြီး ကွယ်လာလိုက်တာ အခု ဒီကြားမှာ ဘုရားနဲ့ တွေ့မှ ဖြစ်တဲ့ရဟန်းတွေ တပည့်တော်များ မလျှောက်ထားတတ်ပါဘူးဘုရားလို့ ကို ဆိုယူရတယ် (မှန်ပါ့) ဘယ်လောက်များ ကြာသွားတယ်ဆိုတာ သဘောကျပလား.... (ကျပါတယ်)။

မြေကြီး ၁၃-မိုင် ဖျမ်းမျကြေးတက်မှ ဘုရားတဆူပွင့်မှာကိုး (မှန်ပါ့) ကဿပဘုရား ပွင့်သွားပြီး မြေကြီး ၁၃-မိုင်လောက် ဖျမ်းမျကြေးတက်တော့မှ ဂေါတမဘုရားက ပွင့်တော့ ဒီကြားမှာ ဆိုယင် ဝိပဿနာ အကုန်ကွယ်တယ် (မှန်ပါ့)။

အဲဒီတော့ ခုမှဖြစ်တဲ့ ရဟန်းတွေက တကာသစ်တို့ ကိုမြွှေတို့ လျှောက်တတ်ပါ့မလား.... (မလျှောက်တတ်ပါဘူး)။

ဟော့.... လူမိုက်နဲ့ လူလိမ်မာ ဘာထူးတုံးက၊ တပည့်တော်မျှားမလျှောက်တတ်ပါဘူးဘုရား၊ အရှင်ဘုရားပြောမှ သိရမည့်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်....လို့ မောင်ထွန်းလိုင်တို့ မောင်ကိုတို့ဒီအတိုင်း လျှောက်ကြတယ် (မှန်ပါဘုရား)။

အဲဒီတော့ ဒီတကာ တကာမတွေမှာလဲ ဘုရားကလဲ ပရိုဗ္ဗာန်စံသွားတာ နှစ်ပေါင်း ၂၅၀၀-ဆိုတော့ ကျော်သွားတဲ့ အခါကြတော့ ကိုယ့် အမေ မိဘ သင်တာကလေးနဲ့ ကိုယ်အချိန်ကုန်ပြီး သကာလ နေကြတော့မယ်ဆိုလို့ရှိယင် အများကြီး ချွင်းချက်ကျန်ရစ်သေးတယ်ဆိုတာ မှတ်လိုက်စမ်းပါနော်.... (မှန်ပါဘုရား)။

ဒါ့ကြောင့် ယခု ဆရာသမားက ဘယ်ကျေးဇူးမှ မမျှော်ပါဘူး၊ တကာ တကာမတွေ သံသရာကိုယ့်ဉာဏ်နဲ့ ကိုယ်ဖြတ်ပြီးသကာလ ကိုယ့်ဒုက္ခကိုယ်သိမ်းပါစေဆိုတဲ့ စိတ်ထားနဲ့ ဟောနေတယ်ဆိုတာကော သဘောကျပလား.... (ကျပါပြီဘုရား)။

ဘုန်းကြီးကတော့ နည်းတော့ ပေးတတ်ပါတယ် တကာတကာမတို့ သိမ်းရမှာကတော့ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဒုက္ခ သိမ်းရမှာ.... (မှန်ပါဘုရား) ဘာလုပ်ကြရမယ်.... (ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဒုက္ခသိမ်းရမှာပါ)။

ကိုင်း....ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့မေးလို့မရလို့ရှိယင်ကော.... ငါဘဲ ရှင်းပြပါမယ်ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှင်းပြရှာတယ်....နော်.... (မှန်ပါဘုရား)။

ကိုင်း.... တကာ တကာမတို့ ပုံစံကြည့်မှု ပိုရှင်းမယ်ဆိုတာ မှတ်ထားပါ....နော်.... (မှန်ပါ့) ပုံစံကြည့်ကြတာပေါ့။

သတ္တဝါ အစ အဝိဇ္ဇာတဏှာက (မှန်ပါ့ဘုရား)။

သတ္တဝါအစ.... (အဝိဇ္ဇာ တဏှာကပါဘုရား)။

သတ္တဝါအစ.... (အဝိဇ္ဇာ တဏှာကပါဘုရား)။

ဩော်.... အဝိဇ္ဇာ တဏှာက စ-တယ်နော် (မှန်ပါ့) ဒါဖြင့် တကာ တကာမတို့.... လူမိုက်မှာလဲ သတ္တဝါအစ အဝိဇ္ဇာတဏှာကဘဲ၊ လူလိမ်မာမှာကော....(အဝိဇ္ဇာ တဏှာကဘဲ စ-ပါဘယ်) သူလဲ သတ္တဝါဘဲကိုး.... (မှန်ပါ့)။

သူလဲ သတ္တဝါဆိုတော့ ဘယ်နယ်ဆိုကြပါ့မလဲ....(အဝိဇ္ဇာ တဏှာက စ-ပါတယ်ဘုရား)။

ကိုင်း-တကာ တကာမတွေ့ လူမိုက်မှာလဲ သတ္တဝါအစ အဝိဇ္ဇာ တဏှာက၊ လူလိမ်မာမှာလဲ သတ္တဝါအစ အဝိဇ္ဇာတဏှာက ဆိုတော့ အလာမှာ အတူတူဘဲ၊ စခမ်းသိမ်းမှာ ထူးကြလိမ့်မယ်လို့ မှတ်ရုံရှိတော့တယ် (မှန်ပါ့)အလာမှာဖြင့်(အတူတူပါဘဲဘုရား) စခမ်းသိမ်းမှာတော့....(ထူးပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဦးခင်မောင်ရေ သေသေချာချာမှတ်မှ ဖြစ်တော့မယ် (မှန်လှပါဘုရား) ဦးခင်မောင်ကြီး ဘယ်ကလာသတုံး (အဝိဇ္ဇာ တဏှာက လာခဲ့ပါတယ်ဘုရား) ဖြေရုံဘဲရှိတယ် (မှန်ပါ့) ဦးဇံရင်ကြီး ဘယ်ကလာသတုံး- ဆိုယင်....(အဝိဇ္ဇာတဏှာကပါဘုရား)။

ဒါဖြင့် လူလိမ်မာမှာလဲ အဝိဇ္ဇာတဏှာက စ,တယ်။လူမိုက်မှာလဲ အဝိဇ္ဇာ တဏှာက စ,တယ်ဆိုလို့ရှိယင်ဖြင့် စ,ပုံခြင်းမှာ

မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ထူးသေးရဲ့လား....(မထူးပါဘူး ဘုရား)။

ဩော်....ဒါဖြင့် မထူးတာကို လာပုံချင်း တူပါလျက်သားနဲ့ စခမ်းသိမ်းပုံ ကွာတာကို ဘုရားဟောတော့မှာဘဲဆိုတာ မှတ်လိုက်စမ်းပါ- (မှန်ပါဘုရား) လာပုံချင်းတော့- (တူပါတယ် ဘုရား) စခမ်းသိမ်းပုံကျတော့- (ကွာပါတယ်ဘုရား)။

အဲဒါကြောင့် ယနေ့ ဒီလို လူလိမ်မာနဲ့ လူမိုက်သည်ကားလို့ ဆိုယင် ကွာ-ကဲ့၊ လူမိုက်လဲ အဝိဇ္ဇာ တဏှာက စ,တာဘဲဆိုတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ မလာပေဘူးလား(လာပါတယ်ဘုရား) အဝိဇ္ဇာ ပစ္စယာ....(သင်္ခါရာပါဘုရား)။

ဒါဖြင့် တကာ တကာမတို့မှတ်၊ တကာ တကာမတို့မှတ်ထား၊ လူလိမ်မာလို့ ဆိုလိုက်စမ်းပါဦး-

အဲဒီတော့ သင်္ခါရဆိုတာ တဏှာပါဘဲ ကုသိုလ် သင်္ခါရရယ် အကုသိုလ် သင်္ခါရရယ် နှစ်ခု တွဲလျက်ချည်းနေပါတယ်၊ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ဆိုတာ စာလိုသုံးတော့ ရှုပ်နေမှာစိုးလို့ ကုသိုလ်ဆုတောင်း တဏှာ ဘုံဘဝ နှစ်သက်တဲ့ တဏှာ။

ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ (သင်္ခါရာပါဘုရား) သင်္ခါရ နှစ်ခုနော်....(မှန်ပါ)ထိုသင်္ခါရကြောင့် တကာတကာမတို့ ဒါအတိတ်ဘဝဆိုတာတော့ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရှင်းတဲ့အခါကျတော့ ဒီဘဝမှာ သင်္ခါရ ပစ္စယာ ဝိညာဏ်လို့ ဆိုငြားသော်လဲ တကာ တကာမတွေက မှတ်လိုက်တာပေါ့၊

ခန္ဓာငါးပါး ပေါ်လာတယ်လို့ မှတ်လိုက် (မှန်ပါ့) လူလိမ်မာမှာ ဘယ်နှစ်ပါး ပေါ်ပါလိမ့်.... (ခန္ဓာငါးပါး ပေါ်ပါတယ်ဘုရား)။

ဩော်....သူလဲ အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါး ပေါ်တာဘဲလို့၊ ခန္ဓာ ငါးပါးဆိုတာ အခုတရားနာနေတဲ့ တကာ တကာမတွေ၏ ထိုင်နေတဲ့ ခန္ဓာငါးပါး (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီတကာ တကာမတွေ လူလိမ်မာဖြစ်မည့် ပုဂ္ဂိုလ်နဲ့ အစမှာ အတူတူဘဲ အဝိဇ္ဇာ သင်္ခါရ ခန္ဓာငါးပါး(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....လူမိုက်ကလေး ဒီဘက်က စ,ကြပါဦးစို့၊ လူမိုက်လဲ တကာ တကာမတို့ ဒီဘက်က ဒီအတိုင်း မှတ်တာပေါ့၊ အဝိဇ္ဇာ သင်္ခါရကြောင့် လူမိုက်မှာလဲ ခန္ဓာငါးပါးဘဲလာမယ်(မှန်ပါ့)။

လာပုံမှာ မတူကြဘူးလား....(တူပါတယ်ဘုရား) လူလိမ်မာဖြစ်မည့် ပုဂ္ဂိုလ်မှာလဲ အဝိဇ္ဇာသင်္ခါရ ခန္ဓာငါးပါး၊လူမိုက် ဖြစ်မည့်ပုဂ္ဂိုလ်မှာကော.... (အဝိဇ္ဇာ သင်္ခါရ ခန္ဓာငါးပါးပါဘဲဘုရား)။

ဘာထူးသတုံးကွာ—တဲ့၊ လာပုံမှာ အတူတူဘဲကွ ရဟန်းတွေရ ဆိုတော့ တပည့်တော်များတော့ မပြောတတ်ပါဘူး ဘုရား—အရှင်ဘုရားဟောမှ ပြောမှသိရမှာပါဘဲတဲ့....။

ဘယ်နှယ်ကြောင့်တုံးဆိုတော့ ကဿပ မြတ်စွာဘုရားလက်ထက်က ကွယ်လိုက်တာ အခုအရှင်ဘုရားလာမှဘဲ ဒီတရားတွေ ဒီလိုသိရတော့မယ်၊ ဟောမှ သိရမည့် ပုဂ္ဂိုလ်တွေ ဖြစ်လေသောကြောင့် လူမိုက်နဲ့ လူလိမ်မာ တပည့်တော်တို့ဘာထူးတယ်ဆိုတာ

အရှင်ဘုရားအား မလျှောက်ထားနိုင်ပါဘူးဆိုတာ သေသေချာချာလျှောက်ပါတယ်(မှန်ပါ့ဘုရား)သာဝတ္ထိုပြည်ဇေတဝန်ကျောင်းမှာ ရဟန်းတွေမေးလို့နော်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာ တကာမတွေ လူမိုက်မှာလဲ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံဆိုတဲ့ ခန္ဓာငါးပါးမလာဘူးလား(လာပါတယ်ဘုရား)လူလိမ်မာမှာကော....(ခန္ဓာငါးပါးလာပါတယ်ဘုရား)။

အဝိဇ္ဇာ ပစ္စယာ(သင်္ခါရာပါ)သင်္ခါရပစ္စယာ(ဝိညာဏံပါ)ဝိညာဏ်ဆိုတော့ ခန္ဓာ ငါးပါးမလာဘူးလား (လာပါတယ်)။

ဟာ....ဒါဖြင့် မောင်ထွန်းလှိုင် မောင်ကိုတို့ လာပုံအတူတူပါကလား....(အတူတူပါဘုရား)တကာ တကာမတို့ လာပုံ ဘယ့်နှယ်နေပါလိမ့်....(အတူတူပါဘဲဘုရား)။

လာပုံအတူတူဘဲတဲ့ တကာ တကာမတို့ ဩသြော်....တူတော့ တူကြပြီ၊ အဲဒီတော့ ဒီဟာတွင် တူတာ မဟုတ်သေးဘူးတဲ့- ဒီပြင် တူတဲ့ ရှိသေးတယ်။

ဒါလဲ တကာ တကာမတို့က ခန္ဓာငါးပါးမှတ်ထားလိုက်တာပေါ့-တလုံးတည်းနော်....(မှန်ပါ့)အဲဒါ ပြစရာရှိလို့ တကာ တကာမတွေ။

ကိုင်း....လူမိုက်နဲ့ လူလိမ်မာ ခန္ဓာငါးပါးရတာခြင်းတော့ ထူးသေးရဲ့လား- (မထူးပါဘူး) ခန္ဓာငါးပါး ရတာခြင်းမှာ....(မထူးပါဘူးဘုရား)။

ဒါကလူလိမ်မာ၊ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားဘဲ ရတယ်(မှန်ပါ့) ဒီဘက်ကလူမိုက်မှာကော.... (ခန္ဓာငါးပါး ဒုက္ခသစ္စာတရားဘဲရပါတယ်)။

ခန္ဓာငါးပါးဒုက္ခသစ္စာတရား "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဟိ ဒုက္ခာ" ဆိုတဲ့ ဒီဒုက္ခဘဲ ရတာဘဲဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒါက တကာ တကာမတွေ အတိတ်ဘဝက ဖြစ်ခဲ့တဲ့ အဝိဇ္ဇာသင်္ခါရ၊ ဒါက ပစ္စုပ္ပန်ဘဝ အစလို့ ဆိုယင် လဲပါ့မလား....(မလဲပါဘူးဘုရား)။

ဒါ-ယာခု ဘဝ တကာတကာမတွေ၏ အစ နော်- (မှန်ပါ့ဘုရား) ခန္ဓာငါးပါးလုံး အမိဝမ်းခေါင်းထဲ ပဋိသန္ဓေနေတယ် ဆိုတာ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ယခု ဘဝ အစ ခန္ဓာငါးပါးပေါ့ဗျာ၊ ရှေးဘဝက တော့ဖြင့် အတိတ်ကတော့ဖြင့် အဝိဇ္ဇာနဲ့ သင်္ခါရ ရှင်းကြပလား- (ရှင်းပါပြီ)။

အတိတ်က ဘယ်သူပါလိမ့်- (အဝိဇ္ဇာနဲ့ သင်္ခါရ ပါဘုရား) ယခု ဘဝအစကတော့....(ခန္ဓာငါးပါးပါ)။

ခန္ဓာငါးပါး၊သင်္ခါရပစ္စယာ ဝိညာဏံဆိုတဲ့ ဝိညာဏ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်အလိုမို့ ဝိညာဏ်၊ အဘိဓမ္မာနည်းနဲ့ ယူလိုက်တော့ ခန္ဓာငါးပါးဘဲ ပဋိသေါကာရဘုံ ပေါ်ပါတယ် (မှန်ပါ့) ပဋိသေါကာရဘုံမှာ ခန္ဓာ ဘယ်နှစ်ပါးပေါ်သလဲ....(ငါးပါး ပေါ်ပါတယ်)။

အဲ....သင်္ခါရပစ္စယာ ဝိညာဏံလို့သာ ဆိုတယ်ခန္ဓာငါးပဲပါး ပေါ်တယ်လို့ တကာ တကာမတွေက ရှင်းရှင်း လင်းလင်း မှတ်ထားပါလို့ သတိပေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီ-ဝိညာဏ်တွေပေါ်တော့ ဩသြော်.... ဒီ-ဥစ္စာဝိညာဏ် ခန္ဓာငါးပါး ပေါ်လာပြီဆိုတော့ ကိုင်း.... သူတို့သည်ကားလို့ဆိုယင် ကြီးရင့်ပြီးသကာလ လာကြတဲ့အခါကျလို့ရှိယင်ဖြင့် တကာတကာမတို့ ဝိညာဏ်ပြီးလို့နာမ်ရုပ်အစရှိသည်နဲ့ပေါ်တဲ့အခါ ကျလို့ရှိယင် သူတို့ပြင်ဘက် မွေးဖွားတဲ့အခါစက္ခုံစ ပဋိစ္စ ရူပေစ ဥပဇ္ဇတိ စက္ခုဝိညာဏံ တွေ့ မလာပေဘူးလား....(လာပါတယ်ဘုရား)။

တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ သုခဝေဒနာ- ဒုက္ခဝေဒနာ- ဥပေက္ခာဝေဒနာကော မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ဩသြော်....ဒါဖြင့် လူမိုက်မှာလဲ လူလိမ်မာလဲ တကာတကာမတို့ ဝေဒနာသုံးပါး ခံစားတာဘဲ.... (မှန်လှပါဘုရား) မွေးဖွားပြီးသည့်နောက် ဘာလုပ်ပါလိမ့်.... (ဝေဒနာသုံးပါးခံစားပါတယ်)။

ကဲ....တခါသွားလိုက်ဦး၊ ဒီပုဂ္ဂိုလ်မှာလဲ ဝိညာဏ်ရှိနေတဲ့အပေါ်က် တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဆိုတဲ့ ဝေဒနာကော မခံစားကြဘူးလား.... (ခံစားပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ တစ်-နှစ်- သုံး- လေး၊ ဝေဒနာသုံးပါး ဝေဒနာချည်းထားလိုက်ပါတော့၊ လေးဘဲ ထားလိုက်ပါတော့။

လူမိုက်မှာလဲ ဒီဘက်က တန်းပြတော့ တစ်-နှစ်-သုံး-လေး သတော်ကျကြပလား.... (ကျပါပြီ) လူလိမ်မာ မှာကော.... (လေးပါဘဲ) တစ်-နှစ်-သုံး-လေး-ဘဲ.... (မှန်ပါ့)။

တကာတကာမတို့ လူလိမ်မာကော.... (တစ်-နှစ်-သုံး-လေး ပါဘဲ) တစ်-နှစ်- သုံး- လေး ဘဲဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ဘဲ စဉ်းစားကြည့်ပါ၊ ခင်ဗျားတို့ ကောင်းတာခံစားတော့ သုခဝေဒနာ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) မကောင်းတာတော့ ခံစားတော့ ဒုက္ခကလေး တော့ကော.... (ပေါ်ပါတယ်ဘုရား) အလတ်စား ခံစားတော့ ဥပေက္ခာ ဝေဒနာကော.... (ပေါ်ပါတယ်ဘုရား)။

ဩော်....ဒါ ဘယ်အခါမှာပေါ်ပါလိမ့်မတုံးဆိုတော့ယခုလို ပဝတ်တ်အခါ.... (မှန်ပါ့) ယခုလို ပဝတ်တ် အခါ ဆိုတော့ ယခုလို ကျန်းမာချမ်းသာ လူလားမြောက်လာတဲ့အချိန်ဆိုကြပါစို့ဗျာ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် လာပုံချင်းမှာ ဟောဒီကျအောင်တူနေတယ်၊ တစ်-နှစ်-သုံး-လေး လူမိုက်မှာလဲ လေးဘဲ၊ လူလိမ်မာ မှာကော.... (လေးပါဘဲ) လေးဘဲဆိုတာ ကျေနပ်ကြပလား.... (ကျေနပ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် ဦးခင်မောင် ဒီပုံကလေး သေသေချာ ချာမှတ်ထားနော်.... လူမိုက်နဲ့ လူလိမ်မာ ဒီနေရာမှာ မထူးသေးဘူးတဲ့.... (မှန်ပါ့) ထူးကြရဲ့လား တကာ တကာမတို့.... (မထူးပါဘူး)။

မထူးသေးဘူး၊ ဘယ်နှယ်ကြောင့်တုံးဆိုတော့ လာပုံမှာ အတူတူဖြစ်ပြီး ခံစားပုံမှာလဲ မောင်ထွန်းလိုင်တို့ မောင်ကိုတို့ အတူတူ မကျဘူးလား.... (ကျပါတယ်)။

လူလိမ်မာလဲ ခံစားပုံက.... (အတူတူပါဘဲဘုရား) ဝေဒနာသုံးပါးနဲ့ နေတာဘဲ....(မှန်ပါ့) ဝေဒနာသုံးပါး ခံစားပြီး သကာလ ဝေဒနာကွဲနဲ့ နေတာဘဲဆိုယင်ကော လွဲပါ့မလား (မလွဲပါဘူး) လူလိမ်မာမှာလဲ ဝေဒနာသုံးပါး လှည့်ခံစားနေတာဘဲဆိုယင်ကော လွဲပါ့မလား....(မလွဲပါဘူးဘုရား)။

ဒါဖြင့် တကာတကာမတို့ လူလိမ်မာနဲ့ လူမိုက်သည်ကား လို့ ဆိုယင်ဖြင့်အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊သင်္ခါရပစ္စယာဝိညာဏ ဒီကနေပြီး ဒီ–ဖဿပစ္စယာ ဝေဒနာကျအောင် အတူတူဘဲထားလိုက်ကြပါတော့....(မှန်ပါ့) သဘောပါကြရဲ့လား....(ပါ-ပါတယ်) မတူကြဘူးလား.... (တူပါတယ်ဘုရား)။

ဒါကဲ့ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝမှာ ဒါတွေဘဲ၊ ပဋိသန္ဓေနေပြီး ပြင်ဘက် ရောက်တဲ့အခါ ကျလို့ရှိယင် ကောင်းတာခံစားလဲ သုခဝေဒနာ မပေါ်ဘူးလား.... (ပေါ်ပါတယ်) မကောင်းတာ ခံစားတဲ့ ဒုက္ခဝေဒနာကော.... (ပေါ်ပါတယ်ဘုရား) အလတ်စားခံစားတဲ့ ဥပေက္ခာဝေဒနာကော....(ပေါ်ပါတယ်ဘုရား)။

အဲ.... လူလိမ်မာမှာလဲ ဒါပေါ်တာဘဲ တကာတကာမတို့ လူမိုက်မှာကော....(ဒါပေါ်တာပါဘဲ) ကိုင်း-ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ရှင်းပြီ....တဲ့ ဩော်....ဒီကျအောင် လူလိမ်မာနဲ့ လူမိုက်ဖြင့် မထူးသေးပါကလား ဆိုတာ ဦးခင်မောင်တို့.... ရှင်းသွားပြီ.... (ရှင်းပါပြီဘုရား) တရားတပဲ့လုံး ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

လူလိမ်မာနဲ့ လူမိုက်ဟာ အခုအခါန်ကျအောင် ထူးသေးရဲ့ လား.... (မထူးပါဘူးဘုရား) ဖြစ်ပုံချင်းအတူတူဘဲမနေဘူးလား (နေပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပေတော့တဲ့ တကာ တကာမတို့ လူလိမ်မာနဲ့ လူမိုက်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သူကတော့ ကို တကာတကာမတို့ သိတဲ့အတိုင်း ဝေဒနာ ပစ္စယာ တဏှာ ဘက်ကိုသွားလိမ့်မယ်၊ မသွားဘူးလား....(သွားပါတယ်ဘုရား) သူကတော့ ဝေဒနာ ပစ္စယာ ပညာဘက်ကို သွားလိမ့်မယ်.... (မှန်ပါ့) ဒါထူးတယ်တဲ့.... (မှန်ပါ့)မြင်ကြရဲ့လား.... (မြင်ပါတယ်)။

ဝေဒနာပစ္စယာ လူလိမ်မာမှာ.... (ပညာဘက်ကို သွားပါတယ်) လူလိမ်မာမှာတော့ တကာတကာမတွေ့ ရှေ့ပိုင်းက လူလိမ်မာထားလိုက်တော့ ပညာလာတယ် နော်....(မှန်ပါ့)။

ဒီက လူမိုက်တန်းမှာတော့ ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) ဟော....ဒီက စ-တဲ့ယ်၊ ဒီကစ-တယ်၊ ဒီကစ-ပြီဆိုတာ သိပြီ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒီကစ-ပြီ တကာတကာမတို့ ဆြော်....လူလိမ်မာနဲ့ လူမိုက် သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် လာပုံမှာတော့ တစ်-နှစ် သုံး လေး-ချင်းမှာဖြင့် အတူတူဘဲ ဆိုနိုင်ကြပလား (ဆိုနိုင်ပါတယ်) တစ်-နှစ်-သုံး-လေးမှာ(အတူတူပါဘဲဘုရား)ငါးမှာ လာထူး တယ်....(မှန်ပါ့)။

မောင်ထွန်းလိုင်တို့မောင်ကိုတို့ ဘယ်မှာထူးသလဲ....(ငါးမှာ ထူးပါတယ်ဘုရား) ငါးမှာတော့-လူလိမ်မာမှာတော့ ဝေဒနာ နောက်က ပညာ....(မှန်ပါ့)။

မောင်မြရှေတို့ ဘယ်က စ·ထူးသတုံးဟေ့....(ငါးကစ·ထူးပါတယ်) အင်း....ဟင် တစ်-နှစ်-သုံး-လေးမှာ (အတူတူပါဘဲဘုရား)။

ဒါဖြင့် တကာတကာမတို့ သန္တာန်၌တဲ့.... ဩဿဝ်....ငါး နံပါတ်ဖြစ်အောင် လူလိမ်မာဖြစ်ချင်ယင် ငါးနံပါတ်မှာလူမိုက်နဲ့ မတူအောင် လုပ်ရလိမ့်မယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

လူမိုက်နဲ့မတူအောင် ဘယ်နံပါတ်မှာ လုပ်ရမလဲ....(ငါး နံပါတ်မှာပါဘုရား) ငါး နံပါတ်မှာ လုပ်ရမယ်၊ ငါး နံပါတ် ဝေဒနာပစ္စယာ.... (ပညာပါဘုရား) ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

လူမိုက်ထု·စံအတိုင်း သံသရာခရီးသည် ဖြစ်ချင်လို့ ရှိယင်ဖြင့် ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) ဝေဒနာပစ္စယာ တဏှာ၊ ဝေဒနာပစ္စယာ ဒေါသာ၊ ဝေဒနာပစ္စယာမောဟာ၊ မလာနိုင်ဘူးလား....(လာနိုင်ပါတယ်ဘုရား) ဒီနောက်က လောဘ၊ ဒေါသ၊ မောဟ အကုန် မလာပေဘူးလား.... (လာပါတယ်ဘုရား)။

လူလိမ်မာကတော့ ဝေဒနာပစ္စယာ.... (ပညာပါဘုရား) ဩဿဝ်....ဟာ- ဦးခင်မောင် ထူးပလား.... (ထူးပါပြီဘုရား) နောက်က တကာတကာမတွေ ထူးကြရဲ့လား.... (ထူးပါတယ်ဘုရား)။

ခင်ဗျားတို့ ရှင်းရှင်းလင်းလင်းပြနေပါတယ်၊ လာပုံမှာအတူတူဘဲ၊ သံသရာ ခရီးဆုံးဟဲ့ နေရာမှာ ကွာခြားတယ် ဆိုတာ

ကကာတကာမတို့ အခုပုံချပြသဖြင့် တော်တော် ရှင်းကြရဲ့လား (ရှင်းပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီပုဂ္ဂိုလ်ကတော့ တကာတကာမတို့.... လူမိုက်ကိုးဗျ၊ လူမိုက်ဆိုတော့သိတဲ့အတိုင်း....တဲ့ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပဲစ္စယာ.... (ကမ္မဘဝေါ) ကမ္မဘဝပစ္စယာ....(ဇာတိ)။

ဇာတိဆိုတော့ အနာဂတ်ဘဝဆက်မယ်.... (မှန်ပါ့)မဆက်ပေဘူးလား.... (ဆက်ပါတယ်) တဏှာ လာတဲ့အတွက် ဇာတိဇရာမရဏကျအောင် မဆက်ဘူးလား.... (ဆက်ပါတယ်ဘုရား)။

ဒါဖြင့် မှတ်လိုက်ဦး၊ ဩဿော်....လူမိုက်က နောက် ပဋိသန္ဓေနေတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) ဘယ်လိုမှတ်ကြမယ်....(လူမိုက်က နောက် ပဋိသန္ဓေနေပါတယ်)။

လူလိမ်မာကတော့ ဝေဒနာပစ္စယာ ပညာလို့ လာသော ကြောင့် တဏှာက-မလာ၊ ဥပါဒါန်က-မလာ၊ ကံက-ကော.... (မလာပါဘူးဘုရား) ကံမှမလာဘဲနဲ့ ဇာတိ-နောက် ပဋိသန္ဓေ ကကော....(မလာပါဘူး) ရှင်းကြပလား....(ရှင်းပါပြီ)။

ဩဿော်....ဒါဖြင့် ဒို့ဆရာဘုန်းကြီးက ဒို့အပေါ်မှာ ရှင်းပြတဲ့ဥစ္စာသည် အင်မတန်မှ ထူးထူး ခြားခြားပါ ကလား....လို့ တိုတိုမှတ်ချင်တော့ ဒီအနားမှာ တချက်မှတ်လိုက်၊ ဝေဒနာပစ္စယာ ပညာမှာ တချက်မှတ်လိုက်၊ ဝေဒနာပစ္စယာ တဏှာမှာ တချက်မှတ်လိုက်....(မှန်ပါ့)။

လူမိုက်ကတော့ ဝေဒနာပစ္စယာ.... (တဏှာပါ) လူလိမ်မာကတော့.... (ဝေဒနာပစ္စယာ ပညာပါဘုရား) ဩဿော်.... ဒါက

အလုပ်စခမ်းသွင်းတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)ဘယ်လို မှတ်ကြမယ်.... (အလုပ်စခမ်းသွင်းတာပါဘုရား)။

အလုပ်စခမ်းသွင်းလာပြီ တကာတကာမတို့ နောက် ရှုပုံနဲ့ တကွ ပြတော့မယ်....(မှန်ပါ့) အဲဒီတော့ အကျဉ်းချုပ်ကလေး ဘုရားတပည့်တော်တို့ မှတ်ပါရစေဦးလို့ တကာတကာမတွေက ပြောလို့ရှိယင်ဖြင့်တဲ့ သူ့ပါဦးတော်အတိုင်းဆိုလို့ရှိယင် တကာ တကာမတို့ ဟောဒီ လူလိမ်မာက နောက် ပဋိသန္ဓေမနေဘူး.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ဟောဒီ လူမိုက်က နောက် ပဋိသန္ဓေ များစွာနေမယ်.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်း ပါပြီ)။

လူလိမ်မာကတော့....(နောက် ပဋိသန္ဓေမနေပါဘူး) နောက် ပဋိသန္ဓေမနေဘူးနော်.... (မှန်ပါ့) လူမိုက်ကတော့.... (နောက် ပဋိသန္ဓေ များစွာနေပါတယ်)။

သြော်....ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကား ဟော....လူလိမ်မာနဲ့ လူမိုက်ဟာ ဘာထူးသတုံးကဆိုတော့ တကာတကာမတို့ အခု ငါး နံ ပါတ်ထူးခြားတဲ့အတွက် နောက် ခြောက်တွေ့ခုနစ်တွေ့ ပဋိသန္ဓေနေမှု အိုမှု သေမှုတွေဟာ တကာ တကာမတို့ မလာပေဘူးလား....လူမိုက်ကတော့....(လာပါတယ် ဘုရား)။

လူလိမ်မာကတော့ ငါး နံ ပါတ်က နောက်ကနေပြီး သကာ လကျင့်ကြံတဲ့ မဂ္ဂင်ဖြဟ္မစရိယာအလုပ် လိုက်ရတယ်၊ မလိုက်ဘူး လား....(လိုက်ပါတယ်ဘုရား)။

ဒါဖြင့် လူလိမ်မာကတော့ဖြင့် ပညာလိုက်လာတယ်ဆိုသော ကြောင့် ဝိပဿနာ သွင်းပေးတယ်....(မှန်ပါ့) သဘောကျပ လား....(ကျပါပြီ)။

လူလိမ်မာက....(ဝိပဿနာ သွင်းပေးပါတယ်)ဟို-ပုဂ္ဂိုလ်က ဝေဒနာပစ္စယာ တဏှာဆိုတဲ့ နှစ်သက်မှုလာတယ်.... (မှန်ပါ့) ဝိပဿနာ မလာဘဲနဲ့ တဏှာဆိုတဲ့နှစ်သက်မှုကြီး မလာဘူးလား (လာပါတယ်ဘုရား)။

တဏှာ နှစ်သက်မှုလာတော့ ဥပါဒါန် စွဲလမ်းမှုက....(လာ ပါတယ်ဘုရား) စွဲလမ်းမှုလာတော့ ကံ-ကကော.... (လာပါ တယ်ဘုရား)။

ဟာ....ဒါဖြင့် ဒီလူမိုက် ပဋိသန္ဓေ နေပေတော့.... (မှန်ပါ့) ကမ္မဘဝပစ္စယာ— ဇာတိဆိုတော့ တကာ တကာမတွေဘဲ စဉ်း စားတာပေါ့....ဩော်....ဒီဇာတိဆိုတာ ဘာဇာတိပါလိမ့်မတုံး လို့မေးတဲ့အခါကျတော့ ငရဲဇာတိ- ငရဲ ပဋိသန္ဓေလဲ ဆိုနိုင် တာဘဲ၊ ပြိတ္တာပဋိသန္ဓေကော....(ဆိုနိုင်ပါတယ်)နတ်ပဋိသန္ဓေ (ဆိုနိုင်ပါတယ်) ဗြဟ္မာပဋိသန္ဓေ.... (ဆိုနိုင်ပါတယ်) အင်း.... ဟင်....ဘာသစ္စာတွေလဲ.... (ဒုက္ခသစ္စာတွေပါဘုရား)။

သူက ဒုက္ခသစ္စာ၊ ဝေဒနာနောက်က တဏှာ လိုက်တဲ့ပုဂ္ဂိုလ် ဟာ ဒုက္ခသစ္စာပြန်ရတယ်....(မှန်ပါ့)တကာတကာမတို့ ဝေဒနာ နောက်က တဏှာ လိုက်တဲ့ပုဂ္ဂိုလ်က.... (ဒုက္ခသစ္စာ ပြန်ရပါ တယ်)။

ဝေဒနာနောက်ကပညာလိုက်တဲ့ပုဂ္ဂိုလ်က ဒုက္ခသစ္စာ ဇာတ် သိမ်းတယ် (မှန်ပါ့)ဝေဒနာနောက်က-ပညာလိုက်တဲ့ ပုဂ္ဂိုလ်က (ဒုက္ခသစ္စာ ဇာတ်သိမ်းပါတယ်)။

တယ်လဲ ထူးခြားပါကလား.... မောင်ထွန်းလိုင်တို့ မောင်ကို တို့ ဘယ်နှယ်နေသတုံးဟေ့.... (ထူးခြားပါတယ်ဘုရား)အလာမှာ တူငြားသော်လဲ သံသရာခရီးဆုံးတာ ကွာခြားကြတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)အလာမှာတော့ဖြင့်.... (တူပါတယ်ဘုရား)။

အင်း.... ဟင်.... တကာ တကာမတို့ အသွားကျတော့ တူကြရဲ့လား.... (မတူပါဘူး) မတူဘူး....တဲ့၊ ခရီးဆုံးတဲ့ပုဂ္ဂိုလ်က တမျိုး၊ ခရီးမဆုံးတဲ့ ပုဂ္ဂိုလ်က.... (တမျိုးပါဘုရား) မခြားနားဘူးလား.... (ခြားနားပါတယ်)။

သြော်.... ဒါတွေသိရတော့ ဦးခင်မောင် သေပျော်ပြီလို့ ဆုံးဖြတ်ချက်ချစမ်းပါ (မှန်ပါ့)။

ဒါက ဘုန်းကြီးက သရုပ်ဆောင်ပြီးသကာလ အကွက်ချပြနေတာလား.... ဘုရားကိုက လူမိုက်နဲ့ လူလိမ်မာဟာ ဘာထူးသတုံး.... ထူးပုံကို သိစမ်းပါတော့— သိအောင်ပြောပါဆိုလို့ ဘုန်းကြီးက ပြောရတာပါ (မှန်ပါ့ဘုရား)။

လူမိုက်က ဝေဒနာနောက်က ဝိပဿနာပညာ မလိုက်ဘဲနဲ့ တဏှာလိုက်နေတယ် (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) လူလိမ်မာကတော့ ဝေဒနာနောက်က ဘာလိုက်သလဲ(ပညာလိုက်ပါတယ်)။

ဒါဖြင့် မောင်ထွန်းလိုင်မောင်ကိုတို့ ဒီနေရာ ထူးထူးခြားခြား မှတ်လိုက်စမ်းပါ၊ သြော်.... သူက ကျင့်မှုလိုက်တယ်၊ သူက သာယာမှုလိုက်တယ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

လူလိမ်မာကတော့....(ကျင့်မှုလိုက်ပါတယ်)လူမိုက်က မကျင့်မှု လိုက်တယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) လူလိမ်မာကတော့ ဝေဒနာနောက်က.... (ကျင့်မှုလိုက်ပါတယ်) အေး.... ပညာဆိုတဲ့ ကျင့်မှု ကြံမှု၊ မလိုက်ဘူးလား.... (လိုက်ပါတယ်)။

ကဲ.... လူမိုက်ကတော့....(မလိုက်ပါဘူး)ကျင့်မှု ကြံမှု မလိုက်ဘူးဆိုတော့ သူကတော့ အကျင့်ကို မကျင့်တော့ပါဘူး၊ ဖြဟ္မစရိယအကျင့်ကို မကျင့်တော့ပါဘူးဆိုတော့ မကျင့်တော့ ထုံးစံအတိုင်း ပဋိစ္စသမုပ္ပါဒ် မသွားဘူးလား....(သွားပါတယ်ဘုရား) ဒီဟာကတော့ ပဋိစ္စသမုပ္ပါဒ် မဖြတ်လိုက်ဘူးလား....(ဖြတ်လိုက်ပါတယ်)။

ကဲ.... ဒါဖြင့် တကာ တဲကာမတို့.... လူလိမ်မာနဲ့ လူမိုက် သည်ကားလို့ ဆိုယင်ဖြင့် ကျင့်မှုနဲ့ မကျင့်မှုမှာ ထူးခြားတယ်၊ (မှန်ပါ့) ပေါ့သွားပြီ (ပေါ့ပါပြီ)။

ဘယ်လိုမျှား ပေါ့သွားပါလိမ့်.... (ကျင့်မှုနဲ့ မကျင့်မှုမှာ ထူးခြားပါတယ်)ကျင့်မှုနဲ့ မကျင့်မှု ကွာခြားတယ်ဆိုတာ တကာ တကာမတွေ ရှင်းရှင်းလင်းလင်း သိပလား....(သိပါပြီ)။

ဒါဖြင့် လူချင်းတူပေမဲ့ မူကွဲရသေးတယ် (မှန်ပါ့) သဘော ကျပလား.... (ကျပါပြီ)။

လူချင်းကတော့ ဒီကျအောင် တူတယ် တကာ တကာမတို့၊ ဒီ ခန္ဓာငါးပါး ရတာလဲ တူတယ်၊ဖဿပစ္စယာ ဝေဒနာတွေ ဖြစ်တာကော.... (တူပါတယ်ဘုရား)။

အေး.... လူလိမ်မာလဲ ဒီအတိုင်း ဝေဒနာသုံးပါး ခံစားတာဘဲ (မှန်ပါ့) လူမိုက်ကော.... (ခံစားပါတယ်ဘုရား)။

အဲဒီတော့ ဝေဒနာနောက်က ပညာလိုက်တာက ပညာဆိုတာ မောင်ထွန်းလို့ မောင်ကိုတို့မှတ်ထား ကျင့်မှလိုက်တာ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ကျင့်မှလိုက်တယ်နော်.... (မှန်ပါ့) ဦးခင်မောင် ဘာလိုက်ပါလိမ့်.... (ကျင့်မှလိုက်ပါတယ်)။

သူကတော့ လူမိုက်ကတော့ တကာ တကာမတို့ ကျင့်မှ မှလိုက်ဘူးတဲ့၊ ပဋိစ္စသမုပ္ပါဒ်အတိုင်း စုန်သွားတဲ့အတိုင်း တောက် လျှောက် စုန်သွားတယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဘာဖြစ်သွားသတုံး.... (တောက်လျှောက်စုန်သွားပါတယ်) ပဋိစ္စသမုပ္ပါဒ် ဖြတ်တဲ့တရား ပါသေးလား.... (မပါ-ပါဘူး)။

ဒါဖြင့် သူ့မှာ ဘုရားမပွင့်ဘူး(မှန်ပါ့)လူမိုက်မှာ....(ဘုရား မပွင့်ပါဘူး) လူလိမ်မာမှာ.... (ဘုရားပွင့်ပါတယ်) အဲ....ဘုရား ပွင့်တယ်ဆိုတော့— ဘုရားပွင့်မှ ဝိပဿနာက ပေါ်တာကိုး.... (မှန်ပါ့)။

သူ့မှာ ဘုရားပွင့်လဲ ဥပမာ အခု သာသနာ နှစ်ထောင့် ငါးရာကျော်ကျော်ကလေး ရှိသေးတယ်၊ နောက် နှစ်ထောင့် ငါးရာပြော့ပြော့ ကျန်သေးတယ် ထားဦးတော့၊ ဒီ မကျင့်လို့ ရှိယင် သူ့သန္တာန်မှာ ဦးခင်မောင် ဘုရားပွင့်-မပွင့်.... (မပွင့်ပါဘူး) မပွင့်ဘူးဆိုတာ သေချာပလား.... (သေချာပါပြီ) ကောင်းပြီ၊ ဒါဖြင့် ကျင့်တဲ့ပုဂ္ဂိုလ်မှာတော့ဖြင့်.... (ဘုရားပွင့်ပါတယ်)။

ဘုရားပွင့်တယ်ဆိုတဲ့ ဥစ္စာက တကာ တကာမတို့ တခြား အောက်မေ့မနေနဲ့ ဘုရားပွင့်မှ ဝိပဿနာပေါ်လို့ ဝိပဿနာ လုပ်တဲ့ပုဂ္ဂိုလ်မျိုးမှာ တကာတကာမတွေသည် ကြိုးကြိုးစားစား

လုပ်ကြပါ၊ ဒါ ကိုယ့်သန္တာန် ဘုရားပွင့်လို့ သံသရာခရီးအဆုံး သတ်တဲ့ အလုပ်ဘဲဆိုတာဖြင့် သေသေချာချာ မှတ်ရလိမ့်မယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဩော်....ဒါဖြင့် ဘုန်းကြီး တကာ တကာမတွေကို အားလုံးဘဲ မေတ္တာရှေ့ထားပြောပါတယ်၊ မသေကြန့်ဦး၊ တားရလို့ရှိယင် တားကြဦး၊ ခင်ဗျားတို့ သန္တာန် သာသနာနဲ့ကြုံအောင် လုပ်လိုက်ပါဦး (မှန်ပါ့ဘုရား) ဟောထိုက်-မဟောထိုက်.... (ဟောထိုက်ပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) အင်မတန် အရေးကြီးလို့ ပြောနေတယ်ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီ)။

ဒီ ကျင့်မှုကလေးမှ မကျင့်လိုက်ရသေးဘူး ဆိုလို့ရှိယင်ဖြင့် တဲ့- တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒီခန္ဓာနဲ့ ဟိုခန္ဓာ ဆက်တာဆိုတာ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာလဲ.... (ဒီခန္ဓာနဲ့ ဟိုခန္ဓာဆက်တာ ဆိုတာပါ)။

ဟော.... အတိတ် ခန္ဓာနဲ့ ဟောဒါကလဲ အဝိဇ္ဇာကလဲ သင်္ခါရက္ခန္ဓာ၊ ဒါတွေကလဲ သင်္ခါရက္ခန္ဓာ ထားပါတော့နော် (မှန်ပါ့)။ အတိတ်ခန္ဓာတွေနဲ့ ပစ္စုပ္ပန် ခန္ဓာ သွားဆက်တယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ပစ္စုပ္ပန် ခန္ဓာက ဒါဘာဘဲ၊ ဒါ-ပစ္စုပ္ပန်ခန္ဓာ ထားပါတော့ ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာနော်-(မှန်ပါ့)။

ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာတွေထားလိုက် ပါတော့ ဝေဒနာ သုံးမျိုးနဲ့ တကာ တကာမတို့ ပစ္စုပ္ပန်ခန္ဓာ ရှင်းရှင်းကြီး ရှေ့မှာ ပေါ်ပြီးသကာလ ဒီခန္ဓာနောက်က ပညာ

လိုက်နေတယ် လူလိမ်မာက(မှန်ပါ့) ဒီခန္ဓာနောက်က.... (ပညာ လိုက်နေတယ်)။

ဒီပုဂ္ဂိုလ်ကျတော့ ဒီခန္ဓာနောက်က တဏှာလိုက်နေတယ်.... (မှန်ပါ့) သဘောကျပလား (ကျပါပြီ) တဏှာဒိဋ္ဌိ မလိုက်ဘူး လား....(လိုက်ပါတယ်ဘုရား)။

ဒါဖြင့် လူလိမ်မာ ခန္ဓာက ဒါ ခန္ဓာငါးပါးဒီနေရာ သွင်း လိုက်ကြစို့၊ ခန္ဓာငါးပါးဆိုတော့ ဝေဒနာ ပါသွားပါပြီနော်· (မှန်ပါ့)။

ကိုင်း-တကာတကာမတို့ လူမိုက် ခန္ဓာငါးပါးနဲ့ လူလိမ်မာ ခန္ဓာငါးပါးရပုံခြင်းဘာခြားနားသလဲ(မခြားနားပါဘူးဘုရား) ရပုံချင်းမထူးဘူးနော်၊ရပုံချင်းတော့ဖြင့် ငါး-ငါးချည်းဘဲဆိုတာ သေချာကြပလား....(သေချာပါတယ်)။

ဩော်....ဒါဖြင့် လူမိုက်ခန္ဓာကတော့ဖြင့် တကာတကာမတို့ ကိုယ် ခန္ဓာကိုနှစ်သက်ခင်တွယ် တဏှာ ဥပါဒါန် ကံလာတယ်။ (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ) ကိုယ့်ခန္ဓာ ခင်တွယ်တဲ့တဏှာ ဥပါဒါန် ကံ....(လာပါတယ်ဘုရား)။

ဒါဖြင့် သူ့ပဋိစ္စသမုပ္ပါဒ်သည် အနာဂတ်ဘဝ ဇာတိ ဇရာ မရဏာ ဆက်-မဆက်....(ဆက်ပါတယ်ဘုရား)။

ဩော်....လူမိုက်က တကာ တကာမတို့ သုံးဘဝဆက်တယ်— (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) အတိတ်ဘဝ၊ ဒါကဘာတုံး (ပစ္စုပ္ပန်ဘဝ) ဒီဘက်မှာ ဇာတိ ဇရာ မရဏာဆိုတာ အနာဂတ် ဘဝ(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါ သေသေချာချာမှတ်ပါ တကာတကာမတို့ နှစ်ယောက် ပြနေရတဲ့အတွက် ဒီပုံစံတွေလဲ မလောက်တော့ဘူး (မှန်ပါ့) မလောက်တော့ဘူး၊ ကဲ-သဘောပါကြပလား....(ပါ-ပါပြီ)။

ဒါဖြင့် ရှင်းရှင်းကလေးနဲ့ ဝိပဿနာမပေးခင် တကာတကာမတို့ နည်းအကျအနသိရအောင် လူမိုက်နဲ့ လူလိမ်မာသည် ဘာထူးသတုံးလို့ မေးလို့ရှိယင် လူမိုက်က သုံးဘဝဆက်တယ်ဘုရော့ ပေါ်ကြပလား (ပေါ်ပါပြီ) လူမိုက်က (သုံးဘဝဆက်ပါတယ်ဘုရား)။

လူလိမ်မာက နှစ်ဘဝတွင် ဇာတ်သိမ်းတယ်ဘုရော့- (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ) အဝိဇ္ဇာပစ္စယာ သင်္ခါရာ ပြီးတော့ ဒီခန္ဓာ ငါးပါး မလာဘူးလား(လာပါတယ်) ဒီခန္ဓာငါးပါးနောက်က ပညာလာလိုက်တဲ့အခါနောက်ခန္ဓာအနာဂတ်ဘဝတွေ့ လာသေးရဲ့လား....(မလာပါဘူးဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ရှင်းသထက် ရှင်းအောင်ပြောကြပါစို့ ဆိုလို့ရှိယင်ဖြင့် လူမိုက်က သုံးဘဝဆက်တယ်၊ ဒါကအမြင်ပြတာနော်....(မှန်ပါ့)။

လူမိုက်က (သုံးဘဝ ဆက်ပါတယ်) ဒါအမြင်ပြတာနော်— (မှန်ပါ့) ဒီ-ဇာတိပေါင်း ဘယ်လောက်တုံးလို့ မပြောနိုင်ဘူး၊ ဘဝပေါင်းများစွာလာတယ်၊ သို့သော်အမြင်မှာတော့ဖြင့် ဘယ်နှစ်ဘဝဆက်သတုံး-(သုံးဘဝဆက်ပါတယ်)။

လူလိမ်မာကတော့ တကာတကာမတို့ မြင်တဲ့အတိုင်း ဟောဒါအတိတ် ဘဝ၊ ဟောဒါ ပစ္စုပ္ပန်ဘဝ ခန္ဓာငါးပါး- ဒီနောက်က ပညာ လိုက်လိုက်တဲ့ အတွက် အနာဂတ်ဘဝ လာသေးရဲ့လား.... (မလာပါဘူး)။

ဒါဖြင့် တကာတကာမတို့ လူလိမ်မာက နှစ်ဘဝနဲ့ ဇာတ်သိမ်းတယ် (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်နှစ်ခုနဲ့ဘဲ ပြီးသွားတယ်။

လူမိုက်ကတော့ဖြင့် ပဋိစ္စသမုပ္ပါဒ် သုံးခု ဆက်သွားတယ်လို့ အမြင်အားဖြင့် ပြောလို့ရှိယင်လဲ မောင်ထွန်းလှိုင် မောင်ကိုတို့ အမြင်အားဖြင့် သူ ရှင်းမနေဘူးလား (ရှင်းနေပါတယ်) သဘော ပါကြလား....(ပါ-ပါတယ်)။

ဩော်....လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံး ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် သုံးခု ဆက်ယင် – (လူမိုက်ပါဘုရား)နှစ်ခုနဲ့ပြတ်ယင် (လူလိမ်မာပါဘုရား)ရှင်းပလား-(ရှင်းပါပြီ)သုံးခု ဆက်ယင်(လူမိုက်ပါဘုရား) အင်း—ဟင်- နှစ်ခုနဲ့ပြတ်သွားယင်(လူလိမ်မာပါဘုရား)။

အဲဒီတော့ ဘုရားရှင်နှင့် ဘုန်းကြီးတို့တတ်နိုင်တာက ဟာဒီပစ္စုပ္ပန်ဘဝက နေပြီး အနာဂတ်ဘဝ မကူးအောင်တော့ တတ်နိုင်တယ်(မှန်ပါ့) ဒါ ဘုန်းကြီးတို့၏ တာဝန်ရှိတယ်(မှန်ပါ့)။ တကာတကာမတွေကလဲ ကိုယ်ပိုင်ဉာဏ်ကလေး သုံးပြီးသကာလ ဝေဒနာနောက်ကနေပြီး ပညာလိုက်ရလို့ရှိယင်ဖြင့် သုံးဘဝ ဒို့မကူးတော့ဘူး၊ မဆက်တော့ဘူးဆိုတာ မသေချာလား....(သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးဆိုတော့ လူမိုက်က သုံးဘဝ ဆက်သည်၊ရှင်းကြပလား (ရှင်းပါပြီ)။

အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရက မရှိလားဗျာ (ရှိပါတယ်ဘုရား)၊ယခုဘဝ ခန္ဓာငါးပါးကြီး ရနေတယ်....(ရပါတယ်)။

ခန္ဓာငါးပါး နောက်ထပ်ရပြီးသကာလ အနာဂတ် ခန္ဓာတဏှာ ဥပါဒါန် ကံ အနာဂတ်အကြောင်းတွေ့ လုပ်တဲ့အတွက် ဇာတိ ဇရာမရဏဆိုတဲ့ အနဲ့ဂတ် ဘဝတွေကော....(လာပါတယ် ဘုရား)။

ဒါဖြင့် လူမိုက်က ဘယ်နှစ်ဘဝဆက်သတုံး (သုံးဘဝဆက်ပါတယ်) လူလိမ်မာက ဘာတဲ့(နှစ်ဘဝဆက်ပါတယ်)နှစ်ဘဝနဲ့ ပြတ်တယ်(မှန်ပါ့) ဦးခင်မောင်တို့ ကျေနပ်ကြပလား.... (ကျေနပ်ပါပြီ)။

နားလယ်အောင် ပြောနေပါတယ် တကာတကာမတို့ သေသေချာချာ မှတ်ကြစမ်းပါ၊ဒါ အလုပ်နဲ့ ဖြတ်ရမယ် ဆိုတာလဲ စောစောစီးစီးက တင်ကြိုပြီး မှတ်ထားပါနော်....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့က စဉ်းစားကြည့်ပါတော့၊ ဒီမှာ ဘုရားကလဲ ဟောပြီတဲ့၊ လူမိုက်ကတော့ကွာတဲ့ နောက်ဒုက္ခ ရတယ် အနာဂတ်ဒုက္ခရတယ်၊လူလိမ်မာက(အနာဂတ်ဒုက္ခမရပါဘူး) လူမိုက်က....(အနာဂတ် ဒုက္ခရပါတယ်) လူလိမ်မာက....(အနာဂတ် ဒုက္ခ မရပါဘူး)။

အနာဂတ်ဒုက္ခ မရဘူးဆိုတော့ တကာတကာမတို့ ကိုယ့်ဟာကိုယ် မိုက်မှန်းလဲ ယနေ့တော့ဖြင့် မပေါ်လို့ကို မဖြစ်တော့ဘူး (မှန်ပါ့)မပေါ်လို့ကို မဖြစ်တော့ဘူး ဦးခင်မောင်.... (မဖြစ်တော့ဘူး)။

စုတေမနေ သေလွန်ရလို့ ရှိယင်ဖြင့် လူကောင်း နတ်ကောင်း ဖြစ်ရပါလို့၏ ဆိုတော့ အနာဂတ်ဘဝဆုတောင်းတယ် (မှန်ပါ့) မဆက်ဘူးလား....(ဆက်ပါတယ်)။

အဲဒါ ဘုရားက ဘယ်အထဲ သွင်းလိုက် သလဲ .... (လူမိုက်ထဲ သွင်းပါတယ်) ဆက်သွားပြီ....(မှန်ပါ့)။

ဒါ ဘုန်းကြီးက ပြောတာမဟုတ်ဘူးနော် ဘုန်းကြီးကပြော တာမဟုတ်ဘူး တကဲ့ တကာမတို့၊ ဘယ်သူက ပြောတာတုံး.... (ဘုရားကပြောတာပါ)။

လူမိုက်က နောက် ပဋိသန္ဓေ ရှိတယ်ကွဲ့တဲ့ပေါ်ကြပလား.... (ပေါ်ပါပြီ) နောက် ပဋိသန္ဓေဆိုတော့ အနာဂတ်ဘဝ မကျဘူး လား....(ကျပါတယ်)။

လူလိမ်မာက နောက် ပဋိသန္ဓေမလာဘူးကွဲ့တဲ့ ဆိုတော့ ဆု တောင်းယူတဲ့ ပုဂ္ဂိုလ်များ ဘယ်အထဲ သွင်းကြသလဲ(လူမိုက်ထဲ သွင်းပါ)။

ဩော်....သွင်းတတ်ယင်တော့ တော်သေးတယ်နော်....၊သွင်း တတ်ယင်တော့ ကိုယ်.ဟာကိုယ် မိုက်တာ မိုက်မှန်းသိတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) သွင်းတတ်လို.ရှိ ယင်....(ကိုယ်မိုက်တာ မိုက်မှန်းသိပါတယ်)။

အို....ကျုပ်တို့တော့ဖြင့် ဒီလိုမနေနိုင်ပါဘူး၊ ကျုပ်တို့တော့ ဖြင့် ဘုံစဉ်စံကလေးတော့ဖြင့် ကြိုက်ပါသေးတယ်ဆိုယင် သူ. ဟာ အသံသာချို့တယ်၊လူမိုက်ထဲဝင်တယ်....(မှန်ပါ့)။

အသံတော့ ချို့တယ်နော်.... (မှန်ပါ့)ဘယ်အထဲ ဝင်သွား ပါလိမ့်.... (လူမိုက်ထဲ ဝင်ပါတယ်) သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုက ဗာလပဏ္ဍိ တ သုတ် ဆိုပြီးသကာလ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်ကြီးမှာ ကိုယ်တော်တိုင် ဟောပြီးသကာလ ထားတဲ့အတွက် တကာ

တကာမတို့ လူမိုက်က မမြတ်သောအကျင့်ကို ကျင့်တယ်ကဲ့ဘ.... တဲ့၊ ခန္ဓာငါးပါးအပေါ်၌ (မှန်ပါ့) လူလိမ်မာက မြတ်သော အကျင့်ကို ကျင့်တယ်ကဲ့တဲ့၊ ခန္ဓာငါးပါးအပေါ်၌ (မှန်ပါ့)။

လူမိုက်က မြတ်သောအကျင့်ကို မကျင့်ဘူး၊ ယုတ်သော တရားတွေနဲ့ ဆက်သွားတယ်ကဲ့....တဲ့၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တကာ တကာမတွေ ဘုံဘဝတွေကို လိုချင်တဲ့ တကာ တကာမတွေကို ရှင်းရှင်းနဲ့ ဘင်းဘင်း ပြောရလို့ ရှိယင်ဖြင့် အခု ဒေသနာတော်အတိုင်း ဘုရားဟောတော်မူတဲ့အတိုင်း သစ္စာနဲ့ ဝေဘန်တဲ့အတိုင်း ဆိုယင်ဖြင့် ဘယ်ထဲ သွင်းရမလဲ....(လူမိုက်ထဲ သွင်းရမယ်)။

ကိုယ့် ဟာကိုယ် သွင်းကြ....နော်....(မှန်ပါ့)ကိုယ့် ဟာကိုယ် သွင်းကြတဲ့၊ ဆရာဘုန်းကြီးကတော့ ဒီတရားဖြစ်စဉ်ကိုဘဲ ရှောက်ပြီး ပြောတာပါဘဲ (မှန်ပါ့)။

ဘုရားက သူလာယင် လူမိုက်ကဲ့၊ ဒီဟာက လူလိမ်မာကဲ့.... ဆိုလို့ ဟောတော့ဟောတာဘဲ၊ ကိုယ့် ဟာကိုယ် တခါတည်း သြော်.... ငါသည်ကား မိုက်ချက်သန်သလား.... မသန့်ဘူးလား ဆိုတာတော့ နဖူးပေါ်လက်တင် စဉ်းစားလိုက်တော့မှ ပေါ်လာတယ်၊ (မှန်ပါ့) မပေါ်လာဘူးလား.... (ပေါ်လာပါတယ် ဘုရား) ဟိုဘဝ ဒီဘဝ လိုချင်ယင် ဘာဆိုကြမယ်.... (လူမိုက်ပါ ဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှင်းရှင်းဘဲ ပြောလိုက်တယ်၊ ဟိုဘဝ ဒီဘဝ ဆိုတာမျှားကဲ့....

တဲ့၊ ငါ ဘဝရတဲ့ ပုဂ္ဂိုလ်မှာ ဘယ်အခါကာလမှ ဘဝ ကောင်းတယ်လို့ မချီးမွမ်းပါဘူး....တဲ့ (မှန်ပါ့)။

တကာ တကာမတို့ ဘဝကောင်းတယ်လို့ ဘယ်အခါမှ မချီးမွမ်းဘူး....ဘူးတဲ့ (မှန်ပါ့)။

ကဲ.... အင်္ဂုတ္တိုရ် ပါဋိတော် ဒီဥစ္စာက ဒုကနိပါတ် အင်္ဂုတ္တိုရ် ပါဋိတော်မှာ— တကာ တကာမတို့ ဘဝကို ကောင်းတယ်လို့ ဘယ်တော့မှ ငါ ဘုရား မချီးမွမ်းဘူး....ဘူးတဲ့(မှန်ပါ့)။

နောက်လာမည့် ဘဝတွေ ဘယ်လိုတဲ့.... (ကောင်းတယ်လို့ ဘယ်လိုမှ ငါ ဘုရား မချီးမွမ်းဘူး....တဲ့) ကောင်းတယ်လို့ ဘယ်တော့မှ မချီးမွမ်းဘူး....ဘူးတဲ့၊ တကာတကာမတို့၊နား ကြီး ကြီးနဲ့ ထောင်ပါ (မှန်ပါ့) ကောင်းတယ်လို့.... (ဘယ်တော့မှ မချီးမွမ်းဘူး....ဘူးတဲ့)။

ဘုရားက မချီးမွမ်းဘူး၊ ကိုယ်တော် မချီးမွမ်းနေ.... တပည့်တော်တို့က ကြိုက်တယ်ဘုရာ့၊ ဟာ....သွားပြီ ခင်ဗျားတို့၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဘုရားကတော့ ဘယ့်နှယ်တဲ့လဲ....(မချီးမွမ်းပါဘူး) ခင်ဗျားတို့က.... (ကြိုက်တယ်)။

ဒါဖြင့် ခင်ဗျားတို့ဟာက ခက်တယ်၊ဘုရား-ဘဲ့တိုက်နေတာဘဲ (မှန်ပါ့) ဘယ်လိုဆိုကြပါ့မလဲ....(ဘုရား-ဘဲ့တိုက်တာပါ) ဘုရား-ဘဲ့တိုက်တာဘဲဆိုယင် မောင်ကိုတို့ မောင်ထွန်းလှိုင်တို့ လွဲပါ့မလား.... (မလွဲပါဘူး)။

အဲ့ဒီတော့ ခင်ဗျားတို့ ဂုဏ်ချင်းတူတဲ့ ယောက်ျား-ယောက်ျားချင်း၊ မိန်းမ-မိန်းမချင်းတွင်သာ ဘဲ့တိုက်ပါ၊ အတုမရှိတဲ့

ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ သွားပြီး ဘဲ့မတိုက်ပါနဲ့၊ တောင်းပန်ပါရစေ (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အတုမရှိတဲ့ ကိုယ်တော်ကြီးနဲ့ ခင်ဗျားတို့တုလို့ ကော ဖြစ်မှာလား.... (မဖြစ်ပါဘူးဘုရား)။

အဲဒါတော့ သွားပြီးသကာလ ဘဲ့မတိုက်ပါနဲ့လို့ တကာ တကာမတွေကို မေတ္တာရပ်ခံပါတယ် (မှန်ပါ့)။

တိုက်တာကို ဘုရားရှေ့မှာ သွားပြီး- အရှင်ဘုရား.... ဒီပန်း ဒီဆွမ်း ဒီကွမ်းကြောင့် ဒီသွားတိုက်တယ်၊ မတိုက်ဘူးလား.... တိုက်သလား....(တိုက်ပါတယ်ဘုရား)။

သေသေချာချာ တိုက်တယ်ဆိုတာ တကာ တကာမတွေ ပေါ်လာပလား.... (ပေါ်လာပါပြီဘုရား)ငါကလဲ ဘဝများ ကွာ-ဘယ်ကာလမှ လက်ဖျစ်တတွက်တောင်မှ ဘယ်ဘဝကောင်း တယ်လို့ မချီးမွမ်းဘူးပါဘူးတဲ့.... (မှန်ပါ့) မင်းတို့က ယူချင် တာတော့ဖြင့် မတတ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ် မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဘုရားက ဘဝကောင်းတယ်လို့ ချီးမွမ်းသ လား... ဘဝသည် "တယောဘဝေ အဒ္ဒုဃရံဝိယ ဒဋ္ဌဗ္ဗံ... တဲ့" တယောဘဝေ=ဘုံ သုံးပါးဆိုတာ ကာမ ရူပ အရူပ၊ ကာမဘုံ ရူပဘုံ အရူပဘုံ အဲ့ဒီဘဝတွေဟာတဲ့၊ အဒ္ဒုဃရံဝိယဒဋ္ဌဗ္ဗံ = နှောင်အိမ်ကျတာကွ... တဲ့၊ သဘောကျပလား....(ကျပါပြီ)။

လူ့ပြည်ပြန်ပြီးကျတော့လဲ နှောင်အိမ်ထဲကျတာဘဲ၊ နတ် ပြည်ကျပြန်ကော.... (နှောင်အိမ်ထဲကျတာပါဘဲ) ဗြဟ္မာပြည် ကျပြန်ကော... (နှောင်အိမ်ထဲကျတာပါဘဲ)။

ကိုင်း....တကာ တကာမတို့ "တယောဘဝေ အဒ္ဒုဿရုံဝိယ ဒဋ္ဌဗ္ဗ" ဆိုတဲ့အတိုင်း ဘုံသုံးပါးကို ထောင်သုံးခုလို့ ငါသေသေချာချာ ပြောပါတယ်တဲ့....(မှန်ပါ့)။

အဲဒီတော့ မင်းတို့ဟာမင်းတို့ ကိုယ့်ဟာကိုယ် ကျချင်လို့ ရှိယင်လဲ မတတ်နိုင်ဘူးပေါ့ဂျာ....တဲ့၊ငါတော့ မချီးမွမ်းဘူးတဲ့-(မှန်ပါ့)။

အဲဒီတော့ တကာ တကာမတွေ ဘုံဘဝလိုချင်တဲ့ ပဂ္ဂိုလိ်များ ဘယ်နှယ်ဆိုကြပါ့မယ်.... (နှောင်အိမ်ကျတာပါဘုရား) နှောင်အိမ်မှာ ကျပါရစေဦးဆိုတဲ့ အဓိပ္ပါယ် ရောက်-မရောက်-(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် သူများက ကျချင်လို့ ကျရတာလား....ကိုယ်ကိုယ်တိုင် လက်ဆောင်ထိုး ဝင်တာလားဆိုတဲ့ အဓိပ္ပါယ်လဲ တခါစဉ်းစားပါဦး.... (ကိုယ်ကိုယ်တိုင် လက်ဆောင်ထိုးဝင်တာပါဘုရား) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

အဲဒါကြောင့် ဘာကလေးလုလု "ဣဒ" မေပုညံ အာသဝက္ခယံ ဝဟံ ဟောတု" လို့ ဆိုပြီးတော့ ဒါနလဲ လုပ်ပါ၊ သီလလဲ လုပ်ပါ၊ အကုံနှ်လုပ်ပါ၊သူတော်ကောင်းအလုပ်ဟူဘ၍ သုစရိုက်ဟူ၍ အကုန်လုပ်ပါ၊ သို့သော်လဲ အာသဝေါကုန်ရာ နိဗ္ဗာန်ကိုသာ ရောက်ရပါလို့၏ဆိုဘာသာ မလွတ်ပါစေနဲ့၊ ထောင်ကျတော့ မခံပါနဲ့.....(မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီ)။ ဘာတဲ့တုံး....(ထောင်ကျတော့မခံပါနဲ့)။

အာသဝေါကုန်ရာ ရောက်ရံပါလို့၏သာ တကာ တကာမတွေ အရေးတကြီးထားပါ....(မှန်ပါ့)အာသဝေါကုန်ရာ ရောက်

ရပါလို့၏သာ....(အရေးတကြီးထားပါ)အာသဝေါ ကုန်ရာဟာ နိဗ္ဗာန်ပါဘဲ၊ တနေ့က အာသဝေါကုန်ရာ ပြပြီးပြီမဟုတ်လား-(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ လူမိုက်က ထောင်ထဲကျတယ်၊ လူလိမ်မာက ထောင်ကထွက်တယ်၊ ဟော....ရှင်းမသွားသေးဘူးလား....(ရှင်းပါတယ်ဘုရား)။

လူမိုက်ကတော့.... (ထောင်ကျပါတယ်ဘုရား) ဘုံသုံးပါး ထောင်ကြီး မကျဘူးလား....(ကျပါတယ်ဘုရား) လူလိမ်မာက-(ထောင် ထွက်ပါတယ်ဘုရား) ထောင်မှ လွတ်သွားတယ်..... (မှန်ပါ့)။

ဟောဒါ လူ့ပြည်မှာ လူ့ပြည်ဘုံဆိုတာ ကာမဘုံပေါ့-မောင်ကိုရေ....ကာမဘုံကနေပြီး ဒီဝိပဿနာအလုပ်-လုပ်လိုက်တော့ မဂ်ဉာဏ်တွေဆိုက်အောင် လုပ်လိုက်တော့ လွတ်မသွားဘူးလား....(လွတ်သွားပါတယ်ဘုရား) မဂ်ဉာဏ် ရယင် လွတ်မသွားဘူးလား....(လွတ်သွားပါတယ်)။

အဲ.... လွတ်သွားတဲ့အခါကျတော့ သူက ထောင်ကလွတ်တာ-လူလိမ်မာက....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) လူမိုက်ကတော့-(ထောင်ကျပါတယ်)ဒီ ထောင်ပြီးတော့ ကာမထောင်ပြီးတော့ ရူပထောင် ပြောင်းတယ်....(မှန်ပါ့) ရူပထောင်ပြီးတော့ အရူပထောင်လဲ သူပြောင်းချင် ပြောင်းလိမ့်မယ်..... (မှန်ပါ့)။

ဘာကြောင့်တုံး ဆိုလို့ရှိယင်ဖြင့် ခုနင်ကပြောခဲ့တဲ့ လူလိမ်မာက မဂ္ဂဗြဟ္မစရိယာအကျင့် - ကျင့်ပါတယ်၊ မဂ္ဂ ဗြဟ္မစရိယ

အကျင့်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)လူလိမ်မာက ဘာကျင့်သလဲ....(မဂ္ဂင်ဖြာဟူစရိယအကျင့်-ကျင့်ပါတယ်)။

အဲ....လူမိုက်က မဂ္ဂင်ဖြာဟူစရိယအကျင့် - မကျင့်သောကြောင့် ထောင်ပြန်ကျတယ်....(မှန်ပါ့)တကာ တကာမတို့ ထောင်ကြီး ကြိုက်လား... ထောင်လေး ကြိုက်လား....(မကြိုက်ပါဘူးဘုရား) ရိုးရိုး ပြောကြစမ်းပါ။ ထောင်ကြီးနဲ့ ထောင်လေး ဘယ်ဟာများ ကြိုက်ကြသတုံး....(ဘယ်ဟာမှ မကြိုက်ပါဘူးဘုရား)။

အမှတ်တမဲ့ သတိမထားလို့ တော့ဖြင့် သိပြီးသားဘဲ၊ နှတ်ထောင် ကြိုက်သလား-ဖြဟ္မာထောင် ကြိုက်သလားလို့ မေးယင် ဘယ်နှယ်ပြောကြမယ်....(ဘယ်ဟာမှမကြိုက်ပါဘူး)။

ခုတော ထောင်ဆိတဲ့ ဆိုင်းဘုတ်ကလေး ဆဲလိုက်တဲ့အတွက် ဘယ်သူမှ မကြိုက်ကြဘူး....(မှန်ပါ့)နဂိုရှိတုန်းကတော့ လူ့ချမ်းသာတဲ့၊ ချမ်းသာကလေးက ဖုံးလိုက်ပြန်တော့ ကြိုက်တာ....(မှန်ပါ့) နှတ်ချမ်းသာဆိုတဲ့ ချမ်းသာကလေး လှည့်စားလိုက်တာ....(မှန်ပါ့) ဖြဟ္မာချမ်းသာဆိုတဲ့ ချမ်းသာကလေးက လှည့်စားလိုက်တာ....(မှန်ပါ့)။

အဲဒီ ချမ်းသာဟာ ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့ အဲဒီ ချမ်းသာဟာ သေသေချာချာ စဉ်းစားတော့ လူချမ်းသာဆိုတာလဲ ဝေဒနာကွန္ဓာဘဲ၊ နှတ်ချမ်းသာ ဆိုတာကော....(ဝေဒနာကွန္ဓာပါဘဲ) ဖြဟ္မာချမ်းသာ ဆိုတာကော.... (ဝေဒနာကွန္ဓာပါဘဲ)။

အဲ....ဝေဒနာကွန္ဓာကို တကာ တကာမတွေက သေသေချာချာ စဉ်းစားတော့ ဝေဒနာကွန္ဓာဟာ တကာ တကာမတို့ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား)။

အဲ....ခင်ဗျားတို့ကြိုက်တဲ့ ဒုက္ခသစ္စာချည်းဘဲ မှတ်လိုက်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ခင်ဗျားတို့ကြိုက်တာ....(ဒုက္ခသစ္စာပါဘုရား)။

ကဲ....ဖျင်းလှချည်ရဲ့၊ ဒုက္ခသစ္စာဆိုယင် ရှောင်ရမှာကိုးကွ.....(မှန်ပါ့) ဒုက္ခသစ္စာဆိုယင်....(ရှောင်ရမှာပါဘုရား)အဲဒါ ဘယ်လိုဖြစ်နေသတုံး....(ကြိုက်နေပါတယ်ဘုရား)။

သြော်....ဒါဖြင့် ခင်ဗျားတို့ဟာ မှောင်ထဲ လမ်းသွားတဲ့လူနဲ့တူနေတယ်....(မှန်ပါ့) မှောင်ထဲ လမ်းသွားတော့ ကျင်ကြီးကစွန့်ထားတာ ခြေထောက်နဲ့ နင်းမိတော့ ခပ်နွှဲနွှဲ နင်းမိတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကျင်ကြီးက စွန့်ထားတယ်၊ကိုယ်ကလဲ မှောင်ထဲသွားတာကိုး၊ ရိပ်မိပလား....(ရိပ်မိပါပြီ)နင်းသာ နင်းမိတယ် ခြေထောက်က နင်းမိတာက ခပ်နွှဲနွှဲ နင်းမိတော့ တော်သေးတာပေါ့ဗျာ-(မှန်ပါ့) ဘာ-နင်းမိတာတုံး နင်းမိတာက.... (ကျင်ကြီးပါဘုရား)။

ကျင်ကြီးနင်းမိတာ ခပ်နွှဲနွှဲ နင်းမိတော့ တော်သေးရဲ့ ဆိုတဲ့-အဓိပ္ပါယ် မကျဘူးလား.... (ကျပါတဲ့ယ်) ကဲ....ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဒီတခါတော့ဖြင့် ကျင်ကြီးလဲ မနင်းပါနဲ့၊ ဆူးလဲ မနင်းပါနဲ့တော့၊ သဘောကျပလား....(မှန်ပါ့)။

ကျင်ကြီးလဲ မနင်းပါနဲ့တော့ ဆူးလဲ မနင်းပါနဲ့တော့ လမ်းဖြောင့်သာ လိုက်ပါတော့....(မှန်ပါ့)မဂ္ဂင်္ဂဟူစရိယအကျင့် "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ" မဂ္ဂင်လမ်းသာ လိုက်ပါတော့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ လူမိုက်နဲ့ လူလိမ်မာဖြင့် ဒီနေ့ ဗာလပဏ္ဍိတသုတ် ဟောရတဲ့အတွက် မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ ဘုန်းကြီးမျှားသည် အင်မတန်မှ ကျေကျေနပ်နပ် သဘောကျတယ်၊ တကာ တကာမတွေလဲ ရှင်းအောင်ပြန့်ပြီး တဲ့ ဘုန်းကြီးမို့ ခင်ဗျားတို့လဲ ကျေနပ်ကြပါလိမ့်မယ်၊ မကျေနပ်ဘူးလား....(ကျေနပ်ပါတယ်ဘုရား)။

လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးက - ဆိုတော့ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးဖြစ်တာက....(လူမိုက်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်နှစ်မျိုးတည်းနဲ့ ဇာတ် သိမ်းသွားတာက.... (လူလိမ်မာပါဘုရား)။

ဘယ်နှယ်ကြောင့် သူ သိမ်းနိုင်ပါလိမ့်မတုံးဆိုတော့ လူလိမ်မာက ဝိပဿနာ ရှုတယ်.... (မှန်ပါ့)သူက.... (ဝိပဿနာမရှုပါ)မရှုဘူး၊ သဘောကျပလား....(ကျပါပြီ)။

ကိုင်း....ရှုတာနဲ့ မရှုတာ ဘယ်လောက် ကွာသွားတယ်ဆိုတာကော ပေါ်ကြပလား....(ပေါ်ပါပြီ)အဲဒါ သုံးဘဝ ဆက်တာနဲ့ နှစ်ဘဝနဲ့ ပြတ်တာနဲ့ဆိုတော့ အတော်ကွာတယ်....(မှန်ပါဘုရား)မကွာကြဘူးလား....(ကွာပါတယ်ဘုရား)။

အဲဒါတွေ ညာဏ်နဲ့ သိပြီးတော့မှ တကာ တကာမတို့ ဘုန်းကြီးက တရားဟောနေတာက တနေ့က ပြောခဲ့ပါတယ်၊ ခင်ဗျားတို့ နားထောင်ကောင်းအောင် ဟောတာ မဟုတ်ဘူးနော်....၊ အိမ်ပြန်ပြီး အလုပ်-လုပ်ပါစေတော့ဆိုပြီး ဟောတာ-(မှန်ပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်လိုသဘောနဲ့ ဟောပါလိမ့်....(အိမ်ပြန်ပြီးအလုပ်-လုပ်ပါစေတော့ဆိုတဲ့ သဘောနဲ့ ဟောတာပါ) အိမ်ပြန်ပြီး ဗြဟ္မစရိယာအလုပ်ဆိုတဲ့ မဂ်အကျင့်-ဖိုလ်အကျင့် ကျင့်ပါစေတော့ဆိုတဲ့ စိတ်ထားနဲ့ ဟောနေတယ်ဆိုတော့လဲ ကိုယ့်ကိုယ်ကိုယ် သနားယင်လဲ လုပ်ပါ။ ဆရာဘုန်းကြီး ကြည့်ညိုယင်လဲ လုပ်ပါလို့ဆိုတာ ခဏခဏ ပြောရတယ်....(မှန်ပါ့)။

ဆရာဘုန်းကြီး မကြည့်ညိုယင် နေပေစေ၊ ကိုယ့်ကိုယ်ကိုယ် သနားယင်လဲ(လုပ်ရမှာပါဘဲ)ရှင်းပလား.... (ရှင်းပါပြီဘုရား)

အဲဒီတော့ ကိုယ့်ကိုယ် မသနားတဲ့ ပုဂ္ဂိုလ်ဟာ သုံးဘဝဆက်မယ်....(မှန်ပါ့) သုံးဘဝဆိုတော့ ဒီဘက် ရေတွက်နိုင်ရဲ့လား....(မရေတွက်နိုင်ပါဘူး)ကိုယ့်ကိုယ် သနားတဲ့ ပုဂ္ဂိုလ်ကတော့ ဒီဘဝနဲ့ဘဲ ဘာ-ဖြစ်သလဲ....(ပြတ်ပါတယ်)။

ဒါဖြင့် တကာတကာမတို့ ဩဩ....ကိုယ့်ကိုယ်သနားလို့ ခင်ဗျားတို့သည်ကားလို့ ဆိုယင် ထမင်း ရှာကျွေး၊ စိန်တွေဝယ်ဆင်ငြားသော်လဲ သနားရာ ရောက်ကဲ့လား....(မရောက်ပါဘုရား)။

အနာဂတ်ဘဝ ဆက်မယ်ဆိုတော့ အနာဂတ်ဘဝ ဇာတိဇရာ မရဏတွေဟာ ခင်ဗျားတို့ ကိုယ်ပိုင်ပစ္စည်း မဖြစ်ရပေဘူးလား....(ဖြစ်ရပါတယ်)။

ကိုင်း....ဒါဖြင့် ဒီ တကာ တကာမတွေ ကိုယ့်ကိုယ်ကိုယ် သနားတဲ့ပုဂ္ဂိုလ်-မသနားတဲ့ပုဂ္ဂိုလ်ဆိုတာ နဖူးပေါ်လက်တင်စဉ်းစားပါ.... (မှန်ပါ့) လက်ရှိခန္ဓာငါးပါး ဝိပဿနာရှုယင် ကိုယ့်ကိုယ်ကိုယ် သနားလို့မှတ်....(မှန်ပါ့)လက်ရှိ ခန္ဓာငါးပါး

ကို ကျွေးမွေးပြီးသကာလ နေလို့ရှိယင်ဖြင့် သြော်....တိရစ္ဆာန်ကလေး ရှာကျွေးနေတာဘဲ၊ လူ့တိရစ္ဆာန်သာ မှတ်လိုက်ပေတော့....(မှန်ပါ့ဘုရား)။

နာနာတော့ ပြောတာမဟုတ်ပါဘူး ဖြစ်ပုံကိုက်တာ ပြောတာပါ....(မှန်ပါ့ဘုရား)ရိပ်မိပလား- (ရိပ်မိပါပြီ)နာနာတော့ ပြောတာမဟုတ်ပါဘူး၊ဖြစ်ပုံတူလို့ ပြောတာပါ-(မှန်ပါ့)။

အဲ---ခင်ဗျားတို့ကတော့ဖြင့် ကိုယ့်ကိုယ်ကိုယ် သနားယင်ဘာ-လုပ်ရမယ်-(ဝိပဿနာရှုရပါမယ်)။

အင်း.... မဂ္ဂဗြိဟ္မစရိယာအကျင့်- စာလိုတော့....(မှန်ပါ့) တကာ တကာမတွေ့ အဓိပ္ပါယ် နားလယ်မှု ရှင်းလင်းပြောလို့ ရှိယင် လက်ရှိခန္ဓာငါးပါး ဝိပဿနာရှု.... (မှန်ပါ့) ပေါ်ကြပ်လား.....(ပေါ်ပါပြီ)။

ကိုင်း....ဒါဖြင့် မရှုပါဘူး ဒီခန္ဓာကြီးတော့ ဒီခန္ဓာကြီးဘဲခင်မယ် ဒီခန္ဓာကြီးဘဲ ငါ-ငါ့ဟာဟု စွဲလမ်းသာယာမယ်ဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့ တိရစ္ဆာန်ဘဲ၊ မနက် မိုးလင်းလာလို့ ရှိယင် သူ့ကိုယ်သူ ဘာ-လုပ်သလဲ၊ရှာကျွေးတာဘဲ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

တိရစ္ဆာန် ဘာတုံး....(သူ့ကိုယ်သူ ရှာကျွေးပါတယ်ဘုရား) ခင်ဗျားတို့ကော....(ခန္ဓာကိုယ်ရှာကျွေးပါတယ်ဘုရား) မဂ္ဂဗြိဟ္မစရိယာအကျင့်ကို မကျင့်ဘူး၊ မကျင့်ယင် ဘာ-လုပ်နေသတုံးမေးယင် ဘယ်နှယ်ဖြေမလဲ....ရှာကျွေးတဲ့အလုပ်-လုပ်နေတယ်-(မှန်ပါ့) မကျင့်ယင် ဘာလုပ်နေသလဲ.... (ရှာကျွေးတဲ့အလုပ်-လုပ်နေပါတယ်ဘုရား)။

ရှာကျေးတယ်၊ ရိုးရိုး ရှာတာတား....လု ရှာတာလား....(လု ရှာကျေးတာပါဘုရား) ဟာ....ခွေးတွေနဲ့ တူလို့ဗျာ....ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲ.... လုတောင် ရှာကျေးနေသေးတယ် ဆိုကတည်းက ဘုန်းကြီးကတော့ တိရစ္ဆာန်လို့ မဆိုလိုပါဘူး၊ ဖြစ်စဉ်ကိုက်တာ့ တခုသာ ပြောပြတာပါ- ရိပ်မိပလား-(ရိပ်မိပါပြီ)။

ကဲ....ဦးခင်မောင်ရေ....လူမိုက်နဲ့ လူလိမ်မာ ယနေ့ တော် တော် ထူးပလား....(ထူးပါပြီဘုရား) အလာမှာ တူငြားသော် လဲ သံသရာစခမ်းသတ်တော့.... (မတူပါဘူးဘုရား) လူမိုက်က စခမ်းမသတ်နိုင်....(မှန်ပါ့) လူလိမ်မာက.... (သတ်နိုင်ပါတယ် ဘုရား)။

စခမ်းသတ်နိုင်တယ်ဆိုတော့ ခုအချိန် ဆရာဘုန်းကြီးကလဲ ပြောဆိုနိုင်တဲ့ အချိန်၊ ဘုန်းကြီးတို့ တကာ့တကာမတွေကလဲ သဘောကျကျ နားထောင်နိုင်တဲ့ အချိန်၊ဒီအချိန် ကွယ်သွားလို့ ရှိယင်ဖြင့် ခင်ဗျားတို့သန္တာန်မှာ ဘုရား မပွင့်တော့ပါဘူး.... (မှန်ပါ့)ဘယ်လောက် ကြောက်စရာကောင်းသလဲ.... (ကောင်း ပါတယ်ဘုရား)။

ဒီ မဂ္ဂဗြဟ္မစရိယာ ကွယ်သွားယင် မောင်ထွန်းလှိုင် မောင် ကို သွားတာဘဲ.... (မှန်ပါ့) ဒီဘက်အတန်းအတိုင်း မသွားပေ ဘူးလား....(သွားပါတယ်ဘုရား)။

ဒီ မဂ္ဂဗြဟ္မစရိယာဘဲ ကျွပ်တို့မှာ နောက်ဒုက္ခ သိမ်းနိုင်တာ က္ ဒါဘဲ ရှိတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နောက်ဒုက္ခ သိမ်းနိုင်တာက ဘာပါလိမ့်....(မဂ္ဂဗြဟ္မစရိယာပါဘုရား) မဂ္ဂဗြဟ္မစရိယာဆိုတာ ပါဠိလို သုံးတာ၊ စင်စစ် ဝိပဿနာ ရှုပါလို့ ပြောတာ....(မှန်ပါ့) သဘောပါကြလား-(ပါ-ပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဒီနေ့ တရားသည် သြော်....လူလိမ်မာနဲ့ လူမိုက်သည် ဒို့ သံသရာရှည်ခဲ့တာ ဘာ့ကြောင့်ပါလိမ့်....မိုက်လွန်းလို့....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒို့ သံသရာရှည်ခဲ့တာ-(မိုက်လွန်းလို့ပါဘုရား)အခု မကျွတ်သေးတာ....(မိုက်လွန်းလို့ပါဘုရား)။

ဒါဖြင့် အခု မဂ္ဂဗြဟ္မစရိယာကို ကျင့်လိုက်လို့ ရှိယင် တကာ တကာမတို့ လူလိမ်မာထဲ မသက်ဝင်ဘူးလား(သက်ဝင်ပါတယ်) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် ဘယ်အထဲကို ခင်ဗျားတို့ ကြိုက်ပါသတုံးလို့ မေးတဲ့အခါကျတော့ လူပုံ အလယ်တော့ဖြင့် ဘင်းဘင်း ပြောရမှာဘဲ (တပည့်တော်တို့ ဘဝ ဆက်တာတော့ မကြိုက်ဘူးဘုရား)၊ လူပုံအလယ်မှာ ပြောမည့်စကားကနော်....(မှန်ပါ့)။

အိမ်ကျလာပြီဆိုမှဖြင့် ခင်ဗျားတို့ ဒီသား ဒီသမီး ဒီမြေး ဒီမြစ်တွေနဲ့ ခက်ပါသေးတယ်၊သေတောင် စိတ်ချစရာမရှိဘူး၊ လာပြီ ခင်ဗျားတို့ကတော့၊ မလာဘူးလား-လာသလား....(လာပါတယ်ဘုရား)။

သေတောင် စိတ်ချစရာ မရှိဘူးဆိုတော့ မင်းတို့စဲတဲ့ တဏှာဥပါဒါန်တွေနဲ့ ငါ-သေရလိမ့်မယ် ပြောတာ.... (မှန်ပါ့ဘုရား)။

မင်းတို့စဲ့တဲ့.... (တဏှာ ဥပါဒါန်တွေနဲ့ သေရပါလိမ့်မယ် ပြောတာပါ)တဏှာ ဥပါဒါန်နဲ့ သေရလိမ့်မယ်ဆိုတော့ မစဲ့လေနဲ့ မစဲ့လေနဲ့ နှင့်ကြောင့် ခွဲးဖြစ်ပြီသာ မှတ်ပေတော့ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)နှင့်ကြောင့် ဘယ်နှယ် ဆိုမယ်....(ခွဲးဖြစ်လိမ့်မယ်)။

ဟို....တကာမကြီး ကြည့်ပါလား...."သတ္တဘတ္တ" ဇာတ်မှာ သူ့သား ခင်လိုက်တာနဲ့ ခွဲးသွားဖြစ်တယ်....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်) တောဒေယျ ပစ္စည်းခင်တာနဲ့ ဘာဖြစ်သလဲ.... (ခွဲးဖြစ်ပါတယ်) ခွဲး သွားဖြစ်တာဘဲ့ တကာတကာမတို့....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးက ခဏခဏ ပြောတယ် ခင်ဆိုတာလဲ့ ခခွဲးကြောင်းနဲ့ ရေးရတာဘဲ့၊ နောက်ဖြစ်တဲ့ ခွဲးလဲ့ ခခွဲးကြောင်းနဲ့ ရေးရတာဘဲ့၊မင်းတို့ ဒီ အနိုးတော့ သိပ်မကပ်နဲ့၊ ခခွဲး တကြောင်းတည်းတော့ မဖြစ်စေနဲ့.... (မှန်ပါ့ဘုရား) မပြောထိုက်ဘူးလား....ပြောထိုက်သလား....(ပြောထိုက်ပါတယ်ဘုရား)။

ခင်-ဘာနဲ့ ရေးကြမယ်.... (ခခွဲးပါဘုရား) ခွဲး-ဘာနဲ့ ရေးကြမယ် (ခခွဲးပါဘဲ့ဘုရား)သင်ပုန်းကြီးတော့ အကျေသားနဲ့ ခင်ဗျားတို့ သင်ပုန်းကြီး ကျေပြီးတော့ ခင်ဗျားတို့က ခက်နေတာ။

ကဲ....ဒါဖြင့် တကာ တကာမတို့ ဒီဥစ္စာဖြင့် ဒီဘက်က ထောင်လမ်း၊ ဒီဘက်က ရှောင်လမ်း....(မှန်လှပါ)။

မောင်ကို ဒီဘက်က....(ထောင်လမ်းပါဘုရား) ဒီဘက်က-(ရှောင်လမ်းပါဘုရား)။

အဲဒီတော့ ဘယ်သူ့ ရှောင်ရမှာတုံး....ဆရာဘုန်းကြီးကတော့ ဖြင့် ဟောဒါ တကာ တကာမတို့ ဒီဘက်က ပဋိစ္စသမုပ္ပါဒ်က ရှောင်လမ်းပဋိစ္စသမုပ္ပါဒ်၊ ဒါကဖြင့် ထောင်လမ်းပဋိစ္စသမုပ္ပါဒ်၊ ဒါဘဲ့ တတ်နိုင်တယ် ဘုန်းကြီးတာဝန်က၊ မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ဒါဘဲ့ တတ်နိုင်တယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေကို လေးလေးစားစား ပြောနေတော့ သြော်....အရှင်ဘုရားကလဲ့ ထောင်လမ်းချည်း ပြောနေတယ်၊ခင်ဗျားတို့က ခင်ဗျားတို့က ဆင်ခြေတက်တော့မလို့နော်....(မှန်ပါ့)။

ထောင်လမ်းချည်း ပြောနေတယ်၊ ဘာ စားမတုံးဘုရာ့ လာပြီ-လာပြီ၊ ဘာ-စားမတုံးဘုရာ့ ဆိုတော့ ခုတင်က ရှောင်လမ်း လိုက်ပါတော့မလား....၊ ဘာ-စားမတုံး ဆိုကတည်းက ဒီ ခန္ဓာကြီးကို သူ အင်မတန် မုန်မြတ်ပြီး ကျေးချင်တဲ့ ခန္ဓာတဏှာ မလာဘူးလားဗျာ.... (လာပါတယ်) ခန္ဓာစဲလမ်းတဲ့ ဥပါဒါန်....(လာပါတယ်) ခန္ဓာဘို့ အားထုတ်မည့် ကာယကံ ဝစီကံ....(လာပါတယ်ဘုရား)။

အဲဒီတော့ ဘာ-စားမတုံးလို့ တလုံးမေးလိုက်လို့ ရှိယင် ဖြင့် တကာ တကာမတို့ ဘာသံမှ ထွက်မလာဘူး ခွေးသံ ထွက်လာတာဘဲ၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘာသံမျှား ထွက်လာသလဲ.... (ခွေးသံထွက်လာပါတယ်) ခွေးသံထွက်လာ အူ-ရုံ ရှိတော့တာပေါ့။

အင်မတန် ဆိုးသွားတယ်....(မှန်ပါ့) မဆိုးဘူးလား....ဆိုးသလား....(ဆိုးပါတယ်ဘုရား)။

အဲဒါ ဘုန်းကြီးက ကြမ်းလိုက်တာလို့ ဆိုမလား ကိုယ့် အသံ ထွက်တာက ဒီ့ထက် ဆိုးသေးတယ်.... (ဆိုးပါတယ် ဘုရား)။

ကိုယ့် အသံ ထွက်တာက ဒီ့ထက် ဆိုးတယ်အောက်မေ့.... (မှန်ပါ့) အဲဒီတော့ နာလဲနာပြီးသကာလ ကဲ....ခွဲးမှုတော့ မလိုက်ပါဘူးဟာ၊ ဘုရားမှု လိုက်ပါတော့မယ်၊ ပြောင်းကြပါ့ စေတော့....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ခွဲးမှုတော့ဖြင့်.... (မလိုက်ပါဘူး) ဘုရားမှဘဲ....(လိုက်ပါ့ တော့မယ်) လိုက်ပါတော့မယ်ဆိုတော့ သြော်.... ဘုရားကြည့် ညိုလို့ လိုက်ရမှာလား....ကိုယ့် ကိုယ် သနားလို့ လိုက်ရမှာ လား.... (ကိုယ့် ကိုယ် သနားလို့ လိုက်ရမှာပါ)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပဏ္ဏာသ ပါဠိတော်များ ဟောလိုက်တာ ဦးခင်မောင် သိပ်ကြည်ညို့စရာ ကောင်းတယ်နော်....(မှန်လှပါဘုရား))

ငါဘုရားက့ာ....တဲ့ မင်းတို့ကို မိတ်ဆွေကောင်းတယောက် အဖြစ်က ပြောတယ်ဆိုပြီးတော့ ဒီစကားယုံကြည်ပာင် တော်ပါ ပြီ....တဲ့(မှန်ပါ့)။

ငါဘုရားကို မိတ်ဆွေကောင်းတယောက်က ဒို့ကို ပြောနေ ပါကလားလို့ တရားနာတဲ့ပုဂ္ဂိုလ်တွေက ယူယင်ဘဲ တော်ပါပြီ တဲ့၊ မိတ်ဆွေကောင်းတယောက်က ပြောတယ်ဆိုယင် တော် ပါပြီ၊ ဒီလောက်ထိအောင် ဆုံးမတယ်နော်.... (မှန်ပါ့)။

ကဲ....ဒီထက်စကား အောက်ချစရာ ရှိသေးရဲ့လား.... (မရှိ ပါဘူး) ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တတွေ့ အသာထား စမ်းပါဦး....(မှန်ပါ့) မိတ်ဆွေကောင်းတယောက်က သြော်-

ဒီလိုဆုံးမရှာတယ်ဆိုပြီး လိုက်နာယင် တော်ပါပြီတဲ့.... ရန်သူဖြစ်တဲ့ ဒီဘက်က သုံးဘဝဆက်တာကိုတော့ မင်းတို့မလုပ်ပါနဲ့တဲ့....(မှန်ပါ့) သဘောကျရဲ့လား....(ကျပါတယ်)။

နှစ်ဘဝနဲ့ပြတ်တာကိုတော့....(လုပ်ရပါမယ်) လုပ်ရမှာဘဲဆိုတော့ ဘုရားစကားလဲ တကာတကာမတို့ မကုန်သေးဘူး....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)။

"မိတ္တာဒဒါယ သမုဒါစရထ" မိတ္တဝဒဒါယ=မိတ်ဆွေကောင်းကြီးက ခုပြောတဲ့စကားဟူ၍၊ သမုဒါစရထ- သြော်....မိတ်ဆွေကောင်းကပြောတဲ့စကားမို့ ဒီ အကျင့်-ကျင့်ရမယ်၊ သဘောကျပလား....(ကျပါပြီ)။

မိတ်ဆွေကောင်းကပြောတဲ့စကားမို့.....(ဒီအကျင့် ကျင့်ရပါမယ်) ရန်သူ့ အကျင့် ကိုတော့ မကျင့်ပါနဲ့ဆိုတော့ ဒီဘက်လမ်းလိုက်ယင်သိရော....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီ- သုံးဘဝဆက်တဲ့လမ်း လိုက်ယင်.... (ရန်သူ အကျင့်ပါဘုရား) အဲ....မိတ်အဖြစ်နဲ့ ကျင့်ကြံမယ်ဆို- သူပြောတာက ဒို့မိတ်ဆွေကောင်းကြီးက ပြောတာ.... ဒါလုပ်ရမယ်ဆိုယင်ဘဲ တော်ပါပြီ....တဲ့ ဘိုတော့....ဒီ့ထက် စကားလျှော့စေး ရှိသေးရဲ့လား.... (မရှိပါဘူး)။

အို....ကိုယ်တော်က လျှော့ချင်လျှော့၊ တပ်ညှဉ်တော်တို့ကဘဲဘဲ့တိုက်ရဦးမယ်ဆိုယင် ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်နဲ့ ချည်း တိုက်ဘာဘဲ၊ မတိုက်ဘူးလား.... (တိုက်ပါတယ်)။

အဲဒီတော့ ခင်ဗျားတို့ဟာက သာမညလူ ဘဲ့တိုက်တာလား အတုမရှိတဲ့ ပုဂ္ဂိုလ် ဘဲ့တိုက်တာလား .... (အတုမရှိတဲ့ ပုဂ္ဂိုလ် ဘဲ့တိုက်တာပါဘုရား)။

ဦးခင်မောင် တော်ပါ့မလားဗျာ.... (မတော်ပါဘူးဘုရား) မ တော်တော့ တကာ တကာမတို့ ဝမ်းထဲကတဏ္ဍာကလဲ ချော့ ဦးမယ်၊ ဩော်....တဘဝထဲနဲ့လဲ နိဗ္ဗာန်ရောက်မှာမဟုတ်ဘူး၊ အဲဒီ တော့ မင်း ဣဒံ မေပုညံ အာသဝက္ခယံ ဝဟံ ဟောတု-ဆိုတဲ့ဥစ္စာ ကြားထဲများ မင်း—ဘာများဖြစ်နေမလဲ မသိဘူး၊ အဲဒီတော့ နိဗ္ဗာန်မရမီ စပ်ကြားကလေးဟာ မင်းငတ်နေမှာ၊ အဲဒီတော့ ဒါကလေးထည့်ပါဦးလားဆိုတော့ ကြားခိုပေးပါဦးလား....ဒီ့ ပြင်ဘဝတွေ ပေးပါဦးဆိုတဲ့အဓိပ္ပါယ်မရောက်ဘူးလား....ရောက် သလား....(ရောက်ပါတယ်ဘုရား)။

အဲဒီတော့ ရောက်အောင်ဘဲ ကျင့်တာပေါ့၊ သဘောကျပ လား....(မှန်ပါ့) မဂ်ဥာဏ် ဖိုလ်ဥာဏ် ရောက်အောင်ဘဲ ကျင့် လိုက်တာပေါ့....(မှန်ပါ့)။

တကာတကာမတို့ ဒီဘဝမရ၊ နောက်ဘဝသူ့အစားရတာဘဲ ကျင့်လို့တော့ သေပေစီ(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် မောင်ထွန်းလှိုင်.... မောင်ကိုတို့ လူမိုက်နဲ့ လူလိမ်မာ ထူးကြပလား....ကွ (ထူးပါတယ်ဘုရား)။

အကျင့်မဟောသေးပါဘူး တကာတကာမတို့ အသွားလမ်း စဉ်ကို ပြတုံး ရှိသေးတယ်.... (မှန်လှပါဘုရား) သဘောကျပ လား....(ကျပါပြီ)။

လူမိုက်က ဘယ်နှစ်ဘဝဆက်သတုံး (သုံးဘဝဆက်ပါတယ်) အနည်းဆုံး သုံးဘဝ....(မှန်ပါ့) လူလိမ်မာက.... (နှစ်ဘဝပါ

ဘုရား) နှစ်ဘဝနဲ့. ပြတ်တယ်၊ ဘာထူးသွားသတုံး မေးတော့ လူလိမ်မာက ခန္ဓာနောက်က ပညာလိုက်တယ်....(ဝါ)မဂ္ဂဇြဟ္မ စရိယာကျင့်တယ်။ ရှင်းလား....(ရှင်းပါပြီ)။

ခန္ဓာနောက်က.... (ပညာလိုက်ပါတယ်)ပညာလိုက်လိုက်တဲ့ အတွက်တဲ့ တကာတကာမတို့ မဂ္ဂဇြဟ္မစရိယာအကျင့် မှန်သွား တယ်- (မှန်ပါ့) ရှင်းပလား— (ရှင်းပါပြီ)။

လူမိုက်ကတော့ မဂ္ဂဇြဟ္မစရိုယာ အကျင့်ကို မကျင့်ဘဲနဲ့ ကိုယ့် ကိုယ်လဲ ပစ်ထားလို့ မဖြစ်ဘူး၊ ကိုယ့်.ကိုယ်- ကိုယ်ခင်မှ ကိုယ် ဆင်မှပေါ့၊ လူအဝတ်- တောင်းအကျပ်တဲ့၊ အံမာလေး ရှုပ်လို့ ပါလား တကာတကာမတို့(မှန်ပါ့) ရိပ်မိပလား-(ရိပ်မိပါပြီ)။

အဲဒါကလေးက သိပ်ရှုပ်တယ် တကာ တကာမတို့ မရှုပ် ဘူးလား.... (ရှုပ်ပါတယ်ဘုရား) အဲဒါ ကိုယ့်.ကိုယ် ခင်လို့ လား— မခင်လို့.လား- (ခင်လို့.ပါဘုရား) အင်း—ခင်မင်လို့ ပေါ်တာနော်- ခလုတ်မထိပါစေနဲ့၊ ဆူးမငြိပါစေနဲ့. ဟုတ် လား— ဒီနေရာကလေးက ပွန်းတယ်ဆိုယင် ဒီနေရာ ပျောက် ပါရစေ၊ ဒီနေရာ အနာမပေါက်ပါရစေနဲ့. အစ္စရိသည်ဖြင့် ကိုယ့်.ကိုယ်—ကိုယ် သိပ်ခင်တာ(မှန်ပါ့)။

ကိုယ့်.ကိုယ်ခင်တော့ ခန္ဓာနောက်က အခင်လိုက်တယ်၊ အ ခင်လိုက်တော့ စွဲလမ်းလိုက်တယ်၊ မလိုက်ဘူးလား.... (လိုက်ပါ တယ်ဘုရား) စွဲလမ်းလိုက်တော့ အားထုတ်မှ.... (လိုက်ပါတယ် ဘုရား) အားထုတ်မှ လိုက်တဲ့အခါကျတော့ ဟိုဘဝ ဇာတိဇရာ မရဏ ရ—မရ....(ရပါတယ်ဘုရား)ရှင်းကြပလား.... (ရှင်းပါ့ပြီ)။

အဲဒါ မဂ္ဂဗြဟ္မစရိယာ မကျင့်တဲ့ပုဂ္ဂိုလ်သည် အနည်းဆုံး သုံးဘဝဆက်တယ်၊ အများဆုံးတော့ မရေတွက်နိုင်ဘူး.... (မှန်ပါ့) ဃဘောကျပလား....(ကျပါပြီ)။

အနည်းဆုံးတော့ဖြင့်(သုံးဘဝဆက်ပါတယ်) မဂ္ဂဗြဟ္မစရိယာ အကျင့်ကျင့်တဲ့ပုဂ္ဂိုလ်ကတော့ဖြင့် တကာတကာမတို့တခါတည်း သာမှတ်လိုက်ပါတော့ ဒီဘဝကနေ ပြတ်တော့တယ်....(မှန်ပါ့) မပြတ်ဘူးလား.... (ပြတ်ပါတယ်)။

ဟ....ဘာတွေ ပြတ်ပါလိမ့်မတုံးဆိုတော့ ဟိုဘက် ဘာသစ္စာတွေတုံး....(ဒုက္ခသစ္စာတွေပါဘုရား) ဩော်.... လူလိမ်မာများ ဒုက္ခသစ္စာ ဇာတ်သိမ်းတတ်တယ်၊ ရှင်းကြပလား.... (ရှင်းပါပြီ) လူမိုက်က ဒုက္ခသစ္စာ အရယူတတ်တယ်.... (မှန်ပါ့) မကွာခြားဘူးလား.... (ကွာခြားပါတယ်)။

လူမိုက်က ဒုက္ခသစ္စာကို(အရယူတတ်ပါတယ်) လူလိမ်မာကတော့....(ဇာတ်သိမ်းပါတယ်) ဒုက္ခသစ္စာကို ပြတ်အောင်လုပ်ပစ်လိုက်တယ်....(ဝါ) ဇာတ်သိမ်းပစ်လိုက်တယ်ဆိုတော့ ဒါ-အကျင့်ပေါ်မှာ မှီတယ်ဆိုတာ သေချာကြပလား.... (သေချာ ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒီလို အကျင့်တရား မပါလို့ ရှိယင်လုံးဝမပြီးနိုင်တဲ့သဘောကော တကာတကာမတွေ ရှင်းကြပလား (ရှင်းပါပြီ)။

ဒါဖြင့် ခန္ဓာနောက်က ဘာလိုက်ရမတုံး.... (ပညာလိုက်ရပါမယ်) အဲ....လူမိုက်ကတော့ ခန္ဓာနောက်က တဏှာလိုက်တယ်၊ သဘောကျပလား....(ကျပါပြီ) လူလိမ်မာကတော့ ခန္ဓာနောက်

က (ပညာလိုက်ပါတယ်) ပညာလိုက်တယ်ဆိုတာ သေချာကြပလား....(သေချာပါပြီ)။

ဩော်....ဒါဖြင့် ပညာသည်ကားလို့ ဆိုလို့ရှိယင် တကာတကာမတို့ ဝိပဿနာပညာ မဂ်-ပညာကို ဆိုသည်လို့ ထူးထူးခြားခြားဘဲမှတ်ပါ....နော် (မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ၌....တဲ့ ဒီလိုမှ ပြောပေးမည့်သူ ဆိုပေးမည့်သူ မရှိလို့ရှိယင် ခန္ဓာနောက်က ပညာလိုက်ရတယ်ဆိုတာလဲ မကြားဘူး- ဘူး....(မှန်ပါ့) ကြားဘူးကြပါရဲ့လား.... (မကြားဘူးပါဘူး)ခန္ဓာနောက်က တဏှာလာတော့ မိဘရိုးရာမို့ ဖုံလို့....(မှန်ပါ့) လမ်းကို ဖုံနေတာ (မှန်ပါ့ဘုရား)။

ခန္ဓာနောက်က တဏှာလိုက်တာတော့.... (လမ်းကိုဖုံနေပါတယ်) လမ်းကိုဖုံနေတယ်ဆိုတာ သေချာကြပလား....(သေချာပါပြီ)။

ဒါဖြင့် ခန္ဓာနောက်က ပညာလိုက်ပါလို့ဆိုတာ ဘုရားပွင့်မှ တခါတခါပေါ်တာ.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဦးဇံရင်.... ခန္ဓာနောက်က ပညာလိုက်ပါဆိုတာ....(ဘုရားပွင့်မှ တခါတခါပေါ်တာပါ)ဒါဖြင့် ခင်ဗျားတို့သည် ဘုရားကို အိမ်မှာ ညောင်ရေအိုးစင်ပေါ်ထားပြီး ပညာမလိုက်ဘဲနဲ့နေတာ ခင်ဗျားတို့အိမ်မှာ ဘုရားမပွင့်သလို ဖြစ်နေတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် လုပ်ဖြစ်အောင် လုပ်ပါ....(မှန်ပါ့)။

အရှင်ဘုရား အရှင်ဘုရားက ပေးထားတဲ့တရားအတိုင်းတပည့်တော်ဖြင့် မဂ္ဂဗြဟ္မစရိယာအကျင့်- ကျင့်နေပါပြီဘုရား၊ အရှင်ဘုရားသည် ဒီခန္ဓာဇာတ်သိမ်းပြီး နောက် ခန္ဓာမလာသလို၊ တပည့်တော်လဲ အရှင်ဘုရားပြောတဲ့ နည်းအတိုင်း ဒီခန္ဓာ ဇာတ်သိမ်းပြီး နောက်ခန္ဓာမလာတဲ့ မဂ္ဂဗြဟ္မစရိယာ အကျင့်-ကျင့်နေပါပြီဘုရား....လို့ ဘုရားရှိခိုးတဲ့ အခါမှာလဲ ရှိခိုးပြီး အဲဒါကလေးလျှောက်ပြီးတော့မှ ခင်ဗျားတို့ သူ့ရှေ့မှာ သူကြိုက်တဲ့ အထိုင်မျိုး ထိုင်လိုက်တာပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

သူက ဒါ မကြိုက်ဘူးလား....(ကြိုက်ပါတယ်ဘုရား) ဘဝကို ငါလက်ဖျစ်တတွက် မချီးမွမ်းဘူး....တဲ့၊နောက်ဘဝတွေ(မှန်ပါ့) ဘယ်ဘဝ လက်ဖျစ်တတွက် ချီးမွမ်းသတဲ့လဲ.... (ဘယ်ဘဝမှ မချီးမွမ်းပါဘူး)။

ဘယ်ဘဝ ကောင်းတယ်လို့ ငါ လက်ဖျစ်တတွက် မချီးမွမ်းဘူးဘူးတဲ့(မှန်ပါ့)မောင်ထွန်းလှိုင်သဘောပါရဲ့လား.... (ပါ-ပါတယ်)။

အဲဒီတော့ သူက ဘဝမုန်းတဲ့ ကိုယ်တော်ကြီးက ကျုပ်တို့က ဒီဘဝပြီးယင် နောက်ဘဝမလာလို့ရှိယင် ဇာတ်သိမ်းတဲ့အဓိပ္ပါယ် မရောက်ဘူးလား.... (ရောက်ပါတယ်)။

အဲဒီတော့ သူကြိုက်တဲ့အလုပ်ကို ကျုပ်တို့လုပ်တာ မကျဘူးလား.... (ကျပါတယ်) သဘောကျပလား.... (ကျပါတယ်)။

ဒီဘက်က ဟာက သူမကြိုက်တဲ့အလုပ်- လုပ်ရာမကျဘူးလား (ကျပါတယ်)။

အဲဒီတော့ ကျုပ်တို့က အရှင်ဘုရား ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏ဘုရာ့၊ အရေးရှိ ကယ်တော်မူပါဘုရာ့၊ ဘုရားမှတပါး

အားကိုးရာ တပည့်တော်တို့ မရှိပါဘူးဘုရား၊ ခင်ဗျားတို့က အဲဒီကျတော့ လောက္ခတ်တွေ့ များလွန်းတယ် (မှန်ပါ့) မများလွန်းဘူးလား.... (မှန်ပါ့) ကိစ္စကလေးကြုံလာယင် လူမမာကလေးရှိလာမယ်ဆိုလို့ရှိယင်ဘဲ ဆိုကုန်ပြီ၊ ဟိုနား မီးလောင်တယ်၊ ဟိုနား သူပုန်ထတယ်ဆိုယင်ဘဲ ဘုရားကို ဆည်းကပ်ကုန်ပြီ၊ အရင် ဆည်းကပ်တာနဲ့ တူကြရဲ့လား.... (မတူပါဘူးဘုရား)။

အင်မတန် အားကိုးတဲ့အဓိပ္ပါယ် မရောက်ဘူးလား.... ရောက်သလား.... (ရောက်ပါတယ်ဘုရား)။

အဲ.... အားကိုးတဲ့အဓိပ္ပါယ် ရောက်လို့ရှိယင်ဖြင့် သူက ဘာကြိုက်သတုံး၊ ဒီကိုယ်တော်ကြီးက သူ့ကို အားကိုးလို့ရှိယင် သူကြိုက်တာ ဒို့လုပ်ရမယ်ဆိုတော့ တကာ တကာမတွေ့ ခရီးပန်းလာတဲ့ ပုဂ္ဂိုလ်ဟာ ဒါ မောင်ထွန်းလှိုင် မောင်ကိုတို့ ရေဟာ အရေးကြီးဆုံး အလုပ်ဘဲ (မှန်လှပါ)။

သူ့ကို ထမင်းပေးမှာနဲ့ ရေပေးမှာ ဘယ်ဟာကြိုက်သတုံး.... (ရေပေးမှာ ကြိုက်ပါတယ်)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ အရေးတကြီး ဘာကြိုက်သတုံးဆိုတော့ ဒီ မဂ္ဂဗြဟ္မစရိယာ ဘုံဘဝပြတ်တဲ့အလုပ်ကို ကြိုက်တယ် (မှန်ပါ့)။

အဲဒါ သူကြိုက်တဲ့ရောကို ပေးပါ(မှန်ပါ့)သဘောကျပလား (ကျပါပြီ) ဘာတဲ့တုံး.... (မဂ္ဂဗြဟ္မစရိယာ ကျင့်ရပါမယ်)။

မဂ္ဂဗြဟ္မစရိယာ အကျင့်ဆိုတာ ခန္ဓာငါးပါး ဖြစ်ပျက်ရှုတဲ့အလုပ်ပေါ့ဗျာ (မှန်ပါ့ဘုရား)။

သူကြိုက်တဲ့ရေကို ပေးလိုက်လို့ ရှိယင် သူ အင်မတန် ဝမ်းမြောက်တယ် သူကကြိုက်တာက ရေ၊ ခင်ဗျားတို့ကပေးတာက ထမင်းဆိုတော့ အော်ဂလီဆန်နေတယ် (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် ဘယ် နှယ်လုပ်ကြမယ်....ရေကြိုက်တဲ့ ကိုယ်တော်ကြီး ရေပေးသလို ဟုတ်လား.... ကျုပ်တို့က သူကလဲ အကျင့်ကြိုက်တဲ့ ကိုယ်တော်ကြီး— တကာ တကာမတို့.... သံသရာပြတ်တာကို ကြိုက်တဲ့ကိုယ်တော်ကြီး ဖြစ်သောကြောင့် ကျုပ်တို့က ကြိုက်တဲ့အလုပ်-လုပ်ပစ်လိုက်ပါ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဒါ အင်မတန် ဖြောင့်နေပြီဆိုတဲ့ အဓိပ္ပါယ် မရဘူးလား.... (ရပါတယ်ဘုရား) လှူတဲ့ တန်းတဲ့ ပေးတဲ့ ကမ်းတဲ့ အခါမှာလဲ ကိုယ်တော်ကြီးက အာသဝေါကုန်တာ ကြိုက်သောကြောင့် တကာ တကာမတွေကလဲ အာသဝေါကုန်တဲ့ အလုပ်ဘဲ လုပ်ကြ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

သူက မဂ္ဂင်္ဂဟ္မစရိယာအကျင့် ကြိုက်ပြန်တယ်ဆိုပြန်တော့လဲ ဘာလုပ်မယ်.... (မဂ္ဂင်္ဂဟ္မစရိယာ ကျင့်ရပါမယ်)။

အဲဒီတော့— ကဲ....တဲ့ ငါတယောက်တည်း နိဗ္ဗာန်ယူယင် သူမေခ ရသေ့အဖြစ်က ရပါတယ်၊ မင်းတို့ ငါ့စကား နားထောင်လိမ့်မယ်၊ငါကယ်တင်ချင်တဲ့ စေတနာတွေနဲ့ အမျှးကြီး ကယ်တင်ချင်ပြီး မင်းတို့ ငါ့စကား နားထောင်လိမ့်မယ် ဆိုတဲ့ သဘောမျိုးနဲ့ ငါသည်ကား လေးသခ်ၤနဲ့ ကမ္ဘာတသိန်း ဆင်းရဲခံပြီး ပါရမီတွေကျင့်လာတာ မင်းတို့ ငါကြိုက်တာက ရေ၊ မင်းတို့လဲ ဟောဒီရေကိုဘဲ မင်းတို့ကလဲပေး၊ မင်းတို့လဲသောက်၊

အခိပ္ပါယ် ဒါ ရတယ် (မှန်ပါ့) မရဘူးလား.... ရသလား.... (ရပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ဒီအလုပ်ကို မလုပ်-မဖြစ်တဲ့အထဲ သွင်းဖြစ်အောင် သွင်းပါဆိုတာကိုလဲ မတိုက်တွန်းထိုက်ဘူးလား.... (တိုက်တွန်းထိုက်ပါတယ်)။

အဲဒီတော့ ဘုန်းကြီးပြောတဲ့စကားက များသလား....တကာတကာမတွေက ပေတာ လွန်သလားဆိုတာ စဉ်းစားပါဦးတဲ့၊ ခင်ဗျားတို့ကပေတာလွန်နေလို့၊ဘုရားက မဂ္ဂဗြဟ္မစရိယာအလုပ်သိပ်ကြိုက်တယ် (မှန်ပါ့)။

ငါ့ ပူဇော်တာက္ခာ....တဲ့ ဓမ္မာနုဓမ္မပဋိပတ္တိနဲ့ ပူဇော်တာ အမြတ်ဆုံး ငါကြိုက်တယ်....တဲ့ (မှန်ပါ့)။

ကျွင်္မနဲ့ ပူဇော်တာကို.... (အမြတ်ဆုံး ကြိုက်ပါတယ်) အင်္ဂုတ္တိရ်မှာလဲ ဒီအတိုင်းလာပါတယ်၊ တကာ တကာမတို့.... ကဲ.... ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ကိုယ့်.ကိုယ် သနားယင်လဲ ဘယ်အကျင့်-ကျင့်ရမယ် (မဂ္ဂဗြဟ္မစရိယာအကျင့်-ကျင့်ရပါမယ်ဘုရား)။

အဲ.... ကိုယ်ကိုယ်တိုင် မသနားလို့ရှိယင် သုံးဘဝ်ဆက်ပြီး သကာလ နေတဲ့အလုပ်ကို လုပ်ရုံဘဲ (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

အဲဒီတော့ လောကမှာ ကိုယ့်.ကိုယ်မှ မသနားတဲ့ပုဂ္ဂိုလ် ဆိုလို့.ရှိယင်ဖြင့် တကာ တကာမတို့ခက်ပြီနော်....၊ အရှုံးမှ အကြီးစားဖြစ်ပြီ.... (မှန်ပါ့ဘုရား) မဖြစ်ဘူးလား—ဖြစ်သလား....(ဖြစ်ပါတယ်)ကဲ-ဒါဖြင့် ဘယ်.နှယ်လုပ်ကြမယ် (မဂ္ဂဗြဟ္မစရိယာအကျင့်ကျင့်ရပါမယ်)။

မဂ္ဂဗြဟ္မစရိယာ အာကျင့်-ကျင့်တော့ ဒါ ဘယ်ပုဂ္ဂိုလ်ထဲသွင်းကြမလဲ.... သနားတဲ့ ပုဂ္ဂိုလ်လား.... မသနားတဲ့ ပုဂ္ဂိုလ်လား.... (သနားတဲ့ပုဂ္ဂိုလ်ပါဘုရား)။

အဲ- ကိုယ်.ကိုယ်-ကိုယ်သနားလို.ရှိယင် ဒီ.ပြင်လဲလုပ်၊ ဒါနသီလတွေလဲလုပ်၊ မဂ္ဂဗြဟ္မစရိယာကိုလဲ လက်မလွှတ်ကြနဲ.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ-မဂ္ဂဗြဟ္မစရိယာ- ဟိုဟာတွေလဲ တဏှာငြိနေမှာ စိုးလို.စွန့်ရသေးတယ် (မှန်ပါ) မတော် ဟိုဟာတွေကလဲ တဏှာငြိနေမှာ စိုးလို.စွန့်ရသေးတယ်ဆိုတာ သဘောကျပလား(ကျပါပြီ)၊

တခါတလေ ဥပုသ်စောင့်ရသေးတယ်၊ တကာတကာမတွေ ခုနစ်ရက် တလလေးသီတင်း အစရှိသည်ဖြင့် စောင့်ရသေးတယ် ဆိုတော့ ဒီကျန်တဲ့ အာရုံတွေနဲ. ဖြတ်တာ (မှန်ပါ) သဘောကျပလား....(ကျပါပြီ) ကျန်တဲ့ အာရုံတွေနဲ. ဘာလုပ်ရသလဲ.... (ဖြတ်ရပါတယ်)။

ဖြတ်ရတယ် ဆိုတော့ ခဏ တောထွက် စမ်းတာ.... (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

သူကတော့ ယတိပြတ် ဖြတ်တာ(မှန်ပါ) သဘောကျပလား (ကျပါပြီ)ဝိပဿနာဉာဏ်ကတော့....(ယတိပြတ် ဖြတ်တာပါ)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ယနေ့နာရီကလဲ စေ့တာနဲ. ဝိပဿနာ မဂ္ဂဗြဟ္မစရိယာ အာကျင့်-ကျင့်ပုံကို မပြောရဘူး၊ မပြောရတော့ တကာတကာမတွေက သြော်....လူမိုက်နဲ့လူလိမ်မာ ဘာထူးသတုံးဆိုတော့ မဂ္ဂဗြဟ္မစရိယာအာကျင့်-ကျင့်တာနဲ. တဏှာလာတာနဲ. ထူးခြားတယ်....(မှန်ပါဘုရား)။

လူလိမ်မာက (မဂ္ဂဗြဟ္မစရိယာအကျင့်·ကျင့်ပါတယ်)လူမိုက်ကတော့....(တဏှာလာပါတယ်)။

ခန္ဓာ နောက်က တဏှာလာတယ်၊ ခန္ဓာနောက်က ပညာ လာတယ်ဆိုတော့ သဘော တော်တော် ပါသွားပြီ(ပါ-ပါပြီ) ခန္ဓာနောက်က ပညာလာယင်....(လူလိမ်မာပါဘုရား)။

ခန္ဓာနောက်က တဏှာလာယင် - (လူမိုက်ပါဘုရား) လူမိုက်ဘဲဆိုတာ သေချာကြပလား....(သေချာပါပြီ)။

အဲဒီတော့ ကိုယ့်ဟာကိုယ်ဘဲ အလုပ်မလုပ်သေးလို့ရှိယင် ခန္ဓာနောက်က တဏှာလာတယ် (မှန်ပါ့) အလုပ်-လုပ်နေလို့ရှိယင်....(ပညာလာပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ မိုက်ချိန် လိမ်မာချိန်ကော ကဲ့ရဲ့လား.... (ကဲ့ပါတယ်ဘုရား)။

ခန္ဓာနောက်က ပညာလာယင်....(လိမ်မာချိန်ပါဘုရား) လိမ်မာချိန်ပေါ့ဗျာ ခန္ဓာနောက်ကနေပြီး ဒါကြီးဘယ်လိုကျွးမတုံး ဒီ-သားသမီး ဘယ်လိုကျွးမတုံး....(ရှေ့ကြီးယင် ခက်ပါသေးရဲ့ဆို လို့ရှိယင် ခန္ဓာနောက်က ဘာလာသတုံး.... (တဏှာ လာပါတယ်)။

အဲဒါ အိပ်ရာထဲတွင် မိုက်တဲ့အမိုက် (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ဒီဟာကကော .... (အိပ်ရာထဲတွင် လိမ်မာတာပါ) အိပ်ရာထဲတွင် တယောက်တည်း မိုက်နေတာက ရှိသေးတယ်၊ (မှန်ပါ့)မရှိဘူးလား....(ရှိပါတယ်)။

ဩော်... ဒီသားကလဲငယ်သေး၊ သမီးကလဲနေရာမကျသေးနဲ့ ကိုယ့်အတွက်ကလဲ မလုံလောက်သေးနဲ့ ခက်ပါသေးတယ်ဆိုပြီး သကာလ ခန္ဓာနောက်ကနေပြီး ခက်ပါသေးတယ်ဆိုတဲ့ ဒေါသ

သောက ပရိဒေဝတွေ့ မလာဘူးလား(လာပါတယ်ဘုရား)ပညာ လာသေးရဲ့လား....(မလာပါဘူး)။

ဒါဖြင့် တကာ တကာမတို့ ကိုယ့်ဟာကိုယ်ကော မိုက်ချိန်နဲ့ လိမ်မာချိန် ကဲ့ရဲ့လား....(ကဲ့ပါတယ်ဘုရား)။

ခန္ဓာအတွက် ဖြစ်ပျက်မတွေးမိလို့ရှိယင် မိုက်ချိန်....(မှန်ပါ့ဘုရား)ဖြစ်ပျက်တွေးမိလို့ရှိယင်....(လိမ်မာချိန်ပါဘုရား)။

အဲဒီတော့ ဘုန်းကြီးက ဒီတကာ ဘကာမတွေ့ အိမ်ကယင် လိမ်မာပါ့မလား ဆိုတာ လိုက်တော့မစစ်တော့ဘူး၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘယ်လို လုပ်ကြမယ်....(ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချရဲပါမယ်)ကဲ- ဒါဖြင့် ယနေ့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချတဲ့ တရားနဲ့ သိမ်းကြပါစို့....။

သာဓု....သာဓု....သာဓု....။

ကျေးဇူးတော်ရှင် အာမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော ဝရိုက်နှင့် လျှော်စွာ

ကမ္မဋ္ဌာန်းပေးရပုံ တရားတော်

(စိတ္တာနုပဿနာ နည်းမျိုးစုံနှင့် ဗဟုလပဏ္ဍိတအဆက်)

(၂၃-၂-၆၁)

လူမိုက်နဲ့ လူလိမ်မာ ထူးခြားပုံကို သုံးရက်ရှိပါပြီ ပြောခဲ့တာ၊ ဒါ့ကြောင့် လူမိုက်က အဝိဇ္ဇာတဏှာချုပ်အောင် မလုပ်ဘူး၊ လူလိမ်မာက အဝိဇ္ဇာတဏှာချုပ်အောင် လုပ်သောကြောင့် သံသရာပြတ်တယ်ဆိုတာ ဦးခင်မောင်တို့....နားလယ်ထားပါပြီ-(မှန်ပါ့ဘုရား)။

အဲဒီတော့ လမ်းကလေးလဲ ရှေ့ပိုင်းက ခင်းကြပါဦးစို့....၊ သတ္တဝါအစ အဝိဇ္ဇာတဏှာကလို့ မဟာဝဂ္ဂပါဠိတော်တွေ့မှာ မဟာဝါပါဠိတော်တွေ့မှာလဲ လာပါတယ်၊ အမျိုးမျိုးသော ပါဠိတော်တွေ့မှာ။

"အနုမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋ္ဌိ နပညာယတိ၊အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာ သံယောဇနာနံ သန္ဓာဝတံ သံသရတံ...."

လို့ဆိုတဲ့ဥစ္စာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောလို့-

သတ္တဝါအစ အဝိဇ္ဇာတဏှာကဆိုတာ တကာ တကာမတွေ့ မှုတ်ရလိမ့်မယ်နော်....(မှန်ပါ့)။

သတ္တဝါအစ ဘယ်ကပါလိမ့်....(အဝိဇ္ဇာတဏှာကပါဘုရား) ကိုင်း....အဝိဇ္ဇာပစ္စယာ သင်္ခါရာဘဲလို့ ဆိုလိုက်ပါတော့။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ အဝိဇ္ဇာသင်္ခါရကြောင့် ဘာ-ဖြစ်လာသတုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် ဒီ အတိတ် အကြောင်း နှစ်ခုကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တော့ကို-ခန္ဓာလို့ ဖွဲ့လိုက်တော့-ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာကို ခန္ဓာဖွဲ့လိုက်တော့ ဘယ်နှစ်ပါး ဖြစ်သွားသတုံး....(ငါးပါးပါဘုရား)။

ငါးပါးမှတဲ့ပါး ပိုပြီးသကာလ မထုတ်လာပါဘူးနော် ....(မှန်ပါ့) ဩော်....ဒါသည်ကားလို့ ဆိုယင် မည်သူတို့ပါလိမ့် မလဲလို့ မေးတော့ အဝိဇ္ဇာသင်္ခါရက လုပ်လိုက်တာက ပဋိစ္စသမုပ္ပါဒ် အလိုတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာလို့ ဆိုကြမှာဘဲနော်....(မှန်ပါ့)။

အဲဒီကဲ့သို့ ပဋိစ္စသမုပ္ပါဒ် နားလယ်ပြန်တော့လဲ သတ္တဝါသည် ပြုတ်နေပါတယ်....(မှန်ပါ့) သတ္တဝါသည် ဘယ်နှယ် နေပါလိမ့်....(ပြုတ်ပါတယ်ဘုရား)။

ဒီထဲ သတ္တဝါ ပါကြရဲ့လား....(မပါ-ပါဘူးဘုရား)ဩော်-သတ္တသည် ပြုတ်နေတယ်၊ ဒါ့ကြောင့် တကာ တဲကာမတွေ ပြောရတယ်၊ ဒီ ပဋိစ္စသမုပ္ပါဒ်မှ နားမလယ်ဘူးလို့ ကိုယ့် ဖြစ်ကြောင်းမှ ကိုယ်ကောင်းကောင်း မသိဘူးလို့ ဆိုယင် သတ္တဝါ

ဟူသော သညာသည် ပျောက်ပါ့မလား.... (မပျောက်ပါဘူး ဘုရား)။

ကိုင်း....အခုတော့ အဝိဇ္ဇာသင်္ခါရဆိုတဲ့ တရားနှစ်ခုကြောင့် အဝိဇ္ဇာတဏှာကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်ပါတယ်၊ တပေါင်းတည်းဖြစ်ပါတယ်လို့ မှတ်ထားလိုက်တော့ တကာ တကာမတွေ ဒီအထဲမှာ အဝိဇ္ဇာသင်္ခါရက ယောကျ်ားကလေး တည်ထောင်လိုက်သလား.... မိန်းမကလေး တည်ထောင်လိုက်သလားလို့ မေးယင် ဘယ်နှယ်ပြောပါ့မလဲ-(ခန္ဓာငါးပါးတည်ထောင်ပါတယ်)။

ခန္ဓာငါးပါး၊ သူ့ ပဋိစ္စသမုပ္ပါဒ်အလိုဖြင့် ဝိညာဏ် နာမ်ရုပ် သဠာယန ဖဿ ဝေဒနာပေါ့ဗျာ-(မှန်ပါ့)ခန္ဓာလို့ ဖွဲ့လိုက်တော့ ခန္ဓာငါးပါးဘဲ တည်ထောင်လိုက်တာဘဲ....(မှန်ပါ့)။

ဘယ်ဟာများ တည်ထောင်လိုက်ပါလိမ့်.... (ခန္ဓာငါးပါး တည်တောင်လိုက်ပါတယ်ဘုရား) ခန္ဓာငါးပါးဘဲ တည်ထောင်လိုက်တယ်ဆိုတာ သေချာပါတယ်နော်....(မှန်ပါ့)။

ခန္ဓာငါးပါးဆိုတာ တကာ တကာမတွေ အခု ကိုင်တွယ်ရတာကြီးက ရုပ်ပေါ့ဗျာ.... (မှန်ပါ့) ဒီအထဲ ကောင်းတာ-မကောင်းတာ ခံစားတာက ဝေဒနာ၊ မှတ်တာက သညာ၊ သွားဘိုလာဘို့ တိုက်တွန်းနှိုးဆော်တဲ့ စေတနာက သင်္ခါရ၊ ဟိုဟာသိ-ဒီဟာသိ- သိလုံးကလေးတွေဟူသမျှက ဝိညာဏ်ဆိုတာတော့ တကာ တကာမတွေ နားရေတွေ ဝနေလို့ အထူးပြောဘို့ မလိုပါဘူး....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ အဝိဇ္ဇာသင်္ခါရက တည်ထောင်လိုက်တာ ခန္ဓာဘယ်နှစ်ပါး တည်ထောင်လိုက်ပါလိမ့်.... (ငါးပါးပါဘုရား)။

ငါးပါး တည်ထောင်လိုက်တဲ့ အခါကျလို့ ရှိယင် သြော်.... ဒါ ဒီတရားပဲ့ တပဲ့လုံးမှာ ပဋိသန္ဓေတုံးကလဲ ဒါဘဲ တည်ထောင်လိုက်တယ်၊ ပဝတ္တိ အခါမှာလဲ ဒါတွေဘဲ ရုပ်အဆက်ဆက် နာမ်အဆက်ဆက် အနုန္တရအဆက်ဆက်တွေနဲ့ ဖြစ်ပြီးလာတော့ ယခုလဲ ဘယ်နှစ်ပါးနဲ့ နေကြသတုံးလို့ မေးယင် ဘယ်နှယ် ဖြေကြပါ့မလဲ....(ငါးပါးပါဘဲဘုရား)။

သြော်....ယခုလဲ ငါးပါးနဲ့ဘဲ နေကြတော့ သိကြပါပြီတဲ့။ အဲဒီ့ ငါးပါးသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတွေသည် ဒီ ခန္ဓာငါးပါးကို မနေ့က ပြောခဲ့တယ်၊ ဒီ ငါးပါး ဘာ-လုပ်ကြရမတုံးလို့ မေးတဲ့အခါကျတော့ ဒီ ငါးပါးကို အဝိဇ္ဇာတဏှာ မလာအောင် လုပ်ရမှာဘဲ....(မှန်ပါ့ဘုရား)။

ဒီ ငါးပါး ကြည့်ပြီးသကာလ ဘာ-လုပ်ရမလဲ.... (အဝိဇ္ဇာတဏှာ မလာအောင် လုပ်ရပါမယ်ဘုရား)အဝိဇ္ဇာတဏှာ မလာအောင် လုပ်ရလိမ့်မယ်ဆိုတာ သဘောပါပလား....(ပါပါပြီ)။

အဝိဇ္ဇာတဏှာ လာလို့ ရှိယင်ဖြင့် တကာ တကာမတို့ သိတဲ့အတိုင်း ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာငါးပါး နောက်ထပ် လာလိမ့်ဦးမယ်ဆိုတဲ့ဥစ္စာက သေချာပါတယ်၊ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါကလေး သေချာတော့မှ ဦးခင်မောင်ရေ....သူ့နောက်က ဘာ-မလိုက်ဘို့ အရေးကြီးပါလိမ့်.... (အဝိဇ္ဇာတဏှာမလိုက်ဘို့ အရေးကြီးပါတယ်)။

သေသေချာချာ မှတ်ကြပါ တကာ တကာမတို့ ခန္ဓာငါးပါးနောက်က အဝိဇ္ဇာတဏှာ မလိုက်ဘို့ အရေးကြီးတယ်.... (မှန်ပါ့)။

ဘာ-မလိုက်ဘို့အရေးကြီးပါလိမ့်.... (အဝိဇ္ဇာနဲ့ တဏှာမလိုက်အရေးကြီးပါတယ်)။

ဩော်....အင်ဇ္ဇာတဏှာမလိုက်ဘို့ အထူးဘဲ အရေးကြီးတယ် (မှန်ပါ့)အကယ်၍မျှား လိုက်မျှား လိုက်လာခဲ့လို့ ရှိယင် ဒီ့ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီး ပွားရချည်သေးရဲ့ ထမ်းရချည်သေးရဲ့ ပိုးရချည်သေးရဲ့ ဆိုတာဖြင့် ငြင်းဘို့ လိုသေးသလား.... (မလိုပါဘူးဘုရား) သဘောပါကြလား....(ပါ-ပါတယ်)။

ဒီတရားနှစ်ခုသာ အဝိဇ္ဇာတဏှာသာ လိုက်မယ်ဆိုယင် ဒီခန္ဓာငါးပါး ဒုက္ခသစ္စာ အသေကြီးဟာ လာဦးမှာလား....မလာပေဘူးလား....(လာမှာပါဘုရား)။

ဒုက္ခသစ္စာ အသေကြီးဟာ တကာ တကာမတို့ မြင်တဲ့အတိုင်းဘဲနော်.... (မှန်ပါ့)အဝိဇ္ဇာသင်္ခါရက ဒီကနေခန္ဓာငါးပါးလာတယ်၊ ဒီခန္ဓာငါးပါးကို ပြန်ပြီးသကာလ ခန္ဓာငါးပါးရယ်လို့ ၎င်း၊ ဖြစ်ပျက် အနိစ္စရယ်လို့ ၎င်း၊ ဒုက္ခသစ္စာရယ်လို့ ၎င်း၊ မသိပြန်လို့ ရှိယင် အဝိဇ္ဇာ ဘဝတဏှာမလာပေဘူးလား....(လာပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့ ဘဝတဏှာ၊ အဝိဇ္ဇာက မသိတာ ဘဝတဏှာက ရောက်ရာ ကိုယ်.ခန္ဓာကိုယ်ခင်တာပေါ့ဗျာ....(မှန်လှပါဘုရား)။

အဝိဇ္ဇာက....(မသိတာ) ဘဝတဏှာက....(ဘဝကို ခင်တာပါဘုရား)အဲ....ရရာခန္ဓာကိုခင်တာ ဘဝတဏှာ အခုတကာတကာမ

တွေ့ကိုယ်.ခန္ဓာကလေးနဲ့ ရွက်ပိုးပြီးသကာလ မော်တော်ကား ကလေးနဲ့ သယ်သွားရလဲ ကိုယ်.ခန္ဓာကလေးနဲ့ကိုယ်ဟာ ပျော် နေတာဘဲ၊ ခြေလျင်ကလေးသွားလိုက်ရလို.ရှိယင်လဲ ကိုယ့်.ခန္ဓာ ကလေးနဲ့ ကိုယ်စိုက်စိုက်သွားရ ပျော်နေတာဘဲ(မှန်ပါ့ဘုရား)။

ကြည့်စမ်း တကာတကာမတို့ ဘယ်.နှယ်ကြောင့် ပျော်ပါ လိမ့်မလဲလို့. ဦးဝတို့မေးယင်ဖြင့် ဘဝတဏှာ ချော့ထားလို့.သာ ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဘယ်သူချော့ထားပါလိမ့် ....(ဘဝတဏှာက ချော့ထားပါ တယ်ဘုရား)ဘဝတဏှာဆိုတာက ဟောဒါကြီးက ခင်ဗျားတို့၏ ကာမဘဝကြီး၊ ကာမဘဝကြီးထဲမှာ နောက်ကတဏှာက သြော် မင်းအရတော်တယ် မင်းချောတယ်-မင်း လှတယ်၊ မင်း ဝတယ် ဆိုပြီး မင်းအကျိုးပေးဟာမင်းအဖေ မင်းအမေနဲ့ မင်းဆွေမျိုး မင်းအိမ် မင်းယာ မင်းတိုက် မင်းကားနဲ့ဆိုပြီး ဘဝတဏှာက ချော့ထားတယ်....(မှန်ပါ့)။

တကာတကာမတွေ ဒီခန္ဓာကြီး ထမ်းရတဲ့ယ် ပိုးရတယ် ဒုက္ခ သစ္စာထည်ကြီး အသုဘထည်ကြီး မြင်သေးရဲ.လား....(မမြင်ပါဘူး)။

ဒါ-ဘယ်သူချော့ထားလိုက်ပါလိမ့်....(ဘဝတဏှာချော့ထား လိုက်တာပါဘုရား) ဘဝတဏှာကချော့ထားလိုက်တာ သေချာ ကြပလား....(သေချာပါပြီ)။

သြော်....ဒါကြောင့် တကာတကာမတွေမှာ မသိအောင်ဖုံး ကွယ်ထားတာကဒုက္ခသစ္စာ ဖုံးကွယ်ထားတာက ဒုက္ခအညာဏ် ဆိုတဲ့ အကိုင်း အဝိဇ္ဇာပေါ့ဗျာ....(မှန်ပါ့)။

ဒုက္ခေ အညာဏ် ဟာ-ဘယ်သူပါလိမ့် .... (အဝိဇ္ဇာပါဘုရား)
ဒုက္ခေ=ဒုက္ခသစ္စာ၌၊ အညာဏ်=မသိအောင် ဖုံးလွှမ်း ခြင်းသည်၊
အဝိဇ္ဇာ=အဝိဇ္ဇာဘဲ။

ဩ....သူက ဖုံးပြီးသကာလ ထားလိုက်တော့ ဘဝတဏှာက ရောက်ရာမပျော်လားဗျာ....(ပျော်ပါတယ်ဘုရား)။

အဲဒီတော့ ဒီခန္ဓာငါးပါးက ဘာတွေမျှားပေါက်ပွားလာပါလိမ့်မလဲလို့ ဆိုလို့ရှိယင် ခန္ဓာမျိုးစေ့ ပေါက်ပွားတယ်ဘဲ ဆိုလိုက်ပါတော့....(မှန်ပါ့)။

ဦးခင်မောင် ဘာပေါက်ပွားပါလိမ့်....(ခန္ဓာမျိုးစေ့ ပေါက်ပွားလာပါတယ်ဘုရား)နဂိုရိုက်ဒီခန္ဓာမျိုးစေ့ကြောင့် ဒီခန္ဓာပင် ပေါက်တာ-(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဝိဇ္ဇာ တဏှာမျိုးစေ့ကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကြီး ပေါက်ပွားလာပါတယ် (မှန်ပါ့)သဘောကျပလား(ကျပါပြီ)။

တခါ ဒီအပင်ကြီးက ဘာတွေမျှားသီးပါလိမ့်မတုံး-မေးပြန်တော့လဲ....(အဝိဇ္ဇာတဏှာဘဲ သီးပါတယ်)။

အဝိဇ္ဇာ တဏှာဆိုတဲ့ မျိုးစေ့တွေဘဲ ပြန်ပြီးသကာလ ဧမြပေါ်ကျပြန်တယ်....(မှန်ပါ့ဘုရား)။

မြေပေါ်ကျပြန်တော့ ဘာပင်မျှား ပေါက်မှာပါလိမ့် မတုံးလို့ တကာ တကာမတွေက အကဲခတ်စမ်း .... (ခန္ဓာငါးပါးဘဲဘုရား)။

ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားကြီးဘဲ ပေါက်ပွားလာတယ်ဆိုတာ သဘောကျပလား....(မှန်ပါ့ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့တကာတရားတွေမှာ ဒီမျိုးစေ့သာ ပေါက်ပွားယင် ဒီအပင်ဖြစ်လိမ့်ဦးမယ် ဆိုတာကဖြင့် ငြင်းစရာမရှိအောင်တော့ မှန်တယ်၊ မမှန်ဘူးလား (မှန်ပါတယ်)

ဒီ-မျိုးစေ့သာ ကျလို့ရှိယင် ဒီခန္ဓာပင်ကြီးဟာ ဘယ်နှယ်ပါလိမ့်.... (ပေါက်မှာပါ ဘုရား) ပေါက်ဦးမယ်၊ ပေါက်ယင် ဘာဖြစ်သွားမလဲ.... (ဒုက္ခသစ္စာ ဖြစ်သွားပါမယ်) ဒုက္ခသစ္စာ ဇာတိဒုက္ခသစ္စာ၊ ဇရာဒုက္ခသစ္စာ၊ဗျာဓိဒုက္ခသစ္စာ၊မရဏဒုက္ခသစ္စာ တွေဘဲ တကာ တကာမတွေ့ ပေါက်ပွားရမယ်ဆိုတာ မသေချာလားဗျာ.... (သေချာ ပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ လူမိုက်နဲ့လူလိမ်မာ ဘာထူးသတုံးဆိုတဲ့ ဥစ္စာသည် ဒီ-မျိုးစေ့ နှစ်ခု မကျလို့ရှိယင်ဖြင့် လူလိမ်မာ....(မှန်ပါ့) ဒီ-မျိုးစေ့ နှစ်ခု ကျလာယင်.... (လူမိုက်ပါဘုရား)။

အဝိဇ္ဇာ တဏှာဆိုတဲ့ မျိုးစေ့ ဒီခန္ဓာထဲက သီးပွင့် လာခဲ့လို့ရှိယင် ဘာဆိုကြပါ့မယ်....(လူမိုက်ပါဘုရား)။

ဟာ....မသီး မပွင့်ပါဘူး ဘုရား- သူက သီးပွင့်တာက ဆရာသမားကောင်း သူတော်ကောင်းနဲ့ တွေ့တဲ့အခါကျတော့ ငိုဇာနဲ့ အလောဘသာ သီးပွင့်ပါတယ်ဆိုလို့ရှိယင်လဲ မျိုးစေ့ပေါက်နိုင်စရာ ရှိသေးရဲ့လား (မရှိပါဘူးဘုရား) သဘောပါကြလား-(ပါ-ပါတယ်ဘုရား)။

အဲဒါကြောင့် ယနေ့သည်ကာလို့ ဆိုလို့ရှိယင်ဖြင့် လူလိမ်မာ အဖြစ်ထဲသို့ ဘုန်းကြီးတို့ တကာတကာမတွေ့ကို ဧကန်သွင်းတင်းယ်သွင်းရမှာ ဖြစ်နေတော့တကာတကာမတို့ ခန္ဓာကို ကြည့်ကြစို့နော်....(မှန်ပါ့)။

ခန္ဓာကိုကြည့်တယ်ဆိုလို့ရှိယင် ခန္ဓာကို အကြည့်မှန်ခဲ့လို့ရှိယင်ဖြင့် ဝိဇ္ဇာဖြစ်ပြီ၊ဝိဇ္ဇာဖြစ်ခဲ့လို့ရှိယင်ဖြင့် ခန္ဓာအကြည့်မှန်လို့ ဝိဇ္ဇာ ဖြစ်ခဲ့သည်ရှိသော် တကာ တကာမတို့ ခင်ပါဦးမလား....(မခင်ပါဘူးဘုရား)။

ဘဝ တဏှာက မလာဘူးပေါ့ဗျာ ....(မှန်ပါ) မလာယင် အ လောဘလို့ဆိုယင် လွဲပါ့မလား....(မလွဲပါဘူး)။

ဒါဖြင့် ဝိဇ္ဇာနဲ့အလောဘ ဖြစ်ရမယ် (မှန်ပါ့) ဗြောင်းပြန်ကို ဖြစ်မှ ကိုက်မယ်....(မှန်ပါဘုရား)။

အဝိဇ္ဇာနဲ့တဏှာလာယင် ခန္ဓာပင်ပြန်ပေါက်မယ်–(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) အဝိဇ္ဇာနဲ့တဏှာလာယင်.... (ခန္ဓာ ပင်ပြန်ပေါက်ပါမယ်)။

ဝိဇ္ဇာနဲ့ အလောဘလာယင် .... (ခန္ဓာပင်မပေါက်ပါ)ခန္ဓာ ဇာတ်သိမ်းပါလိမ့်မယ်နော်....(မှန်ပါ့)တကာ တကာမတို့ ဘယ် လိုပါလိမ့်.... (ခန္ဓာဇာတ် သိမ်းပါလိမ့်မယ်)ခန္ဓာဇာတ်သိမ်းလိမ့် မယ် ကိုမြရွှေတို့ ဦးဇံရင်တို့....(မှန်ပါ့)။

ဒါဖြင့် ဝိဇ္ဇာနဲ့အလောဘဖြစ်ဘို့အရေးဟာကဖြင့် ဘုရားပွင့် ပြီး ကလျာဏ မိတ္တနဲ့ တွေ့မှဘဲ....(မှန်ပါ့)။

ဘယ်လို မှတ်ကြမယ်....(ဘုရားပွင့်ပြီး ကလျာဏမိတ္တနဲ့ တွေ့ မှပါဘုရား) ဩော်....ဘုရားလဲပွင့်ပါဦးမှ၊ ပွင့်ပြီး ဘုရားတည်းဟူ သော ကလျာဏမိတ္တနဲ့တွေ့ဦးမှ ဝိဇ္ဇာနဲ့ အလောဘ ဖြစ်မယ်.... (မှန်ပါ့) သူ့ဟာသူ ပွင့်ပြီး မိမိနဲ့မတွေ့ပြန်လို့ရှိယင်လဲ ဝိဇ္ဇာနဲ့ အလောဘ ဖြစ်ပါ့မလား....(မဖြစ်ပါဘူးဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဘုရားသာသနာ ကြုံရတော့လဲ ကိုယ်ကမိစ္ဆာဒိဋ္ဌိဖြစ်နေပြန်တော့လဲ မတွေ့ရာရောက်ပါတယ် (မှန်လှပါဘုရား)။

အဲဒါကြောင့် ဦးခင်မောင်ရေ ယခုအချိန်ဖြင့် ဘုရားသာသနာတော်ကြီးကလဲ ရှိသေးတော့ ဘုရားကလဲ မှာပစ်ခဲ့တော့ယောခေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာလို့၊ ငါမရှိလို့ ရှိယင်ကွာ....ပိဋကတ် သုံးပုံတွေ ပြန်ပြီးသကာလ ပြန်ပြီးသကာလပြောကြားတဲ့ ဆရာသမားတွေဟာ မင်းတို့ဆရာတွေ ဖြစ်ရစ်ပါလိမ့် မယ်ဆိုတဲ့အတိုင်း အခုဘုန်းကြီးတို့ကလဲ တဆင့် ဆရာလုပ်တာဘဲ (မှန်ပါဘုရား)။

ပိဋကတ်တွေကြည့်ပြီး ဆရာလုပ်ရပါတယ်ဆိုတာ ပေါ်လာကြပလား(ပေါ်ပါပြီဘုရား)ကောင်းပြီ ဒါဖြင့် ဘာဖြစ်မှ အေးကြမှာပါလိမ့်မလဲ.... (ဝိဇ္ဇာနဲ့ အလောဘဖြစ်မှ အေးကြမှာပါဘုရား)။

ဝိဇ္ဇာနဲ့ အလောဘဖြစ်မှဘဲဒုက္ခဇာတ်သိမ်းမယ်(မှန်ပါ့)ဝိဇ္ဇာနဲ့ အလောဘဖြစ်မှ(ဒုက္ခဇာတ်သိမ်းမှာပါဘုရား)ဒုက္ခဇာတ်သိမ်းတော့မယ်ဆိုတာသေချာပလား....(သေချာပါပြီ)။

ကိုင်း-ဒါဖြင့် ဝိဇ္ဇာနဲ့ အလောဘဖြစ်အောင်ဘဲ ကလျာဏမိတ္တတည်းဟူသော သူတော်ကောင်းနဲ့ ဓမ္မက္ခန္ဓာတွေ ဆရာထားပြီးသကာလ တကာတကာမတွေ ကြိုးစားကြပါစို့....(မှန်လှပါဘုရား)။

ကြိုးစားကြပါစို့ဆိုတော့ ဒီက ခန္ဓာငါးပါး (မှန်ပါ့) ခန္ဓာငါးပါးမနေ့က၊မနေ့ကမဆုံးခဲ့ဘူး တကာတကာမတွေ ခန္ဓာငါး

ပါးကို ငါးပါးစလုံး ရှုရမယ်ဆိုတော့ ဖြစ်ပုံပျက်ပုံခြင်းက မတူကြပါဘူး.... (မှန်ပါ့ဘုရား) ရုပ်တရားက အဖြစ်အတူတူထား အပျက်နှေးသဗျာ....(မှန်ပါ့)။

နာမကွန္ဓာလေးပါးကတော့ ဖြစ်တူပျက်တူမို့ အဖြစ်လဲ မြန်တယ်၊အပျက်လဲမြန်တယ်ဆိုတာ သေချာပါတယ်နော်-(သေချာပါတယ်ဘုရား)။

အဲဒီသေချာတဲ့ အထဲမှာဘဲ ခန္ဓာငါးပါးလုံး ရှုရမှာလားလို့ မေးတဲ့အခါကျတော့ သတိပဋ္ဌာန်ပါဠိတော်က ဟော-လေးပါးသာ အရေးကြီးတယ်လို့ပြောထားတယ်နော်....(မှန်ပါ့)။

ဒါဖြင့် ကာယာနုပဿနာက ရူပက္ခန္ဓာ(မှန်ပါ့)ဦးခင်မောင်ရေ-ကာယာနုပဿနာက....(ရူပက္ခန္ဓာပါဘုရား)။

ဝေဒနာစေတသိက်က (ဝေဒနာနုပဿနာပါဘုရား) အေး....သညာသင်္ခါရက ဓမ္မာနုပဿနာ (မှန်ပါ့)ရှင်းပလား(ရှင်းပါပြီ)

သညာသင်္ခါရက (ဓမ္မာနုပဿနာပါဘုရား) စိတ်ကလေးက (စိတ္တာနုပဿနာပါဘုရား)။

စိတ္တာနုပဿနာဆိုတော့ တကာတကာမတွေ့ သတိပဋ္ဌာန်က တစ်,နှစ်,သုံး,လေး ဘဲရှိပါတယ်....(မှန်ပါ့)။

အဲဒီတော့ သတိပဋ္ဌာန်လေးပါးတော့ဖြင့်တွေ့ပြီ တကာသစ်ရ (မှန်ပါ့) မတွေ့သေးဘူးလား....(တွေ့ပါတယ်ဘုရား)။

ရုပ်တရားက ဘာတဲ့ဗျာ-(ရူပက္ခန္ဓာပါ) ကာယာနုပဿနာသတိပဋ္ဌာန်နော်....(မှန်ပါ့)ဝေဒနာက (ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပါ)သညာသင်္ခါရက(ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါ)ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှင်းပြီနော်.... (မှန်ပါ့)စိတ်က.... (စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါ)။

ဩော်.... သတိပဋ္ဌာန်နဲ့ ဝေဘန်လိုက်တော့ ခန္ဓာငါးပါးဟာ လေး-ဖြစ်သွားတယ်....(မှန်ပါ့)ခန္ဓာငါးပါးဟာ ဘာလာဖြစ်ပါလိမ့်(လေး- ဖြစ်ပါတယ်ဘုရား)။

ဒါ မမေ့ပါနဲ့ တကာ တကာမတို့....ငါးပါးစလုံး ရှုပြီး ကျုပ်တော့ ခန္ဓာငါးပါး မပြတ်မလပ် ရှုနေတာဘဲလို့ ဆိုလိုက်လို့ရှိယင်လဲ ကုသိုလ်တော့ ဖြစ်ပါရဲ့၊ သတိပဋ္ဌာန်နဲ့ မကိုက်တဲ့အတွက် မဂ်ဥာဏ် ဖိုလ်ဥာဏ် အရောက်နှေးနေမှာလဲ ဦးခင်မောင်စိုးရိမ်ရတယ် (မှန်လှပါဘုရား)။

မောင်ထွန်းလှိုင်တို့ မစိုးရိမ်ဘူးလား.... (စိုးရိမ်ရပါတယ်ဘုရား)။

အဲဒါကြောင့် သတိပဋ္ဌာန်နဲ့ ဝေဘန်လိုက်တော့ ခန္ဓာငါးပါးဟာ ဘယ်နှစ်ပါးရသတုံး.... (လေးပါး ရပါတယ်ဘုရား) လေးပါး ရသွားတယ်....တဲ့၊ လေးပါး ရသွားတယ်....နော်.... (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ဒီလေးပါးထဲက တပည့်တော်တို့ ဘယ်ဟာ ရှုရမှာတုံးဘုရား၊ လေးပါးစလုံးဆိုတော့ လူတယောက်တည်းက ရေအိုးလေးလုံး ရွက်ရသလိုဖြင့် မသိမ်းနိုင် မသယ်နိုင် မချီနိုင် မပွေ့နိုင် ဖြစ်ပါလိမ့်မယ်ဆိုတော့ တကာ တကာမတို့ ဒီလို လုပ်ကြစို့ ဒီလို လုပ်ကြစို့....နော် (မှန်ပါ့)။

ဒီလို လုပ်ကြစို့ဆိုတဲ့ဥစ္စာ ဘာပါလိမ့်မလဲလို့ အားလုံး တရားတပွဲလုံးက မေးဘို့ရှိယင်ဖြင့် စရိုက်နဲ့ ဝေဘန်ကြစို့ရဲ့၊ကိုယ်ဝါသနာပါတာနဲ့ ဝေဘန်ကြစို့ရဲ့ (မှန်ပါ့)။

တကာ တကာမတို့ ဘာနဲ့ ဝေဘန်ရမလဲ.... (ကိုယ်ဝါသနာပါတာနဲ့ ဝေဘန်ရပါမယ်)ကိုယ်ဝါသနာ- ကိုယ့်ဝါသနာဆိုတာ

စရိုက်ခေါ်ပါတယ် (မှန်ပါ့ဘုရား) ကိုယ့်-ဝါသနာဆိုတာ ဘာခေါ်ပါလိမ့်.... (စရိုက်ခေါ်ပါ့တယ်ဘုရား)စရိုက်လို့ခေါ်တဲ့နော်....၊ သူ့စရိုက်က တဲ့ယ်ကြမ်းတယ်၊ သူ့စရိုက်က နူးတယ်ဆိုတာ သူ့ဝါသနာကိုပြောကြတာ(မှန်ပါ့ဘုရား)ရှင်းကြပလား(ရှင်းပါပြီ)။

ဝါသနာ စရိုက်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ)ဩော်.... ဒါဖြင့် တကာ တကာမတို့ တချို့မှာ တကာ တကာမတို့ သိတဲ့အတိုင်း....တဲ့၊ စရိုက်တွေသည်ကားလို့ဆိုယင် တချို့က ဒိဋ္ဌစရိုက်ရှိတယ်၊ တဏှာစရိုက်ရှိတယ်၊ စရိုက်ခြောက်ပါးတောင် ရှိတယ်၊ အကျယ် ဝေဘန်မယ်ဆိုယင် အားကြီးပေါ့ဗျာ.... (မှန်ပါ့)။

အဲဒီတော့ တကာဝတို့ စရိုက်နဲ့လျော်တဲ့တရား ပေးကြစို့ရဲ့.(မှန်ပါ့) မဟာဝါ အဋ္ဌကထာကဲဘဲဆိုဆို- သမ္မောအဋ္ဌကထာကဲဘဲဆိုဆို တထပ်တည်းဘဲ၊ ရှင်ဗုဒ္ဓဃောသရေးတာချည်းဖြစ်နေတဲ့အတွက် ဒိဋ္ဌစရိတဿ=ဒိဋ္ဌစရိုက်ရှိသော၊ မန္ဒဿ=ဉာဏ်နုံတဲ့ပုဂ္ဂိုလ်အား၊ စိတ္တာနုပဿနာ သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ်.. တဲ့၊ ဩော်.... ဒိဋ္ဌစရိုက် ရှိပြီးသကာလ ဉာဏ်နည်းတဲ့ ပုဂ္ဂိုလ်များမှာဖြင့် တကာ တကာမတွေ စိတ္တာနုပဿနာပေးတဲ့ (မှန်လှပါဘုရား)။

ဒိဋ္ဌိကလဲ ငါ့ကိုယ် ငါ့ဟာကလေးက စဲ့တာ တယ်များကြတယ် (မှန်ပါ့) ငါ့ကိုယ် ငါ့ဟာ ငါ့စိတ်တွေက စဲ့တာ တယ်များကြတယ်၊ ထိုကဲ့သို့ များတဲ့ပုဂ္ဂိုလ်အား ဒိဋ္ဌစရိုက်လို့ မှတ်လိုက်စမ်းပါ....နော်....(မှန်ပါ့)။

ငါ့စိတ် မှစမ်းနဲ့ ဆိုတာသည် ဘာစရိုက်ပါလိမ့်....(ဒိဋ္ဌစရိုက်ပါဘုရား) ငါ့စိတ်အကြောင်း နင်ကောင်းကောင်းမသိဘူးလား ဆိုတာလဲ.... (ဒိဋ္ဌစရိုက်ပါဘုရား)။

ငါလိုချင်တယ်ဆိုတာ နင်မသိဘူးလားဆိုယင်ကော.... (ဒိဋ္ဌစရိုက်ပါဘုရား) လောဘ ငါစဲ့တာဘဲ....နော်.... (မှန်ပါ့) ငါမဖေသေးဘူးဆိုတာလဲ ဒေါသ ငါစဲ့တယ် (မှန်ပါ့) မစဲ့ကြဘူးလား.... (စဲ့ပါတယ်ဘုရား)။

သြော်.... ဒါဖြင့် တကာတကာမတွေ့မှာ မျှားသောအားဖြင့် ဘာစရိုက်တွေ့ မျှားနေပါလိမ့်.... (ဒိဋ္ဌစရိုက်တွေ့ပါဘုရား)။

ဒိဋ္ဌစရိုက်က မျှားနေတယ်၊ဒိဋ္ဌစရိုတဿမန္ဒဿ နာတိပ္ပဘောဒဂတံ၊ တခါတည်း တဏှာကတော့ သိပ်မမျှားဘဲနဲ့ ဥာဏ်ကလဲ သိပ်ပြီးတော့ မထက်တဲ့ပဋိလ်ကျတော့ ဦးခင်မောင်ရေ စိတ္တာနုပဿနာ ဝိသုဒ္ဓိမဂ္ဂါ....တဲ့၊စိတ္တာနုပဿနာဟာ သူ့မှာ နိဗ္ဗာန်ရောက်ကြောင်း သွားဖြစ်တယ် (မှန်လှပါ့ဘုရား)။

ဒါဖြင့် ဒိဋ္ဌစရိုက်ရှိတဲ့ပဋိလ်- ဥာဏ်နှံ့နှံ့နဲ့ ဒိဋ္ဌစရိုက်ရှိတဲ့ပဋိလ်မှာ ဘယ် ဝိပဿနာနည်းနဲ့ အားထုတ်ရမှာပါလိမ့်.... (စိတ္တာနုပဿနာကို အားထုတ်ရပါမယ်)။

စိတ္တာနုပဿနာ သတိပဋ္ဌာန်အားထုတ်ရမယ် (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) တဏှာမျှားမျှားနဲ့ ဥာဏ်ထက်တဲ့ပဋိလ်ကျတော့ ဝေဒနာနုပဿနာ အားထုတ်ရမယ် (မှန်ပါ့)။

တဏှာမျှားပြီး ဥာဏ်နည်းနေတဲ့ ပဋိလ်ကျတော့ ကာယာနုပဿနာ အားထုတ်ရမယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) သို့သော် ဒီဟာတွေ့ အဋ္ဌကထာဆရာ ဝေဘန်တာတွေ့လဲ အင်မတန်မှ ကောင်းပါတယ်၊ ကောင်းပင် ကောင်းငြားသော်လဲတဲ့

ဒီဟာ အင်မတန် မှန်ပါတယ်လို့ ဘုန်းကြီးများကလဲ တာဝန်ယူပါတယ်၊ ဘုန်းကြီးများထက် ပညာကျယ်တဲ့ ပုဂ္ဂိုလ်ကြီးမို့လို့ လေးလဲ- လေးစားပါတယ်။

သို့သော်.... တခါယူကြဦးစို့ တကာဝတို့ ဦးခင်မောင်တို့.... နော်.... (မှန်လှပါ) သောတာပတ်မဂ်သည် ဘာကိုပယ်မှ ရမှာ တုံးဆိုတာ မေးလိုက်တဲ့အခါကျတော့ ဒိဋ္ဌိ ပိစိကိစ္ဆာပယ်မှ ရမှာ (မှန်လှပါဘုရား)။

သောတာပတ်မဂ် ရချင်လို့ရှိယင်.... (ဒိဋ္ဌိနဲ့ ပိစိကိစ္ဆာပယ်ရပါမယ်) ဒါဖြင့် တကာ တကာမတို့ သိတဲ့အတိုင်း ဩဿ.... ဒိဋ္ဌိပယ်ယင် ပိစိကိစ္ဆာ အလိုလိုသွားတယ် (မှန်ပါ့)။

ဒိဋ္ဌိပယ်ယင် ပိစိကိစ္ဆာ အလိုလိုသွားတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ) အဲဒါ အင်္ဂုတ္တိရ်မှာလဲ ပါဠိတော်နှင့်တကွ ရှိတယ် (မှန်ပါ့)။

ဒါဖြင့် ဒီနေ့ည တံကာ တကာမတွေ မင်္ဂလေးပါးမှာလဲ သောတာပတ်မဂ်က စ-ရမှသာလျှင် အထက်မင် တက်လို့ရပါတယ်၊ ခုံတက်လို့ရတာမျိုးကော ဟုတ်ကြပါရဲ့လား....(မဟုတ်ပါဘူးဘုရား)။

အဲဒါကြောင့် ဒိဋ္ဌိစရိုက်လဲ ရှိပြန်၊ စိတ်ပေါ်လဲ ငါစဲ့-စဲ့ပြန်၊ ပဋ္ဌမမင်္ဂကိုလဲ ရှေးဦးစွာ အားထုတ်ရမည့် အချက်အလက်ဖြစ်နေသောကြောင့် တကာ တကာမတို့ စိတ္တာနုပဿနာသည် ဒီ တကာ တကာမတွေနဲ့ လျော်တယ် (မှန်လှပါဘုရား) ရှင်းကြပလား (ရှင်းပါပြီ)။

ဘာနဲ့ လျော်ပါလိမ့်....(စိတ္တာနုပဿနာနဲ့ လျော်ပါတယ်ဘုရား) အားလုံး ဂရုစိုက်ပြီးသကာလ ဩဿ.... ဒါဖြင့် စိတ္တာ

နုံပဿနာ ဆရာဘုန်းကြီးဟောတော့မှာဘဲ ဒို့ကလဲ ဒီဌိစရိုက်မျိုးတာက တကြောင်း ပဌမမဂ် ရပြန်လို့ရှိယင်လဲ ဒီဌိဌ္ဌါမှုရမှာ ဖြစ်နေသောကြောင့် စိတ္တာနုပဿနာ အတော် အရေးကြီးနေပါပေါ့ကလား ဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီ)။

အင်း....ဘယ်လိုမျိုး ပေါ်လာကြပါလိမ့်....(စိတ္တာနုပဿနာ အရေးကြီးနေပါပြီဘုရား)စိတ္တာနုပဿနာ အရေးကြီးတယ်နော် (မှန်ပါ့)။

ကိုင်း....တကာတကာမတို့ ယနေ့ည ဘာ ဝိပဿနာပေးမယ် ထင်ကြသလဲ....(စိတ္တာနုပဿနာ ပေးပါမယ်ဘုရား) အဲဒီတော့ စိတ္တာနုပဿနာ ပေးတော့မယ်ဆိုတော့ စိတ္တာနုပဿနာကို ပေးတော့မယ်လို့ ဆရာဘုန်းကြီးက ပြောတော့ကို တကာတကာမတို့ ဘုရားကလဲကွာ....တဲ့ စိတ္တာနုပဿနာ ကောင်းပါတယ်တဲ့ ဦးခင်မောင် အင်မတန်ကောင်းတယ်လို့ တာဝန်ယူထားတယ် (မှန်ပါ့)။

ဦးဇော်ရင်ရေ.... စိတ္တာနုပဿနာ ဘုရားက ကောင်းတယ်လို့ တာဝန်ယူထားတယ် နော်.... အင်္ဂုတ္တိရ်မှာဘဲ တာဝန်ယူထားတယ် (မှန်ပါ့)။

ဘယ်လိုတာဝန်ယူထားသဘုံး ဆိုတော့ တကာ တကာမတွေ ကိုယ့်.မျက်နှာ မှန်ပေါ်တင်ကြည့်လိုက်တဲ့အခါကျလို့.ရှိယင်ဖြင့် ဘယ်နေရာမှာညှင်း ဘယ်နေရာမှာမှည့် ဘယ်နေရာမှာ တင်းတိပ် ဘယ်နေရာမှာ ဖိုးလိမ်းထားတာ မသိညှတ်သေးဘူးဆိုတာ မျက်နှာ မှန်နဲ့.ဟပ်လိုက်သည်နဲ့. တပြိုင်နက်တည်း ကိုယ့်.မျက်နှာအကြောင်း ကိုယ်သိတယ်.... (မှန်ပါ့) မသိကြဘူးလား.... (သိပါတယ်ဘုရား)။

မျက်နှာ မှန်နဲ့ ဟပ်လိုက်လို့ ရှိယင်.... (ကိုယ့်မျက်နှာ အကြောင်းကိုယ်သိပါတယ်) ကိုယ့်မျက်နှာအကြောင်း ကိုယ်သိတယ်၊ ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် ကိုယ် ဖိးလိမ်းထားတာကို ကိုယ့်မှန်နဲ့ တိုက်ကြည့်လိုက်တဲ့အခါကိုယ့် မျက်နှာအကြောင်း ကောင်းကောင်းပေါ်လာတယ် တကာတကာမတို့ ကိုယ့်သန္တာန်ဖြစ်တဲ့စိတ်ကို ကိုယ်နောက်က ရှုရလို့ရှိယင် သာပေါ်တယ်....(မှန်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုယ့်သန္တာန်ဖြစ်တဲ့ စိတ်ကို....(ကိုယ်ရှုယင် သာပေါ်ပါတယ်) ဘယ်စိတ်ဖြစ်ဖြစ် ကိုယ့်သန္တာန် လောဘကလေး ဖြစ်သွားပြီလို့ နောက်ကသိတယ်.... (မှန်ပါ) ဒေါသကလေး ဖြစ်သွားပြီလို့ကော....(သိပါတယ်ဘုရား)။

ကိုယ်ကမသိပါနဲ့ဆိုလို့ ရပါ့မလား.... (မရပါဘူး) ဘာဖြစ်လို့တုံး....သူတို့က ကိုယ့်မျက်နှာပေါ်ရှိတဲ့ တင်းတိပ်ကိုယ့်မျက်နှာပေါ်ရှိတဲ့ မှည့်ပါကလား.... (မှန်ပါဘုရား)ကိုယ့်မျက်နာပေါ်မှာရှိတဲ့ ဖိုးလိမ်းထားတဲ့ မည်ည်တ်မှုပါကလား ဆိုယင် လဲပါ့မလား....(မလဲပါဘူး)။

ဒါဖြင့် တကာတကာမတို့ စဉ်းစားကြစို့.... မှန်ပေါ်မှာကြည့်တော့ ကိုယ့်မျက်နှာအကြောင်း ကိုယ်ကောင်းကောင်းသိသလို ဒီမှာလဲဉာဏ်မှန်နဲ့ကြည့်လိုက်တဲ့အခါ ကျတော့ ကိုယ့်ဖြစ်တဲ့စိတ်တွေ ကိုယ်အကုန်သိပါတယ်....(မှန်ပါဘုရား)။

ဉာဏ်မှန်နဲ့ထင်အောင် ကြည့်လိုက်တဲ့အခါ ဘယ်နှယ်တဲ့ (ကိုယ်ဖြစ်တဲ့ စိတ်တွေ ကိုယ်အကုန်သိပါတယ်ဘုရား) ဒါ

ကြောင့် အရှင်သာရိပုတ္တရာကို ဘုရားက သူတပါးစိတ် မသိချင် နေပါစေကွာ.... ကိုယ့်စိတ် ကိုယ်သိယင် တော်ပြီပေါ့.... (မှန်ပါ့)။

ဘယ်လိုပါလိမ့်.... (သူတပါးစိတ် မသိချင်နေပါစေ ကိုယ့်စိတ်သိယင် တော်ပါပြီတဲ့) ဩော်....ဒါဖြင့် ကမ္မဋ္ဌာန်းဟာ အတော် အရှာခက်နေတယ်လို့ ဆိုကြမလား တကာ တကာမတို့ ဘယ်နှယ်ဆိုကြမလဲ၊ အလွယ်ကလေးဘဲ ဆိုကြမလား....(အလွယ်ကလေးပါဘုရား)။

ဦးခင်မောင်.... ဘယ်နှယ်တုံး.... (လွယ်ပါတယ်ဘုရား) သူမျှားစိတ် သိရမှာလား.... (ကိုယ့်စိတ် ကိုယ် သိရမှာပါ) ဘယ်ဟာ သိရမှာလဲ.... (ကိုယ့်စိတ် ကိုယ်သိရမှာပါ) ကိုယ့်စိတ် ကိုယ်သိရမယ်.... (မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

တကာတကာမတို့ ဘယ်သူ့စိတ် ဘယ်သူသိရမှာတုံး....(ကိုယ့်စိတ်ကိုယ်သိရမှာပါ) ဩော်....ဒါဖြင့် မရှုးသေးပါဘူး တကာ တကာမတို့ ကိုယ့်စိတ်တော့ ကိုယ်သိနိုင်ပါသေးတယ် (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ကိုယ့်စိတ်တော့ ဘယ့်နှယ်တုံး.... (ကိုယ်သိနိုင်ပါတယ်ဘုရား)။

ကိုယ့်စိတ်တော့ ကိုယ်သိနိုင်ပါသေးတယ် ဆိုတော့ နေရာကျပြီ တကာတကာမတို့ ဘုရားကလဲ သူတပါးစိတ် အကဲခတ်ရတာ မှားသည်ရှိ-မှန်သည်ရှိပါတယ်ကွာ၊ မိမိစိတ် မိမိအကဲခတ်ပါလို့ ဆိုတဲ့စကားကလေးဟာက ဦးခင်မောင်.... တယ်ကောင်းမကြံလား.... (ကောင်းပါတယ်ဘုရား)။

တကာတကာမတို့ သူတပါးစိတ် အကဲခတ်ရတာက ဘာတဲ့ (မှန်သည်ရှိ-မှားသည်ရှိပါဘုရား) မိမိစိတ် မိမိအကဲခတ်ရတာက (မှန်ပါတယ်ဘုရား)။

မှန်တယ်ဆိုတော့ မိမိစိတ် မိမိအကဲခတ်တာသည် စိတ္တာနုပဿနာ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) မိမိစိတ်ကို (မိမိအကဲခတ်တာက စိတ္တာနုပဿနာပါဘုရား)။

အင်း....အတော်နေရာကျတဲ့ ပါဠိတော်ပါကလား.... အင်း မတန်နေရာကျတဲ့ ပါဠိတော်ပါကလား တကာ တကာမတို့.... (မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ဦးခင်မောင်ရေ....တကယ့်ကို တကာ တကာမတွေ့ သနားသောကြောင့် သူတပါးစိတ် အကဲမခတ်နဲ့ ဟေ့.... ကိုယ့်စိတ်ကိုယ် အကဲခတ်ဟေ့ဆိုတော့ တည့်တယ်.... (မှန်ပါ့)မတည့်ကြဘူးလား....(တည့်ပါတယ်ဘုရား)။

ကိုမြရွှေတို့ တည့်ရဲ့လား....(တည့်ပါတယ်ဘုရား)ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ယင် တည့်ရမယ်နော်.... (မှန်ပါ့) ကိုင်း.... ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ယင် တည့်ရမယ်ဆိုသောကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ ဒီလိုလုပ်ပါလားကွ-ဆိုပြီးသကာလ ပြောလိုက်တော့ သရဂ်ဝါစိတ္တံ သရဂ်စိတ္တန္တိ ပဇာနာတိ၊ လောဘစိတ်ပေါ်ယင်လောဘစိတ်ပေါ်တယ်လို့ နောက်ကနေ သိပေးပါကွာ၊ မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒီ-ခန္ဓာငါးပါးထဲက ဖြုတ်လိုက်ပြီ တကာတကာမတို့ ခန္ဓာငါးပါးထဲက စိတ်တလုံးဘဲရှုတော့မယ်.... (မှန်ပါ့) ခန္ဓာငါးပါးထဲက ဘာဘဲ ရှုတော့မယ်....(စိတ်တလုံးဘဲရှုပါတော့မယ်)။ စိတ်တလုံးဘဲ ရှုတော့မယ်နော်....(မှန်ပါ့)။

ဘယ့်နှယ် စိတ်သည်ကားလို့ ဆိုယင် တလုံးတည်း ဘဲလား ဘုရားလို့ မေးတော့ တကာ တကာမတို့ စိတ်ဟာ တလုံးတည်း ပေါ့၊ဘယ်မှာ ပြုံပြီး ပေါ်နိုင်ပါ့မလဲ....(မှန်ပါ့ဘုရား)။

ဆေးလိပ်လဲ သောက်ချင်တယ်-ဟုတ်လား-၊ ကုဋိလဲ သွားချင်တယ်ဆိုလို့ ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘူး ဘုရား)၊

မဖြစ်နိုင်ဘူး၊ ဆေးလိပ်သောက်ချင်တဲ့စိတ် ချုပ်ပြီးမှ ကုဋိ သွားချင်တဲ့စိတ် ကျင်ငယ် စွန့်ချင်တဲ့စိတ် လာရမှာ မဟုတ်လား (မှန်ပါ့ဘုရား)။

"အည့် ဥပုဇ္ဈတေ စိတ္တာ၊ အည့် စိတ္တာ နိရုဇ္ဈတိ-ကိုး၊" တခု သောစိတ် ချုပ်ပြီးမှ တခုသောစိတ် ဖြစ်ရမယ်-(မှန်ပါ့ဘုရား)။

သတ္တဝါသန္တာန်မှာ နှစ်ခု ပြိုင်မဖြစ်ရဘူးက္....(မှန်ပါ့) ရှင်း ကြပလား....(ရှင်းပါပြီ) တခုသောစိတ် ချုပ်ပြီးမှ....(တခုသော စိတ် ဖြစ်ရပါ၅ယ်)။

တခုသောစိတ် ဖြစ်ရမယ်ဆိုတော့ တကာ တကာမတို့က တခုသောစိတ် ချုပ်တာကို တခုသော ဖြစ်တဲ့စိတ်နဲ့ ပြန်ပြီး အကဲခတ်ပါ.... (မှန်လှပါဘုရား) ပေါ်ပြီလား....(ပေါ်ပါပြီ ဘုရား)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

တခုသောစိတ် ချုပ်သွားတာကို တခုသော ဖြစ်ပေါ်သော စိတ်နဲ့ အကဲခတ်ပါ....(မှန်လှပါဘုရား)။

တခုသော ဖြစ်ပေါ်သောစိတ်နဲ့ အကဲခတ်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် တကာ တကာမတို့ ဖြစ်ပေါ်သော စိတ်နဲ့ အကဲခတ်လိုက်တော့ ချုပ်တာက အနိစ္စ၊ ဖြစ်ပေါ်၍ အကဲခတ်နိုင်တာက မဂ္ဂ လာဖြစ်တယ်....(မှန်ပါ့)။

ချုပ်တာက....(အနိစ္စပါဘုရား)ဖြစ်ပေါ်၍ အကဲခတ်တာက (မဂ္ဂပါဘုရား)ဩော်....ဒီလို သွားရမှာပါကလားဆိုတာ ဦးခင်မောင်.... ပေါ်လာတယ်....(မှန်ပါ့) ပေါ်လာတယ်-ပေါ်လာတယ်နော်....။

တကာ တကာမတို့ မပေါ်လာသေးဘူးလား.... (ပေါ်လာပါတယ်ဘုရား) တခုသော ရှေးဦးစွာ မိမိသန္တာန် နှစ်စိတ်ကဖြင့် တစ်-နှစ်-၊ တစ်မချုပ်ဘဲနဲ့ နှစ်-မဖြစ်ပါဘူး.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ တစ်-မချုပ်ဘဲနဲ့(နှစ်-မဖြစ်ပါဘူးဘုရား) ဒါဖြင့် တစ်-ကို ၂-နဲ့ အကဲခတ်....(မှန်ပါ့)ပေါ်ကြပြီလား.... (ပေါ်ပါပြီဘုရား)။

ဘာတဲ့—တကာ တကာမတို့.... (၁-ကို ၂-နဲ့ အကဲခတ်ပါဘုရား) ၁-ကို ၂-နဲ့ အကဲခတ်ပါလို့ တပ္ပဲလုံး သတိပေးလိုက်ပါတယ်....(မှန်ပါ့ဘုရား) ၁-ကို.... (၂-နဲ့ အကဲခတ်ပါဘုရား)။

အဲဒီလို အကဲခတ်လိုက်တဲ့ အခါကျတော့ တကာ တကာမတို့ ဒါကြောင့် အရှင်သာရိပုတ္တရာကြီးက ဟောရှာတယ်-

"ကာယမိမံ သမ္မသထ၊ ပရိဇာနာထ ပုနပ္ပုနံ။
ကာယေ သဘာဝံ ဝိဒိတ္ဝာန၊ ဒုက္ခဿန္တံ ကရိဿတိ"

လို့- အရှင်သာရိပုတ္တရာကြီးက အမိန့်ရှိတယ်ကွာ....တဲ့၊ မင်းတို့စောင့်ပြီးသတိထား ပညာကလေးနဲ့ သတိထား ဝိရိယစိုက်ပြီး

ပညာကလေးနဲ့ စောင့်ပြီး နေပြီဆိုမှဖြင့်ကွာတဲ့....တကာ တကာ မတွေ့ လာတိုင်း-လာတိုင်း ဒီ ချုပ်တာကလေးကိုဖြင့် သိအောင် လုပ်မယ်ဆိုတဲ့ ရှေးဦးစွာ အဓိဋ္ဌာန်ချက်ကလေး ရှိမယ်ဆိုလို့ ရှိယင်ဖြင့် ဒီ အဓိဋ္ဌာန်ချက်ကလေးဟာ ရှေးစိတ် ချုပ်ပြီးယင် ဒီ အဓိဋ္ဌာန်ချက်ကလေး ပေါ်ပေါ်လာတယ်....(မှန်ပါ့)။

ရှေ့စိတ် ချုပ်ပြီးယင်....(အဓိဋ္ဌာန်ချက်ကလေး ပေါ်ပေါ်လာပါတယ်)သတိထား—ဝိရိယစိုက်-ပညာနဲ့ သညာသည် ရှေ့စိတ် ချုပ်သွားတဲ့ဥစ္စာကိုဖြင့် ငါသည် သတိ ဝိရိယ ပညာနဲ့ ဘယ်စိတ် ဖြစ်၍ ဘယ်စိတ် ချုပ်တယ်ဆိုတာ ငါ သိအောင် လုပ်ပါတော့မယ်ဆိုတဲ့ အဓိဋ္ဌာန်ချက်သာ ရှိမယ်ဆိုလို့ ရှိယင်ကွာတဲ့....အကဲသာခတ်နေ မတွေ့တဲ့အချိန် မရှိပါဘူးတဲ့....(မှန်ပါ့)။

အကဲခတ်နေယင်(မတွေ့တဲ့အချိန် မရှိပါဘူး)မတွေ့တဲ့အချိန် မရှိပါဘူးတဲ့....တကာ တကာမတို့ အင်မဘန် အဘိုးတန်နေပါပေါ့ကလား....(မှန်ပါ့)။

ဒါ့ကြောင့် တကာ တကာမတို့သန္တာန်မှာ လောဘစိတ်ကလေး ပေါ်လာတော့ ရှုတဲ့စိတ် နောက်စိတ် ပေါ်နိုင်မလား....(မပေါ်နိုင်သေးပါဘူး)။

မပေါ်နိုင်သေးတော့ ဒီ လောဘစိတ်ကလေးက- "အည့် ဥပ္ပဇ္ဇတေ စိတ္တံ၊ အည့် စိတ္တံ နိရုဇ္ဈတိ" ဆိုတဲ့အတိုင်းနဲ့ ယမိုက်ပါဋ္ဌိတော်မှာလဲ လာတဲ့အတိုင်း ဒီ စိတ်ကလေးဟာ ဖြတ်ဆို ချုပ်ပျောက်သွားတယ်....(မှန်ပါ့)။

ချုပ်ပျောက်သွားတော့ ဦးခင်မောင်တို့က နောက်က အကဲခတ်တာပေါ့....(မှန်ပါ့) အကဲခတ်တော့ ဘာများတွေ့ပါလိမ့်-(ချုပ်တာ တွေ့ပါတယ်ဘုရား)။

တကာ တကာမတွေ ဘာ တွေ့ပါလိမ့်.... (ချုပ်တာဘဲ တွေ့ပါတယ်ဘုရား) ချုပ်တာဘဲ တွေ့တယ်.... (မှန်ပါ့) ပျက်တာကော....(တွေ့ပါတယ်ဘုရား) ချုပ်တာ ပျက်တာဘဲ မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

ဩော်....ချုပ်တာ ပျက်တာဘဲ ဒီတဲကာ တကာမတွေ့ တွေ့ရတယ်ဆိုတာ အကဲခတ်လို့ တွေ့တာ....(မှန်ပါ့)။

တကာ တကာမတွေ့ ဘယ်လိုကြောင့်ပါလိမ့်.... (အကဲခတ်လို့ တွေ့တာပါဘုရား) အကဲခတ်လို့ တွေ့တာ၊ အကဲမခတ်တဲ့ ပုဂ္ဂိုလ်များကျတော့ ဦးခင်မောင်တို့.... တကာဝတို့.... တွေ့ပါ့မလား....(မတွေ့ပါဘူးဘုရား)။

မတွေ့နိုင်ဘူးဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)ဒါဖြင့် သူများ အကဲခတ်ကြမလား.... ကိုယ့် ၁-နံပါတ်ကို ၂-နံပါတ်နဲ့ အကဲခတ်ကြမလား.... (ကိုယ့် ၁-နံပါတ်ကို ၂-နံပါတ်နဲ့ အကဲခတ်ပါမယ်)။

အဲဒါကြောင့် ၁-ကို ၂-နဲ့ အကဲခတ်လိုက်လို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ စိတ္တာနုပဿနာဖြစ်ပါတယ်..., (မှန်ပါ့ဘုရား)။

၁-ကို ၂-နဲ့ အကဲခတ်လိုက်ယင်.... (စိတ္တာနုပဿနာ ဖြစ်ပါတယ်ဘုရား)။

ဒီနေ့ သေသေချာချာ မှတ်ကြပါ၊ အိမ်ကျလို့ ရှိယင်ဖြင့် ထိုင်ပြီးစောင့်သာနေ၊ ဘယ်စိတ်ကလေး ပေါ်လာတုံး ကြည့်၊ ကြည့်တဲ့အခါ ဘယ်စိတ် ပေါ်လာလာ ပေါ်လာတဲ့ စိတ်ကလေးကို ရှိ-မရှိ အကဲခတ် (မှန်ပါ့ဘုရား)ရှိ-မရှိ အကဲခတ်တဲ့အခါကျ

တော့ အကဲခတ်တဲ့စိတ် ပေါ်လို့ရှိယင် အရင်စိတ်ဟာရှိသေးရဲ့လား.... (မရှိပါဘူး)။

အည့် ဥပုဇ္ဈတေ စိတ္တံ၊ အည့် စိတ္တံ နိရုဇ္ဈတိ-ဆိုတော့ နောက် အကဲခတ်တာသာ ပေါ်လာယင် ရှေ့စိတ် ချုပ်ပြီးသားသာ မှတ်ပေတော့.... (မှန်ပါဘုရား)အကဲခတ်တဲ့စိတ် ပေါ်ယင် (ရှေ့စိတ် ချုပ်ပြီးသားပါဘုရား)။

ရှေ့စိတ် ချုပ်ပြီးသားဟုသာ ဘုန်းကြီးတို့ တကာ တကာမတွေက စဲ့စဲ့မြဲမြဲသာ မှတ်လိုက်ပါတော့ (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ဒါဖြင့် တကာ တကာမတွေ အိမ်ကျတော့ ထုတ်သက် ဝင်သက်ကလေး မှန်မှန်ရှူတာပေါ့ဗျာ....နော် (မှန်ပါ့)။

ဒီကနေပြီး သကာလမှ တကာ တကာမတွေ သန္ဓာန်မှာ အင်း.... ဟင်.... ဟိုနေရာက ယားလာတယ်၊ ဒီနေရာက နာလာတယ် ဆိုလို့ရှိယင် ရှုတာ ရှိုက်တာ ချုပ်ပစ်လိုက်ဘယ် (မှန်ပါ့) ရှုတာ ရှိုက်တာကို.... (ချုပ်ပစ်လိုက်ပါတယ်ဘုရား)။

ရှုတာ ရှိုက်တာသိတဲ့ စိတ်ကလေး ဦးခင်မောင်....ချုပ်တယ် (မှန်ပါ့) ချုပ်ပြီးသကာလ အင်း.... ယားတဲ့စိတ်ကလေးဆီကို ယားတာကလေး ရှိ-မရှိ အကဲခတ်လိုက်၊ ရှိသေးရဲ့လား....(မရှိပါဘူး)။

မရှိတာ ဘာခေါ်ကြမယ်.... (အနိစ္စပါဘုရား)။

အကဲခတ်တာက.... (မဂ္ဂပါဘုရား)။

ဩ.... မရှိတာက အနိစ္စ၊ အကဲခတ်တာက မဂ္ဂဆိုတော့ ဦးခင်မောင်ရေ မဂ္ဂဆိုတာသည် အဝိဇ္ဇာလား ဝိဇ္ဇာလား....(ဝိဇ္ဇာပါဘုရား)။

ဒီလိုပျက်တာမျိုး လိုချင်သေးရဲ့လား.... မလိုချင်တော့ဘူးလား....(မလိုချင်တော့ပါဘူးဘုရား)မလိုချင်တာက အလောဘဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) အဲ.... သဟဇာတ အဖြစ်နဲ့ ပါသွားတယ် (မှန်ပါ့)။

အဲ.... သဟဇာတ အဖြစ်နဲ့ ပါသွားတော့—သို့သော် အဲဒါတွေက ပါပြီးသားကိုသာ တကာ တကာမတွေက သတိထားပြီး သကာလ သြော်.... အကဲခတ်တာသည် ဘယ်နှစ်ပါးနဲ့ အကဲခတ်ပါလိမ့်မလဲဆိုတာ ဝေဘန်ကြတာပေါ့....နော်.... (မှန်ပါ့)။

အဲဒီတော့ သမ္မာဒိဋ္ဌိ- သမ္မာသင်္ကပ္ပ- သမ္မာဝါယာမ- သမ္မာသတိ- သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ငါးပါးဟာ အကဲခတ်တဲ့တရားလို့ မှတ်လိုက် (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်.... (မဂ္ဂင်ငါးပါးဟာ အကဲခတ်တဲ့ တရားပါဘုရား) သေသေချာချာ မှတ်ပါနော် တကာ တကာမတို့၊ ချုပ်သွားတဲ့တရားကို ငါးပါးနဲ့ အကဲခတ်တယ် (မှန်ပါ့)။

ချုပ်သွားတဲ့တရားကို ငါးပါးနဲ့ အကဲခတ်လိုက်တော့ ချုပ်သွားတဲ့တရားက အနိစ္စ၊ ငါးပါးနဲ့ အကဲခတ်တာက.... (မဂ္ဂပါဘုရား) ဝိပဿနာမဂ်ဆိုတာ ဒါဘဲဗျ နော်.... (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ချုပ်သွားတာကို သိတိုင်း သိတိုင်း ဘာမဂ် ဖြစ်ပါလိမ့်.... (ဝိပဿနာမဂ်ဖြစ်ပါတယ်)ဝိပဿနာမဂ် ဖြစ်တယ်၊ ရှင်းကြပလား.... (ရှင်းပါပြီ)။

ဦးခင်မောင်ရေ ချုပ်သွားတာက ဘာတဲ့တုံး.... (အနိစ္စပါဘုရား)အကဲခတ်တာက....(မဂ္ဂပါဘုရား)လောကုတ္တရာမဂ်လား-ဝိပဿနာမဂ်လားလို့ တခါရှေးလိုက်.... (ဝိပဿနာ မဂ်ပါဘုရား)။

အဲ....ဝိပဿနာမင်္ဂဆိုတဲ့ဥစ္စာ တကာတကဲ့ာမတို့ လောကုတ္တရာမဂ် မဟုတ်သေးဘူးနော်.... (မှန်ပါ့ဘုရား) ဘာမင်္ဂပါလိမ့်.... (ဝိပဿနာမင်္ဂပါဘုရား) ဝိပဿနာမင်္ဂဆိုတာ လောကီမင်္ဂဘဲ ရှိသေးတယ် (မှန်ပါ့ဘုရား) တကာ တကာမတို့ ဘယ်လိုပြောကြမယ်.... (လောကီမင်္ဂပါဘုရား)။

သြော်.... လောကီမင်္ဂဖြင့် ရပေါ့ဟေ့၊ ဆိုနိုင်ကြပလား.... (ဆိုနိုင်ပါတယ်) လောကီမင်္ဂဖြင့် ရပြီ၊ ငါတို့ဖြင့် လောကီမင်္ဂ ရပြီ၊ အဲဒီတော့ ကိုယ် စိတ်ကို ကိုယ်-အကဲခတ်ယင် ဘာမင်္ဂရမှယ် (လောကီမင်္ဂ ရပါတယ်ဘုရား)။

ကိုယ် စိတ်ကို ကိုယ်အကဲခတ်တော့ တကာ တကာမတွေ့အကဲခတ်တဲ့အထဲမှာလဲ စိတ်ပါ-ပါတယ်၊ အကဲခတ်စရာကလဲ စိတ်ဘဲ (မှန်ပါ့) နှစ်စိတ်ပြိုင်နိုင်ပါ့မလား.... (မပြိုင်နိုင်ပါဘူးဘုရား)။

မပြိုင်နိုင်တော့ အရင် အကဲခတ်ခံရတဲ့တရားသည် ရှိသေးရဲ့လား.... (မရှိပါဘူး) ဒါဖြင့် မရှိတာ....(အနိစ္စပါဘုရား) အကဲခတ်တာက.... (မဂ္ဂပါဘုရား)။

အေး....ဒီလိုဆိုတော့ တကာ တကာမတွေ့ အင်း....ဒါ ဘယ်သူ့ခန္ဓာ အကဲခတ်တာပါလိမ့်....(ကိုယ့်ခန္ဓာအကဲခတ်တာပါ)။

သြော်.... ဒါဖြင့် ခန္ဓာနောက်က သမ္မာဒိဋ္ဌိလိုက်တယ်၊ သမ္မာသင်္ကပ္ပလိုက်တယ်၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ လိုက်တယ်၊ လိုက်တော့ ဗြဟ္မစရိယာအကျင့် ဖြစ်နေတယ်.... (မှန်ပါ့)။

လူလိမ်မာမို့ ခန္ဓာနောက်က ဘာလိုက်လာသတုံး.... (ဗြဟ္မစရိယာအကျင့်ပါဘုရား) အဲ.... ဗြဟ္မစရိယာအကျင့်ဆိုတော့ မဂ္ဂလိုက်မလာဘူးလား.... (လာပါတယ်ဘုရား) အဲ....ဗြဟ္မစရိယာ

အကျင့်ဆိုတာ မဂ္ဂင်္ဂဟ္မစရိယာအကျင့်ဆိုတာ ဒါပါဘဲ (မှန်ပါ့ဘုရား) မဂ်လဲ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်)။

ဘယ်.နှယ်ကြောင့် မဂ်ဖြစ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ တကာတကာမတို့ ဒီအထဲမှာ ငါးစုထဲမှာ တကာဝတို့ဦးခင်မောင်တို့က အကဲခတ်တာပေါ့ တဏှာ ပါသေးရဲ့လား.... (မပါ-ပါဘူး)။

ဒါဖြင့် တဏှာဖြတ်တဲ့ တရားငါးခုဆိုယင် လဲ့ပါ့မလား.... (မလဲ့ပါဘူး)။

ဒါဖြင့် ဒါကို ဝိပဿနာမဂ် လို့ ပဋိသမ္ဘ ဒါမဂ်ကလဲ့ဆိုထားပါတယ်နော်.... (မှန်ပါ့) အဲဒီ- ဝိပဿနာမဂ် မရဘဲနဲ့ တကာတကာမတို့ တပဲ့လုံးမှတ်ထား....လောကုတ္တရာ သောတာပတ္တိမဂ်ကို ဘယ်သူမှမရဘူးဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်လှပါဘုရား)။

သူ ရမှ- ဟိုမဂ်ရမယ်....(မှန်ပါ့ဘုရား)သူ ရပြီးမှနော်.... (မှန်ပါ့)သူ မရဘဲနဲ့ ရလိမ့်မယ်ဆိုတာတော့ ဘယ်အခါကာလမှ အယုံအကြည်မရှိပါနဲ့၊ ဘယ်တော့မှ မရဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား) ဒါဖြင့် လောကုတ္တရာမဂ်၏ ရှေ့ပြေးသည် ဘာပါလိမ့် တကာတကာမတို့.... (ဝိပဿနာမဂ် ပါဘုရား)။

လောကီမဂ်နော်-ဒါကြောင့် တနေ့ကပြောခဲ့ရတယ် တကာတကာမတို့ သိတဲ့အတိုင်း အာရုဏ်မတက်ဘဲနဲ့ နေထွက်တဲ့နေ့ရယ်လို့ ဦးခင်မောင် ရှားပါတယ်.... (ရှားပါတယ်ဘုရား) ရှိကော- ရှိပါ့မလား.... (မရှိပါဘူးဘုရား)။

အဲ....ဒါကြောင့်ဘုန်းကြီးတို့ တကာတကာမတွေ ဝိပဿနာ မဂ်ဟာ တကယ်.လောကုတ္တရာမဂ် ထွက်တော့မလို့ အာရုဏ် တက်တာပါဘဲဆိုတာ ဦးခင်မောင် လေးစားစွာ မှတ်လိုက်စမ်းပါ(မှန်ပါ့ဘုရား)ဒါဖြင့် သူမပါဘဲနဲ့ ရနိုင်ပါ့မလား....(မရနိုင်ပါဘူးဘုရား)။

ဒါက နာမရူပပရိစ္ဆေဒကျမ်းမှာ လာတာကို ပြောပါတယ်၊ *နာမရူပရိစ္ဆေဒကျမ်းက အာရုဏ်မတက်ဘဲနဲ့ နေမထွက်ပါဘူးကွ၊အာရုဏ်တက်မှနေထွက်ပါတယ်၊ အဲဒီ.အတိုင်းပါဘဲ ဝိပဿနာမဂ် ရှေ့.မပြေးဘဲနဲ့လောကုတ္တရာမဂ် နောက်ကမလိုက်နိုင်ဘူး(မှန်ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)အဲဒါတွေ ပိုင်ပိုင်နိုင်နိုင် သိထားတော့မှ သြော်.... ဒို့.အလုပ်က ဝိပဿနာ အလုပ်၊ ရှင်းပလား....(ရှင်းပါပြီ)။

မဂ် အလုပ်က သူ့.ဟာသူ ပေါ်မည့်အလုပ်၊ သဘောကျပလား.... (ကျပါပြီ) ဒို့.အလုပ်က.... (ဝိပဿနာ အလုပ်ပါ) ဝိပဿနာရှုရမည့်အလုပ်၊ မဂ်အလုပ်က.... (သူ့.ဟာသူ ပေါ်လာမည့်အလုပ်ပါ) သူ့.ဟာသူ ပေါ်လာမည့်အလုပ်၊ ဦးခင်မောင်ရေ.... ရှင်းပလား.... (ရှင်းပါပြီ)။

ဝိပဿနာရှုရမည့်အလုပ်က ကျုပ်တို့အင်တိုက်အားတိုက်လုပ်ရမည့်အလုပ်....(မှန်ပါ့) မဂ်ပေါ်ဘို့အလုပ်ကတော့ ဝိပဿနာမဂ်က အနန္တရပစ္စယောကိုးဗျ....(မှန်ပါ့) အနန္တရပစ္စယော ဆို

---

* ဥဂ္ဂဏ္ဌတိယထာဒိစ္စော၊ ပုရေကွ ံတွာရုဏ်ဝ်ထာ။
ဝိပဿနံ ပုရေကွ ံတွာ၊ မဂ္ဂဓမ္မော ပဝတ္တတိ။
နာမရူပပရိစ္ဆေဒ အဋ္ဌကထာ အမှတ် (၁၇၇၉)။

ကတည်းက ခုနင်က လောကုတ္တရာမဂ်က အနန္တရပစ္စည်း၏ပစ္စယုပ္ပန်ဆိုတော့ ပစ္စည်းရှိတော့ ပစ္စယုပ္ပန်ဆိုဘဲ့ အကျိုးက ပေါ်လာတယ်....(မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့က အကြောင်းသာ လုပ်ဘို့ရာ လိုပါတယ်၊ အကျိုးလုပ်ဘို့ရာ လိုသေးသလား(မလိုပါဘူး) ဒါဖြင့် ခင်ဗျားတို့ ကြိုးစားရမည့်အလုပ်က ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ရမည့် ဝိပဿနာမဂ်.....(မှန်လှပါဘုရား) ဆုံးဖြတ်ချက်ချပြီ....(မှန်ပါ့) ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ရမည့်....(ဝိပဿနာမဂ်ပါဘုရား) ဝိပဿနာမဂ်မှာ ဒီနေ့ လေးလေးစားစားမှတ်ပါ၊ ဒီနေ့ လေးလေးစားစားမှတ်ပါ.... ကျမ်းကုန်လဲပြောနေတယ်၊ လိုရင်းဆိုက် အောင်လဲ ပြောနေတဲ့ယ်၊ ဒါ-နိဗ္ဗာန်ကျအောင် ပို့ပေးလိမ့်မယ် ဦးခင်မောင်.... (မှန်ပါ့ဘုရား) နိဗ္ဗာန်ကျအောင် ပို့ပေးလိမ့်မယ်ဆိုတဲ့ဥစ္စာ ရှင်းရှင်းလင်းလင်းမှတ်စမ်းပါ။

ကိုင်း....တကာတကာမတို့ တနေ့က စကားဘဲ ပြန်သုံးလိုက်ပါဦးတော့မယ်၊ တနေ့ကစကား ပြန်သုံးတော့မယ်ဆိုတာ ဦးခင်မောင်ရေ.... ဝါးစိမ်းနှစ်လုံးကို ဦးဝတို့ ပွတ်တာပေါ့ဗျာ.... (မှန်ပါ့ဘုရား) ပွတ်တော့ ပူမလာပေဘူးလား.... (ပူလာပါတယ်ဘုရား) ဩော်.... နဂိုရိုက်ပါလာတဲ့ အပူလား၊ အားစိုက်မှုကြောင့် ပူတာလား.... (အားစိုက်မှုကြောင့် ပူတာပါဘုရား)။

တခါ အားစိုက်မှုကြောင့် ပူလာတာတော့ သိပါပြီ....တဲ့ နောက်မီးထွက်လာတဲ့အခါကျတော့ ခင်ဗျားတို့ အားစိုက်မှုမပါဘဲနဲ့ ထွက်သလား.... အလိုလိုထွက်လာသလား....(အားစိုက်မှုကြောင့် ထွက်လာပါတယ်ဘုရား)။

ဒါဖြင့် မီးပူလောက်အောင် ပူတ်လို့ ရှိယင် မီးထွက်တာဘဲ (မှန်ပါ့) မီးပူလောက်အောင် ပူတ်လို့ ရှိယင် (မီးထွက်ပါ့တယ် ဘုရား)။

ဒါက မိလိန္ဒပဉ္ဉာမှာ လာတာနော်.... (မှန်ပါ့) မိလိန္ဒ ပဉ္ဉာလာတော့ ခင်ဗျားတို့က ဝိပဿနာရှုရုံဘဲ၊ မဂ်—က အလို လိုပေါ်မယ်....(မှန်ပါ့) ခင်ဗျားတို့က ပူအောင်လုပ်ရုံဘဲရှိတယ် မီးအလိုလိုထွက်လာလိမ့်မယ်....(မှန်ပါ့ဘုရား)။

တပည့်တော် မဂ်- မရသေးဘူးဘုရှ့၊ လိုသေးတယ်ဘုရှ့၊ တပည့်တော်ရှာဦးမယ်ဘုရှ့လို့ လုပ်မနေနဲ့.... (မှန်ပါ့) ရှင်းပ လား.... (ရှင်းပါပြီ)။

ကိုယ့်စိတ်ကို အကဲခတ်နေပါလို့ ကြီးစွာသောသတိ ပေး လိုက်ပါတယ်....(မှန်ပါ့) ဘာအကဲခတ်ရမလဲ.... (ကိုယ့်စိတ် ကို အကဲခတ်ရပါမယ်)။

ကိုယ့်စိတ်သာ ကိုယ်အကဲခတ်ဘို့ အလုပ်ဟာ.... ခင်ဗျားတို့ အလုပ်....(မှန်ပါ့) သူများအလုပ်တာဝန်လို့ဆိုလို့ ရပါ့မလား (မရပါဘူးဘုရား)။

ဝါးစိမ်းနှစ်ခု မီးထွက်အောင်ပွတ်တာလို မီးထွက်လာအောင် ထပ်ပွတ်တဲ့အလုပ်ဟာ ကိုယ့်တာဝန်ပေါ့(မှန်ပါ့ဘုရား)သူများ တာဝန်လို့ဆိုလို့ရပါ့မလား....(မရပါဘူးဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာတဲ့ ကိုယ့် တာဝန် သူ့တာဝန်ဆိုတာ နှစ်ဝန်ထားပြီး သကာလ ပြုလိုက် တော့ ဝိပဿနာလုပ်ဘို့ ကိုယ့်တာဝန်၊ မဂ်-ရဘို့ရာ မဂ်-ပေါ် လာဘို့ရာ မဂ်၏ အလုပ်၊ သူ့ဟာသူဝင်လာလိမ့်မယ်....(မှန်ပါ့ ဘုရား) မဂ်၏ အလုပ်ဟာ ဘာတုံး.... တကာ တကာမတို့....

(သူ့ဟာသူ ဝင်တာပါဘုရား)သူ့ဟာသူ ရင့်လို့ပေါ်လာတာဘဲ ရှိတယ်....(မှန်ပါ)။

သရက်ပင် စိုက်ဘို့ရာ ဦးခင်မောင် သရက်သီး စားချင်တဲ့ ပုဂ္ဂိုလ်၏တာဝန်-(မှန်လှပါဘုရား) သရက်သီး သီးဘို့ရာနဲ့သရက် သီးမှည့်ဘို့ရာတော့ သရက်ပင်၏တာဝန်ပေါ့ဗျာ....(မှန်လှပါ)။

ကျုပ်တို့က စိုက်ပြီး ရေလောင်းပေးတာ ကျုပ်တို့အလုပ်ဘဲ၊ သီးပါစေ ဆုတောင်းနေဘို့၊ မှည့်ပါစေ ဆုတောင်း နေဘို့က ကျုပ်တို့အလုပ် မရှိပါဘူး(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ)၊

ကျုပ်တို့က ဒီသရက်ပင်ကို ပိုးမွှားမရှိအောင် ရေလောင်းရ အောင် မြေတောင်မြောက်ရအောင် ဒါ-ကျုပ်တို့ အလုပ်ဘဲ့.... (မှန်လှပါဘုရား)။

ဒါသာလုပ်ရမှာ သီးပါစေဆုတောင်းဘို့ ကျုပ်တို့ပါရဲ့လား (မပါ-ပါဘူးဘုရား)မှည့်ပါစေ ဆုတောင်းဘို့ကော–(မပါ-ပါ ဘူး ဘုရား) ကျုပ်တို့က သရက်ပင် ကြီးပွားရေးသာ လုပ်နေဘို့ ဘဲ....(မှန်ပါ့)။

ဒီမှာလဲ ကျုပ်တို့ သန္တာန်မှာ ဝိပဿနာဉာဏ်နဲ့ တကာတကာ မတွေ ဘယ်စိတ်လာလာ ပုထုဇဉ်သန္တာန်မှာလာတဲ့ လေးဆယ့် ငါးပါးသောစိတ် ဟုတ်လား(မှန်ပါ့)ဒါတွေသာ ခင်ဗျားတို့က ကိုယ့်သန္တာန်ပေါ်တဲ့စိတ် ကိုယ်သာရှုနေစမ်းပါ (မှန်ပါ့)ဘာမှ မရှိလျှင် ရှုစိတ် ရှိုက်စိတ်ကိုရှု....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)။

လောဘလာယင် ဘာလုပ်မယ်....(ဖြစ်ပျက်ရှုရပါမယ်) ဖြစ် ပျက်ရှုပေးလိုက်....(မှန်ပါ့)လောဘလာလို့ရှိယင်လဲ ဘာပါလိမ့် မလဲ- အကဲခတ်ကြည့်တဲ့အခါကျတော့ ဖြစ်ပြီး ပျက်သွားတဲ့ ဓမ္မ

ဘဲ- ခင်ဗျားတို့ တွေ့မယ် (မှန်ပါ့) လောဘရယ်လို့ တွေ့သေးရဲ့ လား....(မတွေ့ပါဘူး)။

ဘာတွေ့မယ်ထင်ကြသလဲ(ဖြစ်ပျက် ဓမ္မ တွေ့ပါတယ်)ဩဇာ အနိစ္စဘဲ တွေ့တယ်၊ ဒါဖြင့် သဘောပါကြလား(ပါ-ပါဘယ်) ဘာတွေ့ပါလိမ့်....(အနိစ္စ တွေ့ပါတယ်)။

ဒေါသလာလို့ ရှိယင်လဲ နောက်ကနေ အာဲခတ် လိုက်ပြန်တော့ ဒေါသတွေ့သလား.... ဖြစ်ပျက်တွေ့သလား.... (ဖြစ်ပျက် တွေ့ပါတယ်ဘုရား) ဖြစ်ပြီး ပျက်သွားတာဘဲ တွေ့တယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

ဝိစိကိစ္ဆာကလေး လာတာကိုလဲ တကာ တကာမ တေကာ နောက်က အာဲခတ်တာပေါ့၊ ကိုယ် မှန်ကိုယ်ကြည့်သလိုဘဲ၊ ဝိစိကိစ္ဆာကလေး တွေ့သလား.... တကာ တကာမတို့ ဖြစ်ပျက်တွေ့သလား....(ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

ဒါဖြင့် "သမောဟံဝါစိတ္တံ သမောဟံစိတ္တန္တိ ပဇာနာတိ" ဆိုငြားသော်လဲ တကာတကာမတို့ တွေ့တာကတော့ သမုဒယ ဓမ္မာနုပဿီဝါစိတ္တသို့ ဝိဟာရတိ၊ ဝယဓမ္မာနုပဿီဝါစိတ္တသို့ ဝိဟာရတိ သမုဒယနဲ့ဝယဘဲ သွားတွေ့တယ်.... (မှန်ပါ့)ဖြစ်မှုနဲ့ ပျက်မှုဘဲသွားတွေ့တယ်၊ ရှင်းကြပလား....(ရှင်းပါပြီ)။

မောဟ တွေ့သလား-ဖြစ်မှုပျက်မှု တွေ့သလား(ဖြစ်မှုပျက်မှု တွေ့ပါတယ်ဘုရား) အဲ....အဲဒီတော့ တကာ တကာမတို့ သတိပဋ္ဌာန် ပါဠိတော်မှာလို ရှေ့ပိုင်းနဲ့ နောက်ပိုင်း စပ်ကြည့်ရမယ်-(မှန်ပါ့)ရှေ့ပိုင်းနဲ့ နောက်ပိုင်း စပ်ကြည့်ရတယ် တကာသစ်တို့ရဲ့ နော်....(မှန်လှပါ)။

ဝေဒနာဖြင့်၊ ဝေဒနာရှု ဆိုပေမဲ့ တွေ့တဲ့ပုဂ္ဂိုလ်က ဝေဒနာတွေ့ပါသလား....တဲ့၊ တကယ်ရှုလိုက်တဲ့ အခါကျတော့ မရှိမှုတွေ့ပါသလား....(မရှိမှုတွေ့ပါတယ်ဘုရား)။

ဒါဖြင့် "ဟုတ္တာ အဘာဝဝဋ္ဌေန အနိစ္စ" ဆိုတဲ့အတိုင်း၊ ဟုတ္တာ=ဖြစ်ပြီး၍၊ အဘာဝဝဋ္ဌေန =ဤနေရာ၌မရှိခြင်းကြောင့် ပင်လျှင်၊ အနိစ္စံ =အနိစ္စမည်၏ ဆိုတဲ့အတိုင်း အင်း-ဟင်-တကာတကာမတို့ အကဲခတ်လိုက်တဲ့ အခါကျတော့ ဝေဒနာမတွေ့ပါဘူးဘုရား တပည့်တော် အနိစ္စတွေ့ပါတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဘာတွေ့မျှားတွေ့သလဲ....(အနိစ္စတွေ့ပါတယ်) ဒီအနိစ္စကလဲ သူမျှားအနိစ္စလား....တဲ့၊ မိမိခန္ဓာအနိစ္စလား....(မိမိခန္ဓာအနိစ္စပါဘုရား)ပေါ်လာပြီ- ပေါ်လာပြီ၊ ကိုယ်စိတ်က ဝိညာဏကွန္ဓာကိုး....(မှန်ပါ့) တကာတကာမတို့ သူမျှားအနိစ္စလား— မိမိခန္ဓာ့အနိစ္စလား....(မိမိခန္ဓာ့အနိစ္စပါဘုရား)။

ဩော်....ဒါဖြင့်နေရာကျပြီ တကာတကာမတို့ အကဲလဲ ခတ်လိုက်ပါရော ကိုယ်အသေ ကိုယ်မြင်တော့တာဘဲ-(မှန်ပါ့)အကဲခတ်လိုက်တော့ ဘာမြင်ပါလိမ့်....(ကိုယ်အသေ ကိုယ်မြင်ပါတယ်ဘုရား)။

ကိုယ်ခန္ဓာအသေ ကိုယ်မြင်တယ်(မှန်ပါ့) ဦးခင်မောင်ရေ-ဘာတွေ့ကြသလဲ....(ကိုယ်ခန္ဓာအသေ ကိုယ်မြင်ပါတယ်)တကာတကာမတို့ တယ်လဲ အဘိုးတန်ပါကလား- တကာတကာမတို့ ကိုယ်အသေ ကိုယ်မြင်တယ်ဆိုတဲ့ စကားကလေး တလုံး ဟာအင်မတန် အဖေးကြီးပါတယ်....(မှန်ပါ့)။

ဘယ်လောက် ထိအောင် အရေးကြီးသတုံးဆိုတော့ သေတာကို တကာ တကာမတွေက အကဲခတ်ကြည့်စမ်းပါ၊ မရဏမွေ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား)။

သြော်....တကာတကာမတွေ သစ္စာတွေ့ပဟာနော်....သစ္စာတွေ့ပြီ (မှန်ပါ့) တွေ့ပြီ-တွေ့ပြီ ကိုယ့် အသေ ကိုယ်မြင်တာကိုး....(မှန်ပါ့) မရဏမွေ ဒုက္ခသစ္စာ ဆိုတော့ ဘာတွေ့ပါလိမ့်- (ဒုက္ခသစ္စာတွေ့ပါတယ်)

သြော်....အသေဆိုတာ တခြားလား အောက်မေ့နေတယ် ဒုက္ခသစ္စာတွေ့တာပါကလားဆိုတော့ သာသနာမှာတခါတည်း တကာတကာမတို့ ဘယ်ပုဂ္ဂိုလ်နိဗ္ဗာန်ရောက်ပါတဲ့ယ်ဆိုတာသည် တကာတကာမတို့ သစ္စာမသိဘဲနဲ့ ဘယ်သူမှ မရောက်ဘူး....(မှန်လှပါဘုရား)။

ဒါကြောင့် ဓမ္မစကြာမှာ သွားကြည့်တော့မှ ပေါ်လာတယ် တကာတကာမတွေ့ ဒီ့ပြင် သံယုတ် တကျမ်းလုံး ပြောစရာ တွေ့တော့ ရှိသပေါ့ဗျာ၊ သို့သော် ဓမ္မစကြာက အားလုံးနဲ့ ဆက်စပ်နေတယ်၊ ငါသည်သစ္စာမသိသေး၊ ထိုအခါ ဘုရားဟူ၍ ဝန်မခံသေးတဲ့.... (မှန်ပါ့) မပါဘူးလား.... (ပါ-ပါတယ် ဘုရား) ငါသည် သစ္စာ မသိသေး .... (ထိုအခါ ဘုရားဟူ၍ ဝန်မခံသေးပါဘုရား) ထိုအခါ ဘုရားဟူ၍....(ဝန်မခံသေးပါဘုရား)။

အကြင်အခါ သစ္စာသိ၏၊ ထိုအခါ ဘုရားဟူ၍ ဝန်ခံ၏....(မှန်လှပါဘုရား) အင်း....ခင်ဗျားတို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် စ-သိတဲ့ သစ္စာသွားသိတယ်....(မှန်ပါ့ဘုရား) ကိုယ့် အသေ သိတယ်နော်....(မှန်ပါ့)။

ကိုယ့်အသေ-မရဏမ္ပဲ....(ဒုက္ခသစ္စံပါဘုရား) အဲ-မရဏမ္ပဲ ဒုက္ခသစ္စံဆိုတာ သဘောကျပလား.... (ကျပါပြီ) ဒါ စိတ်ကလေးတလုံးတည်း သေတာ ကိုယ့်အသေဘဲဆိုတာ ဦးခင်မောင်တို့ဖြင့် ရိပ်မိပါပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်စိတ်သေသေ အင်း....ဘယ်သူ့ အသေလို့ ဆိုကြမလဲ....(ကိုယ့်အသေပါဘုရား) မိမိ အသေပေါ့ဗျာ (မှန်ပါ့) ဩော်.... မိမိ အသေဟာ ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား) မိမိ အသေကို မိမိ သိတာက ဘာသစ္စာပါလိမ့်.... (မဂ္ဂသစ္စာပါဘုရား)။

ဩော်....ခင်ဗျားတို့ တခါတည်းကို နေရာကျသွားပြီတဲ့....၊ ပဋ္ဌမတော့ ဒါ ဒုက္ခသစ္စာလို့ သိတယ်၊နောက်တော့ ဩော်.... ဒါ သေချင်လို့သေတာ မဟုတ်ပါကလား တကာ တကာမတို့ ဒီ စိတ်ကလေးဟာလဲ အကြောင်းချုပ်လို့ ဒီ စိတ်ကလေးဟာ ဘာလဲ.... (အကျိုးချုပ်ပါတယ်ဘုရား) အကြောင်းချုပ်လို့.... (အကျိုးချုပ်ပါတယ်ဘုရား)အကြောင်းချုပ်လို့ အကျိုးချုပ်တဲ့ တရားကလေးဆိုတာ လွှဲပါ့မလား.... (မလွှဲပါဘူး)။

အေး....ဒါကြောင့် ဝိညာဏ် ချုပ်လို့ နာမ်ရုပ် ချုပ်တာဘဲ တကာ တကာမတို့၊ နာမ်ရုပ်ချုပ်လို့ ဘာ ဆိုကြမယ်.... (သဋ္ဌာယတန ချုပ်ပါတယ်)ဝိညာဏ်ချုပ်တယ်၊ ဒီလို ပြောင်းပြန်ယူ.... (မှန်ပါ့)။

ဝိညာဏ်ချုပ်လို့ (နာမ်ရုပ်ချုပ်ပါတယ်)နာမ်ရုပ်ချုပ်လို့.... (ဝိညာဏ်ချုပ်ပါတယ်ဘုရား) ဝိညာဏ်ချုပ်တယ်၊ ဒါက နဋ္ဌကလာပီသုတ် သံယုတ်ပါဋ္ဌိတော်မှာ-တကာတကာမတို့ ဝိညာဏ်နဲ့ နာမ်ရုပ်ဟာ ဒီလို မှီနေပါတယ်....(မှန်ပါ့) တခု ဖြုတ်လိုက်

ယင် တခုလဲ ပါလာတယ်....(မှန်ပါ့)သဘောကျပလား....(ကျေ
ပါပြီ)။

အဲဒီတော့ အားလုံး တရားတပဲလုံးက မှတ်လိုက်စမ်းပါ၊
နာမရူပ နိရောဓော-ဝိညာဏ နိရောဓော....(မှန်ပါ့)ရှင်းပြီနော်....
(ရှင်းပါပြီ)ဒီ စိတ်ကလေး ချုပ်ပုံပြပါတယ်....(မှန်ပါ့) ဝိညာ
ဏ နိရောဓော....(နာမရူပနိရောဓော)။

အဲ....သူ တခုဖြုတ်လိုက်လို့ ရှိယင် ခန္ဓာငါးပါး အကုန်ပါ
တယ်....(မှန်ပါ့)ဒါကြောင့် တလုံးတည်းကို ဘုရားက ကိုင်လိုက်
တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)ဒီတလုံးသာ ရှု၊
ခန္ဓာငါးပါး အကုန်ပါတယ်ဆိုတာ လေးစားစွဲနဲ့ မှတ်လိုက်
တော့....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

သို့သော်....ခင်ဗျားတို့ မြင်တာကလဲ ငါးပါးစလုံး မြင်ဘာ
မှမမဟုတ်ဘဲ၊ မရှိတာ သိတာဆိုတော့ ဒီအထဲ မရှိတဲ့ဘက ငါးခု
စလုံးမရှိသွားတာ(မှန်ပါ့)သဘောကျကြပလား.... (ကျပါပြီ)
မရှိတာကလဲ.... (ငါးခုစလုံး မရှိဘာပါဘုရား) အဲ.... ငါးခု
စလုံး မရှိတာကို ကျုပ်တို့ မသိဘူးလားဗျာ.... (သိပါတယ်
ဘုရား)။

အဲ....အကဲခတ်လိုက်တော့ သိပါတယ်ဆိုသဖြင့် တကာတကာ
မတို့ မရှိတာက....အနိစ္စ၊ အကဲခတ်တာက....မဂ္ဂ၊ မဖြစ်သေးဘူး
လား....(ဖြစ်ပါတယ်)ဖြစ်တော့ ဒီအထဲမှာ လာကြည့်တော့ ဒါ
လူမိုက်လား - လူလိမ်မာလားလို့ မေးလိုက်တဲ့အခါကျတော့
မဂ် ပေါ်နေတဲ့အတွက် ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (လူ
လိမ်မာပါဘုရား)။

လူလိမ်မာဆိုတော့ ဒီဘက် အဝိဇ္ဇာက ဒီထဲ စဉ်းစားကြည့်ပါလား-သမ္မာဒိဋ္ဌိဆိုတဲ့ဥစ္စာသည် ဉာဏ်ဘဲ မဟုတ်လား(ဉာဏ်ပါဘုရား)ဒါဖြင့် ဝိဇ္ဇာ မဂ္ဂင် လာကတည်းက အဝိဇ္ဇာကချုပ်တဲ့ယ် (မူန်ပါ့)ကိုယ် အသေ ကိုယ်မြင်တော့ ဒီအသေ လိုချင်သေးရဲ့လား....(မလိုချင်ပါဘူး)။

မလိုချင်တော့ တဏှာကလဲ ချုပ်တော့ အဝိဇ္ဇာတဏှာက ဒီနောက်က ချုပ်တယ်.... (မှန်ပါ့) ဒီ နောက်က ချုပ်နေတော့ ဒီဘက် ခန္ဓာသစ် ပေါ်ပါဦးမလား.... (မပေါ်ပါဘူးဘုရား) ခန္ဓာသစ် မပေါ်ဘူးဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဩော်....ဒါဖြင့် လူမိုက်နဲ့ လူလိမ်မာသည် ဘာထူးပါလိမ့် မတုံးဆိုတော့ လူလိမ်မာက ဗြဟ္မစရိယာအကျင့် ကျင့်သောကြောင့် ဒီဘက်က အဝိဇ္ဇာတဏှာ ချုပ်တယ်၊ အဝိဇ္ဇာတဏှာ ချုပ်သောကြောင့် နောက်ခန္ဓာ မရဘူး....(မှန်ပါ့ဘုရား)။

လူမိုက်ကဖြင့် အဝိဇ္ဇာတဏှာ လာသောကြောင့် နောက်ခန္ဓာ ရပါတယ်၊ ဒါ့ကြောင့် လူမိုက် ဖြစ်ရတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

လူမိုက်ဆိုတာ တကဲ့တကာမတို့ အဝိဇ္ဇာတဏှာ မချုပ်လို့ နောက်ခန္ဓာရဘာ ဘာခေါ်ကြမယ်-(လူမိုက်ပါဘုရား)အဝိဇ္ဇာတဏှာချုပ်တဲ့ပုဂ္ဂိုလ် နောက်ခန္ဓာ ရသေးရဲ့လား(မရပါဘူး)။

ဒါဖြင့် လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးလို့ ဗာလပဏ္ဍိတသုတ် ဟော တဲ့အခါ ဘုန်းကြီး တနေ့က ပြောတဲ့အတိုင်း တနေ့—တနေ့သည် ဗာလပဏ္ဍိတ ထူးကြောင်းကို ထူးသတဲ့ထူးအောင်ဆိုတော့ ဩော်-လူမိုက်က ဗြဟ္မစရိယအကျင့်

ကျင့်လို့ အဝိဇ္ဇာတဏှာချုပ်တယ်....(မှန်ပါ့) လူမိုက်က ဗြဟ္မစရိယာအကျင့်-မကျင့်သောကြောင့် တကာ တကာမတို့ အဝိဇ္ဇာ တဏှာမချုပ်ဘူး.... (မှန်ပါ့)။

လူလိမ်မာက ဗြဟ္မစရိယာအကျင့်ဆိုတာ ဖြစ်ပျက်နဲ့ မင်္ဂနဲ့ ကိုက်အောင် လုပ်သောကြောင့် အဝိဇ္ဇာတဏှာ ဘယ်နှယ် နေသလဲ.... (ချုပ်ပါတယ်ဘုရား) ချုပ်သောကြောင့် နောက်ခန္ဓာ ဘယ်နှယ်နေသတုံး.... (မလာပါဘူးဘုရား) မလာတော့ဘူးဆို တာ သေချာပလား.... (သေချာပါပြီဘုရား)။

အဲဒီကဲ့သို့ သေချာတော့ နောက်ခန္ဓာ မလာတာသည် တကာ တကာမတို့ မင်္ဂလေးတန်သာရယင် နောက်ခန္ဓာ လုံးဝမလာဘူး (မှန်ပါ့ဘုရား) လာသေးရဲ့လား.... (မလာပါဘူး)။

အဲဒါကြောင့် သို့သော် ခုတော့ဖြင့် တကာ တကာမတွေ သိတဲ့အတိုင်း ဒိဋ္ဌဖြတ်နေတဲ့အတွက် ပဌမမင်္ဂရဘို့ အလွန် အရေး ကြီးနေတယ် (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဦးခင်မောင်ရေ ခင်ဗျားသန္တာန်မှာ ပေါ်တဲ့ စိတ်က အကုသိုလ်စိတ် တဆယ့်နှစ်မုကလဲ ပေါ်နိုင်တာချည်း ဖြစ်နေတယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အဟိတ်စိတ် တဆယ့်ရှစ်ခုထဲကလဲ ဟသိတုပဂါဒ် ချန်လှပ်ပြီး ကျန်တာတွေက ပေါ်နိုင်တာချည်း ဖြစ်နေတယ်၊ မျက်လုံး-မျက်စိ စိတ်- နားစိတ်- နှာခေါင်းစိတ်တွေကလဲ မပေါ်နိုင်ဘူးလား.... (ပေါ်နိုင်ပါတယ်ဘုရား)။

မဟာကုသိုလ်စိတ် ရှစ်ခုဆိုတာကလဲ ပေါ်နိုင်တာတွေ ဖြစ်နေ တယ်၊ သဘောကျပလား.... (ကျပါပြီ) အဲဒီတော့ မဟာကုသိုလ် စိတ် ရှစ်ခုလဲ ပေါ်နိုင်တာတော့ ဖြစ်နေတော့ တကာ တကာမတို့

ဒီပေါ်လာတဲ့စိတ်တွေကို ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီထဲက မဂ္ဂင်ငါးပါးထားပြီးသကာလ မဂ္ဂင်ငါးပါးနှုတ်ပြီးရှုရမှာဘဲ (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီ)။

ကိုင်း.... ဒါဖြင့် အခုဘုန်းကြီးပြောလိုက်တဲ့နည်းက ဘယ်လို အာဘိုးတန်သတုံးဆို– တပည့်တော်တို့ ဘာရှုရမတုံး ဆိုတဲ့ အဖြေဟာ သေသေချာချာ ထွက်သွားတယ် (မှန်ပါ့ဘုရား)။

ဘာရှုရမတုံးလို့ မေးစရာမလိုတော့ဘူး....(မလိုပါဘူး) ဘာ့ကြောင့်တုံး.... ကိုယ့်စိတ် ကိုယ်ရှုက္ခ.... (မှန်ပါ့) ဘယ်လိုပါလိမ့်.... (ကိုယ့်စိတ်ကိုယ် ရှုရပါမယ်ဘုရား) ဒါဖြင့် တကာတကာမတို့ ကိုယ့်စိတ်ကိုယ်ရှုဆိုတော့ ကိုယ့်စိတ်မဖြစ်ယင်လဲ ကိုယ်သေတော့မယ် (မှန်ပါ့)။

ကိုယ့်စိတ် မဖြစ်ယင်.... (ကိုယ်သေပါတော့မယ်ဘုရား) ပေါ်တဲ့စိတ်ကို နောက်စိတ်က ရှုနေလို့ရှိယင်လဲ ကိုယ်ရှင်တော့မယ် (မှန်ပါ့ဘုရား) ဒါဖြင့် တကာ တကာမတွေ ရှေ့စိတ်က သေပြီး နောက်စိတ်နဲ့ အသက်ရှင်တယ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဦးခင်မောင်ရေ ဘယ်လိုပါလိမ့်.... (ရှေ့စိတ်က သေပြီး နောက်စိတ်နဲ့ အသက်ရှင်ပါတယ်) နောက်စိတ်နဲ့ အသက်ရှင်တော့ ဒါဖြင့် ဘုန်းကြီးက တနေ့ကပြောသလို တကာ တကာမတို့ အသေကို အရှင်နဲ့ကြည့် (မှန်ပါ့ဘုရား)။

ဒီနည်းဘဲ အမျိုးမျိုးပေးနေတယ် (မှန်ပါ့) ဘယ်လိုပေးလို့က်ပါလိမ့်.... (အသေကို အရှင်နဲ့ ကြည့်ရပါမယ်) ဒါကြောင့် ခင်ဗျားတို့ အသေစိတ်ကို.... (အရှင်နဲ့ကြည့်) အရှင်နဲ့ကြည့်ဆိုတော့ မမိသေးဘူးလား.... (မိပါတယ်ဘုရား)။

၁-ကို ၂-နဲ့ကြည့် ဆိုယင်ကော.... (မိပါတယ်ဘုရား) အနိစ္စ ဒုက္ခက မဂ္ဂလိုက်ပါစေဆိုယင်ကော.... (မိပါတယ်ဘုရား) မိတာချည်းဘဲ ဒီစကားသုံးခုဟာ အကုန်မိတာချည်းဘဲ ဆိုတာ သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ဘယ်စိတ် ရှုရမှာတုံးလို့ မေးယင် ဘယ်နှယ် ဖြေကြမလဲ.... (ကိုယ့်စိတ်ကိုယ် ရှုရမှာပါဘုရား) အဲ.... မိမိစိတ် မိမိရှုရုံဘဲ....(မှန်ပါ့)သဘောကုပလား (ကျုပါပြီ)။

မိမိစိတ် လောဘလာလို့ရှိယင်လဲ မိမိစိတ် ဒေါသလာတာကို ဖြစ်ပျက်ရှု (မှန်ပါ့) မိမိစိတ် ဒေါသလာယင်.... (ဖြစ်ပျက်ရှုရပါမယ်) မိမိစိတ်က ကွာသာ လာပြန်တယ်.... (ဖြစ်ပျက်ရှုရပါမယ်) မိမိစိတ်က သူတပါး ဝန်တိုပြန်တယ်.... (ဖြစ်ပျက်ရှုရပါမယ်)။

ဖြစ်ပျက်ရှုတာ ဒေါသရှုတာချည်းဘဲ မှတ်ရမှာဘဲ (မှန်ပါ့ဘုရား) ခဲ့ဖြစ်တဲ့တရားတွေမို့ ဒေါသစိတ်ပေါ်မှာမို့နေတဲ့ သဟဇာတ- သမ္ပယုတ္တ ဓမ္မတွေဘဲဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ကိုင်း.... ယုတ်စွအဆုံး တကာ တကာမတို့ မိမိပြုထားတဲ့ ကုသိုလ်ကလေးတောင်မှ ဘာလုပ်ရမယ်....(ဖြစ်ပျက်ရှုရပါ့မယ်) ဖြစ်ပျက်ရှုရလိမ့်မယ် ဝိပဿနာကိုး၊ ဒါလဲ ကုသိုလ်စိတ်ကလေးနဲ့ အသက်ရှင်နေတာ အဲဒီ အသေးလေး ကျုပ်တို့က မကြည့်ရပေဘူးလား.... (ကြည့်ရပါတယ်)။

ဒါဖြင့် မိမိမြင်စိတ်ကလေး ပေါ်လာတော့လဲ ဘာလုံရှေလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) မြင်စိတ် ဖြစ်ပျက်ရှု၊ ကြားစိတ်

ကလေးလာပြန်တော့လဲ.... (ကြားစိတ် ဖြစ်ပျက်ရှုရပါမယ်)။ နားဘက်လှည့်လိုက်တာပေါ့နော်....(မှန်ပါ့)။

အဲ....နံစိတ်ကလေး လာပြန်တော့.... (နံစိတ်ဖြစ်ပျက်ရှုရပါမယ်) စားစိတ်ကလေး လာပြန်တော့.... (စားစိတ်ဖြစ်ပျက် ရှုရပါမယ်) ယားစိတ် ယံစိတ်ကလေးလာပြန်တော့.... (ယားစိတ်ဖြစ်ပျက်ရှု) ဒါ-ကိုယ်ပေါ်မှာ ယားစိတ်၊ ယားစိတ်ပေါ်ပြန်လဲ ကိုယ်ပေါ်မှာ ရှောက်ရှုရမယ်....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့ အိမ်ကျတော့ ထိုင်၊ ထိုင်တဲ့အခါကျလို့ ရှိယင် များသောအားဖြင့်တော့ တကာတ်ကာမတွေ ထိုင်ပြီး အာနာပါနကလေး လုပ်ပြီးသကာလ နှာသီးဖျားမှာ စိတ်ထားပြီးသကာလ ထွက်သက် ဝင်သက်ကလေးကို ထွက်မှန်းသိ- ဝင်မှန်းသိဆိုပြီး ပဋ္ဌမလုပ်နေ....နော် (မှန်ပါ့)။

လုပ်ရာက နေပြီးသကာလ ယားစိတ်လာယင် ယားစိတ်ဆီလိုက်၊ ဒါတွေအကုန်ဖြုတ်....(မှန်ပါ့) မြင်စိတ်လာယင်....(မြင်စိတ်ဆီလိုက်) ကြားစိတ်လာယင်.... (ကြားစိတ်ဆီလိုက်) ဒါ—သမာဓိတည်ရုံကလေးတွင် အာနာပါနက ဖမ်းတာ၊သူ့လိုချင်တာမဟုတ်ပါဘူး.... (မှန်ပါ့) သူက ကာယာနုပဿနာကိုး.... (မှန်ပါ့) ဘုန်းကြီးတို့ စိတ္တာနုပဿနာက ဒိဋ္ဌိ ဖြုတ်ချင်တာကိုး (မှန်ပါ့)။

ပဋ္ဌမ သောတာပန်တည်ချင်တော့ ဒိဋ္ဌိက ဖြုတ်ချင်တယ်.... (မှန်ပါ့) သဘောပါကြလား.... (ပါ-ပါတယ်) ဒါဖြင့် ဒိဋ္ဌိက ဖြုတ်ချင်တော့ စိတ်ပေါ်ရာလိုက်မှ ဩော်.... ငါမြင်တယ်ဆိုတဲ့

သတ္တသညာလဲ ပျောက်တော့ မပေါ့ဗျာ....(မှန်ပါ့)ငါကြား တယ်ဆိုတဲ့ သတ္တသညာကော....(ပျောက်ပါတယ်ဘုရား)။

သတ္တသညာဆိုတာ နဂိုရ်တုန်းက သတ္တဝါ ထင်နေတယ်.... (မှန်ပါ့) ဒါ- ကြားစိတ်ကို ငါထင်နေတယ်....(မှန်ပါ့) ငါ- ကြားလိုက်တာ– ငါ စားလို့ကောင်းလိုက်တာ- ငါ ယားလိုက် တာ- ငါ ကောင်းနေလိုက်တာ-ငါ ကြံစည်နေလိုက်တာ၊ ဦးခင် မောင်.... စိတ်ပေါ်မှာ ဘယ်လောက် ဒိဋ္ဌိများသလဲ....(များ ပါတယ်ဘုရား)။

အဲဒါကြောင့် သောတာပန်တည်ချင်ယင် ဘာအရင် ဖြုတ် ရမလဲ .... (ဒိဋ္ဌိ အရင် ဖြုတ်ရပါမယ်) အဲဒါကြောင့် စိတ္တာ နုပဿနာက စ-ပေးတယ်ဆိုတာကော ကျေနပ်ကြပလား(ကျေ နပ်ပါပြီ) ကဲ....ဒါဖြင့် တကာတကာမတို့ ဘယ်စိတ်ရှုရမှာပါ လိမ့်မလဲ....(ကိုယ့်စိတ်ကိုရှုရမှာပါ) ကိုယ့်စိတ်ကိုရှု....(မှန်ပါ့) ကိုယ့်စိတ်ကိုရှုဆိုတော့ တကာတကာမတွေက ဘယ်များ သွား ရှုရမှာပါလိမ့်မတုံးလို့ မေးမနေနဲ့နော်.... မေးယင် အရူး ကျ လိမ့်မယ်....(မှန်ပါ့)။

မေးယင်.... (အရူးကျပါတယ်) ဘယ်သူ့ ရှုရမှာတုံး.... (ကိုယ့်စိတ် ကိုယ်ရှုရမှာပါဘုရား) ကိုယ့်စိတ် ကိုယ်ရှုနော်.... ကိုယ့်စိတ်က စားချင်တာကလေး ထွက်လာယင်ကော.... (စား ချင်တာကလေးရှု) စားချင်တာကလေးကို ရှိ-မရှိဘဲ ရှုပေး.... (မှန်ပါ့)။

ပြောချင်တဲ့စိတ်ကလေး လာလို့ရှိယင်ကော.... (ပြောချင် တဲ့စိတ်ကလေး ရှိ-မရှိ ရှုရပါမယ်) ရှိ-မရှိ အကဲခတ်လိုက်တော့

အဲ....အကဲခတ်တဲ့စိတ်လာယင် သူ့ရှိသေးရဲ့လား....(မရှိပါဘူး) အဲဒီကဲ့သို့ တကာတကာမတို့ယားယင်ယားစိတ်ရှ၊ နံယင်နံစိတ်ရှ၊ ပြောယင် ပြောချင်တဲ့စိတ်ရှ၊ ရှလိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် ဖြစ်ပြီးပျက်တာဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား)မြင်တာက (မဂ္ဂသစ္စာပါသုရား)။

ဒါဖြင့် နောက်က အဝိဇ္ဇာတဏှာက မသေဘူးလား....သေသလား.... (သေပါတယ်ဘုရား) တဒင်္ဂတော့ သေသေချာချာသေပြီ (မှန်ပါ့) တဒင်္ဂမသေဘူးလား- (သေပါတယ်ဘုရား) ဒါဖြင့် အဝိဇ္ဇာ တဏှာသေကတည်းက ဦးခင်မောင်.... နောက် ခန္ဓာ လာပါဦးမလား.... (မလာပါဘူး)။

အင်း....ဒါ လူလိမ်မာမှာတော့ နောက်ခန္ဓာမရတာ မဂ္ဂဗြဟ္မစရိယာအကျင့်- ကျင့်လို့ နောက် ခန္ဓာမရဘူး.... (မှန်လှပါဘုရား) လူမိုက်မှာတော့ မဂ္ဂဗြဟ္မစရိယာ အကျင့်- မကျင့်တဲ့အတွက် တကာတကာမတို့ လူမိုက်မှာတော့ နောက် ခန္ဓာ ဒုက္ခသစ္စာကြီးရတယ်.... (မှန်ပါ့)။

ဒါဖြင့် တိုတိုပြောကြပါစို့၊ နာရီကစေ့နေလို့....ဒုက္ခသစ္စာ မမြင်သ၍ ကာလပတ်လုံး ဘယ်အခါကာလမှ နိဗ္ဗာန်မရလို့မှတ်....(မှန်လှပါဘုရား)ဒုက္ခသစ္စာကို.... (မမြင်သ၍ ဘယ်အခါကာလမှ နိဗ္ဗာန်မရပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) မြင်လို့ရှိယင်.... (မဂ္ဂ သစ္စာပါ) ကျေနပ်ပလား.... (ကျေနပ်ပါပြီ)။

ဒါဖြင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်တာက....(မဂ္ဂသစ္စာပါ) သေတာက....(သမုဒယသစ္စာပါ) အဲ....အဝိဇ္ဇာ တဏှာ သေတာက သမုဒယ ချုပ်တာ၊ နောက်ခန္ဓာ မလာတာက....(နိရောဓသစ္စာပါ ဘုရား) ဟော.... သစ္စာလေးပါး သွားကိုက်တယ်....(မှန်ပါ့)။

ကဲ....နက်ဖြန်မှ အာကျယ်ဟောကြဦး....။

သာဓု.... သာဓု.... သာဓု....

ကျွးဇူးတော်ရှင် အာမရပူရမြို့ မဂ်လာတိုက်ဟောင်း
မိုးကုတ် ဆရာတော်ဘုရား၊ မန္တလေးမြို့
ဦးချစ်ဆွေ ဓမ္မာရုံ၌ ဟောကြားတော်မူသော
စရိုက်နှင့် လျော်စွာ
ကမ္မဋ္ဌာန်းပေးပုံ တရားတော်
(၂၄-၂-၆၁)

တကာ တကာမတို့ မြတ်စွာဘုရားဟာ ၄ လဲ ၄ ဘို့ကောင်း ပါတဲ့ယ်၊ ကြည်ညိုလဲ ကြည်ညိုဘို့ ကောင်းပါတယ်၊ချီးမွမ်းလဲ ချီးမွမ်းဘို့ ကောင်းပါတယ်။

သူကိုယ်တိုင် တယောက်တည်း ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး ယူမယ်ဆိုလို့ရှိယင် သုမေဓာရသေ့အဖြစ် ဒီပင်္ကရာဘုရားရှင် လက်ထက်ကတည်းကဘဲတယောက်တည်းဆိုယင်တော့ အောင်ပဲ့ ယူနိုင်တယ်ဆိုတာ သူ့ဟာသူ သိပါတယ်....(မှန်ပါ့)။

ထိုကဲ့သို့ သိငြားသော်လဲ ငါတယောက်တည်း နိဗ္ဗာန် မယူဘူး၊ အားလုံးသောသတ္တဝါတွေ သယ်ယူပို့ဆောင်ပြီးမှ အတူတူမှ နိဗ္ဗာန် သွားမယ်ဆိုတဲ့ စိတ်ထားကြောင့် အသားတွေ လှပြီးသကာလ သဗ္ဗညုတဉာဏ် ရအောင် လုပ်ရ၊ အရိုးတွေ လှပြီးသကာလ သဗ္ဗညုတဉာဏ် ရအောင် ဆုတောင်းပြီးလုပ်ရ၊ အသက်စွန့်ပြီးသကာလ စွန့်ခြင်းကြီး ငါးပါးတွေ စွန့်ပြီးသကာလ လုပ်ရတဲ့ အလုပ်တွေဟာ ဦးခင်မောင်....တယ် ကြီးကျယ်တယ်(မှန်ပါ့ဘုရား)။

အဲဒီ. ကြီးကျယ်တာတွေ့ တကာ တကာမတို့ သူ. အတွက်လား....သူများ အတွက်လားဆိုတာ အကဲခတ်ကြည့်တာပေါ့.... (သူများအတွက်ပါဘုရား)။

ဩော်.... သူများအတွက်ဆိုတော့ ဒီ ကျန်ရစ်ခဲ့တဲ့ တကာ တကာမတွေ့ အတွက်ရော သူနဲ့ ပါသွားတဲ့ ပုဂ္ဂိုလ်တွေ့ အတွက်ရော ရွက်ဆောင်သွားတယ်နော်....(မှန်ပါ့)။

အဲဒီတော့ သူနဲ. ပါတဲ့ ပုဂ္ဂိုလ်တွေ့ အတွက်ကတော့ဖြင့် အထူးမှာစရာရယ်လို. မှာတမ်းမလိုတော့ပါဘူး၊ သူ ယူဆောင်သွားလို.ဘဲ နိဗ္ဗာန်ရောက်ပြီးသကာလ ဒုက္ခခပ်သိမ်း ကင်းငြိမ်းပြီးသကာလ နေကြပြီဆိုတာ တကာ တကာမတွေ့ အထင်အရှား အမြင်သား ဖြစ်ပါလိမ့်မယ်နော်....(မှန်လှပါ)။

ကျန်တဲ့ ပုဂ္ဂိုလ်တွေ့ အတွက်တော့ ဘယ်လိုများ မှာခဲ့သလဲဆိုတဲ့ဥစ္စာအကြိမ်ပေါင်းတထောင်ခုနစ်ရာ့ကိုးဆယ်.နှစ်ကြိမ်တိုင်မင်းတို့ကဘာ ငါ မရှိပေမဲ့.လဲ ဓမ္မဘွန္ဓာ ရှစ်သောင်းလေးထောင်နဲ.တကွ ငါဘုရား တပည့် သားမြေးတွေ့ ဆရာလုပ်ပြီးသကာလ မင်းတို့ကို သယ်ယူ ပို.ဆောင်ရစ်ပါလိမ့်မယ်ဆိုတာလဲ မှာခဲ့တာက တကြောင်း၊ သူကိုယ်တိုင်လဲ ဝိပဿနာတွေ့ ရှု၊ သမထ ဝိပဿနာတွေ့ ကြိုးစားကြလို.ရှိယင်ဖြင့် မင်းတို့သည်ကားလို. ဆိုယင်ဖြင့် ငါ ပရိနိဗ္ဗာန် စံငြားသော်လဲ အလုပ်တရားက ဒါဘဲ၊ ဒါ လုပ်ရစ်ကြဆိုပြီး မှာပစ်ခဲ့တာက တထောင်ခုနစ်ရာ့ကိုးဆယ်.နှစ်ကြိမ်တိုင်တိုင် ဦးခင်မောင်....မှာခဲ့တယ်နော်....(မှန်လှပါ)။

ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဒီ မှာတမ်း အတိုင်းကိုလဲ့ ဘုန်းကြီးများကလဲ အလုပ်ကို ပြုပါတယ်၊ ဒီ တကာတကာမတွေကလဲ ဘုရားမရှိလို့ အားငယ်စရာ မလိုဘူး၊ အလုပ်-လုပ်ဘို့တခုဖြင့် လိုတယ်ဆိုတာ တရားတပဲ့လုံးဘဲ မှတ် ကြပါဆိုတာ စောစောစီးစီး သတိပေးပါတယ်နော်....(မှန်ပါ့ ဘုရား)။

ဘယ်လို မှာတုံးဆိုတော့ ခဏခဏဘဲ ဘုန်းကြီးလဲ ခုနစ် ရက်တပတ်ဆိုသလိုလို သတိပေးတယ်၊ "စျာယထ ဘိက္ခဝေ မာ ပမာဒတ္ထ" ဘိက္ခဝေ=အို-ငါ၏ချစ်သား တပည့်များတို့၊ စျာ ယထ=သမထဝိပဿနာ ရှုကြကုန်။

သမထဝိပဿနာတွေ ကြိုးစားကြပါကုန်ဆိုတာ မမှာဘူး လား....(မှာပါတယ်)။

မာ ပမာဒတ္ထ=သားရေး သမီးရေး စီးပွားရေးကြောင့် ၎မ့ လျော့ပေါ့ဆ၍ မနေကြနှင့်။

သားရေး သမီးရေး စီးပွားရေးကြောင့် သမထဝိပဿနာ အလုပ်ကြီးမေ့မနေကြနဲ့ဟေ့....၊ဒါဟာ....ဘုရားရှင်တထောင့် ခုနစ်ရာ့ကိုးဆယ်နဲ့ နှစ်ကြိမ်တိုင်တိုင်မှာတဲ့ ပါဠိတော်နော်.... (မှန်လှပါဘုရား)။

ပစ္ဆာ=သေရာညောင်စောင်း လျောင်းစက်တဲ့ အခါကာလ ကျမှ....။

တကာ တကာမတွေ သေရာညောင်စောင်း တက်ကြရဦးမှာ ကိုးဗျ၊ သေရာသင်ဖြူးပေါ်သော်ငင်း၊ ကြမ်းပေါ်သော်ငင်း၊ မသေခင် ဝေဒနာခံစားပြီး သေရဘို့ အလုပ်ကြီးကတော့ဖြင့်

ကိုယ်တိုင်ခံစားပြီး တွေ့ကြရဦးမည့် အလုပ်တွေ ဦးခင်မောင်....
မလွဲဘူးပေါ့ဗျာ....(မလွဲပါဘူးဘုရား) အဲဒီအချိန်ကျတော့....။
ဝိပဿနာရှေ့ဆောင်....ငါ သားရေး သမီးရေး စီးပွားရေးကြောင့် ငါဖြင့် အခုဒုက္ခကြီး လှလှ ရပါပေါ့ကလားလို့....
နှလုံး မသာယာခြင်း ရှိကြကုန်သည်၊ မာအဟုဝတ္ထာ=မဖြစ်ကြကုန်လင့်....။

မှာပြန်တယ် ဦးခင်မောင်ရေ့....(မှန်ပါ့) မောင်ထွန်းလှိုင်....
မမှာဘူးလား....(မှာပါတယ်ဘုရား)တကာသစ်တို့ မှာသနော်....
(မှာပါတယ်ဘုရား)။

ဘာ့ကြောင့် မှာပါလိမ့်မတုံး ဆိုလို့ရှိယင်ကွာ....တဲ့ မင်းတို့ ဝိပဿနာအလုပ်-မလုပ်လို့ရှိယင်ဖြင့် တကာတကာမတို့ သေရာညောင်စောင်း လျောင်းတွေဘိုဆိုတဲ့အခါ ရှိသေးသနော်....
(မှန်ပါဘုရား)။

သေရာဌာနတော့ လူတိုင်းဘဲ ရောက်ရမယ်ဆိုတာ ငြင်းဘို့လို့သေးသလား....(မလိုပါဘူးဘုရား)။

အဲဒီအချိန် ကျလာတော့ တကာတကာမတို့ ကိုယ့်သွားရာလမ်းခရီး ကိုယ့်အမြင်ကြီး မြင်ပါလိမ့်မယ်လို့....ပြောလိုက်တယ်နော်....(မှန်ပါဘုရား)။

ကိုယ့်သွားရာလမ်းခရီးက မသေခင်က မြင်တယ်လို့ တရားတပဲ့လုံး ဆုံးဖြတ်ချက် ချစမ်းပါ....(မှန်ပါဘုရား) ဘယ်အချိန်မှ မြင်ပါလိမ့်....(သခါနိုးအခါမှာ မြင်မှာပါဘုရား)မသေခင်က မြင်ရမယ်ဆိုတာ အရှင်းသားဘဲနော်....(မှန်ပါ့)။

မသေခင်က မြင်ရမယ်ဆိုတော့ ဩ....ဒါဖြင့် တကာတကာမတို့ မသေခင် ဘယ်လို မြင်တတ်ပါသတုံးလို့ မေးတဲ့

အခါကျတော့ ခွေးနက်ကြီးကိုလဲ မြင်တတ်တယ်နော်.... (မှန်ပါ့) ငရဲမီးတွေဟုန်းဟုန်းတောက်နေတာလဲ....(မြင်တတ်ပါတယ်ဘုရား) တောင်တွေ ချောက်တွေ ကြားကြီးတွေကော.... (မြင်တတ်ပါတယ်ဘုရား)အမိဝမ်းရေတွေကော....(မြင်တတ်ပါတယ်ဘုရား)။

ဒါဘယ်အချိန် မြင်တာပါလိမ့် တကာတကာမတို့....(မသေခင်မြင်တာပါဘုရား) မသေခင် ကပ်ပြီးသကာလ ဦးခင်မောင်မြင်တာ ဆိုပါကလား.... (မှန်လှပါဘုရား) ဦးဇံရင်တို့ ဘယ်အချိန်မြင်ပါလိမ့်....(မသေခင် ကပ်မြင်တံ့ပါဘုရား)။

ဒီကျတော့ တကာ တကာမတွေက သိပြီ၊ သြော်....ငါသည်ကား လို့ဆိုယင်ဖြင့် ခွေးနက်ကြီးတွေလဲမြင်ရပြီ၊ ငါ့ကိုက်မလို့ ငါ့ဆဲမလို့၊ ငရဲအိုး ငရဲမီးတွေလဲ မြင်ရပြီ ငါ ရောက်ရာလမ်းကဖြင့် အောက်လမ်းပါလား-ဆိုတာ သေချာပြီးသကာလ နေတော့ သြော်....သား လင် ခင်ပွန်း ကိစ္စတွေနဲ့ အချိန်ကုန်ပြီး သကာလ သားရေး-သမီးရေး-စီးပွားရေးနဲ့ အချိန်ကုန်ပြီး၊ ငါ့—ဘုရားမှာတော်မူတဲ့ ဝိပဿနာ အလုပ်ကြီးမလုပ်ခဲ့တာဖြင့် ကိုယ်ကျိုးနည်းပေါ့ဟ ဆိုပြီး မျက်ရေတွေ တခါတည်းကျလာတယ်-(ကျပါတယ်ဘုရား) သေခါနီး မျက်ရည်ကျတယ်....(မှန်ပါ့)။

ဘယ်အချိန်ကျပါလိမ့် (သေခါနီးကျပါတယ်ဘုရား) ဦးခင်မောင် ဒါ-လူတိုင်းအလုပ်နော်....(မှန်ပါ့ဘုရား)။

လူတိုင်း အလုပ်-လူတိုင်းအလုပ်မို့ သေသေချာချာပြောနေပါတယ်၊တဆောင့်ခုနစ်ရာ့ကိုးဆယ့်နှစ်ကြိမ်တိုင်တိုင်မှာတဲ့ပါဠိတော်မို့ ခုနစ်ရက် တပတ်လောက် သတိပေးနေတယ် ဆိုဘာတကာ တကာမတို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဝိပဿနာလုပ်ကြ-ဝိပဿနာလုပ်ကြ၊ ထိုကဲ့သို့ မလုပ်ခဲ့သည် ရှိသော် သေရာညောင်စောင်း လျောင်းစက်တဲ့ အခါကျတော့မှ သြော်....ငါအနေဆိုးနေခဲ့လို့ ရှိယင် အသေဆိုးဖြင့် သွားရတော့ မယ်ဆိုတာ သူတပါးလဲ မပြောနိုင်ဘဲနဲ့ ခေါင်းအုံးပေါ် မျက် ရေတွေ စီးကျတယ် ဦးခင်မောင်ရေ....(မှန်ပါ့)။

ကြားခဲ့သ၍ မော်ခဲ့သ၍ ဒီမှာ ဗိုင်းဗိုင်းလဲပေါ့ဗျာ (မှန်ပါ့) မလဲကြသေးဘူးလား (လဲပါတယ်ဘုရား)မော်ခဲ့သ၍ မောက်ခဲ့ သ၍ ဘာဖြစ်ပါလိမ့်....(ဗိုင်းဗိုင်းလဲပါတယ်ဘုရား)ဒီနေရာ ဗိုင်း ဗိုင်းလဲတာဘဲ တကာတကာမတို့ သိပ်ကြောက်စရာ ကောင်းပါ ကလား....(မှန်ပါ့ဘုရား)။

ကြပ်ကြပ်စည်းစားကြပါ တကာတကာမတို့ သေခါနီးကျလာ တဲ့ အခါကျတော့ သားကလဲအနားမှာ ရှိငြားသော်လဲ သူလဲ ပြောချိန်မရ စိန်ရွှေငွေ ကျောက်သံ ပတ္တမြားတွေ အနားမှာရှိ ငြားသော်လဲ ကယ်ဖေါ် ယူဖေါ်ကမရ၊ ကိုယ်မြင်နေတဲ့ မြင်ရာ ဌာနကြီးကလဲ ကြောက်စရာ လန့်စရာကြီး ဒီလမ်းဘဲသွားရတော့ မယ်ဆိုတာ ကိုယ်ကိုယ်တိုင်သိ၊ ငါဖြင့်မှားခဲ့ပေါ့ ဆိုပြီးသကာလ မျက်ရေကြီးငယ်တွေ ကျရတယ် ဦးခင်မောင်ဇေ့ ....(မှန်လှပါ ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့ ရောင်းဝယ်ဖေါက်ကား စား သောက်ပြီးသကာလ နေတာတွေ သြော်....ဒီအလုပ်တွေ မလုပ်နဲ့ လို့ ဆိုတာ မဟုတ်ဘူး၊ ဒီကြားထဲ ဝိပဿနာကြိုးစားကြ။

ပရိယေသနဆိုတာ ခန္ဓာရှိယင် လုပ်ရတာဘဲ၊ သမ္မာအာဇီဝနဲ့ လုပ်ယင် အပြစ်မရှိပါဘူး၊ ကောင်းသော အသက် မွေးခြင်းနှင့်

မွေးယင် အပြစ်မရှိပါဘူး ဆိုတာလဲ သဘောကျကြပြီနော်....
(မှန်ပါ့ဘုရား)။

ထိုသို့လျှင် အပြစ်ပင်မရှိငြားသော်လဲ ဒါနကလေးလောက်နဲ့ သီလကလေးကနဲ့ တင်းတိမ်ပြီးသကာလ မနေပါနဲ့ဦးဆိုတာဈာယထ= ဝိပဿနာရှုကြ၊မာပမာဒတ္ထ=မေ့လျော့ပေါ့ဆ၍ မနေလိုက်ပါနဲ့ကွာ ဆိုတာကလေးဟာထပ်ကာထပ်ကာမှာပြန်တော့ ဒီဟာကလေးမျှား လောက်နဲ့တင်းတိမ်ပြီး မနေ လိုက်ပါနဲ့ဦးကွဆိုတဲ့ အဓိပ္ပါယ်လဲ ရှင်းလင်းသွားတော့တယ်.... (မှန်ပါ့)။

ဒါဖြင့်-တကာတကာမတို့ သေခါနီး ကျလာတဲ့ အခါကျမှ မောင်ကလဲမကယ်နိုင်၊ ဖေါ်းကလဲမကယ်နိုင်၊ လက်ဝတ်လက်စားတွေကလဲ မကယ်နိုင်၊ သား လင် ခင်ပွန်းတွေကလဲ အနားကနေပြီး ဘာအလိုရှိတယ်လို့ ပြောတာလဲ ကိုယ်ကမကြား ကြားပြန်တော့လဲ ဘာမှမပေးနိုင်၊ ကိုယ်လမ်းက သွားရမည့်လမ်းကြီးက အပါယ်လေးပါးကြီးက ဖြောင့်ပြီး သကာလ နေတော့သြော်-ဘယ်နှယ်လုပ်ရပါ့မတုံး အခက်ဖြင့်ကြုံပေါ့ဆိုပြီးမျက်ရေတွေ ကျတယ်....(မှန်ပါ့)။

တကာတကာမတွေ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)မဆိုဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

ဒါဖြင့် ဒီထဲတကာတကာမတွေအားလုံး ဘုန်းကြီးတို့တွေကြတဲ့ တကာတကာမတွေ ဒီကိစ္စဟာ တွေ့ရမည့်ကိစ္စ၊ ကြုံရမည့်ကိစ္စ၊ ဆုံရမည့်ကိစ္စဆိုတာ ငြင်းဘို့လိုသေးသလား....(မလိုပါဘူးဘုရား)သေခါနီးလေ... (မှန်ပါ့)။

သေခါနီး မရဏာသန္နဇော စောမည့် ကိစ္စတွေကို တကာ တကာမတို့ ငြင်းစရာ မရှိပါဘူး....(မရှိပါဘူးဘုရား)။

လူတိုင်း တွေ့ရမည့်ကိစ္စ ယုတ်စွအဆုံး ဘုန်းကြီး ပြောပြပါ မယ် တကာတကာမတို့ အင်မတန် ထက်လှစွာသော သင်ခန်းဖျား ပေါ်မှာ နားနေတဲ့ ယင်ကောင်ကလေးကို ဒုတ်ကလေးနဲ့ ထိုး လိုက်တာကောင်မှသူသွားရာ လမ်းခရီး သေရမည့်နိမိတ် မြင်သေး တယ်ဆိုတော့ ဦးခင်မောင် ကုန်ရော့ပေါ့.... (မှန်ပါ့) မကုန်ဘူး လား....(ကုန်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေကို စား သောက် ပျော်ပါးပြီးသကာလ ကွဲးဝါပြီးသကာလ နေမှကို ဘုန်းကြီးတို့သည် မုဒိတာဖြစ်ပါတယ်၊ မုဒိတာဆိုတာ ဝမ်းသာ ပါတယ်ပြောတာပါနော်....(မှန်ပါ့ဘုရား)။

သို့သော် ဒါလောက်နဲ့ တင်းတိမ်ပြီး နေမှာကိုတော့ စိုးရိမ် ပြန်တယ်ဆိုတာလဲ သဘောကျပလား....(ကျပါပြီဘုရား)။

ဝမ်းလဲမြောက်ပါတယ် နော်....(မှန်ပါ့) စိုးရိမ်တာကော.... (စိုးရိမ်ပါတယ်ဘုရား)စိုးရိမ်စရာလဲရှိပါတယ်ဆိုတာ သေချာကြ ပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေအတွက် ကျန်း မာချမ်းသာပြီး သကာလ ကာလကောင်း ဒေသကောင်းမှာဘဲ လူဖြစ်လာလို့ ကိုယ့်အိုး ကိုယ့်အိမ်နဲ့ ကိုယ့်တိုက် ကိုယ့်တာ ကိုယ့်ကားတွေနဲ့ နေကြထိုင်ကြတာတွေကိုလဲ အလွန်ဘဲ ဝမ်းသာ ပါတယ်။သူတို့ကာမဘဝစရရှိကြပေတယ် ဆိုပြီး ဝမ်းသာပါဘယ် (မှန်ပါ့ဘုရား)။

ဝိပဿနာ အလုပ် မလုပ်တော့ ဘုန်းကြီးတို့က ဝမ်းမသာပြန်ဘူး....(မှန်ပါ့ဘုရား) ဝမ်းမသာတာက ဘာဖြစ်လို့တုံး ဆိုလို့ ရှိယင်ဖြင့်....တဲ့၊ အဟောင်းတွေ ခံစားပြီး သကာလ အသစ်သွားရာလမ်းခရီးကြီးကို အဖြောင့် မလုပ်ထားမိတဲ့အတွက် အကောက်လုပ်နေတယ်လို့ ဆိုပြီး ဝမ်းနည်း မိတယ်....(မှန်လှပါ ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဩော်....ဒါ အဟောင်းတွေကတော့ အင်မတန်ကောင်းပြီး သကာလ လာငြားလဲ အသစ်သွားရမည့် လမ်းခရီးက လမ်းကောက်ကြီးသာ လုပ်နေကြတယ်၊ လမ်းဖြောင့်ဆိုတဲ့ "ဧ ကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဆိုတဲ့ ဝိပဿနာမဂ်-လောကုတ္တရာမဂ်လမ်းကြီးကို တကာတကာမတွေက မစီစဉ်ကြ မလုပ်ကိုင်ကြတော့-ဩော်....သူတို့သည် အဟောင်းသာ ခံစားနေကြတယ်၊ အသစ် လမ်းမမြင်ကြပါလား ဆိုပြီးသကာလ ဘုန်းကြီးများက တကာတကာမတွေ လိုတာဖြည့်ပေးနေတယ်ဆိုတာကိုဘဲကျေနပ်ကြရဲ့လား....(ကျေနပ်ပါတယ်ဘုရား)လိုတာ ဖြည့်ပေး နေပါတယ် တကာတကာမတို့....(မှန်ပါ့)။

အဲဒီတော့ ဒို့ဘာလို နေပါ လိမ့်မတုံး....ဆိုတော့ ခန္ဓာဥာဏ်ရောက်တဲ့ အလုပ်လိုနေတယ်.... (မှန်လှပါဘုရား) ဘာလိုပါလိမ့် (ခန္ဓာဥာဏ်ရောက်တဲ့အလုပ် လိုပါတယ်ဘုရား) ခန္ဓာဥာဏ်ရောက်တဲ့ အလုပ်လိုနေပါတယ်ဆိုတာ ဒါကြောင့် ဘုရားက-

ဈာယထ=ခန္ဓာပေါ်၌ ဝိပဿနာ ရှုကြ၊ မာပမာဒတ္ထ=မေ့လျော့ ပေါ့ဆ၍ မနေလိုက်ပါနဲ့ ကွ ပစ္ဆာ=သေရာညောင်စောင်းလျောင်းစက်တဲ့အခါ ကာလကျမှ၊ ဝိပ္ပဋိသာရိနော= ဩော်....ငါဖြင့် အမှားကြီး မှားခဲ့ပြီဟု နှလုံးမသာယာခြင်း မျက်ရေကျ

ခြင်း ရှိကုန်သည်။ မာအဟုဝတ္ထ =မဖြစ်ကြကုန်လင့် ....လို့ဟော တော်မူတယ်နော်....(မှန်ပါ့)။

ဝိပဿနာ ရှုထားတော့ မဖြစ်တော့ဘူးတဲ့ (မှန်ပါ့) မျက်ရေ ကျခြင်း၊ နှလုံးမသာယာခြင်း၊ ဒါတွေ့ မလာတော့ ဘူးတဲ့ - တကာ တကာမတို့ (မှန်ပါ့) ကိုယ်သွားရာ လမ်းခရီး အဖြောင့် ကြီး ဖြောင့်ပြီး သကာလ ပြုံးများတောင်နေလိုက် သေးတယ်— (မှန်ပါ့)။

ပြုံးများတောင် သေခါနီး တကာတကာမတို့ ပြုံးများ တောင် သေလိုက်သေးတယ်လို့ တနေ့ကလဲ ပြောခဲ့တယ် မဟုတ် လား....(မှန်ပါ့ဘုရား)။

ဒါ-အလုံပ်-လုပ်ထားတဲ့ ပုဂ္ဂိုလ်မို့ ပြုံးပြီး သကာလ သေရ တယ် ဆိုတာ သူ့နိမိတ်ကလဲတယ်ကောင်းတယ်(မှန်လှပါဘုရား) သူ့နိမိတ်က သူ့ရထားစီးပါ ငါ့ရထားစီးပါနဲ့ ကောင်းကင် လဲခေါ်နေကြတယ်။

တနည်းအားဖြင့်လဲ မဂ်လေးတန် ဆိုက်သွားလို့ ရှိယင်လဲ နိဗ္ဗာန်ကြီးကို မြင်နိုင်တဲ့ စွမ်းရည်သတ္တိက ရှိပြီးသား ဖြစ်သော ကြောင့် နဂိုရိုက မြင်ထားတဲ့နိဗ္ဗာန်ဘဲ့ ကိုယ်က သွားရမှာဖြစ်နေ တော့ အင်း-ခန္ဓာဝန်ကြီးကျတာ ဝဋ်ကျွတ်ပေပေါ့ဆိုပြီး ခုနင်က သေခါနီး ဝမ်းများတောင် သာလိုက်သေးတယ် ဦးခင်မောင်ရေ (မှန်လှပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ဝိပဿနာအ လုပ်မည်မျှလောက် အရေးကြီးတယ်ဆိုတဲ့ဒါဖြင့် ယနေ့စ,ပြီးတရား ပြောလိုက်ကတည်းကိုက သြော်- မလုပ်မဖြစ်တဲ့အထဲ ဝိပဿနာ

အလုပ်ဟာ အပါအဝင်ကြီးပါကလားဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

သာမည မှာတာလား-တထောင်ခုနစ်ရာ့ကိုးဆယ်နဲ့ နှစ်ကြိမ်တောင် မှာတာလား ဆိုတာလဲ စဉ်းစား ကြည့်ပါဦး-(တထောင့် ခုနစ်ရာ့ကိုးဆယ် နှစ်ကြိမ်မှာတာပါဘုရား)။

ဝိဿနာရှုကြဟော့....မေ့မနေကြနဲ့ကွ၊ သားရေး-သမီးရေး-စီးပွားရေးတွေကြောင့် မအားလို့ ဆိုပြီးသကာလ မင်းတို့မနေလိုက်ကြပါနဲ့၊ မင်းတို့ တွေ့ရမည့်လမ်းကြီးက ဒီသားရေး-သမီးရေး-စီးပွားရေးနဲ့သာ အချိန်ကုန်ပြီးသကာလ နေကြတော့မယ် ဆိုလို့ရှိယင်ဖြင့်-တဲ့၊ ငါဘုရားစကား နားမထောင်တဲ့ အတွက် သေခါနီး မျက်ရေကြီးငယ် ကျရလိမ့်မကွ....(မှန်လှပါ)။

ဦးခင်မောင် ဘယ်လောက် ကြောက်စရာ ကောင်းသလဲ.... (ကြောက်စရာကောင်းပါတယ်ဘုရား) အင်မတန် အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်ကြီးက ပြောတယ်ဆိုတာလဲ မောင်ထွန်းလှိုင်တို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သာမည ပုဂ္ဂိုလ်က ပြောတာလား-အမြင်အကျယ်ဆုံးပုဂ္ဂိုလ်က ပြောတာလား....(အမြင်အကျယ်ဆုံး ပုဂ္ဂိုလ်က ပြောတာပါဘုရား)။

အမြင်အကျယ်ဆုံး ပုဂ္ဂိုလ်က ပြောတာဖြစ်နေတော့ ကျုပ်တို့က ပေါ့ပေါ့ကလေး နားနဲ့ထောင်ပြီးသကာလ အိုး....သူမျှားလဲ ဒီလိုနေတာဘဲ၊ ကိုယ်လဲ ဒီလိုနေကြတာဘဲ ဆိုပြီး ဒီဆင်ခြေတွေ့မလဲလိုက်ပါနဲ့ ကိုယ့်ကိုယ်-ကိုယ် သနားလိုက်ပါ....(မှန်လှပါဘုရား)။

ကိုယ့်ကိုယ်-ကိုယ် သနားပြီး ကဲ-ငါဖြင့် အရယူပါတော့မယ် ဘုရားအရေးတကြီးပြောတာ အရေးကြီးအောင်ဘဲ ဂရုစိုက်ပါတော့မဟ ဆိုတဲ့ စိတ်ကလေး ယနေ့ကစပြီး မွေးလိုက်စမ်းပါနော်....(မှန်လှပါဘုရား)။

ဘုရားက အရေးကြီးတယ် ဆိုလို့ရှိယင်ဖြင့် ငါသည် အရေးကြီးတဲ့ ဒီအလုပ်ကြီးကို လုပ်ပါတော့မယ် ဆိုတဲ့ စိတ်ကိုဖြင့် မွေးဖြစ်အောင် မွေးပါဆိုတာ တကာတကာမတွေအား တိုက်တွန်းရပြန်တယ်....(မှန်ပါ့ဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးသည်ကားလို့ ဆိုလို့ရှိယင် ခဏခဏ တကာ တကာမတွေ့ ပြောတယ်၊ တကာတကာမတို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးဟာ ၄၅-ဝါတည်း တရားဟောရတယ်၊ သူများဘုရားလိုလဲ သောင်းတမ်း သိန်းတမ်း ပုဂံတာမဟုတ်တော့ ကဗျာကရာ ပြောရတော့ စကားတောင် နှစ်ခွန်းမပြောတဲ့ ကိုယ်တော်ကြီး ဦးခင်မောင်ရေ (မှန်လှပါဘုရား)။

အဲဒီ-နှစ်ခွန်းမပြောတဲ့ ကိုယ်တော်ကြီးဟာတထောင့်ခုနစ်ရာ့ကိုးဆယ်နဲ့ နှစ်ကြိမ်တိုင်တိုင် မောင်ထွန်းလှိုင် မှာတော်မူတယ် ဆိုတော့ သာမည အရေးကြီးလို့လား-အလွန်အလွန် ကရုဏာပိုလို့လား ဆိုတာစဉ်းစားကြပါတော့(ကရုဏာပိုလို့ပါဘုရား)။

အလွန်အလွန် ကရုဏာ ပိုလွန်းလို့ ဩော်....အလွန်အလွန်လဲ အရေးကြီးလွန်းလို့၊ဒီအရေးသည်ကားလို့ဆိုယင် တကာတကာ မတွေအထပ်ထပ်မပြောလို့ရှိယင်ဖြင့်အမေ့ကြီးမေ့ပြီးသကာလ အိပ်ရာသေရာ ညောင်စောင်းပေါ်မှာ မျက်ရေကြီးငယ် ကျပြီး

သကာလ အပါယ်လေးပါးလဲ လွတ်မှာ မဟုတ်ဘဲနဲ့ သွားရရှာတော့မယ်ဆိုတာ ကိုယ်တော်မြတ်ကြီးသည် အင်မတန် သနားတော်မူတယ်....(မှန်လှုပါဘုရား)သနားတော်မူတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာဝရေ- ဘယ်အလုပ်ဟာ မလုပ် မဖြစ်တဲ့ အလုပ်ပါလိမ့် (ဝိပဿနာအလုပ်ဟာ မလုပ် မဖြစ်တဲ့အလုပ်ပါဘုရား) နောက်က တကာတကာမတွေ့ ဘယ်အလုပ်ပါလိမ့်- (ဝိပဿနာအလုပ်ပါဘုရား)။

မလုပ် မဖြစ်ဘူးဆိုတာ ခင်ဗျားတို့ ဆရာဘုန်းကြီးကလဲအရင်းအခြာတွေ့ ထားပြီးသကာလ ပြောကြားနေတာကလဲတကြောင်းဘုရားကလဲ တထောင့်ခုနစ်ရာ့ကိုးဆယ် နှစ်ကြိမ်တိုင်တိုင် မလုပ်ယင်မဖြစ်ဘူးကွ၊ဒီအလုပ်မှာဘဲ နေရာကျမယ်ကွဆိုတဲ့ဥစ္စာမှာတော်မူတာကလဲ တကြောင်း ဖြစ်သောကြောင့် ငါတို့ သာမညတရားနာရုံကလေး၊ ဒီတရားအတိုင်း လိုက်နာဘို့အလုပ်ကို ငါလုပ်ဦးမှဘဲ ဆိုတာ မပါဘဲနဲ့ဖြင့် မတော်ကြဘူးပေါ့ဗျာ(မှန်ပါဘုရား)

တရားနာတာ ကုသိုလ်ရတာ မှန်ပါတယ် တကာတကာမတို့နော်-(မှန်ပါ့)မှန်ပင်မှန်ငြားသော်လဲကုသိုလ်ရရုံကလေးနဲ့ မတင်းတိမ်ဘဲနဲ့ တခါတည်း ခန္ဓာဇာတ်သိမ်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကို အရောက်သွားလိုက်လို့ ရှိယင် ကောင်းလိမ့်မယ် ဆိုတာ မှတ်ထားကြပါနော်....(မှန်ပါ့)။

ခန္ဓာဇာတ်သိမ်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မရောက်သေးသ၍ကာလပတ်လုံး တကာတကာမတို့ အိုပဲ့ နာပဲ့ သေပဲ့ဟာကျုပ်တို့ဆင်ရမည့် ပဲ့ချည်းဘဲဆိုတာ ဦးခင်မောင် ရိပ်မိပလား....(ရိပ်မိပါပြီ)။

ခန္ဓာရှိနေယင် ဘယ်နေရာအိုပြီတဲ့၊ဘယ်နေရာ နာပြီတဲ့၊ ဘယ်နေရာ သေပြီတဲ့ဆိုတဲ့ အသံးတွေက ကြားရတော့မယ်....(မှန်ပါ့ဘုရား)။

သူများကြားရတာ မကြားရတာက တကာ တကာမတွေ အရေးမကြီးပါဘူး၊ ကိုယ်တွေ့ဖြစ်ရမှာသာ ဝမ်းနည်းစရာ သိပ်ကောင်းတယ်....(မှန်ပါဘုရား)။

သူများကြားတာ မကြားတာကတော့ သြော်....ဖြစ်မှဖြစ်ရပလေတယ်၊ ကျုပ်ဖြင့် ဒီလိုဖြစ်လိမ့်မယ်လို့ မထင်ဘူး၊ ဒါဘာမှ မဆိုင်ဘူး တကာတကာမတွေ လောကတ်တွေကို ဂရုစိုက်မနေနဲ့ ကိုယ်ကိုယ်တိုင် ခံရမည့်ဒုက္ခကြီး ကိုယ်ကိုယ်တိုင် ဉာဏ်နဲ့ ဇာတ်သိမ်းပါဆိုတာသာ အရေးကြီးပါတယ်....(မှန်ပါ့ဘုရား)။

ကိုယ်ကိုယ်တိုင် ခံရမည့် ဒုက္ခကြီးကို....(ကိုယ်ကိုယ်တိုင် ဇာတ်သိမ်းဘို့ အရေးကြီးပါတယ်ဘုရား)ကိုယ်ကိုယ်တိုင် ဉာဏ်နဲ့ ဇာတ်သိမ်းရမည့် အလုပ်သာလျှင် တကာတကာမတို့ အရေးကြီးတယ်ဆိုတာ မှတ်စမ်းပါနော်....(မှန်လှပါဘုရား)။

အဲဒီတော့ ဒီနေရာမှာ ဘာဉာဏ်တုံးဆိုလို့ ရှိယင် ဝိပဿနာဉာဏ် မဂ်ဉာဏ်ကို ဆိုပါတယ်....(မှန်ပါ့ဘုရား)။

အဲဒါသည်ကားလို့ ဆိုလို့ ရှိယင် ကွာ-တဲ့ သေရာ ညောင်စောင်း လျောင်းစက်တဲ့အခါကျတော့မှ မျက်ရေကြီးငယ် ကျပြီး နှလုံးမသာယာခြင်း ရှိကြကုန်သည်။ မာအဟုဝတ္ထ= မဖြစ်ကြကုန်လင့်။အယံ=ဤဆိုအပ်ခဲ့သော စကားသည်။ ဝေါ-တုမှာကံ= သင်ချစ်သားတို့အား။ အမှာကံ=ငါဘုရားတို့၏။ အနုသာသနီ= အကြီးအကျယ်ဆုံးဖြစ်တဲ့ အဆုံးအမပါဘဲ။

မင်းတို့အကြီးဆုံး ဆုံးမတာဟေ့နော်....ပေါ့ပေါ့ နားနဲ့ မထောင်လိုက်ပါနဲ့....(မှန်ပါဘုရား)။

ဦးဝ ဘာတဲ့တုံး....(ပေါ့ပေါ့ နားနဲ့ မထောင်လိုက်ပါနဲ့) ပေါ့ပေါ့နားနဲ့ မထောင်လိုက်ပါနဲ့ ဆိုတော့ တကာတကာမတွေ့ အလွန်ကိုဘဲ အရေးကြီးနေပေါ့ဆိုတာ မှတ်ရပါလိမ့်မယ်နော်....(မှန်ပါ့)။

အဲဒီတော့ ဒီ-တကာတကာမတွေကလဲ ဘုန်းကြီးက အရင်းအခြာတွေဖြစ်ပြီးသကာလ နဲ့တော့ ဩော်.... ဒီ-တကာတကာမတွေ့ သူတို့ကတော့ဖြင့် မသိရှာဘူး အရေးကြီးတဲ့ အလုပ်မှာ သူတို့ ကိုယ်ပိုင်က မရှိသေးပါကလားဆိုတာက သိရလိမ့်မယ်နော်.... (မှန်ပါ့)။

အရေးကြီးတဲ့အလုပ် ကိုယ်ပိုင်မရှိသေးသ၍ ကာလပတ်လုံးလူချင်းသာဖုံးလို့ရတယ်၊သေခါနီး ဖုံးလို့ရပါ့မလား....(မရပါဘူးဘုရား)။

ဦးခင်မောင်ရေ လူချင်းတော့်ဖြင့် ကျုပ်လဲ ပုတီးလဲ စိပ်ပါတယ်၊ ညလဲထိုက်တန်သလောက်လဲ တရား နှလုံးသွင်းပါတယ် ဆိုတာ လူချင်းညှော့်ခံတဲ့စကားတွေပါ-(မှန်ပါ့ဘုရား)ကိုယ်ကိုယ်တိုင် အဖြစ်အပျက်ကိုမြင်ပြီးသကာလ ဒုက္ခခန္ဓာကိုယ်၏ အဖြစ်အပျက်တွေမြင်ပြီး ခန္ဓာကိုယ်၏ အဖြစ်အပျက်တွေ့ မုန်းလို့ခန္ဓာကိုယ်ကြီးဖြင့် ဥာဏ်ထဲမှာဘဲ ဆုံးသွားတဲ့ အခြေ အနေ ရောက်အောင် ငါအလုပ်ကို လုပ်လိုက်မှသာလျှင် ဟာ-ငါဖြင့်မျက်ရေကြီးငယ်ကျစရာ ဇာတ်သိမ်းပေါ့ဟ-လို့ ဝမ်းသာစရာပေါ့ဗျာ.... (မှန်လှပါဘုရား)။

ဒါ့ကြောင့် ဒီအလုပ်ကို ကိုယ့်ခန္ဓာကိုယ်၏အဖြစ်အပျက်ကို လဲ နေ့စဉ်နဲ့အမျှ မုန်းအောင်လုပ်၊ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာ အစစ်ဘဲဆိုပြီး ဆုံးဖြတ်ချက် ချလိုက်ရလို့ရှိယင်ဖြင့် ခန္ဓာကိုယ် ဒုက္ခသစ္စာချုပ်ငြိမ်းသွားလိမ့်မယ်....(မှန်ပါ့ဘုရား)။

ချုပ်ငြိမ်းသွားလို့ရှိယင် "ဒုက္ခဿ အန္တံ ကရိဿတိ" ဆိုတဲ့ အတိုင်း ဒုက္ခဿ= ဒုက္ခ၏၊ အန္တံ= အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို၊ ကရိဿတိ=သစ္ဆိ ကရိဿတိ=မျက်မှောက်ပြုနိုင်လိမ့်လတ္တံ့ လို့ သံယုတ်ပါဋ္ဌိတော် အရုဏဝတီသုတ်မှာ သေသေချာချာ ဟောထားတယ်။

ဒုက္ခဆုံးတဲ့ နိဗ္ဗာန်ကိုမြင်အောင် လုပ်ထားလို့ရှိယင်ဖြင့်တကာ တကာမတို့ သေရာညောင်စောင်း လျောင်းတဲ့ စက်တဲ့အခါမှာ မျက်ရေကြီးငယ် မကျဘဲနဲ့ပြုံးများတောင် နေလိုက်ရသေးတယ် ဆိုတာလဲ ရှိပါသေးတယ်နော်....(မှန်ပါ့)။

ဒါ့ကြောင့် တကာ တကာမတွေ ပြုံးသေ အလုပ်ကိုဖြင့် ကိုယ့်အရေးဖြစ်သောကြောင့်လုပ်ကြစမ်းပါ၊မဲ့သေအလုပ်ကဖြင့် ဆိုးဝါးလွန်းလို့ ဆိုတာလဲ တကာဝ ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)အားလုံး တကာတကာမတွေ ရိပ်မိကြရဲ့လား....(ရိပ်မိပါ တယ်ဘုရား)။

ကိုင်း....ဘယ်လို လုပ်မှသာလျှင် ဒီပြုံးသေ အလုပ်ကြီးနဲ့ ဒို့ သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်အသေကောင်းဖြစ်ရမလဲဆိုတာကို ရိပ်မိတဲ့ အခါကျလို့ယင် ဝိပဿနာအလုပ်- လုပ်ကြရလိမ့်မယ်- (မှန်ပါ့)။

မလုပ်တတ်လို့ရှိယင်ဖြင့် ဘုန်းကြီးများက မသိ-သိအောင် ပြောမည့်နည်းတွေ ကေန်ရှိပါတယ်-(မှန်ပါ့) ခင်ဗျားတို့ကသာ

သားရေး သမီးရေး စီးပွားရေးကြောင့် ဆင်ခြေတွေ့မလဲလိုက်ပါနဲ့.ဆိုတာကိုသာ ဦးခင်မောင် ပြောရတယ်(မှန်လှပါဘုရား)

ခင်ဗျားတို့ လဲတဲ့ဆင်ခြေတွေဟာ ခင်ဗျားတို့နစ်နာဘို့သာမှတ်ပါ-(မှန်ပါဘုရား)သဘောကျပလား....(ကျပါပြီ) ခင်ဗျားတို့ လဲတဲ့ဆင်ခြေဟာ....(တပည့်တော်တို့ နစ်နာဘို့ပါဘုရား)။

ခင်ဗျားတို့ လဲတဲ့ဆင်ခြေဟာ ဘာတုံးလို့ မေးတဲ့အခါ ကျွတော့ တပည့်တော် မအားလို့ဘုရား၊ စိတ်ထဲကတော့ ဒီအလုပ်လုပ်မယ်လို့ ရည်ရွယ်ချက်ရှိပါတယ် ဆိုတော့ မအားလို့မလုပ်ပါဘူး၊ မအားတာ ဘာ-မအားတာတုံး- ဆိုတော့ အို—ငွေရှာရတဲ့အလုပ်ကြောင့် မအားဘူး၊ သားသမီး ထိန်းကျောင်းရတဲ့အလုပ်ကြောင့်.... (မအားပါဘူး)။

ငွေရှာတယ် ဆိုတာလဲ လောဘထိန်းတဲ့အလုပ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ငွေရှာတာဆိုတာ ဘာပါလိမ့် (လောဘထိန်းတဲ့အလုပ်ပါဘုရား) သားရေး သမီးရေး စီးပွားရေးကြောင့် မအားတယ်ဆိုတာ သူတို့ ခင်မှ မင်မှဆိုတဲ့ လောဘအလုပ် (မှန်ပါ့)။

ဒါဖြင့် တဏှာခိုင်းလို့ အချိန်ကုန်နေတာ၊ ဝိပဿနာဉာဏ်ပါသေးရဲ့လား.... (မပါ-ပါဘူးဘုရား) ဒါဖြင့် အကုသိုလ်နဲ့အချိန်ကုန်နေတယ်ဆိုယင် လဲပါ့မလား.... (မလဲပါဘူး)။

အဲဒါ ခင်ဗျားတို့ ဆင်ခြေလဲတာသည် သေခါနီး မျက်ရေကျဘို့ လဲတာ(မှန်ပါ့ဘုရား) ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (တပည့်တော်တို့ ဆင်ခြေလဲတာ သေခါနီး မျက်ရေကျဘို့ပါဘုရား)။

ဒါဖြင့် ကိုယ် ဆင်ခြေက တကာ တကာမတို့ ဖုံးလို့ ဖိလို့ လုံတာလား.... ကိုယ်-ကိုယ်တိုင် အရှက်တကဲ့ အကျိုးနည်း ဖြစ်ရမှာလား.... (ကိုယ်-ကိုယ်တိုင် အရှက်တကဲ့ အကျိုးနည်း ဖြစ်ရမှာပါဘုရား)။

ကိုယ်-ကိုယ်တိုင် အရှက်တကဲ့ အကျိုးနည်း ဖြစ်ရမှာဖြစ်နေတော့ ဦးခင်မောင်ကြီးလဲ ကြီးကြပြီနော် (မှန်လှပါ)အားကိုးရာ အစစ်ကလေး ကိုယ်ပိုင်ကလေး ရ-ထားယင် မကောင်းလားဗျာ.... (ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ဒီနေ့ အားကိုးရာအစစ် ကိုယ်ပိုင်တွေ့ရအောင် ဒီနေ့ တကာ တကာမတို့ကို....တဲ့၊ အလုပ်တရားကိုဘဲ မနေ့က အတိုင်းဆက်ပြီးသကာလ ပြုရတော့မယ်....နော်....(မှန်ပါ့)။

ကောင်းပြီ တကာ တကာမတို့ လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးလို့ မေးတဲ့အခါ လူမိုက်က ဦးခင်မောင်ရေ သံသရာဆက်တယ် (မှန်လှပါ)လူလိမ်မာက....(သံသရာပြတ်ပါတယ်ဘုရား)။

လူမိုက်နဲ့ လူလိမ်မာ ဘာထူးပါလိမ့်.... (လူမိုက်က သံသရာဆက်ပါတယ်၊ လူလိမ်မာက သံသရာပြတ်ပါတယ်) လူလိမ်မာက သံသရာပြတ်တယ်နော်....(မှန်ပါ့)။

ကိုင်း—ဒါဖြင့် လက်တွေ့ကလေးကြည့်တာပေါ့ဗျာ၊ ဒီဘက်က အဝိဇ္ဇာ၊ သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာ နော်.... (မှန်ပါ့) ဒီဘက်က ဘာပါလိမ့်.... တဏှာ (မှန်ပါ့)။

ဩော်....ဒါဖြင့် အတိတ်ဘဝက အဝိဇ္ဇာတဏှာကြောင့် ဒီဘဝမှာ ဘုန်းကြီးတို့ တကာ တကာမတွေမှာ အဝိဇ္ဇာတဏှာ တည်ထောင်လိုက်တာ ခန္ဓာငါးပါးကြီး လှလှကြီး ရလာတယ်၊ ခန္ဓာ

ငါးပါး ပေါ်မလာဘူးလား.... (ပေါ်လာပါတယ် ဘုရား) အင်း....ဘယ်သူမျှား တည်ထောင်လိုက်ပါလိမ့်....(အဝိဇ္ဇာတဏှာ တည်ထောင်ပါတယ်ဘုရား)။

အဝိဇ္ဇာတဏှာ တည်ထောင်ယင် အဝိဇ္ဇာက မသိ၊ တဏှာက လူ့ဘဝ ရ-ရပါလို၏လို့.... ဆုတောင်းလိုက်တဲ့ အခါကျတော့ ကုသိုလ်ကံကလဲ ပုညာဘိသင်္ခါရကလဲ အကူအညီ ပေးလိုက်တဲ့ အခါကျတော့ ကြည့်စမ်း တကာ တကာမတို့ အခုတရားနာနေကြတာ ခန္ဓာငါးပါးတွေ အကုန်ဖြစ်နေတယ် (မှန်ပါ့) အခုတရားနာကြတာတွေ ဘယ်သူ့ဘုရားလိမ့်.... (ခန္ဓာငါးပါးတွေပါဘုရား)။

သြော်.... ခန္ဓာငါးပါးတွေနော်.... (မှန်ပါ့) ဘယ်ကမျှားလာကြပါလိမ့် ဒီ တကာ တကာမတွေ ဒီလောက်များတာ ဘယ်ကမျှား လာပြီးသကာလ လာကြလို့ လူ့ပြည် ဒီလောက်များနေပါလိမ့်မတုံး.... မေးတဲ့အခါကျတော့မှ လာကြောင်းကို ယခု ရှေ့က နှစ်ခုပြထားတယ် (မှန်ပါ့) အဝိဇ္ဇာ သင်္ခါရကြောင့်.... (မှန်လှပါဘုရား) ဘယ်လိုမှတ်ကြမယ်....(အဝိဇ္ဇာသင်္ခါရကြောင့် ပါဘုရား)။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ–သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏံ"ဆိုတဲ့အတိုင်း ခန္ဓာငါးပါး ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာကို တပေါင်းတည်း ပြလိုက်ပါတယ် (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တာတပေါင်းတည်း ဦးခင်မောင်ရေ.-(မှန်လှပါ)။

ပဋိစ္စသမုပ္ပါဒ်မို့ သုတ္တန်နည်းမို့ သီတန်းပြီးသကာလ ပန်းသီသလို ပြတာပါ (မှန်ပါ့) ဖြစ်စဉ်ကတော့ ပေါင်းဖြစ်တာပါ။ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

စာဆိုမှာ တန်းငြားသော်လဲ ကျုပ်တို့ အမိဝမ်းခေါင်းထဲ ဖျတ်ကနဲ ရောက်တော့ ငါးပါးလာရောက်တယ်.... (မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) စာဆိုကတော့ တန်းမပြဘူးလား.... (ပြပါတယ်ဘုရား)။

သခ်ါရပစ္စယာ ဝိညာဏံ—မှာ ဝိညာဏ်က အရင်ဖြစ်ရတယ်၊ ဝိညာဏ်ဖြစ်ပြီးမှ နာမ်ရုပ် ဖြစ်ရတော့မလိုလို၊ နာမ်ရုပ်ပြီးမှ သဠာယတန၊ သဠာယတန ပြီးမှ ဖဿ၊ ဖဿပြီးမှ ဝေဒနာတို့.... ဒီလို ငါးခါလောက် ဖြစ်ရတော့မလို ဖြစ်နေတယ်(မှန်လှပ့ါဘုရား)။

သုတ္တန်နည်းမို့ စာမို့တန်းပြီး ပြလိုက်တာလို့ မှတ်ပါ(မှန်လှပါ) ဖြစ်စဉ်လိုက်တော့ ဘဝကနဲ့ ခန္ဓာငါးပါး အမိဝမ်းခေါင်းထဲ ပေါ်လာတယ် (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) ဖြစ်စဉ်အားဖြင့်တော့.... (ခန္ဓာငါးပါးလုံး တပြိုင်နက် ပေါ်ပါတယ်)။

ဘဝကနဲ့ ခန္ဓာငါးပါး တပေါင်းတည်းပေါ်တာ၊ ပဋ္ဌဝေါကာရဘုံလို့ ဆိုတာ ဦးခင်မောင်တို့လဲ ကြားဘူးပါလိမ့်မယ်၊ (မှန်လှပါဘုရား)။

ပဋ္ဌဝေါကာရဆိုတာ ခန္ဓာငါးပါး ပေါင်းစုပြီး သကာလ ဦးဝတို့ မောင်ထွန်းလှိုင်တို့ ဖြစ်တယ်ဆိုတာ မသေချာဘူးလား.... (သေချာပါ့တယ်ဘုရား)။

အဲဒီတော့ ပဋိသန္ဓေကတည်းက ဒီခန္ဓာငါးပါးကြီး ဖြစ်လိုက် ပျက်လိုက်–ဖြစ်လိုက် ပျက်လိုက်နဲ့ လာခဲ့တာ ယခု တရားနာတဲ့ အချိန်မှာလဲ ဒီ ခန္ဓာငါးပါးဘဲ ရှိပါတယ် (မှန်ပါ့ဘုရား)။

အခု တရားနာနေကြတာ ဘယ်သူတွေပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား) ဩော်....ယောက်ျားတွေ မိန်းမတွေ မပါပါဘူးနော်.... (မှန်ပါ့) နဂိုရ်လုပ်တုန်းကမှ မပါခဲ့ဘဲကိုး.... တကာ တကာမတွေ ယခုမှ ပါချင်လို့ မဖြစ်ပါဘူးနော်.... (မှန်ပါ့ဘုရား)။

သမုတိသစ္စာအားဖြင့်တော့ ထားလိုက်တာပေါ့ဗျာ၊ ပရမတ္ထသစ္စာအားဖြင့် ခန္ဓာငါးပါးဘဲ အဝိဇ္ဇာ သင်္ခါရက၊ လုပ်လိုက်တဲ့ အတွက် ဦးဝ ယခုလဲ ခန္ဓာငါးပါးဘဲ ရှိမှာဘဲ (မှန်ပါ့) တကာ တကာမတို့ ယခုလဲ ဘာပါလိမ့်....(ခန္ဓာငါးပါးပါဘဲဘုရား)။

ခန္ဓာငါးပါးဘဲ ရှိတယ်ဆိုတာ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာလို့ ဆိုတဲ့ ခန္ဓာငါးပါးနဲ့ ယခု တရားနာပြီးသကာလ နေကြတယ်....နော်....(မှန်ပါ့)။

ပဋိသန္ဓေ နေတုန်းကလဲ ဒီငါးပါးနဲ့ နေခဲ့ရတယ်၊ ယခုအခါလဲ ဒီငါးပါးရှိနေသေးတယ် (မှန်ပါ့)။

ဒီငါးပါးဘဲ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်နဲ့ ယခု အချိန်ကျလာအောင်ဘဲ ငါးပါးဘဲ၊ ငါးပါးပျက်လို့ ငါးပါး အစား ထိုးထားတယ်ဆိုတာလဲ ဦးခင်မောင် သိလောက်ပါပြီ (မှန်ပါ့ဘုရား)။

ပဋိသန္ဓေ နေတုန်းက ငါးပါးတွေတော့ သေကုန်ခဲ့ပြီကော မရှိခဲ့ဘူး (မှန်ပါ့) အခု ငါးပါးက ဘာတုံးဆိုတော့ ဒီအဝိဇ္ဇာ

သခ်ၤါရတွေက ပြန်ပြီးတော့ ဘာလုပ်သတုံး.... (အစားထိုးပါတယ်ဘုရား)အစားထိုး ငါးပါးနဲ့ ကျုပ်တို့ နေရတဲ့ယ်(မှန်ပါ့)။

တကာ တကာမတွေ ဘယ်လိုဆို့ကြပါ့မယ်.... (အစားထိုး ငါးပါးနဲ့ နေရပါတယ်ဘုရား) အစားထိုး ငါးပါးနဲ့ နေရတယ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

အေး.... အစားထိုး ငါးပါးနဲ့ နေရပြန်တယ်ဆိုတော့ အစားထိုးထားတဲ့ ငါးပါး၊ ဖြစ်ပေါ်မှုငါးပါးရှိတော့ ဒီလို စဉ်းစားလိုက်လို့ရှိယင် ကံ စိတ် ဥတု အာဟာရ ဆိုတာက သူ့ကို အစားထိုးထားတာပေါ့ဗျာ (မှန်ပါ့) သဘောပါကြလား(ပါပါပြီ)။

ဒါဖြင့် ကံ စိတ် ဥတု အာဟာရ တို့ကလဲ အစားထိုး၊ အဝိဇ္ဇာ သခ်ၤါရတို့ကလဲ ဖြစ်စေဆိုတော့ ယခု တရားနာနေကြတာတွေ တကာတွေလား.... တကာမတွေလား.... ခန္ဓာငါးပါးတွေလား ဆိုတာလဲ စဉ်းစားလိုက်တာပေါ့(ခန္ဓာငါးပါးတွေပါဘုရား)။

ခန္ဓာငါးပါးတွေနော်.... (မှန်ပါ့)ခန္ဓာငါးပါးကလဲ တကာတကာမတို့....ခန္ဓာငါးပါးကလဲ တကာ တကာမတွေဖြစ်နေတော့ ရုပ်တရားက ရူပက္ခန္ဓာ ကျန်တဲ့လေးပါးက နာမက္ခန္ဓာ ဆိုတာလဲ သိကြပလား.... (မှန်ပါ့)။

ရုပ်တရားက.... (ရူပက္ခန္ဓာပါ) ကျန်တဲ့ လေးပါးက.... (နာမက္ခန္ဓာပါ) ဪ....နာမ်နဲ့ ရုပ်ဘဲ ရှိပါကလားဆိုတာလဲ ပေါ်လာတယ် (မှန်ပါ့)။

အင်း.... တရားနာနေတာတွေက ယခု ချုံးလိုက်ပြန်တော့ တကာ တကာမတွေလား.... နာမ်ရုပ်တွေလား.... မေးလိုက်ပြန်ယင်.... (နာမ်ရုပ်တွေပါဘုရား) နာမ်ရုပ်တွေဆိုတာ သေချာကြပလား.... (သေချာပါပြီ)။

ဩော်.... နာမ်နဲ့ရုပ် ဆိုတာလဲ ပဥ္စဝေါကာရဘုံမှာ ဦးဝတို့ ဦးခင်မောင်တို့ တကာသစ်တို့ နာမ်မှုပြီး ရုပ်ဖြစ်ရတာရှိတယ်.... နော်.... (မှန်ပါ့) ရုပ်မှုပြီးသကာလ (နာမ်လဲ ဖြစ်ရပါတယ်) နာမ်လဲ ဖြစ်ရပါတယ်ဆိုတာ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

တချို့ကျတော့ ပုရေဇာတ ပစ္စည်းများကျတော့ ရုပ်မှုပြီး နာမ်ဖြစ်ရတယ်....နော်.... (မှန်ပါ့) ရုပ်မှုပြီး နာမ် တည်တံ့ရဲတယ်။

တချို့ကျတော့လဲ နာမ်တည်းဟူသော စိတ်စေတသိက်တွေကြောင့် စိတ်ရုပ်တွေ ဖြစ်ရတယ်ဆိုတော့ နာမ်မှုပြီး ရုပ်ဖြစ်နေရတယ် (မှန်ပါ့ဘုရား)။

ဩော်....ဒါဖြင့် တကာ တကာမတွေ ကျုပ်တို့မှာ အညမည အချင်းချင်း ကျေးဇူးပြုတာ ရုပ်နဲ့ နာမ်ဘဲ ရှိပါ့လား(မှန်ပါ့ဘုရား) *ဘာများ ရှိပါလိမ့်(အညမည ရုပ်နဲ့နာမ် ရှိပါတယ်)။

အညမညဆိုတာ အချင်းချင်းပေါ့ဗျာ.... (မှန်ပါ့) နာမ်က အကြောင်းပြု၍ ရုပ်ပေါ်၊ ရုပ်က အကြောင်းပြု၍ နာမ်ပေါ်၊ (မှန်ပါ့) သဘောကျကြပလား.... (ကျပါတယ်)။

လောကီ ဥပမာ ပြကြပါစို့....လို့ ဆိုတဲ့အခါကျတော့ မြစ်ကူးမဲ့ အခါကျတော့ လှေနဲ့ လှေထိုးသမားနဲ့ ဦးခင်မောင်ရေ ထားလိုက်တာပေါ့ဗျာ.... (မှန်ပါ့)။

---

* အရူပနိဿိတံ ရူပံ၊ အရူပံ ရူပနိဿိတံ။
ဇစ္စန္ဓ ပီဌသပ္ပ ိဝ၊ အညမည ဝဝတ္ထိတံ။
(နာမရူပ ပရိစ္ဆေဒ အဋ္ဌကထာ ဂါထာအမှတ် ၁၅၇၅)

လေ့ထိုးသမားကြောင့်လဲ လေ့ ဟိုဘက်ရောက်တယ်ဆိုယင်လဲ လဲပါ့မလား....(မလဲပါဘူးဘုရား) လေ့ကြောင့်လဲ လူ ဟိုဘက် ရောက်တယ်ဆိုယင်ကော.... (မလဲပါဘူးဘုရား)။

လေ့ထိုးသမားကြောင့် လေ့-ဟိုဘက်ရောက်တယ်ဆိုယင်ကော (မလဲပါဘူး)ရှင်းပြီနော်....(ရှင်းပါပြီ) လေ့ကြောင့် လူ ဟိုဘက် ရောက်သွားတဲယ်ဆိုယင်ကော.... (မလဲပါဘူးဘုရား)။

ဒါဖြင့် သူတို့ချင်းဟာ မကင်းရာ မကင်းကြောင်း အညမည ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား) ဘယ်လို ပေါ်ကြပါလိမ့်.... (အညမည ပေါ်လာပါတယ်ဘုရား)။

မကင်းရာ မကင်းကြောင်း အညမည်ပစ္စယောဆိုတာ ဒါပါဘဲ (မှန်ပါ့) လေ့ကြောင့်လဲ လူ-ဟိုဘက်ရောက်တယ်၊ လူက လေ့ဘ် ခတ်လို့လဲ လေ့ဟာ.... (ဟိုဘက်ရောက်ပါတယ်ဘုရား)။

အင်း....ဒါဖြင့်လေ့ချည်းလဲ မရောက်နိုင်၊လူချည်းလဲ မရောက် နိုင်၊သူတို့နှစ်ခုပေါင်းမှ ရောက်သလို ဒီမှာလဲ တကာ တကာမတွေ့ ပြောကြ ဆိုကြ နေကြ ထိုင်ကြတာသည် ရုပ်ချည်းလဲ ပြောလို့ ဆိုလို့ မဖြစ်ဘူး....(မှန်ပါ့) နာမ်ချည်းလဲ.... (မရပါဘူး)။

နာမ်ရုပ် နှစ်ခု ပေါင်းပြီးသကာလစိတ်ကြောင့် ဒီနာမ်ကြောင့် အသံတွေများ ဖြစ်လာလိုက်တဲ့အခါ အသံရုပ်တွေများ ဖြစ်လာ လိုက်သေး....(မှန်လှပါဘုရား)သဘောကျပလား....(ကျပါပြီ)။

အဲဒီကဲ့သို့ တကာ တကာမတို့ ဒီရုပ်တွေက ပူလာတာနဲ့ များ စိတ်ဆဲမှာ နေမကောင်းတာတွေများ ပေါ်လာလိုက်သေး.... (ပေါ်လာပါတယ်ဘုရား)။

ဒီကျတော့ ရုပ်တွေက တေဇောဓာတ်တွေက ပူလောင်ပြီး သကာလ အဖျားဒီဂရီ တရာ၊ တရုံကျော် ဖြစ်လာတဲ့ အခါကျတော့ သူ့ကြောင့်ဘဲမကောင်းတဲ့စိတ်တွေ-ပူပန်တဲ့ စိတ်တွေကော ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဒီ ပူပန်တဲ့စိတ်တွေကြောင့်ဘဲ ကြောက်လန့်တဲ့ ရုပ်တွေကော ပြန်မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် သူတို့သည် မကင်းရာ မကင်းကြောင်း နာမ်နဲ့ ရုပ်ဟာ အညမညပါကလားဆိုတာ မပေါ်လာသေးဘူးလား (ပေါ်လာပါတယ်ဘုရား) ဘယ်လိုများ ပေါ်လာပါလိမ့်.... (မကင်းရာ မကင်းကြောင်း အညမညပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့ တရားနာပြီးသကာလ နေကြတာ ဩော်.... ဘယ်သူနဲ့ ဘယ်သူ ပေါင်းစပ်ပြီးသကာလ တရားများ နာနေကြပါလိမ့်မလဲ အကဲ ခတ်ကြည့်လိုက်တာပေါ့.... (နာမ်နဲ့ရုပ် ပေါင်း-နာပါတယ်ဘုရား)။

ရုပ်နဲ့နာမ် အချင်းချင်း ကျေးဇူးပြုပြီး တရားနာနေကြတာ.... (မှန်လှပါ)ရုပ်နဲ့နာမ် တရားနာနေကြတာ (မှန်ပါ့)ဘယ်သူကများ တရားနာနေကြပါလိမ့်.... (ရုပ်နဲ့နာမ် တရားနာနေ ကြပါတယ် ဘုရား)ဩော်....ရုပ်နာမ်နှစ်ခု အချင်းချင်း ကျေးဇူးပြုပြီး တရားနာနေကြတယ်နော်....(မှန်လှပါ)။

အခုနေဖျတ်ကနဲ စိတ်ကလေး ချုပ်သွားလို့ရှိယင် ရုပ်ချည်း ဆိုယင် တရားနာလို့မရဘူး၊ ဖိုင်းကနဲသေတာဘဲ(မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ) နာမ်ချုပ် သွားပြန်တော့ ဦးခင်မောင်ရေ ရုပ်ချည်း တရားနာလို့ ဖြစ်ကဲ့လား....(မဖြစ်ပါဘူး ဘုရား)။

က)- နာမ်သက်သက်ဆိုတော့လဲ ရုပ်ကိုမှ မှီရာ မရလို့ ရှိယင်လဲ တရားနာလို့ ဖြစ်ကဲ့လား....(မဖြစ်ပါဘူးဘုရား) ဒါဖြင့် နာမ်နဲ့ ရုပ်သည် ဘာသဘောပါလိမ့် အချင်းချင်းငဲ့နေကြတယ် (အညမညသဘောပါဘုရား) အညမညသဘော ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အညမညပစ္စည်းလဲနားလယ်သွားရော နာမ်နဲ့ရုပ်ဘဲ ရှိတယ်ဆိုတာလဲ သေချာရော့လို့ ပြောလိုက်တာပါဘဲ (မှန်ပါဘုရား) နာမ်နဲ့ ရုပ်မှတပါး ဘာရှိသေးလဲ....(ဘာမှ မရှိပါဘူး)။

သူတို့နှစ်ခုကလဲ တခုမရှိယင် တခုမဖြစ်တာ ဆိုတ့ာလဲ တကာတကာမတွေ့ ရှင်းပါပြီ-လင်းပါပြီလို့ ဘုန်းကြီး ထင်ပါတယ်....(မှန်လှပါဘုရား) မရှင်းသေးဘူးလား-ဦးခင်မောင်....(ရှင်းပါပြီဘုရား)။

တခုမရှိယင်တော့ဖြင့် (တခုမဖြစ်ပါဘူးဘုရား) တရားနာလို့ကော မဖြစ်တော့ဘူး(မှန်ပါ) သွားလို့လာလို့ကော.... (မဖြစ်ပါဘူးဘုရား)။

ခ)-သွားလို့လာလို့လဲ မဖြစ်တော့ ဒီထဲမှာ ယောကျ်ားလား မိန်းမလားဆိုတာ အကဲခတ်နေဘို့ မလိုဘူး၊ သူတို့နှစ်ခုအချင်းချင်း ငဲ့နေတာ၊ ရုပ်ကနာမ်ငဲ့၊ နာမ်ကရုပ်ငဲ့ပြီးသကာလ နေနိုင်ထိုင်နိုင်ကြတာဘဲဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)မပေါ်လာကြဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒီထဲမှာ တကာတွေ့လား- တကာမတွေ့လား- တရားနာနေကြတာ မည်သူတွေ့ပါလိမ့်မတုံးလို့ အမှန်ကိုရှင်းပြလိုက်တဲ့အခါကျတော့ ဘာတွေ့ကြသလဲ....(ရုပ်နဲ့နာမ်ဘဲတွေ့ပါတယ်)

ရုပ်နဲ့နာမ် အချင်းချင်းငဲ့ပြီးသကာလ တရားနာနေကြတယ် ဘုရာ့၊ သဘောကျပလား.... (ကျပါပြီ)။

ဒီမှာ ဥပမာ ဖလားကလေးတခု-ရေခွက်ကလေးတခု မ-ချင်ပါတယ်ဆိုလို့ စိတ်က မ-ချင်ပေမယ်လို့ ရုပ်က တောင့်တင်းမှ (မှန်ပါ့)စိတ်က အမ-ခိုင်းတော့ ရုပ်ကြီးက တခါတည်း ကောင့်တင်းပြီး မ-မဘူးလားဗျာ(မ-ပါတယ်ဘုရား)အင်း....ဒါ ပုဂ္ဂိုလ် သတ္တဝါက မ-တာလား.... နာမ်နဲ့ရုပ်က မ-တာလား....(နာမ်နဲ့ ရုပ် မ-တာပါဘုရား)။

တခါ ဗြုံးကနဲ— ပြန်ချလိုက်ပြန်တဲ့အခါ ချချင်တဲ့စိတ်က ချလိုက်တဲ့အခါကျတော့ ရုပ်ကလဲ ချ-ရုပ်ဘဲ ဖြစ်ပြီးသကာလ ဝုန်းကနဲဘဲ ဒီခွက်ကလေးတွေ ပုဂံကလေးတွေ ဦးခင်မောင် အောက်ရောက်သွားတယ် (မှန်လှပါဘုရား)။

ဒါလဲ ဘယ်သူ့အလုပ်ပါလိမ့်.... (ရုပ်နာမ်အလုပ်ပါဘုရား). အေး....နာမ်ရုပ်တွေ၏ အလုပ်ဆိုတာ တကာ တကာမတွေ မရှင်းကြသေးဘူးလား.... (ရှင်းပါပြီဘုရား)။

အဲဒါတွေ ရှင်းပြီးသား လင်းပြီးသား ဖြစ်နေတော့ ဩော်.... ဒါ ဆရာဘုန်းကြီး ဒီနေ့ ဘာဟောနေပါလိမ့်-အဝိဇ္ဇာသင်္ခါရ-က လုပ်တဲ့ဥစ္စာ ဘာတွေ လုပ်လိုက်ပါလိမ့်မတုံးဆိုတာ မသိဘဲ နေမှာစိုးတာနဲ့ အဝိဇ္ဇာသင်္ခါရ-က နာမ်ရုပ်ဘဲ လုပ်လိုက်တယ်(မှန်ပါ့ဘုရား) သဘောပါကြလား.... (ပါ-ပါတယ်) အဝိဇ္ဇာသင်္ခါရက (နာမ်ရုပ်ဘဲ လုပ်လိုက်ပါတယ်)။

နာမ်ရုပ်ဘဲ လုပ်လိုက်တော့ ယခုမှ ခင်ဗျားတို့က.... ငါ ယောကျ်ား ဘယ်သူ့လူထင်ရမတုံး.... ငါ မိန်းမပေမဲ့လဲ မိန်းမ

စွမ်းကောင်းဘဲ ဘယ်သူ့ ဂရုစိုက်စရာရှိသတုံး-ဆိုပြီး ခင်ဗျားတို့က ခုမှ ဖေါက်ပြန်ပြီးသကာလ နဂိုရှပင်ကိုယ်ရင်းက မပါတာတွေ့ ခုမှ မရှိတာနဲ့. ကြားနေလို့. ဖြေရှင်းနေရတာပါ (မှန်ပါဘုရား)။

မရှိတာနဲ့. ကြားနေရလို့. ဘာတုံး.... (ဖြေရှင်းနေရတာပါဘုရား) ဖြေရှင်းနေရတယ်ဆိုတာ တကာ တကာမတွေ့ ကောင်း ကောင်း သဘောပါသွားပါပြီ (ပါသွားပါပြီဘုရား) မပါကြသေးဘူးလား....(ပါ-ပါတယ်ဘုရား)။

ကဲ.... ပါကြလို့.ရှိယင် သြော်.... နာမ်ရုပ်တွင် ရှိတယ်ဆိုတာ သေချာပြီနော်.... (သေချာပါပြီဘုရား)။

ဒီထဲမှာလဲ တကာ တကာမတို့ နာမ်လဲယင် ရုပ်လဲတယ်ဆိုတာလဲ မှတ်လိုက်ပါဦး....(မှန်ပါဘုရား) ရုပ်လဲယင်.... (နာမ်လဲ ပါတယ်ဘုရား)။

သြော်.... ဒါဖြင့် ဝိပဿနာရှုတဲ့အခါကျလို့.ရှိယင် တခုရှိလို့. ရှိယင် ငါးပါးပင် ရှိငြားသော်လဲ နာမ်တခု လဲလို့.ရှိယင်လဲ နာမ်သုံးခုလဲမှာဘဲ(မှန်ပါ့)သူနဲ့. အညမညဖြစ်တဲ့ ရုပ်လဲ(လဲမှာပါဘဲဘုရား)။

လဲရမှာဘဲဆိုတာ တကာဝတို့ မောင်ထွန်းလှိုင်တို့ ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ဒါဖြင့် တကာ တကာမတို့ တခုဘဲ ကောဇမွာ ရှုကြပါစို့.....(မှန်လှပါဘုရား)။

ဘယ်နှယ်ကြောင့် ဆရာဘုန်းကြီးက တခုတည်း အရှုခိုင်းပါလိမ့်မတုံးဆို.... သြော်.... တခုရှု အကုန်ပါလို့.....(မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

တခု ရှုလိုက်ယင်.... (အကုန် ပါ-ပါတယ်ဘုရား) အကုန် ပါတယ်ဆိုတာ သိပြီးသား ရှင်းပြီးသား လင်းပြီးသားလို ဖြစ်နေတဲ့ အတွက်တဲ့ ဦးခင်မောင် တခုဘဲ ရှုကြပါစို့.... (မှန်လှပါဘုရား)။

ကဲ.... မနေ့ကတော့ စိတ္တာနုပဿနာ ဘုန်းကြီးက ပြောခဲ့တယ်....နော်.....(မှန်ပါ့) စိတ္တာနုပဿနာ မနေ့က ပြောခဲ့ရတာကလဲ တခြားကြောင့် မဟုတ်ပါဘူး တကာ တကာမတို့၊ စိတ္တာနုပဿနာ ဒိဋ္ဌများတဲ့ ပုဂ္ဂိုလ်မှာ-- ဒိဋ္ဌများပြီးသကာလ ဉာဏ်နဲ့ တဲ့ပုဂ္ဂိုလ်မှာ စိတ်ရှုပါ (မှန်ပါ့ဘုရား)ဒိဋ္ဌများပြီး ဉာဏ်နဲ့ တဲ့ပုဂ္ဂိုလ်မှာ....(စိတ်ရှုပါဘုရား) စိတ်ရှုရမယ်လို့ ပြောလိုက်တယ် (မှန်ပါ့)။

ခန္ဓာငါးပါးစုံအောင် ကြိုက်တဲ့ ကိုယ့်ဝါသနာနဲ့ ကိုယ့်အကြိုက်နဲ့ မနေ့က ဒိဋ္ဌအကြိုက်ဟောခဲ့တယ်၊ ဒီနေ့တော့ ဦးခင်မောင် တဏှာစရိုက်ကို ဟောလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ဘာ စရိုက်ဟောမလဲ....(တဏှာစရိုက် ဟောပါမယ်) တဏှာစရိုက်ဆိုတော့ လိုချင် ရချင်တာမျှားကဲ့ ပုဂ္ဂိုလ်မျှားအတွက် တဏှာစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာနုပဿနာပေးကွာ- တဲ့ (မှန်လှပါ)။

တဏှာစရိုက်ရှိတဲ့ပုဂ္ဂိုလ်ကျတော့(ဝေဒနာနုပဿနာပေးပါ) အဲ....ဉာဏ်ထက်ထက်နဲ့ တဏှာမျှားတဲ့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာနုပဿနာ ရှုကြ.... (မှန်ပါ့ဘုရား) သဘောပါကြလား.... (ပါ-ပါတယ်)။

အင်း.... တဏှာမျှားမျှားနဲ့ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကျတော့.... (ဝေဒနာနုပဿနာ ပေးရပါမယ်)။

ဒါ့ကြောင့် ယနေ့သည်ကားလို့ ဆိုလို့ရှိယင် တကာတကာမ တို့ နိဗ္ဗာန်တော့ဖြင့် စိတ်ရှလဲ့ ဒိဋ္ဌိကွာလို့ ရောက်တာပါဘဲ၊ ဝေဒနာရှလဲ့ တဏှာချုပ်လို့ ဒိဋ္ဌိပါတဲ့ချုပ်ပြီး ရောက်တာပါဘဲ (မှန်ပါ့)။

သို့သော် ကိုယ့် စရိုက်နဲ့တော်တာ ကိုယ်ရှုကြပါစေတော့ ဆိုပြီးသကာလ တကာ တကာမတွေ့ အခု ကိုယ့်ဉာဏ်နဲ့ ကိုယ့်ကမ္မဋ္ဌာန်းနဲ့ကိုယ်-တော်ရာကို ကြည့်ကြပါဆိုတဲ့ဥစ္စာ ဦးခင်မောင်လေးစားစ့ာ သတိပေးတယ် (မှန်ပါ့ဘုရား)။

ရမ်းရှလို့ မရဘူးဆိုတာ သဘောကျပလား.... (ကျပါပြီ) ကိုယ့်စိတ်က တဏှာစရိုက်ရှိနေတယ်၊ လောဘစိတ် အားကြီးနေတယ်၊ဉာဏ်ကလေးကတော့ တော်ပါရဲ့၊လောဘက သိပ်ကြီးတာဘဲဆိုတော့ သူ့ကို ဘာ ကမ္မဋ္ဌာန်း ပေးရမလဲ.... (ဝေဒနာကမ္မဋ္ဌာန်း ပေးရပါမယ်)။

သူကတော့ ဉာဏ်ကတော့ နဲ့တယ်၊ သူ့ဟာက သူ့ဘို့သာသူသိနေတာဘဲ၊ သူများဘို့ဆို- တဘို့မှ မပါဘူးဆိုတဲ့ ဒိဋ္ဌိစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ စိတ္တာနုပဿနာ ပေးရမယ်....(မှန်ပါ့ဘုရား)။

သူ့ဘို့ ကိုယ့်ဘို့ မမျှတဲ့ ပုဂ္ဂိုလ်ကျတော့ ဘာပေးရမလဲ.... (စိတ္တာနုပဿနာပေးရပါမယ်) တဏှာစရိုက်ကတော့ မျှောလိုက်တာ ပါသေးတယ်ဗျ (မှန်လှပါ)တဏှာစရိုက်ကတော့ မျှောလိုက်တယ်၊ ဒီတခါ ကြုံးခံမယ် နောက်တခါမှ အရယူမယ် ဆိုတာ အဲဒါ တဏှာစရိုက်....(မှန်လှပါဘုရား)။

ဒိဋ္ဌိစရိုက်ကတော့ မဟုတ်ဘူး ဘယ်ကလာလာ ကိုယ့်ဘက်ကတော့ အရှုံးမပေးနိုင်ဘူး ဆိုတာက ဒိဋ္ဌိစရိုက် (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

တဏှာစရိုက်နဲ့ဒိဋ္ဌိစရိုက်ကိုလဲ စျေးသည်ပြော-ပြောရမလို ကျနေတာ ခက်လိုက်တဲ့ ဖြစ်ခြင်း ရိပ်မိပလား....(ရိပ်မိပါပြီ)တဏှာစရိုက်နဲ့ ဒိဋ္ဌိစရိုက်ရှင်းပလား ဦးခင်မောင်(မှန်ပါ့ဘုရား)။

နောက်အရောင်းအဝယ်တွေ မျှော်ပြီး ဒီတခါမျှောပြီးအရှုံး ခံရောင်းတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ ဘာစရိုက်ဆိုကြမလဲ....(တဏှာစရိုက်ပါဘုရား) တဏှာစရိုက်။

အို....နောင်လာ နောက်ခါစျေး အခု အရေးကြီးတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကျတော့....(ဒိဋ္ဌိစရိုက်ပါဘုရား) အဲဒါ စျေးသည်မှာ ဒီနှစ်မျိုးရှိတယ်....(မှန်ပါ့ဘုရား)မရှိဘူးလား(ရှိပါတယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တဏှာစရိုက်နဲ့ ဒိဋ္ဌိစရိုက် အဲဒါ ကိုယ့်ဟာကိုယ်အကဲခတ်ကြ(မှန်ပါ့)ကိုယ့်ဟာကိုယ် အကဲခတ်တော့ ဩော်-ငါသည် တဏှာစရိုက်များလို့ရှိယင် ဘုရားကရော အဋ္ဌကထာတွေကရော-ဆရာဘုန်းကြီးကရော တဏှာများပြီး ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဉာဏ်ထက်လို့ပေါ့ တကာတကာမတို့ မျှောရဲတာ-ဟင် (မှန်ပါ့)။

အဲဒီ့ ပုဂ္ဂိုလ်ကျတော့ ဘာရှုရမတဲ့လဲ .... (ဝေဒနာ နုပဿနာရှုရပါမယ်) အို....ငါ့ဟာတော့ဖြင့် တပဲတမူးမှ အရှုံး မခံနိုင်ပါဘူး ဆိုတဲ့ ဥစ္စာကျတော့ ဘာရှုရမလဲ(စိတ္တာနုပဿနာရှုရပါမယ်)

စိတ္တာနုပဿနာ ရှုရမယ်ဆိုတော့ ကိုယ့် မျက်မြင် ကိုယ်ရှုလို့ ရှိယင် ကမ္မဋ္ဌာန်းဟာ မကြာခင်ဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပါတယ် (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဘယ်လိုရှုကြရမယ်....(ကိုယ့် မျက်မြင်ကိုယ်ရှုကြရပါမယ်)အနာနဲ့ဆေး သင့်အောင်ပေးရလိမ့်မယ်–(မှန်ပါ) တကာတကာမတို့ ဘယ်လိုပါလိမ့်....(အနာနဲ့ဆေး သင့်အောင် ပေးရပါမယ်)။

အနာနဲ့ဆေး သင့်အောင်ပေးမှသာလျှင် ဦးဇင်္ဂရင်ရေ လိုရာဆိုက်မယ်(မှန်လှပါ)၊ အနာနဲ့ဆေး သင့်အောင်မပေးလို့ ရှိယင် (လိုရာမဆိုက်ပါဘူး)။

အေး....ဒါကြောင့် ဘုန်းကြီးတို့က ပြောရတယ် တကာတကာမတို့ တဏှာမျှားမျှားနဲ့ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ် ဘာပေးရမယ်....(ဝေဒနာနုပဿနာပါ ဘုရား)။

ဒီဥမျှားမျှားနဲ့ ဉာဏ်နဲ့တဲ့ ပုဂ္ဂိုလ်.... (စိတ္တာနုပဿနာပါဘုရား)အဲဒါ ခင်ဗျားတို့ တရားတပဲ့လုံး ဝေဘန်ပါတော့နော်....(မှန်ပါဘုရား)။

ဦးခင်မောင် ဒါ-အမျှားနဲ့ မဆက်ဆံဘူးလား....(ဆက်ဆံပါတယ် ဘုရား)ကိုယ့် ဟာကိုယ် ရှေးနှိုင်တဲ့ ဉာဏ်ဘဲမဟုတ်လား....(မှန်ပါဘုရား)ကိုယ့် ဟာနဲ့ ကိုယ် ရှေးပြီးသကာလ ကြိုးစားကြပါဆိုတာကိုလဲ ပြောရပြန်တယ်....(မှန်ပါ)။

ဒါဖြင့် တကာတကာမတို့ စရိုက်မရှေးဘဲနဲ့ တရားအားထုတ်လို့ ရှိယင်ဖြင့် အချိန်ကြာပြီး လိုရာမရောက်ပေဘူး- (မှန်လှပါ) စရိုက်မရှေးဘဲနဲ့ တရားအားထုတ်ယင်.... (အချိန်ကြာပြီး လိုရာမရောက်ပါဘူး)။

အဲဒါကလေး တိုတိုကလေး နားထောင်လိုက်တာပေါ့ဗျာ-ခင်ဗျားတို့ တိုတိုကလေး နားထောင်လိုက်လိုက်တော့မှ အရှင်သာရိပုတ္တရာကြီးသည် ပန်းတိမ်သည်ကလေး တယောက် ရှိတယ်နော်....(မှန်ပါ့) အရှင်သာရိပုတ္တရာကြီးက ဆွမ်းခံနေတဲ့ အိမ်မှာ ပန်းတိမ်သည်တယောက်ရှိတယ်၊ သူ့ဆွမ်းခံအိမ်က ပန်းတိမ်သည် ဖြစ်နေတယ်။

အဲဒီ-ပန်းတိမ်သည်ကလေးကို တနေ့တလုံးပြောနှစ်လုံးပြောနဲ့ ပန်းတိမ်သည်ကလေးက သင်္ဃန်းဝတ်ချင်တယ်၊ တရားဓမ္မတွေသက်ဝင်ပြီး သင်္ဃန်းဝတ်ချင်တော့ ကဲ- ဝတ်တာပေါ့ကွာ ဆိုပြီး၊ အရှင်သာရိပုတ္တရာကသင်္ဃန်းဝတ်စေပြီးသကာလ ဦးဝ-ကမ္မဋ္ဌာန်းပေးလိုက်တယ်နော်....(မှန်လှပါ)။

ကမ္မဋ္ဌာန်း ဘာပေး လိုက်သတုံး.... ဆိုတော့ ပန်းတိမ်သည်ဆိုတာက အလှကြိုက်တယ်နော်....(မှန်ပါ့)ပန်းတိမ်သည် ဆိုတာက သူ့မျက်လုံးထဲမှာ အမြဲတမ်းလှဘို့ ပဘိုရာသာ သူစိတ်ကူးရှိတဲ့ ပဂိုလ်ဆိုတာလဲ ကိုမြရှေ ငြင်းဘိုလိုသေးသလား... (မလိုပါဘူး ဘုရား)။

အဲဒါသူက အသုဘ ကမ္မဋ္ဌာန်းကြီး ပေးထားတယ် (မှန်ပါ့) အသုဘ ကမ္မဋ္ဌာန်းကြီးပေးပြီးသကာလ ထားလိုက်တဲ့အခါကျတော့ ဝါတွင်းသုံးလတွင် ပဌမလမှာ ငါ့ရှင် ငါပေးထားတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ ဘယ့်နှယ်နေသတုံးကွ-တဲ့။

အသုဘ ကမ္မဋ္ဌာန်းဆိုတာ သုံးဆယ့်နှစ်ကောဋ္ဌာသပေါ့ဗျာ အနုလောမ-ပဋိလောမ လုပ်ရတယ်နော်....(မှန်ပါ့ဘုရား) နည်းနည်းကလေးများကွာ နိမိတ်ကလေး ဘာလေး မထင်သေးဘူး

လား.... သမာဓိပညာကလေးများ မထက်သေးဘူးလား-ကွတဲ့၊ မထက်သေးဘူးဘုရှ့။

ဟ....ဒီကောင် ဘယ်နှယ်ဖြစ်နေပါလိမ့်မလဲ....၊ ကြိုးစားပါဦးကွာဆိုတော့ ဦးဝရေ ဒုတိယလဲ အကြိုးစားခိုင်းပြန်တယ်....(မှန်ပါ့) ဒုတိယလ အကြိုးစားခိုင်းပြန်တော့လဲ ဦးခင်မောင်မေးပြန်တယ်၊ ငါ့ရှင် ဘယ်နှယ်နေသတုံးဟေ့- နိုဗိတ်ကလေး ဘာကလေး မထင်သေးဘူးလား....တဲ့၊ တော်တော်ကလေး မင်းစိတ်ထဲ သမာဓိပညာကလေးများ မထက်သေးဘူးလား....ကွတဲ့ (မထက်သေးပါဘူးဘုရား)။

ဟ....ဒီကောင် ဘယ်နှယ် ဖြစ်နေပါလိမ့်.... သူ့စိတ်ထဲ အောက်မေ့တယ်၊ နောက် သီတင်းသာကျတ်သွား- သုံးလသာစေ့သွားတယ် ဦးခင်မောင်ရေ.... ဘာနိုဗိတ်မှ မထင်လာဘူး (မှန်ပါဘုရား) အဲဒီတွင် အရှင် သာရိပုတ္တရာ စိတ်ပျက်တယ်၊ ကိုမြရွှေ ဘာတဲ့တုံး.... (အရှင်သာရိပုတ္တရာ စိတ်ပျက်ပါတယ်) အရှင်သာရိပုတ္တရာစိတ်ပျက်တယ်....နော်....(မှန်ပါ့)ဘာ့ကြောင့် ပျက်ပါလိမ့်မတုံးဆိုတော့ သုံးလပြည့်ပြီကမ္မဋ္ဌာန်းပေးတာ ဘာနိုဗိတ်မှ မထင်လာဘူးဆိုတော့ ဦးဝ....အတော် ခဲယဉ်းသွားသပေါ့ဗျာ....(မှန်ပါ့)။

အဲဒီတွင်မှ မင်းဟာ ငါချွတ်လို့ရမည့်ပုဂ္ဂိုလ် မဟုတ်ပါဘူး၊ ဘုရားချွတ်မှ ရမည့်ပုဂ္ဂိုလ်ပါဘဲဆိုပြီးသကာလဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီကို ဒီ-ပန်းတိမ်သည် ရဟန်းကလေးကို ဦးခင်မောင်.... ခေါ်သွားတယ်နော်.... (မှန်ပါဘုရား)။

ဘုရားက သူတို့လာခါ ရှိသေးတယ် မင်း-တပည့်အပ် လာတာလားကွလို့ ဘုရားက ဆီးမေးလိုက်တယ်....(မှန်ပါ့) မင်း

တပည့်အပ် လာတာလားလို့ ဆီးမေးလိုက်တော့—ဘုရားက သိပြီ— အရှင်သာရိပုတ္တရာကြီးဟာ ပန်းတိမ်သည် အသုဘ ပေးလို့ ရှိယင်ဖြင့် ခြေချော်တာမှ အကြီးအကျယ်ဘဲဆိုတာ သိပြီ.... (မှန်ပါ့ဘုရား) ခြေချော်သွားတာ....(မှန်ပါ့)။

တကာတကာမတို့လဲ အစဉ်တည့်ရဲ့လား.... (မတည့်ပါဘူးဘုရား) အလှကြိုက်- အရုပ်ဆိုးပေးထားတယ်.... (မှန်ပါ့)အလှကြိုက် အရုပ်ဆိုးပေးထားတော့ မွေ့လျော်ပါ့မလား.... ဒီကမ္မဋ္ဌာန်းနဲ့.... (မမွေ့လျော်ပါဘူးဘုရား)။

အဲဒီမှာ အလှကြိုက် အရုပ်ဆိုးပေးထားလို့ မွေ့လျော်ဘို့ကိစ္စ မလာဘဲနဲ့ ဦးခင်မောင်ရေ ဘာမှ အကျိုးမပြီး အချည်းနှီး ဝါတွင်းသုံးလ အဟောသိကံ ဖြစ်ခဲ့ရတယ် နော်....(မှန်ပါ့) ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဆီလာတော့ မင်း-တပည့် အအပ်လာတာလားကွလို့ မေးလိုက်ပါတယ်၊ ဟုတ်ပါတယ်ဘုရား.... တပည့်တော် ဝါတွင်း သုံးလပတ်လုံး အသုံဘ ကမ္မဋ္ဌာန်းတွေပေးလိုက်တာ ဘာနိမိတ်မှ မထင်လာဘူးလို့ ပြောပါတယ်။

အေးအေး....ဒါဖြင့် ထားပစ်ခဲ့တာပေါ့ မင်းတပည့်ကလေး အပ်ပြီးသကာလ မင်း- ညနေကျတော့ တခေါက်လာခဲ့ဦးတဲ့ ညနေကျွတ်တမ်းဝင်မှာ.... (မှန်လှပါ) တည့်တော့လဲ ညနေကျွတ်တမ်းဝင်မှာ....(မှန်ပါ့) ဟို- သုံးလက ချော်ကုန်ပြီ (မှန်ပါ့) တကာတကာမတို့ မနာဘူးလား....(နာပါတယ်ဘုရား)။

အဲဒါကြောင့် ခုနင်က ပြောရတယ် တကာတကာမတွေ.... ဒိဋ္ဌိများများနဲ့ ဥာဏ်နုံ့တဲ့ပုဂ္ဂိုလ် ဘာရှုရမလဲ....(စိတ္တာနုပဿ

နာရှုရပါမယ်) တဏှာ မျှားမျှားနဲ့ ညာဏ်ထက်တဲ့ပုဂ္ဂိုလ် ဘာရှုရမလဲ.... (ဝေဒနာနုပဿနာပါဘုရား)။

အဲဒီတော့ ဒါ-ဘုန်းကြီးကဝေဘန်ရမှာလား.... ခင်ဗျားတို့က ဝေဘန်ပြီး ငါ-ဒါနဲ့ တော်တယ်လို့ ဆုံးဖြတ်ချက် ချရမှာလား အကဲခတ်စမ်း.... (ကိုယ့်ဟာကိုယ် ဝေဘန်ရမှာပါဘုရား) ဦးခင်မောင်ကြီး... ခင်ဗျား ဘာနဲ့တော်သတုံး.... ဘာနဲ့တော်သလဲ.... (စိတ္တာနုပဿနာပါ)။

စိတ္တာနုပဿနာ တော်တယ်....(မှန်ပါ့)နေရာကျပြီ....ဒါဖြင့် ကိုယ်ဟာကိုယ်လုပ်နော်.... (မှန်လှပါဘုရား) နေရာကျပါပြီ ဒါဖြင့် ကိုယ်ဟာကိုယ်သာ အသိဆုံးဆိုတာ တကာ တကာမတွေ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

အိမ်ကျတော့ ကိုယ်ဟာကိုယ် ဝေဘန်တာပေါ့။ ဆရာဘုန်းကြီးကတော့ နှစ်နည်းတော့ ပေးလိုက်တယ်၊ ဒိဋ္ဌိမျှားမျှားနဲ့ ငါကိုယ်- ငါဟာ- ငါဥစ္စာ- အထင်မျှားမျှားနဲ့ ညာဏ်ကနဲ့နေတဲ့ပုဂ္ဂိုလ်ကျတော့- ဩဿ.... ငါ-ဒီအထဲ ပါလို့ရှိယင် တော့ စိတ်ကိုရှုရမယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

တဏှာမျှားမျှားနဲ့ ညာဏ်ထက်တဲ့ ပုဂ္ဂိုလ်ကျတော့ ဘာရှုမလဲ (ဝေဒနာရှုရပါမယ်ဘုရား) အဲဒါတော့ ကိုယ်ဟာကိုယ်ဝေဘန်ပြီးသကာလ ရှုပါဆိုတာ သတိပေးလိုက်ပါတယ်.... (မှန်လှပါဘုရား)။

ပဌမ သမထတည်ထောင်တော့ဖြင့် ဘယ်သူဖြစ်ဖြစ် အာနာပါန-နဲ့ တည်ထောင်ရတာဘဲ.... (မှန်လှပါဘုရား) နောက် ဝိပဿနာကူးတော့မယ်ဆိုတော့ သူ့အမျိုးအစားနဲ့ အဆင့်အ

တန်းနဲ့ သူ့ စရိုက်နဲ့ လျော်တဲ့ ကမ္ဘာန်းနဲ့ သွားရတယ်နော် (မှန်လှပါဘုရား)။

ဒါနဲ့ ခုနင်က ဝတ္ထုကလေး ဦးခင်မောင် နားထောင်ပါ ဦးနော်.... (မှန်လှပါ) ဒါနဲ့ အရှင်သာရိပုတ္တရာကြီးကို မင်း-ပြန်သွားတော့ကွာ....ညနေတခေါက် လာခဲ့ဦးလို့ ဘုရားက မှာလိုက်တယ်.... (မှန်ပါ့)။

ညနေတခေါက်လာခဲ့ဦးလို့ဆိုတာ ဘုရားက သြော်....အရှင်သာရိပုတ္တရာ ပညာအရာ တောဒဂ်ရတယ်ဆိုပြားသော်လဲ ချော်ချင်-ချော်နေတယ်ဆိုတာ သိအောင်လို့ ဦးဝ ရေ....ညနေလာခဲ့လို့ ခေါ်လိုက်တာ.... (မှန်လှပါလုရား)။

ဒါနဲ့ ဒီကိုယ်တော်ကလေး တခါတည်း ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သဲပုံကြီးတခု ဖန်ဆင်းပြီးသကာလ သဲပုံကြီးပေါ်မှာ ပဒုမ္မာကြာပွင့်ကြီးစိုက်လို့ နော် (မှန်ပါ့)ပဒုမ္မာကြာပွင့်ကြီးစိုက်ပြီးသကာလ ငါ့ရှင် အဲဒီ ပဒုမ္မာကြာပွင့်သာ ကြည့်နေဟေ့....(မှန်ပါ့) ဘုရားကပြတော့ သူက ကြည့်တာပေါ့.... ဟိုကလှည့်ကြည့် ဒီက လှည့်ကြည့်နဲ့ သူက အလှကြိုက်ကိုး.... (မှန်ပါ့ဘုရား)။

အလှကြိုက်နဲ့ ပဒုမ္မာကြာပွင့်နဲ့ ဆိုတော့ လုံးထွေးနေတာပေါ့.... ဦးခင်မောင်ရ.... (မှန်ပါ့ဘုရား) အဲဒီမှာ ကြည့်ရင်းကြည့်ရင်းနဲ့ ပဒုမ္မာ ကြာပွင့်ကြီးက နေကလေးက ထွက်လာတဲ့အခါ ရွက်ချပ်ကလေးတွေက ကော့ပြီးသကာလ-လာ၊နေကလေးက ပြင်းလာတော့ ရွက်ချပ်ကလေးတွေက ဒီ့ထက်ပိုပြီး ကော့ကောက်ပြီးသကာလ လာကြတယ်၊ တော်တော်ကြာ ကျ

တော့ ဦးဝရေ....ပွင့်ချပ်ကလေးတွေက ဖျတ်ကနဲပြုတ်ကျ နောက်အချပ်ကလေးတွေက ဖျတ်ကနဲပြုတ်ကျ ဩော်....လှရာကလဲပြုတ်ပါကလားဆိုတာ ပေါ်လာတယ်....(မှန်ပါ့)။

ဩော်....ဒီအလှဟူသ၍လဲ ပျက်တာဘဲ၊ အဆိုင်ဟူသ၍လဲ (ပျက်တာပါဘဲဘုရား) ပျက်တာဘဲ ဆိုပြီးသကာလ ဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဥစ္ဆိန္ဒ သိနေဟ မတ္တနော" မင်း- ဒါကလေးခင်တာတွေ စွန့်ရမှာကွ.... ဒီကနေ ဟောလိုက်တယ်။

အဲဒီတော့ မင်းခန္ဓာလဲ သေသေချာချာ ကြည့်ကွ၊ နဂိုရ်ကတော့ လှသလိုလိုဘဲ၊ အခု သေသေချာချာကြည့်စမ်း၊ ဖျတ်ဖျတ်ဖျတ်ဖျတ်နဲ့ ပြုတ်ကျနေတယ်ကွ။

ဒါကလေးကို မင်းသည်ကားလို့ ဆိုယင် နဂိုရ်က လှနေတာကလေးတွေဟာ မင်းထင်တာကလေးတွေဟာ အခုတော့အနိစ္စတွေဖြစ်နေပြီကွ၊ ဒီ- ခင်မှုဖြတ်လိုက် ခင်မှုဖြတ်လိုက်နဲ့ ကျောင်းတော်ကနေ တရားဟောတယ်....(မှန်ပါ့ဘုရား)။

ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊
ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိမဂ္ဂမေဝ ဗြူဟယ၊
နိဗ္ဗာနံ သုဂတေန ဒေသိတံ။ ။

ဆိုပြီး ကျောင်းတော်ကနေပြီး သူ့အနား ကပ်ဟောလိုက်သလို ဟောလိုက်တော့ ဗဟိဒ္ဓကနေပြီး အဈတ္တ ပြန်လှည့်လိုက်တယ်....(မှန်ပါ့)။

ဗဟိဒ္ဓဆိုတော့ ခုနင်က ပဒုမ္မာကြာပန်းကနေပြီး ပဒုမ္မာကြာပန်းလိုဘဲ ခန္ဓာကိုယ်ကြီးဟာ လှငြားသော်လဲ အင်း....ဟင်.... ဒီတရားတွေဟာ ဖြစ်ပျက် ဖြစ်ပျက်နဲ့ ပြုတ်ကျနေပါကလား.... "ဟုတ္တာ အဘာဝဌေန အနိစ္စ" ဆိုတဲ့အတိုင်း ပျက်ပျက်နေပါကလား ဆိုပြီးသကာလ ရှုလိုက်တော့ ဖြစ်ပျက်မြင် ဖြစ်ပျက်မှန်း ဖြစ်ပျက်ဆုံးတာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒီတွင် တခါတည်း သောတာပန်တည်၊ လေးခါလောက်ကျတော့ တခါတည်း ရဟန္တာဖြစ်တယ်.... (မှန်ပါ့) တကာတကာမတွေ အလှကို ဖျက်ပြတာကိုးဗျ(မှန်လှပါဘုရား)။

ဒါ သူ့စိတ်ကိုတော့ အလှကြိုက်တဲ့သူ အလှနဲ့ဘဲ ပြရတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား) ဦးမဟုတ်ယင် ကမ္မဋ္ဌာန်းနဲ့.ကို သူနဲ့. တည့်မှာမဟုတ်ဘူး.... (မှန်ပါ့)။

အဲဒီတွင် ရဟန္တာဖြစ်ပြီးသကာလ လာတော့မှ အရှင်သာရိပုတ္တရာကြီးလာတော့ ဘယ့်နယ်လဲ-ဟေ.....ညနေ မင်းတခေါက်လာခဲ့ဦးဆိုလို့. အရှင်သာရိပုတ္တရာကြီး ကြွလာတော့ ဒီမှာ ရဟန္တာ ဖြစ်နေပြီ၊ တကာ တကာမပေါ့ တရက်နဲ့ ရဟန္တာ ဖြစ်တယ်နော်....(မှန်ပါ့ဘုရား)။

ဟိုမှာ ရက်ပေါင်း ကိုးဆယ်နဲ့ ဘာမှ မရီးမပေါက်ဘူး.... (မှန်ပါ့) အဲဒါ စရိုက်နဲ့ကမ္မဋ္ဌာန်း လဲလို့.... (မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမယ်....(စရိုက်နဲ့ ကမ္မဋ္ဌာန်း လဲလို့ပါဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့က မျှားမျှားမပြောပါဘူး ဦးခင်မောင်ရေ....တဏှာမျှားမျှားနဲ့. ညဏ်ထက်တဲ့ပဂ္ဂိုလ် ဝေဒနာ၌...(မှန်လှပါဘုရား) ဒိဋ္ဌိမျှားမျှားနဲ့. ညဏ်တိမ်တဲ့ပဂ္ဂိုလ်.... (စိတ္တာ

နုပဿနာရှုရပါမယ်ဘုရား)စိတ္တာနုပဿနာရှုဆိုတော့ ခင်ဗျားတို့ ဒါ မှတ်မိပါပြီ....(မှတ်မိပါပြီဘုရား)။

မှတ်မိတော့ ဘုန်းကြီးကမနေ့က စိတ္တာနုပဿနာ ဟာ လိုက်ပါတယ်၊ ယနေ့တော့ ဝေဒနာနုပဿနာ ဟာလိမ့်မယ်ဆိုတာ သိကြပလား....(သိပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒီခန္ဓာငါးပါးကြီးထဲမှာ ဝေဒနာပါရဲ့လားလို့ မေးယင် ဘယ်နှယ် ဖြေကြပါ့မလဲ-(ပါ၊ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဝေဒနာပါတော့ ကျန်တာတွေ အကုန် ဖြုတ်ထားလိုက်၊ ဝေဒနာက ခန္ဓာထဲမှာ သုံးမျိုး ပေါ်နိုင်တယ် လို့ တကာ တကာမတွေက မှတ်လိုက်တာပေါ့နော်....(မှန်ပါ့ဘုရား) သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာနော်....(ပှန်ပါ့)။

ဝေဒနာ ဘယ်နှစ်မျိုးရှိပါလိမ့်....(သုံးမျိုးရှိပါတယ်ဘုရား) အင်း....ဟင်.... ခန္ဓာထဲမှာ မျက်စိ နား နှာခေါင်း လျှာမှာ ဥပေက္ခာဝေဒနာ ပေါ်တယ်၊ ဒီမှာ ပေါ်တဲ့ တံရားဟူသမျှ ဥပေက္ခာချည်းမှတ်.... (မှန်ပါ့ဘုရား) မျက်စိ နား နှာခေါင်း လျှာမှာ....(ဥပေက္ခာဝေဒနာ ပေါ်ပါတယ်ဘုရား)။

ဟောဒီ တံကိုယ်လုံးကျတော့ တချို့ နာတယ် တချို့ ခံသာတယ်ဆိုတော့ ကိုယ်ပေါ်မှာက် သုခဝေဒနာနဲ့ ဒုက္ခဝေဒနဲ့ပေါ်တယ်....(မှန်လှပါဘုရား)။

ပြန်မေးလိုက်တယ်၊ မျက်စိ နား နှာခေါင်း လျှာမှာတော့-(ဥပေက္ခာဝေဒနာပေါ်ပါတယ်ဘုရား)။

အဲဒါ ဘယ်စိတ်လာလာ ဒီဟာ ဝေဒနာနဲ့ တွဲလျက်လာသည် ဖြစ်လေသောကြောင့် ဥပေက္ခာချည်း ဦးခင်မောင်....မှတ်လိုက်ကြတော့....(မှန်လှပါဘုရား)။

ကိုယ်ပေါ်မှာကျတော့ တကာ တကာမတို့ တခါတလေကျတော့ နေကောင်းတယ်၊ လေကလေးတိုက်တဲ့အခါ သူ့ ကျောကလေးမှာ လေညှင်းကလေး ခံနေရတာ ချမ်းသာလိုက်တာဆိုတော့ ကိုယ်ပေါ်မှာ သုခဘဲ ပေါ်တယ်....(မှန်ပါ့)။

တခါတလေ ခြင်ကလေးတွေ ဘာကလေးတွေကိုက်၊အသားတွေ ဟိုကနေဖိ ဒီကနေဖိ ကျမ်းနဲ့ဖိပြီးသကာလ ဒုက္ခတွေကော ကိုယ်ပေါ် မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ကိုယ်ပေါ် ခြေတောက်တွေပေါ် တကိုယ်လုံးပေါ့ဗျာ....(မှန်ပါ့)။

အဲဒီတော့ ပေါ်ရာကိုသိတော့ ဩော်....အခု ဆရာဘုန်းကြီး ပြောနေတာ ဘာပါလိမ့်မတုံးဆိုတော့ သေရာသခ်ျိုင်း ဖြစ်ပေါ်တဲ့ နေရာမှာ သေလိမ့်မယ်ဆိုတဲ့ သခ်ျိုင်း သိအောင်လို့ ပေါ်ရာကို ပြောနေရတာ....(မှန်လှပါဘုရား)။

သူ့ အနိစ္စက နေရာတိုင်းမှာ အနိစ္စအလုပ်ကြီးနဲ့ ပေါ်ရာမှာ အနိစ္စဘဲဗျ....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ) ကဲ....ဒါဖြင့် မျက်စိ နား နှာခေါင်း လျှာမှာ ဘာဝေဒနာ ပေါ်သလဲ....(ဥပေက္ခာဝေဒနာ ပေါ်ပါတယ်)။

အဲ.... မျက်စိထဲ မြင်ချင်တဲ့စိတ် မြင်တာ ဥပေက္ခာဝေဒနာနဲ့ ဖြစ်ပြီး ပျက်တာဘဲ၊ သူ့သာ အနိစ္စရှု၊နားက ကြားတဲ့စိတ်ကလေး ပေါ်လာတိုင်း ဘာဝေဒနာလဲ.... (ဥပေက္ခာဝေဒနာပါဘုရား)။

အဲဒါ ဖြစ်ပြီး ပျက်တယ်လို့ အနိစ္စနဲ့သာ ရှုနေ၊ ဒါက လေးက အနိစ္စ၊ အခုပေါ်ပြီး ပျက်သွားတာက အနိစ္စ၊ ပေါ်ပြီး ပျက်သွားတဲ့ကာလက အနိစ္စ-ဆိုတာ ဥပေက္ခာဝေဒနာ၏ အနိစ္စတွေ့ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ကိုယ်ပေါ်မှာတော့ ချမ်းသာ ဆင်းရဲ နှစ်မျိုးလာတယ်....(မှန်ပါ့) ချမ်းသာလာလဲ ဝေဒနာမို့ ဖြစ်ပျက်ဘဲ ရှုပေး၊ ဆင်းရဲလာလဲ.... (ဖြစ်ပျက်ဘဲ ရှုပေးရပါမယ်) ဖြစ်ပျက်ရှုပေး။

ဝမ်းထဲမှာတခါ-တခါတလေကျတော့ တကာတကာမတွေက ဝမ်းထဲ ရောက်သွားတဲ့ယ်နော်.... (မှန်ပါ့) ပြင်ဘက်က ကုန်သွားပြီ၊ မျက်စိ နားနှာခေါင်း လျှာ ကိုယ်ဆိုတော့ မကုန်သေးဘူးလား....(ကုန်ပါပြီဘုရား)။

အဲ.... ကုန်သွားတော့ အတွင်းဝင်လှည့်၊ အတွင်းကျတော့ တကာတကာမတွေ့ ဝမ်းသာတဲ့ စိတ်ကလေးများကော မလာဘူးလား....(လာပါတယ်ဘုရား)ဒါသောမနဿဝေဒနာကလေး မွတ်လိုက်....(မှန်ပါ့)။

တခါတလေကျတော့ လင်နဲ့ မယား သားနဲ့အမိ ဆိုသလို အလိုမကျတာကလေးကော မရှိဘူးလား....(ရှိပါတယ်ဘုရား) ဒါကလေးက ဒေါမနဿဝေဒနာကလေး မှတ်လိုက်....(မှန်ပါ့)။

ဝမ်းသာယင် သောမနဿဝေဒနာ၊ သဘောကျရဲ့လား.... (ကျပါတယ်)ဝမ်းနည်းယင်....(ဒေါမနဿဝေဒနာပါဘုရား)။

တခါတလေကျတော့လဲ သူတို့ သားတွေ့ သမီးတွေ့ ကြောက်ပြီး ပြေးကြတာ ဝမ်းသာ ဝမ်းနည်း ကင်းတဲ့ ဒုခါလဲ ရှိပါသေးတယ်....(မှန်ပါ့ဘုရား)။

ဝမ်းသာ ဝမ်းနည်း ကင်းတဲ့အခါလဲ ရှိပါသေးတယ်၊ သားတွေ့ သမီးတွေက အမျိုးမျိုးဘဲ၊တယောက်ကလဲ စရိုက်တမျိုး၊ တယောက်ကလဲ ဝါသနာ တမျိုး၊ သူတို့အတွက်ထော့ မတွေးနိုင်ဘူး ကမ္မဿကာ ထားရမှာဘဲ ဆိုတဲ့အခါကလေးမျှားကော မလာဘူးလား....(လာပါတယ်ဘုရား) အဲဒီအခါကျတော့ ဝမ်းထဲ ဘာဝေဒနာပါလိမ့်....(ဥပေက္ခာဝေဒနာပါဘုရား)။

ဒါဖြင့် ဝမ်းထဲကျတော့ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ သုံးမျိုးဘဲ ပေါ်တယ်လို့ မှတ်လိုတ်ပါ(မှန်ပါ့)ဝမ်းထဲမှာတော့ (သုံးမျိုးဘဲပေါ်ပါတယ်ဘုရား)။

သောမနဿဝေဒနာ-(ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာပါဘုရား) ဒါဘဲ၊ အဲဒါ ကိုယ်ဟာကိုယ် ပေါ်တာအသိဆုံးဘဲ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ အခုရှုရမည့် နေရာသည် မျက်စိနား နှာခေါင်း လျှာဆိုတဲ့ လေးနေရာတမျိုး - (မှန်ပါ့) ကိုယ် ပေါ်မှာတော့ သုခတမျိုး ဒုက္ခတမျိုး မို့ နှစ်နေရာပေါ့ဗျာ.... (မှန်လှပါ) ဝမ်းထဲမှာ သုံးမျိုး အဲဒါကို တကာတကာမတွေက မဂ္ဂင်ငါးပါးနဲ့လိုက်ပါ....(မှန်ပါ့)။

မဂ္ဂင်ငါးပါးနဲ့ ဘာလုပ်ရမယ်-(လိုက်ရပါမယ်ဘုရား) လိုက်ရမယ်နော်-(မှန်ပါ့) မျက်လုံးပေါ်ယင်လဲ မျက်လုံးလိုက်ရလိမ့်မယ်နော်....(မှန်ပါ့) နား-ပေါ်ယင်....(နား လိုက်ရပါ့မယ်) နှာခေါင်းပေါ်ယင်.....၊ နှုတ်ခေါင်းလိုက်ရပါ့မယ်၊လျှာ ပေါ်ယင်.... (လျှာ လိုက်ရပါ့မယ်)။

ကိုယ်ပေါ်မှာ သုခပေါ်ယင်-သုခဆီဘဲလိုက်၊ ဒုက္ခပေါ်ယင် (ဒုက္ခဆီဘဲလိုက်ရပါ့မယ်) ဝမ်းထဲမှာ ဝမ်းသာတာကလေး ပေါ်လာယင်-(သောမနဿဆီလိုက်) အဲ-ဝမ်းသာတဲ့ ဆီဘဲ ဉာဏ်ကလေးနဲ့လိုက်ပြီး ရှုပေး....(မှန်ပါ့)။

အဲဒီတော့ "ယံကိဉ္စိ ဝေဒယိတဓမ္မံ သဗ္ဗန္တံ ဒုက္ခသမ်ဂီ" အကုန် ဒုက္ခသစ္စာချည်းဘဲလို့မှတ်လိုက်-(မှန်ပါ့ဘုရား)ဖြစ်ပျက်ဟူသ၍ ဘာဆိုကြမယ်....(ဒုက္ခသစ္စာချည်းပါဘုရား)။

အဲဒီတော့ တကာတကာမတွေက သုခတို့ ဒုက္ခတို့ ဥပေက္ခာတို့ ရှုမနေနဲ့တော့၊ ဩော်....မျက်လုံးထဲ ပေါ်တာလဲ ဖြစ်ပြီး ပျက်ခြင်းကြောင့် ဒုက္ခသစ္စာဘဲ၊ သဘောကျပလား....ဥပေက္ခာ ဝေဒနာရယ်လို့ လိုက်မနေနဲ့တော့....(မှန်ပါ့)။

နားထဲ ပေါ်တာကလေးကလဲ- (ဒုက္ခသစ္စာပါဘုရား) နှာခေါင်းထဲပေါ်တာကလေးကလဲ (ဒုက္ခသစ္စာပါဘုရား)လျှာပေါ်ပေါ်တာကလေးက-(ဒုက္ခသစ္စာပါဘုရား) ကိုယ်ပေါ်မှာ ပေါ်တာကလေးက....(ဒုက္ခသစ္စာပါဘုရား) ဝမ်းထဲ ပေါ်တာကလေးတွေကော....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ-ဒီလို ဒုက္ခသစ္စာ ဒုက္ခသစ္စာလို့ဆိုလို့ရှိယင်ဖြင့် ဒါ ဓမ္မာနုပဿနာထဲ အကုန်ဝင်သွားတာဘဲ(မှန်ပါ့)ဘယ်ထဲ ဝင်သွားပါလိမ့်....(ဓမ္မာနုပဿနာထဲဝင်ပါတယ်ဘုရား)။

အေး-ဒါကြောင့် ဒီဥစ္စာကလဲ ဘုန်းကြီးက ပြောတတ်လို့ ပြောတဲ့အဓိပ္ပါယ်လို့လဲ မယူပါနဲ့တဲ့ "သမာဟိတော သမ္ပဇာနော သတော ဗုဒ္ဓဿ သာဝကော၊ ဝေဒနာစ ပဇာနာတိ" ဝေဒနာကို သိရမယ်ဆိုတာ ဝေဒနာသိရမှာလားဆိုတော့ အဋ္ဌကထာ ဆရာ

က ဝေဒနာမသိပါနဲ့ကွာ၊ "ဒုက္ခသစ္စဝေသန ပဇာနာတိ" ဒုက္ခသစ္စာလို့ သိအောင်လုပ်ပါတဲ့၊ ရှင်းပလား(ရှင်းပါပြီ)ဘယ်လိုသိအောင် လုပ်ရမှာတုံး....(ဒုက္ခသစ္စာလို့ သိအောင်လုပ်ရမှုပါ)။

ဒါဖြင့် ဖြစ်ပြီးပျက်တာ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) အဲ....မျက်လုံးထဲဖြစ်ပြီးပျက်တာလဲ ဒုက္ခသစ္စာ၊နားထဲဖြစ်ပြီးပျက်တာကော-(ဒုက္ခသစ္စာပါဘုရား)ဝမ်းထဲဖြစ်ပြီးပျက်တာတွေကော (ဒုက္ခသစ္စာပါဘုရား)။

အဲဒါ ဩော် .. ဒါဖြင့် အကုန်ဒုက္ခသစ္စာဘဲ ရှိပါကလား လို့ ဒီကနေ သိပေးပါ (မှန်ပါ့) သူတို့က ဒုက္ခသစ္စာ၊ သိတာက.... (မဂ္ဂသစ္စာပါဘုရား) ရှေ့က ချုပ်ပျက် တာက-(ဒုက္ခသစ္စာပါ) သိတာက....(မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဆိုတော့ ဩော်-ဒီမင်္ဂလာ ကျေးဇူးများပါကလား ဝိပဿနာမင်္ဂလာ တယ် ကျေးဇူး များပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဘယ်လို ကျေးဇူးများသတုံး ဆိုတော့ တကာတကာမတွေ ရှင်းအောင် ပြောလိုက်ပါမယ် သုခ ဒုက္ခ ဥပေက္ခာနော်(မှန်ပါ့) သုခဝေဒနာ မရှုလို့ ရှိယင် သုခဝေဒနာပစ္စယာ တဏှာ လာပါလိမ့်မယ်-(မှန်ပါ့)တဏှာ ပစ္စယာ....(ဥပါဒါနုံပါ)။

ဩော်-ဒါမရှုတဲ့ ပုဂ္ဂိုလ် တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာ မရဏ ဆိုတာအကုန် မလာပေဘူးလား....(လာပါတယ်ဘုရား)။

လာတော့ တကာတကာမတွေ အဲဒီ့ တဏှာဖြတ်ရအောင် လို့ ဒီကနေ မဂ္ဂင်ငါးပါးနဲ့ ဦးခင်မောင်တို့က ရှုပေးပေါ့ဗျာ-(မှန်ပါ့ဘုရား)တဏှာ ဥပါဒါန် ကံ လာသေးရဲ့လား....(မလာပါဘူး)။

ဩော်....သုခဝေဒနာ ရှိလိုက်တဲ့ အတွက် တဏှာသေတယ်.... (မှန်ပါ့ဘုရား)သုခ ဝေဒနာကို ဒုက္ခသစ္စာလို့ ရှုလိုက်တဲ့အတွက် (တဏှာသေပါတယ်ဘုရား)။

ကဲ.... တခါတလေကျတော့ ဦးခင်မောင်တို့ သန္တာန်မှာ ဒုက္ခဝေဒနာကလေး မပါဘူးလား....(ပါ-ပါတယ်ဘုရား) ဒုက္ခ ဝေဒနာလာတော့ ဒေါသ သောက ပရိဒေဝတို့ နောက်က မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား)။

အဲဒါတွေ မလိုက်အောင် ဒုက္ခသစ္စာလို့ ရှုလိုက်တော့ ဒေါသ သောက ပရိဒေဝတွေ မချုပ်လား.... (ချုပ်ပါတယ် ဘုရား)။

အင်း....ဟင်.... ခုနင်က လောဘချုပ်ခဲ့တယ်၊ အခု ဒေါသ ချုပ်တယ်....(မှန်ပါ့) မချုပ်ဘူးလား.... (ချုပ်ပါတယ်) ရှင်း ပြီနော်.... (ရှင်းပါပြီဘုရား)။

ဥပေက္ခာ ဝေဒနာဟာ သိမ်မွေ့နူးညံ့ပါတယ်တဲ့ တကာ တကာမတို့ ကိုယ့်ခန္ဓာကိုယ်ထဲ ဖြစ်တာ မသိဘဲနေမှာစိုးလို့ ဘုန်းကြီးကရှင်းအောင် မြင်တာကလေးက ဘာတုံး(ဥပေက္ခာ ပါ) ကြားတာကလေးကော.... (ဥပေက္ခာပါ) နံတာကလေး ကော.... (ဥပေက္ခာပါ)စားတာကလေးကော....(ဥပေက္ခာပါ)။

အဲ့....ဝမ်းထဲမှာ သားတွေ သမီးတွေနဲ့တကွ ပစ္စည်းတွေ ကမ္မဿကာဘဲလို့ ထားတာကော.... (ဥပေက္ခာ ဝေဒနာပါ ဘုရား)။

အဲဒါကလေးတွေလာတိုင်း-လာတိုင်းကိုလဲ ဥပေက္ခာဝေဒနာ မသိလို့ရှိယင်ဖြင့် ဦးခင်မောင်မှတ်လိုက်၊ မသိတာက အဝိဇ္ဇာ၊

ပြုပြင်တာက သခ်ၤါရ၊ အဝိဇ္ဇာပစ္စယာသခ်ၤါရာ လာတယ်....(မှန်ပါ့) မလာဘူးလား....(လာပါတယ် ဘုရား)။

အဝိဇ္ဇာပစ္စယာသခ်ၤါရာ-(လာပါတယ် ဘုရား) ဒါဥပေက္ခာဝေဒနာမသိလို့ဗျာ.... (မှန်ပါ့) သံသရာကြီး ဆက်မသွားဘူးလား....(ဆက်သွားပါတယ်)။

အဲဒါကြောင့် ဥပေက္ခာဝေဒနာ အခုနေရာတွေကို ဆရာဘုန်းကြီးက ပြောပြတဲ့အတွက် ဒီငါးပါးနဲ့ မျက်လုံးမှာပေါ်လာလဲဖြစ်ပျက်ရှု၊ ဒုက္ခသစ္စာဘဲ....(မှန်ပါ့)နားမှာ-ပေါ်လာလဲ(ဒုက္ခသစ္စာပါဘဲ)နှာခေါင်းမှာပေါ်လာလဲ....(ဒုက္ခသစ္စပါဘဲ) လျှာမှာပေါ်တာလဲ.... (ဒုက္ခသစ္စာပါဘဲ) ဝမ်းထဲမှာ ကမ္မဿကာ ထားတာကလေးတွေကော.... (ဒုက္ခသစ္စာပါဘဲ) ဖြစ်ပြီး-ပျက်တော့- ဘာသစ္စာတဲ့တုံး....(ဒုက္ခသစ္စာပါ)။

အဲဒီလို ရှုလိုက်တဲ့အခါကျတော့ ဒီက-ဖြစ်ပျက်၊ ဥပေက္ခာက ဖြစ်ပျက်၊ ရှုတာက မဂ်ဖြစ်သောကြောင့် အဝိဇ္ဇာသခ်ၤါရ အကုန် ချုပ်တယ်....(မှန်ပါ့ဘုရား) မချုပ်ဘူးလား.... (ချုပ်ပါတယ် ဘုရား)။

ဒါဖြင့် ပဌမတုန်းက လောဘချုပ်တယ်၊ဒုတိယ ဒေါသချုပ်တယ်၊တတိယ မောဟချုပ်တယ်-သဘောကျပလား(ကျပါပြီ)။

ဒါဖြင့် လောဘ ဒေါသ မောဟချုပ်တဲ့ တရားဟူသမျှဟာ ဖြင့် နိဗ္ဗာန်ပေါက်ဆိုတာ တကာတကာမတွေ ရှင်းကြပါပြီ....(ရှင်းပါပြီ ဘုရား) သူ့နေရာနဲ့သူပေါ်တာကော သိပလား....(သိပါပြီ)။

အဲဒီတော့ ပေါ်ရာကို ခင်ဗျားတို့က ပဌမ အာနာပါန ကလေး လုပ်ပေါ့ဗျာ၊ ရှူလိုက် ရှိုက်လိုက်၊ ရှူလိုက်ရှိုက်လိုက်၊ နောက်ကျတော့ ဝေဒနာတွေဟာ ခုနက နားကြားလို့ရှိယင် လဲ အင်း....ဒါကလေးဟာဖြစ်ပျက်၊ နှာခေါင်းက နံလာလို့ရှိ ယင်လဲ နံတဲ့ ဝေဒနာကလေး ဘာဆိုကြမယ်.... (ဖြစ်ပျက်ပါ ဘုရား) လျှာက ကိုယ့်တံထွေးကလေး ကိုယ်မျိုလိုက်လို့ သလိပ် ကလေး-ဘာကလေး ဝင်သွားလို့ ဝံသလိုလို-ဘာလိုလိုရှိယင်လဲ ဘာလုပ်ကြမယ်.... (ဖြစ်ပျက် ရှုရပါမယ်) ဖြစ်ပျက် ရှုရမယ်ဆို တာ သေချာပလား....(သေချာပါပြီ)။

ကိုင်း....ကိုယ်ပေါ်က ယားလာယင်ကော....(ဖြစ်ပျက်ရှုရပါ မယ်) ကိုယ်ပေါ်က ကောင်းများ-လာယင်ကော....(ဖြစ်ပျက်ရှု ရပါမယ်) ဖြင့်ပျက်ရှုရလိမ့်မယ်။

ဝမ်းထဲကနေပြီး တရားကလေးရှလို့ အို....ခုန သူတော် ကောင်းစိတ်ကလေးဝင်တယ်ဆိုပြီး ဝမ်းသာတာကလေး ဖြစ်ဖြစ် လာယင် အဲဒီ ဝမ်းသာတာကလေး တခါတည်း ဖြစ်ပျက် ရှု ပေးပါ....(မှန်ပါ့)။

တရားရှုရတာ ဘာမှ မတွေ့သေးဘူး၊ ခက်လိုက်တာဆိုယင် အဲဒီ ခက်တဲ့စိတ်ကလေးဖြစ်ပျက်ရှု-(မှန်ပါ့ဘုရား) သဘောကျ ပလား....(ကျပါပြီ)။

တရားရှုရတာ ဘာမှမတွေ့သေးဘူးလို့ စိတ်ပျက်လာလိမ့်မယ် (မှန်ပါ့) အဲ-ဖြစ်လာတာကလေးဟာ ခင်ဗျားတို့ အရှုခံလာတဲ့ (မှန်ပါ့ဘုရား) ဖြစ်တာကလေးက ဘာပါလိမ့်....(အရှုခံလာတာ ပါဘုရား)။

အဲဒီ့ အရှုခံလာတာကလေးကို သြော်.... ဖြစ်တာကလေးက ဒေါမနဿဝေဒနာ၊ သူလဲ ဖြစ်ပျက်ဘဲလို့ နောက်ကနေ မဂ်နဲ့ လိုက်ပေး....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီလို ရှုလိုက်တဲ့အခါကျတော့ ခန္ဓာကိုယ် တကိုယ်လုံးမှာ ဝေဒနာကွန္ဒာချည်း ဖြစ်နေတော့ တကိုယ်လုံးဖြစ်ပျက်တဲ့ ဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

သူကနေ လမ်းစတွဲ့လိုက်တာ ဦးခင်မောင် တကိုယ်လုံး ဖြစ်ပျက်တဲ့ တွဲလာတယ်....(မှန်ပါ့)။

အဲဒီတော့-အဲဒီ ဖြစ်ပျက်တဲ့ မြင်လာပြီးသကာလ တကာတကာမတွဲ့ ဒီဖြစ်ပျက်တဲ့မှတပါး ဘာမှမရှိဘူး၊ ဒုက္ခသစ္စာမှတပါး ဘာမှမရှိဘူးဆိုတာ မလာပေဘူးလား....(လာပါတယ်)။

အဲဒီ့ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိလိုက်ပါတယ်-(မှန်ပါ့)အဲဒါသည် သစ္စာဏ်လို့ တခါတည်း မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာပိုင်ပိုင်နိုင်နိုင်သိလိုက်တာ ဘာခေါ်ကြမယ်-(သစ္စာဏ်ပါဘုရား) သစ္စာဏ်ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား) အဲဒီ သစ္စာဏ်ရတယ်လို့ ဆိုလို့ရှိယင်လဲ တကာကကာမတို့ မဂ္ဂင်ငါးပါးနဲ့ ကိုက်ပါပြီ....(မှန်ပါ့)။

နောက်ကျတော့ တကာတကာမတွဲ့ ဒီသစ္စာဏ်တွင် မရပ်ဘဲနဲ့ ကိစ္စာဏ်ကိုတက်ရမယ်....(မှန်ပါ့ဘုရား)ပြီးတော့မှ ကတညာဏ် တက်လို့ရှိယင် ကိစ္စ ပြီးပါလိမ့်မယ်.... (မှန်လှပါဘုရား)။

ယနေ့တော့ နာရီစေ့သွားပြီ၊ နက်ဖြန်မှဟောကြစို့....။

သာဓု....သာဓု....သာဓု....။

ဤတွင် အမှတ်စဉ် (၄) ပြီးပါပြီ၊